ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်တုရား

အမရပူရမြို့

မင်္ဂလာရိပ်သာတိုက်ကျောင်းပေါ်၌

ဟောကြားတော်မူသော

ဝိပဿနာ

အလုပ်ပေးတရား

အမှတ်စဉ်-၈

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရား

ပဋိစ္စသမုပ္ပါဒ်ဘရွေး၊ ၁၂-ပါး၊ ထင်ရှားပေါ်လွင်-ခေတ်စာစဉ်

အမရပူရမြို့၊ မင်္ဂလာတိုက်ဟောင်း၊၊ မိုးကုတ်ဆရာတော် ဦးဝိမလ၏
ပဋိစ္စသမုပ္ပါဒ် ဖြတ်လမ်းကြည့်မှန်ရာ စက်ဝိုင်းဒေသနာ



အဝိဇ္ဇာနှင့်၊ တဏှာရင်း၊ ၂၊ ဥပါဒါန်၊ ကံကြောင့်-ရှစ်နာစ်ပေါ်၊ အပင်မှမျိုး၊၊ မျိုးမှအပင်၊ အဆုံးမဖြတ်၊ ဆက်စပ်သည့်တာ ကြောင့်နာစ်ရုပ်၊ နာစ်ရုပ်ကြောင့်ကံ၊ အဘန်ဘန်၊ ဖြစ်မြန်နည်း၊ အလျှော်၊ ဖြစ်ပွား-သိကြ၊၊ စသည်များကို၊ ထင်ရှား၊ မြင်မြင် ဓိရင်ဘာ ဝင်၊၊ အကြောင်းရင်းကြောင့်၊ လူနတ်များ၊ ရွာ၊ သတ္တဝါတို့၊ ဖြစ်လာရ၊ မဟုတ်ဟု၊ ဉာဏ်မြင့်ရှုမြင်ပြော်။
'လက်ာကောင်ပုဂ်) ပုလနှစ်ပြာ၊ သန္တာနှစ်၊ လေးနအလွှာ၊ အင်္ဂါတဆယ့်နှစ်ပါး၊၊ တရားကိုယ်များ၊ နှင့်၊ သုံးပါ၊ အစဉ်၊ နှစ်ရစ်ပူလ နှင့်သုံး၊ စနှင့်၊ ကာလသုံး၊ ပြာ၊ ဖြင်၊ ဏာနှစ်ဆယ်၊ ဤရှစ်သွယ်ကို အလွယ်ကျက်မှတ်၊ သိစေအပ်သည်၊ သံသရာမှ လွတ်ကြောင်းတည်း။

ကျေးဇူးတော်ရှင်

အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရား

အမရပူရမြို့မင်္ဂလာ တိုက်ဟောင်း ဓမ္မာရုံကြီး၌

ဟောကြားဆုံးမတော်မူသော

ဝိပဿနာ လုပ်ငန်းစဉ်

ညအလုပ်ပေး တရားတော်

(အမှတ်စဉ် ၈)

ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်
စာကြည့်တိုက်
ကမ္ဘာအေး

မိုးကုတ် ဆရာတော်ဘုရား၏
ဝိပဿနာ တရားစဉ်နှင့် လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့၏
မူပိုင် ဖြစ်သည်။

မည်သူမျှကူးယူ ထုတ်ဝေခြင်း မပြုရ။

အဖွဲ့ထိုယ်စား- ထုတ်ဝေဖြန့်ချိသူ

ဦးဘသောင်း(အတွင်းရေးမှူး) မှတ်ပုံတင်အမှတ်(၀၁၂၅၅)
အမှတ် ၃၃- ဆင်းဒွစ်လမ်း၊ ရန်ကုန်မြို့။

ပုံနှိပ်သူ | ဦးဘိုးကြွယ်၊
မှတ်ပုံတင်အမှတ် (၀၂၄၄၃)၊
စန္ဒာဝင်း ပုံနှိပ်တိုက်။

အမှတ် ၂၂၊ ၁၅၇-လမ်း၊ တာမွေ၊ ရန်ကုန်မြို့။ ဖုံး-(၅၀၈၅၈)

ဒုတိယနှိပ်ခြင်း၊ အုပ်ရေ- ၃၅၀၀
(၁-၁၂-၆၅)

မာတိကာ

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
၁။	ညအလုပ်ပေး	တရားတော် ၁
၂။	အဖုံးနှစ်ချပ်ဖွင့်မှ နိဗ္ဗာန်မြင်မည့်	။ ၄၁
၃။	အလုပ်သင်	။ ၇၉
၄။	ကာမစ္ဆန္ဒနီဝရဏ သဘောနှင့် ၎င်းမှထွက်မြောက်ကြောင်း	။ ၁၂၅
၅။	ဗျာပါဒ နီဝရဏနှင့် ထိနမိဒ္ဓ နီဝရဏတို့အကြောင်း	။ ၁၆၅
၆။	ထိနမိဒ္ဓနှင့် ဥဒ္ဓစ္စ ကုက္ကုစ္စ နီဝရဏအဆက်	။ ၂၀၇
၇။	ဥဒ္ဓစ္စ ကုက္ကုစ္စ နီဝရဏ အာသန္နကံ ပြောင်းနည်း	။ ၂၄၅
၈။	ဥဒ္ဓစ္စနှင့် ဝိစိကိစ္ဆာ နီဝရဏဆိုးဝါးပုံနှင့် မဂ် အမြတ်ထုတ်ပုံ	။ ၂၉၂
၉။	အဓိပတိ သုံးပါးထား၍ တရားအား ထုတ်ရပုံ	။ ၃၃၁
၁၁။	ဒုဂ္ဂရခြောက်ပေါက် တပေါက်ကနေ အမိဖမ်းရမည့်	။ ၃၇၅
၁၁။	ဝိဝေကသုံးပါး ကျင့်ရမည့်	။ ၄၂၆
၁၂။	ကံနှင့်တဏှာတွင် တဏှာကအရေးကြီးပုံ	။ ၄၇၆

ရနိုင်သောဌာနများ

ဤအဖွဲ့မှရိုက်နှိပ်ထုတ်ဝေပြီးထုတ်ဝေလတ္တံ့သောစာအုပ်များကို အောက်ဖော်ပြပါ ဌာနများတွင် ရရှိနိုင်ပါသည်။

အဖွဲ့မှ ရပ်ဝေးသို့ တင်ပို့ခြင်းမပြုပါ။

ရန်ကုန်မြို့

(၁) ပညာအလင်းပြ စာအုပ်တိုက်- ၁၃၀-ဗိုလ်ချုပ်လမ်း

(၂) ဗုဒ္ဓဓမ္မလောက စာစောင်-ရွှေတိဂုံဘုရားလမ်း၊

(၃) ဦးချစ်ထုံး၊ အမှတ် ၃၃-ဘုန်းကြီးလမ်း

(၄) ရွှေတိဂုံဘုရားတောင်ဘက်စောင်းတန်း ဦးချစ်တင်ဆိုင်-နှင့် အခြား စာအုပ်ဆိုင်များ

(၅) ဟံသာဝတီ စာအုပ်ဆိုင်၊ ဗိုလ်အောင်ကျော်လမ်း

မန္တလေးမြို့နှင့် အခြားမြို့များ

(၆) သစ်ဘရားသားအယ်(လ်)ရုံ စျေးချိုတော်

(၇) အောင်မြန်မာ စက္ကူဆိုင်-အောက်လိုင်း စျေးချို

(၈) ဦးဘထွေး- ဂျစ်ကားတံဆိပ် အထည်တိုက် မုံရွာမြို့

(၉) ဦးဘအုန်း-ဒေါ်ကျင်လွှမ် (အုန်းဘရားသား) ၁၆ ကုန်စုံလမ်း၊ ပုသိမ်မြို့။

(၁၀) အောင်နိုင် စာပေတိုက်၊ နဝရတ်သိင်္ဂီတိုက် ၁၁၅-အခန်းအမှတ် ဘီစီ-လမ်းမတော် ပြည်မြို့၊

(၁၁) ရွှေမောင်းစာအုပ်ဆိုင်၊ ဗိုလ်ချုပ်လမ်း ဟင်္သာတမြို့

(၁၂) ဦးမောင်ရှန်၊ ၁- စကာဝါလမ်း၊ ရွှေတောင်ရပ်၊ မော်လမြိုင်မြို့။

(၁၃) ဦးတင်အောင် ဒေါ်ခင်ကြည်၊စျေးအနီးဆင်ဖြူကျွန်း သတိပြုရန်။ ။အဖွဲ့တည်ရာဌာန၌ လက်လီရောင်းချခြင်းမပြုပါ

စိတ္တာနုပဿနာ ရှုနည်း

၁။ မြင်စိတ်
၂။ ကြားစိတ်
၃။ နံစိတ်
၄။ စားစိတ်
၅။ ယားနာကောင်းစိတ်
၆။ တွေးစိတ်-တောစိတ်
၁။ လောဘစိတ်
၂။ ဒေါသစိတ်
၃။ မောဟစိတ်
၄။ အလောဘစိတ်
၅။ အဒေါသစိတ်
၁။ လေကိုထုတ်သောစိတ်
၂။ လေကိုသွင်းသောစိတ်

အပြင်နည်းသည် ၆ ယောက်

အတွင်းနည်းသည် ၅ ယောက်

အိမ်သည်စိတ် ၂၃

သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါယမ၊
သမ္မာသတိ သမ္မာသမာဓိ၊
ဂုဏ်း(၅) ခုသည် ရှုတတ်သော တရားများဖြစ်၏။
ရှုပုံနည်းစံနစ်မှာ အိမ်သည်ကို အမြဲထား၍ ဖြစ်ပျက်ရှုပါ
အိမ်သည် မရှိပါက အပြင်နည်းသည်၊ အတွင်းနည်းသည်
ပေါ်ရာကို ရှုပါ
နည်းသည်မရှိပါက အိမ်သည်သို့ အမြဲရှုပါ

နိဒါန်း

နမော ဗုဒ္ဓါယ သိဒ္ဓမ်

မိုးကုတ်ဆရာတော် ဟောကြားတော်မူသော ဝိပဿနာတရား များကို ဤအဖွဲ့ကြီးက ရိုက်နှိပ် ဖြန့်ဖြူးလျက်ရှိသည်မှာ ယခု အမှတ်စဉ် ဂ-အထိ ရောက်ရှိလာပြီဖြစ်ရာ - တရားသဘးများမှာ တအုပ်နှင့် တအုပ် သံဝေဂကြောင်း၊ ဓမ္မကြောင်းအားဖြင့် မထပ် အောင် ဆရာတော်ကြီးဟောကြားတော်မူနိုင်သည်ကိုလည်းအထူး ချီးကျူးအံ့သြဘွယ်တရပ် ဖြစ်ပေသည်။

နောက်ထပ်လည်း ဆက်လက်ထုတ်ဝေ ဖြန့်ဖြူးရန်လည်းလက် ရေးမူများ အမှတ်စဉ် ၁၅-၁၆ အထိ ရိုက်နှိပ်ရန် အဆင်သင့်ပင် ရှိရာ ဤနိဒါန်းရေးသူသည် သမုတိသစ္စာအနေဖြင့် ပြောရပါ လျှင် ဂလာနတဦးဖြစ်ပါ၍ မိမိ၏ အသက်နှင့် ခန္ဓာကိုယ် အစိုး မရ- စိတ်မချရ၊ သုသာန်သို့ မိနစ် စက္ကန့်နှင့်အမျှ သွားနေပါသ ဖြင့် ကြည့်ရှုစစ်ဆေးနိုင်တုန်း၊ကျန်းမာသည်ဟုဆိုနိုင်တုန်းအချိန် အခါ၌ မြန်နိုင်သလောက် မြန်အောင် သဘောထားကာ ရိုက် နှိပ်သွားခြင်း ဖြစ်ပါကြောင်း။

အချို့အချို့က အမှတ်စဉ်(၇)ရိုက်ပြီးချိမှ ၁၀-ရက်၁၅-ရက် မရှိသေးမို့ အမှတ်စဉ် (၈)မပြီးသေးဘူးလား၊ ဘယ်တော့ပြီးပါ့

မလဲ စသဖြင့် မေးမြန်းကြပါသည်၊ ဤသည်ကို ထောက်ရှုခြင်းအားဖြင့် ဆရာတော်ကြီး၏ ဟောတော်မူသော တရားများကို၊ ယောဂီပုဂ္ဂိုလ်များသည် ရေတတ်နေသော သူများကဲ့သို့ သောက်ပြီးရင်း သောက်ချင်ရင်းဆိုသလို ဖြစ်နေကြသည်ဟု မြန်မာပြည်တဝှမ်းလုံးမှ ကြားရသော သတင်းများအရ သိရှိရပါသည်။

အချို့အချို့သော ပုဂ္ဂိုလ်များကလည်း တအုပ်နှင့် တအုပ်ထုတ်သည်မှာ ကပ်လှန်းသည်၊ နီးလှန်းသည်၊ မြန်လှန်းသည်ဟု ကဲ့ရဲ့ပြစ်တင် သူများလည်း ရှိကြပါသည်၊ မည်သို့ပင် ရှိစေကာမူ ခေတ်ကလည်း ဒုံးပျံခေတ်၊ အာကာသယာဉ်ခေတ်ဖြစ်နေ၍ မြန်မြန်ထွက်လေ စာဘတ် ယောဂီပရိသတ်အနေနှင့် အကျိုးများလေဆိုသလို ဖြစ်သည်ဆိုလျှင် လွဲမှားမည်မဟုတ်ဟုထင်ပါသည်။

စာဘတ်ပရိသတ်များအား အမျိုးအစားအနေနှင့် ဝေဘန်မည်ဆိုပါက-

၁။ ဗဟုသုတဖြစ်ရုံဘတ်ခြင်း။
၂။ ကုသိုလ်ရအောင် ဘတ်ခြင်း။
၃။ စိတ်မပြန့်လွင့်စေရန် ဘတ်ခြင်း။
၄။ သံဝေဂဉာဏ် ရစေရန် ဘတ်ခြင်း။
၅။ ဝိပဿနာဉာဏ် ထက်မြက်အောင်ဘတ်ခြင်း

ဟူ၍ ပရိသတ် ငါးမျိုးရှိသည်ကို တွေ့ရှိရမည်ဖြစ်ရာ၊ ဆရာတော်ကြီး၏ ဆန္ဒတော်အရ ဤအဖွဲ့ကြီးက သရုပ်ဖော်နှိုင်အောင် ကြိုးစားလျက်ရှိရာ (၁)နံပါတ် ပရိသတ်အနေအားဖြင့်

ၵင်း၊ (၂)နံပါတ် (၃)နံပါတ် ပရိသတ် အနေအားဖြင့်ၵင်း၊ ဆရာတော်ဘုရား၏ အလိုတော်ကျဖြစ်သည်ဟု မဆိုနိုင်သေးပါ။

(၄)နံပါတ်ဖြစ်သော သံဝေဂဉာဏ်ရမှု ရည်ရွယ်၍ဘတ်သည် ဆိုပါမူ အခြားသော ပရိသတ် ၃-ပါးထက်ဖြင့် တော်ပါသေး သည်ဟု ဆိုနိုင်ပါသည်၊အဘယ်ကြောင့်ဆိုသော်-တကယ်သံဝေဂ ဉာဏ်ရရှိလာမည်ဆိုပါက ဝိပဿနာ အလုပ်ကို လုပ်ရန်တော့ ခြေလှမ်းပြင်နေသည့် ပုဂ္ဂိုလ် တဦးတယောက် ဖြစ်သည်ဟုဆိုနိုင် ပါပြီ။

သို့သော် ဤမျှနှင့် မရပ်ပါနှင့်ဦး၊ ရှေ့ကို တက်ပါဦး၊ဝိပဿ နာအလုပ်ကို လုပ်ပါဦး၊ ဝိပဿနာအလုပ် လုပ်ယင်လည်း၊ဆရာ ကောင်း သမားကောင်း အရင်ရှာပါဦး....ဟု တိုက်တွန်းလိုက် ပါသည်။

မြတ်စွာဘုရားသခင်သည် ဆရာကောင်း၊ သမားကောင်း၊ လမ်းညွှန်ကောင်း ရှာပါဟု ၄၅-ဝါအတွင်း တိုက်ရိုက်အားဖြင့် အကြိမ်ပေါင်း ၅၂၈-ကြိမ်တိုက်တွန်းတော်မူခဲ့ကြောင်းကျမ်းဂန် များ၌ တွေ့ရပါသည်၊ သွယ်ဝိုက်သော နည်းအားဖြင့်လည်း အကြိမ်ပေါင်းများစွာ ဟောတော်မူကြောင်းကိုလည်း သိရှိရ ပါသည်။

သို့ကြောင့် ကမ္မဋ္ဌာန်းဆရာကို သေသေချာချာ စေ့စေ့ငုံ စစ်ဆေးတော်မူကြပါ၊ ၎င်းဆရာများ၏ဇစ်မြစ်ကို စစ်ဆေးတော် မူကြပါ၊ ၎င်းဆရာ၏ ဆရာကား အဘယ်ပုဂ္ဂိုလ်နည်း၊ အဘယ် ပုဂ္ဂိုလ်၏ အဘယ်ဥပနိဿဂနည်း၊ ဥပနိဿ အရေးကြီးပါသည်၊

ဥပနိဿမှန်မှ လမ်းမှန်ဖြစ်နိုင်ပါမည်၊ လမ်းမှန်မှ ခရီးရောက်ပါမည်၊ ဂန္ဆဓုရ၊ ဝိပဿနာဓုရစ့ယ်စုံပုဂ္ဂိုလ်မှသာ လမ်းမှန်ပြသဆောင်ကြဉ်းနိုင်မည် ဖြစ်ပါသည်။

အမှန်မှာ ကျွန်တော်တို့ တတွေ့မှာ ကိလေသာထူတွဲ့၊ အစေး အညော်တွေ့ ထူထဲနေသည်ကို ဝိပဿနာတည်းဟူသော ဘာဝေတဗ္ဗကိစ္စနှင့် ပါးအောင် ခေါင်းပါးအောင် လုပ်ရမည် ဖြစ်ပါသည်၊ ကိလေသာရောဂါ အနာကကြီးကြီး၊ ဆေးဆရာရမ်းကုနှင့် ပျောက်ကင်းချမ်းသာနိုင်မည် မဟုတ်ပါ။ သို့ဖြစ်ပါ၍ လမ်းညွှန်ပေးမည့် ဆရာ၊ ပြသသင်ကြားမည့်ဆရာ ရှာပါက လူဖြစ်စေ၊ ရဟန်းဖြစ်စေ၊ ပေါ်ပင်မလိုက်ဘဲ သမားရိုးကြသမားဟောင်းကြီးမျှားထံမှာ ဆည်းကပ်သလို မတိမ်းမစောင်း၊ မခွဲတ် မခြောင်နိုင်သော ဆရာသမား လမ်းညွှန်ကောင်းမျှားကို စီစစ်ပြီးမှသာ စိတ်ချလက်ချ ကိုးကွယ်ဆည်းကပ်ထိုက်သင့် ပါသည်။

ဆေးဆရာမှားလျှင် တဘဝသာ သေရပါမည်၊ လောကုတ္တရာဆရာမှားလျှင် တသံသရာလုံး အသေတွေ့နဲ့သာ တွေ့ရမည်ဖြစ်ပါသည်၊ လွန်စွာကြောက်စရာကောင်းလှပါသည်။

ထို့ကြောင့် အရှင်အာနန္ဒာက မြတ်စွာဘုရားအား 'အရှင်ဘုရား- ကလျာဏမိတ္တတည်းဟူသော အဆွေခင်ပွန်းကောင်းနှင့် တွေ့လျှင်၊ ရလျှင် တဝက်သောကိစ္စ ပြီးစီးသည်ဟု တပည့်တော် ဒီအတိုင်း သဘောရပါတယ်ဘုရား'ဟု လျှောက်တင်သည့်အခါ မြတ်စွာဘုရားသခင်က 'မဟုတ်ဘူး-အနန္ဒာ .... မဟုတ်ဘူး၊ ကလျာဏမိတ္တတည်းဟူသော အဆွေခင်ပွန်းကောင်း ရပါလျှင် အလုံးစုံသောကိစ္စ ပြီးစီးသည်'ဟု မိန့်ကြားတော်မူပါသည်။

ဤသည်ကို ထောက်၍ မတိမ်းမစောင်းသော လမ်းညွှန်ကောင်းကိုဖြင့် သတိထားပြီး ရှာတော်မူကြပါဟု ကောင်းမြတ်သော အာသီသ စေတနာအရင်းခံ၍ ဓမ္မဓိဋ္ဌာန်သက်သက် အစိရင်ခံခြင်း ဖြစ်ပါကြောင်း....။

မဟာ ပရိနိဗ္ဗာနသုတ်၌ အရှင်အာနန္ဒာက လျှောက်၍မြတ်စွာဘုရား ဖြေကြားတော်မူသည်မှာ၊ "ငါဘုရား ၄၅-နှစ်ပတ်လုံး ဟောကြားတော်မူခဲ့သောသုတ်ဝိနည်း အဘိဓမ္မာတရားများသည် သင်တို့ဆရာဖြစ်ကြလိမ့်မည်" ဟူ၍ဟောကြားတော်မူရာ၊ မြတ်စွာဘုရား မရှိသည့်နောက် သာသနာတဝက်ကျိုးမှာ ဘုရား၏ တပည့် သာဝကဖြစ်တော်မူသော ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားသည်လည်း ဘုရား၏ တပည့်သားဖြစ်သည်အားလျော်စွာ၊ ဘုရားဟော ဒေသနာတော်ချည်းသာ ဟောတော်မူခဲ့ပါသည်၊ ဒေသနာနှင့် ပတ်သက်၍ ဟောတော်မူလေသမျှ ဘုရားဟော ကျမ်းဂန်တော်ကထုတ်နှုတ်၍ ဟောတော်မူသည်သာ များပါသည်၊ အလွန်လိုမှသာ အဋ္ဌကထာများမှ ကိုးကားတော်မူသည်ကို တွေ့ရပါသည်၊ သို့ရာတွင် အဋ္ဌကထာ၊ ဋီကာစသည်ကို ဘယ်တော့မှ ပယ်တော်မမူပါ၊ ဤဆရာတော်ဘုရားကြီးသည်လည်း ခန္ဓဝဂ်ကြီးကို ချတော်မူ၍ကွယ်လွယ်တော်မူပြီးဖြစ်ရာ၊ ဆရာတော်ဘုရားကြီး ဟောတော်မူသည့် တရားတိုင်းပဋ္ဌမပိုင်း၌ သံဝေဂဉာဏ်ရမှုနှင့် နောက်ပိုင်းတွင် အလုပ်တရားများကို အမြဲတစေ ထည့်သွင်းဟောကြားတော်မူခဲ့ရာ၊ ထိုတရားများသည် ဆရာစင်စစ် ဖြစ်လေတော့သည်ဟု ဆိုနိုင်ပါသည်။

ယခုတဖန် အမှတ်စဉ်(၇) တရားစာအုပ်ထုတ်ဝေရာ၊ ၎င်းစာအုပ်၌ပါဝင်သောတရားများမှာ အလုပ်တရားများချည်းသာ

ကြီးက ခွေးကို ခဲနှင့်ပစ်တဲ့လူကဲ့သို့ ဥပမာပေး၍ ဟောတော်မူရာ၊ ခွေးမိုက်က မသိတော့ပစ်လိုက်တဲ့ခဲကိုဘဲ လိုက်၍ ကိုက်သည်ပင်၊ ဤဥပမာကဲ့သို့ အကြောင်းတရား ကြောက်ရမည့် အစား အကျိုးတရားကို ကြောက်နေကြတယ်ဟု ဆိုဆုံးမ၍ အကျိုးမသတ်ဘဲ အကြောင်းတရားကိုသာ သတ်ရန်၊ အကြောင်းတရားသတ်မှ အကျိုးတရား မပေါ်လာနိုင်မည့် ဖြစ်ကြောင်း အကျယ်တဝင့် နာ၍မည်း၊ ဘတ်၍မည်းနိုင်အောင် ဟောတော်မူသော တရားများ ဖြစ်ပါသည်၊ နောက် အသေးစိတ် ဟောတော်မူခြင်းကို ခန္ဓာဥာဏ်ရောက်ဖြစ်စေရန်မှာ ဤစာအုပ်တွင်း၌ပင်ဆက်လက်၍ ဘတ်ကြားတော်မူကြပါကုန်ဟု သူတော်ကောင်း အပေါင်းတို့အား တိုက်တွန်းပါကြောင်း။

ဦးသံဒိုင်(ဥက္ကဋ္ဌ)

မိုးကုတ် ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့။

အမှတ် ၃၃=ဆင်ဒွစ်လမ်း=ရန်ကုန်မြို့။

(၁) ဖြစ်ပျက်သမျှ၊ သင်္ခါရ၊ ဒုက္ခသစ္စာမှတ်။

(၂) ဖြစ်ပျက်မှုတွင်၊ ငါကောင်ထင်၊ ခင်မင်သမုဒယမှတ်။

(၃) ရုပ်နာမ်အားလုံး၊ ဖြစ်ပျက်သည်း၊ ချုပ်ဆုံးနိဗ္ဗာန်မှတ်။။

(၄) ချုပ်ဆုံးမှုတွင်၊ ဉာဏ်သက်ဝင်၊ သိမြင်မဂ်ဟုမှတ်။

(၅) သူတော်ဆည်းကပ်၊ မြတ်တရားနာ၊ လေ့ကျင့်စွာပြုကျင့်၊၊
မဂ်ဖိုလ်ခွင့်၊ရလင့်ကေန်သာ။

သတိပြုရန်

အဖွဲ့မှ ရိုက်နှိပ် ထုတ်ဝေသော စာအုပ်မျိုးကို၊
အဖွဲ့တည်ရာဌာနခွဲ၊ လက်လီရောင်းခြင်း၊ ရပ်ဝေးသို့၊
စာတိုက်မှ တင်ပို့ခြင်း V.P.P. ဖြင့် ပို့ခြင်း မပြုလုပ်ပါ။

အာထုံးရေးမှူး။

နမော တဿ ဘဂဝတော အရဟတော၊

သမ္မာသမ္ဗုဒ္ဓဿ။

အမရပူရမြို့ မင်္ဂလာတိုက်ဟောင်းတွင်

ကျေးဇူးတော်ရှင် - အင်္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရား

အမရပူရမြို့ဓမ္မာရုံကြီးဌိဟောကြားတော်မူသော

ညအာလုပ်ပေး - တရားတော်

(၁၅-၁၁-၆၁)

မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဓဇဂ္ဂ သုတ်မှာ 'သဉ္ဇာက္ခာတော ဘဂဝတာ ဓမ္မော' လို့ ဟောထားတယ်.... ဘဂဝတာ=မြတ်စွာဘုရားသခင်သည်၊ ဓမ္မော=တရားတော်ကို၊ သဉ္ဇာက္ခာတော=ကောင်းစွာ ဟောထားတယ်.... ဘာတွေ့မျှားဟောထားသတုံးဆိုတော့ ပဋ္ဌာန်းဟောထားတယ်၊ပဋ္ဌိစ္စသမုပ္ပါဒ်ဟောထားတယ်.... သစ္စာကိုဟောထားတယ်လို့ မှတ်ကြပါ။

ဒါတွေ့ ယခု ခေါင်းဆောင်ပြီး သကာလ ပဋ္ဌာန်း, ပဋ္ဌိစ္စသမုပ္ပါဒ်, သစ္စာဆိုတဲ့ သုံးခုကို ပြောလိုက်ခြင်းသည် ဒီတရားတွေ့ဘဲ့ မဖေါက်မပြန် မှန်တဲ့တရားရှိတယ်၊ ကျန်တဲ့တရားတွေ့က တခြားသော ဘာသာဝင်များက ဖေါက်ပြန်မယ်ဆိုယင် ဖေါက်ပြန်နိုင်ကြတယ်လို့ သံသယဝင်နိုင်ကြသေးတယ်ဆိုတာ မှတ်ရမယ်.... (မှန်ပါ့)။

ပဋ္ဌာန်း အကြောင်း အကျိုးဆက်တာ ဘယ်တော့မှ၊ ဘယ်ဘုရားမှ မစွန့်တာ မမှားဘူး၊ ပဋိစ္စ သမုပ္ပါဒ် ဖြစ်နေတာသည် ဘယ်အခါ ကာလမှ ဘုရားပွင့်လဲ သူမဂ်နဲ့ မဖြတ်ယင် အစဉ် အတိုင်းသွားနေတာဘဲ....၊ မဂ်နဲ့ဖြတ်တဲ့ ပုဂ္ဂိုလ်လဲ နိဗ္ဗာန်ရောက် သွားကြတာဘဲ.... ဆိုသဖြင့် ဘုရားမပွင့်လဲ ရှိတဲ့တရား.... ဘုရားပွင့်လဲ ရှိတဲ့တရားလို့ ဦးသံဒိုင်တို့.... မှတ်ရမယ်(မှန်ပါ့ဘုရား)။

ဦးသန်းမောင်- ဒီအတိုင်းမှတ်ရမယ်.... (မှန်ပါ့ဘုရား)ဒီတရားတွေကို မတိမ်းတဲ့ တရားလို့ မှတ်ပါ.... (မှန်ပါ့) ကျန်တဲ့ တရားတွေကတော့ကို တပါးသော အယူရှိသူများ ဆင်ခြေတက်လို့ သံသယဝင်လာချင် ဝင်လာလိမ့်မယ်လို့ မှတ်ရမယ်၊ပဋ္ဌာန်း၊ ပဋိစ္စသမုပ္ပါဒ်- သစ္စာကတော့ကို ဘုန်းကြီးတို့ တကာ တကာမတွေ ဘယ်အခါမှ မမှားတဲ့ဘာသာ၊ မတိမ်းတဲ့တရားလို့ ဗုဒ္ဓဘာသာမှာ မှတ်ရမယ်.... (မှန်ပါ့)။ ကျန်တဲ့ တရားတွေကတော့ဖြင့် ဘာလှူလို့ ဘာဖြစ်၊ ဟုတ်မှ- ဟုတ်ကဲ့လားဆိုတာ လာမယ်.... (မှန်ပါ့) အခု တရားတွေကတော့ဖြင့် မတိမ်းနိုင်တဲ့ တရားလို့ အားလုံးဘဲ မှတ်ကြပါ.... (မှန်လှပါ)။

ကောင်းပြီ ဒါဖြင့် ဘုရားဟောတော်မူတာ သွာက္ခာတော ဘဂဝတာ ဓမ္မော၊ ဘဂဝတာ=မြတ်စွာ ဘုရားသခင်ကိုယ်တော်မြတ်ကြီးသည်၊ ဓမ္မော=သစ္စာဆိုက်တဲ့တရား, ပဋိစ္စသမုပ္ပါဒ်ပြတ်တဲ့ တရား, အကြောင်းအကျိုးအမှန်သိတဲ့ တရားကို၊ သွာက္ခာတော= ကောင်းစွာ ဟောထားတော်မူ၏။ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ကောင်းစွာ ဟောထားတယ်လို့ မှတ်ရမယ်....(မှန်ပါ့)။

ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ကောင်းစွာ ဟောထားငြားသော်လဲ ရှုပုံရှုနည်းကို ငါကိုယ်တော် မြတ်ကြီးသည် မင်း

တို့ကို သင်ဦးမယ် ဆိုပြီး သကာလ ရှုပုံရှုနည်း သင်တာက.... ငါကောင်းစွာ ဟောထားတဲ့တရား နိဗ္ဗာန်ဆောင်တယ် ဆိုငြား သော်လဲ နာရုံနဲ့ မဆောင်ဘူး၊ အမြင်ရှိမှဆောင်တယ်ဆိုတာကိုလဲ ဟောထားပြန်တော့ ဘာတုံးလို့ မေးတဲ့အခါကျလို့ ရှိယ်ငဖြင့်.... သန္ဒိဋ္ဌိကော....။

သန္ဒိဋ္ဌိကော ဆိုတာ ပဋ္ဌာန်းဟောထားလဲ ပဋ္ဌာန်း ကိုယ်တိုင် မြင်ရမယ်၊ ပဋိစ္စသမုပ္ပါဒ်ဟောထားလဲ ပဋိစ္စသမုပ္ပါဒ် ကိုယ်တိုင် မြင်ရမယ်.....၊ သစ္စာဟောပြန်လို့ ရှိယင်လဲ သစ္စာကိုယ်တိုင် မြင်ရမယ်။

ထိုကဲ့သို့ ကိုယ်တိုင် မြင်ပြီဆိုမှဖြင့် ကိုယ်တိုင် ဆိုတာသည် ဒီကိုယ်ကြီးကို ဆိုသည်လို့ မောင်သစ်တို့က မမှတ်နဲ့၊ ဥာဏ်အမြင် ကိုဆိုသည်.... (မှန်ပါ့)။ ကိုယ်တိုင်ဆိုတာ ဘာတုံး.... (ဥာဏ် အမြင်ကို ဆိုပါတယ်ဘုရား) ဥာဏ်အမြင်လို့ တခါတည်း ဆုံး ဖြတ်ချက် ချကြပါ....(မှန်ပါ့)။

ဩော်....ဒါဖြင့် သန္ဒိဋ္ဌိကော- သာမံပသိတဗ္ဗော- ကိုယ်တိုင် မြင်အောင် ကြိုးစားပါလို့ တကာ တကာမ တွေ့ရယ် ဦးသန်း မောင်တို့ကိုလဲ တိုက်တွန်းတယ်.... (မှန်ပါ့ဘုရား) သူမျှားပြော စာပြောနဲ့ မြင်ပါသော် ခင်ဗျားတို့ နိဗ္ဗာန် ရောက်လိမ့်မယ်လို့ မအောက်မေ့နဲ့.... (မှန်ပါ့ဘုရား) မြတ်စွာဘုရား သခင်က မာပိဋ္ဌကသမွဒါနေန=ပိဋ္ဌကတ်အမြင် ငါမကြိုက်ပါဘူးကွ....လို့ သေသေချာချာ ဟောတယ်....(မှန်ပါ့) ပိဋ္ဌကတ်အမြင်နဲ့ နိဗ္ဗာန် ရောက်မယ်ဆိုယင် ပေါဋ္ဌိလဟာ ရောက်လောက်ပြီ.... (မှန်ပါ့ဘုရား) သက်သေခံလုံလောက်ပါတယ်.... (လုံလောက်ပါတယ် ဘုရား) ပိဋ္ဌကတ် အမြင်ဖြင့် နိဗ္ဗာန်ရောက်မယ် ဆိုယင် ဖြင့်

ဘုန်းကြီးတို့ တကာ တကာမတွေ့ ပေါင်္ဌိလကြီးဟာ ကျောင်းပေါင်း ငါးရာ၊ တပည့်ပေါင်းများစွာ စာချပို့သပြီး သကာလလာခဲ့တာ ဘုရားသခင် ကိုယ်တော် မြတ်ကြီးက အချည်းနှီးပေါင်္ဌိလ.... လာလော့, အချည်းနှီး ပေါင်္ဌိလ.... သွားလော့၊ အချည်းနှီး ပေါင်္ဌိလ....ထိုင်လော့၊ ဒီအတိုင်းဘဲ နှုတ်ဆက်လေ့ရှိတယ်.... (မှန်ပါ့ဘုရား)။

ပိဋကတ်အမြင်မရှိလို့လား....မရှိလို့လားလို့ မေးလို့ရှိယင် ပိဋကတ်အမြင်ရှိတယ်ဆိုတာ ဘုရားသိတယ်-(မှန်ပါ့)သန္ဒိဋ္ဌိကောဆိုတဲ့ အမြင်မရှိဘူး....(မှန်ပါ့) ခန္ဓာပေါ်၌ သန္ဒိဋ္ဌိကော- သာမံပဿိ တဗ္ဗော ဆိုတဲ့ အမြင်မရှိဘူးလို့ ဆုံးဖြတ်ချက် ချပါ.... (မှန်ပါ့)။

ဒါဖြင့် အခု တရားအားထုတ်တဲ့ ပုဂ္ဂိုလ်များမှာ သာမံပဿိ တဗ္ဗောဆိုတဲ့အတိုင်း ကိုယ်တိုင်မြင်ကို ကြိုးစားပါလို့အလုပ်စဉ်စ,ပေးတယ်.... (မှန်ပါ့ဘုရား) ဦးညွှန့်....သဘောကျရဲ့လား၊ (ကျပါတယ်)ဘာတဲ့တုံး.... (ကိုယ်တိုင်မြင်အောင် ကြိုးစားပါ)။

ကိုယ်တိုင်ဆိုတာသည် မျက်လုံးကအမြင်ကိုမဆိုလို....(မှန်ပါ့) ကိုယ်တိုင်ဆိုတာ သာမံပဿိတဗ္ဗော၊ သာမံ=ကိုယ်တိုင် ဆိုတာ ဥာဏ်ကိုယ်တိုင်လို့ မှတ်လိုက်စမ်းပါ.... (မှန်ပါ့ဘုရား) ဥာဏ်အမြင်နဲ့ မြင်ရမယ်လို့ ဆိုသောကြောင့် မျက်လုံးအမြင်နဲ့ နိဗ္ဗာန်မရောက်ဘူးမှတ်လိုက်.... (မှန်ပါ့ဘုရား) နား အကြားနဲ့လဲ မရောက်ဘူး.... (မရောက်ပါဘုရား)ဥာဏ်အမြင် တခုဘဲ နိဗ္ဗာန်ရောက်တယ်လို့ ဆိုတာ မောင်ထွန်းရင်....သေသေချာချာ မှတ်ပါ၊ (မှန်လှပါ)။

ဒါဖြင့် ဒီခန္ဓာကြီးဟာ ဘာခန္ဓာကြီးတုံးလို့ မေးလိုက်တော့ ဒီခန္ဓာကြီးဟာ ပဋ္ဌာန်းခန္ဓာ၊ အကြောင်း အကျိုးတွေ စပ်နေတယ်.... (မှန်ပါ့)ပဋ္ဌိစ္စသမုပ္ပါဒ်ခန္ဓာ၊သစ္စာခန္ဓာ၊ရှင်းကြပလား.... (ရှင်းပါပြီဘုရား) ဒီခန္ဓာကြီးထဲမှာ ပဋ္ဌာန်း ခန္ဓာဆိုလဲ ဟုတ်တာဘဲ၊ အကြောင်းအကျိုးတွေစပ်နေလို့....(မှန်ပါ့)။

ပဋ္ဌိစ္စသမုပ္ပါဒ်ခန္ဓာဆိုတာလဲဟုတ်တာဘဲ၊ တဏှာဥပါဒါန်ကံ၊ ဇာတိဇရာ မရဏဘက် လှည့်သွားနေတယ်၊ ဇာတိဇရာမရဏက နေပြီးသကာလ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ လာပြန်တာဘဲ.... (မှန်ပါ့) လာပြန်လို့ ရှိယင် သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ မသိတဲ့ပုဂ္ဂိုလ်မှာ လာသောကြောင့် အဝိဇ္ဇာပစ္စယာ သင်္ခါရာ ပြန်လှည့်ပြန်တာဘဲ....(မှန်ပါ့ဘုရား)။

ထိုကဲ့သို့ လှည့်တာကို ဦးသံဒိုင်တို့က ထောက်ကြည့်လို့ ရှိယင် သြော်....သူလဲခန္ဓာထဲ အသိတရားဘဲလို့ မှတ်လိုက်.... (မှန်ပါ့ဘုရား) ဒါဖြင့်ပဋ္ဌာန်း ဘယ်မှာရှိ၊ ခန္ဓာမှာ ရှိတယ်၊ ပဋ္ဌိစ္စသမုပ္ပါဒ်ဘယ်မှာရှိ.... (ခန္ဓာမှာရှိပါတယ်) သစ္စာနှစ်ပါး ဘယ်မှာရှိ....(ခန္ဓာမှာရှိပါတယ်ဘုရား) ဒုက္ခသစ္စာနဲ့ သမုဒယသစ္စာဆရာ မတွေ့သေးယင်ဒီသစ္စာနှစ်ခုဘဲရှိတယ်.... (မှန်လှပါဘုရား)။

ဆရာ မတွေ့သေးသ၍ ကာလ ပတ်လုံး သစ္စာ ဘယ်နှစ်ခု ရှိသလဲ.... (သစ္စာနှစ်ခုသာ ရှိပါတယ်ဘုရား) သစ္စာ နှစ်ခုသာရှိတယ်လို့နောက်က တကာ တကာမတွေ့ သေသေချာချာမှတ်ကြပါ....(မှန်ပါ့ဘုရား)ဆရာ မတွေ့သေးယင် သစ္စာနှစ်ခုနဲ့လှည့်နေတယ်....(မှန်ပါ့) ဆရာမတွေ့သေးယင်.... (သစ္စာနှစ်ခုနဲ့လှည့်နေပါတယ်) သစ္စာနှစ်ခုနဲ့ လှည့်နေတယ်၊ ဘာသစ္စာတုံးဆိုတော့ ပဋ္ဌိစ္စသမုပ္ပါဒ် စက်ဝိုင်းကြည့်လိုက်တော့ သိပါတယ်၊ သမုဒယနဲ့

ဒုက္ခ လှည့်နေတယ်....(မှန်ပါ့ဘုရား) သမုဒယနဲ့ ဒုက္ခ လှည့်နေတော့ လောင်စာနဲ့ မီး လှည့်နေတာ ရှင်းကြပလား.... (ရှင်းပါပြီဘုရား) ဘာလှည့်နေတာလဲ....(လောင်စာနဲ့ မီးလှည့်နေတာပါ) လောင်စာနဲ့ မီးလှည့်နေတာကို တကာ တကာမတွေက သြော်--ဒိုမှာ ဆရာကောင်း သမားကောင်း မတွေ့လို့ ရှိယင် လောင်စာနဲ့မီးသာ လှည့်စရာရှိပါကလား.... (မှန်ပါ့) သမု ဒယသစ္စာက လောင်မီး ဒုက္ခ သစ္စာက လောင်စာ ဒါဘဲ လှည့်နေတယ်.... (မှန်ပါ့)။

ဒါဘဲလှည့်နေတော့ လောင်လိုက်ပြောင်လိုက်--လောင်လိုက်ပြောင်လိုက်.... (မှန်ပါ့) လောင်ငြား ပြောင်ငြား သော်လဲ လောင်မီးကိုဘဲ ခင်ဗျားတို့က ပျိုးပြန်တော့ လောင်စာပြန်ပေါ်တယ်....(မှန်ပါဘုရား)။

ဒါဖြင့် သံသရာလှည့်တယ်ဆိုတာ ဘာပါလိမ့်မတုံး ဆိုတော့ လောင်လိုက် ပြောင်လိုက်ကို အစားထိုးပြီးသကာလလောင်လိုက်ပြောင်လိုက် ဖြစ်နေတာကို.... သံသရာ လည်တယ်ဆိုတာ ဒါပါဘဲ.... (မှန်ပါ့) သမုဒယနဲ့ --ဒုက္ခဘဲ လှည့်နေတာ.... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ) သံသရာလည်တာ ဘာပါလိမ့်.... (သမုဒယနဲ့ ဒုက္ခလှည့်နေတာပါဘုရား) သမုဒယနဲ့ ဒုက္ခဘဲ လှည့်နေတယ်၊ ဒီ့ပြင်ဘာမှမပါဘူး....(မှန်ပါ့)။

ဒါဖြင့် သမုဒယနဲ့ ဒုက္ခလှည့်နေတာကို လှည့်မှန်း မသိတဲ့ ပုဂ္ဂိုလ်ဟာ .... တဲ့ သန္ဒိဋ္ဌိကော မဖြစ်ဘူး .... (မှန်လှပါဘုရား) သမုဒယနဲ့ ဒုက္ခ လှည့်နေတာကို လှည့်မှန်းလဲ မသိဘူး ဆိုလို့ ရှိယင်ဖြင့် သမုဒယကိုလဲ သူဖြတ်ရမယ်လို့ မသိဘူး၊ ဒုက္ခကိုလဲ ပရိညေယျနဲ့ ပိုင်းခြားရမယ်လို့ မသိဘူး....(မှန်ပါ့) မသိသူး=

သွားပြီးတော့ မသိနဲ့ နေတာကိုးလို့ ဆုံးဖြတ်ချက် ချပါ.... (မှန်ပါ့) မသိသွား- သွားပြီး.... (မသိနဲ့နေပါတယ်ဘုရား)။

ခင်ဗျားတို့ကလဲ မသိတဲ့ပုဂ္ဂိုလ်တွေ့ ဖြစ်နေတော့ သြော်.... သူတို့က ဈေးရောင်း ကောင်းတယ်၊ ကောင်းလို့ ရှိယင် ပစ္စည်း တိုးတက်လာတယ်၊ တိုးတက်လာလို့ ရှိယင် ဒါချမ်းသာတာဘဲ.... (မှန်ပါ့) ဒီမှာလမ်းဆုံးတယ်....(မှန်ပါ့)။

ဒီမှာလမ်းဆုံးတယ်၊ ချမ်းသာတာလား ဆင်းရဲတာလားလို့ မေးတော့ အို-သမုဒယခိုင်းတာကြောင့် ဒုက္ခများများ ရတာကို ချမ်းသာတယ်လို့ ခေါ်ကြတယ်.... (မှန်ပါ့) သမုဒယ များများ ရှိလို့ ဒုက္ခများများ ရတာကို.... (ချမ်းသာတယ်လို့ ခေါ်ကြပါတယ်) ဦးသံဒိုင်တို့ ဒါချမ်းသာတယ် ခေါ်ကြတယ်.... (မှန်ပါ့) ကျုပ်က များများ တိုက်တွေ့, တာတွေ့, ရွှေတွေ့,မြေတွေ့ ဦးညွှန့် ထားနိုင်လို့ ရှိယင် ဒါပုစ္ဆာ ဒုက္ခတွေ့....(မှန်ပါ့ဘုရား)။

အင်း.... ဟိုနေရာလဲ ဘေးတွေ့၊ ဒီနေရာလဲ ရန်သူမျိုးငါး ပါးက ဝိုင်းမိ မလားဆိုပြီး သကာလ ဒုက္ခများများ ရတာကို ခင်ဗျားတို့ကမျက်စိလည်တဲ့ ပုဂ္ဂိုလ်တွေ့ သမုဒယနဲ့ ဒုက္ခလွှဲနေတဲ့ ပုဂ္ဂိုလ်တွေ့ဖြစ်နေတော့ ဘုန်းကြီးတို့ တကာတကာမတွေ့သည်....တဲ့ သာမံပဿီတဗျော —ကိုယ်တိုင်မြင်တဲ့ ဥစ္စာ တစက် တက္ခက်မှမပါဘူးလို့ မှတ်လိုက်.... (မှန်ပါ့) သမုဒယ ကိုလဲ.... လောင်မီးပါကလားလို့ မသိဘူး၊ ဒုက္ခကိုလဲ လောင်စာပါလား လို့.... (မသိပါဘုရား) ဒါဖြင့် ကျုပ်မှာ မသိ လမ်းဆုံးနေတယ်....(မှန်ပါ့ဘုရား)။

ဒါကြောင့် ပဏ္ဍာသ ပါဠိတော်ကျတော့ မသိ မသိဆိုတာ ဘာတုံးဟော့....၊ သညာမရှိတဲ့ပုဂ္ဂိုလ်၊ ပညာမရှိတဲ့ပုဂ္ဂိုလ် ဆိုတာ

ဘာတုံးဆိုတော့ မသိတဲ့ပုဂ္ဂိုလ်ဆိုတာ ဘုရား၊ ဘာမသိတာတုံးဆိုတော့ သစ္စာမသိတာ၊ သစ္စာမသိကတည်းက ပဋိစ္စ သမုပ္ပါဒ် သိသေးရဲ့လား.... (မသိပါဘုရား) ပဋ္ဌာန်း အကြောင်းအကျိုးဆက်တာတွေကော.... (မသိပါဘုရား)။

သြော်....ဒါဖြင့် ခင်ဗျားတို့ ဘဝများစ္စာ သံသရာက ဘယ်လိုနေလို့များ ဘယ်လို ထိုင်ခဲ့ပါလိမ့် မတုံးလို့ မေးတော့ မသိသဉ်း-သဉ်းလို့ မသိသလို နေခဲ့ကြတာကိုး.... (မှန်ပါ့) ဒါဘဲ ဆုံးဖြတ်ချက်ချ.....(မှန်ပါ့) မသိသဉ်း--သဉ်းလို့.... (မသိသလို နေခဲ့ကြပါတယ်) မသိသလိုဖြစ်ခဲ့ကြတယ်.....(မှန်ပါ့)မသိတာက အဝိဇ္ဇာ၊ မသိသလိုဖြစ်ရတာသည်ကားလို့ ဆိုယင်ခန္ဓာ.....(မှန်ပါ့) အဝိဇ္ဇာကြောင့် မသိခန္ဓာကြီးဖြစ်နေတယ်.... (မှန်ပါ့) ရှင်းပလား.....(ရှင်းပါပြီ)။

မသိတာကြောင့် မသိခန္ဓာကြီး ဖြစ်နေသကာလ နေတော့ မသိခန္ဓာကြီးကလဲ ဘာတုံး-ဒုက္ခသစ္စာ.....(မှန်ပါ့) မသိတာကလဲ အဝိဇ္ဇာနဲ့တဏှာ.....(မှန်ပါ့) သြော်....သူတို့နှစ်ခု ချယ်လှယ်သလို ခင်ဗျားတို့ ခံနေရတော့ လူမိုက် ဗိုလ်တင်ပြီး သကာလ လူမိုက်အောက်မှာ ဖြစ်ရတဲ့ နွားတွေဖြစ်နေတယ်.....(မှန်ပါ့ဘုရား)။

သံသရာကြီးလည်လို့ ဘယ်လိုနေလို့ ဘယ်လို ထိုင်ခဲ့ရသတုံးမေးယင်၊ အို... လူမိုက်နွားသမားအောက်မှာ ဒို့နွားဖြစ်ခဲ့ရတယ်၊ ဒါဘဲ ဖြေဘို့ရှိတယ်.....(မှန်ပါ့) နွားရှင်ကလဲ လူမိုက်၊ ဘာမှ မသိဆိုတော့ တင်ချင်သလိုတင်၊ မောင်းချင်သလိုမောင်း၊ ခိုင်းချင်သလိုခိုင်း၊ ပြီးတော့မှ နွားသတ်ရုံပို့၊ ဒီလို နေခဲ့ရတယ် မှတ်လိုက်.....(မှန်ပါ့)။

ဒီလိုနေခဲ့ရတယ်ဆိုတော့ ဦးညွှန့်တို့ ဦးသန်းမောင်တို့ ဒို့အဖြစ်ဟာ နောက်တုန်းက ဖြစ်ခဲ့တဲ့ အဖြစ်ဟာ တယ်ဆိုးတဲ့ အဖြစ်ဘဲ (မှန်ပါ့ဆိုးပါတယ်)။

အဝိဇ္ဇာ တည်းဟူသော လှည်းရှင် ဒီ လှည်းရှင်က နေပြီး သကာလ တဏှာလှည်းမောင်းသမား ခိုင်းတာပေါ့။ အဝိဇ္ဇာ တည်းဟူသော လှည်းရှင်က တဏှာ လှည်းမောင်းသမား အမောင်းခိုင်းတော့ သံသရာ့ခရီးသည် နွားတွေဟာ သက်သာခွင့်မပါဘူး....(မှန်ပါ့ ဘုရား) ပါသေးရဲလား.... (မပါ-ပါဘုရား)။

အဝိဇ္ဇာတည်းဟူသော ပစ္စည်းရှင်က တဏှာ လှည်းမောင်းသမားကို အမောင်းခိုင်းပြီးသကာလ သံသရာ့ခရီးသည် နွားတွေကို ချောက်မှန်း မသိ၊ ဇုက်မှန်း မသိ၊ မရှုန်းနိုင်မှန်း မသိ၊ ရှုန်းနိုင်မှန်း မသိ၊ တခါတည်း ရမ်းတင်ပြီးသကာလ တမောင်းတည်းမောင်း၊ တပြေးတည်းပြေး အမောဆိုက်ပြီး သေလဲ သူကတော့ အကြိုက်ဘဲ....(မှန်လှပါ)။

အဲဒီလိုနေခဲ့ရတယ်ဆိုတာကို သံသရာထဲမှာဖြင့် ငါသိကြားဖြဟ္မာဖြစ်ခဲ့သလား၊ နတ်ကောင်း နတ်မြတ် ဖြစ်ခဲ့သလား ဆိုယင် အခေါ်သာဖြစ်ကြရပါတယ်၊ ဖြစ်စဉ်ကတော့ ဒီအတိုင်းဘဲ....(မှန်ပါ့ဘုရား)။

အခေါ်ကတော့ နတ်ဖြစ်ခဲ့တယ်၊ ဖြဟ္မာဖြစ်ခဲ့တယ်၊ သံသရာကျင်လည်ကတည်းက ဖြစ်ခဲ့တာဘဲ၊ သို့သော်-အဝိဇ္ဇာတည်းဟူသော ပစ္စည်းရှင်နဲ့ တဏှာ နွားမောင်းသမားနဲ့ သံသရာ့ခရီးသည် နွားတွေကတော့ဖြင့် ဒီလိုပါဘဲ....(မှန်ပါ့)။

အင်း....သိကြား ဖြစ်ခဲ့လဲ သူတို့မောင်းခဲ့တယ်.... (မှန်ပါ့) အပါယ်ဖြစ်ခဲ့လဲ.... (မောင်းခဲ့တယ်) မောင်းခဲ့တယ်....တဲ့၊ အဲဒီတော့ နောက်ဆုံးတော့ ခင်ဗျားတို့ ဘယ်လိုမျှား သေခဲ့ရသတုံးလို့ မေးတဲ့အခါကျတော့ တပည့်တော်တို့ အမောဆိုက်သေခဲ့ကြတာ၊ အော်ပြီး သေခဲ့ကြတာဘဲ.... (မှန်ပါ့ဘုရား) ဒီ့ပြင် ဘာမှ မစဉ်းစားနဲ့.... (မှန်ပါ့)။

တင်ချင်သလောက် တင်တဲ့ တဏှာလှည်းဦးစီးက အဝိဇ္ဇာမျက်နှာကို ကြည့်ပြီးသကာလ တခါတည်း မောင်းလိုက်တာ သံသရာ့ခရီးထဲမှာ တခါတလေမျှား အပါယ်မောင်းချလိုက်တယ်၊ တနေရာကနေ တနေရာ မောင်းတာဘဲ၊ ဒီလိုချည်း နေခဲ့ရတာ ခင်ဗျားတို့ သန္ဒိဋ္ဌကောတလုံးကို မပိုင်ခဲ့လို့—လို့ မှတ်လိုက်.... (မှန်လှပါဘုရား)။

ဒီလိုချည်း နေခဲ့တာ.... (သန္ဒိဋ္ဌကော မပိုင်လို့ပါဘုရား) သန္ဒိဋ္ဌကောတလုံးကို မပိုင်တဲ့အတွက်တဲ့ ကျုပ်တို့မှာဖြင့်သံသရာ့ခရီးသည်အဖြစ်နဲ့ လူမိုက်အောက်က နှားဆိုတဲ့ သပေါက်ဖြစ်ခဲ့ရတယ်ဆိုယင်လဲ မောင်သစ်....မလဲတော့ဘူး (မလဲတော့ပါဘုရား)။

ဒီတခါ သန္ဒိဋ္ဌကောကို ခင်ဗျားတို့က ကိုယ်တိုင်လဲ မမြင်ပါဘူး၊ ကိုယ်တိုင်လဲ မကြည့်ပါဘူး၊ သန္ဒိဋ္ဌကော ဒီလောက် အဘိုးတန်မှန်းလဲ မသိပါဘူး၊ သန္ဒိဋ္ဌကော၏ အဓိပ္ပါယ်ကိုလဲ ဦးသံဒိုင်ကြီးတို့ မသိတော့ဘူးဆိုလို့ ရှိယင် အရင်နှားဟာ နှားပြန်ဖြစ်မှာဘဲ.... (မှန်ပါ့ဘုရား)ဒီ့ပြင် ဘာမှမျှော်လင့်ချက်မရှိဘူး....(မှန်ပါ့ မရှိပါဘုရား) ရှိသေးရဲ့လား.... (မရှိပါဘုရား)။

အခုလို ခင်ဗျားတို့ သားတယောက် မွေးလာလဲ ငါ့တာဝန်ဘဲ၊ သမီးတယောက် မွေးဖွားလာလဲ ငါ့တာဝန်ဘဲ၊ မြေးတွေထွန်းကားလာလဲ ....(တာဝန်ပါဘဲဘုရား) အို.... တဏှာကသင်ပေးနေတာ....(မှန်ပါ့)။

သင်ပေးရမှာဘဲတဲ့၊ အဝိဇ္ဇာက တခါတည်း ခင်ဗျားတို့ကို ဒါတွေ ဝင်္ခမှန်းမသိအောင်တခါတည်း ဉာဏ်တွေပိတ်ထားတယ် (မှန်ပါ့)။

ပိတ်ထားလို့ ဦးသန်းမောင်ကြီးတို့က လုပ်ငန်းက ငွေစက္ကူ။ ကလေး တော်တော်အထပ်ထပ် ရလာလို့ ရှိယင် အမောကလေးနဲ့မျှား ခင်ဗျားတို့က ကိုယ့်ကိုယ်ကို ချီးမြှောက် လိုက် သေးတယ်....(မှန်ပါ့) မှန်ပါ့ဘုရား.... အမောကောင်းတယ်ဘုရဲ့....၊ ဒီလိုအမောမျှား မောစမ်းချင်တယ် ဆိုပြီးသကာလ ခင်ဗျားတို့ကလဲ နွားစိတ်ပေါက်နေတယ်....(မှန်ပါ့ဘုရား)။

သားဝန် မယားဝန်တွေ ထမ်းဆောင်နိုင်လို့ ရှိယင် ငါလိုမျှား ရှိသေးရဲ့လားဟလို့— ငါလို အရုန်းသမားမျှားရှာမှ ရှားတယ် ဆိုတဲ့ဥစ္စာ ကြွားမျှား ကြွားလိုက်သေးတယ်.... (မှန်ပါ့ဘုရား)။

ဒီ့ပြင်လူကျတော့ ခင်ဗျားတို့ကကဲ့ရဲ့တယ်၊ မင်းဟာမိန်းမတယောက်မှ လူလားမြောက်အောင် မဆင်နိုင် မပြင်နိုင်ဘဲကိုး-(မှန်ပါ့) အံမာ.... နွားတွေက ဘာသံထွက်လာသတုံး.... မိုက်သံထွက်လာတယ်.... (မှန်ပါ့ဘုရား) ရိပ်မိပလား....(ရိပ်မိပါပြီ)။

မောင်ထွန်းရင်တို့က ဟိုတုန်းက နည်းနေလို့ မျက်ရေမျှားကျတယ်၊ တချို့မျှား မျက်ရေကျတာရှိသေးတယ်.... (ရှိပါ

တယ်) ဩော်....ဦးသံဒိုင်တို့ဆိုယင်ဖြင့် ဦးသန်းမောင်တို့ စာယင်တပည့်တော်ကံနည်းတယ်ဘုရား၊ ဟော ဒါဟာ မျက်ရေတွေ.... (မှန်ပါ့)ဘာဖြစ်လို့တုံး....(အရောင်းရနည်းလို့ပါ) ဘယ်နှယ် နောကက တကာ တကာမတွေကို မေးမေး၊ကုယ့်ရှုတ့် စည်းစိမ်နဲ့ တော်လောက်ပလားဆိုယင် ဟာ.... မဖြစ်လောက်ပါဘူး ဒီလောက်နဲ့ ဒီအတိုင်းထုက်မယ်.... (မှန်ပါ့) ဘယ်လိုထုက်မလဲ-(မဖြစ်လောက်ပါဘုရား) ဒါဖြင့် ဝန်ထုပ်ကြီးယူကြတယ်.... (မှန်ပါ့) ဘာစိတ်ပေါက်နေသလဲ.... (နှားစိတ်ပေါက်နေပါတယ်) အံမယ်လေး.... ကြောက်စရာကြီးပါကလား၊ ကိုင်း.... နောက်က တကာ တကာမတို့ ဘယ်နှယ်နေကြသတုံး၊ ကြောက်စရာကြီးဆိုတာ ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

အဲဒါက အခုဖေါ်ပြောတော့မှ ဩော်....မိုက်ချက် သန်လှချည်းကလားဆိုတာ ဦးသံဒိုင် ပေါ်လာတယ်နော်.... (မှန်ပါ့ဘုရား) မသန်ဘူးလား.... (သန်ပါတယ်ဘုရား)။

ငါအပါယ်ကျခံပြီး မင်းတို့ဘို့ လုပ်ပေးခဲ့ဦးမယ်ကွ၊ စိတ်မချ လက်မချနဲ့ ဘန်တခု သယ်လိုက်ဦးမကွဆိုတာ ဆုမတောင်းဘဲနဲ့ ပြည့်နေတယ်.... (မှန်ပါ့) ကိုယ့်အဖြစ် ထုတ်ပြောပါတယ် (မှန်လှပါ)။

ဥာဏ်မျက်လုံးနဲ့ကြည့်မှ ဦးညွှန့်.... ဒီအသံကလဲ နားထောင်လို့ဖြစ်တယ်.... (မှန်ပါဘုရား) ဥာဏ်မျက်လုံးနဲ့ မကြည့်လို့ရှိယင် အရှန်းသမားက ပြုံးနေတာဘဲ.... (မှန်ပါ့)။

အရှန်းသမားက (ပြုံးနေပါတယ်ဘုရား) ဖြစ်မှ ဖြစ်ရလေ-၊ ဘေးကလဲ မြောက်တယ်၊ ခင်ဗျားတို့လို နှားစိတ်ပေါက်နေတဲ့လူ

ကို ဩော်-ခင်ဗျားတို့မှာ တိုက်နဲ့ တာနဲ့ ရွှေနဲ့ ကားနဲ့ စိန်နဲ့ မြေနဲ့ တယ်ထူးသဗျာ.... (မှန်ပါ့)။

ဟ-ဘာထူးတာလဲလို့ မေးယင် ဝန်လေးကြီးတွေ ထမ်းနိုင်တာကို သူက ထူးတယ်ပြောနေတာ.... (မှန်ပါ့ဘုရား)။ ဘာထူးတယ် ပြောတာတုံး.... (ဝန်လေးကြီးတွေ ထမ်းတာကို ထူးတယ်ပြောတာပါ) အံမာလေး.... ဦးသန်းမောင်ရာသူတို့ ချီးမွမ်းတာကလဲကြောက်စရာကြီးပါကလား.... (မှန်ပါ့ဘုရား)။

ဒါကို ခင်ဗျားတို့ကလဲ ကျုပ်တို့ကတော့ ကံစ- ဥာဏ်စရှိတာကိုးဗျ- နဲ့များ ပြုံးလိုက်သေးတယ်.... (မှန်ပါ့ဘုရား) ဘာဖြစ်တာတုံး လူသံထွက်တာ ဟုတ်ကဲ့လား.... (မဟုတ်ပါဘုရား) မဟုတ်ဘူးဗျ ပေါ်ပလား.... (ပေါ်ပါပြီ)။

လူသံထွက်တာမဟုတ်ဘူး ဝန်ဖြင့် ကြီးလိုက်တာလွန်လို့ လျှာထွက်အောင် မောနေပြီ၊ ဒီအတိုင်းသာသေရင်လဲ သေချင်းဆိုးသေရမယ်ဆိုတာလဲ သေချာတယ်.... (မှန်ပါ့) ဒီဝန်မချဘဲနဲ့ သေရမယ်.... (မှန်ပါ့) စိတ်မချ-လက်မချနဲ့ သေမှာကိုးဗျ.... (မှန်ပါ့)။

အဲဒါ သန္ဒိဋ္ဌိကောဆိုတဲ့ တလုံး မပိုင်တဲ့အတွက် ဩော်.... ငါတို့မှာဖြင့် ဝန်ပိသေတာကိုပင် သေခြင်း ကောင်းတွေလို့ ငါတို့ မှတ်နေသေးတယ်။ သန္ဒိဋ္ဌိကော ဆိုတဲ့ဥစ္စာ ဒုက္ခသစ္စာ အလုပ်-လုပ်နေတာကို ဒုက္ခသစ္စာလို့ သန္ဒိဋ္ဌိကောနဲ့ မမြင်ဘူးဗျ (မှန်ပါ့ဘုရား) မမြင်လို့ ပြုံးနိုင်ကြတာ.... (မှန်ပါ) မမြင်လို့ ဘာတုံး.... (ပြုံးနိုင်ကြတာပါဘုရား) ပြုံးနိုင်ကြတာ ဦးညွှန့်တို့ ရောင်းကောင်းတဲ့ နေ့ကျတော့ ဘယ့်နှယ်များ နေသတုံး....

(ပြုံးပါတယ်ဘုရား) ဘာဖြစ်လို့ ပြုံးတာတုံး.... (မမြင်လို့ ပါဘုရား) မမြင်လို့ပြုံးတာ ဘာမမြင်တာတုံးလို့ မေးတော့မှ ခုနက ခန္ဓာထဲမှာရှိတဲ့ ဒုက္ခသစ္စာကို သူသွား မမြင်တာ.... (မှန်ပါ့) မြင်သေးရဲ့လား.... (မမြင်ပါဘုရား) လုပ်ကိုင်နေရ တာလဲ လှုပ်လိုက် ရှလိုက် မောလိုက် ပန်းလိုက် ဘာသစ္စာတွေ လုပ်နေသလဲ .... (ဒုက္ခသစ္စာတွေပါဘုရား) မထိုင်ရဘူး၊ အရောင်းအဝယ်တွေက မျှားလွန်းလို့၊ အရောင်းအဝယ်တွေက ရှုပ်လွန်းလို့ ထိုင်ကိုမနေရဘူး ထမင်းတောင် အချိန်မှန်မှန် မစားရဘူး ဒါကို ခင်ဗျားတို့က ဂုဏ်ယူပြီး ဒုက္ခသစ္စာ မျှားတဲ့ ပုဂ္ဂိုလ်က ဂုဏ်ယူမလို့.... (မှန်ပါ့) ဘယ်လောက် မျက်စိလည်တယ်ဆိုတာ ဦးသံဒိုင်ပြောဘို့ လိုသေးသလား.... (မလိုပါဘူး ဘုရား) ဒုက္ခသစ္စာမျှားတဲ့ ပုဂ္ဂိုလ်ဟာ ဘယ်လိုယူလေ ရှိသလဲ.... (ဂုဏ်ယူလေ ရှိပါတယ်ဘုရား) ထမင်းတောင်ဗျာ ကျုပ်တို့ဖြင့် နှစ်ထပ်ကို တထပ်ပေါင်းစားခဲ့ရတယ်(မှန်ပါ့)သူ့ စိတ်ထဲကတော့ ကြွားလုံးဘဲ....(မှန်ပါ့) သူ့စိတ်ထဲကတော့ ဘာပါလိမ့်....(ကြွားလုံးပါဘုရား) ကြွားလုံးဘဲ ငတ်တာကတော့ သေချာနေပြီ.... (မှန်ပါ့) ငတ်တဲ့ဒုက္ခ သစ္စာကတော့....(သေချာနေပါပြီ)သေချာနေပြီ သို့သော် ဦးသန်းမောင်တို့က ထမင်းနှစ်ထပ်ကို တထပ်ပေါင်းစားရတယ်ဆိုတဲ့ အလုပ်ကြီးရှင် ဆိုပြီးတော့ ဒီမှာ ကြွားမျှားနေလိုက်သေးတယ်.... (မှန်လှပါဘုရား) ဒုက္ခသစ္စာသိမသိ အကဲခတ်ကြစမ်း (မသိပါဘုရား) မသိလို့ပြောမိတာ.... (မှန်ပါ့)ဒါဖြင့် ဒုက္ခတွေ့မျှားမရတဲ့အခါကျလို့ ရှိယင် သေမျှားသေချင်တယ် ပြောလိမ့်ဦးမယ်.... (မှန်ပါ့ဘုရား) ကံမျှားမှ-

ကံဖယ်တာကိုး ကျုပ်တို့ကတော့ လူ့ပြည်တောင်မနေချင်ဘူးဗျ။ ဟ.... ဘာဖြစ်တာတုံးလို့ မေးတော့ ဒုက္ခနည်းနေလို့.... (မှန်ပါ့) သားဝန်-မယားဝန် နည်းနေလို့.... (မှန်လှပါဘုရား) သားဝန်-မယားဝန် မထမ်းရတာနဲ့ ဦးသန်းမောင် ကျုပ်တို့ ဒီထမင်းအိုးကြီး မချိချင်ပါဘူးဆိုပြီးသကာလ ရေထဲဆင်းသေကြ ကြိုးဆွဲချသေကြ.... (မှန်ပါ့ဘုရား)။

ဒါဘယ်လိုပုဂ္ဂိုလ်လဲ၊ ဝန်မထမ်းရလို့၊ ဒုက္ခနည်းနေလို့.... (မှန်ပါ့) သူထမ်းချင်တာကများများ၊ များများကလဲ မထမ်းသာတော့ အကုန်လှလှ ပပ ဝဝ ကိုဗျ သူက ထမ်းချင်တာ.... (မှန်ပါ့)။

အဲဒီက ကံအကျိုးပေးက မလိုက်တော့ သူ့စိတ်ထဲ ညည်းလုံးထုတ်တယ်၊ ဘယ်လိုညည်းလုံးထုတ်သတုံး၊ ဒို့အကြောင်း ဒီဘဝ ဒီမျှဘဲထင်ပါရဲ့။

အံမာ....ဒီဘဝ ဒီမျှထင်ပါရဲ့၊ ကျုပ်ဖြင့် ကိုယ့်အကျိုးပေးကြည့်ပြီး ကိုယ်ဖြင့် နေတောင် မနေချင်ဘူးတဲ့.... (မှန်ပါ့) ဝန်ပေါ့တဲ့လူက မနေချင်ဘူး....(မှန်ပါ့)။

ဝန်ကြီးတဲ့လူတွေ ပျော်နေတယ်.... (မှန်ပါ့) ဘယ်လောက် မျက်စိလည်တယ်ဆိုတာ ပေါ်ကြပလား .... (ပေါ်ပါပြီ) ဝန်ပေါ့ယင် ပြုံးရမယ်ဟုတ်လား....(မှန်ပါ့) ဝန်ကြီးယင် မဲ့ရမယ် (မှန်ပါ့)။

အခုတော့ ဝန်ပေါ့တဲ့ ပုဂ္ဂိုလ်ကလဲ သေချင်တယ်၊ ဝန်ကြီးတဲ့ ပုဂ္ဂိုလ်ကလဲပြုံးဆိုတော့ ဘယ်နှယ်ဖြစ်နေတာတုံး .... (ပြောဘဲ မပြောတတ်ပါဘုရား)။

ဦးညွှန့်.... အတော်ဆိုးနေပြီ (မှန်ပါဘုရား) ဝန်ပေါ့တဲ့ပုဂ္ဂိုလ် ကဘာလဲ သေချင်တယ်၊ ဝန်ကြီးတဲ့ပုဂ္ဂိုလ်က.... (ပြုံးပါတယ် ဘုရား)။

ဟာ....ဖြစ်မှဖြစ်ရပလေ နွားမှာ ဝန်ကြီးလို့ ရှိယင် မရှုန်းဘူး ကွာလို့ ဝပ်သေးတယ်.... (မှန်ပါဘုရား) ခင်ဗျားတို့ကတော့ ပြုံးကြတယ်.... (မှန်လှပါဘုရား) သဘောပါကြလား....၊ (ပါ-ပါတယ်ဘုရား)ဘယ် နှယ်မျှားနေကြသတုံး.... (ပြုံးပါတယ် ဘုရား) ပြုံးတယ်.... (မှန်ပါ့)။

အင်း....အချိန်ရှိခိုက် လုံ့လစိုက်ကွ၊ကိုယ် ဟာကိုယ်မျှား တိုက် တွန်းနေတယ်.... (မှန်ပါ့) အချိန်ရှိခိုက်-ဘာတဲ့လဲ (လုံ့လစိုက်)။

နဂိုရိုက လုံ့လစိုက်လို့ လဲ အိုခြင်းဆိုးတွေ အတော်တိုးနေပြီ.... (တိုးပါတယ်ဘုရား) နောက်ထပ် စိုက်ပါဦးဆိုယင် သေရုံကျန် တော့တယ်....(မှန်ပါဘုရား) ခင်ဗျားတို့ မျက်စိလည်တာ ပြောပါတယ်....(မှန်ပါ့)။

ဝန်ကြီးတဲ့ပုဂ္ဂိုလ်ဟာ ဘယ်လိုနေလေ့ရှိသလဲ .... (ပြုံးပါ တယ်ဘုရား) အင်....ဟင်....ဝန်မထမ်းရတဲ့ပုဂ္ဂိုလ်က.... (သေချင် ပါသတဲ့ဘုရား) သေချင်သတဲ့....(မှန်ပါ့) ဘယ်ဟာ အမှန်ယူကြ မလဲ.... (ဘယ်ဟာမှ မမှန်ပါဘုရား) ဦးသံဒိုင် ဘယ်ဟာအမှန် ယူမတုံး.... (ဘယ်ဟာမှ မမှန်ပါဘုရား) ဘယ်ဟာမှ-မှန်မှမမှန်ဘဲ (မှန်ပါ့)။

ဒါဖြင့် သန္ဒိဋ္ဌိကောဆိုတဲ့ ကိုယ်တိုင်သစ္စာမြင်ရဲလား- မမြင် ဘူးလား.... (မမြင်ပါဘုရား) မမြင်လို့ဖြစ်တယ်.... (မှန်ပါ့) ဘယ်နှယ်တုံး ဦးသန်းမောင်တို့ ရိပ်မိပလား.... (ရိပ်မိပါပြီ) ဘယ်လိုကြောင့်ဖြစ်ပါလိမ့်.... (မမြင်လို့ဖြစ်ပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ သန္ဒိဋ္ဌိကောတလုံးဟာ သြော်--သေချင်တဲ့ ဇာတ်ကိုလဲ သူသိမ်းမယ်....(မှန်ပါ့) မတရား ပြုံးနေတာကြီး ကိုလဲ အပြုံးမှားလို့ သူသိအောင်ဆိုယင် သန္ဒိဋ္ဌိကောကို ခင်ဗျား တို့ကိုင်ခွင့်ရမယ်.... (မှန်ပါ့ဘုရား) နို့မို့လို့ရှိယင်.... (မရပါ ဘုရား) မရဘူးသန္ဒိဋ္ဌိကောနဲ့ ခန္ဓာကြည့်မှ ရမယ် .... (မှန်ပါ့ ဘုရား)။

ခန္ဓာ မကြည့် သေးသ၍ ကာလပတ်လုံးဖြင့် ခင်ဗျားတို့ဟာ ဝန်ကြီး မထမ်းရလို့ သေချင်တဲ့ ပုဂ္ဂိုလ်နဲ့, ဝန်ကြီးထမ်းပြီး ပြုံး ချင်တဲ့ပုဂ္ဂိုလ်နဲ့ ဒီနှစ်ယောက်သာ လောကကြီးထဲ ရှိတယ်.... (မှန်ပါ့) ဒီ့ပြင်ရှိသေးရဲ့လား.... (မရှိပါဘုရား)။

မရှိတော့ဘူး ဆိုတော့ ဒို့ဒီနေ့ ဆရာဘုန်းကြီးက ဘာလုပ် ပေးပါလိမ့်မတုံး မေးတော့မှ သန္ဒိဋ္ဌိကောမရှိလို့ မျက်စိလည် မပျောက်ဘူးက္ခ.... (မှန်ပါ့ဘုရား) ရှင်းပလား .... (ရှင်းပါပြီ) သန္ဒိဋ္ဌိကောမရှိတော့.... (မျက်စိလည် မပျောက်ပါဘုရား)။

ဒီ့ထက် လည်ယင်ဖြင့် ခင်ဗျားတို့ သုံးဆယ့်တဘုံဟာ၊ သုံး ဆယ့်နှစ်ဘုံဖြစ်တောင် လည်ဦးမှာဘဲ နော်.... (မှန်ပါ့) ဘယ် လောက်ဆိုးဝါးတယ်ဆိုတာ ပေါ်ကြပလား.... (ပေါ်ပါပြီ)။

ဒါဖြင့် ဘာမရှိတာတုံး....(သန္ဒိဋ္ဌိကောမရှိတာပါဘုရား)ခန္ဓာ၏ဖြစ်စဉ်ကိုသန္ဒိဋ္ဌိကော- သာမံပဿိတဗ္ဗောဆိုတဲ့ကိုယ်တိုင်ကြည့်ရှု တဲ့ဉာဏ်ကလုံးဝမပါတော့ဟို့-သုခသစ္စာကို ဒုက္ခသစ္စာထင်နေတဲ့ လူဆင်းရဲကလဲ သေသာ သေချင်စာယ် ဒုက္ခသစ္စာ တောင်းတ တယ်....(မှန်ပါ့ဘုရား) ဒုက္ခသစ္စာနဲ့ ဝန်ကြီးထမ်း သမားကလဲ

ပြုံးပြီး သကာလ နေလိုက်တာ ဒုက္ခသစ္စာကို သုခသစ္စာထင်ပြီး ပြုံးတယ်....(မှန်ပါ့)။

ဝန်ကြီးထမ်းက ပြုံးတာလဲ ဒုက္ခကို သုခထင်လို့ပြုံးတာ.... (မှန်ပါ့) ဟိုကလဲ သုခကိုဒုက္ခထင်လို့ သေချင်တာ.... (မှန်ပါ့) မရှိတဲ့ ပုဂ္ဂိုလ်က ဘာထင်သတုံး ဘယ်လိုကြောင့် သေချင်တာလဲ....(ဒုက္ခထင်လို့ပါဘုရား) ဒီထက်မျက်စိလည်တာ ဦးသံဒိုင် ရှိသေးသလား.... (မရှိပါဘုရား)။

ဦးသန်းမောင် သေသေချာချာ နားထောင်ပါ....(မှန်ပါ့) ဒါဘယ်သူ၏ ချို့ယွင်းချက်ကြောင့် ဤကဲ့သို့ အမှား နှစ်ခုနဲ့ ကြုံရပါတယ်၊ လောကကြီးထဲဒီအမှားနှစ်ခုမှတပါးပိုမရှိဘူး၊မရှိတဲ့ ပုဂ္ဂိုလ်ကသေချင်တယ်တဲ့ ဘာတုံး သုခကို.... (ဒုက္ခထင်နေလို့ပါ) သုခကိုဒုက္ခထင်တယ် .... (မှန်ပါ့) မရှိယင် ချမ်းသာတာကို သူမသိဘူးမဟုတ်ဘူးလား....(မှန်ပါ့ဘုရား)။

မရှိချမ်းသာဆိုတာ မင်းဘေး--စိုးဘေး--သူခိုးဘေး အကုန်ဘဲ....(မှန်ပါ့) အဲ့ဒီ့ချမ်းသာကို သူမသိဘူး.... (မှန်ပါ့) မသိတော့ မရှိတဲ့ပုဂ္ဂိုလ်ကလဲ သုခကို ဘာထင်သတုံး.... (ဒုက္ခထင်ပါတယ်)။

ဒါဖြင့်သူ့မှာ သာမံပဿိတဗ္ဗော မရှိဘူး.... (မှန်ပါ့ဘုရား) သဘောကျပလား.... (ကျပါပြီ) ရှိတဲ့ပုဂ္ဂိုလ်ကလဲ ဝန်ပိုသေလောက်အောင်ဘဲ မင်းဝန်,စိုးဝန်,သူခိုးဝန်တွေကို ထမ်းနေရတဲ့ အထဲက သားဝန်,သမီးဝန်,ဆွေဝန် မျိုးဝန်တွေ အသုဘဇာတိဇရာမရဏဝန်တွေ- ဝန်တွေထမ်းနေရတဲ့ ကြားထဲ သူပြုံးပြီး

သကာလနေတာဘဲ၊ အင်းသူကလဲဘာကိုဘာထင်တာကုံး....(ဒုက္ခကို သုခထင်ပါတယ်ဘုရား)။

ဒုက္ခကို သုခထင်တယ်.... (မှန်ပါ့) ဟိုပုဂ္ဂိုလ်ကတော့သုခကို.... (ဒုက္ခထင်ပါတယ်) ပေါ်ပလား.... (ပေါ်ပါပြီ) ဒီခဲနှစ်လုံးဟာ မသေးပါဘူး ဦးသန်းမောင်ရ.... (မသေးပါဘုရား)မသေးဘူး၊ ဒီခဲနှစ်လုံးဟာ အင်မတန်အရေးကြီးတယ်....(မှန်ပါ့)လောကထဲမှာ ရှိတာကလဲလူဆင်းရဲနဲ့လူချမ်းသာဘဲရှိတယ်.... (မှန်ပါ့) ဒါနှစ်ခုဘဲရှိတယ်၊ ဒီ့ပြင်ပိုရှိသေးသလား.... (မရှိပါဘုရား)နှစ်ယောက်စလုံး မျက်စိလည်နေတယ် ဆိုတာကော ယနေ့ တရားမှာပေါ်ကြပလား....(ပေါ်ပါပြီ)။

အဲဒါ ဘာမရှိလို့ ဘာမသိလို့ ဘယ်ဟာကိုမသုံးသပ်လို့ ဆိုတာဖြင့် ခင်ဗျားတို့ ယနေ့ ပေါ်ပါပြီ.... (ပေါ်ပါပြီဘုရား) သန္ဒိဋ္ဌိကော သူလိုနေတယ်....(မှန်ပါ့)။

ကိုယ့်ခန္ဓာ ကိုယ်ကြီးကိုတခါတည်း ပဿိတပ္ပေါကိုယ်တိုင် မြင်အောင် ကြည့်လိုက်လို့ ရှိယင်ဖြင့် ဒါကဒုက္ခသစ္စာ၊ ဒါက သမုဒယသစ္စာ၊ အခု ငါဟာ သိတာကလေးက မဂ္ဂသစ္စာလို့ သူ့ဟာသူ သစ္စာမျှား သိလာမယ် ဆိုလို့ ရှိယင်ဖြင့်တဲ့-မရှိသမားကလဲ အင်း-မရှိတာ ချမ်းသာတယ်ဆိုပြီးသကာလ ပြုံးမှာဘဲ.... (မှန်ပါ့) ရှိသမှုားကလဲ ဝန်ကြီးတွေ မရှိယင် ကောင်းတယ်ဆိုတဲ့ ဥာဏ် ပေါ်လာမယ် (မှန်ပါ့) မပေါ်ပေဘူးလား .... (ပေါ်ပါတယ်ဘုရား)။

အခုတော့ဖြင့် သန္ဒိဋ္ဌိကောကို ဘုရားရှိခိုး လုပ်ပြီး သကာလ ခန္ဓာကြည့်ရမှာကို ဘုရားရှိခိုး လုပ်နေကဲ့အတွက် ဦးသန်းမောင်

ဆေးကို အသုံးလွဲတယ်.... (မှန်ပါ့) သူနှစ်ချက် လွဲသွားတယ်.... (မှန်ပါ့) မလွဲဘူးလား.... (လွဲပါ့တယ်ဘုရား)။

မရှိတဲ့ပုဂ္ဂိုလ် သေချင်တာလဲတမျိုး၊ သုခကို ဒုက္ခထင်လို့.... (မှန်ပါ့) ရှိတဲ့ပုဂ္ဂိုလ်ပြုံးတာကော.... (ဒုက္ခကို သုခထင်လို့ပါဘုရား) ဒုက္ခကို သုခထင်လို့ပြုံးတယ် .... (မှန်ပါ့ဘုရား)။

အင်း-အပြုံး သမားနဲ့ အမဲ့သမား ဘယ်ဟာ ဖြစ်ချင်ကြသလဲ.... (ဘယ်ဟာမှ မဖြစ်ချင်ပါဘုရား) ဘယ်ဟာမှ မဖြစ်ချင်တာ သဒ္ဓိဋ္ဌကော ကူလိုက်လို့ .... (မှန်ပါဘုရား) သဒ္ဓိဋ္ဌကော တချက်ကူလိုက်လို့....(မှန်ပါဘုရား)။

နို့မို့လို့ရှိယင်ဖြင့် ဒီဥစ္စာ မရှိသမားကလဲ ရှိချင်တဲ့ ဒက္ခသေးလှမယ်မဟုတ်ဘူး.... (မှန်ပါ့) ရှိသမားကလဲ ဒီ့ထက်ရှိချင်တဲ့ ဒုက္ခသေးတာမဟုတ်ဘူး.... (မှန်ပါ့)သေးပါ့မလား....(မသေးပါဘုရား)။

အခုပြောတဲ့ စကားတွေကို ခရေစေ့တွင်းကျ နားထောင်မှ ဒီဥစ္စာ လောကကြီးထဲမှာ မပါတဲ့စကားတွေ....(မှန်ပါ့) တကာသစ်-ဘယ်လိုမှတ်သလဲ....(လောကကြီးထဲမှာ မပါတဲ့စကားတွေပါဘုရား) လောကကြီးထဲမှာ ခင်ဗျားတို့ပြောတဲ့ စကားတွေဘယ်လိုမှ မပါဘူး .... (မှန်ပါ့)ဒီထဲ ပါသေး ရဲ့လား.... (မပါပါဘုရား)။

ခင်ဗျားတို့ သိထားတာက မရှိတဲ့ပုဂ္ဂိုလ်က သေချင်တယ်၊ရှိတဲ့ပုဂ္ဂိုလ်က ပြုံးတယ်၊ ဒီနှစ်လုံးဘဲသိတယ်.... (မှန်ပါဘုရား)အပြုံးသမားကလဲအလွဲ၊ အမဲ့သမားကလဲအလွဲ....(မှန်ပါ့)။

မရှိတဲ့သူက မဲ့ပြီးသကာလ ကျုပ်တော့ သေချင်တာဘဲဗျာ။ အကျိုးပေးများက လိုက်မှမလိုက်ဘဲ....(မှန်ပါ့) အင်း-ချမ်းသာကို သူက ဘာထင်နေသလဲ.... (ဒုက္ခထင်ပါတယ်) ချမ်းသာကို သူက ဆင်းရဲထင်တယ်၊ မဟုတ်ဘူးလား....(မှန်ပါ့) ရှိတဲ့ပုဂ္ဂိုလ် ကပြုံးတာလဲ ဝန်ကြီးတွေ့ မနည်းထမ်းထားတယ်၊ ဒါကိုပင်လျှင် သူကပြုံးပြီးသကာလ နေတယ်၊သူကလဲ ဘယ်နှယ်ကြောင့် ပြုံးမိပါလိမ့်....(ဒုက္ခကို သုခထင်နေလို့ပါ)။

ဒုက္ခကို သုခထင်တယ်.... (မှန်ပါ့) ဟိုက သုခကို ဒုက္ခထင်တယ်....(မှန်ပါ့) ဒီလောက်ထိအောင် လွဲနေတယ်.... (မှန်ပါ့ဘုရား) ဒါဖြင့် မရှိလွဲ-ရှိလွဲ နှစ်ခုသာ ဖြစ်နေတယ်.... (မှန်ပါ့) မရှိလွဲ-ရှိလွဲ သူတို့နှစ်ခုသာ ဖြစ်နေတော့တယ်.... (မှန်ပါ့) ဒါစကားတတ်လို့ပြောတာလား.... စိတ်ဝင်စားလို့လား.... ဪကဲခတ်ပါ.... (စိတ်ဝင်စားလို့ပါဘုရား)။

အဲဒါ သစ္စာကို သန္ဒိဋ္ဌိကောနဲ့ ကိုယ်တိုင် မမြင်တဲ့အတွက် တခါတည်း ဒုက္ခသစ္စာက သုခသစ္စာဖြစ်၊ သုခသစ္စာက ဒုက္ခသစ္စာဖြစ်တယ်....(မှန်ပါ့ဘုရား) ကဲ....ပေါ်ကြပလား.... (ပေါ်ပါပြီ) မရှိတဲ့ပုဂ္ဂိုလ်က သုခသစ္စာကို....(ဒုက္ခသစ္စာထင်ပါတယ်) ဒုက္ခသစ္စာ သွားဖြစ်နေတယ်၊ ရှိတဲ့ပုဂ္ဂိုလ်က....(ဒုက္ခသစ္စာကို သုခသစ္စာဖြစ်နေပါတယ်)အံမာလေး.... ဒီလူနှစ်ယောက် ဘယ်နေရာသွားပြီး အသုံးချမလဲ....(အသုံးချလို့မရပါဘုရား) ချလို့ရပါ့မလား....(မရပါဘုရား)။

ဘုရားသခင် ကိုယ်တော်မြတ်ကြီး ရှေ့မှောက်မှာ ဒီလူနှစ်ယောက်သာ ရောက်နေမယ်ဆိုလို့ရှိယင်ဖြင့် အရှုးနှစ်ယောက်

သွားကြပေတော့ ကွာလို့တောင် နှင်ထုတ် လိုက်လိမ့်မယ်.... (မှန်ပါ့) မထုတ်ပေဘူးလား.... (ထုတ်ပါမယ်ဘုရား) အရှုးနှစ် ယောက်ကိုးဗျ....(မှန်ပါ့) ဦးညွှန့်ပေါ်ပြီနော်.....(ပေါ်ပါပြီ ဘုရား)။

အဲဒါ ဘာချို့ယွင်းချက်ရှိလို့ ဒီအမှားနှစ်ခု ပေါ်လာပါ လိမ့်မလဲ အကဲခတ်....(သန္ဓိဋ္ဌကော မရှိလို့ပါဘုရား)။

သန္ဓိဋ္ဌကော အဘိုးတန်အောင် သုံးလို့ အဘိုးတန်တာလား၊ သူက သန္ဓိဋ္ဌကော သာမံပဿိတဗျော ကိုယ်တိုင်မြင်အောင်ကြည့် ဆိုတာ ဒို့မကြည့်မိလို့ ဒီအမှားနှစ်ခုတွေ့ရတာဘဲ.... (မှန်ပါ့ ဘုရား) ပေါ်ကြပလား....(ပေါ်ပါပြီ) ပေါ်ပြီ....တဲ့၊ ကဲ....ဦးသံ ဒိုင်တို့ ဒီတရားကို နာရဲ့တယ်ဆို အို....လောကကြီးထဲမှာ ဒီလူ နှစ်မျိုးမှတပါး မရှိဘူးဟေ့၊ ဒီလူနှစ်မျိုးက နေ့ရှိသမျှ ရှုးနေကြ တာဘဲ.... (မှန်ပါ့) မဆိုနိုင်ဘူးလား.... (ဆိုနိုင်ပါတယ်ဘုရား) ဆိုနိုင်ကြတယ်၊ ကွာ.... သူတို့ကို ဘယ်ဆေးနဲ့ ကုရမတုံးလို့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးရှာတော့မှ သန္ဓိဋ္ဌကော သွား တွေ့တယ်.... (မှန်ပါ့) မင်းကွာ.... ကိုယ့်ခန္ဓာကြီးကို ကိုယ်တိုင် မြင်အောင် လုပ်လိုက်စမ်းပါ၊ အဲဒီကျတော့ သူက သက်သေခံ ပါလိမ့်မယ်....(မှန်ပါ့) မင်းတို့အလဲတွေ့ အကုန်ပေါ်ပါလိမ့်မယ် ဆိုတဲ့ဥစ္စာ ဒါဖြင့် သန္ဓိဋ္ဌကောတလုံးဟာ ဦးသန်းမောင် နည်း နည်းအဘိုးတန်တာလား....၊ များများ အဘိုးတန်တာလား.... (များများအဘိုးတန်ပါတယ်ဘုရား) များများအဘိုးတန်တယ်ဆို တာ တကာ တကာမတွေ့ ကောင်းကောင်းကြီး ဒီနေ့ညတော့ သိပြီ....(မှန်ပါ့)။

ကိုင်း.... ဒါဖြင့် သန္ဒိဋ္ဌကောတော့ဖြင့်ဘုရား....သူ့ကို ခန္ဓာအာမုန် မမြင်သ၍ ကာလပတ်လုံးဖြင့် ဒီနည်းနဲ့ မဖြတ်ယင် ပြတ်ဘို့ မမြင်ဘူး....(မှန်ပါ့) ဒီနည်းနဲ့ မဖြတ်ယင် ပြတ်ဘို့မြင်သေးရဲ့လား.... (မမြင်ပါဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့ သန္ဒိဋ္ဌကောကို ယနေ့က,စပြီး အသုံးချပါဆိုတဲ့ဥစ္စာကို တိုက်တွန်းတယ်.... (မှန်လှပါ ဘုရား) ဘယ်.နှယ်ကြောင့် တိုက်တွန်းရပါလိမ့်မလဲဆိုတော့ မရှိရှုးနည်း၊ ရှိရှုးနည်းကြောက်နေလို့....(မှန်ပါ့)ရှင်းပသားလား.... (ရှင်းပါပြီ) ဘာတဲ့တုံး....(မရှိရှုးနည်း၊ ရှိရှုးနည်းကြောက်နေလို့) လောကမှာ ဒီနှစ်ယောက်တည်းရှိတယ်.... (မှန်ပါ့) ဒီနှစ်ယောက်တည်းရှိတယ်....(မှန်ပါ့) မရှိရှုးကလဲ သေချင်တယ်၊ ရှိရှုးကလဲပြုံးတယ် (မှန်ပါ့ပြုံးပါတယ်) ဒီလိုမနေဘူးလား....(မှန်ပါ့)။

အဲဒီတော့ ဒီဟာ ဘယ်သူက သာသတုံးလို့ ဦးသံဒိုင်က မေးတော့ မရှိရှုးနဲ့ ရှိရှုး ဘယ်ဟာက သာသတုံးလို့ မေးတော့အဆိုးချည်းပါဘဲ....(မှန်ပါ့) သန္ဒိဋ္ဌကောနဲ့ သစ္စာကို အမှန်မသိတာချည်းဘဲ....(မှန်ပါ့) ပေါ်ကြပလား.... (ပေါ်ပါပြီ)။

ဒါဖြင့် ဒီနေ့ညမှာ သန္ဒိဋ္ဌကောတလုံးဟာ ခါတိုင်းညထက် အဘိုးတန်အောင် ပြောတယ်လို့ ဦးသန်းမောင် သေသေချာချာမှတ်....(မှန်ပါ့ဘုရား) ခါတိုင်းည ပြောတာထက် မှတ်ထားဘို့ကောင်းပါတယ်၊ ကျယ်လာတယ်....(မှန်ပါ့) ကျယ်လာတယ်တဲ့ သန္ဒိဋ္ဌကော-(မှန်ပါ့)သြော်....လောကကြီးထဲမှာ သန္ဒိဋ္ဌကော မရှိသ၍ဘယ်သူမှအရှုးမပျောက်ဘူးဟော့(မှန်ပါ)။

ဘယ်သူမှ ဝိပ္ပလ္လာသဆိုတဲ့ ဘောက်ပြန်မှု မပျောက်ဘူး.... (မှန်ပါ့ဘုရား) ဝိပ္ပလ္လာသဆိုတဲ့ဥစ္စာ အမှား.... (မှန်ပါ့) ဘယ်သူမှအမှားမပျောက်ဘူးဟေ့....ဘယ်သူမှ အရူးမပျောက်ဘူးဟေ့ (မှန်ပါ့)။

ကိုင်း-ဘုရားသခင် ကိုယ်တော်မြတ်ကြီး လေးသင်္ချေနဲ့ ကမ္ဘာတသိန်း ကာလပတ်လုံး ဆည်းပူးလို့-ရထားတဲ့ သဗ္ဗညုတဉာဏ်နဲ့ ဟောလိုက်တဲ့ သန္ဒိဋ္ဌိကော.... (မှန်ပါ့ဘုရား) ဒီလောက်ထိအောင် အဘိုးတန်တယ်....(အဘိုးတန်ပါတယ်ဘုရား)။

ဒါကြောင့် အဘိုးတန်တယ်ဆိုတဲ့ဥစ္စာ စာကလေးတလုံးပေမဲ့ ဦးညွှန့် မှတ်လိုက်စမ်းပါ၊ ပညာရှိပြီး ချဲထွင်နိုင်တဲ့ ဘုရားသခင် ကိုယ်တော်မြတ်ကြီး အလိုတော်ကို အတော်အတန် သိတဲ့ပုဂ္ဂိုလ်မှ ဒီဥစ္စာဟာ အဘိုးတန်လာတယ်....(မှန်ပါ့) ရရုံ ရနေတဲ့ ပုဂ္ဂိုလ်မှာတော့ သိပ်ပြီး အဘိုးမတန်လှဘူး....(မှန်ပါ့ဘုရား) အခုတော့-သိပြီ သဘောကို၊ သန္ဒိဋ္ဌိကောတလုံးပိုင်ယင် ဒုက္ခဝဋ္ဌ်ကျွတ်တယ် (မှန်ပါ့) မပေါ်သေးဘူးလား....(ပေါ်ပါတယ်ဘုရား)။

သန္ဒိဋ္ဌိကော တလုံးသာပိုင်.... (ဒုက္ခဝဋ္ဌ်ကျွတ်ပါတယ်ဘုရား) ဒုက္ခဝဋ္ဌ်ကျွတ်တယ်၊ သာမံပဿိတဗြော— ကိုယ်တိုင်မြင်ရမယ်ဆိုတော့ ခင်ဗျားတို့ဟာက ကိုယ်တိုင်မြင်တာမှ မဟုတ်ဘဲ၊ မရှိတဲ့ ပုဂ္ဂိုလ် သေချင်တာကလဲ ဩော်....မရှိလို့ သေချင်တာ၊ လူများဟာ မရှိယင် သေတာက ကောင်းတယ်လို့ ပြောသံကြားဘူးတယ်....(မှန်ပါ့ဘုရား)ရှိတဲ့ ပုဂ္ဂိုလ်ကလဲ အင်း....ရှိနေလို့ ရှိယင် ချမ်းသာတယ်လို့ သူများ ပြောသံကြားဘူးတယ်.... (မှန်ပါ့)။

ခင်ဗျားတို့ သဒ္ဓိဋ္ဌကောလဲ သူများပါးစပ် လမ်းဆုံးနေတာ ဘဲ.... (မှန်ပါဘုရား) ကဲ .... သဒ္ဓိဋ္ဌကော ဟုတ်သေးရဲ့လား.... (မဟုတ်ပါဘုရား) သိပ်မနစ်နာဘူးလား.... (နစ်နာပါတယ်)။

ဒါဖြင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဟော့ ....သူများ ပါးစပ် လမ်းဆုံးယင်တော့ မင်းက မဲ့ရလိမ့်မယ်၊ မင်း ပြုံးရ လိမ့်မယ်-- သာမံပဿိတဗ္ဗော--လုပ်ပါလို့ ဆိုတဲ့ ဥစ္စာ ဒီဥစ္စာ ကို တထစ်ချ ဒီဂရီချမပေးယင် ခက်တယ်ဗျ.... (မှန်ပါဘုရား) တထစ်ချ ဒီဂရီချမပေးယင် အရူးနှစ်ယောက်.... (မှန်ပါ) အခု ရှင်းကြပလား.... (ရှင်းပါပြီ)။

ဒါဖြင့် ဘယ်တော့မှ အမှန်ဖြစ်မလဲ.... (သဒ္ဓိဋ္ဌကောနဲ့မှ) သဒ္ဓိဋ္ဌကောနဲ့ ခန္ဓာကို အမှန် မြင်ယင်တော့ ပျောက်မယ်.... (မှန်ပါဘုရား) ရှင်းပလား....(ရှင်းပါပြီ)။

ဒါကြောင့် ခင်ဗျားတို့က 'ဣမေဟိ ဆဟိ ဓမ္မေဟိ သမ္ဗန္ဓာ ဂတံ ဓမ္မံ ဝန္ဒာမိဟံ' = ဒီဓမ္မတွေသည်ကားလို့ ဆိုလို့ ရှိယင်ဖြင့်-တဲ့ ခင်ဗျားတို့ ကျုပ်တို့၏ အသုံးချရမယ် ဆိုလို့ ရှိယင်ဖြင့် သဒ္ဓိဋ္ဌကောတလုံးသည် မနေ့ညက ပြောခဲ့သလို ပဋိစ္စသမုပ္ပါဒ် ပြတ်အောင်လုပ်တာလဲ သူဘဲ.... (မှန်ပါ) မဟုတ်ဘူးလား.... (မှန်ပါ)။

ဒီခန္ဓာထဲရှိတဲ့ ဒုက္ခသစ္စာဖြစ်ပျက်ကို သဒ္ဓိဋ္ဌကောနဲ့ ကိုယ်တိုင် မြင်လို့ကတယ်....(မှန်ပါ) မြင်လို့ကလို့ ရှိယင် မြင်ခြင်းကြောင့် အဝိဇ္ဇာလဲ ချုပ်တယ်.... (မှန်ပါ) မြင်ခြင်းကြောင့် လိုချင်တဲ့ တဏှာစိတ်.... (ချုပ်ပါတယ် ဘုရား)။

မြင်ခြင်းကြောင့် ဒါအနိစ္စအစစ်ဘဲ၊ ဒုက္ခသစ္စာ အစစ်ဘဲလို့ ဆုံးဖြတ်ချက်ချသောကြောင့် ဒိဋ္ဌိလဲပြုတ်တယ်.... (မှန်ပါ့ဘုရား) ဘယ် ပဋိစ္စသမုပ္ပါဒ်က စ,စရာရှိသေးသလဲ.... (မရှိပါဘုရား) သဘောကျလား....(ကျပါတယ်) ခင်ဗျားတို့ သိထားတဲ့အသိက တော့ဖြင့် အပြုံးသမားကလဲ တဏှာ ဥပါဒါန်ကံဘက် လှည့်တယ်....(မှန်ပါ့) အမဲသမားကလဲ ဒေါသ သောက ပရိဒေဝ အဝိဇ္ဇာသခ်ါရဘက်လှည့်တယ်....(မှန်ပါ့)။

ဘယ်သူက ပြတ်သလဲ.... (ဘယ်သူမှမပြတ်ပါဘုရား) အမဲသမားလဲ မပြတ်ဘူး .... (မှန်ပါ့)၊ အပြုံး သမားကော.... (မပြတ်ပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့၏ ပြုံးမှာ- ခင်ဗျားတို့၏မဲမှာကို ဘုရား သခင်သည်ကားလို့ ဆိုယင် အလွန်စိုးရိမ်တော်မူတယ်....(မှန်ပါ့) မစိုးရိမ်ဘူးလား....(စိုးရိမ်ပါတယ်) နို့-တသံသရာလုံး ခင်ဗျားတို့ ဘာနဲ့ ဆုံးခဲ့တုံးမေးတော့ အပြုံးတလှည့် အမဲ တလှည့်နဲ့ဘဲ တပည့်တော်တို့နေခဲ့ရတယ်....(မှန်ပါ့)။

ဒါဖြင့် အပြုံးအမဲကို ဇာတ်သိမ်းတာဖြင့် သန္ဒိဋ္ဌကော တလုံးဘဲ ခင်ဗျားတို့ရှု (မှန်ပါ့) အပြုံးအမဲဇာတ်သိမ်းအောင် ဘယ်သူက လုပ်ပေးသတုံး ..... (သန္ဒိဋ္ဌိကောက လုပ်ပေးပါတယ်) သန္ဒိဋ္ဌကောက လုပ်ပေးတယ်ဆိုတာ မပေါ်လာ ဘူးလား.... (ပေါ်လာပါတယ်)။

ကောင်းပြီ ဒါဖြင့် သန္ဒိဋ္ဌကောဟာဖြင့် တပည့်တော်တို့ ရိုးမြေကျ ဒီဟာနဲ့ဘဲ နေတော့မယ်၊ ကိုယ် ခန္ဓာ ကိုယ်တိုင်မြင်တဲ့ ဉာဏ်နဲ့ နေပါတော့မယ်လို့ ဆုံးဖြတ်ချက်ချသည်နဲ့ တပြိုင်နက်

တည်း—ချလိုက်လို့ ကိုယ်တိုင်မြင်တဲ့ ဉာဏ်ကြောင့် 'ဒိဋ္ဌမမြော ပတ္တာမမြော ဝိဒိတမမြော ပရိယောဂါဋ္ဌ မမြော တိဏ္ဏဝိစိ.... ကိစ္ဆော' =ဝိစိကိစ္ဆာတွေလဲ သေပြီးပြီကွ..... (မှန်ပါ့) ဝိဂတ-ကထံကထောတဲ့ သံသယလဲမရှိတော့ဘူးကွတဲ့....(မှန်ပါ့)ဝေသာရဇ္ဇပတ္တော-တဲ့၊ အဲဒီကျမှ သူရဲရင့်တယ်.... (မှန်ပါ့) အပရပ္ပစ္စယော-တဲ့ တပါးသောပုဂ္ဂိုလ်ရဲ့ အကူအညီ မလိုတော့ဘူးတဲ့.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

ဒါဖြင့် သူတလုံးပိုင်လို့ ရှိယင် သောတာပန် တည်တယ်ကွ-တဲ့....(မှန်ပါ့) ဘယ်လောက်အဘိုးတန်သလဲ.... (တန်ပါတယ် ဘုရား) သန္ဒိဋ္ဌိကောတလုံးပိုင်ယင် သောတာပန် တည်တယ်လို့ ခေါ်ထိုက်ပါတယ်.... (မှန်ပါ့) ကြည့်လေ- သန္ဒိဋ္ဌိကောဆိုတာ ဒိဋ္ဌမမြောဘဲ့....(မှန်ပါ့) ဒိဋ္ဌမမြောလာယင် ပတ္တာမမြောဖြစ်ရတော့မယ်.... (ဖြစ်ရပါမယ်) 'ဝိဒိတမမြောကော.... (ဖြစ်ရပါမယ်) ဆုံးဖြတ်ချက်ချနော်....(မှန်ပါ့)ပရိယောဂါဋ္ဌ မမြောတဲ့၊သူတပါး ဉာဏ်ဝင်စရာလိုသေးရဲ့လား....(မလိုပါဘုရား)။

'တိဏ္ဏ ဝိစိကိစ္ဆော'တဲ့-ဝိစိကိစ္ဆာတွေကော မကင်းဘူးလား.... (ကင်းပါတယ်ဘုရား)။

'ဝိဂတကထံကထော'- တဲ့ သူမျှားပြောတဲ့ စကားတွေဟာ သံသယတွေ မဝင်တော့ဘူး....(မှန်ပါ့)။

'ဝေသာရဇ္ဇပတ္တော' တဲ့၊ သန္ဒိဋ္ဌိကောတလုံး ပိုင်ပြီဗျ၊ ကျုပ် ခင်ဗျားတို့ပြောတာ တလုံးမှ မယုံတော့ဘူးဆိုပြီး ရဲရင့်တယ်.... (မှန်လှပါ) ဘယ်လောက် အဘိုးတန်သတုံး.... (တန်ပါတယ်)။

အံမာလေး ခင်ဗျားတို့ကတော့ ဒါကလေးအချောက်တိုက်ဘဲ ပါးစပ်ကရွတ်သွားတယ်၊ ဘာမှ အဘိုးမတန်ဘူး ထင်တယ်.... (မှန်ပါ့)။

'သန္နိဋ္ဌကော - သန္နိဋ္ဌကော'လို့ ဦးသန်းမောင် ကြိုးတို့များ အာပေါက်လို့ ရွတ်လိုက်ရတာ.... (မှန်ပါ့) ဘာကျေးဇူးများ သတုံး - ဆိုတော့ မပြောတတ်ပါဘူးဘုရား ရွတ်သာနေရတယ်.... (မှန်ပါ့)။

ကြည့်လေ သန္နိဋ္ဌကော တလုံးထည်းနဲ့ သောတာပန် တည်နိုင်တယ်....(မှန်ပါ့)သန္နိဋ္ဌကော တလုံးပိုင်ယင်....(သောတာပန်တည်နိုင်ပါဘယ်)။

အဲဒီတော့ သောတာပန် တည်ချင်ယင် သန္နိဋ္ဌကော လုပ်.... (မှန်ပါ့) ဘုန်းကြီးက ဆုံးဖြတ်ချက်ချပေးလိုက်တယ်.... (မှန်ပါ) သောတာပန်တည်ချင်ယင်....(သန္နိဋ္ဌကောလုပ်)။

သန္နိဋ္ဌကော အလုပ်သာလုပ်၊ ဒီ့ပြင် အလုပ်,လုပ်ဘို့ မလို.... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ)။

ကဲ....ဒါဖြင့် မောင်ထွန်းရင်ရေ မင်းမသေလို့ ကြားနေရတာ (မှန်ပါ့) ဒီတလုံးတည်းကို ဘုရားသခင် ကိုယ်တော်မြတ်ကြီးက လေးသခြေနဲ့ ကမ္ဘာတသိန်း စုဆည်းပူးလို့ရတဲ့ ဥာဏ်တော်နဲ့ ဒီတလုံးဟာဟေ သောတာပန် တည်နိုင်တဲ့ တလုံးလို့ ဟောတယ်.... (မှန်ပါ့) ဒီတလုံးပြောတာလဲ နာရီဝက်ကျော်ပါပြီ.... (မှန်ပါ့) ဘာမှ မပြောဘူး၊ ဒီ သန္နိဋ္ဌကောဘဲ ပြောတာ..... (မှန်ပါ့)။

သို့သော်လဲ ပုဂ္ဂိုလ်သတ္တဝါတွေမှာ ဒုက္ခကို သုခထင်တဲ့ပုဂ္ဂိုလ်က အပြုံးသမား၊ သုခကို ဒုက္ခထင်တဲ့ပုဂ္ဂိုလ်က အမဲ့သမား.... (မှန်ပါ့) သံသရာထဲမှာ အပြုံးနဲ့ အမဲ့သာ လှည့်နေတယ်.... (မှန်ပါ့) မင်္ဂလာ ပဋိပဒါ ပါကို မပါဘူး.... (မပါ့ပါဘူးရှား)။

မင်္ဂလာ ပဋိပဒါဆိုတာ မပြုံးမမဲ့မှ.... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ) ပြုံးတာက ကာမသုခလို့ကာနေယောဂ၊ မဲ့တာက အတ္တကိလမထာနုယောဂ.... (မှန်ပါ့) မပြုံးမမဲ့တဲ့ဆီ ရောက်ပါမှ အလယ်လမ်း မင်္ဂလာပဋိပဒါ.... (မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီ) ခင်ဗျားတို့ကတော့ မဟုတ်ဘူး၊ ဓမ္မစကြာ ဟောထားတာဘဲ၊ ဒါကလေးတော့ မှတ်မိတယ်.... (မှန်ပါ့)မဟုတ်ပါဘူးတဲ့၊ ဒါလဲ အလယ်လမ်းဟောနေတာ.... (မှန်ပါ့)သန္ဒိဋ္ဌိကောဆိုတာ ဘာတုံး....(အလယ်လမ်းပါဘုရား)။

မင်းတို့အပြုံးနဲ့လဲ ဇာတ်သိမ်းချင်တယ်ကွ၊ မသိနဲ့လဲ ဇာတ်သိမ်းချင်တယ်၊ ကိုယ်တိုင်သာ မြင်အောင်လုပ်ဆိုတော့ သူက ရှုနေတဲ့အခါ ပြုံးလမ်း၊ မဲ့လမ်း လာသေးသလား.... (မလာပါ) ဒါဖြင့် သူအလယ်လမ်း.... (မှန်ပါ့)ပေါ်ပလား.... (ပေါ်ပါပြီ)။

ဒါဖြင့် အလယ်လမ်းကို အမျိုးမျိုး ဟောလိမ့်မယ်လို့ မှတ်ထား.... (မှန်ပါ့)ရှင်းပလား.... (ရှင်းပါပြီ) ပြုံးတဲ့လူက ကာမသုခလို့ကာနေယောဂ— ကာမဂုဏ်ခံစားရလို့ပြုံးတာ.... (မှန်ပါ့ဘုရား) ဟိုပုဂ္ဂိုလ်ကတော့ ကာမဂုဏ်မခံစားရလို့ ကိုယ့်ကိုယ် ဆင်းရဲအောင် ဒေါမနဿ ဖြစ်နေတာ.... (မှန်ပါ့) ဟိုက အတ္တကိလမထ ကိုယ့်ကိုယ်ညှဉ်းဆဲတယ်.... (မှန်ပါ့)။

အဲဒါကိုယ် ကိုယ်ကို ညှဉ်းဆဲတဲ့လမ်းကို ခင်ဗျားတို့မကြိုက်ဘူး.... (မှန်ပါ မကြိုက်ပါဘုရား) ပြုံးနေတဲ့ ကာမသုခလွဲကကာမဂုဏ်ခံစားတဲ့ လမ်းကော.... (မကြိုက်ပါဘုရား) ဘယ်လမ်းသွားရမလဲ.... (အလယ်လမ်း မဇ္ဈိမ ပဋိပဒါလမ်းပါဘုရား)။

မဇ္ဈိမ ပဋိပဒါဆိုယင် မပြုံးမမဲ့ဘဲနဲ့ သစ္စာမြင်တဲ့ သန္ဒိဋ္ဌိကော လမ်းကို လိုက်ပါ.... (မှန်ပါဘုရား) မဲ့စရာကော ရှိသေးရဲ့လား.... (မရှိပါဘူး) ပြုံးစရာကော.... (မရှိပါဘူး) မဲ့ပြုံးဟာ အရှုးနှစ်ယောက်ဘဲ....(မှန်ပါဘုရား)။

အင်း—ဘာတဲ့တုံး.... (မဲ့ပြုံးဟာ အရှုးနှစ်ယောက်ပါဘုရား) အရှုးနှစ်ယောက်ဘဲ.... (မှန်ပါ) ဘုရားသခင်ကိုယ်တော်မြတ်ကြီးညာဏ်တော်နဲ့ ကြည့်လိုက်တဲ့အခါ ဒီနှစ်ယောက်ဘဲ ရှိတယ်.... (မှန်ပါ) ဒီနှစ်ယောက်ဘဲရှိတယ် ဦးသန်းမောင် အမဲ့သမားရယ် အပြုံးသမားရယ်၊ အလယ်လမ်းသမားကို မပါဘူး.... (မပါပါဘူး)။

ကိုင်း ဒါဖြင့် ဒီနေ့အလယ်လမ်းကို သန္ဒိဋ္ဌိကောဆိုတာ တခါတည်း ဟောလိုက်ပါတယ် အလယ်လမ်း တရားလို့ မှတ်လိုက်ပါ....(မှန်ပါဘုရား)။

ဒါဖြင့် သန္ဒိဋ္ဌိကော လမ်းကိုဘဲ ကိုယ်တိုင်မြင်တဲ့ လမ်းကိုဘဲ ဘုန်းကြီးတို့ တကာ တကာမတွေက အမှန်အတိုင်း လိုက်ကြမယ် ဆိုလို့ရှိယင်ဖြင့် အလယ်လမ်းက သွားယင် နိဗ္ဗာန်ဘဲ ရှိတယ်.... (မှန်ပါ) သဘောကျပလား.... (ကျပါတယ်)။

ကာမသုခလွဲကာနဲ့ယောဂ လမ်းက သွားလို့ရှိယင် သုဂတိရောက်မယ်.... (မှန်ပါ) အတ္တကိလမထာနုယောဂလမ်းက သွား

လို့ရှိယင် အပါယ်ရောက်မယ် ဘယ်တော့မှ နိဗ္ဗာန်မရောက်ဘူး..... (မှန်ပါဘုရား)။

ဒါဖြင့် သန့်ဦးကောဆိုတဲ့ ဘုရားဟောတော်မူတဲ့ ပါဠိတော်သည် ဘယ်လမ်းကိုပြသလဲ.... (အလယ်လမ်းကိုပြပါတယ်)။

အံမာလေး ဒါမသိဘူးနော် ဖြစ်နေလိုက်တာ ဦးသံဒိုင်ကြီးတို့ ထူလိုက်ထာ၊ မထူဘူးလား.... (ထူပါတယ်ဘုရား)။

ဒါအလယ်လမ်းပြနေတယ်.... (မှန်ပါ) ဒီအလယ်လမ်းရယ် လို့ကော သိရဲ့လား.... (မသိပါဘူး) မသိဘူး ကာမသုခလွှ်ကလမ်း တခါတလေလိုက်-လိုက်၊ တခါတလေ ကိုယ့်ကိုယ်ညှဉ်းဆဲတဲ့အတ္တကိလမထလမ်း လိုက်လိုက်....(မှန်လှပါ) အလယ်လမ်းကချော်ထွက်နေတာဘဲ.... (မှန်ပါ)အလယ်လမ်းကိုဘဲ ဦးသံဒိုင်ကြီးတို့ ရောက်ကိုမရောက်ဘူးဗျာ....(မှန်လှပါ) ခန္ဓာကိုယ်ကိုယ်တိုင် မြင်အောင် ကြည့်ဆိုတဲ့ အလယ်လမ်းကို.... (မရောက်ပါဘူး) မရောက်ဘူး ကိုယ်တိုင်မြင်အောင် ကြည့်လိုက်လို့ရှိယင် ဒုက္ခသိပြီ....(မှန်ပါ)ဒုက္ခသိယင် မဂ်မဖြစ်သေးဘူးလား....(ဖြစ်ပါတယ်) မဂ္ဂင်ဟာ ဘယ်လမ်းတုံး.... (အလယ်လမ်းပါဘုရား)။

ဒါကြောင့်မို့ သန့်ဦးကောဟာ အလယ်လမ်းလို့ ပြောနေတာ (မှန်ပါဘုရား) ပေါ်ကြပလား .... (ပေါ်ပါပြီ) တော်တော် အရေးကြီးပါကလားဆိုတာ ယုံနေ့တရားမှာ တကာသစ်တို့ ကောင်းကောင်းပေါ်ပလား.... (ပေါ်ပါပြီဘုရား) ဒီနေ့ ဘာဟောသတုံးမေးယင် ဘယ်နှယ်ပြောမလဲ.... (သန့်ဦးကော ဟောပါတယ်) သန့်ဦးကောဟာ ဘယ်လမ်းတုံး.... (အလယ်လမ်းပါဘုရား) အလယ်လမ်းဗျ မဂ္ဂင်လမ်းကိုး .... (မှန်ပါ) သူကပြုံး

လို့လဲ ရှုလို့မရဘူး.... (မှန်ပါ့) မဲ့ယင်လဲ မမြင်ဘူး.... (မှန်ပါ့) မဲ့ယင်လဲ ဒုက္ခသစ္စာမမြင်ဘူး၊ ပြုံးနေတဲ့ပုဂ္ဂိုလ်ကလဲ.... (မမြင်ပါဘူး ဘုရား)။

မမြင်ဘူးတဲ့၊ သာမံပဿီတပ္ပေါ ဆိုတဲ့ အတိုင်း ဦးညွှန့်တို့ ဦးသန်းမောင်တို့က သြော်—မဲ့ပြုံးကြားက သွားရမှာပါကလား (မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီ)။

ဘယ်ကသွားကြမယ်....(မဲ့ပြုံးကြားက သွားရပါမယ်) ဒီလို ဆိုတော့ ရှင်းမသွားဘူးလား.... (ရှင်းပါတယ်) ရှင်းသွားပြီတဲ့ ဒါကြောင့် သန္ဒိဋ္ဌိကော တလုံးဟာ ဦးသံဒိုင် အလွန်နာရခဲတဲ့ တရား သေပျော်တဲ့တရား....(မှန်ပါသေပျော်ပါတယ်) ဘယ်စာ အုပ်မှလဲ မပါဘူး....(မှန်ပါ့)။

ဟိုပါတာက အတ္တကိလမထာနုယောဂ—ကာမသုခလ္လိကာနု ယောဂဆိုတော့ ဒီထဲမှာသွင်းတော့လဲ ဒီအထဲပြန်ရောက်တယ်.... (မှန်ပါ့)သွင်းတော့.... (ဒီအထဲပြန်ရောက်တာပါဘဲ)။

ဒီအထဲ ပြန်ရောက်တာဘဲဆိုတော့ ဒါ့ကြောင့် ဘုရားသခင် ကိုယ်တော် မြတ်ကြီးက ကွာ—တဲ့ ငါ့တရားတော်က ကျဉ်းတဲ့ ပုဂ္ဂိုလ်ကျတော့ ကျဉ်းမှာဘဲ ကျယ်တဲ့ပုဂ္ဂိုလ်ကျတော့ ကျယ်မှာဘဲ အဲဒါကတော့ဖြင့် ဆုံးမသွန်သင်တဲ့ပုဂ္ဂိုလ်အပေါ်မှာ တည် တယ်.... (မှန်ပါ့) ခဲ့ချင်သလောက်ခဲ့ချ ငါ့တရား မလဲ့ဘူးတဲ့ .... (မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီ)။

ဒါ့ကြောင့် က်—ယခုခဲ့ချပြီး ပြောလိုက်တော့ သြော်-သန္ဒိဋ္ဌိကောဟာ ဘယ်လမ်းပါလိမ့်.... (အလယ်လမ်းပါဘုရား) ဟုတ်သားဘဲ ပြုံးလမ်းလဲမဟုတ်ဘူး၊ မဲ့လမ်းကော.... (မဟုတ်ပါဘူး)

မဟုတ်ဘူးတဲ့ ကိုယ့်ခန္ဓာအရှိကို သန္ဒိဋ္ဌိကောတည်း ဟူသော အသိနဲ့,ဉာဏ်နဲ့ ကိုက်သွားတော့ကို ပြုံးတာလဲ မှားတယ် မဲ့တာလဲ မှားတယ်တဲ့ ဘာပြုလို့တုံးဆိုတော့ မဂ္ဂင်ပေါ်လာလို့.... (မှန်ပါ့ဘုရား)။

ခန္ဓာကိုယ်ကဖြစ်ပျက်၊ သန္ဒိဋ္ဌိကောက မင်္ဂ....(မှန်ပါ့မင်္ဂပါ) ဆိုတော့ သူဘယ်လမ်းရောက်သွားသတုံး....(အလယ်လမ်းရောက်သွားပါတယ်)။

အလယ်လမ်း ရောက်သွားတယ် သြော်-ဒို့မှာဆေးတွေလျှက်နဲ့ မကုတတ်လို့ဖြစ်ရတာ ဒါကြောင့် မနေ့ညက ခင်ဗျားတို့ကို အပြစ်တင်လိုက်တယ် ဦးသံဒိဉ်ကြီးတို့ ဦးသန်းမောင်တို့အတော် ဆိုးတဲ့လူတွေ သောက်ဆေးကို လိမ်းဆေးလုပ်နေတယ်.... (မှန်ပါ့ဘုရား) မပြောထိုက်ဘူးလား.... (ပြောထိုက်ပါတယ်)။

ခင်ဗျားတို့ကလဲ ဘုရားရှိခိုးကိုး.... (မှန်ပါ့) ရှိမခိုးကြဘူးလား.... (ခိုးပါတယ်ဘုရား) ဘုရားက ဒီလို ဟောတာလား.... (မဟုတ်ပါဘူးဘုရား)။

'သာမံပဿီတပ္ဖော' သာမံကိုယ်တိုင် ပဿီတပ္ဖော ခန္ဓာမြင်အောင်ကြည့်တဲ့....(မှန်ပါ့) ဒီလိုဆိုတော့ ဘုရားက သောက်ဆေးဟောတာ.... (မှန်ပါ့) ခင်ဗျားတို့က (လိမ်းဆေးလုပ်နေပါတယ်)။

ဒါဖြင့် အနာမပျောက်ဘူး စိတ်သာချ.... (မှန်ပါ့ဘုရား) သံသရာ့အနာ မပျောက်ဘူး သံသရာမှာ အိုဘေး-နာဘေး-သေဘေး အနာတွေဟာ.... (မပျောက်ပါဘူး) ဘာဖြစ်လို့တုံး ဆေးအသုံးလဲနေလို့.... (မှန်ပါ့ဘုရား) ဘယ်နှယ်ဆိုကြမတုံး.... (ဆေး

အသုံးလဲ့နေပါတယ်ဘုရား) ဆေးအသုံးလဲ့နေလို့-လို့ သေသေ ချာချာမှတ်ပါ (မှန်ပါ့)။

ဦးညွှန့်ကြီး ကဲ့—တရားထူးနာရပလား.... (မှန်ပါ့နာရပါပြီ) နာရပြီ သူ့ထက်ထူး မရှိတော့ဘူး စိတ်သာချတော့.... (မှန်ပါ့ဘုရား) က-ဒါဖြင့် သန္ဒိဋ္ဌိကော ဆိုတဲ့ဥစ္စာ အလယ်လမ်းဘဲ့ ဒါဖြင့် အလယ်လမ်းကို ဒို့ဖိပြီး လိုက်ရမယ်လို့ ဆုံးဖြတ်ချက်ချပါ....(မှန်ပါ့)။

အလယ်လမ်းဖြင့်....(ဖိပြီးလိုက်ရမယ်)ဖိလိုက်ရမယ်။ အလယ်လမ်းမှ နိဗ္ဗာန်ရောက်မှာကိုးဗျ....(မှန်ပါ့) ဒီဖြောင့်လမ်းတွေက ခုနက ပြောခဲ့တယ်။ မဲ့လမ်းကလဲ့ အပါယ်သွားတယ်.... (မှန်ပါ့) ပြုံးလမ်းကလဲ့ သုဂတိဒုက္ခသစ္စာရုတယ်....(မှန်လှပါ) ဘယ်ဟာကောင်းသတုံး....(ဘယ်ဟာမှမကောင်းပါဘူး)။

အဲ့....ဘယ်ဟာမှမကောင်းတော့ ဦးသန်းမောင်က အလယ်လမ်းဘဲ့ လိုက်ပေတော့.... (မှန်ပါ့) ဦးညွှန့်ကော.... (အလယ်လမ်းဘဲ့ လိုက်ရမှာပါ) နောက်က သီလရှင်တွေ....(အလယ်လမ်းလိုက်ရမှာပါဘုရား) အလယ်လမ်း၊ သူများလယ်လို့- လယ်မရဘူး။ ကိုယ်တိုင်မြင်ယင် အလယ်လမ်းရောက်တယ်....(မှန်ပါ့) ကိုယ်တိုင်မမြင်သေးယင်....(မရောက်ပါဘုရား)။

ကိုယ့်ခန္ဓာထဲမှာ ဒုက္ခသစ္စာတွေရှိနေတယ်၊ ဘုရားကအဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ နောက်ဆုံးကျတော့ ဒုက္ခက္ခန္ဓာ- အကုန်ဒုက္ခသစ္စာဟောတယ်....(မှန်ပါ့)။

အဲ့ဒါ ကျုပ်တို့က ခန္ဓာထဲ ဝေဒနာပေါ်လဲ့ ဒုက္ခသစ္စာလို့မရှုဘူး၊ တဏှာပေါ်လဲ့.... (သမုဒယသစ္စာလို့မရှုပါဘုရား) ဥပါဒါန်ပေါ်လဲ့....(ဒုက္ခသစ္စာလို့မရှုပါဘုရား)။

နို့—ဘုရားကလဲ ဒုက္ခကွန်ဆက်-တဲ့၊ အခု ဟောလာတာတွေ့ အဝိဇ္ဇာကအစ သောက ပရိဒေဝ အဆုံးဟာ ဒုက္ခသစ္စာချည်းဘဲ၊ ဒီလိုမဟောဘူးလား....(ဟောပါတယ်)။

ဟောတော့ ကျုပ်တို့က သန္ဒိဋ္ဌိကောနဲ့ မကြည့်မိတော့ကို သူတို့၏ ပဋိစ္စသမုပ္ပါဒ်၏ ဖြစ်ပျက်ကို သွားမမြင်ဘူး၊ မြင်သေးရဲ့လား....(မမြင်ပါဘုရား) မမြင်တော့ သန္ဒိဋ္ဌိကောလို့ဆိုလို့ ရရဲ့လား....(မရပါဘုရား)။

သန္ဒိဋ္ဌိကောဆိုလို့ မရတော့ ခင်ဗျားတို့သည် အလယ်လမ်းကို ဘယ်တော့မှ မရောက်ဘူး.... (မှန်ပါဘုရား) ဦးသန်းမောင်....(မှန်ပါ မရောက်ပါဘုရား)။

နို့—သန္ဒိဋ္ဌိကောကို အမှန်ရောက်အောင်မှ မသုံးဘဲကိုး....(မှန်ပါ) သန္ဒိဋ္ဌိကောဆိုတဲ့ဥစ္စာ ခင်ဗျားတို့က ရှုတ်ဘို့ ဘတ်ဘို့ အန္ဓရယ်ကင်းဘို့ ဒီဘက်မှာ လိမ်းဆေးအဖြစ်နဲ့ သွားသုံးတယ်....(မှန်ပါ) ရိပ်မိပလား....(ရိပ်မိပါပြီ) ဘယ်လိုသုံးရမှာတုံး....(သောက်ဆေးသုံးရမှာပါ) သောက်ဆေးဗျ....ရိပ်မိပလား....(မှန်ပါ ရိပ်မိပါပြီ)။

သောက်ဆေးလုပ်ရမှာ၊ နောက်ကတကာ့တကာမတွေ့ သန္ဒိဋ္ဌိကော ဘာဆေးလုပ်ရမလဲ....(သောက်ဆေးလုပ်ရပါမယ်) သောက်ဆေးလုပ် ဆိုလို့ရှိယင်ဖြင့် အခု ဆရာသမားကလဲ သင်လို့ သောက်ဆေးလုပ်မှ ပျောက်မယ်ဆိုတာသိပြီ၊ သောက်ဆေးလုပ်မှလဲ အလယ်လမ်းကိုးဗျ....(မှန်ပါဘုရား)။

ကဲ—ဒါဖြင့် ဒီသန္ဒိဋ္ဌိကောသည် အလယ်လမ်းတော့ ရောက်ပါပြီဘုရား၊ အလယ်လမ်း၏ ကိုယ်တိုင်မြင်အောင်ဆိုတော့ မြင်စရာကလေး ပြပါတော့ဆိုတဲ့ စကားတလုံးဟာ တောင်းလာတယ်.... (တောင်းပါတယ်ဘုရား) တောင်းဘို့အချိန်လဲ ရောက်လာပြီ....(ရောက်ပါပြီ) မဟုတ်ဘူးလား.... (မှန်ပါ့)

ဟေ့.... ရှင်းရှင်းကလေးဘဲ ဘုရားက ဟောပါတယ်ကွာ.... မင်း ခန္ဓာကြီးက ဒုက္ခသစ္စာကြီးကွ၊ အဲဒီ ဒုက္ခသစ္စာကြီးက သူ့ဟာ, ခံဟာ ဒုက္ခသစ္စာတွေပြလိမ့်မယ်- အဲဒီဒုက္ခသစ္စာတွေပြတာဟာ ဘယ်သူ့ကိုပြတာတုံးလို့ မေးလို့ရှိယင်ဖြင့်-တဲ့၊သန္ဒိဋ္ဌိကောသမားကိုသူပြတာ....(မှန်လှပါ) တပါးပုဂ္ဂိုလ်တော့ မပြဘူး....(မှန်ပါ့မပြပါဘုရား)။

သန္ဒိဋ္ဌိကောသမားတော့....(ပြပါတယ်ဘုရား) အဲဒီတော့ သူပြတဲ့-ဟေ်-လာခဲ့ပါ၊ ပဿ-ကျွပ်ဟာ ဒုက္ခသစ္စာပါဘဲလို့ ရှုပါ၊ သူက မခေါ်ဘူးလား.... (ခေါ်ပါတယ်ဘုရား) ခန္ဓာကြီးကလေ....(မှန်ပါ့)ခန္ဓာက ဝေဒနာကခေါ်၊ သညာကခေါ်၊ အလုံးစုံဖြစ်ပျက်တွေ့ဟူသ၍ကဖြင့် မခေါ်ဘူးလား.... (ခေါ်ပါတယ်ဘုရား)။

အဲဒီတော့ သူခေါ်ရာကို ကိုင်း သူကတော့ဖြင့် ခေါ်ပြီး ကိုယ်က တနေ့ကပြောသလို တဏှာနဲ့မသွားနဲ့၊ ဒေါသနဲ့မသွားနဲ့၊ အသွားကိုဘဲ သင်ရဦးမှာ ခင်ဗျားတို့.... (မှန်လှပါဘုရား) မသင်ရပေဘူးလား.... (သင်ရပါတယ်)။

အသွားကလဲ သင်ရဦးမှာ.... (မှန်ပါ့)ခင်ဗျားတို့က ယားတယ်ဆိုတော့ ဝေဒနာကခေါ်တယ်.... (မှန်ပါ့)ဖျောက်ချင်တဲ့

တဏှာနဲ့သွားတယ်၊ လဲပြန်ပြီ.... (မှန်ပါ့) ကာမသုခလွဲက လမ်းရောက်ပြန်ပြီ.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ) ယား တာကိုသွားဖျောက်လိုက်တဲ့အခါကျတော့ ဖျောက်ချင်တဲ့တဏှာ ကခိုင်းတာ.... (မှန်ပါ့) ဒီလိုဆိုတော့ ဘယ်လမ်းရောက်သွားသ လဲ....(ကာမသုခလွဲက လမ်းပါဘုရား)။

ယားဘဲ-ယားလွန်းလှတယ်ဆိုပြီးသကာလ တခါတည်း ပုတ် ခြေပစ်လိုက်တဲ့အခါကျတော့ ကိုယ်ခန္ဓာ ဆင်းရဲအောင် လုပ်ပစ် လိုက်တယ်....(မှန်ပါ့) အဲဒါ အတ္တကိလမထလမ်း ရောက်သွား တယ်.... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီ) အလိုက် မတတ်ပြန်လဲ ဆိုးပြန်တယ်....(မှန်ပါဘုရား)။

အတော် သင်ရပါကလား မောင်သစ်ရ-ကဲ.... (သင်ရပါ တယ်ဘုရား) အတော့်ကို သင်ရတယ် သေသေချာချာ စစ်ပြီး တော့မှ တကယ်သင်ရတယ်....(မှန်ပါ့ဘုရား)။

ကဲ-ဦးသန်းမောင်ကြီးပြောတော့ အသက်ဘဲခြောက်ဆယ်နှီး နေပြီ (နှီးပါပြီ) နှီးပြီ၊ ဦးညွှန့်လဲ နှီးပြီဘဲဆိုကြပါစို့.... (မှန်ပါ့ ဘုရား)။

အဲဒါတောင်မှ တဏှာနဲ့ ဒေါသနဲ့သာ လိုက်တတ်တယ်၊ သန့်ဦးကောဆိုတဲ့ ဥာဏ်နဲ့တော့ မလိုက်တတ်ဘူး.... (မလိုက်တတ် ပါဘုရား)။

မလိုက်တတ်တော့ ဘာဖြစ်နေသတုံး၊ တဏှာနဲ့လိုက်တော့ တဏှာ ဥပါဒါန်ကံသွားပြီ.... (မှန်ပါ့) ဒေါသနဲ့လိုက်တော့ ဒေါသ သောက ပရိဒေဝ အဝိဇ္ဇာ သခ်ါရ ဘက်သွားပြီ.... (မှန်လှပါ)။

အဲဒီတော့ ခင်ဗျားတို့ဟာ ကာမသုခလို့ကနဲ့ လိုက်တဲ့အခါ လိုက် လိုက်၊ ဖေါပသိကောက ခေါ်ရာကိုလေ....(မှန်လှုပါ)ခေါ်ပင်ခေါ်ခြွေးသော်လဲ ကာမသုခလို့ကနဲ့ လိုက် လိုက်....(မှန်ပါ့)။

တခါတလေ အတ္တကိလမထနဲ့လိုက် လိုက်.... (မှန်ပါ့) လိုက်လိုက်တယ်ဆိုတော့ အလိုက်ကလဲ ဦးသန်းမောင် လဲပြန်ပြီ....(လဲပါတယ် ဘုရား) မလဲဘူးလား....(လဲပါတယ်ဘုရား)။

လဲသွားပြီ-တဲ့၊ ဒါဖြင့် ဘုန်းကြီးတို့ တကာ, တကာမတော့မှာ သန္ဒိဋ္ဌကော ခေါ်ပြန်တော့လဲ အလိုက်မတတ်တာနဲ့ ချော်လဲဦးမှာဘဲ....(မှန်ပါ့ဘုရား) မဟုတ်ဘူးလား....(မှန်ပါ့)။

သန္ဒိဋ္ဌကောက လိုက်ရမှာကို အလိုက်မတတ်တာနဲ့ဘဲ ခင်ဗျားတို့ ဖေါပသိကော ခေါ်တဲ့ဥစ္စာကို ချော်လဲမှုန့်ဘဲ သွားကြုံရတယ်....(မှန်ပါ့) အလိုက်မတတ်လို့.... (မှန်ပါ့ဘုရား) ရှင်းပလား (ရှင်းပါပြီ)။

ဒါဖြင့် သန္ဒိဋ္ဌကောက ကိုယ်တိုင်မြင်အောင် လိုက်ပါလို့ ဟောထားတဲ့ဥစ္စာ ဖေါပသိကောကလဲ ကျုပ်ဆီကို လာပါရှုပါလို့ ဟောနေတဲ့ဥစ္စာကို ခင်ဗျားတို့ အလိုက်မတတ်လို့လဲ ခုနက အလယ်လမ်းမရောက်ပါဘူး....(မှန်ပါ့မရောက်ပါဘူး)။

ဘေးလမ်း ဟိုဘက်ရှေ့ ဆိုလို့ရှိယင် ကာမသုခလို့ကလမ်းနဲ့ လိုက် လိုက်-တမျိုး....(မှန်ပါ့) အတ္တကိလမထလမ်းနဲ့ လိုက် လိုက် တမျိုးဆိုတော့ အလိုက်ကလဲ လဲကုန်ပြီ....(မှန်ပါ့ဘုရား)။

ကဲ-ဒါဖြင့် ဆရာဘုန်းကြီး တည့်ပေးရမယ် အလိုက်မှန်အောင် (မှန်ပါ့) ဦးသန်းမောင် အလိုက်မှန်အောင် တည့်ပေးရမယ်....(မှန်လှုပါဘုရား)။

အဲဒီတော့ ဒီလိုဟေ့.... ဒေါသနဲ့လဲ မလိုက်နဲ့၊ လောဘနဲ့လဲ မလိုက်နဲ့၊ ဧဟိပဿိကော ခေါ်ရာကို.... (မှန်ပါဘုရား) မင်္ဂနဲ့ လိုက်ဟေ့.... (မှန်ပါဘုရား) ပေါ်ပလား.... (ပေါ်ပါပြီ) ဘာနဲ့ လိုက်ကြရမယ်.... (မင်္ဂနဲ့လိုက်ရပါမယ်) မင်္ဂနဲ့ လိုက်ရမယ် နို့မို့ ချော်လဲမှာ စိုးရသေးတယ်....(မှန်ပါ့)။

ဒါဖြင့် ဒီလို-လိုက်လိုက်တော့မှ ခုနကစကားကိုထောက်ခံတဲ့ အဓိပ္ပါယ်ကော ပေါ်မသွားသေးဘူးလား.... (ပေါ်သွားပါတယ်ဘုရား) ဟေ့....သန္ဒိဋ္ဌိကောက အလယ်လမ်းလို့ပြောထားတယ်....(ပြောထားပါတယ်) အလယ်လမ်းမှာလဲ ခင်ဗျားတို့က မလိုက်တတ်ပြန်တော့ ခုနက လမ်းလဲနှစ်ခုကို လမ်းကြမ်းနှစ်ခုဘဲ သွားလိုက်ပြန်တယ်....(မှန်ပါ့)။

ဒါဖြင့် ဒီလိုလုပ်ပါလား....၊ နာတာကလေး တနေရာမှာ ပေါ်တယ်၊ လက်နဲ့မလိုက်နဲ့ ဟုတ်လား.... (မှန်ပါဘုရား)အင်း.... လက်နဲ့လဲ မလိုက်နဲ့၊ ကြမ်းနဲ့လဲ မပွတ်နဲ့၊ ဉာဏ်နဲ့ကြည့်ပါ.... (မှန်ပါ့)။

ဘယ်လိုလုပ်ကြမယ်.... (ဉာဏ်နဲ့ ကြည့်ရပါမယ်ဘုရား) ဉာဏ်နဲ့ ကြည့်ရမယ်ဆိုတာ ပေါ်ပလား.... (ပေါ်ပါပြီ) ဉာဏ်နဲ့ ကြည့်လိုက်တဲ့ အခါကျလို့ ရှိယင်ဖြင့် သူ့သဘောကို သူပြော လိမ့်မပေါ့.... (မှန်ပါ့) မမြဲပါကလား၊ ဖြစ်ပြီး ပျက်စာတ်တဲ့ ဓမ္မပါလို့ သူကပြောမယ်....(မှန်လှပါ)။

သူကဒုပြောတော့ သန္ဒိဋ္ဌိကောက သူ သေသေချာချာ လိုက်

ကြည့်တော့ ပုဂ္ဂိုလ်သတ္တဝါ မတွေ့ဘူး၊ သဘာဝစရာ နှစ်သက်စရာ မတွေ့ဘူး၊ ဒေါသစိတ်လဲ မတွေ့ဘူး၊ အဲဒါ အလယ်လမ်းလို့ မှတ်ကြပေတော့....(မှန်ပါ့ဘုရား)။

ကဲ....ဒီနေ့ည ဒီတွင်ဘဲ တော်ကြဦးစို့။

သာဓု....သာဓု....သာဓု

အမရပူရမြို့ မဂ်လာတိုက်ဟောင်းတွင်

ကျေးဇူးတော်ရှင် — အဂ္ဂမဟာ ပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရား

အမရပူရမြို့ ဓမ္မာရုံကြီး၌ ဟောကြားတော်မူသော

အဖုံးနှစ်ချပ်ဖွင့်မှ နိဗ္ဗာန်မြင်မည့်

တရားတော်

(၁၆ - ၁၁ - ၆၁)

တကာ တကာမတို့ ရောက်စေသော အကြောင်းကတော့ ဖြင့် ခင်ဗျားတို့ နေ့တိုင်း ကြိုးစားနေတဲ့—ဖြစ်ပျက်ကို ရှုနေတဲ့ ဝိပဿနာမဂ်ဟာ 'နိဗ္ဗာန် ဂစ္ဆတိတိ မဂ္ဂေါ' လို့ ဆိုသောကြောင့် သူက နိဗ္ဗာန်ရောက်အောင် ပို့လိမ့်မယ်.... (မှန်လှပါ) ပို့တတ် တာဘဲရှိတယ်၊ သူ လုပ်ထားတာလား မေးတော့.... (မဟုတ်ပါ ဘုရား) မဟုတ်ဘူး။

လောကီ ဥပမာ-ပြောကြတယ် ဆိုလို့ရှိယင်ဖြင့် ရှင်ဘုရင်က နန်းတော်ကြီးလဲ ဆောက်ထားတာဘဲ၊ သို့သော်လဲ ရောက်လိုတဲ့ ပုဂ္ဂိုလ်ဟာ ပို့ပေးမဲ့ ပုဂ္ဂိုလ်ရှိမှ ရောက်မှာဘဲ ဆိုသလိုဘဲ နိဗ္ဗာန် ကတော့ဖြင့် ခင်ဗျားတို့ ဘုရားမပွင့်လဲ ရှိတာပါဘဲ၊ ဘုရားပွင့်လဲ ရှိတာပါဘဲ....(မှန်ပါ့)။

ဘာပြုလို့တုံး....သူလုပ်ထားတာမှ မဟုတ်ဘဲ၊ အချိန်မရွေးရှိ တယ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

ဒါဖြင့် နိဗ္ဗာန်သည် အချိန်မရွေး ရှိတယ်ဆိုတော့ 'အတ္ထိ ဘိက္ခဝေ နိဗ္ဗာနံ' ဘိက္ခဝေ=ရဟန်းတို့၊ နိဗ္ဗာနံ=နိဗ္ဗာန်သည်၊ အတ္ထိ=ရှိ၏ဟု.... ဘုရားကိုယ်တော်တိုင် ဟောခဲ့တယ်(မှန်ပါ့)။

ရှိတယ်၊ ဘာတုံး မေးတော့ အဇာတံ—ပဋိသန္ဓေ မနေတဲ့ နိဗ္ဗာန်၊ အဘူတံ - ဘယ်သူမှ မပြုလုပ်ဘဲနဲ့ ဖြစ်နေတဲ့ နိဗ္ဗာန် ရှိတယ်၊ အသင်္ခတံတဲ့ -- ဘယ်သူမှ မပြုပြင်ဘဲနဲ့ သဘာဝဓမ္မ ရှိနေတဲ့ နိဗ္ဗာန်ရှိတယ်။

ကောင်းပြီ .... ဒါဖြင့် ဒီနိဗ္ဗာန် ရှိကြောင်းကို ဥဒါန်း ပါဠိတော်မှာ မြတ်စွာဘုရား ကိုယ်တော်တိုင် ဟောတော်မူတာ၊ ဥဒါန်းပါဠိတော်ကို နည်းနည်းကလေး ရှင်းပြီးပြချင်ပါတယ် တကာ တကာမတွေကို၊ ဘယ်သူမှမမေးဘဲနဲ့ ဘုရားဟာ ဘုရား ဟောတဲ့ တရားကို ဥဒါန်း ပါဠိတော်လို ခေါ်တယ်.... (မှန်လှပါ)။

အမေးပဋိဂ္ဂါလ်မရှိဘူး၊ ဘုရားစိတ်ထဲမှာ သူမျှားဆံသယ ရှိမှာစိုးလို့ ကောက်ဟောလိုက်တာ.... (မှန်ပါ့ဘုရား) ဒါဖြင့် နိဗ္ဗာန်ဟာ ရှိသလား....မရှိဘူးလား....(ရှိပါတယ်ဘုရား)။

'အတ္ထိ ဘိက္ခဝေ နိဗ္ဗာနံ အဇာတံ အဘူတံ အသင်္ခတံ' ဆိုတဲ့ ပါဠိတော်၊ ဥဒါန်း ပါဠိတော်၊ ဥဒါန်းဆိုတာ ဘုရားဟာ ဘုရား ထ-ရွတ်နေတာ၊ တကာ တကာမတွေ သံသယရှိနေမှာ စိုးလို့....(မှန်လှပါ)။

ကောင်းပြီ....ဒါဖြင့် နိဗ္ဗာန်ဟာ ရှိတဲ့ဘက်ထားနော်....ရှိတာသေချာပြီ....(မှန်ပါ့) ရှိတဲ့တရားတော့မှန်ပြီ၊ အတ္ထိ ဘိက္ခဝေလို့ ဘုရားက ဟောသောကြောင့်....(မှန်ပါ့)။

ဘယ်သူ ပြုလုပ်ထားတာတုံးလို့ ဦးသံဒိုင်မေးတော့ ဘယ့်နှယ်ဖြေမလဲ....(ဘယ်သူမှ မပြုလုပ်ပါဘုရား)။

အေး....ဘယ်သူမှမပြုဘူး၊ အပ္ပစ္စယာ ဓမ္မာ-အသခ််တာဓမ္မာဘဲ....(မှန်ပါ) ရှင်းပြီနော်....(မှန်ပါ့) ဒါ နည်းနည်းကလေးလဲခိုင်လုံတဲ့ ပါဠိကိုပြတယ်....(မှန်ပါ့)။

ခိုင်လုံတဲ့ ပါဠိကိုပြတယ် ဦးသန်းမောင်ရေ....ဒါ ဓမ္မသင်္ကိ ပါဠိတော်၊ ဓမ္မသင်္ကိဆိုတာ အဘိဓမ္မာ(၇)ကျမ်းထဲက အစဘဲ (မှန်ပါ့) အစ,ဆုံးပါဠိတော်။

ဒါဖြင့် နိဗ္ဗာန်ဟာ ရှိသလား— မရှိဘူးလား မေးယင်....(ရှိပါတယ်ဘုရား) ဘယ်သူက ရှိတယ်လို့ ပြောသတုံးဆို-- ဘုရားက ရှိတယ်လို့ ပြောတယ်၊ ဘယ်နေရာမှာ ဟောသတုံး.... ဥဒါန်းပါဠိတော်မှာ ဟောခဲ့တယ်....(မှန်လှပါ)။

ဒါဖြင့် နိဗ္ဗာန် သွားချင်လို့ရှိယင်ဖြင့် ဘယ်ကနေ ထွက်ရမှာတုံး....

သြော်....သခ််တက-နေ ထွက်ရလိမ့်မယ်၊ ပြုပြင်တဲ့ နေရာကနေ ထွက်မှ မပြုပြင်တဲ့ အသခ််တနေရာ ရောက်မယ်.... (မှန်ပါ့ ဘုရား)ဒီလိုဆိုတော့ ရှိတာ သေချာသွားပါပြီ....(မှန်ပါ့)။

ပြုပြင်တဲ့ နေရာထဲက ခင်ဗျားတို့ ခန္ဓာကိုယ်ကြီးထဲက အစားနဲ့ ပြုပြင်ရ၊ အဝတ်နဲ့ပြုပြင်ရ၊ ဆေးနဲ့ပြုပြင်ရ၊ ဝါးနဲ့ပြုပြင်ရ၊ ဖြုပြင်တဲ့နယ်ထဲက ထွက်ချင်တဲ့ ပုဂ္ဂိုလ်ဖြင့် ရောက်မယ်.... (မှန်ပါ့) ပြုပြင်တဲ့နယ်ထဲက မထွက်ချင်တဲ့ ပုဂ္ဂိုလ်.... (မရောက်ပါဘုရား) မရောက်ဘူး။

ဒါဖြင့် ဘုရားသခင် ဟောတော်မူတာနဲ့ကိုက်ပြီ၊ သခ်ာတာမမှာ အသခ်ာတာမမှာ၊ သခ်ာတာ=ပြုပြင်တဲ့တရား၊ ခန္ဓာငါးပါးကို ဆိုလိုက်တယ်၊ အသခ်ာတာဆိုတာ ခန္ဓာငါးပါးမှ လွတ်တာ၊ ပြုပြင်ခြင်း မရှိဘဲနဲ့ ဖြစ်နေတဲ့ နိဗ္ဗာန်လို့ ဆိုလိုက်တယ်....(မှန်ပါ့)။

ဒါဖြင့် နိဗ္ဗာန်သည် သဘာဝဓမ္မအားဖြင့် အမြဲရှိနေတယ်လို့ ဦးသန်းမောင်တို့ မှတ်လိုက်.... (မှန်ပါ့ဘုရား) ဘယ့်နှယ်ကြောင့် နိဗ္ဗာန်အမြဲရှိလျက်သားနဲ့ ဘုရားပွင့်မှ ရောက်တာ များကြသလဲလို့ မေးလို့ ရှိယင်ဖြင့် ရောက်ကြောင်းကို ဘုရားကဟောတတ်တယ် (မှန်လှပါ) ဖြစ်အောင်တော့ မလုပ်တတ်ဘူး (မှန်ပါ့)။

နိဗ္ဗာန်ဖြစ်အောင်တော့ ဘုရားလဲ မလုပ်တတ်ဘူး ရောက်ကြောင်းကိုတော့ ဘုရားဟောတတ်တယ်.... (မှန်ပါ) သဘောပါပလား....(ပါ-ပါပြီ)။

ဒါဖြင့် နိဗ္ဗာန်သည် အဲဒါထောက်သဖြင့် သြော်....နိဗ္ဗာန်ဆိုတဲ့ တရားသည်ကား ဆိုလို့ရှိယင်ဖြင့် ပြုပြင်တဲ့ အကြောင်းတရားမရှိဘူး၊ သဘာဝဓမ္မအားဖြင့် ရှိနေတယ်လို့ ဆုံးဖြတ်ချက်ချ....(မှန်ပါ့)။

သဘာဝဓမ္မ အမြဲတမ်းရှိနေလို့ ရှိယင်ဖြင့် တယောက်နဲ့ မတိုးမိ--တယောက်နဲ့ တိုးမိရမယ်ဆိုတဲ့ ဆင်ခြေမျိုးလဲလာနိုင်တယ်....(မှန်ပါ့) မလာနိုင်ဘူးလား.... (လာနိုင်ပါတယ်ဘုရား) လာနိုင်တယ်၊ မတိုးမိနိုင်ဘူးက့-တဲ့ ဘုရားက..... (မှန်ပါ့) မတိုးမိနိုင်ဘူး။

ဘာ့ကြောင့်တုံး ဆိုလို့ရှိယင်ဖြင့်....တဲ့ ရန်ကုန် ရထားစီးမိမှ ရန်ကုန်ရောက်မှာဘဲ၊ မြင်းခြံရထားစီးမိယင် မြင်းခြံရောက်မှာဘဲ၊ မဟုတ်ဘူးလား....(မှန်ပါ့)။

အင်းဝရထား စီးမိလို့ရှိယင် တံတားဦး ရောက်မှာဘဲ....(မှန်ပါ့)။

အဲဒီတော့ ရထားစီးက လိုသေးတယ်၊ရထားစီးက လိုသေးတော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီး ပေါ်လာတဲ့ အခါကျတော့ မဂ္ဂင် ရထားစီးကြ သူက ဒါဟာဖေါ်ရတယ်....(မှန်ပါ့)။

မဂ္ဂင်ရထားစီးကြလို့ သူက ဟောဖေါ်ရတယ်၊ မဂ္ဂင်ရထားစီးကြလို့ ဟောဖေါ်ရသောကြောင့် ကျုပ်တို့က မဂ္ဂင်အလုပ်လုပ်တဲ့ ပုဂ္ဂိုလ်မှလဲ ရောက်မယ်၊ လူတိုင်း မရောက်ဘူး....(မှန်ပါ့)။

ဘာ့ကြောင့် မရောက်သတုံး ဆိုတော့ ရထားလွဲနေလို့....(မှန်ပါ့ဘုရား) ရှင်းပလဲး....(ရှင်းပါပြီ) ရထား လွဲနေတယ်၊ ရထားက မဂ္ဂပစ္စယောဘဲ ဒုဂ္ဂတိမှ သုဂတိသွားတဲ့ ရထားလဲ ရှိတယ်ကွ သဘောကျပလား....(ကျပါပြီ)။

ဒုဂ္ဂတိက သုဂတိသွားတဲ့ ရထားလဲ ရှိတယ်၊ သုဂတိက ဒုဂ္ဂတိသွားတဲ့ ရထားလဲရှိတယ်၊ သုဂတိမှ နိဗ္ဗာန်သွားတဲ့ ရထားလဲရှိတယ်၊ ၃-မျိုးရှိတယ်....(မှန်ပါ့ဘုရား) ဒုဂ္ဂတိအပါယ်ဆလေးဘုံက သုဂတိဘက်ပို့တဲ့ ရထားလဲရှိတယ်.... (မှန်ပါ့) ဗြဟ္မာသန်းမောင် မှတ်ထားနော်.... (မှန်ပါ့) အပါယ်လေးဘုံက

လူ့ဘုံ-နတ်ဘုံပို့တဲ့ ရထားကော.... (ရှိပါတယ်ဘုရား) အဲဒီမဂ္ဂင်လဲ ရှိသေးတယ်....(မှန်ပါ့)။

သုဂတိကနေပြီး ဒုဂ္ဂတိ အပါယ်လေးပါး ရောက်အောင်ပို့တဲ့ မဂ္ဂင်ကော.... (ရှိပါတယ်ဘုရား)ဒီရထားကလဲ ရှိတာဘဲ.... (မှန်ပါ့)။

သုဂတိမှ နိဗ္ဗာန်သွား ရထားကလဲ.... (ရှိပါတယ်ဘုရား)။

အဲ....ဘုရားမပွင့်တော့ ဟိုရထားနှစ်စင်းကိုသာ ခင်ဗျားတို့လှည့်ပြီးစီးနေတယ်.... (မှန်ပါ့) ဒီမဂ္ဂင်ရထားကို မစီးမိဘူး.... (မှန်ပါ့)မစီးမိတော့ မရောက်ကြဘူး....(မှန်ပါ့)။

အခုတော့ ဘုရား သာသနာကြီး ရှိတဲ့အခါကျတော့.... ဘုန်းကြီးတို့ကော ဘုရားတပည့်သားဖြစ်တဲ့အတွက် ဦးသံဒိုင်ကြီး မဂ္ဂင်ရထားစီးနော်၊ ရထားမလဲစေနဲ့.... (မှန်ပါ့ဘုရား) သတိမပေးရဘူးလား....(ပေးရပါမယ်)။

သတိပေးရမယ် ဒါက ဘုရားပွင့်တုံး ပေးနိုင်တာ၊ ဘုရားမပွင့်ဘဲနဲ့ ရထားစီးမှန်တာ ပစ္စေကဗုဒ္ဓါ တွေဘဲ ရှိတယ် .... (မှန်ပါ့) ကျန်တဲ့ပုဂ္ဂိုလ်တွေ မရှိဘူး၊ ဘုရားမပွင့်ဘဲနဲ့ ရထားစီးမှန်တာကတော့....(ပစ္စေကဗုဒ္ဓါဘဲရှိပါတယ်)။

ပစ္စေက ဗုဒ္ဓါဆိုတာလဲ ခင်ဗျားတို့ မှတ်ထား လိုက်ပါ။ ဘုရားငယ်ဘဲ....(မှန်ပါ့) ဘုရားငယ်မို့ ရောက်တာ....(မှန်ပါ့) ဒီပြင်လူဖြင့် ရထားစီးလဲတာချည်းဘဲဆိုတာ သေသေချာချာ မှတ်ပါ....(မှန်ပါ့)။

သားရေး၊ သမီးရေး၊ စီးပွားရေးကို လုပ်နေတဲ့ ပုဂ္ဂိုလ်ဟာ လိမ်လိုက် ကောက်လိုက် ကျစ်လိုက် မလဲသာလို့ ပြောလိုက် ဆိုလိုက်တဲ့ ပုဂ္ဂိုလ်ဟာ သုဂတိမှာ အဆောင်းအဝယ် လုပ်ပြီး ဒုဂ္ဂတိရထားစီးနေတာ....(မှန်ပါ့ဘုရား)၊သုဂတိမှာ....(အဆောင်း အဝယ်လုပ်ပြီး ဒုဂ္ဂတိရထား စီးနေပါတယ်)။

အဲ....အဆောင်းအဝယ် လုပ်နေတဲ့ ပုဂ္ဂိုလ်များ မုသားမပါ လက်ဝမချောတွေနဲ့- ပရိယာယ် မပါလို့ရှိယင် ပြောလို့ မကောင်းတာတွေနဲ့ ဒါတွေဟာ သုဂတိသမားက ဒုဂ္ဂတိရထား စီးနေတာ....(မှန်ပါ့)။

ရထားစီးက လဲသွားပြီ၊မလဲဘူးလား.... (လဲပါတယ်ဘုရား) နိဗ္ဗာန်ရောက်ပါ့မလား....(မရောက်ပါဘုရား) မရောက်ဘူး။

အပါယ်လေးပါးရောက်စဲ့ ပုဂ္ဂိုလ်တွေကလဲ ဘယ်တော့ များး သုဂတိရောက်ပါ့မလဲဆိုပြီး တောင်းတ ကြောင့်ကြပြီး သကာလနေလို့ သူတို့မှာဖြင့် သုဂတိရောက်ဘို့မှတပါး ဒီပြင် စိတ် ဘယ်စိတ်မှ မပေါ်ဘူး ဆင်းရဲလွန်းလို့....(မှန်ပါ့)။

အဲဒီပုဂ္ဂိုလ်တွေကျတော့ ကံဟောင်းတွေ ကုန်တဲ့အခါကျ တော့ ကံသစ်က=ကံသစ်မဂ္ဂင်တွေက ဆွဲဆောင် ပို့လိုက်ပြန် တော့လဲ ဖါးနတ်သားရယ်လို့ ဖြစ်သွားတယ် .... (မှန်ပါ့) ဖါးနတ်သားရယ်လို့ မရှိဘူးလား.... (ရှိပါတယ်) ခွေးနတ်သား (ရှိပါတယ်ဘုရား) ဒုဂ္ဂတိက သုဂတိဆောင်လိုက်တယ်။

ရဟန္တာတွေလိုက်ပို့ ရဟန္တာတွေအတွက် ကာကွယ်ရေးလုပ် ပေးတဲ့ စေတနာနဲ့တကွ ဒီတရားတွေကနေပြီးသကာလ သုဂတိ ပို့လိုက်တာ အဲဒီရထားသာ စီးနေတာဘဲ....(မှန်ပါ့)။

ဒုဂ္ဂတိက သုဂတိသွားတဲ့ရထား၊ သုဂတိက ဒုဂ္ဂတိသွားတဲ့ ရထား၊ ဒါဘဲအစီးများတယ်.... (မှန်ပါဘုရား) နိဗ္ဗာန်သွားတဲ့ ရထားကျတော့ စီးမည့်လူကိုမရှိဘူး.... (မှန်လှပါ)။

ဘာဖြစ်လို့ စီးမည့်သူမရှိသတုံးလို့ မေးတဲ့ အခါကျတော့ နိဗ္ဗာန်ရှိမှန်းမသိလို့.... (မှန်ပါဘုရား) ရှင်းပလား (ရှင်းပါပြီ)၊ ဘာဖြစ်လို့ စီးမည့်သူမရှိသလဲ.... (နိဗ္ဗာန်ရှိမှန်း မသိလို့ပါ ဘုရား)။

နိဗ္ဗာန်ကို ပန်းချီကလဲမဖြဘူး.... (မှန်ပါ) နတ်ပြည်တွေ ကျတော့ ပန်းချီတွေကပြတယ်.... (မှန်ပါ) ပန်းချီတွေ ပန်းချီ ဆွဲပြီးတော့ သြော်....နတ်ပြည်ဆိုတာ ဒီလိုဝတ်ရတယ်၊ ဒီလို စားရတယ်ဆိုပြီးသကာလ ဆုတောင်းကြတယ်....(မှန်ပါ)။

ဘာဖြစ်လို့ နိဗ္ဗာန်ပုံကို ပန်းချီက သရုပ်ပေါ်အောင် မရေး နိုင်ပါလိမ့်မတုံး၊ ပန်းပုက မထုနိုင်ပါလိမ့်မတုံးဆိုတော့ ခုနက ပြောခဲ့တဲ့ လုံးရပ်သဏ္ဌာန်-ပုံဟန် နိဗ္ဗာန်မှာ မရှိဘူးက္....တဲ့၊ လုံးရပ်လဲမရှိဘူး၊ သဏ္ဌာန်လဲမရှိဘူး၊ ပုံဟန်လဲ နိဗ္ဗာန်မှာ.... (မရှိပါဘုရား) မရှိတော့ ပန်းချီဟာ ဘာသွားရေးမလဲ.... (မှန်ပါ)။

အဲဒီတော့ နိဗ္ဗာန်ဟာ ဘယ်သူမှ မရေးနိုင်၊ ဘယ်သူမှမမြင် ဘူးဆိုတော့ အတုကလေးတောင် ပြမည့်သူ မရှိဘူး.... (မှန်ပါ ဘုရား)နိဗ္ဗာန်ဆိုတာ ဒီလိုဘဲဟော့ဆိုပြီး အတုကလေးတောင်.... (ပြမည့်သူမရှိပါဘုရား)။

ပြမည့်သူ မရှိဘူး....တဲ့၊ ပြမည့် သူ မ ရှိတော့ သြော်.... ဒါထောက် ကြည့်လိုက်လို့ရှိယင်ဖြင့် မဂ္ဂင် ရထားစီးတဲ့ ပုဂ္ဂိုလ် ဖြင့် သူရောက်လိမ့်မယ် .... (မှန်ပါ့) သူ ရောက်ပြန် တော့လဲ တခါရောက်က တခေါက်မပြန်ဆိုတဲ့ အတိုင်း ဘယ်တော့မှ မပြန်ဘူး....(မပြန်ပါဘုရား)။

ဘယ်သူ့ကို လာပြီးသကာလ ပန်းချီသင်မတုံးလို့ မေးလို့ ရှိယင် မောင်ထွန်းရင်က ဘယ့်နှယ် ဖြေမလဲ.... (ဘယ်သူ့မှ မသင်ပါဘုရား)။

ပြန်မှ မလာဘဲ.... (မှန်ပါ့) ပြန်မှမလာတော့ ဟိုနတ်ပြည်က ပြန်လာတဲ့ လူကလဲ နတ်ရုပ်ကလေး သူရေးတတ် တာကိုး .... (မှန်ပါ့)။

ကဲ....ဒါဖြင့်လုံးဂျပ်သဏ္ဌာန်ပုံဟန်နိမိတ်ကင်းဆိတ်ပြီးသကာလ နေသောကြောင့် သဘောမှတ်မိလိုက်တော့ ပျက်စရာလဲ မရှိဘူး လို့မှတ်.... (မှန်ပါ့) ရှိသေးရဲ့လား.... (မရှိပါဘုရား) ပျက်စရာ မရှိဘူးဆိုတာ သေသေချာချာမှတ်ပါ....(မှန်ပါ့။)

သြော်....ပျက်စရာ မရှိလို့ရှိယင်ဖြင့် ဒီနေရာဟာ အကောင်း ဆုံး နေရာဘဲလို့ ခင်ဗျားတို့ အခု ဆုံးဖြတ် ချက် ချပါ .... (မှန်ပါ့)။

ပျက်စရာမရှိတဲ့ နေရာဟာ .... (အကောင်းဆုံး နေရာပါ ဘုရား)၊ အခုတော့ တိုက်တည် နှစ်ပေါင်း တရာခန့် ဆိုယင် ငလျင်နဲ့ တွေ့ပြန်-သွားပြန်ရော....(မှန်ပါ့)။

ဒါဖြင့် လောကကြီးထဲမှာ သင်္ခံတနယ်ထဲမှတဲ့ ပစ္စည်းတွေ ကလဲ နတ်များဘုံပါပျောက်တယ် .... (မှန်ပါ့) ငြဟ္မာတွေ

အထည်ပါ ပျောက်တယ်ဆိုတော့ သခ်ၤတ နယ်ထဲက နေတဲ့ ပုဂ္ဂိုလ်ဟာဘဲ စိတ်ချလက်ချနေခွင့် ဘယ်အခါကာလမှမရှိဘူး.... (မှန်ပါ့ဘုရား)။

ဒါ့ကြောင့် ခင်ဗျားတို့ သခ်ၤတနယ်ထဲက ထွက်မှ အသခ်ၤတ ရောက်မယ်....(မှန်ပါ့ဘုရား) သဘောပါလား.... (ပါ--ပါပြီ) နိဗ္ဗာန်ရောက်ချင် ဘယ်ကထွက်ရမလဲ .... (သခ်ၤ တ နယ် ထဲက ထွက်ရပါမယ်)။

ဩော်.... သခ်ၤတ နယ်ထဲက ထွက်မှ အသခ်ၤတ နိဗ္ဗာန်ရောက်မယ်.... (မှန်ပါ့ဘုရား) သခ်ၤတနယ်ထဲက မထွက်ချင်တဲ့ ပုဂ္ဂိုလ်ဟူသ၍ နိဗ္ဗာန်ရောက်ရိုးထုံးစံမရှိ.... (မှန်ပါ့ဘုရား) သဘောပါပလား.... (ပါ-ပါ့ပြီ)၊ သခ်ၤတနယ်က မထွက်တဲ့ ပုဂ္ဂိုလ်ဟာ (နိဗ္ဗာန်ရောက်ရိုး ထုံးစံမရှိပါဘုရား)။

ဒါ့ကြောင့် ခင်ဗျားတို့ကို ဖြစ်လိုက်- ပျက်လိုက်၊ ဖြစ်လိုက် ပျက်လိုက်ကလေး ရှုစမ်းပါ၊ အဲဒါသခ်ၤတ တရားတွေ (မှန်ပါ့) ဖြစ်ပျက်ကို ရှုစမ်းပါလို့ ဦးသန်းမောင်ကြီး တို့ကို ဘုန်းကြီး အများကြီး တိုက်တွန်းတယ်.... (မှန်ပါ့ဘုရား) ဦးညွန့်တို့လဲ တိုက်တွန်းတယ်.... (မှန်ပါ့) သခ်ၤတ တရားတွေကို မြင်စေချင်တယ်၊ သခ်ၤတ တရားတွေကို မှုန်းစေချင်တယ်၊ သခ်ၤတ တရားမှ ထွက်စေချင်တယ် .... (မှန်လှပါ) ဒီဥာဏ် ပေါ် အောင် လို့ ဝိပဿနာ လုပ်ရမယ် (မှန်ပါ့)။

သခ်ၤတ နယ်က ထွက်ချင်တဲ့ ဥာဏ်တွေ ထက် ထက်လာ အောင်လို့ ခင်ဗျားတို့ကို နေ့တိုင်းရှုပါ- နေ့ တိုင်း မှတ်ပါ၊ ဒီခန္ဓာကိုယ်ကြီးဟာ ပြုပြင်ရတဲ့ သခ်ၤတ တရားပါ၊ သခ်ၤတာဓမ္မာ

ပါ၊ သန်တနယ်က မထွက်လို့ ရှိယင် အသန်တကို ဘယ်နည်းနှင့်မှ မရောက်နိုင်လို့ပါ-- ဆိုတာ ဦးသံဒိုင် ဟောသင့်တယ်၊ မဟောသင့်ဘူးလား.... (ဟောသင့်ပါတယ်ဘုရား)။

ဒါဖြင့်ဝိပဿနာ လုပ်တာသည် ဘာကိုရှုရတာတုံး ဆိုတာကို ယနေ့ပေါ်ပါပြီ.... (ပေါ်ပါပြီဘုရား) ဘာကို ရှုရတာတုံး.... (ဖြစ်ပျက်ပါဘုရား) ဖြစ်ပျက်ဆိုတာ သန်တတရား၊ သန်တကို ရှုရမယ်.... (မှန်ပါ့) သန်တရှုလို့ နိဗ္ဗာန် ရောက်တာ လားလို့ မေးတဲ့အခါ အို.... သန်တ ရှုလို့တော့ ဘယ်ဟုတ်မလဲ၊ သန်တကို မုန်းဦးမှ....(မှန်ပါ့ဘုရား) သန်တဆုံးအောင်လိုက်နိုင်မှ အသန်တ ရောက်မယ်....(မှန်ပါ့)။

ဒါဖြင့် နိဗ္ဗာန် ရောက်ချင်ယင် သန်တ ဆုံးအောင် လိုက်.... (မှန်ပါ့ဘုရား) ဒါကြောင့် ဘုန်းကြီးက မေးလေ့ ရှိတယ်၊ ဦးသန်းမောင်ကြီး ဖြစ်ပျက် ဆုံးပလား ဟေ့ .... လို့ သန်တ ဆုံးပလားမေးတာ.... (မှန်ပါ့ဘုရား)ဦးညွှန့် ဖြစ်ပျက်ဆုံးပလား လို့မေးတာကော....(သန်တ ဆုံးပလားလို့မေးတာပါ)။

သန်တဆုံးယင်ဖြင့် တွေ့ပြီ .... (မှန်ပါ့) သန်တ အဆုံးမှာ အသန်တက ကပ်နေတယ်....(မှန်ပါ့ဘုရား)ရှင်းကြပလား ...(ရှင်းပါပြီ) သန်တဖြစ်တဲ့- ဖြစ်ပျက်အဆုံးမှာ.... (အသန်တ ကပ်နေပါတယ်) အသန်တကပ်နေတော့ ဒါနဲ့ ဘုရားက သံယုတ်ပါဋ္ဌိတော်မှာ ဘယ်လိုဟောလိုက်တုံးဆိုတော့ နိဗ္ဗာနသော၀ သန္တိကေ နိဗ္ဗာနသော၀=နိဗ္ဗာန်၏သာလျှင် သန္တိကေ= ခရီးမဝေး အနီးကလေး၌ ရှိတယ်ကွ.... တဲ့.... (မှန်ပါ့) ခင်ဗျားတို့သန်တအဆုံးမှာ ရှိတယ်-တဲ့၊ ဦးသန်းမောင် ဘယ်မှာရှိသလဲ....(သန်တအဆုံးမှာ ရှိပါတယ်)။

ဒါဖြင့် တကိုယ်လုံးက သခံတတွေ .... (မှန်ပါ့) ဒါပျောက် သွားယင်တွေ့တယ်.... (မှန်လှပါဘုရား)ဩော် .... ဒါဖြင့် နိဗ္ဗာန် ဝေးသလား နီးသလား ဆိုတော့ တလန်မျှလောက်သောခန္ဓာထဲ ရှာဆိုပြီး ရောဟိတဿကို ဟောတယ်.... (မှန်ပါ့) မဟောဘူး လား.... (ဟောပါတယ်ဘုရား) ဒီအဆိုးမှာ ရှိတယ်ကွ- တဲ့.... (မှန်ပါ့)ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့်ခင်ဗျားတို့က နိဗ္ဗာန်ဆိုတာကွာ အဝေးကြီး ဆိုတဲ့ လူဟာ အတော်ကို ရှော်တဲ့လူ.... (မှန်ပါ့) သခ်ၤတနယ်အဆိုးမှာ ရှိပါတယ်ဆိုကတည်းက ကိုယ့်အလန်နဲ့ ကိုယ်လန်ယင် တလန်ဘဲ ရှိတယ် လူတယောက်မှာ....(မှန်ပါ့)။

အဲဒါကလေး အမြီးပြန် ခေါင်းပြန် ဖြစ်ပျက်တွေ့ရှာက်ပြီး ရှုတော့ ဒီသခ်ၤတတွေမြင်၊ ဒီသခ်ၤတတွေမှန်း၊ ဒီသခ်ၤတတွေဒုက္ခ သစ္စာလို့ အမှန်သိလို့ ဖြတ်ဆို ဒီသခ်ၤတွေ့ ချုပ်သွားယင် ဒီနေရာမှာထပ်ပြီးပေါ်တယ်....(မှန်လှပါဘုရား) အသခ်ၤတနိဗ္ဗာန် ဒီနေရာ ပေါ်လာတယ်....(မှန်ပါ့)။

ဦးသန်းမောင်တို့ ယယ်ယတုံးက ဘိုင်စကုတ်ကြည့်ဘူးတယ် နော်.... (မှန်ပါ့) ဇာတ်သိမ်းတော့ ဘာပေါ်သတုံး မေးတော့ ကားဖြူပေါ်တယ် .... (မှန်ပါ့) ပီတ်ဖြူကြီး ပေါ်လာတယ်.... (ပေါ်လာပါတယ်)။

ဇာတ်မသိမ်းခင်တုံးကတော့ ပီတ်ဖြူပျောက်နေတယ်၊ အရှုပ် တွေဘဲ သွားလာလှည့်ပတ်နေတယ် .... (မှန်ပါ့) ဇာတ်သိမ်း လိုက်တော့ ဘာပေါ်လာသလဲ (ကားအဖြူလာပေါ်ပါတယ်)။

ဒါဖြင့် ကားအဖြူသည်ကား ဆိုလို၍ယင်ဖြင့် ဇာတ်သိမ်းမှ ပေါ်မယ်....(မှန်ပါ့) ဒီမှာလဲ သခ်ၤာဖြစ်တဲ့ ခန္ဓာတွေဇာတ်သိမ်းမှာဘဲ နိဗ္ဗာန်ပေါ်လာတယ်.... (မှန်ပါ့) နောက်နားမှာကပ်နေတဲ့ အဓိပ္ပါယ်ဘဲ (မှန်လှပါ)။

ဒါကြောင့်ပင်လျှင် သဗ္ဗညူ မြတ်စွာဘုရားရှင်သည် သဂါထာသံယုတ် ပါဠိတော်မှာ 'ယဿ စေတာဒိသံယာနံ ဣတ္ထိယာ ပုရိသဿဝါ သဝေ စေတေနယာနေန နိဗ္ဗာနဿေဝ သန္တိကေ' လို့ ဟောတော် မူပါတယ်၊ မဂ္ဂင်နဲ့သွားယင် ခဏကလေး.... (မှန်လှပါ) ဒါကြောင့် ခင်ဗျားတို့ကြိုးစားပါဆိုတာ ဒီနေ့ညတိုက်တွန်းတယ်....(မှန်လှပါ)။

ဒီခန္ဓာပျောက်လို့ရှိယင် နိဗ္ဗာန်ဒီနားရောက်မယ်.... (မှန်ပါ့) ဝေးသလား နီးသလား.... (နီးပါတယ်ဘုရား) နီးလျက်နဲ့ ဘာဖြစ်လို့ ဝေးနေသတုံးဆိုတော့ သခ်ၤာ မကျော်နိုင်လို့.... (မှန်ပါ့ဘုရား) ပေါ်ကြပလား.... (ပေါ်ပါပြီ) သခ်ၤာကို.... (မကျော်နိုင်လို့ပါဘုရား) မကျော်နိုင်တာဆိုတာ ဒုတိယစကား၊ သခ်ၤာတွေဘို့ရာလူကိုက အတော်ရှားတယ်....(မှန်ပါ့ဘုရား) ကျော်ဘို့အသာထားစမ်းပါ၊ ဒီဖြစ်ပျက်တွေဘို့ရာ လူကိုက အတော်ရှားတယ်....(မှန်ပါ့ဘုရား)။

ဖြစ်ပျက်ဆိုတာသခ်ၤာတရား၊အဲဒီသခ်ၤာတရားတွေတဲ့လူကိုက ရှားတော့ သခ်ၤာကျော်ဘို့ရာ အရေးဟာ သခ်ၤာတွေမှ ကျော်လို့ ဖြစ်မှာကိုး (မှန်ပါ့ဘုရား)။

ဟာ....တုံးကျော်သွားလို့ပြောပေမဲ့ သူမှ တုံးမတွေ့တဲ့ ပုဂ္ဂိုလ် ကျော်တယ်ဆိုတဲ့ အားစိုက်မှု အလုပ်ကြီးလုပ်ပါ့မလား....(မလုပ်ပါဘုရား) ဘာဖြစ်လို့တုံး-တုံးမတွေ့လို့ (မှန်လှပါ)။

အဲဒီတော့ ဘုန်းကြီးပြောလိုတဲ့ အဓိပ္ပါယ်က ဘုရားဟော လိုတဲ့ အဓိပ္ပါယ်အတိုင်း ခင်ဗျားတို့ အနိစ္စကိုမတွေ့သောကြောင့် နိစ္စ နိဗ္ဗာန်မရောက်တာဘဲ.... (မှန်လှပါဘုရား) ပေါ်ပလား (ပေါ်ပါပြီ)အနိစ္စကို မတွေ့တာနဲ့ (နိစ္စ နိဗ္ဗာန် မရောက်တာ ပါဘုရား)။ ရှင်းပြီနော် (ရှင်းပါပြီ)။ မရှိလို့လား (ရှိပါတယ် ဘုရား)ရှိတယ်။ ဒါကြောင့် တကာ တကာမတွေ့ မှတ်စရာက မြတ်စွာဘုရားက ကောင်းစွာ ဟောထားတဲ့ တရားကို နိဗ္ဗာန် တလုံးတည်း ယနေ့ညပြောနေတော့ ဘယ်နှယ်ကြောင့် ပြောရပါလိမ့် မတုံးဆို့လို့ရှိယင် ဝေးတယ်ဆိုယင်လဲ ခင်ဗျားတို့က နောက်ဆုတ်မယ်။ နီးတယ်ဆိုယင်လဲ ခင်ဗျားတို့ကမရှာ (မှန်ပါ့) နီးပြန်တော့လဲမရှာဘူး၊ဝေးပြန်တော့လဲနောက်ဆုတ်မယ်ခင်ဗျား တို့မှာ ဒီစိတ်နှစ်ခုဟာ သိပ်ကြောက်စရာကောင်းတယ်(မှန်ပါ့)။

တချို့ကပြောကြတာကလဲ နိဗ္ဗာန်ဆိုတာ အဝေးကြီးပါကွာ။ နွှတ်ကတက်နေတယ်(မှန်ပါ့) နိဗ္ဗာန်ဆိုတာ ဘာတဲ့တုံး.... (အဝေးကြီးပါတဲ့)။ အဝေးကြီးဆိုတော့ ခင်ဗျားတို့ကလဲ နိဗ္ဗာန်မသိတဲ့ ပုဂ္ဂိုလ်တွေဖြစ်နေတော့ နဂိုကမှ ဘယ်နေရာရှာရ မှန်းမသိတဲ့ ပုဂ္ဂိုလ်ဖြစ်နေ ဝေးတယ်လဲပြောပြန် ရှာလဲရှာတတ်တဲ့ ဥာဏ်ကလဲ မရှိပြန်တော့ ဟယ်.... ဖြေးဖြေးဘဲ ပါရမီ တစတစ လုပ်ရမှာဘဲ၊ ပါရမီဘက်လှည့်လာတယ် (မှန်ပါ့)သဘော ကျပလား....(ကျပါပြီ)။

ပါရမီဘက်လှည့်သွားတယ်....တဲ့၊ ပါရမီလှည့်ဘို့ မလိုပါဘူး၊ မဂ္ဂင်ရထားစီးမိဘို့သာ အရေးကြီးပါတယ်(မှန်ပါ့ဘုရား) ပါရမီ လှည့်ဘို့လိုသလား။ မဂ္ဂင်ကိုယ်ပိုင်ရဘို့ အရေးကြီးသလား.... (မဂ္ဂင်ကိုယ်ပိုင်ရဘို့ အရေးကြီးပါတယ် ဘုရား)။

ဒါကြောင့် မဂ္ဂင်အလုပ်ကို တိုက်ရိုက်ပေးလိုက်မယ် ဆိုတော့ ခင်ဗျားတို့ ပါရမီကို မရျာပါနဲ့ (မှန်ပါ့)။

ဒါကြောင့် ပေဋ္ဌကောပဒေသကကွာ....တဲ့ မင်းတို့ နိဗ္ဗာန်မယုံကြပါနဲ့တဲ့ အဝေးကြီးဆိုတာ။ သစ္စာတရားနာပြီး သစ္စာမှန်မှန် နှလုံးသွင်းလိုက်ယင် တွေ့တာပါဘဲ....တဲ့ မဝေးပါဘူး (မှန်ပါ့)။

သစ္စာတရားနာ၍ သစ္စာကို ယောနိသော မနသိကာရနဲ့ သစ္စာအစစ်ဖြစ်အောင် နှလုံးသွင်းလိုက်လို့ရိုယင်ဖြင့် ဒုက္ခသစ္စာ ချုပ်သွားယင် နိဗ္ဗာန်ဘုံကနဲပေါ်လာတယ် (မှန်ပါ့)။

ကဲ....ဝေးသလား နီးသလား (မဝေးပါဘူးရှာ) ပါရမီကော သူဟောသေးသလား (မဟောပါဘူးရှာ) ဟောလို့ မဖြစ်ဘူးဗျ သစ္စာတရားနာမှ ၁-နံပါတ်ကွာတဲ့။ ဒီသစ္စာကို မှန်မှန် ကန်ကန် ယောနိသော မနသိကာရနဲ့ ဒါဒုက္ခသစ္စာအစစ်ဘဲလို့ကိုယ့် ဉာဏ်ထဲ ဆုံးဖြတ်ချက်ချပြီး နှလုံးသွင်းတည့်သွားလို့ ရှိယင်လဲ ဒုက္ခချုပ်တဲ့နေရာ နိဗ္ဗာန်ဘဲ(မှန်ပါ့ဘုရား) ဒီတော့ ပေါ်မလာဘူးလား (ပေါ်ပါတယ်)။

ဒါဖြင့် ဦးသန်းမောင်က ဖြစ်စေ၊ ဦးညွန့်က ဖြစ်စေ၊ ဒုက္ခချုပ်သွားလို့ရှိယင် အရှင်ဘုရားဖြစ်ပျက်ဟာ ဒုက္ခသစ္စာ၊ သူ့ချုပ်သွားလို့ရှိယင်ဖြင့် တပည့်တော်တို့ ဘာသစ္စာတွေ့ရမှာ တုံးလို့ မေးဘို့မလိုပါဘူး၊ ဒုက္ခသစ္စာချုပ်ယင် သုခသစ္စာ လာရုံဘဲ (မှန်ပါ့) သဘောပါလား.... (ပါပါတယ်) ဒုက္ခ သစ္စာ ချုပ်ယင်....(သုခ သစ္စာလာမှာဘဲ)။

သုခသစ္စာလာပါစေတော့လို့တောင်းတရတာလား။ ကိုယ်က

ကိုယ့်ဒုက္ခကိုယ် မလိုချင်တဲ့ စွမ်းရည် သတ္တိဟာ ပဓာနလား....
(စွမ်းရည်သတ္တိဟာ ပဓာနပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ကို နိဗ္ဗာန်ဟောချင်လို့ရှိယင်ဖြင့် ဒုက္ခရှိ
က ကွယ်နေတာကြီး—ဒုက္ခမှန်း မသိတာကြီးကို ဒုက္ခသိအောင်
ဟောလိုက်လို့ရှိယင် နိဗ္ဗာန် ခဏကလေးနဲ့ တွေ့မယ် (မှန်ပါ့
ဘုရား) သဘောပါပလား—(ပါပါပြီ)။

မောင်ချစ်စိန်၊ ကျေနပ်ပလား....(ကျေနပ်ပါပြီ)။ ကောင်း
ပြီဒါဖြင့်ဝေးလို့ မရောက်တာလား-နီးလျက်နဲ့ မရှာတတ်တာ
လား.... (နီးလျက်နဲ့ မရှာတတ်တာပါ ဘုရား)။ အံမာလေး
အသဲနာစရာကောင်းလိုက်တာ။ နီးလျက်နဲ့ မောင်ထွန်းရင် မရှာ
တတ်တာ အသဲနာစရာ ကောင်းလိုက်တာ.... (မှန်ပါ့ဘုရား)
(မှန်ပါ)။

ဝေးလို့ မရောက်လို့ရှိယင်လဲ အပြစ်ဆိုစရာတောင် မပဲ့တ်ပါ
ဘူး။ နီးလျက်နဲ့မရောက်တာကတော့ ကိုယ့်အဖြစ်ဆိုး (မှန်ပါ့)
အဲဒီကျတော့ ညတိုင်း ပြောနေကျ ပြောရတော့မှာဘဲ ဦးသန်း
မောင်ရေ ကလျာဏမိတ္တ သိပ်ဝေးစာယ် (မှန်လှပါဘုရား)။

ကလျာဏ=ကကောင်းတာ။မိတ္တ=က အဆွေခင်ပွန်း ဆရာ။
သူမပါလျှင် မရောက်ဘူး နိဗ္ဗာန်။ တကာသစ်တို့ ပေါ်ပလား....
(ပေါ်ပါပြီ) ပေါ်ပြီတဲ့၊ ဒါဖြင့် နိဗ္ဗာန်ဟာ အနီးရှိ သလား....
အဝေးရှိသလား....(အနီးရှိပါတယ်ဘုရား)။

ဘာ့ကြောင့် မရောက်ကြပါလိမ့် မတုံး....။ မရှာတတ်လို့
မဟုတ်ဘူးလား....(မှန်ပါ) ရထားစီးလဲနေတယ် (မှန်ပါ)။

ရထားတွေက အပါယ်ခုတ်သွားတယ်။ သုဂတိပြန်မောင်းလာ။ ဒီရထားတွေသာ နှင်းပြီး စီးနေတာဘဲ။ နိဗ္ဗာန်တိုက်ရိုက်ဝင်တဲ့ရထားကို....(မစီးပါဘုရား)။

မစီးမိဘူးတဲ့။မစီးမိတော့ လောကုတ္တရာ မဂ္ဂင်ရထားကိုကျုပ်တို့က မစီးမိဘဲနဲ့ လောကီမဂ္ဂင် ရထားသာ သွားသွားစီးတယ် (မှန်ပါဘုရား)။

အဲဒီရထားစီးလဲတာနဲ့ဘဲ သုဂတိက ဒုဂ္ဂတိပို့တဲ့ ရထားကလဲ အပါယ်လေးပါးမှာ မင်းခံရော့က- ဆိုပြီး ပို့လိုက်တယ်။ ဒုဂ္ဂတိက သုဂတိပို့တဲ့ရထားကလဲ မင်းသည် အိုပဲ့-နာပဲ့ သေပဲ့ဆိုပို့ရဦးမယ်လို့ အဲဒီပို့လိုက်ပြန်တယ်။ (မှန်ပါ)။

မအို-မနာ-မသေတဲ့ဆီပို့တဲ့ရထားကို ခင်ဗျားတို့ကလဲစီးကို မစီးမိဘူး (မှန်လှပါဘုရား) သဘောကျပလား.... (ကျပါပြီ)။

ကဲ....ဒါဖြင့် ဦးသန်းမောင် ယနေ့ကစပြီး ဦးညွှန့်တို့စီးကြပါ (မှန်ပါဘုရား)။ စီးကြပါဆိုတော့ ဝိပဿနာ အလုပ်-လုပ်တာဟာ မဂ္ဂင် ရထားစီးနေတာ (မှန်ပါ)။

ဝိပဿနာ အလုပ်-လုပ်တာ.... (မဂ္ဂင် ရထားစီးနေတာပါဘုရား)။စီးနေတာ။ရောက်မှ ရောက်ပါ့မလားဆိုယင် ရထားမှန်တက်မိပေါ့(မှန်ပါ) ဒီအတိုင်းသာမလျှော့ဘဲ ဒီရထား ကိုယ်ပိုင်ရအောင်လုပ်(မှန်လှပါ) သဘောကျပလား.... (ကျပါပြီ)။

ဒီရထားကို.... (ကိုယ်ပိုင်ရအောင်လုပ်) ကိုယ်ပိုင်ရအောင်လုပ်ရမယ်၊ ကိုယ့်အထဲမှာကို မဂ်ရအောင်ပေါ့လေ၊ ဒါကိုယ်ပိုင်ရတာဘဲ....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီ)။

ဒီရထားကလဲ တခါမှတ်ကြပါဦး၊ ကိုယ်ရယင် ကိုယ်ဘဲ စီးရတယ်၊ သားမယားကို မတင်နိုင်ဘူး.... (မှန်ပါ့) ဒီရထားက ရထားဆန်း.... (မှန်ပါ့) ကိုယ့်ရထားနဲ့ ကိုယ်၊ စပယ်ရာ အပို့တင်လို့ မရဘူး၊ ရှင်းပလား....(ရှင်းပါပြီ) စပယ်ရာ အပို့တင်လို့ မရဘူးဆိုတာက ဘာဖြစ်လို့တုံးလို့ မေးစရာရှိတဲ့ အခါကျတော့ ဟိုက သူတို့ စီးထားတဲ့ရထားက သူတို့လမ်းနဲ့ သူတို့သွားမှာ (မှန်ပါ့)ဆဲ့တင်ယင် တင်လို့ရမယ်ထင်သလား.... (မရပါ)။

မရဘူး၊ ဒါကြောင့် မင်္ဂလာတို့ ဖိုလ်တို့ အမျှပေးလို့ မရဘူးဆိုတာ ဒါကို ပြောတာ.... (မှန်ပါ့) အမျှဆိုတာ တဝက်ပေးလို့ မရဘူး၊ ရှင်းပလား....(ရှင်းပါပြီ)။

အဲဒါကို ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ဆရာကြီးများလဲ သေသေချာချာ ပြောပါတယ်၊ တယောက်သော ခေါင်းမှာ ပန်ထားတဲ့ ပန်းဟာ ဒီဘက် တယောက်သော ပုဂ္ဂိုလ်ကို လှတယ်လို့ ထုံးစံမရှိဘူးတဲ့....(မှန်ပါ့) သူ့ခေါင်းပေါ် ပန်ထားယင် သူသာလှရမယ်....(မှန်ပါ့) ဒီ့ပြင် ဘေးက လူက....(မလှပါဘုရား) မလှနိုင်ဘူးတဲ့။

ထို့အတူဘဲ....တဲ့၊ မဂ္ဂင်အလုပ်ဆိုတာ ခင်ဗျားတို့က တချို့ ဆွမ်းတော်ပဲကလေး ဟိုကူး ဒီကူးနဲ့ ရှိသေးတယ်၊ ဆွမ်းတော်ပဲကလေး ဟိုကူး ဒီကူးက....(မှန်ပါ့)။

ဦးသန်းမောင် မြင်ဘူးရဲလား.... (မြင်ဘူးပါတယ်ဘုရား) မင်းလဲ ထပ်တင်လိုက်ဦး၊ မင်းလဲ တင်လိုက်ဦး၊ တပဲ့တည်းကို နှင်နဲ့ငါနိဗ္ဗာန် အတူတူရောက်အောင်၊ သူက ဒီလိုလာတာ.... (မှန်ပါ့)။

ဒီက မရပါဘူးလို့ ပြောနေတယ်၊ မရပါဘူးတဲ့....ဒီဥစ္စာ၊ မဂ္ဂင်အလုပ်ဟာက 'ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ' လို့ ဟောတယ်၊ ပစ္စတ္တံ=အသီးအသီး၊ ဝိညူဟိ=မဂ္ဂင်ပညာရှိတဲ့ ပုဂ္ဂိုလ်သည်သာလျှင်၊ ဝိညူဟိ=မင်ပညာရှိတဲ့ ပုဂ္ဂိုလ်သည်သာလျှင်၊ ပစ္စတ္တံ=အသီးအသီး၊ ဝေဒိတဗ္ဗော=ရနိုင်တယ်....(မှန်ပါ့)။

ဦးသန်းမောင် ခင်ဗျား မဂ္ဂင်အလုပ်-လုပ်တာ ဒေါ်ကောက် မရနိုင်ဘူး စိတ်သာချ၊ ခင်ဗျားဘဲ ရမယ်၊ ခင်ဗျားလုပ်လို့ရှိယင်....(မှန်ပါ့ဘုရား) သဘောပါပလား....(ပါ-ပါပြီ)။

အေး....ဒါသေသေချာချာ မှတ်ပါ၊ ဒီအလုပ်က ခင်ဗျားတို့ ဒါန သီလတို့လို အမျှဝေလို့ မရဘူးဆိုတာ သေသေချာချာမှတ် (မှန်ပါ့ဘုရား)။

ပါဠိဋ္ဌရုတ် 'ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ'.... (မှန်ပါ့)ရပြီးသား ခင်ဗျားတို့....(မှန်ပါ့)။

ဝိညူဟိ=မင်ပညာကို အားထုတ်သော ပုဂ္ဂိုလ်တို့သည်သာလျှင်၊ ပစ္စတ္တံ=အသီးအသီး၊ အသီးအသီး ဆိုတာက တမင်၊ နှစ်မင်၊ သုံးမင်၊လေးမင်၊ သူသာ ရတာ.... (မှန်ပါ့)သားမယားကော....(မရပါဘုရား)။

ဒါဖြင့် အမျှပေးလို့ရတဲ့ တရားလား....၊ အမျှဆိုတာ ထက်ဝက်....(မှန်ပါ့) ဒီလို့ရရဲ့လား.... (မရပါဘုရား) မရဘူးဆိုတာ သေချာပလား....(သေချာပါပြီ)။

အေး....သေချာတော့ကိုတဲ့ ယသော်မရာက နိဗ္ဗာန်ဝင်တယ်၊ မောင်ကြီး ဒေဝဒတ်က အပါယ်သွားတယ်....(မှန်ပါ့)။

ယသော်ဓရာက နိဗ္ဗာန်ဝင်တယ်၊ မောင်ကြီး ဒေဝဒတ်က.... (အပါယ်သွားပါတယ်ဘုရား) ပစ္စတ္တံ= အသိုးသိုးပေါ့ဗျာ.... (မှန်ပါ့)ကျေနပ်ပလား...: (ကျေနပ်ပါပြီ)။

ပစ္စတ္တံ= အသိုးသိုးတော့ ရတယ်....(မှန်ပါ့) သူလဲ မဟုတ်တဲ့ အသိုး ရမယ်.... (မှန်ပါ့) ယသော်ဓရာက ဟုတ်တဲ့ အသိုးဘဲ ရမယ်....(မှန်ပါ့)။

တကယ်လို့ဆို ညီရင်းအကို မောင်ရင်းနှမဆိုတဲ့ ဥစ္စာဟာ.... ကြည့်ဘို့ ရှုဘို့ ကောင်းပါတယ်၊ ကြည့်ရှုနိုင်တဲ့ တရားမျိုး မဟုတ်ဘူး....(မှန်ပါ့) ပေါ်ပလား....(ပေါ်ပါပြီ)။

အဲဒီတော့ သြော်....ဒီတရားဟာ ကိုယ်လုပ်မှ ကိုယ်ရ ဆိုတဲ့ ဥစ္စာ ဦးသန်းမောင် ပေါ်သွားပြီလား.... (ပေါ်ပါပြီဘုရား)။

ကဲ....ဒါဖြင့် နိဗ္ဗာန်ရှိသလား.... မရှိဘူးလား.... (ရှိပါတယ် ဘုရား) ဝေးသလား....နီးသလား....(နီးပါတယ်ဘုရား) နီးတယ် နော်....၊ ဘယ်နှယ်ကြောင့် မရောက်ကြသတုံး ရထားစီးလဲလို့.... (မှန်ပါ့ဘုရား) အဖြေပါသွားပြီလား.... (ပါသွားပါပြီ)ဘယ့် နှယ်ကြောင့် မရောက်ကြသတုံး.... (ရထားစီးလဲလို့ပါဘုရား)။

နိဗ္ဗာန်သွားရထားမစီးမိဘဲနဲ့ ဒုဂ္ဂတိက သုဂတိသွားတဲ့ ရထား စီးလို့စီး.... (မှန်ပါ့) သုဂတိက ဒုဂ္ဂတိပြန်ကဲ့ ရထား စီးလို့စီး.... (မှန်ပါ့) ရထားစီးလဲနေတယ်....(မှန်ပါ့)။

ဒါဖြင့် ကျုပ်တို့ ခင်ဗျားတို့ အခု ရထားစီး မလဲရအောင် နေတိုင်း ရှင်းပေးနေတယ် ဆရာဘုန်းကြီးက....(မှန်ပါ့)ဘာလုပ် ပေးနေတယ်.... (နေတိုင်း ရှင်းပေးနေပါတယ်)။

နေ့တိုင်း ရှင်းပေးနေတယ်၊ ဒီအထဲတောင်မှ ခင်ဗျားတို့က ချော်ချော်ပြီး တက်ချင်သေးတာ.... (မှန်ပါ့) ရပ်ဉီးမှာ ထင်ပါရဲ့၊ ရပ်ဉီးမှာ ထင်ပါရဲ့ဆိုပြီးတော့ ရထားစီး လဲနေတယ်.... (မှန်ပါ့) ရပ်ဉီးမှာ ထင်ပါရဲ့ ဆိုပြီးတော့....(ရထားစီး လဲပါတယ်ဘုရား)။

အင်း....ရထားစီး လဲပြီး သုဂတိက ဒုဂ္ဂတိသွားတဲ့ ရထား စီးတော့မလို၊ ရိပ်မိပလား....(မှန်ပါ့) ရပ်ဉီးမှာ ထင်ပါရဲ့ဆိုတာ အသွားဟာ ခင်ဗျားတို့ သာမညနဲ့တော့ ဩော်....သူတို့ဝတ္တရားကလဲ ရှိသေးတယ်ဆိုပြီးတော့ လျှော့ပေးမှာဘဲ.... (မှန်ပါ့)။

ဘုန်းကြီးကတော့ လျှော့မပေးဘူး၊ ခင်ဗျားတို့ သဘောနဲ့ ခင်ဗျားတို့ ရပ်နေယင်တော့ မတတ်နိုင်ဘူး၊ ရထားစီးတော့ လဲသွားမှာပေါ့.... (မှန်ပါ့)။

ဉီးညွှန့်- ဘာရထား စီးမလဲ.... (သုဂတိက ဒုဂ္ဂတိ သွားတဲ့ ရထားပါဘုရား) အဲ....နေတာက သုဂတိမှာ ရောက်နေတယ်.... ပြန်ဉီးမယ်ဆိုတော့....(ဒုဂ္ဂတိရထား စီးမိမယ်)။

ကိစ္စရှိလို့ မလဲသာလို့.... (မှန်ပါ့) မလဲသာဆိုကတော်ညီးက ဥပါဒါန် ကြီးတဲ့-ကိစ္စ....(မှန်ပါ့) တဏှာ ဥပါဒါန် ကြီးတဲ့ကိစ္စ မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ်)။

အဲဒီတော့ ဘယ်ရထား စီးမိသလဲ.... (ဒုဂ္ဂတိရထား စီးမိပါတယ်) အဲ....နေတာက သုဂတိ....(မှန်ပါ့) စီးမိတာက....(ဒုဂ္ဂတိ ရထားပါဘုရား) သွားချင်လဲ သွားကြပေတော့ ခင်ဗျားတို့၊ ရိပ်မိပလား....(ရိပ်မိပါပြီ)အတော်ဆိုးနေပြီ ဉီးညွှန့်ရ.... (မှန်လှပါဘုရား)။

ကဲ....ခင်ဗျားတို့ မလဲ့သာ ဆိုတာက စကားသုံး ပြင်သွားလို့ နစ်နာတာပေါ့....(မှန်ပါ့) စကားသုံးက.... (ပြင်ပါတယ်ဘုရား) ပြင်ပင် ပြင်ခြေးသော်လဲ—တဲ့ နစ်နာမှုကတော့ ရှိနေမှာဘဲ.... (မှန်ပါ့) ဦးသန်းမောင် စကားသုံးကတော့.... (ပြင်ပါတယ်ဘုရား)။

ဆရာဘုန်းကြီးကလဲ မခဲ့ချင်ဘူး၊ နေ့တိုင်း ကျေးဇူးမျှားနေတာ သိတယ်....၊ ကိုယ့်မှာ မလဲ့သာတဲ့ ကိစ္စကလဲ ရှိသေးတယ်၊ ဘယ်မလဲ့သာတုံး၊ အပါယ်သွားဘို့ မလဲ့သာဘူး၊ ရိပ်မိပလား-(ရိပ်မိပါပြီ) ဘယ်သွားဘို့ မလဲ့သာတာတုံး.... (အပါယ်သွားဘို့ ပါဘုရား) အပါယ်သွားဘို့ မလဲ့သာတာ ရဲရဲပြောပါကွ-မောင်ထွန်းရင်ရ.... (မှန်ပါ့-ရဲရဲပါဘုရား)။

အခု ဒီဥစ္စာ ဘယ်ရထားစီးမှာလဲ၊ ရထားစီးလဲ့မှာ စိုးရိမ်လို့ ဒီနေ့ည ဒါ ခင်းတာဘဲကွ.... (မလဲ့သာတဲ့ကိစ္စ) ဘယ်သွားရမှာတုံးကွ၊ အပါယ်ဘဲကွ၊ သားကိစ္စ သမီးကိစ္စ ဆွေကိစ္စ မျိုးကိစ္စ အလုပ်ကိစ္စမှတပါး ဦးသံဒိုင် ဒီ့ပြင် ဘာမှ ပြောစရာ မရှိဘူး-(မရှိပါဘုရား)။

မလဲ့သာတာသည် ဘာတုံး.... စံလမ်းတာ၊ စံလမ်းမှ ဘာကလာတာတုံး.... တဏှာက လာတာ၊ တဏှာကြောင့် ဥပါဒါန်၊ ဥပါဒါန်ကြောင့် မလဲ့သာတဲ့ကံ ပေါ်လာတယ်.... (မှန်ပါ့) ကာယကံ ဝစီကံ ပေါ်လာတယ်၊ ဒီကာယကံ ဝစီကံက ဘယ်ရထား စီးမိတာတုံး မေးတော့ သုဂတိက ဒုဂ္ဂတိသွားတဲ့ ရထားစီးမိတာ.... (မှန်လှပါ) လက်မှတ်ခံ သေသေချာချာ လဲ့တာဘဲ.... (မှန်ပါ့) မလဲ့သေးဘူးလား....(လဲ့ပါတယ်ဘုရား)။

ကဲ....ပြန်မည့်ကြံယင် ဒါကလေးလဲ စဉ်းစားပေါ့ဗျာ....(မှန်လှပါ) ရိပ်မိပလားကွ.... (ရိပ်မိပါပြီ) ပြန်မည့်ကြံယင်.... (ဒါစဉ်းစားရပါမယ်) စဉ်းစားရမယ်၊ ငါရထားစီး မှားမဟနော်-ရထားတက် မှန်မှာလားဆိုတာလဲ ဝေဘန်ရလိမ့်ဦးမယ်.... (မှန်လှပါ) မဝေဘန်ရပေဘူးလား.... (ဝေဘန်ရပါမယ်) ဟာ.... ပေါက်သည့်နဖူး မထူးဘူးဆိုယင်လဲ သွားပေါ့ကွာ—ဒါဘဲရှိတာဘဲ ဦးထွန်းရင်....(မသွားပါဘုရား)။

ကိုင်း....ဒါဖြင့် တကာ တကာမတို့ ရထားသုံးစင်း ရှိတာလဲ ယနေ့ည သိပါပြီ.... (မှန်ပါ့) အဲဒါဘယ်က လာသတုံး မေးတော့မှ မဂ္ဂပစ္စယောက လာတယ်....(မှန်ပါ့) ပဋ္ဌာန်းပါဠိတော်မှာ မဂ္ဂပစ္စယောလို့ မပါကြဘူးလား.... (ပါ-ပါတယ်)အဲဒါက လာတယ်....(မှန်ပါ့)။

သုဂတိမှ ဒုဂ္ဂတိသွားတဲ့ ရထားလဲ မဂ္ဂပစ္စယောဘဲ၊ ထွက်သွားတာ၊ ဒီနေရာက ထွက်ယင် မဂ္ဂချည်းဘဲ.... (မှန်ပါ့) ဒုဂ္ဂတိက သုဂတိ ထွက်လာယင် မဂ္ဂပစ္စယောဘဲ၊ ဟုတ်လား၊ သုဂတိက-နေပြီး နိဗ္ဗာန်ထွက်သွားယင်ကော (မဂ္ဂပစ္စယောပါဘဲ) သဘောကျပလား.... (ကျပါပြီ) မဂ္ဂပစ္စယောဟာ သုံးမျိုးရှိတယ်လို့ မှတ်လိုက်ပါ....(မှန်ပါ့)။

ဦးသံဒိုင်- အတော်ခိုင်လုံသွားပြီ....(မှန်ပါ့) မခိုင်လုံသေးဘူးလား....(ခိုင်လုံပါတယ်ဘုရား)။

အဲဒါကြောင့် မောင်ထွန်းရင်....မင်းကို စောင်းဟောနေတာ မဟုတ်ပါဘူးကွ၊ ဦးသံဒိုင်ပြောမှ ငါသိတာပါ၊ ရထားစီး လွဲမှာတော့ အလွန်စိုးရိမ်တယ်....(မှန်ပါ့)။

ရထားစီး လဲမှာတော့....(စိုးရိမ်ပါတယ်) တသံသရာလုံးဟာ ရထားစီး လဲလို့ချည်း ဒုက္ခရောက်ခဲ့တာ.... (မှန်ပါ့)ဘာမှ လက်သည် ရှာမနေနဲ့ ဦးသန်းမောင်၊ တသံသရာလုံး အောက်ရောက်တယ်-အထက်ရောက်တယ်၊ ဘာဖြစ်နေတာတုံး....(ရထားစီး လဲနေတာပါဘုရား)။

အဲ....ရထားစီး လဲတာ၊ အဲဒီတော့ ရထားသုံးစင်း ရှိသည့် အနက်က အလယ်အစင်းကို မစီးမိဘူး၊ အောက်ရထားရယ်၊ အထက်ဆန်တဲ့ ရထားရယ် ဒါဘဲ သွားတာဘဲ၊ တခါတည်း ငြိမ်းအေးတဲ့ နေရာ သွားတဲ့ရထားကို စီးကို-မစီးမိဘူး.... (မစီးမိပါဘုရား)။

မစီးမိတော့ ခင်ဗျားတို့ သာသနာတင်း မရောက်ခဲ့ဘူး၊နောက် ဘဝတွေက.... (မှန်ပါ့ဘုရား) သာသနာတင်း ရောက်ယင် ဝိပဿနာ ရှုမယ်.... (မှန်ပါ့) ဝိပဿနာ ရှုလို့ရှိယင် အလယ် ရထား စီးမိရမယ်....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီ)။

ဒီတခါ လဲယင်ဖြင့် ပြင်ပေးမည့်သူ မရှိဘူးလို့ ဆုံးဖြတ်ချက် ချပါ....(မှန်ပါ့) ရထားပြင်ပေးမည့်သူ....(မရှိပါဘုရား)။

မောင်ထွန်းရင် ဒီရထားသာစီး ဒီရထားသာစီးလို့၊ မင်း အသေရထားတွေ့ မစီးနဲ့ အပါယ်ရထားတွေ့ မစီးနဲ့၊ ငြိမ်းချမ်းတဲ့နေရာ ရောက်တဲ့ ရထားစီးကွ—အစရှိသည်ဖြင့် ပြောမည့်သူက အင်မတန် ရှားတယ်....(မှန်ပါ့ဘုရား)။

ဘယ်ပုဂ္ဂိုလ်တွေက များသတုံး၊ မင်း သားမယား စားဘို့ မင်းလုပ်ကွ၊ မင်းမလုပ် အကုန်ငတ်ကုန်မှာပေါ့၊ ဟော....သူကလဲ သူဂတိက ဒုဂ္ဂတိသွားတဲ့ ရထား အစီးခိုင်းတယ်....(မှန်ပါ့)။

တိုက်တွန်းကြတယ်၊ ခင်လို ပြောရှာတယ်လို့တောင် အောက်မေ့သေးတယ် ခင်ဗျားတို့က....(မှန်ပါ့ဘုရား)။

ဘယ့်နှယ်မျှား အောက်မေ့သလဲ.... (ခင်လို ပြောရှာတာလို့ အောက်မေ့ပါတယ်) တော်တော်ခင်တဲ့လူ၊ အပါယ်ကိုထိုးချလိုက်တယ်၊ ရိပ်မိပလား.... (ရိပ်မိပါပြီ) တော်တော် ခင်တဲ့လူဟာ ဘယ်လိုပြောလိုက်ပါလိမ့်....(အပါယ်ထိုးချပါတယ်)

မင်း—သားမယားတွေကွာ မင်းမှ မပြုစုလို့ရှိယင်ဖြင့် မင်း ဝတ္တရား အကုန်ပျက်ကုန်မှာပေါ့။ အဲဒီတော့ မင်းဟာ ဒို့က ကောင်းစေချင်လို့ ပြောတာ—လို့ ပြောလိမ့်မယ်....(မှန်ပါ့) ဖုံးတောင် ဖုံးလိုက်သေးတယ်၊ စီးတဲ့ရထားက ဘယ်သွားစီးမိသလဲ....(ဒုဂ္ဂတိရထား စီးမိပါတယ်)။

ဒုဂ္ဂတိရထား စီးမိတယ်၊ သူ့ကို သုဂတိနေတာ ကြည့်ချင်ပုံ မရဘူး....(မှန်ပါ့) ဦးညွှန့်-ရိပ်မိပလား....(ရိပ်မိပါပြီ) ခင်ဗျားတို့ မိတ်ဆွေတွေကလေ....(မှန်ပါ့) မိတ်ဆွေကောင်းတွေနော်၊ ပေါ်ပလား....(ပေါ်ပါပြီ)။

ခင်ဗျားတို့ကတော့ ဒီဥစ္စာ အကျိုးအကြောင်း အတော် အမျော်အမြင်ရှိတဲ့ ပဂ္ဂိုလ်မို့ ပြောရှာတာဘဲ၊ ကိုယ်စီးတဲ့ရထား ဟာ ဘာရထားလို့ သိသေးရဲ့လား....(မသိပါဘုရား) မသိတော့ သေသေချာချာ လဲသွားပြီ မလဲသေးဘူးလား.... (လဲပါတယ် ဘုရား)။

တချို့ကျတော့လဲ မင်းကွာ.... တဘဝ တနပ်စာကလေးနဲ့ မလုပ်နဲ့ကွ၊ နောက်ဘဝ ကောင်းစားရေးကလဲ ရှိသေးတယ်.... (မှန်ပါ့) အဲဒီရထားကို စီးခိုင်းပြန်ပြီ။

အဲဒီရထားကလဲ သေရမည့်ဥစ္စာ.... (မှန်ပါ့) ဟိုရောက်ယင် သေရဦးမှာ၊ မသေရပေဘူးလား....(သေရပါတယ်)။

အဲဒီရထားကို အစီးခိုင်းတဲ့ လူကလဲ မနည်းလှဘူး၊ ခုနက ငြိမ်းချမ်းတဲ့ရထား— အသေလှတ်တဲ့ရထား အစီးခိုင်းဘို့ရာ လူကတော့ ငယ်ပါသေးတယ်တောင် ပြောချင်ပြောလိမ့်မယ်.... (မှန်ပါ့) ငယ်ပါသေးတယ်ကွာ....မင်းဝိပဿနာအလုပ်- မလုပ်ပါနဲ့ဦး၊ ဟိုရထားနှစ်ခုဘဲ လှည့်စီးပါဦး.... (မှန်ပါ့) ဒီလိုဖြစ်နေလို့ ခင်ဗျားတို့တောင် ဒီအသက် ဒီအရွယ်ရောက်လာကြတာ....(မှန်ပါ့)။

ဒါ....မိတ်ဆွေကောင်းတွေနဲ့ ပေါင်းမိပြီဆိုယင် တော်တော်နာတာ မနာဘူးလား....(နာပါတယ်ဘုရား)။

ကဲ.... ဒါဖြင့် ဒါတွေက နောင်ကို သတိထားဘို့ ဆုံးမတဲ့အသွားလို့မှတ်လို့က်.... (မှန်ပါဘုရား) နောင်ကို သတိထားဘို့ ဆုံးမတဲ့အသွားလို့ သေသေချာချာမှတ်ပါ....(မှန်ပါ့)။

ကဲ....ဒါဖြင့် သွားကြပါစို့တဲ့၊ မြတ်စွာဘုရားက ကောင်းစွာဟောတော်မူခဲ့တာ ရထားသုံးစင်း.... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ)ကောင်းစွာဟောတော်မူခဲ့တာရထားဘယ်နှစ်စင်းတုံး (သုံးစင်းပါဘုရား)။

ဘုရားကတော့ မကောင်းတာလဲ မကောင်းဘူးဟောတာလဲ တရားဘဲ၊ အလတ်စားကလေး သက်သာခွင့် ရတာလဲ တရားဘဲ၊ အချွန်ဆုံး အမဋ္ဌဆုံးကောင်းတာလဲ....(တရားပါဘဲ)။

တရားဘဲတဲ့ ဘုရားကတော့ တရားသမားမို့ တရားသုံးမျိုးပြောတယ်၊ ဟောဒါ ပယ်ရမည့်တရား၊ ဟောဒါက ခြေကန်

ရမည့်တရား၊ ဟာဒါကရှောင်ရမည့်တရား၊ ဟာဒါကဆောင်ရမည့်တရား ဟောရမယ်တဲ့....(မှန်ပါ့)။

ကျုပ်တို့က သုံးမျိုးမှ မဝေဘန်တတ်တော့ ဝေဘန်တတ်တဲ့ ပုဂ္ဂိုလ်က ဟောရမယ်.... (မှန်ပါ့) အကောင်းအဆိုး ရွေးတတ်အောင် မဟောရပေဘူးလား....(ဟောရပါတယ်)။

ကိုင်းဒါဖြင့် သူကဘာတော ဘဂဝတာဓမ္မော- ဟာ အကုသိုလ်တရားတွေ ထည့်ဟောနေတယ် ဘုရား ကိုယ်တော်မြတ်က၊ ဟာဒါ အကုသိုလ်တဲ့ကဲ့ ဒါရှောင်ဘို့ဟောတာ.... (မှန်ပါ့) ဒါက သုဂတိသွားတဲ့ ရထားတဲ့ကဲ့၊ အင်း-ဒါလဲအကောင်းကြီး မဟုတ်ဘူးဆိုပြီး ဟောပြန်တယ်....(မှန်ပါ့)။

အကောင်းကြီး မဟုတ်ဘူးဆိုပြီး မနေ့ညက ပြောသလို့ ပေါ့ဗျာ....(မှန်ပါ့) သဂ္ဂကထာဟောပြီး သကာလ....ကာမာနံ အာဒီနဝကထာ ဟောရပြန်တာ....(မှန်လှပါ) မဟုတ်ဘူးလား..... (မှန်ပါ့)။

နတ်ပြည်ရောက်တဲ့ စကားကိုဟော၊ ဘုရားကိုယ်တိုင်က ဖွင့်ချပြီးတော့မှ နတ်ပြည်၏ အပြစ်ဟာ ပေါ့....ကျီးတကောင် အမဲသားတွေရသလိုဘဲကဲ့ မဟောဘူးလား....(ဟောပါတယ်ဘုရား) မြက်မီးရှူးကလေးကိုင်ပြီး လေလာတဲ့ဘက် တိုးသလိုဘဲကဲ့ ဆိုပြီး အကုန်ဖျက်ချတယ်....(မှန်လှပါ)။

အကုန် ဖျက်ချပါတယ်....တဲ့၊ အဲဒီတော့ ဘုရားဟာ အကုသိုလ်ကိုလဲ အကုသိုလ်လို့ ဟောတာဘဲ၊ အလတ်စားကိုလဲ အလတ်စားအလိုက် ဟောတာဘဲ၊ မဂ်ကိုလဲ မဂ်လို့ဟောတာဘဲ.... (မှန်ပါ့)။

ဟောချင်တာဟော ကိုယ်တော်မြတ်ကြီးမှာတော့ဖြင့် ပယ်ရမည့်တရားဟောရမယ်၊ အလတ်စားဖြစ်တဲ့ တရားဟောရမယ်၊ အကောင်းဆုံးဖြစ်တဲ့ တရားကို အထူးတလည် ဟောရမယ်.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

အဲဒါကျုပ်တို့က မရွှေးတတ်တာက ခက်တယ်.... (မှန်ပါ့) ကျုပ်တို့ ဘာခက်နေသလဲ.... (မရွှေးတတ်တာ ခက်ပါတယ်) မရွှေးတတ်တာနဲ့ ခက်တာဘဲတဲ့၊ သရက်သီးရွေးသလို ဖြစ်နေပြီ သရက်သီး ခပ်သေးသေးက ချိုပင် ချိုငြားသော်လဲ အလုံးကြီးတာမှ ကြိုက်တယ်ဆို ချဉ်ချင်ချဉ်နေတာ.... (မှန်ပါ့)ကျုပ်တို့က အလုံးကြီးကြိုက် ဖြစ်ချင်ဖြစ်နေတာ .... (မှန်ပါ့) ရိပ်မိပလား.... (မှန်ပါ့) မရွှေးတတ်တော့လဲ အချိုမရဘဲနဲ့ အလုံးတော့ကြီးပါရဲ့ ချဉ်နေတယ်.... (မှန်ပါ့) ဒီလိုမနေပေဘူးလား (မှန်ပါ့)။

အဲဒီတော့ အခုရွေးတတ်ရမယ်.... (မှန်ပါ့) အင်း....အလယ်လမ်းလိုက်မှာဘဲဟော့၊ အလယ်လမ်းဟာ အကောင်းဆုံးဘဲ မအိုမသေ အမြဲနေတဲ့ နေရာပို့တဲ့ ရထားဘဲဟော့.... (မှန်ပါ့) သဘောပါကြလား.... (ပါ-ပါပြီ) ဒါဖြင့် ဘယ်လမ်းလိုက်မယ် (အလယ်လမ်းလိုက်ပါမယ်)။

အဲဒါ အလယ်လမ်း လိုက်ချင်တာကကိုယ် နိဗ္ဗာန်သဘောကျလို့ လိုက်ချင်တာ....(မှန်ပါ့)ဥစ္စာဒ ဒီဋ္ဌိပြုတ်သွားလို့ နိဗ္ဗာန်ကို လိုက်ချင်တာ (မှန်ပါ့) ဥစ္စာဒဒီဋ္ဌိမပြုတ်တဲ့ ပုဂ္ဂိုလ်ဒီထဲမှာ အလယ်ရထားကို ဘယ်သူမှ မစီးချင်ဘူး....(မှန်ပါ့)။

ဒါ့ကြောင့် တရားဟောတဲ့ ပုဂ္ဂိုလ်များမှာ အင်မတန်မှ သနားစရာ ကောင်းပါတယ်၊ သူကိုယ်တိုင် ဉစ္စေဒ ဒိဋ္ဌကြီးနဲ့ တရားဟောနေတာ.... (မှန်ပါ့) မရှိဘူးလား .... (ရှိပါတယ်) နိဗ္ဗာန်ကို သူမှသဘောမကျဘဲနဲ့.... (မှန်ပါ့) သဘောမကျဘဲနဲ့ သူ့ကိုက ရှိနေတယ်၊ နိဗ္ဗာန်ဘယ်လိုရှိသတုံး ....မသိပါဘူးဗျာ.... ဒါဖြင့် သူနိဗ္ဗာန်သဘောမကျဘူး....(မှန်ပါ့)။

နိဗ္ဗာန် သဘော မကျဘဲနဲ့ ဟောနေလို့ ရှိယင် သူဟာ ဉစ္စေဒ ဒိဋ္ဌနဲ့ ဟောနေတာ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)၊ နိဗ္ဗာန် သဘောမကျဘဲနဲ့ ဟောနေယင်.... (ဉစ္စေဒ ဒိဋ္ဌနဲ့ဟောနေတာပါ) နိဗ္ဗာန်ဆိုတာ ခန္ဓာလဲမရှိဘူးဆို-- ဘာမျှးရှိပါလိမ့်မတုံး မပြောတတ်ပါဘူးလေ- ဆိုတော့ နိဗ္ဗာန် သူသဘောကျသေးသလား .... (မကျပါဘုရား) သဘောမကျယင် သူ့မှာ ဉစ္စေဒ ဒိဋ္ဌရှိနေတယ် .... (မှန်ပါ့) ဉစ္စေဒ ဒိဋ္ဌကြီးနဲ့ တရားဟောနေတယ်ဆိုတဲ့ အဓိပ္ပါယ်လဲ ရှင်းသွားပါပြီ.... (မှန်ပါ့ဘုရား)။

ကဲ—ဒါဖြင့် နိဗ္ဗာန်ကို သွားကြပါစို့လို့ဆိုတော့ နိဗ္ဗာန်သွားချင်လို့ ရှိယင်ကွာ....တဲ့ ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ--ဆိုတဲ့ မင်္ဂလာဏ်သည် နိဗ္ဗာန်ကို အာရုံပြုတာဘဲ အသီးသီး မင်းတို့ကိုယ်ပိုင် မင်္ဂ ရ ချင်လို့ ရှိယင်ဖြင့် မနေ့ကဟာ ပြန်ဆက်လိုက် ဟိပဿိကော ခေါ်ရာကို သန္ဒိဋ္ဌိကောနဲ့ လိုက်မှ အသီးသီး မင်းတို့ကိုယ်ပိုင် မင်္ဂရမယ် .... (မှန်ပါ့ဘုရား) ပေါ်ပလား.... (ပေါ်ပါပြီ)။

အသီးအသီး ကိုယ်ပိုင်မင်္ဂရမည်....(မှန်ပါ့) ဟိပဿိကော ခေါ်ရာကို.... (သန္ဒိဋ္ဌိကောနဲ့လိုက်) လိုက်လို့ ရှိယင်ဖြင့် လိုက်

ဘဲ့မင်- သူကိုယ်တိုင် လိုက်လို့ရတဲ့မင်် သူများ မတင်နိုင်ဘူး မဂ္ဂင်ရထားက....(မှန်ပါ့) သူများတင်နိုင် ရဲလား.... (မတင်နိုင်ပါဘုရား) ဒါဖြင့်လုပ်သော ပုဂ္ဂိုလ်သာ ရတယ် မလုပ်သော ပုဂ္ဂိုလ်....(မရပါဘုရား)။

ဒါဖြင့် ဆုတောင်းအလုပ်မဟုတ်ဘူးပေါ့ယူရမယ်....(မှန်ပါ့) သဘောပါပလား.... (ပါပါပြီ) ဆုတောင်းအလုပ်....(မဟုတ်ပါဘုရား) လုပ်ယူမှ.... (ရမှာပါ)ရမယ်ဆိုတဲ့ အဓိပ္ပါယ်ဖြင့်ဦးသန်းမောင်တို့ ဦးညွှန့်တို့ရှင်းလောက်ပါပြီ.... (ရှင်းပါပြီဘုရား) အခု ဟေပဿီကော ခေါ်ရာကို သန္ဒိဋ္ဌကောနဲ့ တကာသစ်ကဲ့လိုက်လိုက်ပါ ဘဲ့များလိုက်သတုံး မေးလို့ရှိယင် ဘယ်နှယ် ဖြေမလဲ (မဂ္ဂင်နဲ့....လိုက်ပါတယ်) မဂ္ဂင်နဲ့လိုက်တာ....(မှန်ပါ့)။

ဘာနဲ့လိုက်သလဲ.... (မဂ္ဂင်နဲ့ လိုက်ပါတယ်) ဒါဖြင့် သန္ဒိဋ္ဌကောက မဂ္ဂင်ဟောနေတာ.... (မှန်ပါ့) မဂ္ဂင်နဲ့လိုက်လို့ ကျုပ်တို့သည် ဟေပဿီကော ခေါ်ရာကို ဟိ--လာခဲ့ပါ ပဿ=ကျုပ်ကိုရှုပါဆိုပြီးသကာလ သူကလဲ အမြဲခေါ်နေတာ.... (မှန်ပါ့)။

ကျုပ်တို့က တဏှာနဲ့ မလိုက်နဲ့ ဒေါနဲ့မလိုက်နဲ့ မောဟနဲ့မလိုက်နဲ့ သန္ဒိဋ္ဌကောနဲ့လိုက်.... (မှန်ပါ့) မနေ့ကလဲ သင်ပြီးပါပြီ.... (မှန်ပါ့) ဒါမေ့ဘို့မကောင်းဘူးနော်....(မှန်ပါ့ဘုရား)။ ဦးသံဒိုင် ဒါဘယ်နှယ်တုံး.... (မေ့ဘို့ မကောင်းပါ ဘုရား) အလိုက်မှားတာတွေ ရှိသေးတာကိုး တဏှာနဲ့ လိုက်တာရှိတယ် ဒေါသနဲ့.... (လိုက်တာရှိပါတယ်) မောဟနဲ့.... (လိုက်တာလဲရှိပါတယ်) ရှိတယ်--တဲ့ဘုရားကဒီလိုဟောတာ မဟုတ်ဘူးတဲ့ဟိ=

လာခဲ့ပါ။ပဿ= ရူပါလို့ ရုပ်နာမ်ကလဲ ခေါ်တယ် နိဗ္ဗာန်ကလဲ ခေါ်တယ်.... (မှန်ပါ့) ဒါ့ကြောင့် သူတို့ကို အာရမ္မဏာပစ္စည်းထဲ မှာထည့်ထားတာ....(မှန်ပါ့)။

အဒိတော့ သန္ဒိဋ္ဌကောက ဘာတုံးဆိုတော့ အာရမ္မဏာက-ကတဲ့....(မှန်ပါ့) သူက ဟိုဟာကို အာရုံပြုရမှာ ဒါဖြင့် ဟိ ပဿီကောက အာရုံ သန္ဒိဋ္ဌကောက အာရမ္မဏိက ရှင်းပလား.... (ရှင်းပါပြီ) အဲဒီ အာရုံ အာရမ္မဏိက ကိုက်လို့ရှိယင်တော့ဖြင့် တဲ့ မင်းတို့သည် ရထားစီးမလဲတော့ပါဘုး.... (မှန်ပါ့)လဲသေး သလား....(မလဲပါဘုရား)။

တကာတကာမတွေ သေသေချာချာ မှတ်ထား ဒီဥစ္စာက သဘောချည်း ပြောနေရတဲ့ အတွက် တော်တော်ကလေး ခဲခဲ ယဉ်းယဉ်းဘဲ....(မှန်ပါ့ဘုရား)။

ဒါဖြင့် သန္ဒိဋ္ဌကောခေါ်ရာကိုတပည့်တော်ယားယင် ယားတဲ့ နေရာလိုက်ပါ့မယ် ပျက်စီး-ပျက်စီးတဲ့နေရာတပည့်တော်ကြည့်ပါ့ မယ် ပေါ်လာ-- ပေါ်လာတဲ့ နေရာ ကြည့်ပါ့မယ် ဆိုလို့ရှိ ယင်ဖြင့် ဦးသန်းမောင်ဖြစ်ပျက်ဟာ မြင်ပြီ။ မမြင် ပေဘူးလား (မြင်ပါတယ်ဘုရား)။

ဘယ်သူက ခေါ်သတုံးဗျ.... (ဟိပဿီကောက ခေါ်ပါ တယ် ဘုရား) ဟိပဿီကော ဆိုတာ ဖြစ်ပျက်က ခေါ်တာ (မှန်ပါ့) ဦးသန်းမောင်တို့က ဘာနဲ့လိုက်မလဲ .... (သန္ဒိဋ္ဌကော နဲ့လိုက်ပါမယ် ဘုရား) ကိုယ်တိုင်မြင်အောင် လိုက်ပါ။ ကိုယ် တိုင်မြင်အောင် လိုက်လိုက်တဲ့ အခါကျတော့ သခ်ၤတ သွားတွေ့ တယ်.... (မှန်ပါ့) နဂိုက နိဗ္ဗာန်ကို သခ်ၤတကဖုံးနေတယ်။

နိဗ္ဗာန်ကို ဘာဖုံးနေသလဲ....(သခ်ၤာတက ဖုံးနေပါတယ်)သခ်ၤာကဖုံးနေတယ် ဆိုတော့ ဒါ့ကြောင့် အဖုံးဖြစ်တဲ့ သခ်ၤာကို အခုတွေ့ပြီ နောက်ကျတော့ မင်းတို့ ရှုပ်နေတာဘဲဆိုပြီး သခ်ၤာကိုမုန်းရမယ်....(မှန်ပါ့)။

နောက်ကျတော့မင်းတို့သခ်ၤာဆုံးသွားယင်ကောင်းတယ် ဆိုတဲ့သစ္စာကိုပိုင်ပိုင်နိုင်နိုင်သိတဲ့သခ်ၤာအဆုံးကိုရောက်မယ်(မှန်ပါ့) သခ်ၤာက ဒုက္ခသစ္စာ အဲဒီ့အဆုံးရောက်သွားတဲ့ ပဋိပဒါလ်ကျတော့ အသခ်ၤာဟာ ဒီဘက်နားကပ်နေပြီ (မှန်ပါ့)။

ဒါဖြင့် အသခ်ၤာ နိဗ္ဗာန်ကိုအဖုံး မဖွင့်တတ်လို့ကျုပ်တို့ခင်ဗျားတို့၊ မရောက်ကြတာ (မှန်ပါ့ဘုရား) သဘောကျပလား.... (ကျပါပြီ) ဒါ့ကြောင့် အဖုံးနှစ်ချက်ကို မောင်ထွန်းရင်၊ မှတ်လိုက် (မှန်ပါ့) အခုဟောရတာက ယဉ်ကျေးပြီးသားတွေ့ ဟောရလို့ တော်သေးတယ် တချို့က သခ်ၤာကိုဘဲ မသိဘူး....(မှန်ပါ့)

သခ်ၤာ မသိတော့ သခ်ၤာ မုန်းဘို့ဆိုတာ ဒုတိယ အချက် ဝေးသွားပြီ.... (ဝေးသွားပါပြီ) သခ်ၤာဆုံးဘို့ဆိုတာတော့ပိုပြီး ဝေးသွားတယ် (မှန်ပါ့ဘုရား) သဘောကျပလား....(ကျပါပြီ)

ဒါ့ကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက အရဏဝတီသုတ်မှာဆိုတယ် 'ဒုက္ခဿ အန္တံကရိဿတိ' .... ဒုက္ခဿ=ဒုက္ခ၏ အန္တံ=အဆုံးဖြစ်တဲ့နိဗ္ဗာန်ကို၊ ကရိဿတိ= မျက်မှောက် ပြုနိုင်လတ္တံ့=ဒီဒုက္ခဆုံးမှ နိဗ္ဗာန်တွေ့မယ်ကွတဲ့.... (မှန်ပါ့) သဘောပါပလား....(ပါပါပြီ)။

'ဒုက္ခဿ အန္တံကရိဿတိ' ဒုက္ခဿ=ဒုက္ခ၏၊ အန္တံ=အဆုံး ဖြစ်တဲ့ နိဗ္ဗာန်ကို၊ကရိဿတိ= မျက်မှောက်ပြုနိုင် လတ္တံ့ ဆိုတော့ နိဗ္ဗာန်ဒုက္ခဖုံးနေတယ်ဆိုတာ ပေါ်ပလားး.... (ပေါ်ပါပြီဘုရား) မဟုတ်ဘူးလား....(မှန်ပါ့)။

ဒုက္ခကို ဘယ်သူဖုံးသတုံးမေးတော့ **အ**ဝိဇ္ဇာတဏှာကဖုံးတယ် (မှန်ပါ့) နိဗ္ဗာန်ကိုတော့ ဘယ်သူကဖုံးသလဲ.... (ဒုက္ခကဖုံးပါတယ်) ဒီဒုက္ခမမြင်အောင် ဘယ်သူကဖုံးပြန်သတုံး.... (အဝိဇ္ဇာတဏှာက ဖုံးပါတယ်)။

ဒါဖြင့်-ဉာဏ်ပေါ်မှာ အဝိဇ္ဇာနဲ့ တဏှာက တချက် ဖုံးလိုက်တယ် နိဗ္ဗာန်ကို ဒုက္ခက တချက်ဖုံးလိုက်တယ်၊ ဒါတွေမှ ဖွင့်ပေးတဲ့ဆရာနဲ့ မတွေ့လို့ရှိယင်ဖြင့် ဘယ်တော့မှ နိဗ္ဗာန်မရဘူး (မှန်ပါ့)

ရဘို့မြင်သေးရဲ့လား.... (မမြင်ပါဘုရား) မမြင်တော့ဘူး ဖုံးထားတာက ဉာဏ်ပေါ်မှာတော့ ကိလေသာက ဖုံးတယ် မဟုတ်ဘူးလား.... (မှန်ပါ့) နိဗ္ဗာန်ပေါ်မှာတော့.... ဒုက္ခက ဖုံးတယ် အဖုံးဘယ်နှစ်ချက်လှန်ရမှာတုံး.... (နှစ်ချက်လှန်ရမှာပါ)နှစ်ချက်လှန်ရမှာ ကိလေသာ တချက်၊ ဒုက္ခတချက်လှန်မှ နိဗ္ဗာန်တွေ့မှာ (မှန်ပါ့)။

အဲဒီတော့ ဒီလှန်နည်း နိဿယညွှန်းကိုမှ ပေးတတ်တဲ့ဆရာနဲ့ မတွေ့ကြလို့ရှိယင်ဖြင့် ဦးသံဒိုင် ငိုခြင်းချသေဘို့ဘဲရှိတော့တယ်.... (မှန်ပါ့ဘုရား) ရမှာလဲ မဟုတ်တော့ဘူး၊ ဒီအဖုံးဖွင့်နည်းက **အ**င်မတန် **အ**ရေးကြီးနေတာ.... (မှန်ပါ့ဘုရား)။

ဒါဖြင့်- ညာဏ်ပေါ်မှာ ဘယ်သူဖုံးသတုံး .... (အဝိဇ္ဇာဘဏ္ဍာပါဘုရား) ကိသေသာဆိုလိုက်ပါတော့.... (မှန်ပါ့) စုံသွားအောင်မဟုတ်ဘူးလား....(မှန်ပါ့)။

ညာဏ်ပေါ်မှာ ဘယ်သူဖုံးသတုံး.... (ကိလေသာဖုံးပါတယ်ဘုရား) နိဗ္ဗာန်ကို ဘယ်သူဖုံးသတုံး.... (ဒုက္ခဖုံးပါတယ်)။

ဒါဖြင့်- ဒီညာဏ်သည် ကြားထဲမှာ နှစ်ချက် ကန့်လန့်ခံနေကတည်းက လေးခုမြောက် နိဗ္ဗာန်ကို ဦးသံဒိုင် မြင်ဘို့အတော် ဝေးသွားပြီ....(ဝေးသွားပါပြီ)။

ဒါကြောင့် ခင်ဗျားတို့ တရားနာတဲ့ ပုဂ္ဂိုလ် တရားရှုတဲ့ ပုဂ္ဂိုလ်တွေကို ဘုန်းကြီးက ဟောတာ၊ ဖြစ်ပျက်တွေ့ပလား.... မတွေ့သေးဘူး၊ မတွေ့သေးယင် ညာဏ်ပေါ်မှာ ကိလေသာဖုံးတယ်....(မှန်ပါ့ဘုရား)။

ဖြစ်ပျက် တွေ့တော့ ကိလေသာက ပင့်သွားတယ်၊ နိဗ္ဗာန်ဖုံးကျန်နေတယ်.... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီ)။

ဒါ သေသေချာချာ နားထောင်ပါ၊ ဒီညစ်စာ သဘော အင်မတန်ကြီးပါတယ်.... (မှန်ပါ့)ဖြစ်ပျက်ကိုမမြင်တာက ဘယ်သူဖုံးသလဲ.... (ကိလေသာဖုံးထားပါတယ်)။

ဒီ ခန္ဓာကတော့ အနိစ္စာဝတ သင်္ခါရာ=ဖြစ်လိုက်ပျက်လိုက်နေတာဘဲ....(မှန်ပါ့) အင်း....ဘယ်သူကဖုံးလို့ မမြင်ပါလိမ့်.... (ကိလေသာဖုံးလို့ မမြင်တာပါ)။

အင်း....ကိလေသာက ဘယ်အပေါ်မှာ ဖုံးသလဲ.... (ညာဏ်ပေါ်မှာ ဖုံးထားပါတယ်) ညာဏ်ပေါ်ဖုံး မဂ္ဂင်ပေါ်ဖုံးပေါ့ဗျာ.... (မှန်ပါ့) ညာဏ်နဲ့မဂ္ဂင် အတူတူပါဘဲ.... (မှန်ပါ့)။

အဲဒီအဖုံးမဖွင့်နိုင်တဲ့ ပုဂ္ဂိုလ်ဟာလဲ ဖြစ်ပျက်ကို မတွေ့ဘူး.... (မှန်ပါ့) တခါ ဖြစ်ပျက်တွေ့ပြန်တဲ့ ပုဂ္ဂိုလ်ကလဲ တွေ့တော့ တွေ့ပြီ နိဗ္ဗာန်တွေ့အောင်သူ ဒီအဖုံးကြီးဖွင့်ရမှာ.... (မှန်ပါ့) အဖုံးဖွင့်တော့ကို အင်း....မင်း ဖြစ်ပျက်တွေ့လို့ရှိယင်ဖြင့် သူ့ကို မမှန်းသေးလဲ မပွင့်သေးဘူးက္ခ.... (မှန်ပါ့)။

သူ့ကို ဒုက္ခသစ္စာလို့ မလိုချင်တဲ့ ဥာဏ်နဲ့ ဆုံးအောင် မလုပ်နိုင်လို့ရှိယင်လဲ နိဗ္ဗာန်မတွေ့သေးဘူးက္ခ....(မှန်ပါ့)။

ဒီတော့—ဒီအဖုံးတွေကိုဖွင့်ပြီးသကာလမှ နိဗ္ဗာန်တွေ့ရမှာဖြစ်နေတော့ သြော်.... နိဗ္ဗာန်သည် အလုပ်နဲ့ သွားရတာကိုး.... (မှန်ပါ့) ပေါ်သွားပြီ....(ပေါ်သွားပါပြီ)။

နိဗ္ဗာန်.... (အလုပ်နဲ့ သွားရမှာပါ) အလုပ်နဲ့ သွားရမှာနော်....(မှန်ပါ့) အချောင် လိုချင်လို့တော့ မရဘူး....(မရပါဘုရား) ဘယ့်နှယ် ဆိုကြမလဲ.... (အချောင် လိုချင်လို့တော့ မရပါဘုရား) အချောင်လိုချင်လို့တော့ မရဘူး။

ကဲ—နိဗ္ဗာန်မှာ ဘယ်နှစ်ချက်ဖုံးဝတုံးလို့မေးတော့ ကိလေသာက ဖုံး၊ ဒုက္ခသစ္စာက ဖုံး.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒီ....အဖုံးနှစ်ခု မဖွင့်နိုင်တဲ့ပုဂ္ဂိုလ် ဦးသန်းမောင်က စဉ်းစားဉီးညွှန့်က ကဉ်းစား၊ ဘယ်နည်းနဲ့မှ နိဗ္ဗာန်မမြင်ရပါဘူး.... (မှန်ပါ့ဘုရား) မြင်ရပါ့မလား.... (မမြင်ရပါဘုရား)။

ဒီအဖုံးနှစ်ချက် ဖွင့်နိုင်တဲ့ ပုဂ္ဂိုလ်.... (မြင်ရပါတယ် ဘုရား) မြင်ရမယ်၊ မြင်တယ်ဆိုတာသည် ဒိဋ္ဌဓမ္မောဖြစ်တာ.... (မှန်ပါ့)

သဘောကျလား.... (ကျပါတယ်) 'ပတ္တဓမ္မော, ဝိဒိတဓမ္မော လို့ ဆုံးဖြတ်ချက်ချ၊ ဒါနိဗ္ဗာန် အစစ်ဘဲ.... (မှန်ပါ့ဘုရား) ပရိယောဂါဌဓမ္မော=ဥာဏ်ဖြင့် သက်ဝင်ပြီး သိတာဘဲ၊ ပြောသံကြား မဟုတ်တော့ဘူး.... (မှန်ပါ့) 'တိဏ္ဏဝိစိကိစ္ဆော'တဲ့=ယုံမှား ဝိစိကိစ္ဆာကင်းပြီး သိတာဘဲ၊ ဝိဂတကထံကထောတဲ့=ကင်းသော သံသယ ရှိပြီးမြင်တာဘဲ-တဲ့၊ 'ဝေသာရဇ္ဇပ္ပတ္တော'တဲ့.... ဟာ....ငါအပါယ်မကျဘူးဆိုတာ ဒီကိုမြင်လိုက်ယင် ငါ အပါယ်မကျဘူးလို့ တခါတည်း ရဲရဲတင်းတင်းဆိုတာ.... (မှန်ပါ့ဘုရား) သဘောကျပလား....(ကျပါပြီ)။

အပရပ္ပစ္စယောတဲ့= ဘုရားမှ တပါး တပါးသော ပုဂ္ဂိုလ် အကူအညီ ဒို့ပေးစရာ ဘာမှ မလိုဘူးဆိုတဲ့ဥစ္စာ ဖြစ်လာပါတယ်တဲ့....(မှန်ပါ့)။

ဒါ့ကြောင့် ယနေ့ညမှာ နိဗ္ဗာန်တလုံးတည်းကို တကာတကာမတွေ ဟောနေတာသည် နိဗ္ဗာန် လိုချင်ယင် ကိလေသာကို အရင် ဖေါက်ထွင်းရမယ်....(မှန်ပါ့ဘုရား) ကိလေသာ ဖေါက်ထွင်းမှ ဖြစ်ပျက် ဒုက္ခသစ္စာ တွေ့မယ်....(မှန်ပါ့)။

အဲဒီ့ ဒုက္ခသစ္စာကို ဖေါက်ထွင်းပြီး မလိုချင်တဲ့ဥာဏ် လာတော့မှ ဒုက္ခက ကွာပြီး သုခက ဒီဘက်က ထိုးပြတယ်.... (မှန်ပါ့ဘုရား) သဘောပါလား....(ပါ-ပါပြီ)။

ဒါတွေဟာ အင်မတန် အရေးမကြီးဘူးလား.... (ကြီးပါတယ်ဘုရား) ဒါဖြင့် တရားလဲ နိဂုံးချုပ်ပါတော့မယ်၊ တကာတကာမတို့ နိဗ္ဗာန်မှာ ဘယ်နှစ်ချက် ဖုံးနေသတုံး.... (နှစ်ချက်ဖုံး

နေ့ပါတယ်ဘုရား) ကိလေသာက တချက်....(မှန်ပါ့) ဒုက္ခသစ္စာက.... (တချက်ပါဘုရား) ဒုက္ခတချက် ဖုံးနေတော့ ဒုက္ခဆုံးမှတ္တမ္ဘာကိုး....(မှန်ပါ့)။

ဒါဖြင့် တကာ ဘကာမတို့ ပဋ္ဌမရှေးဦးစွာက အကြီးဆုံးရန်သူ ကိလေသာ.... (မှန်ပါ့) နောက် ဒုတိယ ရန်သူက ဒုက္ခသစ္စာမသိလို့ ဒုက္ခသစ္စာကို တခါတည်း မဝေဘန်နိုင်တာနဲ့ ဒုတိယရန်သူကလဲ လာဖုံးတာဘဲ.... (မှန်ပါ့) ဘယ်သူ့ လာဖုံးသလဲ.... (နိုဗ္ဗာန်လာဖုံးပါတယ်)။

နိုဗ္ဗာန် ဖုံးနေတော့ ဒါဖြင့် ခင်ဗျားတို့ ရှေးဦးစွာ ကိလေသာရန်သူကို အောင်ပွဲယူလိုက်ပါ....(မှန်ပါ့) ပြီးတော့မှ ဒုက္ခသစ္စာကြီးကိုလဲ ခင်ဗျားတို့ ဖယ်နိုင် ရှားနိုင်တဲ့ ဉာဏ်နဲ့ ဒုတိယအလုပ်လုပ်ပါဦး....(မှန်လှပါ) ဒါမှသာလျှင် ဒုက္ခအဆုံး နိုဗ္ဗာန် တွေ့မယ်....(မှန်ပါ့) နို့ မို့ လို့ရှိယင်....(မတွေ့ပါဘုရား)။

ဒါဖြင့် ဒီနေ့ည တရားမှာဖြင့် သြော်....ဖြစ်ပျက် မမြင်သေးယင် ကိလေသာရန်သူ မနိုင်သေး.... (မှန်ပါ့) နိုဗ္ဗာန် မမြင်သေးယင် ဒုက္ခ မပိုင်းခြားနိုင်သေး.... (မှန်ပါ့) သဘောပါပလား.... (ပါ-ပါပြီ)။

ဖြစ်ပျက် မမြင်သေးယင်....(ကိလေသာ မနိုင်သေး) ကိလေသာ ရန်သူ မနိုင်သေးလို့မှတ်ပါ.... (မှန်ပါ့) ရှင်းပလား.... (ရှင်ပါပြီ)။

ကဲ....ဖြစ်ပျက်တော့ မြင်ပြီ၊ နိုဗ္ဗာန် မမြင်သေးဘူး ဘုရာ့ဆိုတော့ ဘယ်နှယ် ဖြေကြမလဲ .... (ဒုက္ခ မပိုင်းခြား နိုင်သေးလို့ပါ)။

ဒုက္ခကို ခင်ဗျားတို့ ပိုင်ပိုင်နိုင်နိုင် မသိသေးလို့.... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ) ကိလေသာ ရန်သူလဲနိုင်၊ ဒုက္ခကိုလဲ ပိုင်ပိုင်နိုင်နိုင် သိမယ်ဆိုယင် နိဗ္ဗာန်ဟာ အနီးကလေး ကပ်နေတယ်....(မှန်ပါ့)သဘောပါပလား....(ပါ-ပါပြီ)။

ဒါဖြင့် ဒီနေ့ည အားထုတ်ကြ ကိလေသာရန်သူ နိုင်အောင် (မှန်ပါ့)' သူ့ကို နိုင်ပြီးလို့ရှိယင်ဖြင့် ဒုက္ခတွေ့ပြီ.... (မှန်ပါ့) ဒုက္ခတွေ့ပြီးသကာလ မင်းဒုက္ခအစစ်ဘဲဆိုတဲ့ ဉာဏ်ဖြစ်အောင် လုပ်လိုက်လို့ရှိယင် ဒုက္ခချုပ်ယင် 'ဒုက္ခဿ အန္တံ ကရိဿတိ' ဒုက္ခဿ=ဒုက္ခ၏၊ အန္တံ=အဆုံးဖြစ်တဲ့ နိဗ္ဗာန်ကို၊ ကရိဿတိ-သစ္ဆိကရိဿတိ= မင်းတို့ သေသေချာချာ မြင်ရမယ်၊ မျက်မှောက်ပြုနိုင်ရမယ်....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီ)။

ကဲ....ဒီနေ့ည ဒီတွင် တော်ကြဦးစို့။

သာဓု....သာဓု....သာဓု

အမရပူရမြို့ မဂ်လာတိုက်ဟောင်းတွင်

ကျေးဇူးတော်ရှင် — အဂ္ဂမဟာ ပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရား

အမရပူရမြို့ မဂ်လာရိပ်သာကျောင်းပေါ်၌

ဟောကြားတော်မူသော

ညှ အလုပ်ပေး တရားတော်

(၁၇ - ၁၁ - ၆၁)

တကာ တကာမတို့ ဒီဥစ္စာ အလုပ်သင်တရားလို့ မှတ်ကြပါ။ အလုပ်သင်တရားဆိုတာက ဘုရားကိုယ်တိုင်ကာဘဲ ဒီလို လုပ်လို့ ပြောခဲ့တဲ့ တရား-ဟု မှတ်ပါ။။

ဘုရားကိုယ်က ဒီလို လုပ်လို့ မှာခဲ့တယ်၊ ဘယ်လိုမှာခဲ့သတုံးဆို ငါဟောထားတဲ့ တရားက ရုပ်နာမ်ခန္ဓာရယ်, သစ္စာရယ်, ပဋိစ္စသမုပ္ပါဒ်ရယ်, ပဋ္ဌာန်းရယ် ဒါ ငါဟောထားခဲ့တယ်။။

ဘယ်ပါဋိတော်က ပြောပါလိမ့် မတုံးဆိုတော့ ' သ္မာကဉ္စာတော ဘဂဝတာ ဓမ္မော ' ဘဂဝတာ= မြတ်စွာဘုရားသခင်ကိုယ်တော် မြတ်ကြီးသည်၊ ဓမ္မော=တရားကို၊ သ္မာကဉ္စာတော= သုအာက္ခာတော=ကောင်းစွာ နိဗ္ဗာန်ရောက်အောင်ဘဲ ဟောထားခဲ့တယ်။။

အဲဒီ ဟောထားတဲ့ တရားကို ရုပ်နာမ်တွေ ငါ ဟောထားခဲ့တယ်၊ ခန္ဓာကိုယ်ကြီး ဒုက္ခသစ္စာလို့ ငါ ဟောထားခဲ့တယ်၊ အဲဒီ

လို ဟောထားတဲ့ တရားကို မင်းတို့က သန့်ဦးကော= ကိုယ်တိုင်မြင်အောင်လုပ်ပါ။

ကောင်းစွာ ဟောထားတဲ့တရားကို ဘာလုပ်ကြရမယ်.... (ကိုယ်တိုင်မြင်အောင် လုပ်ရမှာပါဘုရား)။

ကောင်းစွာ ဟောထားတဲ့တရား ကိုယ်တိုင်မြင်အောင် လုပ်ရမှာ၊ စာဖတ်နေလို့ ရွတ်နေလို့တော့ မဖြစ်ဘူး.... (မှန်ပါ့ဘုရား)။

ကောင်းစွာ ဟောထားတဲ့ တရားကို ဦးသန်းမောင် ကိုယ်တိုင်မြင်အောင် လုပ်ရမှာ စာအုပ်ထဲကြည့်နေတော့ မရဘူး.... (မရပါဘုရား)။

အဲဒီတော့ ဒီရုပ်နာမ် ခန္ဓာထဲမှာ ဘာတွေရှိသတုံး မေးတော့ ဒုက္ခသစ္စာရှိတယ်၊ ပဋိစ္စသမုပ္ပါဒ် အကြောင်းအကျိုးတွေရှိတယ်၊ ပဋ္ဌာန်း အကျိုးအကြောင်းတွေရှိတယ်၊ ဒါတွေဘဲ၊ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက သူမေးတာ ကြည့်ပါလား—ဟေ့....ရုပ်ဟာ အနိစ္စလား--နိစ္စလား....၊ ရဟန်းတွေက ဖြေကြတယ်၊ ရုပ်ဟာ အနိစ္စပါဘုရားဆိုတော့ သူ့တို့ခန္ဓာ သူကြည့်ပြီး ဖြေကြတာ....(မှန်ပါ့ဘုရား)။

အဲ....ကောင်းစွာ ဟောထားတဲ့ တရားတွေက ခန္ဓာကိုယ်ထဲမှာ၊ အဲဒါကို ကောင်းစွာ ဟောထားတဲ့ တရားတွေကို ခင်ဗျားတို့က သန့်ဦးကော=ကိုယ်တိုင်မြင်အောင် လုပ်ပါ။

နောက်က တကာ တကာမတွေ ပေါ့ပေါ့ဆဆ မနာပါနဲ့ ဒီတရားကို၊ ကောင်းစွာ ဟောထားတဲ့ တရားကို ဘာလုပ်ကြရမှာတုံး....(ကိုယ်တိုင်မြင်အောင် လုပ်ရမှာပါ)။

ကိုယ်တိုင် မြင်အောင် လုပ်ရမယ်.... (မှန်ပါ့)ကိုယ်တိုင်မြင်အောင်လုပ်ရမယ်လို့ ဆိုတာ သေသေချာချာမှတ်ပါ.... (မှန်ပါ့ဘုရား)။

ကောင်းစွာ ဟောထားတဲ့ တရားကို ကိုယ်တိုင် မြင်အောင် လုပ်၊ ကိုယ်တိုင်တော့ တပည့်တော် ကြည့်မှာဘဲဘုရား၊ ပညာနဲ့ ကြည့်ဘို့ပါဘဲ-- ပဿိတဖွေ ဆိုတဲ့အတိုင်း ပညာနဲ့ ကြည့်ဘို့ပါဘဲလို့.... မြတ်စွာဘုရား ကောင်းစွာ ဟောထားတဲ့ ခန္ဓာကိုယ်ကြီးကို သန္ဒိဋ္ဌကောနဲ့ ကိုယ်တိုင် မြင်အောင် ကြည့်ပါ ဆိုတာကို ဦးသံဒိုင်တို့ ဦးသန်းမောင်တို့ မှတ်ရလိမ့်မယ်.... (မှန်ပါဘုရား)။

ဒါ အသုံးမချတတ်တာနဲ့ ခင်ဗျားတို့ နိဗ္ဗာန်နဲ့ ဝေးနေတာ (မှန်ပါဘုရား) အသုံးချတတ်လို့ရှိယင် နိဗ္ဗာန်နဲ့ ဝေးစရာ မလိုဘူး.... (မလိုပါဘုရား) ငယ်ငယ်တုန်းက ရတဲ့စာ၊ သဘောကျပလား.... (ကျပါပြီ) ဘယ်တုန်းက ရခဲ့သလဲ....(ငယ်ငယ်တုန်းက ရတဲ့စာပါ)။

အဲဒါကြောင့် ဆရာဘုန်းကြီးက ပြောတယ်၊ ခင်ဗျားတို့ဟာ ရွှတ်ဖတ်ပြီး ဘုရား လက်အုပ်ချီနေတာဘဲ ရှိတာဘဲ၊ ရွှတ်ဖတ်ပြီး ဘုရား လက်အုပ် ချီနေလို့ရှိယင် သမထသာ ဖြစ်ပါတယ်၊ ဓမ္မာနုဿတိ ဖြစ်ပါတယ်လို့ ဟောလိုက်တယ်.... (မှန်ပါဘုရား)။

ဘုရားက ဓမ္မာနုဿတိ ဖြစ်စေချင်တာလား၊ သန္ဒိဋ္ဌကောကို ဆောက်ကြည့်၊ ဦးသံဒိုင် သန္ဒိဋ္ဌကော ထောက်ကြည့်တော့ရွှတ် ဘို့တဲ့လား.... ရွှဘို့တဲ့လား.... (ရွှဘို့ပါဘုရား) ဘယ်ပါဦ့တော်က ဟောထားပါလိမ့်မ့်....(သန္ဒိဋ္ဌကောပါဘုရား)။

သန္ဒိဋ္ဌိကော- သာမံပဿိတဗ္ဗော= ကိုယ်တိုင်မြင်အောင် လုပ်ကွာ....လို့ ဟောထားပါလျက်သားနဲ့ ခင်ဗျားတို့က လက်အုပ်ချီပြီး ရွတ်နေတော့ မရွတ်နဲ့လို့လဲ မဆိုပါဘူးတဲ့၊ ရွတ်ယင် သမထဖြစ်မှာဘဲ၊ ရှုယင် ဝိပဿနာဖြစ်မှာဘဲ....(မှန်ပါ့)မောင်ထွန်းရင် ရွတ်ယင်.... (သမထ ဖြစ်မှာပါဘုရား) ဓမ္မာနုဿတိ သမထ ဖြစ်ပါတယ်၊ ရှုယင်တော့ဖြင့်.... (ဝိပဿနာ ဖြစ်ပါတယ်)။

နို့....ဘုရားက ရှုလို့ဟောသလား - ရွတ်လို့ ဟောသလား--ဆိုတာကိုလဲ ခင်ဗျားတို့ တရားနာတဲ့လူတွေက၊ ဆုံးဖြတ်ချက်ချပါ....(ရှုလို့ဟောပါတယ်ဘုရား)။

'သန္ဒိဋ္ဌိကော-သာမံ ပဿိတဗ္ဗော'၊ သာမံ=ကိုယ်တိုင်၊ ပဿိတဗ္ဗော=မြင်အောင်ကြည့်ရမယ်လို့ ဟောထားတယ်- (မှန်ပါ့)။

ဒါကို ဦးသံဒိဉ်တို့ လူကြီးတွေက အရေးရှိ ကောက်ရွတ်.... အရေးရှိ ကောက်ရွတ်၊ ဦးသန်းမောင်ကြီးတို့က အာပေါက်အောင် ရွတ်နော်.... (မှန်ပါ့) အာပေါက်အောင် ရွတ်ရမှာတဲ့လား....၊ ဘုရားမှာတော်မူတာကလဲ စဉ်းစားပါဦး....(ရှုရမှာပါဘုရား)။

ကြည့်လေ.... 'သန္ဒိဋ္ဌိကော သာမံပဿိတဗ္ဗော'၊ သာမံ=ကိုယ်တိုင်၊ ပဿိတဗ္ဗော = မြင်အောင် ကြည့်ရမယ်ကွ.... ဆိုတော့ မောင်ထွန်းရင်တို့ လူစုံရှောင်နေတာကော သိပုလား....(သိပါပြီဘုရား) ဘယ်လိုသိသလဲ....(ရှောင်နေပါတယ်ဘုရား)။

ရှောင်နေတယ်၊ ဒါ သေသေချာချာ မတွေးလို့ ရှောင်နေတာ သေသေချာချာ မတွေးလို့ ရှောင်နေတာ.... (မှန်ပါ့) မင်းတို့ဥစ္စာ

ဘာနဲ့ တူနေသတုံးလို မေးလို့ရှိယင်ဖြင့် ကောက်ရကို သေစာ ပေးလိုက်တဲ့ဥစ္စာ ခါးပုံထဲ ထည့်ထား သလို ဖြစ်နေတယ်.... (မှန်ပါ့) သူ့သတ်ဘို့ ပေးလိုက်တဲ့စာ၊သူကစာမတတ်တော့ဒီစာ ကိုဘဲ ကျေးဇူးပြုပြီး သွားပေးသေးတယ်.... (မှန်ပါ့) ဒီလိုဖြစ် နေတယ်.... (မှန်ပါ့)။

ဒီလို ဖြစ်နေတာ၊ နည်းနည်းနောနော နစ်နာ တာလား.... အများကြီး နစ်နာ တာလား.... (အများကြီး နစ်နာတာပါ ဘုရား)။

ကဲ....ဒီနေ့က စ,ပြီး မူပြောင်းလိုက်ကြပါလို့ ဆိုတာ ကို သတိပေးလိုက်ပါတယ်.... (မှန်ပါ့) သန့်ဦဦကောဟာဘာလုပ်ရမှာ တုံး.... (ရှုရမှာပါဘုရား) ရှုရမယ်၊'သာမံ ပဿီတပ္ပေါ'၊ သာမံ= ကိုယ်တိုင်- (ကိုယ်တိုင်တောင် ပါလိုက်သေးတယ်) ပဿီတပ္ပေါ ရှုအပ်တဲ့ တရားက၊ ကိုယ်တိုင် ရှုအပ်တဲ့တရားလို့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဟောထားပါလျက်သားနဲ့ ခင်ဗျားတို့က ဓမ္မဂုဏော အနန္တောကို သဘော ကျပြီး သကာလ 'သာမံ ပဿီတပ္ပေါ' ကို ချိတ်ထားတယ်၊ ဦးသံဒိုင်တို့ ရှောပုံပြောပါ တယ်....(မှန်ပါ့ဘုရား)။

မရှောဘူးလား-ရှောသလား....(ရှောပါတယ်ဘုရား)ဦးသန်း မောင်ကော.... (ရှောပါတယ်ဘုရား) ရှောတယ်၊ ဒီ့ပြင် နေရာ ရှောတာက အရင်းရှုံးရုံဘဲရှိမယ် ဒီနေရာ ရှောတာက ဒုက္ခသိမ်း တဲ့နိဗ္ဗာန်ကို မရောက်ဘော့ဘူးနော် (မှန်ပါ့ဘုရား)ကဲ....မနာဘူး လား.... (နာပါတယ်ဘုရား) နာတယ်တဲ့၊....ကဲဒါဖြင့် သာမံပဿီ

တဖွေ=ကောင်းစွာ ဟောထားတဲ့တရားကို ကိုယ်တိုင်ရှုကြ၊ဒီနှစ်လုံးသိသွားပြီ....(မှန်ပါ)။

ကောင်းစွာဟောထားတဲ့ တရားကို .... (ကိုယ်တိုင်ရှုရမယ်) ကိုယ်တိုင်ရှုရမယ်၊ ကောင်းစွာ ဟောထားတာကဒီခန္ဓာထဲကလွတ်ပြီး ဟောထားတဲ့ တရားမရှိဘူး....(မှန်ပါ့) ဒုက္ခသစ္စာလဲ ဒီခန္ဓာထဲရှိတာဘဲ သမုဒယ သစ္စာလဲ ဒီခန္ဓာထဲ ရှိတာဘဲ ပဋိပဒါသမုပ္ပါဒ်ကလဲ ဒီခန္ဓာ ထဲမှာဘဲ၊ ဒီခန္ဓာ ဖြစ်စဉ်ကို ဆိုနေတာဘဲ....(မှန်ပါ့ဘုရား) ပဋိဘာန်းအကျိုး အကြောင်းဆိုတာလဲ ဒီခန္ဓာထဲ ဆိုနေတာဘဲ(မှန်ပါ့)။

အဲဒီတော့ ကောင်းစွာ ဟောထားတဲ့ တရားကို ကိုယ်တိုင်မြင်အောင် ကြည့်ပါလို့ ဘုရားကိုယ်က အလုပ်စဉ်ပေးထားခဲ့တာ(မှန်ပါ့ဘုရား)။

အဲဒီ အလုပ်စဉ်ပေးထားတာကို အလုပ်စဉ်ကလေးသနားပါဦးဘုရားဆိုတော့ အတော်ခက်နေတယ် မခက်ဘူးလား.... (ခက်ပါတယ်) အလုပ်ပေးထားတာကို ဘယ်နှယ်တုံး မင်းတို့က....(အလုပ်ပေးပါဦးတဲ့) အလုပ်စဉ်ပေးပါဦးဆိုတော့အတော်ခက်နေတာယ်။

ဒါဖြင့် ကိုယ့်ခါးပုံထဲထားတဲ့စာကိုယ် မဖတ်တတ်ဘူး....(မှန်ပါ့) ဒီလိုဖြစ်နေတယ်ဆိုတာ ဦးသန်းမောင် ရိပ်မိပလား....(ရိပ်မိပါပြီ)။

အဲဒီလောက်ကျအောင် ဆရာကောင်း၊ သမားကောင်းဝေးပြီဆိုမှဖြင့် တကာတကာမတွေ့မှာ နစ်နာမှု ကြီးထွား နေတယ်ဆို

တာ ဘာမှပြောဘို့မလိုတော့ဘူး.... (မှန်ပါ့ဘုရား) ပြောဘို့ လို သေးသလား....(မလိုပါဘုရား)။

မလိုတော့ဘူး-တဲ့ တခါ ဟောပြန်တယ်၊ မင်းတို့ကွာ....တဲ့ ကိုယ်တိုင်မြင်အောင် ဘယ်တရား ကြည့်ရမှာတုံး ဆိုတော့ ငါ ကောင်းစွာ ဟောထားတဲ့တရားကိုကြည့်ပါ....(မှန်ပါ့)။

ကောင်းစွာဟောထားတဲ့တရားတွေက အမျှားကြီးဘဲ ဘယ် တရားကြည့်ရမှာတုံး၊ ကောင်းစွာ ဟောထားတဲ့ တရားတွေကလဲ မြတ်စွာဘုရားဟောတော်မူတဲ့တရား မကောင်းတာ တခုမှ မပါ ဘူး၊ ,ကောင်းတာတွေချည်းဘဲ ဟောထားတယ် ဆိုတော့.... ကွာ....တဲ့ ငါသေသေချာချာ ရှင်းပြပါ့မယ်တဲ့၊ ဘယ်လိုရှင်းပြ သတုံးဆိုတော့ ဟိုပဿိကော ခေါ်လို့ရှိယင် သန့်ဥကောနဲ့ လိုက်ပေးပါတဲ့....(မှန်ပါ့)။

ဟိုပဿိကော ခေါ်ရာကို.... (သန့်ဥကောနဲ့ လိုက်ရပါမယ် ဘုရား)။

ကောင်းပြီ၊ ဟိ = လာခဲ့ပါ၊ပဿ=ရှုပါလို့ ခန္ဓာထဲကတရား တွေက ခေါ်ပါလိမ့်မယ်....တဲ့.... (မှန်ပါ့) အဲဒါကို သာမံပဿိ တဗ္ဗောဆိုတဲ့ ဥာဏ်နဲ့လိုက်ပေးပါ.... (မှန်ပါ့) ခန္ဓာကခေါ်ရာ ကို....(ဥာဏ်နဲ့လိုက်ပေးပါ)။

ဥာဏ်နဲ့လိုက်ပေးပါလို့ ဆိုတဲ့ဥစ္စာကို အဂုံတို့ရ် ပါဠိတော် ကြီးမျှားမှာလဲ အသေအချာလာတယ်- သန့်ဥကော—သန့်ဥကော ဆိုတာ ဘာတုံးဘုရာ့....လို့ ဥပဝါဏတို့ကမျှား မေးတဲ့အခါကျ တော့- မင်းသန္တာန်၌ လောဘဖြစ်တာကို လောဘဖြစ်တယ်လို့

လိုက်ပါလား....ကွ၊ ဒေါသဖြစ်- ဒေါသဆီလိုက်ပါလား....ကွ.... (မှန်ပါ့)။

လိုက်-လိုက်လို့ရှိယင် ဘုန်းကြီးက အသိဉာဏ် တကာတကာမ တွေ့ကုန်အောင်ပြောလိုက်တော့ လိုက်ယင်မရှိဘူး ဆိုတာကို တွေ့ ရမယ်....(မှန်ပါ့ဘုရား)။

လိုက်ယင်....(မရှိပါဘုရား) လိုက်ယင်မရှိဘူးဆိုတာကို ယနေ့ ရှင်းပြရမှာလား.... ခေါ်တဲ့တရားက ခေါ်ခေါ်ပျောက်ပျောက် (မှန်ပါ့) လိုက်တဲ့တရားက လိုက်တဲ့အချိန်မှာ ခေါ်လဲခေါ်ပျောက်လဲပျောက်တာကိုလဲ တွေ့ရမယ်-ဆိုတော့ အနိစ္စတွေ့ရမယ်....(မှန်ပါ့) မောင်သစ် သဘောကျလား.... (ကျပါတယ်)။

ဒါဖြင့် လိုက်သာလိုက်ကြည့် လိုက်ကြည့်တော့မရှိတာဘဲတွေ့ မယ်....(မှန်ပါ့) ဘယ်လိုမရှိတာတုံးလို့ မေးတဲ့အခါကျမှ ရှိရာက မရှိတာတွေ့ပါလိမ့်မယ်....(မှန်ပါ့) မောင်ထွန်းရင် ဘယ်ဟာ တွေ့မလဲ.... (ရှိရာက—မရှိတာတွေ့ပါမယ်) ရှိရာက- မရှိတာကို တွေ့မယ် အယင်က ခေါ်တုံးက သူရှိမယ် နောက် သေသေ ချာချာလိုက်တဲ့အခါကျတော့ ကျုပ်သေပြီဆိုတာ သူကဘဲပြော ပါလိမ့်မည်....(မှန်ပါ့) မပြောဘူးလား....(ပြောပါတယ်)။

အဲဒီတော့ ဟုတ္တာ အဘာဝဋ္ဌနအနိစ္စ။ ဟုတ္တာ=ခေါ်ပြီး၍ အဘာဝဋ္ဌန=လိုက်တော့ မရှိခြင်းသည်ပင်လျှင်အနိစ္စ=အနိစ္စဘဲ ဒါသဘောအနက်လို့မှတ်ပါ....နော်....(မှန်ပါ့ဘုရား)။

ဟုတ္တာ=ခေါ်ပြီး၍....တဲ့ ခေါ်လဲခေါ်တယ် ခန္ဓာကိုယ်က ခေါ်တယ်၊ ယားယင်လဲ ဖျောက်ပေးပါ မခေါ်ကြဘူးလား.... (ခေါ်ပါတယ်ဘုရား) အင်း-ဟင်.... နာလို့ရှိယင် နာတဲ့နေရာ

ဦးတည့်ပါမခေါ်ဘူးလား.... (ခေါ်ပါတယ်) ကောင်းယင်ကော ကောင်းတဲ့နေရာ ဦးတည့်ပါလို့ ဟိပဿိကောက ခေါ်ပါတယ်....(မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီ)။

ခင်ဗျားတို့က မနေ့ကပြောသလို တဏှာနဲ့လိုက်၊ ဒေါသနဲ့လိုက်၊ မောဟနဲ့လိုက်ပြီး သကာလနေတော့ကို ပဋိစ္စ သမုပ္ပါဒ်သာ တန်းသွားတယ် မပြတ်ဘူး....(မှန်ပါ့) အလိုက်လဲနေတယ် (မှန်ပါ့) မလဲဘူးလား....(လဲပါတယ်ဘုရား)။

တဏှာနဲ့ လိုက်တယ်ဆိုတာ အယားပြေချင်တဲ့ တဏှာ.... (မှန်ပါ့)ဒေါသနဲ့လိုက်တယ်ဆိုတာ-ယားဘဲယားလှန်းလှတယ် ဆိုပြီး ဒေါသနဲ့ကုတ်တာတွေ ဒါက ဒေါသနဲ့လိုက်တာ....(မှန်ပါ့) မောဟနဲ့ လိုက်တယ်ဆိုတာကတော့ ဘာမျှး ဖြစ်ပါလိမ့်မတုံး ဆိုပြီးလိုက်တာ အဲဒါ ယုံမှားဝိစိကိစ္ဆာနဲ့လိုက်တာ....(မှန်လှပါ)။

ဒါ ဘာနဲ့လိုက်တာလဲ....(ဝိစိကိစ္ဆာနဲ့လိုက်တာပါ) ဝိစိကိစ္ဆာ ဆိုတာ မောဟနဲ့ယှဉ်လို့ မောဟလို့မှတ်လိုက်ပါ.... (မှန်ပါ့) ဘာမျှးဖြစ်ချင်လို့ပါလိမ့်မတုံး ဒီနေရာကနာလိုက်တာ ဒီနေရာကယားလိုက်တာ ဒီနေရာက ကောင်းလိုက်တာ ဘာမျှးဖြစ်ချင်လို့ပါလိမ့်မတုံးဆိုပြီးလိုက်တော့ မောဟနဲ့လိုက်တာ သေသေချာချာမှတ်ပါ ဒါသဘောချည်းဘဲလို့ မှတ်ပါ....(မှန်ပါ့)။

အဲဒီတော့ နောက်က ယောဂီတွေ၊ သီလရင်တွေရော အားထုတ်နေတဲ့ တကာ-တကာမတွေရော လက်နဲ့မလိုက်နဲ့ ဉာဏ်နဲ့လိုက်ပါလို့ ဆုံးမလိုက်တယ်....(မှန်ပါ့ဘုရား) လက်နဲ့....(မလိုက်ရပါဘုရား) ဘာနဲ့လိုက်ရမတုံး.... (ဉာဏ်နဲ့လိုက်ရပါမယ်)။

ညာဏ်နဲ့လိုက်၊ ကိုယ်ပေါ်မှာ ယား—ယားတဲ့နေရာ ညာဏ်နဲ့လိုက်၊ နာ-နာတဲ့နေရာ ညာဏ်နဲ့လိုက်၊ ကောင်း- ကောင်းတဲ့နေရာ ညာဏ်နဲ့လိုက်။

ထိုကဲ့သို့လိုက်-လိုက်ပြီဆိုမှဖြင့် ခေါ်ခေါ်ပျောက်ပျောက်ဖြစ်သောကြောင့် ခေါ်တဲ့တရားက ခင်ဗျားတို့ကို ကျုပ်ဟာ အနိစ္စပါဘဲလို့ သူကပြောသွားလိမ့်မယ်....(မှန်လှုပါဘုရား)။

ဦးသံဒိုင်- ဘယ်သူက ပြောမတုံး.... (အနိစ္စကပြောပါတယ်) အနိစ္စခေါ်တဲ့တရားက ပြောတယ်.... (မှန်ပါဘုရား) ဦးသန်းမောင်- ဘယ်သူကပြောသတုံး.... (ခေါ်တဲ့တရားကပြောပါတယ်ဘုရား) ခေါ်တဲ့တရားက ပြောမယ်၊ ခေါ်တဲ့တရားက ပြောပြီးသကာလ သွားတော့ကို ကျုပ်တို့မှာ အနိစ္စရှာစရာလိုသေးသလား-လို့-ဆိုတော့ တကာ တကာမတို့ ခေါ်ရာကို ညာဏ်နဲ့သာ လိုက်လို့ရှိယင်ဖြင့် အနိစ္စက ခေါ်သမား၊ ညာဏ်က လိုက်သမား နှစ်ခုသာ တွဲဖြစ်လို့ရှိယင်ဖြင့် ကိလေသာ မလာတော့ပါဘူး....(မှန်လှုပါ)။

လောဘ ကိလေသာ လာသေးရဲ့လား.... (မလာပါဘုရား) ဒေါသ ကိလေသာ....(မလာပါဘုရား) မောဟ ကိလေသာ.... (မလာပါဘုရား) မလာပါဘူးတဲ့၊ ဒါဘာကြောင့်တုံးဆိုယင် သာမံ=ကိုယ်တိုင်၊ ပဿိတပ္ပေါ=ရှုလိုက်တဲ့အတွက်၊ ဟိုပဿိကော ခေါ်ရာကို သန္ဒိဋ္ဌကောနဲ့ လိုက်-လိုက်တဲ့အတွက် အလွန်ကျေးဇူးမျှားသွားတယ်လို့ အလုပ်သမားမှာ မှတ်ပါ....(မှန်ပါဘုရား)။

ဒီလို ဉာဏ်နဲ့ လိုက်လိုက်တဲ့အခါကျတော့ ကျေးဇူး ပြော စမ်းပါဦးလို့ မေးတဲ့အခါကျတော့ အို....အကာလိကောဟော့.... (မှန်ပါ့) ဦးသန်းမောင် ဘာတဲ့ (အကာလိကောပါဘုရား) အကာလိကောက မြန်မာလိုပြန်ကြဆိုတော့ အခု အကျိုးပေး တယ်ကွ....(မှန်ပါ့)ယခု အကျိုးပေးတယ်ကွ....။ အကာလိကော အဓိပ္ပါယ်က....(မှန်ပါ့ဘုရား) ယခု အကျိုးပေးတယ်ကွ....၊ဦးသံ ဒိုင် ဒီအတိုင်း ပြောတာဘဲ....(မှန်ပါ့ဘုရား)။

ပေး—မပေး ကျုပ်တို့က စီစစ်တာပေါ့။ ဘုရားကတော့ ဟော ထားပြီ၊ ကိုယ်က နားမလည်သေးတော့ အကျိုးပေးသလား....၊ မပေးဘူးလားဆိုတာ လိုက်ကြည့်တော့ ဟိုပဿိကော ခေါ် ရာကို သန္ဒိဋ္ဌိကောနဲ့ လိုက်လိုက်တော့ ဉာဏ်နဲ့ လိုက်လိုက်တဲ့ အတွက် ခုနင်က တဏှာနဲ့ လိုက်မည့် တဏှာလဲ ချုပ်တယ်၊ ဒေါသနဲ့လိုက်မည့် ဒေါသကော.... (ချုပ်ပါတယ် ဘုရား) မောဟနဲ့-- သံသယနဲ့ လိုက်လိုက်တာကော .... (ချုပ်ပါတယ် ဘုရား)။

ဒါဖြင့် လောဘ, ဒေါသ, မောဟချုပ်တာ နိဗ္ဗာန်ခေါ် တယ်.... (မှန်ပါ့ဘုရား) လောဘ, ဒေါသ, မောဟ ချုပ်တာကို.... (နိဗ္ဗာန်ခေါ်ပါတယ်ဘုရား) နိဗ္ဗာန်ခေါ်ပါတယ်....တဲ့၊ ဒါဖြင့် ဒီ တကာ တကာမတွေမှာ နိဗ္ဗာန်အနီးကလေး ဖြစ်ပါ လျက်သားနဲ့ ခေါ်ရာ မလိုက်တတ်တာနဲ့၊ အလိုက်မှားနေတာ နဲ့၊ မလိုက်တတ်တာက တမျိုး၊ အလိုက်မှားတာက တမျိုး၊ ဒီနှစ်မျိုး အပြစ်သင့်နေတာနဲ့ အကာလိကော အခါ မလင့် အကျိုးပေးတဲ့ နိဗ္ဗာန်ကို မရဘဲ ဖြစ်သွားတယ်.... (မှန်ပါ့ဘုရား)

သဘောကျပလား.... (ကျပါပြီ) အခါမလင့် အကျိုးပေးတဲ့ နိဗ္ဗာန်ကို....(မရဘဲဖြစ်သွားပါတယ်)။

ဘာဖြစ်လို့တုံး....တဲ့၊ အလိုက်မှား—လိုက်သောကြောင့်၎င်း၊ မလိုက်တတ်သောကြောင့်၎င်း၊ ဒီနှစ်ပြစ် ခင်ဗျားတို့မှာ သင့်နေတယ်....(မှန်ပါ့) မသင့်ဘူးလား....(သင့်ပါတယ်ဘုရား)။

အလိုက်မှား လိုက်သောကြောင့်၎င်း....(မှန်ပါ့) အလိုက်မှား လိုက်တော့ ပဋိစ္စသမုပ္ပါဒ်နဲ့ လိုက်တာဘဲ....(မှန်ပါ့) အလိုက်မှား လိုက်ပြန်တော့လဲ သံသရာရှည်တယ်၊ မလိုက်တတ်ပြန်တော့လဲ အဝိဇ္ဇာဆိုတဲ့ ပဋိစ္စသမုပ္ပါဒ်စ,ပြီး ပေါ်လာပြန်တယ်.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ တကာ တကာမတွေ့ ယနေ့က စ,ပြီး သကာလ ဟိ=လာခဲ့ပါ။ ပဿ=ရှုပါလို့ ခန္ဓာကဖြင့် အမျိုးမျိုးခေါ်ပါလိမ့်မယ်၊ ခင်ဗျားတို့က လောဘ, ဒေါသ,မောဟနဲ့ မလိုက်ဘဲနဲ့ သာမံပဿိတဇ္ဈောဆိုတဲ့ ကိုယ်တိုင်မြင်တဲ့ ဉာဏ်နဲ့ လိုက်ပေးလိုက်စမ်းပါ....(မှန်ပါဘုရား) လိုက်-လိုက်လို့ရှိယင် ဖြင့် အကာလိကော ဆိုတာဟာ အခါမလင့် အကျိုးပေးတယ်ဆိုတဲ့ ဥစ္စာသည် ခင်ဗျားတို့ကို အခု ပြောပြီးတဲ့အတွက် ဦးသန်းမောင်တို့ ရှင်းပါပြီ.... (ရှင်းပါပြီဘုရား) မရှင်းပေဘူးလား.... (ရှင်းပါပြီဘုရား) ဒါ ကျောင်းတုန်းကလဲ ပြောခဲ့တဲ့အတွက် ရှင်းလောက်ပါပြီ....တဲ့။

ကောင်းပြီ ဒါဖြင့် ဝိပဿနာအလုပ် ဘယ်သူ ဟောခဲ့သတုံးလို့ မေးလို့ရှိယင် ဦးသံဒိုင် ဖြေစမ်းပါ၊ ဝိပဿနာအလုပ် ဘယ်သူ ဟောခဲ့သတုံး....(ဘုရား ဟောခဲ့ပါဘယ်ဘုရား)။

ဘုရားကိုက ဟောခဲ့တာ....(မှန်ပါ့)ခင်ဗျားတို့က အလုပ်စဉ် ပေးပါဦးလို့ တောင်းဘို့မလိုဘူး.... (မလိုပါဘုရား) ရပြီးသားထဲမှာ ပါပြီးသားဘဲ့....(မှန်ပါ့)။

သို့သော် အဓိပ္ပါယ်ကို ရှင်းအောင်က မသိလို့ ဘုရားလက်ထက်ကဘဲ့ ဥပဝါဏတို့က သန္ဒိဋ္ဌကော ရှင်းပေးပါဦးလို့ ဘုရားသွားလျောက်သေးတယ်....(မှန်ပါ့ဘုရား)။

အဲဒီတော့မှ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက မင်းသန္တာန်ဖြစ်တဲ့ လောဘစိတ်ကို မင်းမသိဘူးလား....တဲ့၊ မင်းသန္တာန်ဖြစ်တဲ့ ဒေါသ, မောဟ, ဣဿာ, မစ္ဆရိယ, မာနတွေ ဖြစ်တဲ့ အခါ မင်းမသိဘူးလား၊ အဲဒါ သန္ဒိဋ္ဌကောပေါ့ဘု၊ သေသေချာချာဟောတာ....(မှန်ပါ့)။

ဒါဖြင့် တကာ တကာမတွေ နိဗ္ဗာန်မရတာဖြင့် ဒီနှစ်ချက် မပိုင်လို့ဘဲ့....(မှန်လှပါဘုရား) ဆိုထိုက်သလားး.... (ဆိုထိုက်ပါတယ်ဘုရား)။

ဟေ့ ပဿိကော ခေါ်ရာကို သန္ဒိဋ္ဌကော မလိုက်တဲ့ အပြစ်ကြောင့် အကာလိကောအခါမလင့် အကျိုးပေးတဲ့ ပဋိစ္စသမုပ္ပါဒ်ပြတ်တဲ့ နိဗ္ဗာန်ကြီးကို မရဘူး....(မှန်ပါ့၊ မရပါဘုရား)။

ဦးသံဒိုင် ဘာဖြစ်တာတုံး- ဘာဖြစ်ကြတာတုံး၊ နိဗ္ဗာန်နဲ့ ဝေးနေတာ ဘယ်နှယ်ကြောင့် ဝေးနေကြတာလဲ....(ဟေ့ ပဿိကော ခေါ်ရာကို သန္ဒိဋ္ဌကောနဲ့ မလိုက်လို့ပါ) မလိုက်တော့ အကာလိကောက အကျိုး မပေး ရသေးဘူး ဖြစ်နေတယ်....(မှန်ပါ့)။

ဟေပဿီကော ခေါ်ရာကို သန္ဒိဋ္ဌကောနဲ့ မလိုက်တဲ့အတွက် အကာလိကောဆိုတာ အခါမလင့် အကျိုးပေးချင်တဲ့ သဘော ဟာက ခင်ဗျားတို့ကိုက မပေးအောင် ကန့်ကွက်တာ....(မှန်ပါ့) တရားက မပေးတာလား....၊ ခင်ဗျားတို့က ကန့်ကွက်တာလား.... (တပည့်တော်တို့က ကန့်ကွက်တာပါဘုရား)။

ဩော်....ဒါဖြင့် နိဗ္ဗာန်ဝေးတဲ့ အပြစ်ဟာ ခင်ဗျားတို့၏ အပြစ်....(မှန်လှပါ) ရှင်းပလား....(ရှင်းပါပြီ)။

ကဲ....ဒါဖြင့် ယနေ့ညမှာ ဟေပဿီကော ခေါ်ရာကို သန္ဒိဋ္ဌကောနဲ့ လိုက်တတ်ပါမှကား အကာလိကော အခါမလင့် အကျိုးပေး၏-- ဆိုတဲ့ဥစ္စာသည် နိဗ္ဗာန်ကို ယူလိုက်.... (မှန်ပါ့) ပေါ်ပလား....(ပေါ်ပါပြီ)။

မောဟချုပ်လဲ နိဗ္ဗာန်ဘဲ၊ လောဘချုပ်ကော....(နိဗ္ဗာန်ပါ) ဒါဖြင့် ဒေါသချုပ်ကော.... (နိဗ္ဗာန်ပါ) နိဗ္ဗာန်ဆိုတာ ရာဂ, ဒေါသ, မောဟတို့၏ ချုပ်ငြိမ်းရာ နိဗ္ဗာန်ခေါ်တာကိုး-(မှန်ပါ့) ခင်ဗျားတို့ အလိုက်ကောင်းယင် ချက်ခြင်း ချုပ်ငြိမ်းတာဘဲ.... (မှန်ပါ့) အလိုက်မတတ်လို့ရှိယင် သူတို့ ထကြွလာတာဘဲ.... (မှန်ပါ့)။

ဒီဥစ္စာ မောင်သစ်-သေးသေးသိမ်သိမ်ကလေးရယ်လို့ မမှတ်ပါနဲ့.... (မှန်ပါ့) ဘုရားသခင် ကိုယ်တော်မြတ် လေးသစ္စေ့နဲ့ ကမ္ဘာတသိန်း ကာလပတ်လုံး ဖြည့်ဆည်းပူးလို့ ရတဲ့ သဗ္ဗညုတ ဉာဏ်တော်ကြီးနဲ့ ဒီလိုလုပ်ယင် ဒီလို ဖြစ်တယ်က .... လို့ကို ဟောထားတဲ့ဥစ္စာ ဦးသန်းမောင်တို့က ရှောင်တော်တော် လုပ်

နေလို့ မရတာ....(မှန်ပါ့ဘုရား) ခုတော့ ပေါ်ပါလား.... (ပေါ်ပါပြီ)။

စိတ်ထဲ လောဘစိတ်ကလေး ပေါ်လာတယ်၊ လောဘစိတ် ပေါ်တော့ ဒါ ဘာပါလိမ့်မတုံးလို့ မြန်မြန်လိုက်.... (မှန်ပါ့) မြန်မြန် လိုက်တော့ လောဘ စိတ်က ချုပ် သွားပြီ၊ လိုက်တဲ့ဉာဏ်က ဩဇာ....မရှိတာဘဲသူသွားတော့တယ်၊ ဒါဖြင့် လိုက်တဲ့ဉာဏ်သည် မရှိတာ သွားတော့တော့ အနိစ္စ သွားတော့တယ်.... (မှန်ပါ့) လိုက်တဲ့ဉာဏ်၊ ဘာတော့ပါလိမ့်.... (အနိစ္စ သွားတော့ပါတယ်)။

ခင်ဗျားတို့ အနိစ္စရှာနေကြတာဘဲ၊ မလိုက်တတ်လို့ အနိစ္စ မတွေ့တာ.... (မှန်ပါ့) လိုက်တတ်လို့ရှိယင်ဖြင့် ဘုရား ကတော့ ဖြင့်ကွာ.... မင်းတို့ခန္ဓာကိုယ်ကြီးဟာ သန်ရှ ခန္ဓာကိုယ်ကြီးပါ သဗ္ဗေသန်ရှာ အနိစ္စာပါကွာ.... မင်းတို့လိုက်သာ ကြည့်စမ်းပါ (မှန်ပါ့) သဘောပါလား.... (ပါပါပြီ)။

ခန္ဓာကိုယ်ကြီးက သဗ္ဗေသန်ရှာ အနိစ္စာ၊ (မှန်ပါ့) သဗ္ဗေသန်ရှာ အနိစ္စာ ခန္ဓာကိုယ်ကြီးကို ခင်ဗျားတို့က အမှန်အတိုင်း လိုက်ကြလို့ရှိယင်ဖြင့်.... တဲ့၊ ငါဟောထားသကွ အ ကာ လိ ကော.... အခါမလင့် အကျိုးပေးတယ်(မှန်ပါ့ဘုရား)ချက်ခြင်း နိဗ္ဗာန်ရမယ်....(မှန်ပါ့)။

ဒီတော့ ခင်ဗျားတို့က နိဗ္ဗာန်ကြီး ပေါ်လာ လိမ့်မယ်လို့ အောက်မေ့တယ်၊ မဟုတ်ပါဘူး၊ ပဋိစ္စ သမုပ္ပါဒ် အစက--စတာ ပြတ်တယ်၊ အလယ်ကစတာ ပြတ်တယ်၊ အဆုံးက ပတ်တာပြတ်တယ်....(မှန်ပါ့ဘုရား) နိဗ္ဗာန်ကြီး ပေါ်လာတာဆိုတော့တကာ

တကာမတွေက အကာလိကောကို နိဗ္ဗာန်တလုံးတည်း ယူထား တယ်....(မှန်ပါဘုရား)။

မဟုတ်ပါဘူးတဲ့.... ဒီအလိုက် ကောင်းတဲ့အတွက် နိဗ္ဗာန် ဆိုတဲ့ဥစ္စာ တခြား မဟုတ်ပါဘူး၊ ရာဂဒေါသ မောဟတို့၏ချုပ် တာကို ဦးသန်းမောင် ဘာခေါ်မတုံး.... (နိဗ္ဗာန်ခေါ်ပါတယ်) သန့်ဦးကောနဲ့ လိုက်တော့ မချုပ်ဘူးလား.... ချုပ်သလား..... (ချုပ်ပါတယ်ဘုရား)။

ဉာဏ်နဲ့လိုက် – လိုက်တဲ့အတွက် အဝိဇ္ဇာက ချုပ်တယ်..... မဟုတ်ဘူးလား.... (မှန်ပါ) ဉာဏ်နဲ့လိုက်--လိုက်တဲ့အတွက်ဉာဏ် ကဒေါသကိုလဲ ဖြတ်ပစ်လိုက်တယ်၊ မောဟကော(ဖြတ်ပါတယ်)

ဖြတ်ပစ်လိုက်တယ်ဆိုသဖြင့် သြော်.... ဒီဉာဏ်သည် ကားလို့ ဆိုယင်ဖြင့်.... မဂ်ဉာဏ်ဘဲ၊ဝိပဿနာ မဂ်ဉာဏ်ဘဲ၊ ဒီဝိပဿနာမဂ် ဉာဏ်သည် ကိလေသာကို ဖြတ်တယ်၊ ကိလေသာဖြတ်တော့ကို လေသာ မလာဘူး၊ ကိလေသာမလာတာဘာတုံးမေးတော့ဘယ့် နှယ်ဖြေကြမလဲ.... (နိဗ္ဗာန်ပါဘုရား)။

ခန္ဓာရှိနေလဲ သဉပါဒိဿေသ နိဗ္ဗာန်ဘဲ၊ ခန္ဓာ ချုပ်သွားလို့ ရှိယင် အနုပါဒိဿေသနိဗ္ဗာန် (မှန်ပါ) ရှင်းပလား (ရှင်းပါပြီ)။

ဒါဖြင့် နိဗ္ဗာန်ဝေးသလား-နီးသလား....(နီးပါတယ်ဘုရား) နီးလျက်နဲ့ မရောက်တာဟာ ကွေ့သွား နေလို့သာ မှတ်ပေတော့ (မှန်ပါဘုရား) ရိပ်မိပလား....(ရိပ်မိပါပြီ)။

ဦးသန်းမောင် နီးလျက်နဲ့ မရောက်တာ.... (ကွေ့သွားလို့ပါ ဘုရား) ကွေ့သွားတယ်၊ တဏှာနဲ့ ကွေ့လိုက်၊ အဝိဇ္ဇာနဲ့ကွေ့

လိုက်၊ သဘောကျပလား.... (ကျပါပြီ) ဒေါသနဲ့ ကွဲ့ကောက် လိုက်၊ ဒီလို မနေကြဘူးလား.... (နေပါတယ်ဘုရား)။

ဒါကြောင့် ကွဲ့ကောက်မှုကြောင့် မရောက်တာ ဆိုတာ ကိုလဲ့ တကာ့ တကာမတွေ့ ယနေ့ည ထူးထူး ခြားခြား မှတ်ပါ (မှန်ပါ့ဘုရား)။

ခင်ဗျားတို့က ကောက်ကျစ်တဲ့တရား နောက်ကို လိုက်နေတယ်(မှန်ပါ့)၊ ဒါကြောင့် နိဗ္ဗာန်ဝေးသွားတာ....(မှန်ပါ့)။

သူတို့က ကောက်ကျစ်တဲ့ တရားတွေ့ ကိလေသာကို ဘုရား သခင်ကိုယ်တော်မြတ်ကြီးက ကိလေသာလောက် ကောက်ကျစ် တာငါရှာမတွေ့ဘူးက္ခ....တဲ့၊ (မှန်ပါ့ဘုရား)၊ လိုက် လိုက်လို့ရှိ ယင် နိဗ္ဗာန်ပေါ်လာမှာ၊ သူကကောက်ကျစ်ပြီးလိုက်သွားတာ နဲ့ဘဲပဋိစ္စ သမုပ္ပါဒ်သာ ပြန်လည် လာတယ်.... (မှန်ပါ့ဘုရား) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့်ဒီက ရှေ့ကို ခင်ဗျားတို့ လိုက်တတ်ပေ့ — လိုက်တတ် ပေ့ ဖြစ်အောင် ခလေးလို မလုပ်ရဘူး (မှန်ပါ့)၊ မလုပ်လို့ရှိယင် ဒါတွေ့ ဘယ်လောက် အသက်ကြီး နေနေ လိုသေးတယ်ဘဲ အောက်မေ့ရတယ်(မှန်ပါ့ဘုရား)။

အသက်ကြီးတာ မကြီးတာ ခေါင်းဖြူတာ ခေါင်းနက်တာ ဒါလို့ရင်း မဟုတ်ပါဘူး၊ (မှန်ပါ့)လိုက်တတ်ပေ့ ဖြစ်အောင် တော့ လုပ်ရလိမ့်မယ် (မှန်ပါ့)၊ဦးသန်းမောင် ဘာလုပ်ရမလဲ..... (လိုက်တတ်ပေ့ ဖြစ်အောင် လုပ်ရပါမယ်)။

ခလေးတော့ကျတော့ ခင်ဗျားတို့က ကိုယ်ကပြေး ခလေးက နောက်ကလိုက် လိုက်တတ်သားဘဲ လိုက်တတ်သားဘဲနဲ့ ခလေးတော့ သင်တတ်တယ် (မှန်ပါ့)။

ခင်ဗျားတို့ကိုယ်တိုင် တကယ့်ဉာဏ်စခမ်း ကျတော့မှ မလိုက်တတ်ဘူးတဲ့ (မှန်ပါ့) ဘယ့်နှယ်တုံးဒီထဲလူကြီးကိုမပါဘူးက(မှန်ပါ့)ဒီလောက် ဆိုးဝါးနေတယ်ဆိုတာကော သိကြပလား (သိပါပြီဘုရား)။

ဒါ....ဘာလိုတာတုံးလို့ မေးတော့ ကလျာဏမိတ္တာ လိုသဉ်းတယ်.... (မှန်ပါ့) မေ့ကတည်းကတော့ ဘယ်သူမှ မတတ်ဘူးလိုက်နည်းကို....(မှန်ပါ့ဘုရား)။

ကလျာဏမိတ္တာ ဆိုတဲ့ သူတော်ကောင်းနဲ့ မပေါင်းသင်း ရလို့ကောင်းသောမိတ်ဆွေ ဉာဏ်ဖြောင့် ပေးတဲ့ပုဂ္ဂိုလ်နဲ့ မတွေ့သ၍ကာလပတ်လုံး ပါရမီ ဖြည့်ပြီးသားတွေတောင် အဟော သိက်ဖြစ်ရတယ်....(မှန်ပါ့ဘုရား) ရှင်းပလား....(ရှင်းပါပြီ)။

ပါရမီ ဖြည့်ပြီးသားတွေတောင်.... (အဟောသိက် ဖြစ်ရပါတယ်) ကြည့်ပါလား.... ပါရမီဖြည့်ပြီးသား .... အဇာတသတ်ဟာ သာမည ဖလသုတ် ဟောလို့ရှိယင် သူ ရဟန္တာ ဖြစ်မယ်.... (မှန်ပါ့) မလိုက်ကောင်းတဲ့ အလိုက်မတတ်ဘဲနဲ့ ဒေဝဒတ်နောက် လိုက်သွားတယ်၊ ဒေဝဒတ်ဟောတဲ့ တရားတွေ နောက် လိုက်သွားတဲ့အတွက် အဖေသတ်ပြီး လောဟကုမ္ဘီငရဲ သွားကျတယ် (မှန်ပါ့) အလိုက်လဲသွားတယ်....(မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ)။

ပါရမီတွေ ဘာဖြစ် သွားသ တုံး....လို့ မေး ဘို့ ကြုံ လာတယ်.... (မှန်ပါ့)၊ သာမညဖလသုတ် ဟောယင် သူသည် ကျွတ်ရတော့မှာကိုး သူ့ သုတ်ကိုး ဒီသုတ်ဟာ (မှန်ပါ့) သူ့ ဟောတဲ့သုတ်။ ဦးသန်းမောင် သို့ပေမဲ့ လောဟကုမ္ပဏီရဲ့ ကျသွား သေးတယ်၊ပါရမီတွေ ဆုံးပါပေါ့လား (မှန်ပါ့) ဘယ်နှယ်ဆိုကြ မယ်(ပါရမီတွေဆုံးပါတယ်ဘုရား) အဲဒါ ခင်ဗျားတို့က ပါရမီ ရှိယင် ဖြစ်မှာဘဲဆိုတာ မဟုတ်သေးဘူး ကလျာဏ မိတ်တကောင်း ဦးမှ (မှန်ပါ့ဘုရား)ရှင်းပလား....(ရှင်းပါပြီ)။

ပါရမီရှိယင် ဖြစ်မှာဘဲလို့မယူနဲ့.... ကလျာဏမိတ် တွေ့ဦးမှ (မှန်ပါ့ဘုရား) ပေါ်ကြပလား....(ပေါ်ပါပြီ)။

ပါရမီရှိယင်ကွာ ရုတာဘဲ....၊ အင်း....တလုံးဆဲ ပြောနေတယ် ဘယ်ဟုတ်လိမ့်မတုံး၊ ဘာဖြည့်စွက်ရမလဲ.... (ကလျာဏမိတ် ဖြည့် စွက်ရပါမယ်) ကလျာဏမိတ် ဖြည့်စွက်ရဦးမှာဗျ.... (မှန်ပါ့ ဘုရား) အဲဒီတော့ ခင်ဗျားတို့ ဒီရောက်ပြီး လာကြတာဟာ ခင် ဗျားတို့လဲလူ့ဘဝရတဲ့ပါရမီလဲပါပါတယ်၊ထိုက်တန်သလောက် လဲ ဗဟုသုတ ပါရမီကလေးတွေ ဖြည့်ကျင့်ကြပါတယ်၊ ဘာ့ ကြောင့် မဂ်ဉာဏ်,ဖိုလ်ဉာဏ် နိဗ္ဗာန် မမြင်သေးပါလိမ့်မတုံး ဆို တော့ ဦးသံဒိုင်ရေ.... လက်သည်ပေါ်ပြီ၊ ဘာလိုသွားသလဲ.... (ကလျာဏမိတ် လိုသွားပါတယ်)။

ဒါဖြင့် ကလျာဏမိတ်တွကို အခု ဆရာကောင်း သမားကောင်း နဲ့ ခင်ဗျားတို့ တွေ့ကြပါပြီ၊ ကလျာဏမိတ်တွနဲ့ တွေ့တော့ သြော်.... ပါရမီကရှိတယ်၊ ဆရာဘုန်းကြီးက ပြောထားတယ်၊ ကလျာဏ

မိတ္တလဲ ခေါင်းဆောင်ကောင်းလဲ တွေ့ထားပြီ၊ မဟုတ်ဘူးလား (မှန်ပါ့)။

အဲဒီတော့ကို....တဲ့ လှလဲတွေ့ပြီ၊ မြစ်ထဲလဲ ကူးမှလဲရောက် မယ်ဆိုတော့ လက်ကလေးတော့ ယက်ကြဦးမှ ကောင်းမယ်.... (မှန်ပါ့ဘုရား) မယက်ယင်တော့.... (မရပါဘုရား) မရဘူး..... ရိပ်မိပလား....(ရိပ်မိပါပြီ)။

ကိုယ့်အရေးက ဝီရိယကလေးတော့ စိုက်ပေးလိုက်ပါဦး..... (မှန်ပါ့) ဝီရိယကလေးမှ စိုက်မပေးလိုက်လို့ အိမ်ပြန်စောသွားယင်တော့ ငါးပါးမှောက်ပါဘဲကွာ.... (မှန်ပါ့ဘုရား) ရိပ်မိပလား....(ရိပ်မိပါပြီ)။

အိမ်ပြန်စောယင်.... (ငါးပါးမှောက်ဘဲ) ငါးပါးမှောက်ဘဲ....တဲ့ ဟိုဘက်ကမ်းမှ မရောက်သေးဘဲကိုးကွ.... (မှန်ပါ့ဘုရား) မနေ့ကတော့ ရထားနဲ့ပြောတယ်ကွ.... ဒီနေ့လှေနဲ့ပြောတယ်ကွ.... (မှန်ပါ့) မောင်ထွန်းရင်....မင်းကို စောင်းတယ်လို့တော့ အောက်မေ့မနေနဲ့၊ တကယ်ပြောတာသာ အောက်မေ့နော်....။

ကိုင်း- ဒါဖြင့်ကလျာဏမိတ္တ၏ကျေးဇူးဟာဘုရားဘယ်လိုမျှားချိုးမှမ်းလိုက်သတုံး၊ ပြောလိုက်သတုံးဆိုတော့ ရှင်သာရိပုတ္တရာတို့ ရှင်မောဂ္ဂလာန်တို့ တစ်သချေါနဲ့ ကမ္ဘာတသိန်း ပါရမီဖြည့်ပြီးသားကွ....ငါနဲ့မတွေ့ယင် သူတို့နှစ်ဦးလဲ ငါးပါးမှောက်တယ်.... (မှန်ပါ့) မှောက်ရမှာဘဲ၊ တိတ္တိသီဥည်းဆရာကြီးဆီ ကိုးကွယ်နေကြတာကိုး.... (မှန်ပါ့ဘုရား)။

ကိုင်း.... ဘာကိုးကွယ်နေကြသတုံး.... (သိဉ္ဇည်း ကိုးကွယ်နေကြပါတယ်) ကဲ....ပါပမိတ္တာနဲ့ သွားတွေ့နေတာယ်၊ အထွက်စောလို့ပါလားဗျာ.... (မှန်ပါ့)။

ဟိုက တိတ်တိတ်တွေ့ မူတည်မိယင် ဒီဘဝရှုံးတယ်.... (မှန်ပါ့) တစ်သခြေ်နဲ့ ကမ္ဘာတသိန်းရှုံးတယ်.... (မှန်ပါ့) ဘယ်လောက်နစ်နာသလဲ.... (နစ်နာပါတယ်) မနစ်နာဘူးလား.... (နစ်နာပါတယ်) နောက်တော့ ကလျာဏမိတ္တာ ဣန္ဒြေလဲ ကောင်းတယ်ဆိုတဲ့ အသေဇီမထေရ်ဆွမ်းခံလာတော့ ဣန္ဒြေသိက္ခာကို ကြည့်တဲ့ပြီး ဒီကိုယ်တော်မှာ တရားထူးရှိလိမ့်မယ်ဆိုပြီး သူက တိတ်တိတ်အဖြစ်နဲ့ ဆွမ်းခံတုံး ရှိသေးတယ်၊ အရှင်သာရိပုတ္တရာက.... (မှန်ပါ့) တိတ်တိအဖြစ်နဲ့ ကျုပ်တို့ အခု ဟိုဒင်းတွေလို့ ပေါ့လေအုန်းခွက်ကြီးတွေနဲ့ ဆွမ်းခံစားတုံး သပိတ် မဟုတ်သေးဘူး၊ တိတ်တိဘက်က ဒါဘဲ....(မှန်ပါ့)။

အဲဒါတွေနဲ့ ဆွမ်းခံစားနေတုံးမှာ အရှင် အသေဇီ မြင်တော့ ဒီပဋိပုဂ္ဂိုလ် ထူးပါကလား.... နေပုံ-ထိုင်ပုံ၊ အရှင်ဘုရား ဘယ်သူတပည့်တုံး.... ဂေါတမ တပည့်လား.... ဂေါတမ တပည့်ဖြင့် ဘုရား....တလုံးတပါဒ မကြားရဘူးလား....။

ကြားရုပါတယ်ဆိုပြီး **ယေမမှာ ဟေတုပဟာဝါ**.... ဆိုတာ ဟောလိုက်တာ အရှင်ဘုရား....တော်တော့ဘုရား၊ ဒါလောက်ဆိုရိပ်မိပါပြီ၊ အကြောင်းဖြစ်ယင် အကျိုးဖြစ်မယ်၊အကြောင်းချုပ်ယင် အကျိုးချုပ်မယ်....လို့ ဥာဏ်က ရှေ့တိုးသွားတယ်.... (မှန်ပါ့)။

အဲဒီမှာ ယေဓမ္မာ ဟေတုပ္ပဘဝါ....နဲ့ သောတာပန် တည် တာဘဲ၊ မြန်လိုက်တာ....(မှန်ပါ့ဘုရား)။

ကဲ....သူမပါတုံးကတော့ တိတ်တိဆရာကြီးဆီမှာ နှစ်ပေါင်း များစွာနေတုံးက ဦးသန်းမောင်.... ဘာကျေးဇူးများသတုံး.... (ဘာမှမများပါဘုရား)။

ပါပမိတ်နဲ့ ပါပက ယုတ်မာတာ၊ မိတ်က အဆွေခင်ပွန်း (မှန်ပါ့) ယုတ်မာတဲ့ အဆွေခင်ပွန်းနဲ့ ပေါင်းနေတော့ ကြည့်စမ်း ပါရမီပြည့်ပြီးသားလူ၊ ဒီဘဝ လက်ျာရုံဖြစ်ရမည့်လူတောင် ငုတ်နေတယ်.... (မှန်ပါ့)။

တခါဒီမှာဘဲ စုံစုံမြဲမြဲနေလိုက်မယ်ဆိုယင် တစ်သခ်ျပါရမီ ဖြည့်ပြီးသား ပါရမီကုသိုလ်တွေ ဦးသန်းမောင်.... အကုန် အ ဟောသိကံ ဖြစ်ရမယ်၊ ဘယ်လောက် ကြောက်စရာ ကောင်းသ တုံး.... (ကြောက်စရာ ကောင်းပါတယ်ဘုရား)။

ဒါဖြင့် ပါရမီရှိငြားသော်လည်း ပါရမီ့ထက် အရေးကြီး တာ ဘာတုံးဆိုတာ ယနေ့ည ပေါ်သွားပြီ(ပေါ်ပါပြီဘုရား) ဘာပေါ်သတုံး.... (ကလျာဏမိတ္တ ပေါ်ပါတယ် ဘုရား) ကလျာဏမိတ္တ၊ ရှင်းကြရဲလား နောက်ကလူတွေ.... (ရှင်းပါ တယ်ဘုရား) သူများရှင်းလို့ မရှင်းနဲ့၊ ကိုယ့်ဉာဏ်ထဲမှာ ကိုယ် ရှင်းပါစေ....(မှန်ပါ့ဘုရား)။

သူများရှင်းလို့ တပြိုင်တည်း ရှင်းလိုက်ရတာဘဲ၊ ကျုပ်တော့ ဖြင့် ဘယ်လို့....လို့ ဒီလိုမရှိစေနဲ့.... (မှန်ပါ့ဘုရား)ကလျာဏမိတ္တ အလွန် အရေးကြီးတယ်ဆိုတာပေါ်ပြီ.... (ပေါ်ပါပြီ)။

ဒါ့ကြောင့် ခဏခဏပြောတယ် ဘုန်းကြီးက ဦးသံဒိုင်တို့ ဦးသန်းမောင်တို့ကို၊ အရှင် အာနန္ဒာကို ဘုရားကမေးတော့ ကလျာဏမိတ္တဟာ ဘယ်လောက်များ ကျေးဇူးများ သတုံး အာနန္ဒာရ၊ ဘုရားကကို ခေါ်မေးတာ.... (မှန်ပါ့) ထက်ဝက် တော့ဘုရားနိဗ္ဗာန်ကိုရောက်ဘို့ရာအကူအညီပေးပါတယ်၊ ကလျာဏ မိတ္တက.... (မှန်ပါ့)။

ဟာ....မင့်ဟာ သာဝကဥာဏ်နဲ့ ပြောတာ၊ မဟုတ်ဘူးက္ခ..... သူလုံးလုံးဆိုင်တယ်၊ သူဖွင့်မပေးယင် ဘယ်သူမှ မရဘူး....(မှန်ပါ့ ဘုရား)။

ဒီလိုဆိုတော့ ကလျာဏမိတ္တ ဆရာကောင်း သမားကောင်း အပေါ်မှာ ဦးသန်းမောင် အကုန် မမှီဘူးလား.... (မှီပါတယ် ဘုရား) ဘုရားကိုကဖြေနေတာ.... (မှန်ပါ့) မင်း....သာဝက ဥာဏ်နဲ့ ပြောတာတဲ့၊ သာဝကဆိုတာ အငယ်စားကလေးပေါ့ဗျာ၊ မင်း....ဒီဥာဏ်ကလေးနဲ့ ပြောနေတာတဲ့၊ မဟုတ်ဘူးက္ခ....တဲ့ အလုံးစုံ သူ့ကြောင့်ပြီးတာတဲ့....(မှန်ပါ့ဘုရား) ပေါ်ပလား.... (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ သူ့ကြောင့် ပြီးတာဆိုတဲ့ ကလျာဏမိတ္တကို ရှာပါဆိုတဲ့ဥစ္စာကို ချာလိုလဲ တွေ့လဲတွေ့ကြပါပြီ .... (မှန်ပါ့ ဘုရား)။

တွေ့တော့ကို မင်း....ဟိပဿိကော....ခေါ်ရာကို သန့်ဥကော နဲ့ လိုက်တဲ့ အခါမလင့် အကျိုးပေး လိမ့်မတဲ့ .... ဆိုပြီး ခေါင်းဆောင်က ပြောတယ်၊ ဒီ-- အတိုင်းသာလုပ် (မှန်ပါ့ ဘုရား)။

မောင်ထွန်းရင်ဒီအတိုင်းလုပ်.... (မှန်ပါဘုရား) ဒီအတိုင်းသာ လုပ်လို့ရှိယင်ဖြင့် သူ့ပါဦးတော်နဲ့ သူကိုက ရှင်းနေပြီ၊ ဟိုပဿိကော ခေါ်ရာကို ဘာလုပ်ကြမယ်.... (သန္ဓိဋ္ဌကောနဲ့ လိုက်ရပါမယ်) လိုက်- လိုက်ယင် ဘာကျေးဇူး မျှားမလဲ.... (အကာလိကောပါဘုရား) အခါမလင့် အကျိုးပေးတယ်ဆိုတာ နိဗ္ဗာန်ကိုရမယ်.... (မှန်ပါ) သဘောကျပလား.... (ကျပါပြီ)။

ဘယ်နှယ်ကြောင့် နိဗ္ဗာန်ရသတုံးဆိုတော့ သြော်....ဉာဏ်နဲ့ လိုက်--လိုက်တော့ဘုရား၊ ဉာဏ်ဆိုတာက လောဘလဲ ဖြတ်တယ်၊ ဒေါသလဲဖြတ်တယ်၊ မောဟလဲဖြတ်တယ်၊ အကုသိုလ်ဟူသမျှ ဖြတ်တယ်ဆိုသဖြင့် လောဘ, ဒေါသ, မောဟ ချုပ်ငြိမ်းယင် နိဗ္ဗာန်၊ ဒါကြောင့် အကာလိကောကို တချို့က နိဗ္ဗာန်တလုံးတည်း ယူထားတယ်.... (မှန်ပါ) ဒီ ပဋိစ္စသမုပ္ပါဒ် ပြတ်တာကို မယူဘူး၊ အဲဒီမှာ အယူအဆကလဲ လွဲနေတယ်....(မှန်ပါ)။

စင်စစ် ခင်ဗျားတို့ အခု ဘုန်းကြီး ဟောတာနဲ့ ဖြစ်စဉ်နဲ့ ကိုက်ကြည့်တော့ ဉာဏ်နဲ့ လိုက်လိုက်တဲ့အခါကျတော့ ဉာဏ်သာရှိတော့တယ်၊ လောဘ, ဒေါသ, မောဟ မရှိဘူးဆိုတာ မသေချာဘူးလား.... (သေချာပါတယ်) ဒါဖြင့် လောဘ, ဒေါသ, မောဟ မရှိတာကို ဘာခေါ်မလဲ... (နိဗ္ဗာန်ပါဘုရား)။

သြော်....နိဗ္ဗာန်ဆိုတာ ခင်ဗျားတို့က မြို့ကြီးလိုလို၊ ပြကြီးလိုလို၊ တခါတည်း အထည် အစိုင်အခဲကြီး ရှိသလိုလို၊ မနေ့ညကလဲ ပြောခဲ့ပါတယ် နိဗ္ဗာန်အဖြောင်း ရှင်းပြီးတော့....(မှန်ပါ) ဒါတွေချုပ်တာ နိဗ္ဗာန်ခေါ်တာ.... (မှန်ပါ) နိဗ္ဗာနသဒ္ဒါသည်

ကိလေသာတို့၏ ငြိမ်းအေးခြင်းကို ဆိုတယ်....(မှန်ပါ့) သဘောပါလား....(ပါ-ပါပြီ)။

နိဗ္ဗာနသဒ္ဒါသည်.... (ကိလေသာတို့၏ ငြိမ်းအေးခြင်းကို ဆိုပါတယ်) ကိလေသာတို့၏ ငြိမ်းအေးခြင်းဆိုတော့ အခု ကိလေသာကိုဘဲဝင်ခွင့်မှမပေးတော့ မဂ်သည် ကိလေသာ ဝင်ခွင့်ပေးသေးသလား....(မပေးပါဘုရား) မပေးတော့ဘူး။

အဲဒီတော့ ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာဆရာက 'ဟဒယ သုသီတလ မဂ္ဂဒဿနေန သန္တာပဋ္ဌော'ကွ၊ ဟဒယ သုသီတလ မဂ္ဂဒဿနေန= နှလုံး၌ ငြိမ်းအေးတဲ့ မဂ် ရောက်လာလို့ရှိယင် နှလုံးထဲမှာ ငြိမ်းအေးသွားတယ်.... (မှန်ပါ့) အဲဒါကြောင့် သန္တာပဋ္ဌဖြစ်တဲ့ ကိလေသာတွေ အကုန်ဖြတ်ပစ်တယ်၊ ပူပန်စေတတ်တာတွေ အကုန်ဖြတ်လိုက်တယ်... (မှန်ပါ့) သဘောပါပလား....(ပါ-ပါပြီ)။

အင်း.... နှလုံးထဲငြိမ်းအေးတဲ့ မဂ်ဥာဏ်ကလေးရောက်လာလို့ရှိယင် သန္တာပဋ္ဌဖြစ်တဲ့ လောဘ, ဒေါသ, မောဟ, ဣဿာတွေ အကုန်သွားပြီကွ.... ဆိုတော့ အကုန် ကိုက်မနေဘူးလား.... (ကိုက်နေပါတယ်) ရှင်းပလား....(ရှင်းပါပြီ)။

ဒါဖြင့် ဒီဥစ္စာ အင်မတန် ထူးထူးခြားခြားဘဲ ကြားရပါပြီ ဆိုတော့ အလုပ်စဉ်တရားဘဲ၊ အလုပ်စဉ်တရားဘဲ၊ အလုပ်စဉ်တရားဘဲ၊ ဘုရားကိုယ်တော်ကိုက နှုတ်ဖွင့်ပြီး သကာလ ဒီလိုလုပ်ကွ...လို့ တိုက်တွန်းသွားတာကို ခင်ဗျားတို့ တခြားမှာ အလုပ်စဉ် မရှာပါနဲ့.... (မှန်ပါ့) မောင်ထွန်းရင်၊ ဦးသန်းမောင်ရှာဘို့ လိုသေးသလား....(မလိုပါဘုရား)။

ဟေ့ပဿီကောက ခေါ်မယ်....တဲ့၊ ရုပ်နာမ်ဓမ္မက၊ သဘော ကျပလား.... (ကျပါတယ်) သန္ဒိဋ္ဌိကောက ဘာလုပ်ရမလဲ.... (လိုက်ရပါမယ်) လိုက်ယင် ဘာဖြစ်မှာလဲ.... (အကာလိကော ဖြစ်မှာပါဘုရား) အခါမလင့် အကျိုးပေးသွားမယ်....တဲ့၊ မပေါ် ပေးဘူးလား....(ပေါ်ပါပြီ)။

ကဲ ...ဒါဖြင့် နောက်က တကာ တကာမတွေ့ အလုပ်-လုပ် တတ်ပလား....(မှန်ပါ့) ယား-ယားတဲ့ နေရာက ခေါ်လို့ရှိယင် လက်နဲ့ မလိုက်နဲ့ ဉာဏ်နဲ့လိုက်....(မှန်ပါ့) နာ-နာတဲ့ နေရာကို— (ဉာဏ်နဲ့ လိုက်ရပါမယ်) ဉာဏ်နဲ့လိုက်၊ ဉာဏ်နဲ့လိုက်တော့ နာ တာကလေးကလဲ ကျုပ်မရှိဘူး၊ ကျုပ်မရှိဘူး၊ ကျုပ်မရှိဘူး ဆို တာကို့ ဓမ္မက ပြောသွားလိမ့်မယ်.... (မှန်ပါ့ဘုရား) ဘယ်သူ က ပြောသွားမှာတုံး....(ဓမ္မက ပြောသွားမှာပါဘုရား)။

ဓမ္မက ဘယ်လို ဖေါ်ပြောသွားသတုံးလို့ ဦးသန်းမောင်မေး လို့ရှိယင် ကျုပ်ဟာ.... မမြဲတဲ့ သဘောဆိုတာ ကျုပ်ဘဲလို့.... ပြောသွားလိမ့်မယ်....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ) မမြဲတဲ့ အနိစ္စဆိုတာ ကျုပ်ဘဲဗျ၊ သဘောပါပလား....(ပါ-ပါပြီ)။

ဩော်....ဒါဖြင့် သူပြော လူပြော မယုံနဲ့၊ ခန္ဓာပြောကိုယုံ.... (မှန်ပါ့) ဖြည့်စွက်ပေးလိုက်တယ်.... (မှန်ပါ့ဘုရား) သူပြော လူပြောကို.... (မယုံရပါဘုရား) ခန္ဓာပြောကို.... (ယုံရပါမယ် ဘုရား)။

ခန္ဓာပြော ယုံတယ်ဆိုတော့ကို တကာ တကာမတို့ အင်မတန် အာချိုးကျသွားတယ်ဆိုတဲ့ဥစ္စာ လေးလေးစားစားသာ မှတ်ပါ.... (မှန်ပါ့)။

ကောင်းပြီ ဒါဖြင့် တပည့်တော်တို့ ဒီက-ရှေ့ဖြင့် ဝိပဿနာ အလုပ်ဖြင့် တခြား မဟုတ်ဘူး၊ ခန္ဓာက ဟိပဿိကော-ခန္ဓာက အခေါ်သမား၊ ခန္ဓာထဲရှိတဲ့ ဆရာပေးထားတဲ့ ဉာဏ်ကအလိုက် သမား.... (အလိုက်သမားပါဘုရား)။

အဲဒီလို ခန္ဓာက ခေါ်ရာကို ဉာဏ်က လိုက် လိုက်လို့ရှိယင်ဖြင့် ခင်ဗျားတို့ တော်တော်ကြာမှ အကျိုးပေး သလား....- အခု အကျိုး ပေးသလား .... (အခုအကျိုးပေး ပါတယ်ဘုရား) အခု ပဋိစ္စသမုပ္ပါဒ် ပြတ်တယ်၊ ရှင်းပလား....(ရှင်းပါပြီ)။

ကဲ....ဒါဖြင့် ဒီလိုခင်ဗျားတို့က လိုက်လိုက်တဲ့ အခါကျတော့ အခုအကျိုးပေးတဲ့ ဥစ္စာကို ဘုရားသခင် ကိုယ်တော်မြတ်ကြီးက သြပနေယျိကော ဒါဆက်လာတယ် .... (မှန်ပါ့) မလာဘူးလား (လာပါတယ်)။

ဒါ တိုးလိုက်ပြီ တကာ တကာမတို့၊ သြပနေယျိကော ဆိုတာ လူတိုင်း မရကြဘူးလား....(ရပါတယ်ဘုရား)။

'အတ္တနော စိတ္တံ ဥပနေတပ္ပေါ အတ္တနော= မိမိ၏၊စိတ္တံ= စိတ်ကို၊ ဥပနေ တပ္ပေါ=ဆောင်အပ်၏။

အခု ဉာဏ်နဲ့လိုက်တဲ့ ဥစ္စာကို မင်းတို့တခါတည်း ဆောင်ထားလို့ရှိယင်ဖြင့်....တဲ့ မင်းတို့ စိတ်ဟာ ဘယ်မှ တောင်လိုလို မြောက်လိုလို၊ ဟိုသွားရတော့မလို၊ ဒီသွားရ တော့မလို၊ ဟိုဘုံ ပြောင်းရတော့မလို၊ ဒီဘုံ ပြောင်းရတော့မလို မလုပ် တော့ဘူး ကွာ....တဲ့။

မိမိစိတ်ဟာ မိမိစိတ်ဆိုတာ မဂ်ပါဘဲ၊ သူက နိဗ္ဗာန်သာ ဆောင်တော့မှာဘဲ....တဲ့.... (မှန်ပါ့) သူဒီ့ပြင်နေရာ မဆောင်တော့ဘူး....(မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

ကိုယ်ကသာ အလိုက်မှန်သွားယင် အလိုက်မှန်တဲ့ တရားက ဘယ်ဆောင်မတုံး....(နိဗ္ဗာန်ဆောင်ပါမယ်ဘုရား)။

ဒါဖြင့် နိဗ္ဗာန် အလျင် အမြန် ရောက်အောင် ပို့ဆောင်တော်မူပါဘုရား....လို့ ဘယ်သူ့ကို သွားပြီး ခစားစရာ လို့သေးသလဲ....(မလိုပါဘုရား) သူ့ဟာသူ ဆောင်တယ်-(မှန်ပါ့)။

ဒါ့ကြောင့် 'ဓာရေတီတိ ဓမ္မော' ဓာရေတိ = နိဗ္ဗာန်ကို ဆောင်တတ်၏၊ ဣတိတသ္မာ=ထို့ကြောင့်၊ ဓမ္မော=ဓမ္မမည်၏၊ အလိုက်မှန်ယင်တော့ အလိုက်မှန်တဲ့တရားက နိဗ္ဗာန်ဆောင်မှာဘဲ (မှန်ပါ့) ခင်ဗျားတို့က ပို့ပေးပါလို့ လက်တို့ခေါ်စရာ မလိုပါဘူး....(မလိုပါဘုရား)။

ဒါဖြင့် 'အတ္တနော စိတ္တံ ဥပနေတပ္ပေါ' အတ္တနော = မိမိ၏၊ စိတ္တံ=စိတ်ကို၊ ဥပနေတပ္ပေါ=ဆောင်အပ်၏၊ မိမိ စိတ်ဟာလဲ ဒီဖြစ်ပျက်ရှိတဲ့ ဆီချည့်ဘဲ ဆောင်နေပြီ ဆိုမှဖြင့် မိမိစိတ်သည် ရှုနေတဲ့စိတ်သည် ဖြစ်ပျက်ရှိတဲ့ ဆီကိုသာ ခင်ဗျားတို့က လိုက်နေလို့ရှိယင် ဒီစိတ်က နိဗ္ဗာန်ဘဲ ဆောင်မယ်.... (မှန်ပါ့ဘုရား) တခြား မဆောင်ပါဘူး....(မှန်ပါ့)။

ဒါဖြင့် နိဗ္ဗာန် ရောက်ရပါလို့၏ အဆိုသမားနဲ့ အလိုက်မှန်တဲ့လူနဲ့ ဘယ်သူက အကွက်ကျသတုံး ဆိုတာ ဦးသန်းမောင်စဉ်းစားစမ်း....(အလိုက်မှန်တဲ့လူက အကွက်ကျပါတယ်)။

အလိုက်မှန်တော့ ခန္ဓာထဲ မဂ်ရောက်ပြီဗျ....(မှန်ပါ့)မရောက်ဘူးလား....(ရောက်ပါတယ်ဘုရား)။

ဒါဖြင့် ဒီမဂ်က ဘယ်ဆောင်သတဲ့တုံး.... (နိဗ္ဗာန်ဆောင်ပါတယ်ဘုရား) ပို့ပေးပါလို့ လက်တို့ ပြောရသေး သလား.... (မပြောရပါဘုရား) မပြောရဘူး၊ ရှင်းပလား .... (ရှင်းပါပြီဘုရား)။

နိဗ္ဗာန် ရောက်လိမ့်မယ်လို့ ပြောတာ တောင် မဟုတ်ဘူး နိဗ္ဗာန် သူပို့တယ်လို့ ပြောနေတာ....(မှန်ပါ့)။

ဒါဖြင့် အလိုက်မှန်လို့ ရှိယင်ဖြင့် 'အတ္တာနော စိတ္တံ ဥပနေ--တပ္ပေ' ဆိုတဲ့ အဖွင့်သည် ဦးသံဒိုင် ကိုက်သွားပြီ .... (မှန်ပါ့)။

ဒါဖြင့် ခင်ဗျားတို့ ငါဘယ်နှယ်ကြောင့် နိဗ္ဗာန် မမြင်သေးပါလိမ့်မတုံး၊ နိဗ္ဗာန်မဆောင်သေးပါလိမ့်မတုံး၊ ငါဥာဏ်သည် နိဗ္ဗာန်ဘက် မလှည့်သေးပါလိမ့် မတုံးလို့ ခင်ဗျားတို့က မမေးနဲ့ဟုတ်လား....(မှန်ပါ့)။

ဘာ့ကြောင့် မမေးနဲ့လို့ ဆရာ ဘုန်းကြီးက ကန့်ကွက်ရသတုံးလို့ ဆိုလို့ရှိယင် ခင်ဗျားတို့ အလိုက်မတည့် သေးယင် မဆောင်နိုင်သေးဘူး.... (မှန်ပါ့ဘုရား) အလိုက်တည့်ယင်.... (ဆောင်နိုင်ပါတယ်ဘုရား)။

ဆောင်နိုင်ပါတယ် ဆိုတာကို သူကိုယ်တိုင်ကဘဲ ဘုရားကဘဲ ဟောထားပါတယ်၊ ရှင်းပြီနော်၊ ....(ရှင်းပါပြီ)။

ကဲ....ဒါဖြင့် တပည့်တော်တို့ကတော့ အလိုက်တည့်ပြီ ဘုရား အလိုက်တည့်တော့ကို ဆောင်ပြီနော် .... (မှန်ပါ့) သူဘယ်ကို ဆောင်သတုံး....(နိဗ္ဗာန်ဆောင်သွားပါတယ်)။

ကောင်းပြီ နိဗ္ဗာန်ဆောင်ပို့တယ် ဆိုသဖြင့် အလိုက်တည့်လို ရှိယင်ဖြင့် အင်း....လိုက်တော့ အနိစ္စလိုက်တာဘဲ၊ လိုက်တဲ့ ဥာဏ်က နိဗ္ဗာန်ဘဲ ဆောင်မှာဘဲ .... (မှန်ပါ့) ရှင်းနေပြီ.... (မှန်ပါ့) ဘယ်လိုပုဂ္ဂိုလ်ဆောင်မှာတုံး.... ဟုတ်လား သဘော်ကြီးလိုဘဲ တခါတည်း တန်ခိုန်တသောင်းတင်ပြီး သူကဆောင်မှာလား....၊ မေးဘို့မလိုဘူးလား....(လိုပါတယ်ဘုရား)။

တန်ခိုန် တသိန်းတင်တဲ့သဘော်ကြီး ဟိုကနေခုတ်လာပြီး မြှန်မာပြည် ကုန်တော့ တင်လာပြီး ဒီလို ဆောင် လာ မှာ လား ဆိုတော့ ဒီလိုမဆောင်ဘူဟော့.... ဘုရားက ဖျက်ချ လိုက်တယ် (မှန်ပါ့) ဒီလိုမဆောင်ဘူးကွ....။

နို့ ဆောင်ပုံ ကလေး အမိန့်ရှိပါဦး ဘုရား လို့ မေးတဲ့ အခါကျတော့ တကာ- တကာမတွေ့ မှတ်စရာက ဝိညူဟိ= ခုနင်က ပညာ ကလေးနဲ့ လိုက်တဲ့ ပုဂ္ဂိုလ် သည်သာ ပစ္စတ္တံ= သူ့တယောက်တည်း အသိုးအခြား၊ ဝေဒိတဗ္ဗော = နိဗ္ဗာန်သို့ သူဆောင်ပြီး သကာလ ခံစားရမှာဘဲ၊ သူမျှားနဲ့ မဆိုင်ဘူးကွ၊ ဦးသန်းမောင် သဘော ကျရဲ့လား .... (ကျပါတယ်) ခင်ဗျားအားထုတ်ယင် ဒေါ်ကောက် ဆောင်မလား-- ခင်ဗျားဆောင်မလား- နိဗ္ဗာန်ကို.... (ဦးသန်းမောင် ဆောင်မှာပါဘုရား) သူမှ အားမထုတ်ဘဲကိုး....(မှန်ပါ့) မဟုတ်ဘူးလား....(မှန်ပါ့)။

မောင်ထွန်းရင် သဘောပါပလား.... (ပါ-ပါပြီ) ပစ္စတ္တံ ဝိညူဟိဆိုတာ ပညာနဲ့ လိုက်တဲ့ ပုဂ္ဂိုလ်ဆိုတာ .... (မှန်ပါ့) ပစ္စတ္တံ - အသိုးသိုး ဆိုတာ သည်ကားလို့ ဆိုယင်ဖြင့် လုပ်တဲ့ ပုဂ္ဂိုလ်တယောက်တည်း ဆောင်တယ်.... (မှန်ပါ့) မလုပ်တဲ့ ပုဂ္ဂိုလ်ကို....(မဆောင်ပါဘုရား)။

ဒါ့ကြောင့် ဘုန်းကြီး ခဏ ခဏ ပြောတယ်၊ အမျှပေးလို့ မရတဲ့ တရားရှိသေးသဟော့....(မှန်ပါ့) ပြောထိုက်-မပြောထိုက် (ပြောထိုက်ပါတယ်ဘုရား)။

အမျှပေးလို့ မရတဲ့တရား.... (ရှိပါတယ်ဘုရား) ဟော— မဂ်ဉာဏ်-ဖိုလ်ဉာဏ် တကာ-တကာမတို့ ဘယ်တော့မှ အမျှပေးလို့မရဘူး....(မှန်ပါ့)။

ဘာ့ကြောင့် အမျှပေးလို့ မရပါသတုံးလို့ ဆိုတော့ ခင်ဗျားတို့ စဉ်းစားကြည့်ပါ။ ကိုယ်ပဋိစ္စသမုပ္ပါဒ်ကို ကိုယ့်ဉာဏ်က ဖြတ်တယ်....(မှန်ပါ့) မဟုတ်ဘူးလား၊ တကာမ ပဋိစ္စသမုပ္ပါဒ်ကို တကာ့ဉာဏ်က သွားဖြတ်လို့မရဘူး.... (မရပါဘုရား)ရှင်းပလား.... (ရှင်းပါပြီ)။

ဒါဖြင့် ကိုယ့် ပဋိစ္စသမုပ္ပါဒ်ကို ကိုယ့် ဉာဏ်က ဖြတ်တယ်၊ ဒါ့ကြောင့် ကိုယ်ပဋိစ္စသမုပ္ပါဒ်ဖြတ်တဲ့ ဉာဏ်သည် ကိုယ့်ကိုယ် သာလျှင်-ကိုယ်သာလျှင် ပိုင်တယ်လို့ မှတ်လိုက်....(မှန်ပါ့)အသိုး အသိုးသာ ခံစားရမယ်.... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ) အသိုးအသိုးသာ ခံစားရတယ်ဆိုတာ ယနေ့ ရှင်းပါပြီ.... (ရှင်းပါပြီ ဘုရား)။

သောတာပတ္တိ မဂ်ဉာဏ်ရတဲ့ ပုဂ္ဂိုလ်ဟာ သူသာသောတာပတ္တိမဂ်ဖြစ်မယ်၊ သောတာပန်ပုဂ္ဂိုလ် ဖြစ်ရမယ်.... (မှန်ပါ့) သကဒါဂါမိ မဂ်ဉာဏ်ရတဲ့ ပုဂ္ဂိုလ်ဟာ ချက်ခြင်း သူသည် မဂ်ပြီး ဖိုလ်လာတဲ့အတွက် သူသာလျှင် သကဒါဂါမ်ဖြစ်ရမယ်၊ မိန်းမက မဖြစ်နိုင်ဘူး.... (မဖြစ်နိုင်ပါဘုရား) သားသမီးကော.... (မဖြစ်နိုင်ပါဘုရား)။

မဖြစ်နိုင်ဘူး ခင်ဗျားတို့ လောက္ခတ် မချေဘဲနဲ့ နော်.... (မှန်ပါ့) လောက္ခတ် မချေဘဲနဲ့၊ လောက္ခတ်ချေလို့ ရတဲ့ကုသိုလ်ကတမျိုး၊ လောက္ခတ်ချေလို့ မရတဲ့ကုသိုလ်ကတမျိုး (မှန်ပါ့ဘုရား) ဒီမင်္ဂလာဏ်-ဖိုလ်ညာဏ်ဟာ လောက္ခတ်ချေလို့ မရဘူး....(မှန်ပါ့) အသီးအသီး ရတယ်လို့ဆိုထားတာ.... (မှန်ပါ့ဘုရား) ကိုယ်လုပ်မှ-ကိုယ်ရတယ်။

လောက္ခတ်ချေလို့ရတဲ့ကုသိုလ်က ဒါနကုသိုလ်၊သီလကုသိုလ်ကျတော့....ကဲ အမျှယူကြဟော့၊ အမျှဆိုတာ ထစ်ဝက်.... (မှန်ပါ့) ပေးပါ၊ ပေးနိုင်ပါတယ်။

အမျှ ယူတော်မူကြပါ ခင်ဗျား ဆိုတော့ သာဓု သာဓုဆိုတဲ့ ပုဂ္ဂိုလ်တွေ အကုန်ရတယ်၊ မရဘူးလား.... ရသလား.... (ရပါတယ်) ဘာဖြစ်လို့ ရသလဲ.... အမျှပေးလို့ရုတဲ့ ကုသိုလ်မို့.... (မှန်ပါ့)။

ဒါကတော့ ပစ္စတ္တံပါတယ်၊ အသီးအသီးတဲ့၊ အမျှလို့ပါသေးရဲ့လား....(မပါ-ပါဘုရား) ဝေဒိတပ္ပေဘာ- သိအပ် ခံစားအပ်၏.... (မှန်ပါ့) ဝေဒိတပ္ပေဘာ- သူသာလျှင် နိဗ္ဗာန်ကိုလဲသိတယ်၊ သူသာလျှင် နိဗ္ဗာန်ခံစားရတယ်.... (မှန်ပါ့) ပေါ်ပလား.... (ပေါ်ပါပြီ)။

ဒါဖြင့် တကာ-တကာမတို့ အမျှမဝေနိုင်တဲ့ ကုသိုလ်ကောသိပလား.... (သိပါပြီဘုရား) ဘာပါလိမ့်.... (မင်္ဂကုသိုလ်ပါဘုရား) ပေါ်ပြီ.... (မှန်ပါ့)။

မင်္ဂကုသိုလ်ဟာ အမျှဝေလို့ မရတဲ့ကုသိုလ်ဆိုပြီး အဋ္ဌကထာဆရာများကတော့ ဖွင့်လိုက်တယ်၊ဘယ်လိုဖွင့်လိုက်သတုံးဆိုတော့

ခင်ဗျားတို့ နားလည်မှုရှိအောင် လူတယောက်က လှုပစ္စာသေ ပန်းကလေး ပန်လာတယ်၊ တယောက်သော ပုဂ္ဂိုလ်က ပန်းမပန်ဘူး၊ ဘယ်သူလှသတုံးလို့မေးယင် မောင်ထွန်းရင် ဘယ့်နှယ်ဖြေမလဲ.... (ပန်းပန်တဲ့လူ လှပါတယ်) ပန်းမပန်တဲ့ပုဂ္ဂိုလ် (မလှပါဘူးရှား)။

ဒီမှာလဲ ထို့အတူဘဲ....တဲ့ သန္ဒိဋ္ဌကော လိုက်တဲ့ ပုဂ္ဂိုလ်သာ လှတာ၊ သန္ဒိဋ္ဌကော မလိုက်တဲ့ ပုဂ္ဂိုလ်- လှကိုမလှဘူး သူနဲ့ မဆိုင်ဘူးက္ခ....တဲ့၊ ရှင်းပလား....(ရှင်းပါပြီ)။

ဒါဖြင့် သမီးကလေးချစ်လှချီရဲ့.... သားကလေး ချစ်လှချီရဲ့၊ ခင်ပွန်းမ မြတ်နိုးလှချီရဲ့၊ ခင်ပွန်းသည်ကို မြတ်နိုးလှချီရဲ့.... ဆိုလိုရှိယင်ဖြင့် ခင်ဗျားတို့က ကိုယ်တော်မြတ်ကြီး ဟောထားတဲ့ အတိုင်း ဒါလုပ်ပါလို့သာ တိုက်တွန်းဘို့ရှိတယ်၊အမျှတော့မပေးနိုင်ဘူး.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

ဒီအလုပ်ကို ဟိပဿိကော ခေါ်ရာကို၊ သန္ဒိဋ္ဌကောနဲ့ လိုက်ပါက္ခာ၊ အခါမလင့် အကျိုးပေးပါလိမ့်မယ်၊ ဒီနည်းဘဲပေးတတ်တယ်....(မှန်ပါ့) နည်းပေးတတ်တယ်၊ ရော့- ငါရတဲ့ မင်္ဂလာယူတော့လို့တော့ .မရဘူး၊ ရပါ့မလား.... (မရပါဘူးရှား)။

ဒါဖြင့် ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိကော သဘောကျပလား....(ကျပါပြီဘုရား)။

ဝိညူဟိ=ခေါ်ရာလိုက်တဲ့ ပုဂ္ဂိုလ်သည်သာလျှင်.... ခေါ်ရာကို ညာဏ်နဲ့ လိုက်တဲ့ပုဂ္ဂိုလ်တို့ သည်သာလျှင်....ပစ္စတ္တံ= အသီးအသီး (ဝါ)တမင် တမင်စီ....ဝေဒိတဗ္ဗော=သိအပ် ရောက်အပ် ခံစားအပ်၏၊ ပေါ်ပလား.... (ပေါ်ပါပြီ)။

ဒါဖြင့် အားလုံး တကာ တကာမတွေ့ ကိုယ်လုပ်မှ ကိုယ်ရဆို တဲ့.... ဒီတရားဟာ ရှင်းပြီနော်.... (ရှင်းပါပြီ) ကိုယ်လုပ်မှ ကိုယ် ရဆိုတာ မင်္ဂတရား....(မှန်ပါ့) ပေါ်ပြီနော်.... (ပေါ်ပါပြီ)။

အဲဒီတော့ကို ဥပမာမယ် ဦးသန်းမောင်ဖြစ်စေ ဒေါ်ကောက် တို့က အင်....ဟင်.... ကျုပ်တို့လဲ ကုသိုလ်ရအောင် ရှင်လဲ မင် ဉာဏ်ရအောင် အစားအသောက်တွေ့ ပို့လိုက်ဦးမယ် ဆိုတာ အစားအသောက်ပို့တဲ့ ဒါနကတော့ ရပါတယ်....တဲ့၊ ကိုယ် ရတဲ့ မင်္ဂကတော့ သူ့ကိုပေးလို့မရဘူး.... (မှန်ပါ့ဘုရား)ရနိုင်ပါ့ မလား.... (မရပါဘုရား) ဘယ့်နယ်ဟောထားသတုံး ဘုရားက.... (ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ)။

ပစ္စတ္တံ=အသီးအသီး၊ဝေဒိတဗ္ဗော=သိအပ်ခံစားအပ်၏၊ သူဘဲ သိတယ်....တဲ့ နိဗ္ဗာန်ကို....နိဗ္ဗာန်၏ အရသာ သူဘဲခံစားရတယ်တဲ့ ရှင်းပလား....(မှန်ပါ့)။

ဒါဖြင့်ဂုဏ်တော်ခြောက်ပါးဟာ ဦးသံဒိုင် ဂုဏ်တော်ခြောက် ပါးပြတာလား.... အလုပ်စဉ်ပြတာလား....(အလုပ်စဉ်ပြတာပါ) အလုပ်စဉ်ပြတာ....ခင်ဗျားတို့ကတော့ ဘုရားဂုဏ်တော်နဲ့ တရား ဂုဏ်တော်နဲ့ သံဃဂုဏ်တော်နဲ့ ဒါတွေ့ကိုဖြင့် ကြိုးစားမှာဘဲ၊ နွှတ်ထဲက မထွက်အောင် လုပ်မှာဘဲလို့ ဆိုနေတော့ ဘုရားက အလုပ်စဉ်ပြတာ ခင်ဗျားတို့က ရွတ်ဖတ်မှုနဲ့ ပူဇော်မှုနဲ့ အချိန်ကုန် နေတဲ့အတွက် ကုသိုလ်မရလို့ မဟုတ်ပါဘူး....တဲ့ အသုံးတော့ မတဲ့ဘူးပေါ့.... (မှန်ပါ့) သဘောကျပလား.... (ကျပါတယ်)။

ကုသိုလ်တော့ရတယ်၊ ရွတ်ဖတ်နေတာ (မှန်ပါ့)၊ ကုသိုလ်တော့ ရပါတယ်ဆိုတာ ကျေနပ်ပလား.... (ကျေနပ်ပါတယ်)၊ မက်တော့မရဘူး(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

မက်ဥာဏ် ဖိုလ်ဥာဏ်တော့ မရနိုင်ဘူး၊ ဘာ့ကြောင့်မက်ဥာဏ် ဖိုလ်ဥာဏ် မရနိုင်သတုံးလို့ မေးတဲ့အခါ ကျတော့ကို တနေ့က ပြောခဲ့တဲ့ တကာ တကာမတွေ့ မနာလဲ မနာကြပါနဲ့ဆိုတာ ဦးသံဒိုင်တို့လဲ ဘုန်းကြီးမေတ္တာ ရပ်ထားတယ်၊ ဟော့.... မင်းတို့ သောက်ဆေးကို လိမ်းဆေးလုပ်နေတယ်ကဲ့၊ မပြောခဲ့ဘူးလား.... (ပြောခဲ့ပါတယ်)၊ ဘာတဲ့တုံး....(သောက်ဆေးလိမ်းဆေးလုပ်နေပါတယ်)၊ အခုကြည့်၊ ရှုရမည့်ဥစ္စာကို ခင်ဗျားတို့က ရွတ်နေကြတယ် (မှန်ပါ့) ရှုရမည့်ဟာ.... (ရွတ်နေပါတယ်) ဘာဆေးဖြစ်နေသလဲ.... (လိမ်းဆေးဖြစ်နေပါတယ်) ဒါဖြင့် ဝေဒနာနဲ့ဆေးလိမ်းတဲ့ နေရာနဲ့ အဝေးကြီး ဖြစ်နေတယ်.... (မှန်ပါ့ဘုရား) ကိလေသာဝေဒနာကဟာဒယဝတ္ထုပေါ်မှာ(မှန်ပါ့)သူကအပေါ်ကနေ လိမ်းနေတော့ ဦးသန်းမောင် ဆေးနဲ့ အနာနဲ့ ဝေးနေတယ်၊ (ဝေးပါတယ်ဘုရား)၊ မဝေးဘူးလား.... (ဝေးပါတယ်ဘုရား)၊ ဘယ်နှယ်ဆိုကြမလဲ.... (သောက်ဆေးလိမ်းဆေး လုပ်ထားပါတယ်)။

ဆေးနဲ့ အနာနဲ့ဝေးနေတယ်၊ ဆေးနဲ့အနာနဲ့ဝေးလို့ ရှိယင် ဖြင့် ခင်ဗျားတို့ကဘဲ ဆုံးဖြတ်ချက်ချတော့ ပျောက်မှ ပျောက်ပါ့မလား.... ဟော့လို့ (မှန်ပါ့) ပျောက်စရာ အကြောင်းမြင်ကြခဲ့လား....(မမြင်ပါဘုရား)။

အဲဒီကျအောင် ခင်ဗျားတို့မှာလဲ ကလျာဏမိတ္တ မတွေ့လို့ အရှုပ်ဆိုးနေတဲ့ အဖြစ်ဟာလဲ ပေါ်လောကြီးပေါ်သွားတာဘဲ.... (ပေါ်ပါတယ်ဘုရား) မပေါ်ဘူးလား....(ပေါ်ပါတယ်)၊ ရှင်းပြီနော်....(မှန်ပါ့)။

ဒါဖြင့်ယင် ဂုဏ်တော်ခြောက်ပါးဟာ အလုပ်စဉ် တရား.... (မှန်ပါ့) တရားဂုဏ်တော် ခြောက်ပါးဟာ.... (အလုပ်စဉ်တရား ပါဘုရား) အလုပ်စဉ်တရား၊ အလုပ်လုပ်နည်း ပေးတဲ့ တရား.... (မှန်ပါ့)ရှင်းပလား.... (ရှင်းပါပြီ) ပုဇော်ပသချင်လို့ ရှိယင်လဲ သမထပါဘဲ (မှန်ပါ့) ဘုရားသခင်ပေးတဲ့ အလုပ်စဉ် အတိုင်း လုပ်လို့ရှိယင်လဲ မဂ်ဥာဏ် ဖိုလ်ဥာဏ်ရတာပါဘဲ။ (မှန်ပါ့ဘုရား) မပေါ်သေးဘူးလား....(ပေါ်ပါပြီ)။

ကောင်းပြီ ဒါဖြင့် ဘာတရားလို့ ယနေ့ည ဆိုင်းဘုတ် ဆွဲပြ မတုံးဆို့တော့ အလုပ်ပေးတရား....(မှန်ပါဘုရား) ပေါ်ပလား.... (ပေါ်ပါပြီဘုရား)၊ ဘာတရား ပါလိမ့်.... (အလုပ်ပေး တရား ပါဘုရား)။

အလုပ်ပေး တရားတဲ့၊ ဒီဥစ္စာ အလုပ်ပေးတရား။ ဘယ်ပါဦး တော်လာသတုံး ဆိုလို့ရှိယင် ဓမ္မဂုဏ်တော် ခြောက်ပါးမှာလာ တယ်....ဘယ်စာအုပ်မှာ လာသတုံး၊ ဘယ်မှာ ဘုရားကိုယ်တော် မြတ်ကြီး ဘယ်လိုဟောခဲ့သတုံးဆိုတော့ ဟောလို့ကို မဆုံးဘူး၊ ဒါချည့်ဟောနေတာဘဲ.... (မှန်ပါ့) မဟောဘူးလား.... (ဟော ပါတယ်) အင်မတန်များပါတယ် ဒီဥစ္စာ (မှန်ပါ့)။

ကိုင်း-ဒါဖြင့် နေရာကျပါပြီတဲ့၊ ဒီတကာတကာမတွေ့အလုပ် စဉ်ပေးတဲ့နေရာ ဟိုပဿီကော ခေါ်ရာ သန္ဒိဋ္ဌိကော လိုက်လို့

ရှိယင် အကာလိကောဖြစ်၍ မိမိစိတ်သည် နိဗ္ဗာန်မှတပါး ဘယ်မှ မသွားခြင်းကြောင့် ကိုယ်တယောက် အတွက်ဖြင့် စိတ်ချရတယ် ဆိုတာ ခြောက်ပါးလုံးကို စကား တလုံးတည်းနဲ့ ပြောတာ.... (မှန်ပါ့)။

ပြန်နားထောင်ပါဘုရားသခင်ကိုယ်တော်မြတ်ကြီးကောင်းစွာ ဟောထားတဲ့တရားကို အလုပ်ပေးရလို့ရှိယင်ဖြင့် ဧဟိပဿိကော ခေါ်ရာကို သန့်ဦးကောနဲ့ လိုက်လို့လိုက်တဲ့ စိတ်သည်ကား ဆို လို့ရှိယင် သူတပါးကို မဆောင်ဘဲနဲ့ လုပ်သော ပုဂ္ဂိုလ်ကိုသာ အသီးအခြား နိဗ္ဗာန်သို့ ဆောင်သည်၊ (မှန်ပါ့) ခြောက်ပါး စလုံး ရောပြေ့ပါတဲ့ စကားဘဲ.... (မှန်ပါ့ဘုရား) ၊ ရှင်းပလား.... (ရှင်းပါပြီဘုရား)၊ ခြောက်ပါးစလုံးကို ပါအောင်ပြောတာ.... (မှန်ပါ့ဘုရား)။

ကောင်းစွာ ဟောထားတဲ့ တရားကို အလုပ်သဘောနဲ့ ဧဟိ ပဿိကော ခေါ်ရာကို သန့်ဦးကောနဲ့ လိုက်လို့ရှိယင် မိမိစိတ် သည်လုပ်သော ပုဂ္ဂိုလ်ကို အသီးအခြား နိဗ္ဗာန် ဆောင်ပါတယ်၊ ဒါခြောက်ပါးကို စကားတလုံးတည်းနဲ့ ပြောတာနော်.... (မှန် ပါ့ဘုရား)သဘောပါကြရဲ့လား.... (ပါပါတယ်ဘုရား)။

ဒါပြောဘို့ မလွယ်ဘူးနော်၊ လွယ်ပါ့မလား.... (မလွယ်ပါ ဘုရား) မလွယ်ဘူး ဦးသံဒိုင်ရ၊ ဦးသန်းမောင် လွယ်ပါ့မလား..... (မလွယ်ပါဘုရား) မလွယ်ဘူးတဲ့၊ မလွယ်ပေမဲ့လဲ သူ့ပါဠိ တော်ထဲအကုန်ပါသွားတာဘဲ၊ မပါဘူးလား.... (ပါပါတယ်)၊

အဲဒီတော့ ဒီဥစ္စာ တကာ တကာမတွေ ခင်ဗျားတို့မှာ ပါရမီ ရှိပြီးသား ဆရာကောင်း တွေ့ပြီးသား၊ အလိုက်မမှား ကြလို့

ရှိယင်ဖြင့် မနက်အားထုတ် --ညနေ ရပါတယ် (မှန်ပါ့) ညနေ အားထုတ်ယင် .... (မနက်ရပါတယ်ဘုရား) မနက်ရပါတယ်လို့ ဆိုတာကိုလဲ ပဏ္ဏာသ ပါဠိတော် ကြီးများမှာ သေသေချာချာ တာဝန်ခံပါတယ် (မှန်ပါ့) ဒီကတာဝန်ခံတာ အသာထားပါဦး မဟာဝဂ်က- မဟာဝဂ် ပါဠိတော် ဆိုတာလဲကိုယ်တော်တိုင်ဟောတာ ဖြစ်သောကြောင့် 'ယောဟိ ကောစိ ဘိက္ခဝေ ဣမေ စတ္တာရော သတိပဋ္ဌာနေ ဧဝံဘာဝေယျ သတ္တာဟံ' ခုနှစ်ရက်နဲ့တောင် ရပါတယ်တဲ့။ မဟောဘူးလား.... (ဟောပါတယ်)။

အဲဒါလဲ ကိုယ်တော်ကြီးပြောတဲ့ စကား နှစ်ခွန်းမပြောဘဲနဲ့ တခွန်းတည်းနဲ့ အမှန်ပြောတဲ့စကား.... (မှန်ပါ့) နှစ်ခွန်းမပြောဘဲနဲ့.... (တခွန်းတည်းနဲ့ အမှန်ပြောတဲ့ စကားပါ) တခွန်းတည်းနဲ့ အမှန်ပြောတဲ့ စကားဖြစ်လေသောကြောင့် ခင်ဗျားတို့ မယုံကြည်စရာလဲ မလိုပါဘူး၊ သဘောကျပလား.... (ကျပါတယ်ဘုရား)၊ တခွန်းတည်းပြောတဲ့စကားကလဲ ဟုတ်တယ် မှန်တယ် အကျိုးရှိတာကို ပြောတာ (မှန်ပါ့)။

ငါနှစ်ခွန်း မပြောဘူးတဲ့.... တခွန်းတည်း ပြောတယ်တဲ့....(မှန်ပါ့ဘုရား) တခွန်းတည်း အဓိပ္ပါယ်ကို မင်းတို့ရှင်းချင်လို့ ရှိယင် ဟုတ်တယ်-မှန်တယ်- အကျိုးရှိတယ်၊ ဒီသုံးခု ပါတာယ်တဲ့ ငါ့စကားထဲမှာ.... (မှန်ပါ့ဘုရား) ဒါတွေ့ မပဏ္ဏာသမှာလာတယ်.... (မှန်ပါ့ဘုရား)

ဦးသန်းမောင် ဘာတဲ့တုံး .... (ဟုတ်တယ်၊ မှန်တယ် အကျိုးရှိတယ်)၊ ဟုတ်လဲဟုတ်တယ်၊ မှန်လဲ မှန်တယ် ပြီးတော့ကော.... (အကျိုးလဲရှိတယ်)။

အဲဒီ စကားမျိုးဟာတဲ့ သူတပါးကြိုက်လဲ ငါဟာတာ ဘာဘဲတဲ့၊ (မှန်ပါ့)၊ သူတပါးကြိုက်လဲ .... (ဟာပါတယ် ဘုရား)။

ဟာတာဘဲတဲ့....ဟုတ်တယ် မှန်တယ် အကျိုးရှိတယ်ဆိုယင် ငါသုံးတယ်....(မှန်ပါ့) နှစ်ခွန်းတော့ မပြောဘူးတဲ့.... (မှန်ပါ့ ဘုရား)၊ တခွန်းတည်းမှာ ဒီ အဓိပ္ပါယ်သုံးခုပါရမယ်....(မှန်ပါ့ ဘုရား)။

ပရမတ္ထတရားဖြင့် ထင်ရှားရှိတာလဲ ဟုတ်တယ်၊ ရှလိုက်လို့ ရှိယင် ဒီဥာဏ်ရှလို့ရှိယင် ဒါအမှန်မြင်မယ် ဆိုတာလဲ ငါသေ သေချာချာဟာတယ်....(မှန်ပါ့) နိဗ္ဗာန်တည်းဟူသော အကျိုး ရှိမယ်ဆိုတာလဲ ငါသေသေချာချာ ပြောတယ် .... (မှန်ပါ့ ဘုရား)။

ဒါဖြင့် ငါ့စကားတခွန်းသည် အဓိပ္ပါယ် ဘယ်နှယ်မျိုးရ သတုံး....(သုံးမျိုးရပါတယ်) ဟုတ်တယ်= မှန်တယ်= အကျိုးရှိ တယ်ဆိုတာ သုံးမျိုးရပါတယ်.... (မှန်ပါ့) ပေါ်ကြပလား.... (ပေါ်ပါပြီ)။

ဒါဖြင့် ဘုရားဟောတော်မူတာ အခုခြောက်ပါး၊ ဟုတ်တယ် မှန်တယ်=အကျိုးရှိတာချည်းဘဲ....(မှန်ပါ့ဘုရား) တပါးကြည့် လိုက်ပြန်လဲ.... (ဟုတ်တယ်- မှန်တယ်- အကျိုးရှိတယ်) နောက် တခါ သန္ဒိဋ္ဌိကော ကြည့်လိုက်ပြန်တော့လဲ.... (ဟုတ်တယ်- မှန် တယ်= အကျိုးရှိတယ်)။

ဒါဘဲ သုံးတယ်နော်.... (မှန်ပါ့) အကာလိကော ကြည့် လိုက်ပြန်တော့ကော....(ဟုတ်တယ် မှန်တယ် အကျိုးရှိတယ်)။

အကုန် ရှိရမှာချည်းဘဲ.... (မှန်ပါ့) ဟိပဿိကော ကြည့်လိုက်ပြန်တော့....(ဟုတ်တယ်-မှန်တယ်- အကျိုးရှိတယ်)။

ဩပနေယျိကော ကြည့်လိုက် ပြန်ကော.... (ဟုတ်တယ် - မှန်တယ် - အကျိုးရှိတယ်) အဲ....ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ ဟော လိုက်ပြန်တော့..... (ဟုတ်တယ် - မှန်တယ် - အကျိုးရှိတယ်) ဟုတ်တယ် မှန်တယ် အကျိုးရှိတာချည်းဘဲ တလုံးတလုံးမှာ.... (မှန်ပါ့) ကဲ.... ဦးသန်းမောင်တို့ ထူးထူးခြားခြား နာရပြီ.... (မှန်ပါ့)။

ထူးထူးခြားခြား နာရပါပြီ....တဲ့၊ ဘုရားသခင်က နှစ်ခွန်းလဲ မပြောဘူး၊ တခွန်းပြောပြန်တော့လဲ ဟုတ်တာ မှန်တာ အကျိုးရှိတာကိုသာ ဟောတယ်.... (မှန်ပါ့) သူတပါးကြိုက်- မကြိုက်ကိုတော့ ငါမငဲ့ဘူးတဲ့.... (မှန်ပါ့ဘုရား) ရှင်းပလား.... (ရှင်းပါပြီ)။

သူတပါးကြိုက်-မကြိုက်ကိုတော့ (မငဲ့ပါဘုရား)ဘာ့ကြောင့်တုံး ဆိုတော့ မကြိုက်လဲ ပြောရမယ်ကွတဲ့.... (မှန်ပါ့) ကြိုက်လဲ ဟောရမှာဘဲ....(မှန်ပါ့)။

ဘာ့ကြောင့်တုံး ဆိုတော့ မကြိုက်တဲ့ ပုဂ္ဂိုလ် ငါဥပမာ ထုတ်ပြမယ်....တဲ့၊ မကြိုက်တဲ့ ပုဂ္ဂိုလ် သူထုတ်ဦးမယ်....တဲ့.... (မှန်ပါ့ဘုရား)။

မကြိုက်တဲ့ပုဂ္ဂိုလ်သူ ဘယ်လိုထုတ်လိုက်ပါသတုံး မေးတဲ့အခါကျတော့ ခလေးတယောက် လေးဘက်သွားကလေး ရှိတယ်ကွာ....တဲ့။

လေးဘက်သွား ကလေးရှိတော့ ဟိုနား မကျိုးစေ့ကလေး ချထားတာနဲ့ သူ့လက်ကလေးနဲ့ ကောက်ပြီး ပါးစပ်ထဲထည့်တယ်၊ ဟိုနား အိုးခြမ်းပဲ့ကလေး ရှိနေတာနဲ့ ကလေးဆိုတော့ ကောက်မိကောက်ရာ ကောက်တာ....(မှန်ပါ့ဘုရား) ပြီးတော့ ပါးစပ်ထဲဘဲ ထည့်တယ်၊ ဒီ့ပြင်နေရာထည့်စရာမှ မပါဘဲကိုး.... (မှန်ပါ့)။

ဒီ မကျိုးစေ့ကလေးထည့် - အိုးခြမ်းပဲ့ကလေး ထည့်လိုက်တော့ ဒီကလေးကလဲ မျိုတဲ့ လည်ပင်း ပေါက်ကလေးကလဲ ကျဉ်းကျဉ်းကလေး၊ ကျဉ်းကျဉ်းကလေး ဖြစ်နေတော့ ကိုတဲ့ ဒါကို အမေမိဘလုပ်တဲ့ ပုဂ္ဂိုလ်က ကရုဏာရှိတဲ့ ပုဂ္ဂိုလ်က ဦးသံဒိုင်ရေ ဘယ်ဘက်လက်နဲ့ ပွေ့ရမယ်....(မှန်ပါ့) ညာဘက်လက်-လက်ညိုးနဲ့ လက်မနဲ့ ကောက်ပြီး ပွေ့ထားတဲ့ ကလေးပါးစပ်ကလေးထဲက ဝိုသည်ဖြစ်စေ ဆွဲထုတ်ရမယ်.... (မှန်လှပါဘုရား) ဝိုလဲ ဆွဲထုတ်ရမယ်၊ မဝိုလဲ.... (ဆွဲထုတ်ရပါမယ်) ဘာဖြစ်လို့တုံး ဆိုတော့ အကျိုးရှိတဲ့ အလုပ် — လုပ်လို့ .... (မှန်ပါ့)။

သူတပါး မကြိုက်တယ်ဆိုတာ ခလေးကတော့ မကြိုက်ဘူး ခလေးမကြိုက်လဲ ဆွဲထုတ်ရမှာဘဲ.... (မှန်ပါ့ဘုရား) သဘောပါလား.... (ပါ-ပါပြီဘုရား) နို့မို့ သေသွားမှာကိုး.... (မှန်ပါ့ဘုရား) ထွက်သက်ဝင်သက် ပိတ်ပြီး မသေပေဘူးလား.... (သေပါတယ်ဘုရား)။

အဲဒါကြောင့် သူတပါးမကြိုက်လဲ ငါဟောလေ့ ရှိတယ်

ဆိုတာ ဒီခလေးဥပမာ ပြလိုက်တယ်.... (မှန်ပါ့) သဘောပါလား....(ပါ-ပါပြီ)။

နို့ ဒီခလေးဟာ ဒီအတိုင်း ပစ်ထားမယ် ဆိုလို့ရှိယင် ကရုဏာရှိတဲ့ အမေမိဘ သနားတဲ့ အမေမိဘ ဆိုလို့ရပါ့မလား (မဆိုရပါဘုရား) ချက်ခြင်း သေမယ်....(မှန်ပါ့) သူက မသိလို့ မျိုတာကိုး မဟုတ်ဘူးလား....(မှန်ပါ့)။

အဲဒီတော့ ခလေးက ငိုနေပေမဲ့ ဦးသန်းမောင်က လက် ညှိုးနဲ့ လက်မနဲ့ ကောက်တဲ့ပြီး မကျိးစေ့ ဆဲထုတ်တယ်....(မှန်ပါ့) အိုးခြမ်းပဲ့ မျိုယင်ကော .... (အိုး ခြမ်းပဲ့ ဆဲ ထုတ်ရ မှာပါ)။

ငိုပစေဗျာ့၊ ခင်ဗျား မထုတ်တော့ဘူးလား....(ထုတ်ရမှာပါဘုရား) ဘာပြုလို့တုံး.... သနားလို့၊ ရိပ်မိပလား.... (ရိပ်မိပါပြီ)။

ဒါကြောင့် ဟုတ်တယ် မှန်တယ် အကျိုးရှိတဲ့ စကားကို သူတပါးမကြိုက်လဲ ငါဟောတယ်ကွ တဲ့.... (မှန်ပါ့) သဘောပါပလား.... (ပါ-ပါပြီ) ဟုတ်တယ် မှန်တယ် အကျိုးရှိတယ် ဆိုတဲ့ စကားကို.... (မကြိုက်လဲ ဟောပါတယ်ဘုရား) ကြိုက်လဲ ဟောမှာဘဲ.... (မှန်ပါ့) ကြိုက်တဲ့ပုဂ္ဂိုလ်တွေလဲ ဟောရမှာဘဲ.... (မှန်ပါ့) ဘာဖြစ်လို့တုံး ဟုတ်တယ် မှန်တယ် အကျိုးရှိသကိုး ကွ တဲ့....(မှန်ပါ့)။

ခုနင်က ခလေးမှာ သူမကြိုက်ဘူးတဲ့ မကျိးစေ့ ကလေး ဆဲထုတ်တာ၊ အိုးခြမ်းပဲ့ကလေး ဆဲထုတ်တာ ပါးစပ်ဆဲက....

(မှန်ပါ့) သွေးတွေ ဘာတွေ ထွက်လာချင် ထွက်ပေ့စေ ဆဲ့ထုတ်ရမယ်....(မှန်ပါ့)။

သွေးထွက်တာ ကုလို့ရတယ်၊ အသက်သေတာ ထက်တော့မဆိုးဘူး....(မှန်ပါ့) သဘောပါပလား....(ပါ-ပါပြီ)။

ဒါဖြင့် ဒီတကာ တကာမတွေ့ တချို့နေရာမှာ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ခင်ဗျားတို့ကြိုက်တာ မကြိုက်တာကို မလိုက်ဘဲနဲ့ ကြည့်စမ်းပါလား ဇနပဒ ကလျာဏီတို့လို ပုဂ္ဂိုလ်တွေကျတော့ အသုဘကမ္မဋ္ဌာန်းကြီးများ ဟောချလိုက်တယ်....(မှန်ပါ့)။

သူ ကြိုက်ကဲ့လား.... (မကြိုက်ပါဘုရား) မကြိုက်ပေမဲ့လဲ ဟောရမယ်.... (မှန်ပါ့ဘုရား) ဟောရမယ်- သူအကျိုးရှိတယ်၊ နောက် ဒီအသုဘနဲ့ဘဲ သူနိဗ္ဗာန်ဝင်တာဘဲ.... (မှန်ပါ့ဘုရား) အသုဘကနေ ဝိပဿနာကူးသွားတယ်၊ကူးတော့ နိဗ္ဗာန်မဝင်ဘူးလား....(ဝင်ပါတယ်ဘုရား)။

သူမကြိုက်မှန်းတော့ အသိသားဘဲ၊ ဒါဟောတယ်ဆိုလို့ဟိုကလဲ တရားနာ မလာဘူး၊ အသုဘ ဟောတယ်ဆိုလို့ တရားနာမလာဘူး၊ သူကလဲ မင်းသမီးကိုး....(မှန်ပါ့)။

မင်းသမီး ပါရမီကလဲ ပြည့်စုံပြီးသား ဆိုတော့ ဒီဘဝ အစွမ်းကုန်ချောမွတ်တဲ့ ခန္ဓာကိုယ်ဖြစ်နေတယ်၊ အဲဒါကြောင့် တရားနာ မလာဘူး....(မှန်ပါ့)။

လာတဲ့နေ့ကျတော့ ဦးသန်းမောင်နှယ် အသုဘကို ဟောချလိုက်ဘာဘဲ....(မှန်ပါ့) သူကြိုက်ပါ့မလား....(မကြိုက်ပါဘုရား)

မကြိုက်ပေမဲ့လဲ.... (ဟောပါတယ်ဘုရား) ဟောတာဘဲတဲ့၊ ဟောတော့ သူဘာဖြစ်သလဲ.....၊ ရဟန္တာမ ဖြစ်သွားတယ်.... (မှန်ပါဘုရား) မကြိုက်ပေမဲ့ ဟောမယ်ကွ....တဲ့၊ အကျိုးရှိတာသာ ပဓာနကိုး.... (မှန်ပါဘုရား)။

သူများမကြိုက်တာ မဟုတ်တာမို့ မကြိုက်လို့ရှိယင်လဲ ငါမဟောပါဘူး....တဲ့၊ အခုတော့ ငါဟာက· ဟုတ်တယ်....တဲ့၊ မှန်တယ်၊ အကျိုးကလဲ ရှိတယ်၊ အကျိုးရှိတယ်ဆိုတော့ သူ့ကို မင့်နှိုင်ဘူး၊ သူက မသိလို့ မိုက်နေတာကိုး.... (မှန်ပါ) သဘောကျပလား....(ကျပါပြီ)။

ဒါဖြင့် ခင်ဗျားတို့ကို အခု ဘုန်းကြီး ဟောနေတာက ဦးသန်းမောင် ဟောလို့က်၊ မောင်ထွန်းရင် ဟောလို့က်၊ ဦးသံဒိုင်တို့ ပြောလို့က်၊ တကာတကာမတွေ့ လှည့်ပြောလို့က်၊ ခင်ဗျားတို့ ကြိုက်— မကြိုက် ,လို့ရင်းမဟုတ်ဘူး.... (မှန်ပါ) မဟုတ်ဘူးလား....(မှန်ပါဘုရား)။

ခင်ဗျားတို့က ခလေးဘဲ ရှိသေးတာ.... (မှန်ပါဘုရား)ဘုရား သိတော်မူတဲ့ဉာဏ်ကို ထားပါဦး၊ ဘုန်းကြီးများ သိတဲ့ ဉာဏ်နဲ့ စာလို့က်တော့ ခလေးဘဲဖြစ်နေတယ်.... (မှန်ပါဘုရား)။

ဒီဟာတော့ဘုရား.... တပည့်တော် မကြိုက်ဘူးဘုရား၊ အရှင်ဘုရား ပြောတာ သိပ်နာတာဘဲ—အစစရှိသဖြင့်.....၊ မနာနဲ့....၊ နာချင်နာ ပြောရလိမ့်မယ်.... (မှန်ပါဘုရား) မဟုတ်ဘူးလား.... (မှန်ပါ) နာချင်နာ.... (ပြောရပါမယ်) နာချင်နာ ပြောရလိမ့်မယ်....တဲ့၊ သူနာတာက မသိနာ-နာနေတာ.... (မှန်ပါ) သူနာ

ခြင်းကြောင့် နောက်ကျေးဇူးရှိမှာက အဘိုးမဖြတ်နိုင်ဘူး....(မှန်ပါ့ဘုရား)။

အဲဒီတော့ နာချင်နာ ဘာဖြစ်ရမလဲ.... (ပြောရပါမယ်) ပြောရမှာဘဲ....တဲ့၊ ဟုတ်တယ်၊ မှန်တယ်၊ အကျိုးရှိတယ်ကို ပြောရမယ်.... (မှန်ပါ့ဘုရား) သဘောကျပလား.... (ကျပါပြီ)။

ကဲ....အဘိဓမ္မာဆိုတာက အားလုံး တကာ တကာမတွေ့ မှတ်ပါ....တဲ့၊ ဟုတ်တယ်၊မှန်တယ်၊ အကျိုးရှိတာချည်းဘဲ၊ (မှန်ပါ့) သုတ္တန်လို တခါတည်း ဟို.... ဝေနေယျဇ္ဈာသယ ငဲ့ဟောတဲ့ တရား မဟုတ်ဘူး.... (မှန်ပါ့) ဝိပဿနာ အလုပ်မှာတော့ ဝေနေယျဇ္ဈာသယ ငဲ့တာမဟုတ်ဘူး.... (မှန်ပါ့) ဟို....ပုဂ္ဂိုလ်လဲ ဒီလုပ်စဉ်ဘဲ၊ ဒီပုဂ္ဂိုလ်ကော.... (ဒီလုပ်စဉ်ပါဘုရား)။

ဒါ ဟုတ်တယ်၊ မှန်တယ်၊ အကျိုးရှိတာကိုး....(မှန်ပါ့ဘုရား) အံမာ.... တော်တော်ကြာ မင်းသည်ကားလို့ ဆိုလို့ရှိယင် ဒီဥစ္စာဖြစ်ပျက်က စ,ရှုက္ခ ရုပ်နာမ် ခဲ့က္ခ၊ ပစ္စယ ပရိဂ္ဂဟ ဥာဏ်ဆိုတဲ့ ကင်္ခါဝိတရဏဝိသုဒ္ဓိ လုပ်က္ခ၊ အမျိုးမျိုး အဖုံဖုံ ဟောတာဘဲ....တဲ့။

ဟောပေမဲ့လဲ တလုံးဟော၊ ဟုတ်တာ၊ မှန်တာ အကျိုးရှိတာဘဲ၊ နောက်တလုံးဟောလဲ.... (ဟုတ်တာ၊ မှန်တာ၊အကျိုးရှိတာပါဘဲ ဘုရား)။

အဲဒီတော့ကိုတဲ့ တကာ တကာမတွေက ဘယ်လိုဘဲ ပြောနေနေ ဘုရားကတော့ဖြင့် ဟုတ်တယ်၊ မှန်တယ်၊ အကျိုးရှိတဲ့ဥစ္စာကိုဖြင့် ဟောလိမ့်မယ်.... (မှန်ပါ့)။

ဒီမှာလဲ ဆရာသမားက ခင်ဗျားတို့ကို ဘာပြောပြော ဟုတ်

တယ်၊ မှန်တယ်၊ အကျိုးရှိတာဘဲ ပြောမယ်.... (မှန်ပါ့ဘုရား) အကုန်လိုက်နာရုံဘဲ.... (မှန်ပါ့)။

ဒီလိုမှ မလိုက်နာယင်တော့ ခင်ဗျားတို့ တရားထူး တရားမှန် မရနိုင်ဘူး.... (မရနိုင်ပါဘုရား) ရနိုင်ပါ့မလား.... (မရနိုင်ပါဘုရား)။

ဒါဖြင့် ဘာလိုက်ရမလဲ.... (ဟုတ်တာ၊ မှန်တာ၊အကျိုးရှိတာလိုက်ရပါမယ်) ဟုတ်တယ်၊ မှန်တယ်၊ အကျိုးရှိတယ်ဆိုတော့ အကုန် လိုက်နာ....(မှန်ပါ့ဘုရား) မောင်ထွန်းရင် ရိပ်မိပလား.... (ရိပ်မိပါပြီ)။

ကိုင်း....မင်းတို့ စဉ်းစားကြည့်ပါလား၊ မနေ့က ဦးသံဒိုင်က ပြောတယ်၊ မင်းက ဒုဂုတိ ရထား စီးတော့မလို့.... ပြောတယ်၊ ဒုဂုတိရထား စီးတော့မလို့—လို့ဆိုတော့ ဟာ.... မောင်ထွန်းရင် မစီးနဲ့က္ခ၊ ဒီရထားဟာ ရထားမှားဟ့....၊ အောက်စုန်တယ်က္ခ၊ ဘုန်းကြီးက မဆိုဘူးလား.... (ဆိုပါတယ်ဘုရား)။

ဒါ လိုက်နာရမှာဘဲ၊ မင်း မစီးနဲ့ဆို မစီးဘဲ နေဘို့ဘဲ.... (မှန်ပါ့) ဘာပြုလို့တုံး....ဟုတ်တယ်၊ မှန်တယ်၊ အကျိုးရှိတယ်က္ခ....(မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီ)ရိပ်မိကြပလား.... (ရိပ်မိပါပြီဘုရား)။

ကဲ....ယနေ့ည ဒီတွင် တော်ကြဦးစို့။

သာဓု....သာဓု....သာဓု

အမရပူရမြို့ မဂ်လာတိုက်ဟောင်းတွင်

ကျေးဇူးတော်ရှင် — အဂ္ဂမဟာ ပဏ္ဍိတ

မိုးကုတ် ဆရာတော်ဘုရား

အမရပူရမြို့ မဂ်လာရိပ်သာကျောင်းပေါ်၌

ဟောကြားတော် မူသော

ကာမစ္ဆန္ဒ နိဝရဏ သဘောနှင့် ၎င်းမှထွက်မြောက်ကြောင်း

ည အလုပ်ပေး တရားတော်

(၁၈-၁၁-၆၁)

အလုပ်ပေးမယ်၊ အလုပ်ပေးမယ် ဆိုလို့ရှိယင် အလုပ်--လုပ်တုန်းကို ရှုရမှာတော့ ဝေဒနာ ကြိုက်ယင် ဝေဒနာ သုံးပါး-ငါးပါး လှည့်ရှုပါ၊ စိတ်ကြိုက်လို့ရှိယင် စိတ်ဆယ့် သုံးပါးကို ရှုပါဆိုတာတော့ သင်ပြီးပြီ၊ ဦးသန်းမောင်တို့ မှတ်မိပါပြီ.... (မှတ်မိပါပြီ)။

စိတ်ကြိုက်လို့ရှိယင် စိတ်ဘယ်နှစ်မျိုး ပါလိမ့်.... (ဆယ့်သုံးမျိုးပါဘုရား) ဝေဒနာကြိုက်ယင်....(ဝေဒနာငါးမျိုးပါဘုရား) ငါးမျိုး.... သုခ, ဒုက္ခ, ဒေါမနဿ, သောမနဿ, ဥပေက္ခာ၊ ဒါဘဲရှိပါတယ်။

ဒါကို ရှုကြပါလို့ဆိုတာ သတိပေးလိုက်တယ်၊ ရှုတဲ့အခါမှာ ခင်ဗျားတို့က တွေဝေ မိန်းမောနေတဲ့ အချက် ရှိပါလိမ့်မယ်၊ သောမနဿ လာတာကိုလဲ သောမနဿလို့ မသိ၊ ဒေါမနဿ

လာတာ ဒေါမနဿ လာတာလို့ မသိ၊ ဥပေက္ခာ လာတာ ဥပေက္ခာလို့မသိ၊ ဒါ အဖျက်တွေ့ဘဲလို့လဲ စိတ်ထဲမှာ ဝေဘန်ချင် ဝေဘန်လိမ့်မယ်.... (မှန်ပါ့) ဒီဟာတွေ့လဲ အလုံ့တွေ့ဘဲဆို့တာ ဘုန်းကြီးတို့ တကာ တကာမတွေ့က မှတ်ပါ အလုံ့ပြင်ပေးမယ်....(မှန်ပါ့ဘုရား)။

ကိုင်း....ဒါဖြင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီး သာဝတ္ထိပြည် ဇေတဝန် ကျောင်းမှာ သီတင်း သုံးနေတယ်၊ ထိုကဲ့သို့ သီတင်းသုံးနေတော့ သင်္ဂါရဝ သတ္တိုသား ဆိုတာ ရှိပါတယ်၊ ဘုရားနဲ့တွေ့ပြီး ဘုရားကို သူကလျှောက်တယ်။

ဘယ်လိုလျှောက်သတုံး မေးတဲ့အခါကျတော့ တပည့်တော် ဟာ- ဘုရား....တခါတလေ ဘယ်လိုဖြစ်တယ် မသိပါဘူး....တဲ့၊ ပုဏ္ဏားများမှာ ဗေဒင် မန္တာန် စာတွေ့ရှိပါတယ်၊ ဒါတွေ့ကို တခါတလေ ရပြီးသားတွေ့ အကုန်ပျောက်တယ် ဘုရာ့၊ အဲဒီ့ အကြောင်းကလေးလဲ တပည့်တော် သိချင်ပါတယ်။

တခါတလေ ကျပြန်တော့လဲ မရသေးတာများတောင် ပြန်ပေါ်လာတယ်၊ ရှေးက သူစုန့်ပစ် ထားတာတွေ့, မပြန် ဘဲနဲ့ နေတာတွေ့, မတွေးတောဘဲနဲ့ နေတာတွေ့ တောင်မှ ပြန်ပြီး ပေါ်လာတယ်၊ အဲဒီတော့ ဒီအကြောင်းလဲ တပည့်တော် သိချင်ပါတယ်။

ဒါဖြင့် ရပြီးသား ပျောက်တာလဲ ဘယ်အကြောင်းကြောင့် ပါတုံး၊ မရသေးတာ ပေါ်လာတာလဲ ဘယ်အကြောင်းကြောင့် ပါတုံး၊ သူမေးတဲ့ ပုစ္ဆာ နှစ်ခုလို့ မှတ်ပါ.... (မှန်ပါ့ဘုရား) ရှင်းပြီနော်....(ရှင်းပါပြီ)။

ရပြီးသား — ပျော်တာလဲ....(ဘယ်အကြောင်းကြောင့်ပါ
တုံး)မရသေးတာပေါ်လာတာလဲ.... (ဘယ်အကြောင်း ကြောင့်
ပါတုံး) အဲ....ပစ်ထားတာတွေပေါ်လာတာလဲဘယ်အကြောင်း
ကြောင့်ပါတုံးလို့ မေးလိုက်တယ်။

ကဲ....ကဲ့တဲ့၊ သင်္ဂါရဝ သတို့သား ငါရှင်းပြပါ့မယ် --ဆိုပြီး
ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ရှင်းပြတယ်။

မင်း ရေခဲက်တခု ရှာခဲ့ကဲ့....၊ ရေအပြည့်ထည့်၊ အဲဒီ ရေထဲ
မှာကဲ့....ဆေးဖြူ, ဆေးဝါ, ဆေးနီတွေ ရောပြီးတော့ ထည့်
လိုက်စမ်းပါ....တဲ့၊ ထိုကဲ့သို့ ထည့်လိုက်လို့ ရှိယင်ဖြင့်.... ပြီးတော့
ဒီ ဆေးနီ, ဆေးဝါ, ဆေးပြာတွေက ရေတွေ အကုန် ဖြစ်ပြီး
သကာလ ရေနဲ့ ရောနေတဲ့အခါ မင်းမျက်နှာ ကလေးနဲ့ ဟတ်
ပြီးတော့ကြည့်ပါ....တဲ့၊ မင်းအရိပ် ထင်ပါ့မလား....တဲ့၊ တကာ
တကာမတွေ ထင်နိုင်ပါ့မလား.... (မထင်နိုင်ပါဘုရား) ရေထဲ
ဆေးနီ, ဆေးဝါ,ဆေးပြာတွေ ရောနေတယ်....(မှန်ပါ့ဘုရား)။
ရေထဲ ဆေးနီ, ဆေးဝါ, ဆေးပြာ ရောနေတဲ့အတွက်မျက်
နှာရိပ် မထင်ဘူး....ဆိုတော့ ကိုယ့်မျက်နှာ မရှိလို့ မထင်တာ
လား.... ဟိုမှာရောနေလို့ မထင်တာလား.... လို့ မေးယင် ဘယ့်
နှယ်ဖြေကြမလဲ.... (ရောနေလို့ မထင်တာပါ ဘုရား) ရောနေလို့
မထင်တာဆိုတာ တကာ့တကာမ တော သိပါတယ်။

ထို့အတူဘဲကဲ့....တဲ့၊ မင်းမှာ ကာမစ္ဆန္ဒနီဝရဏ ဆိုတာ ရှိ
တယ်၊ ဦးသံဒိုင် မှတ်ရတော့မယ်၊ ဘာတဲ့တုံး-(ကာမစ္ဆန္ဒနီဝရဏ
ဆိုတာရှိပါတယ်)။

ကာမစ္ဆန္ဒနီဝရဏ၊ ကာမ-က လိုချင်တာ၊ သဘောကျပလား

(မှန်ပါ့) ကာမေတိတိကာမော= အလိုရှိအပ်တာ ကာမ၊ ဆန္ဒ-က လိုချင်တာ - အလိုရှိအပ်တဲ့ ပစ္စည်းကို လိုချင်ခြင်း ကြောင့် ပိတ်ပင်တဲ့ တရားဖြစ်တယ်။

ဒါကလေး မြန်မာလို ရှင်းရမယ်-- 'အလိုရှိအပ်တဲ့ တရားကို လိုချင်ခြင်းကြောင့် ပိတ်ပင်တယ်' ပါဠိလိုတော့ ကာမစ္ဆန္ဒနီဝရဏာ....(မှန်ပါ့)။

မြန်မာလို ပြန်လိုက်တဲ့ အခါကျတော့- အလိုရှိအပ်တဲ့ တရားကို လိုချင်ခြင်းကြောင့် မင်္ဂိုလ်ပိတ်ပင်တယ် .... (မှန်ပါ့)မင်္ဂိုလ်တားမြစ်တယ်.... (မှန်ပါ့ဘုရား) ဒါ သေသေချာချာမှတ်ပါ။ အလိုရှိအပ်တဲ့ တရားကို လိုချင်သောကြောင့် လိုချင်တဲ့ တရားက မင်္ဂိုလ်ကို ကန့်ကွက်တယ်.... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ)ဒါကို ကာမစ္ဆန္ဒနီဝရဏလို့ မှတ်လိုက်စမ်းပါ။

ကာမစ္ဆန္ဒနီဝရဏ ဥပမာမယ် ဦးသံဒိုင်က ဖြစ်စေ၊ ဦးသန်းမောင်ကဖြစ်စေ ဝေဒနာ ဖြစ်ပျက်ကလေးကို ကြိုးစားကြိုးစား ရှုနေတယ်၊ စိတ်ဖြစ်ပျက် ကလေးကို ကြိုးစားနေတယ်၊ ကိုယ်ကြိုက်ရာကို ဖြတ်ဆို ဝမ်းဆာလာတယ်၊ ဝမ်းဆာလာတယ်ဆိုတော့ ဦးသံဒိုင် လောဘဖြစ်ရတော့မယ်.... (မှန်ပါ့)ဒါကာမစ္ဆန္ဒနီဝရဏ....(မှန်ပါ့)

ကာမ က ထမင်း၊ ဆန္ဒ က စားချင်တာ၊နီဝရဏကသူ့စားချင်တဲ့ စိတ်ကနေပြီး ခုနင်က ဖြစ်ပျက်မြင်တဲ့ဥာဏ် ပိတ်ချလိုက်တယ်....(မှန်ပါ့) ဖြစ်ပျက်မြင်တဲ့ဥာဏ်ကို.... (ပိတ်ချလိုက်ပါတယ်) ပိတ်လိုက်ပါတယ်။

ဒါဖြင့် ကာမဆန္ဒ နိဝရဏ ကာမက ထမင်း၊ ဆန္ဒက စား ချင်တာ....(မှန်ပါ့) နိဝရဏ က စားချင်တဲ့စိတ်ကနေပြီး ခုနင် က ဝိပဿနာဉာဏ်ကို ပိတ်ပစ်လိုက်တယ်.... (မှန်ပါ့) သဘော ကျပလား.... (ကျပါပြီ)။

ကာမ-က ဘာတုံး....(ထမင်း) အလိုရှိအပ်တဲ့ ထမင်း၊ ဆန္ဒ-က (စားချင်တာ) နိဝရဏ က....(ပိတ်ပင်တာ)။

ဒါဖြင့် ထမင်းစားချင်တဲ့စိတ်က ဖြစ်ပျက်သိတဲ့ဉာဏ် ပိတ် လိုက်တယ်....(မှန်ပါ့) ဒါ သေသေချာချာ မှတ်ပါ.... (မှန်ပါ့) ထမင်းဆာတဲ့ စိတ်က.... (ဖြစ်ပျက် သိတဲ့ဉာဏ် ပိတ်ပါတယ် ဘုရား)။

ဖြစ်ပျက် သိတဲ့ဉာဏ်ကို တခါတည်း သူကနေပြီး မလာရ အောင် ပိတ်ပစ်လိုက်တယ် ဒါ့ကြောင့် သူ့ကို ပါဠိလိုသုံးတော့ ကာမစ္ဆန္ဒနိဝရဏလို့ မှတ်ကြပါ....(မှန်ပါ့ဘုရား) ရှင်းပလား.... (ရှင်းပါပြီ)။

ဒါဟာ ဘာဘဲ့ လိုချင်လိုချင် လိုချင်တဲ့ပစ္စည်းက ကာမ၊ လိုချင်တဲ့ ဆန္ဒက တဏှာ၊ ဒီနှစ်ခု ပေါင်းမိလို့ရှိယင် လိုချင်အပ် တဲ့ ပစ္စည်းနဲ့ လိုချင်တဲ့ဆန္ဒ လိုချင်တဲ့ လောဘနဲ့သာ ပေါ် လာမယ်ဆိုယင် ဦးသန်းမောင် မှတ်လိုက် မဂ်ဖိုလ်တားတဲ့ စိတ် ဘဲ့....(မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ) ပါဠိလိုသုံးယင် ဘယ် လိုသုံးကြမယ်....(ကာမစ္ဆန္ဒနိဝရဏပါဘုရား)။

အေး.... ကာမစ္ဆန္ဒနိဝရဏ တရားလို့ မှတ်ထားပါ၊ ဒါနဲ့ သင်္ဂါရဝကိုဘုရားက ဟောလိုက်တယ် ကဋ္ဌ....တဲ့ မင်းပင်ကိုယ်က

တော့ ဖြုံဖြုံစင်စင်ပါဘဲတဲ့၊ မင်းဟာ ဖြုံဖြုံစင်စင်နဲ့ စိတ်ဟာ ထားတာပါဘဲ၊ သို့သော်.... မင်းမှာ ကာမစ္ဆန္ဒနီဝရဏ တခု ရှောလာလို့ရှိယင် မင်းရ,ထားတဲ့ ဥစ္စာတွေ အကုန် မေ့ရမယ် သဘောကျပလား....(ကျပါပြီ) ရ,ထားတာတွေ (အကုန်မေ့ရ ပါမယ်)။

ရ,ထားတာတွေ အကုန် မေ့ရမယ်ကွ....တဲ့၊ အဲဒီတော့ မင်း သိဘို့အရေးက ဒီ ကာမစ္ဆန္ဒနီဝရဏဆိုတဲ့ လောဘကို ငါးပါး အာရုံ ကာမဂုဏ်ကို တောင့်တတဲ့ နီဝရဏ တရားကို သူ့ကိုထွက် မြောက်ကြောင်း ရှာရမယ်....တဲ့၊ သူ့ကို ဘယ်လို ပယ်ရမတုံး၊ ဘယ်လို ဖယ်ရှားရမတုံး ဆိုတဲ့ဥစ္စာ မင်း အရေးကြီးတယ်၊ ဒါ ဟောလိုက်တယ်....(မှန်ပါ့ဘုရား) သဘောကျကြလား....(ကျပါ ပြီဘုရား)။

သူ့ကို ပယ်နည်းကို မင်း အရေးကြီးတယ်....တဲ့၊ ဒါမသိသရွေ့ ကာလပတ်လုံး→ပယ်နည်း မသိသရွေ့ ကာလပတ်လုံး ဘုန်းကြီးတို့ တကာ တကာမတွေမှာ....တဲ့ ဥာဏ်ကို နီဝရဏက ပိတ်မှာဘဲ.... (မှန်ပါ့) မပိတ်ပေဘူးလား....(ပိတ်မှာပါဘုရား)။

ပိတ်လိမ့်မယ်ဆိုတော့ အလုပ်သမားမှာ သိပ်အရေးကြီးတဲ့ တရားလို့မှတ်ပါ....(မှန်ပါ့) ပိတ်ပင်တာ ဖယ်တတ်ဘို့ အရေးဟာ ဦးသန်းမောင် လွယ်ပါ့မလား....(မလွယ်ပါဘုရား)။

ခင်ဗျားတို့က ပိတ်ပင်တဲ့ တရားလာပြီ၊ တရားသဘော အနိစ္စကလေး ဖြစ်ပျက်ကလေး ရှုနေတယ်၊ ထိုကဲ့သို့ ရှုနေတုန်းဘဲ့ အင်း....ထမင်းဆာတယ်၊ တယ်....နေ့ဝက်ရှက်တဲ့တရား မျှား

သကိုး၊ ဒီနေ့မလုပ်သေးဘူး....၊ ဒီနေ့ မလုပ်သေးဘူးဆိုတော့ ဦးသံဒိုင်က စဉ်းစားလိုက်၊ သူ ပိတ်ပင်တာ သေချာတယ်.... (မှန်ပါ့ဘုရား) မသေချာဘူးလား....(သေချာပါတယ်ဘုရား) ဘယ်သူက ပိတ်ပင်လိုက်သလဲ....(နိဝရဏကပါဘုရား)။

နိဝရဏက....၊ ဘယ် နိဝရဏကလဲ.... (ကာမစ္ဆန္ဒနိဝရဏပါဘုရား) ကာမစ္ဆန္ဒနိဝရဏက ပိတ်ပင်လိုက်ပါတယ်ဆိုတော့.... ဩော်.... ခင်ဗျားတို့အတွက်မှာ ဆိုလို့ရှိယင် ဦးသန်းမောင်တို့အတွက်, ဦးသံဒိုင်တို့အတွက်ဆိုယင် သူဟာ ဗိုလ်ဘဲ.... (မှန်ပါ့) သူ အရေးအကြီးဆုံး လာတာဘဲ၊ ဒီ ပြင်ဟာ မလာဘူး၊ သူက အရေးတကြီး လာတယ်....(မှန်ပါ့ဘုရား)။

ထမင်းဆာလိုက်တာ၊ဘာကလေး ဝတ်ချင်တယ်၊ ဘာကလေး စားချင်တယ်၊ ဘယ်ဟာကလေး သွားချင်တယ်၊ ဘယ်သူဖြင့် နေမကောင်းဘူး သွားမေးချင်တယ်၊ အဲဒီ ကိစ္စကလေးက ရှိတယ်၊ ဒါ ကာမစ္ဆန္ဒနိဝရဏချည်း မှတ်လိုက်....(မှန်ပါ့ဘုရား)။

ဘယ်သူဟာ ဥပမာ—ဦးသံဒိုင် ဆိုပါတော့ ဘယ်နှစ်ရက်နေ့ သွားမယ် စိတ်ကူးထားတယ်၊ ဘယ်လိုနေလို့မှ သွားမမေးယင် မကောင်းပါဘူး၊ ခင်မင်ရာ မရောက်ပါဘူးဆိုတော့ ခင်မင်တဲ့ စိတ်ဟာ ကာမစ္ဆန္ဒနိဝရဏ....(မှန်ပါ့ဘုရား)။

ခင်မင်တဲ့စိတ် ပေါ်လာယင် သူ့မော်တော်ကားနဲ့ မန္တလေး သွားမယ်....(မှန်ပါ့ သွားပါမယ်) မသွားဘူးလား....သွားမလား (သွားပါမယ်ဘုရား) ဘာပါလိမ့် ဒါဟာ.... (ကာမစ္ဆန္ဒနိဝရဏ ပါဘုရား) ကာမစ္ဆန္ဒနိဝရဏ.... (မှန်ပါ့) သဘောကျပြီ....(ကျေပါပြီ)။

ဒါဖြင့် မကောင်းလို့ သွားတာဟူသ၍ ကာမစ္ဆန္ဒနီဝရဏမှတ်-(မှန်ပါ့) မကောင်းလို့ သွားတာဟူသ၍.... (ကာမစ္ဆန္ဒနီဝရဏ ပါဘုရား)။

ဒါဖြင့် မကောင်းလို့ ပြောလိုက်ရတာဟူသ၍.... (ကာမစ္ဆန္ဒနီဝရဏပါ) ကာမစ္ဆန္ဒနီဝရဏ၊ ဖြစ်ပျက်ကို အမြဲတမ်း တာ၊မယ် (မှန်ပါဘုရား) ရှင်းပဲလား.... (ရှင်းပါပြီဘုရား) ဖြစ်ပျက်သိတဲ့ တရားကို.... (အမြဲတမ်း တာ၊ပါတယ်ဘုရား) အမြဲတမ်း တာ၊ မှာပါဘဲ။

ဒါဖြင့် နီဝရဏဆိုတာ ပိတ်ပင်တတ်တဲ့ တရား, တာ၊မြစ်တဲ့ တရားဆိုတာ ဘုရားသခင် ကိုယ်တော်မြတ်ကြီး သဗ္ဗညုတဉာဏ်နဲ့ ရှုလိုက်တဲ့အခါ တယ်....မှန်ပါကလား....၊ ဒီနေ့တော့ ဘုန်းကြီး ဆီ ခွင့်ယူဦးမှ တော်မယ်ဆိုယင် ချက်ခြင်းလာမယ် ခင်ဗျားတို့ မလာဘူးလား....(လာပါတယ်)။

ဦးသန်းမောင်မှာလဲ ထိုနည်းအတူဘဲ ကိစ္စရှိသေးတယ်ဘုရား မကောင်းတတ်တာနဲ့ တပည့်တော် သွားရဦးမယ်....၊ ဘယ်လို မကောင်းတတ်တာတုံး အို....အလွန်ရင်းနှီးတယ်ဘုရာ့ (မှန်ပါ့)။

ရင်းနှီးတယ်ဆိုတာ ဘာတုံး၊ တဏှာနဲ့ အင်မတန် ခင်တယ် ပြောတာ.... (မှန်ပါ့) အဲဒါ သူ့ကို ဘာ နီဝရဏဆိုမလဲ.... (ကာမစ္ဆန္ဒနီဝရဏပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့မှာ ဒီအလုပ် အများဆုံးဘဲ၊ သဘော ကျပလား....(ကျပါပြီ) သူသည် ဘာကို တာ၊သလဲ.... (မဂ်ဖိုလ် တာ၊ပါတယ်) မဂ်ဖိုလ်ကိုတာ၊တယ်၊ မဂ်ဖိုလ်ဆိုတာ အသာ

ထားစမ်းပါဦး ဝိပဿနာ ညာဏ်တောင် တားတယ်.... (မှန်ပါ့ဘုရား) ဝိပဿနာညာဏ်တောင် တားတယ်၊ ရှင်းပလား....(ရှင်းပါပြီ) ဖြစ်ပျက်သိဘဲ့ ညာဏ်တောင်.... (တားပါတယ် ဘုရား) တားတယ်ဆိုတော့ ဝိပဿနာမဂ်တောင် တားတဲ့ဟာ.... ဟို.... လောကုတ္တရာမဂ်ကျတော့ ပိုတားတာပေါ့.... (မှန်ပါ့ဘုရား) ရှင်းပလား....(ရှင်းပါပြီ)။

ဒါဖြင့် ခင်ဗျားတို့ ကိစ္စများတဲ့ လူဆိုတာဟာ ခင်ဗျားတို့ဘဲ့ ဆုံးဖြတ်ချက် ချပါတော့၊ ကိစ္စများတယ်- သူ့အတွက် အတော် ကိစ္စများတယ်၊ ဘာပြောနေကြတာတုံး....၊ မဂ်ဖိုလ် တားမြစ်တာ များဘယ်ပြောဘာ.... (မှန်ပါ့ဘုရား)။

ခင်ဗျားတို့ လောကမှာသာ ယဉ်တာပါ- လောကုတ္တရာ မျက်လုံးနဲ့ကြည့်လိုက်တော့ မဂ်ဖိုလ် အတားဆုံး လူတယောက်ဘဲ့ (မှန်ပါ့) မဂ်ဖိုလ် ရောက်မှုကို အဘားဆုံး လူတယောက်- ဆိုနိုင် မဆိုနိုင်.... (ဆိုနိုင်ပါတယ်ဘုရား)။

သို့သော် ခင်ဗျားတို့က ဦးသန်းမောင်တို့က ဂုဏ်ယူတယ်။ ဂုဏ်တောင် ယူမိတယ်၊ မအားလိုက်တာများ ပြောစရာ မရှိဘူး၊ ကိုယ့်မျက်နှာ မပြယင် မကောင်းဘူး၊ ကိုယ့်အသံမကြားရယင် ဟိုက ဘာလိုလို ပြောနေတယ်၊ ဒါကြောင့် လှည့်ပတ်ပြီး ပြေလည်အောင် ရှောက်လုပ်နေရတယ်.... (မှန်ပါ့) ဘာတွေတုံး မေးယင်.... (ကာမစ္ဆန္ဒနိဝရဏတွေပါဘုရား)။

ခင်ဗျားတို့ ပြေလည်အောင် လုပ်တာလားတဲ့၊ ဒီဥစ္စာဟာကဲ့....မဂ်ဖိုလ် မရမည့်အလုပ်ကို ငါလုပ်လိုက်ဦးမယ်လို့ ဆိုတာလား....(မဂ်ဖိုလ် မရမည့်အလုပ်ကို ငါလုပ်လိုက်ဦးမယ် ဆိုတာ

ပါဘုရား) အပြောသာ ယဉ်တာဗျ၊ အရုပ်က သိပ်ဆိုးတယ်.... (မှန်ပါ့ဘုရား) အပြောတော့.... (ယဉ်ပါတယ် ဘုရား) အရုပ်တော့.... (ဆိုးပါတယ်ဘုရား) အရုပ်က သိပ်ဆိုးတယ် ဆိုဘာဖြင့် ဖေါ်ပြောတော့မှဘဲ ဦးသန်းမောင်တို့ ရိပ်မိပြီ....(မှန်ပါ့ဘုရား)။

ကိစ္စ ကြီးငယ်တွေက-ဘုရား....မလွဲသာတာတွေက သိပ်ပေါတာ၊ ဒါ့ကြောင့် ဒီနေ့ တရားကလေး နှလုံးသွင်းမှာတောင်မှ အချိန်စေ့အောင် တပည့်တော် နှလုံးမသွင်းနိုင်ဘူး၊ ဘာဖြစ်လို့တုံး.... မဂ်ဖိုလ်တားတဲ့ တရားကများ-များလွန်းလို့....၊သဘောပါပလား.... (ပါ-ပါပြီဘုရား)။

ဘာတဲ့တုံး....(မဂ်ဖိုလ်တားတဲ့ တရားကများလွန်းလို့ တရားနှလုံးမသွင်းနိုင်တာပါ) နောက်ကို ဒီလိုဖေါ်ပြီး ပြောကြစမ်းပါ၊ ဒီလိုဖေါ်ပြောလိုက်လို့ရှိယင် ကိုယ့်ကိုယ်ကို ဆုံးမ,ပြီးသားဖြစ်ပါလိမ့်မယ်.... (မှန်ပါ့ဘုရား)။

ဒီနေ့ မအားဘူး၊ မအားတာနဲ့ ဘုန်းကြီးဆီလဲ ခွင့်ယူရမှာဘဲ၊ မလွဲသာတဲ့အကြောင်းလဲ ပြောပြရမှာဘဲ၊ ပေးမှ ပေးပါ့မလား အခွင့်ဆိုတော့ မပေးသင့်တာတော့ အမှန်ဘဲ.... (မှန်ပါ့) ဦးသန်းမောင် ဘယ့်နှယ်ဖြေမတုံး.... (ခွင့်မပေးသင့်တာ အမှန်ပါဘုရား)။

မပေးသင့်ဘူး၊ ဘာဖြစ်လို့ မပေးသင့်သလဲ ဆိုတော့ တပည့်တော် တဏှာ ဥပါဒါန် ကံ ဖြစ်ပရစေဦး ဘုရား.... (မှန်ပါ့) သဘောပါကြလား.... (ပါ-ပါတယ်ဘုရား) ဘာတဲ့တုံး (တဏှာ ဥပါဒါန် ကံ ဖြစ်ပါရစေဦး ဘုရား....တဲ့)။

တဏှာ ဥပါဒါန် ကံ ဖြစ်ပါရစေဦး.... (မှန်ပါ့) ဒါဖြင့် တပည့်တော် အပါယ်သွားပရစေဦး.... (မှန်ပါ့) ခင်ဗျားတို့ လာပြီး ဝတ်ချပြီး ခွင့်ယူတဲ့ဥစ္စာ.... (မှန်ပါ့) ဒီလောက် အရုပ် ဆိုးမှန်း ဦးသံဒိုင် ရိပ်မိပလား....(ရိပ်မိပါပြီ)။

သို့သော် စကားတော့ စကားယဉ်သုံးတာဘဲ.... (မှန်ပါ့) အခု ပဋိစ္စသမုပ္ပါဒ်သိတဲ့ ဉာဏ်နဲ့ ပြောတော့မှ သြော်.... ငါ့ ဘုန်းကြီးဆီ ခွင့်ယူရတဲ့အလုပ်ဟာ- တောင်းပန်ရတဲ့ အလုပ်ဟာ တပည့်တော် အပါယ်သွားပရစေဦး ဘုရား.... (မှန်ပါ့)ဒါဘဲ၊ ရှင်းကြရဲ့လား.... (ရှင်းပါတယ်ဘုရား)။

ဘာတဲ့တုံး.... (အပါယ်သွားပရစေဦး....တဲ့) တပည့်တော် အပါယ်သွားပါရစေဦး (မှန်ပါ့) ဦးသန်းမောင် အပြောတော့ ယဉ်သနော်.... (မှန်ပါ့) အလုပ်သွားက.... (ဆိုးပါတယ်ဘုရား) အလုပ်သွားက သိပ်ဆိုးတယ်၊ တပည့်တော် အပါယ်သွားပရ စေဦး....(မှန်ပါ့)။

နို့ အပါယ် သွားပရစေဦးဆိုတာ ဘယ့်နှယ်ကြောင့်တုံး မေးလို့ရှိယင် ခင်ဗျားတို့ပါးစပ်က ထွက်လာမယ်၊ မကင်းတရား ဘုရာ့....(မှန်ပါ့) တဏှာထွက်လာတယ်.... (မှန်ပါ့) ဘာထွက် လာသလဲ.... (မကင်းတရားပါဘုရား) မကင်းတရား ဆိုတာ ဘာတရားလဲ.... (တဏှာပါဘုရား) တဏှာ၊ တဏှာလာယင် ဥပါဒါန်က နေပါ့မလား.... (မနေပါဘုရား) ဥပါဒါန်လာယင် ကံကကော.... (မနေပါဘုရား)။

မနေတော့ ခင်ဗျားတို့ မကင်းတရားဟာ အပြောယဉ် သလောက် အသွားကြမ်းတယ်.... (မှန်ပါ့ဘုရား) ဆိုထိုက်- မဆို

ထိုက်.... (ဆိုထိုက်ပါတယ်ဘုရား) အပြော ယဉ်သလောက်.... (အသံးကြမ်းပါတယ်ဘုရား)။

အသံး ကြမ်းတယ်ဘုရား၊ ဘယ်ကျအောင် ကြမ်းသတုံး မေးတော့မှ အပါယ်ကျအောင်သံးတယ်..... (မှန်ပါ့) ဆိုနိုင် ပါ့မလား....(ဆိုနိုင်ပါတယ်ဘုရား)။

ဒါဖြင့် သူ့ကို ဘာသစ္စာဖွဲ့ကြမယ်.... (ဒုက္ခသစ္စာပါဘုရား) ဟင်—အင်း....သမုဒယသစ္စာပါ.... (မှန်ပါ့) သမုဒယ သစ္စာပါ၊ သမုဒယသစ္စာ— (မှန်ပါ့)။

ဒါဖြင့် ဒုက္ခဆိုတဲ့ အပါယ်ရောက်မှ ရောက်ပါ့မလား..... (ရောက်ပါတယ်ဘုရား) ဒါ စက်ဝိုင်းမပါဘဲနဲ့ ဟောနေတာဘဲ ရိပ်မိပလား....(ရိပ်မိပါပြီ) ဘာသစ္စာတဲ့တုံး.... (သမုဒယသစ္စာပါဘုရား) ဒါ ဦးသန်းမောင်တို့လူစု၊ ဦးသံဒိုင်တို့ လူစုက မြို့သုံးလုပ်ထားလို့ ကျုပ်က မကျေနပ်လို့ ပြောနေတာ.... (မှန်ပါ့ဘုရား) ခင်ဗျားတို့ ပြောတာ ယဉ်သလောက် အသံးမှာ အရုပ်ဆိုးပါတယ်..... (မှန်ပါ့ဘုရား)။

တကာ တကာမတွေ ဘယ့်နှယ်ဆိုကြမယ်.... (အပြောမှာ ယဉ်သလောက် အသံးမှာ အရုပ်ဆိုးပါတယ်ဘုရား)။ အပြော တော့ ယဉ်တာဘဲ.... (မှန်ပါ့)ဆရာဘုန်းကြီးကလဲ အခွင့် တော့ဖြင့် ခင်ဗျားတို့ မကင်းတရားဟာ ကျုပ်တော့ မတတ် နိုင်ဘူး၊ ခင်ဗျားသဘောနဲ့ သံးပေတော့လို့ ပြောရမယ်၊ နောက်ဆိုယင်.... (မှန်ပါ့ဘုရား) ရိပ်မိပလား....(မှန်ပါ့)အတော် ဆိုးလို့ ပြောနေတာ....(မှန်ပါ့)။

ကဲ ဒါဖြင့် တကာ တကာမတို့ ကာမစ္ဆန္ဒနီဝရဏအကြောင်းဟာ ခင်ဗျားတို့ တနေ့ဘယ်နှစ်ခါ သုံးသတုံး .... လို့ မေးလို့ ရှိယင်ဖြင့်ဦးသန်းမောင် ဖြစမ်း....(မရေတွက်နိုင်ပါဘုရား)။

မရေတွက်နိုင်ဘူး၊ အိမ်သူပြောပြီး ထွက်သွား ရတဲ့အခါ ရှိတယ်၊ သားသမီးတွေပြောပြီး.... (ထွက်သွားတဲ့အခါ ရှိပါတယ်ဘုရား)ဘယ်သူမှ မရှိလို့ရှိယင် စာရေးပြီး ထွက်သွားရတဲ့ အခါ.... (ရှိပါတယ်ဘုရား)။

ဒါဖြင့် ဘယ်ထွက်သွားကြတာတုံးဆိုတော့ သုဂတိက ဒုဂ္ဂတိ ထွက်တာ.... (မှန်ပါ့) ဘယ်လို ဆိုကြမယ်.... (သုဂတိက ဒုဂ္ဂတိ ထွက်သွားတာပါဘုရား) ကြည့်လေ တဏှာဥပါဒါန် ကံကိုး..... (မှန်ပါ့) မကင်းတရားရှိလို့ သွားရမှာကိုး .... မကောင်းလို့..... (မှန်ပါ့)။

မကောင်းလို့ သွားရတော့ ခင်ဗျားတို့ ပဋိစ္စ သမုပ္ပါဒ်ကို ခင်ဗျားတို့က စ, တယ်၊ ဆိုနိုင်မလား....(ဆိုနိုင်ပါတယ်ဘုရား)။

ဘယ်က စ, သတုံး ဆိုတော့ ပဋိစ္စ သမုပ္ပါဒ် အလယ်က ဖေါက်ပြီး စ, တယ်....(မှန်ပါ့)တဏှာက စ, တယ်၊အဝိဇ္ဇာက မစ, ဘူး.... (မှန်ပါ့) သင်္ခေါကျပလား....(ကျပါပြီ)ဘယ်က စ သတုံး.... (အလယ်တဏှာက စ,ပါတယ်ဘုရား) အလယ်ကနေ စ,တယ်၊ အလယ်ဆိုတော့ တဏှာ ဥပါဒါန်ကံ၊ သင်္ခေါကျပလား.... (ကျပါပြီ)။

ဒါဖြင့် မဂ်ဖိုလ်တားတဲ့ တရား ဟုတ်-မဟုတ်က ယနေ့ သေချာသွားပြီ....(သေချာပါပြီဘုရား)။

အဲဒီတော့ကို .... တဲ့ ခင်ဗျားတို့မှာ ဝိပဿနာ ရှုနေတုံးလဲ သူဝင်လာလို့ရှိယင် တားဘို့ ဝင်လာတာ.... (မှန်ပါ့) သူဝင်လာယင်....(တားဘို့ဝင်လာတာပါဘုရား)။

ခင်ဗျားတို့ မင်ဥာဏ် ရရှိတဲ့နည်းမှာ တခါတည်း တားလိုက်တယ်၊ ဒါ့ကြောင့်အာဝါသောစ ကုလံလာဘော၊အို.... မင်းတို့လာဘ်ရမှာများ ဘုရားက စိုးရိမ်ရှာတယ်၊ တားမှာစိုးလို့.... လာဘ်က ဝင်တားတော့မယ်.... (မှန်ပါ့) မတားပေဘူးလား.... (တားပါတယ်)။

ခင်ဗျားတို့ကလဲ ဈေးရောင်းကောင်းချင် လိုက်တာ လွှန်လို့ (မှန်ပါ့) ဦးသန်းမောင် ဈေးရောင်းမကောင်းချင်ဘူးလား (မှန်ပါ့) ဦးသံဒိုင်ကော (ကောင်းချင်ပါတယ်ဘုရား)။

ဘာဖြစ်ချင်လို့ တုံးဗျ၊ များများ တားပါ စေတော့လို့ ပေါ်ပလား.... (ပေါ်ပါပြီဘုရား)ဘယ့်နှယ်တဲ့တုံး.... (များများ တားပါစေတော့လို့)။

ဖျင်းတဲ့လူတွေဘဲ၊ အဓိပ္ပါယ်ဘာမှ မသိရှာဘူး၊ ဈေးရောင်းကောင်းလာမှ တဏှာများတယ် ဥပါဒါန်များတယ် ကံများတယ်၊ ကာယကံ ဝစီကံ လှုပ်ရပြုရန့် မရှိပေဘူးလား.... (ရှိပါတယ်ဘုရား)။

အဲဒါ ခင်ဗျားတို့က အကျိုးပေးလာပြီလို့ ပြောလိုက်တယ်.... (မှန်ပါ့ဘုရား) ဘယ်လိုများသုံးကြသလဲ....(အကျိုးပေးလာပြီလို့ သုံးပါတယ်ဘုရား) ပေးပါလိမ့်ဦးမယ် အပါယ်လေးပါးကြီးတော့ သေချာပေါက်ဘဲ၊ မသေချာ သေးဘူးလား....

(သေချာပါတယ်) ကျုပ်တို့တော့ အကျိုးကို မခဲ့တတ်ဘူး ဗျာ....(မှန်ပါ့) အကျိုးကို မခဲ့တတ်ဘူး၊ ဦးသန်းမောင်ကိုယ်ထူ ပုံပေါ်ပလား.... (ပေါ်ပါပြီ) အကျိုးကိုမခဲ့တတ်ဘူး။

ဒါ ဘုန်းကြီးက ကြံဖန်ပြောတာလား....၊ ဝမ်းထဲမှာ ပဋိစ္စ သမုပ္ပါဒ်ကို ပြောတာလား ဆိုတာ ဦးသံဒိုင်က အကဲခတ်.... (ဝမ်းထဲမှာ ပဋိစ္စ သမုပ္ပါဒ်ကို ပြောတာပါဘုရား)။

ဒါဖြင့် သူကတော့ နိယမလား .... အနိယမလား....(နိယမ ပါဘုရား) နိယမဆိုတာ အမြဲသွားမယ်.... (မှန်ပါ့) အနိယမ မဟုတ်ဘူး၊ အနိယမဆိုတာက ဦးသန်းမောင်မှတ်လိုက်- မမြဲတဲ့ တရား....(မှန်ပါဘုရား) အမြဲအပါယ်မပို့ဘူး....(မှန်ပါ့)။

အခုဟာက ဒီလိုမဟုတ်ဘူး၊ အမြဲအပါယ်ပို့မယ်၊ သူက နိယမတရား....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီ)။

ဒါဖြင့် ခင်ဗျားတို့ ကိစ္စများတဲ့ ပုဂ္ဂိုလ်တွေအတွက် ဘယ်လို စဉ်းစားရမှာတုံးလို့ မေးလို့ရှိယင် မောင်သစ်ဘဲ ဆုံးဖြတ်ချက် ချပါတော့ ဟင်.... (မှန်ပါဘုရား) တဏှာ ဥပါဒါန် ကံ ပြန် ဆက်နေတယ်.... (မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီ)။

ဦးသံဒိုင်ဘာများသတုံး.... (တဏှာ ဥပါဒါန် ကံ များပါ တယ်ဘုရား) ဒီ ပဋိစ္စသမုပ္ပါဒ် တနေ့ဘယ်နှစ်ခါတုံး မေးယင်.... (မြောက်ပါတယ်ဘုရား)။

အင်း....ကံမြောက်လို့ရှိယင် တဏှာဥပါဒါန်ကံကို ဘာသစ္စာ ဖွဲ့မတုံး.... အဝိုင်းကြီးကြည့်လိုက်.... (သမုဒယသစ္စာပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဟိုဘက် အပါယ်ဒုက္ခ ခန္ဓာကိုယ်-ဝိညာဏ် နာမ်ရုပ် သဋ္ဌာယတနဖဿ ဝေဒနာဆိုတဲ့ ခန္ဓာငါးပါး လာထိုက်-မလာထိုက်....(လာထိုက်ပါတယ်ဘုရား)။

ဘာဖြစ်လို့တုံး.... ကိစ္စများလို့ဘုရား.... (မှန်ပါ့ဘုရား)၊ကိစ္စများလို့ ဒုက္ခများရတယ်.... (မှန်ပါ့ဘုရား)၊ ပေါ်ပလား.... (ပေါ်ပါပြီ) ကိစ္စများလို့.... (ဒုက္ခများရပါတယ်ဘုရား)ဘာပြုလို့တုံး.... ကိစ္စဆိုတာ ဘာသစ္စာ.... (သမုဒယ သစ္စာပါဘုရား) ဒုက္ခဆိုတာက ဘာသစ္စာ (ဒုက္ခသစ္စာပါဘုရား)ကိစ္စများယင်ဒုက္ခသစ္စာများမှာဘဲ.... (မှန်ပါဘုရား) သစ္စာဆိုတော့ ဦးသံဒိုင်ဘယ်သူ့မှ ငဲ့ဟောနေလို့ မရတော့ဘူး။ အမှန်ဘဲ ပြောရတာဘဲ.... (မှန်ပါဘုရား) သဘောကျပလား....(ကျပါပြီ)။

တဏှာ ဥပါဒါန်ကံ ဆိုတော့ ၁--နံပါတ်က ဖြစ်နေတယ်၊ မဟုတ်ဘူးလား.... (မှန်ပါ့) အဲဒီတော့ ၂-နံပါတ်ဝိညာဏ်နာမ်ရုပ်သဋ္ဌာယတန ဖဿဝေဒနာ ဦးသံဒိုင် ငြင်းချင်သေးသလား (မငြင်းချင်ပါဘုရား)။

ဘုရားမပွင့်လဲ.... (ရှိပါတယ်ဘုရား) ရှိရမယ် ဘုရားပွင့်လဲခင်ဗျားတို့ အစဉ်အတိုင်း ဖြစ်မှာဘဲ၊ ဖြတ်လမ်းမပါယင်....(မှန်ပါ့) ဖြတ်လမ်းမပါယင် ဖြစ်ရမယ်ဆိုတာသဘောပါပလား....(ပါပါတယ်ဘုရား)။

ဒါဖြင့် တကာ တကာမတို့ကာမစ္ဆန္ဒနီဝရဏဟာ သူဝင်လာလို့ရှိယင် ဖြစ်ပျက်ကိုလဲတားတယ်၊ ဖြစ်ပျက် မြင်တဲ့ မဂ်ဉာဏ်မလာနဲ့တော့....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီ)။

ဖြစ်ပျက်မြင်တဲ့ မဂ်ဥာဏ်....(မလာနဲ့တော့လို့...) ဟာ ဘယ် သူကတားပါလိမ့်....(ကာမစ္ဆန္ဒ နိဝရဏကပ္ပါဘုရား) ကာမစ္ဆန္ဒ နိဝရဏက တားလိုက်ပါတယ်ဆိုတာ သေချာပလား.... (သေ ချာပါပြီ)။

ကောင်းပြီ တားတာက သူတယောက်ထဲ တားသလား အဖေါ်နဲ့ တားသလားလို့ ဝေဘန်ဦး (အဖေါ်နဲ့ တားပါတယ် ဘုရား) အံမာလေး သူ့ဘက်တယ်အားကောင်းပါကလား....ငါ က တဏှာတွင် တားမှာမဟုတ်ဘူး ဥပါဒါန်လဲ ခေါ်တာဦး မယ်....(မှန်ပါ့ဘုရား) ကာယကံ ဝစီကံနဲ့.... (တာဦးမယ်) သ ဘောကျပလား....(မှန်ပါ့)။

ကဲ....ဘယ်နှစ်ယောက် သူ့အဖေါ်တွေနဲ့ တားတယ်ဆိုတာ ခင်ဗျားတို့ ရိပ်မိရောပေါ့....(ရိပ်မိပါပြီ) ဘယ်နှစ်ခုနဲ့တားသလဲ.... တဏှာ ဥပါဒါန်ကံ—သုံးခုနော်....(မှန်ပါ့)ကဲ ဦးသန်းမောင် ရိပ် မိပါပြီ....(မှန်ပါ့ဘုရား) တဏှာက သက်သက် တားသလား.... အဖေါ်တွေနဲ့ တားသလား.... (အဖေါ်တွေနဲ့ တဲ့တားပါတယ် ဘုရား) အဖေါ်တွေနဲ့ တဲ့တားတော့ကို တကာ တကာမတို့ ဒီဘဝ မဂ်ရမှာတောင်မှ မရဘူး....(မှန်ပါ့) တဏှာဥပါဒါန်ကံ မြောက် သွားလို့....ရှင်းကြပလား(ရှင်းပါပြီဘုရား)။

အဲဒီတော့ကို ခင်ဗျားတို့ ဘယ်မှာသာလျှင် ဖြစ်ပျက်မြင်နိုင် တော့မတုံး....တဲ့၊ ကာမစ္ဆန္ဒ နိဝရဏ ဆိုတာက ထမင်းစားချင် သာလဲ ကာမစ္ဆန္ဒနိဝရဏ၊ကောင်းကောင်းမှန်မှန် အထည်အလိပ် တွဝတ်ချင်တာလဲ ကာမစ္ဆန္ဒနိဝရဏ၊ သားသမီးတွေ မျက်စိ အောက်ကမပျောက်ချင်တာလဲ.... (ကာမစ္ဆန္ဒနိဝရဏပါဘုရား)။

ကာမစ္ဆန္ဒနိဝရဏဘဲ ဆိုတော့အဲဒါတွေကများနေတော့ဆေး နီ-ဆေးဝါတွေ ရောနေပြီဟော့....တဲ့ မင်းရေထဲမှာဖြင့် ရောနေပြီ တဲ့ ဒါကြောင့် မင်းမျက်နှာရိပ်ဖြစ်တဲ့ အနိစ္စအချက် ဒုက္ခအချက် တွေ့မင်း မမြင်နိုင်တော့ဘူး....(မှန်ပါ့)။

ဒါတွေ့ရောနေလို့ ရှင်းပလား.... (ရှင်းပါပြီ) မြင်နိုင်စရာရှိ သေးရဲ့လား....(မရှိပါဘုရား)။

အေး....ဒါ့ကြောင့် ခင်ဗျားတို့မှာ ဘုရားသခင် ကိုယ်တော် မြတ်ကြီးနိဝရဏ တရားလို့ ဟောလိုက်တာ ဦးသံဒိုင်က သေသေ ချာချာမှတ်ရမယ် သြော် ဟုတ်ပါပေတယ်လို့.... (မှန်ပါ့ဘုရား) တယ်လဲ မြင်တော်မူပါပေတယ်၊ တကယ်တားတာပါလား.... (မှန်ပါ့ဘုရား) ရှင်းပလား....(ရှင်းပါပြီ) ခင်ဗျားတို့ အလိုဖြင့် ဒါဂုဏ်ယူပြီးတော့မှ အပါယ်သွားတယ်....(မှန်လှပါဘုရား)။

ခင်ဗျားတို့ အလိုဆိုယင်.... (ဂုဏ်ယူပြီးတော့ အပါယ်သွား တာပါဘုရား)ဖြစ်မှဖြစ်ရလေဗျာ ဂုဏ်ထူးနဲ့အပါယ်သွားတယ်ဆို တော့ အတော်ဆိုးနေပြီ....(ဆိုးပါတယ်ဘုရား)။

လောကီသာ ခင်ဗျားတို့ သိပြီးတော့ လောကုတ် ဖြစ်တဲ့ ပဋိစ္စသမုပ္ပါဒ် အဘိဓမ္မာ ဘယ် ဆိုက်သွားတယ်လို့ ခင်ဗျား တို့က မသိလိုက်ဘူး.... (မသိလိုက်ပါဘုရား) မသိလိုက်တော့ကို အရမ်းသွား သွားတဲ့လူနဲ့တူတယ်၊ အရမ်းသွားတဲ့လူဟာ တိုက်မိ တဲ့ခလုပ်ဟာ အကြီးအကျယ်တိုက်မိမှာဘဲ(မှန်ပါ့)။

အပါယ်ခလုပ်နဲ့ သွားတိုက်မိတယ်....(မှန်ပါ့)ဒီ့ပြင်ဟာနဲ့ကို သွားမတိုက်ဘူး(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဘာနဲ့ သွားတိုက်သလဲ.... (အပါယ်ခလုပ်နဲ့ သွားတိုက်ပါတယ်)အပါယ်ကျအောင် ခလုပ်တိုက်သွားတယ်။

ဒါဖြင့် 'ကမ္မံ သတ္တော ဝိဘင်္ဂတိ' ကမ္မံ=ကံသည်၊ သတ္တော=သတ္တဝါတို့ကို၊ ဝိဘင်္ဂတိ= အကျိုးပေး၏ဆိုတော့ ခင်ဗျားတို့က ကံမြောက်လုပ်ထားတော့ ခင်ဗျားတို့၏ အပါယ်လေးပါး ဒုက္ခသစ္စာကြီးပေါ်ရမှာလားမပေါ်ရဘူးလား(ပေါ်ရမှာပါဘုရား)။

ဘာဖြစ်လို့တုံး....ကမ္မံ သတ္တော ဝိဘင်္ဂတိ၊ သဘောကျပလား(မှန်ပါ့) ကံမြောက်သွားတယ်....တဲ့ (မှန်ပါ့) ကမ္မံ=ကံသည်၊ သတ္တော=သတ္တဝါတို့ကို၊ဝိဘင်္ဂတိ=အကျိုးပေး၏တဲ့ ရှင်းပလား.... (ရှင်းပါပြီ)။

ဒါဖြင့် ခင်ဗျားတို့ ဩဝ်....ကိစ္စများတာသည် ပဋိစ္စသမုပ္ပါဒ် အဝိုင်းကြီးမှာ ဥာဏ်နဲ့ အခုနေ လှမ်းကြည့်လိုက်ယင် ၁-ကွက် ဖြစ်နေတယ်၊ ၁=နံပါတ် အကွက် ဟုတ်-မဟုတ်....(ဟုတ်ပါတယ်ဘုရား)။

ဒါဖြင့် ၁-နံပါတ်လုပ်တဲ့ ပုဂ္ဂိုလ်ဟာ ၂-နံပါတ်ကျတော့ဖြင့် မငြင်းမဆန် ခံရလိမ့်မယ်လို့ နေ့လယ်က ဟောထားတယ်(မှန်ပါ့) ဟောထိုက် မဟောထိုက်....(ဟောထိုက်ပါတယ်ဘုရား)။

သမုဒယသစ္စာ လုပ်ပြီးသား ပုဂ္ဂိုလ်ဟာဖြင့် ဒုက္ခသစ္စာဖြင့် ပြေးလို့ မလွတ်တော့ဘူး (မလွတ်ပါဘုရား) လွတ်နိုင်စရာ မြင်သေးရဲ့လား.... (မမြင်ပါဘုရား) ရှင်းကြပလား.... (ရှင်းပါပြီ)။

ကောင်းပြီ၊ ဒါဖြင့် ဒီကာမစ္ဆန္ဒနိဝရဏ ဝင်လာလို့ရှိယင်ဖြင့် အဖေါ်နဲ့တကွ ဝင်လာသောကြောင့် ဆေးနီ ဆေးဝါ ဆေးပြာ

ဘုရားက သုံးမျိုးကို ဟောချလိုက်တယ်....(မှန်ပါ့ဘုရား) ဆေးနီဆေးဝါ ဆေးပြာတွေရောနေပြီကွ....တဲ့ မင်းဝမ်းထဲမှာ၊ မရောသေးဘူးလား....(ရောပါပြီဘုရား)။

ဒါ့ကြောင့် မင့်ဥာဏ်ကလေးဟာ ဒီဆေးနီဆေးဝါဆေးပြာကို ကျော်ပြီးသကာလ ဟို မဂ်ကို ဖြစ်ပျက်ဆီ ရောက်အောင် သွားနိုင်ပါ့မလား....(မသွားနိုင်ပါဘုရား)။

ဒါဖြင့်ယင် မျက်နှာရိပ်ဟာ မထင်ဘူးတဲ့ မင်းအရိပ်ဟာ အနိစ္စ ဒုက္ခ အနတ္တတွေ့ သဘောကျပလား....(ကျပါပြီ)။

ကိုယ့် အရိပ်ဟာဘာတုံး....(အနိစ္စ-ဒုက္ခ-အနတ္တပါ) ခန္ဓာကိုယ်ထဲက အရိပ်တွေဟာ အနိစ္စရိပ် ဒုက္ခရိပ် အနတ္တရိပ်သာ ရှိတယ်။ ဒီ့ပြင် ဘာမှမရှိဘူး .... (မှန်ပါ့) အဲဒီ့ အနိစ္စရိပ် ဒုက္ခရိပ် အနတ္တရိပ်ကို ဘယ်နည်းမှ မမြင်နိုင်ဘူး.... (မှန်ပါ့) မြင်နိုင်ပါ့မလား....(မမြင်နိုင်ပါဘုရား)။

ဘာ့ကြောင့်တုံးဆိုတော့ စားချင်တဲ့ကာမစ္ဆန္ဒနီဝရဏ၊ စားချင်တဲ့ ကာမစ္ဆန္ဒနီဝရဏလဉီးမှာဘဲ ခင်ဗျားတို့.... (မှန်ပါ့) မဟုတ်ဘူးလား....၊ ခင်မင်တဲ့လူနဲ့ တွေ့ချင်တဲ့ ကာမစ္ဆန္ဒနီဝရဏလောဘနဲ့ ပတ်သက်ပြီး အမှာစာ ကလေးတွေ မျော်နေတဲ့ ကာမစ္ဆန္ဒနီဝရဏ....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီ)။

အဲဒါ ဆေးနီ-ဆေးဝါ-ဆေးပြာရော-မရော.... (ရောပါတယ်ဘုရား)ရောနေတဲ့အတွက် ဘုန်းကြီးတို့ တကာတကာမတွေ့၌....တဲ့ ကိုယ်ခန္ဓာ၏ အနိစ္စရိပ်-ဒုက္ခရိပ်-အနတ္တရိပ်ကို မြင်နိုင်ပါ့မလား.... (မမြင်နိုင်ပါဘုရား) ရှင်းပလား....(ရှင်းပါပြီ)။

ဒါဖြင့်....ဘုန်းကြီးကသြော်....ကာမစ္ဆန္ဒနိဝရဏဆိုတာဘုရား ပေးတော်မူတဲ့ နာမည်ဟာဖြင့် နာမည်နဲ့ ဖြစ်စဉ်နဲ့ ကိုက်ပါ ပေတယ်လို့ ဆိုးဖြတ်ချက်ချ.... (မှန်ပါ့)။

မင်းတို့ ကာမတခုကို....တဲ့....ဆန္ဒနဲ့ လိုချင်ပြီဆိုမှဖြင့် နိဗ္ဗာန်ကို ပိတ်ပင်ဆီးတားပေါ့လို့ မှတ်လိုက်.... (မှန်ပါ့ဘုရား) ပြော သင့်-မပြောသင့်.... (ပြောသင့်ပါတယ်)။

အဲဒီတော့ ဘုန်းကြီးကဘဲ အကုန်အညီပေးပါတယ်၊ ဒီတကာ တကာမတွေကို ဘုဉ်းသခင် ကိုယ်တော်မြတ်ကြီးက သင်္ဂါရဝ အဲဒီရေကို ဖယ်ရသေးတယ်ကွ၊ ဆေးနံ့-ဆေးဝါ-ဆေးပြားတွေကို ဖယ်ရသေးတယ်၊ ဖယ်ပြီးမှ မျက်နှာနဲ့ ကြည့်ရတယ်ကွ၊ ဒီလို ဆိုယင် အရိပ်ထင်ပေါ်တဲ့.... (မှန်ပါ့) သဘောကျပလား....(ကျ ပါပြီ)။

ဒီမှာလဲခင်ဗျားတို့ ဝိပဿနာရှုနည်း နိဿယညွှန်းကို ညွှတော တဲ့အတွက် ကာမစ္ဆန္ဒနိဝရဏ လာလို့ရှိယင် (ဝါ) လောဘ လာလို့ရှိယင် ဦးသန်းမောင် လောဘကို အယင် ဖြစ်ပျက်ရှု သဘောကျပလား....(မှန်ပါ့)။

လောဘလာယင်....(လောဘကို အယင် ဖြစ်ပျက်ရှုရပါ့မယ်) အို....တပည့်တော်က ဝေဒနာရှုနေတာဘုရာ့ ဒါဖြင့် လောဘ လာလဲ ရှုပါ။ အို....လောဘလဲဝေဒနာဘဲ၊လောဘသည် သောမ နဿဝေဒနာလဲ ဖြစ်နိုင်တယ်၊ဥပေက္ခာဝေဒနာလဲ ဖြစ်နိုင်တယ်... (မှန်ပါ့) မဖြစ်နိုင်ဘူးလား.... (ဖြစ်နိုင်ပါတယ်ဘုရား)။

အဲဒီတော့ သူလဲ ဝေဒနာဘဲလို့ ဘုန်းကြီးက စွဲချက်တင်ပြီး ပေးလိုက်ပါတယ်.... (မှန်ပါ့) ခင်ဗျားတို့က ဝေဒနာလာတာကို အယင် ဝေဒနာတော့ ရှုတတတယ်၊ နောက်ဝေဒနာတော့ မရှုတတ်ဘူးဆိုယင် ခင်ဗျားတို့ရှုးတာဘဲ....(မှန်ပါ့ဘုရား)ပြောထိုက်မပြောထိုက်.... (ပြောထိုက်ပါတယ်ဘုရား)။

လောဘဟာ ကာမစ္ဆန္ဒနိဝရဏ၊ ကာမစ္ဆန္ဒနိဝရဏဟာ ဝေဒနာနဲ့ ဝေဘန်လိုက်တော့ သောမနဿဝေဒနာ ဥပေက္ခာဝေဒနာလာတယ်၊ ဒီနှစ်ခု တခုခုလာရမယ်.... (မှန်ပါ့) ပေါ်ပလား.... (ပေါ်ပါပြီ)။

ဒါဖြင့် ဝေဒနာရှုနေတဲ့ပုဂ္ဂိုလ်ဟာ ဝေဒနာလာတာမရှုတတ်လို့ပေါ့....(မှန်ပါ့ဘုရား)။

ဘယ့်နှယ်ဆိုကြမယ်....(ဝေဒနာမရှုတတ်လို့ပါ)ဝေဒနာ လာမှန်းမသိဘူး.... (မှန်ပါ့) ဒီမှာ မျက်စိ လည်နေတယ်.... (မှန်ပါ့ဘုရား) မျက်စိလည်ပုံကလေးဟာက ဆရာဘုန်းကြီး ခင်ဗျားတို့ အဘိဓမ္မာနဲ့လဲ ကိုက်အောင် စာမှာမပါဘူး၊ ဒီဥစ္စာ မျက်စိလည်နေတာကလေး ဘုန်းကြီးဉာဏ်နဲ့ ဖေါ်ပြနေတယ်လို့ မှတ်လိုက်ပါ.... (မှန်လှပါဘုရား)။

ခင်ဗျားတို့ မျက်စိလည်တာ ပေါ်ပလား.... (ပေါ်ပါပြီ) ပေါတာကဘာတုံး....ဝေဒနာရှုတဲ့ပုဂ္ဂိုလ်မှာ ဝေဒနာလာတယ်၊ ပဲဘ်ရှုတဲ့ပုဂ္ဂိုလ်မှာ....(စိတ်လာပါတယ်ဘုရား)။

အဲဒါ ခင်ဗျားတို့က ဟိပဿိကော....လို့ သူကလာတာ (မှန်ပါ့) ခင်ဗျားတို့က သူ့ကိုမသုံးဘူး၊မသုံးတဲ့အတွက် မင်းတို့ မသုံးလို့ရှိယင်ဖြင့် ငါ့မှမရှုလို့ရှိယင် ငါ သည်ကားလို့ဆိုယင်

ဖြင့် အကြောင်းတရားဘဲ၊ အကျိုးတွေ့ ဖြစ်ရတော့မှာဘဲ ဆိုပြီး တော့ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ကမ္မဘဝေါ ဆက်မယ်.... (မှန်ပါဘုရား) ပေါ်ပလား....(ပေါ်ပါပြီ)။

ကဲ....အသုံးချတော်ပလား.... (ချတော်ပါပြီ) ဝေဒနာရှုတဲ့ ပုဂ္ဂိုလ်ဖြစ်မယ်၊ လောဘလာလို့ရှိယင် တခုတည်း သာယာယင်လဲ သောမနဿဘဲရှု၊ အလတ်စားလာယင်လဲ ဥပေက္ခာဘဲရှု၊ မြန်မြန်ရှုပစ်.... (မှန်ပါ)ခင်ဗျားက နဂိုက ဘာရှုနေသလဲ၊ဝေဒနာရှုတယ်၊ အခုလာပြီးသကာလ ကာမစ္ဆန္ဒနီဝရဏာ အမည်နဲ့သာဝင်လာတယ်၊ ခင်ဗျားတို့မရှုမှ သူ ကာမစ္ဆန္ဒနီဝရဏလုပ်မှာ..... (မှန်ပါ) ခင်ဗျားတို့ ရှုလို့ရှိယင် သူမဂ်ဥာဏ် ဖိုလ်ဥာဏ်ပေးမလို့လာတာ.... (မှန်လှပါ)။

ဒီဟာ အတော်ခက်တဲ့တရား.... (မှန်ပါ) ပေါ်ကြပလား (ပေါ်ပါပြီ) ဒီဥစ္စာကို အင်မတန် အရေးကြီးတဲ့စကားလို့ဒီနေ့ ညပြောတဲ့စကားဟာ ဦးသန်းမောင် အဘိဓမ္မာဥာဏ်နဲ့ကြည့်မှ သိမှာ (မှန်ပါဘုရား) နို့မို့ယင် သိပါ့မလား....(မသိပါဘုရား)။

မသိတာက ခင်ဗျားတို့ကတော့ ကာမစ္ဆန္ဒနီဝရဏဘဲယူမှာဘဲ.... (မှန်ပါ) ဒါဘာဖြစ်လို့လဲ ကာမစ္ဆန္ဒနီဝရဏ ဖြစ်နေလို့ မဂ်ဖိုလ် တားမှာဘဲ.... (မှန်ပါ)။

ဘယ်ဟုတ်မလဲ ခင်ဗျားတို့ မယူတတ်လို့...၊ မနေ့က ဟော်ပဿီကောနဲ့ လိုက်-လိုက်တဲ့အခါကျတော့ သြော်....သူ သောမနဿလာတာဘဲ၊ ဥပေက္ခာ လာတာဘဲ၊ ဖြစ်ပျက် ရှုတာဘဲ....

(မှန်ပါ့) တနည်း စိတ္တာနုပဿနာရှုတဲ့ ပုဂ္ဂိုလ်ဖြင့် စိတ်ရှုလိုက်ယင် ပြီးသွားတာဘဲ၊ မပြီးဘူးလား.... (ပြီးပါတယ်ဘုရား)။

လောဘစိတ် ဖြစ်ပျက်ရှုလိုက်တော့ သူ နိဝရဏလုပ်နိုင်သေးရဲ့လား.... (မလုပ်နိုင်ပါဘုရား) တားနိုင်သေးရဲ့လား (မတားနိုင်ပါဘုရား)။

သြော်.... ဒါဖြင့် ခင်ဗျားတို့ဟာက ဇီးကွက် မြည်နေတာတောင် ဘာဌက်တုံးလို့ မေးတဲ့လူနဲ့တူနေတယ် (မှန်ပါ့ဘုရား) မတူဘူးလား.... တူသလား.... (တူပါတယ်ဘုရား)။

ကိုယ်ထူတာလေ.... ဒါနိဝရဏလား.... ဖောပသီကောလား (ဖောပသီကောပါဘုရား)။

ဒါကြောင့် ကိုယ့်ဖောပသီကောကို မဖျောက်နဲ့.... (မှန်ပါ့) နို့မဟုတ်ယင် ဒါဟာ ခင်ဗျားတို့ နိဝရဏဘဲ သုံးတော့မယ်ဆိုတဲ့ဥစ္စာ သေသေချာချာဘဲ.... (မှန်ပါ့)။

အခုတော့ သူသုံးသလား....တဲ့ အရှုခံလာတာလား....(အရှုခံလာတာပါဘုရား)။

ဒါကို သေသေချာချာမှတ်ပါ....တဲ့ ဒီနေ့ညမှာ ဒီတလုံးဟာ မောင်ချစ်စိန်.... သိပ်အရေးကြီးတယ်လို့ မှတ်ပါ.... (မှန်ပါ့ဘုရား) ဦးသံဒိုင် ဘယ့်နှယ်တွေးမိသတုံး.... (သိပ်အရေးကြီးပါတယ်ဘုရား)။

သိပ်အရေးကြီးတယ်တဲ့.... ခင်ဗျားတို့က ဘုရားကလဲ ဟောထားတော့ နိဝရဏဘဲယူမှာဘဲ.... (မှန်ပါ့) သဘောကျပလား (ကျပါပြီ)။

သို့သော်လဲ ဘုရားက သင်္ဂါရဝကိုဟောတာ ဒါတွေဖယ်ပစ်လိုက်ပါလားက္ခ.... (မှန်ပါ့) ဒါတွေ ဖယ်ပစ်လိုက်ပါလားဆိုတော့ ဒါတွေမရှိအောင်လုပ်ပါလားဆိုတော့ ဒါတွေ ခင်ဗျားတို့က ဖြစ်ပျက်ရှုလိုက်တဲ့ အခါကျတော့ သူဟာ နိဝရဏလား.... အနိစ္စလား.... (အနိစ္စပါဘုရား) ပေါ်လာပြီ.... (မှန်ပါ့)။

နိဝရဏလား....အနိစ္စလား .. (အနိစ္စပါဘုဘုး) ဉာဏ် တော်တော်ရှိမှ ထောင်လို့ကောင်းတယ်....(မှန်ပါ့)ဉာဏ် တော်တော်ကြီးမှ ဦးသန်းမောင် ဒီစကားဟာနားထောင်လို့ကောင်းတယ်.... (မှန်ပါ့) တယ်လဲဘုန်းကြီးပိုင်ပါကလားဆိုတာ ပေါ်လာတယ် (မှန်ပါ့) ဉာဏ်သေးတဲ့ ပုဂ္ဂိုလ်ကတော့ ဘုရားက နိဝရဏလို့ ဟောထားတာဘဲ၊ ဒါဘဲ ခင်ဗျားတို့ အသုံးချမယ်၊ မချပေဘူးလား....(ချပါတယ်ဘုရား)။

သူက နိဝရဏ ဟောတဲ့ နေရာသာ သူနားလည်တာကိုး၊ ဝေဒနာဟောတဲ့နေရာ သူမှ နားမလည်ဘဲ.... (မှန်ပါ့) သူက သောမနဿနဲ့ ဉပေက္ခာနှစ်ခုဘဲရှိတယ်၊ လောဘဆိုတာလေ.... (မှန်ပါ့) လောဘ ဆိုတာသည် သာယာတဲ့ လောဘကိုလဲ သောမနဿခေါ်တယ်၊ မဟုတ်ဘူးလား....(မှန်ပါ့) အလတ်စားကလေးကိုလဲ....(လောဘခေါ်ပါတယ်ဘုရား)။

ဒီတော့ လောဘမူစိတ်ရှစ်ခု လောဘမှာ သောမနဿနဲ့ ဉပေက္ခာဘဲရှိတော့ ဝေဒနာရှုနေလဲ ဝေဒနာလာတာ၊ ပေါ်ပေါ်လား.... (ပေါ်ပါပြီ) တဏှာရှုနေလဲ လောဘစိတ်လာတာဆိုတော့ အတားလား- အရှုခံလာတာလား....(အရှုခံလာတာပါ)။

နို့....ခင်ဗျားတို့က ဘယ်လို သုံးထားသလဲ....၊ တယ်-အဖျက်တွေကများတယ်၊ခင်ဗျားတို့ သုံးပုံက.... (မှန်ပါ့) ဘာတဲ့တုံး.... (အဖျက်များပါတယ်)။

အဖျက်တွေက များတယ်ဆိုတော့ ဩဇာ.... ခက်ကောင်း ခက်ရချည်ရဲ့၊ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ခင်ဗျားတို့.... မရှယင် နိဝရဏ၊ ရှယင် ဝေဒနာ နုပဿနာ၊ ဒီလို ယူရတာ.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ) မရှယင်.... (နိဝရဏပါ) ရှယင်....(ဝိပဿနာပါ)။

ကဲ....မပေါ်သေးဘူးလား....(ပေါ်ပါပြီ) တော်တော်အရေးကြီးတဲ့စကား....(မှန်ပါ့)မရှယင် ဘာလဲ....(နိဝရဏပါ) အင်း-မရှယင်တော့ သူ့နာမည်အတိုင်း သူသွားမှာဘဲ.... (မှန်ပါ့) တဏှာ ဥပါဒါန် ကံကျအောင် သူလုပ်တော့မယ်.... (မှန်ပါ့) ရှုလိုက်ပြန်ပြီ ဦးသန်းမောင်ရေ.... သူက ဖြစ်ပျက် ဖြစ်မှာဘဲ၊ မဟုတ်ဘူးလား....(မှန်ပါ့)။

လောဘစိတ်ကို ဦးသန်းမောင်ကဖြစ်ပျက်ရှုလိုက်တယ် လောဘက ဖြစ်ပျက်၊ရှုတာက မဂ်ဖြစ်သွားမယ်....(မှန်ပါ့ဘုရား) တားနိုင်သေးရဲ့လား....(မတားနိုင်ပါဘုရား) မတားနိုင်တဲ့အပြင် ခုနင်္ဂက နိဝရဏတွေ လာခွင့်မပေးဘူး.... (မပေးပါဘုရား) ဖြတ်နိုင်တယ်၊ မဂ်ကိုး....(မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါပြီ)။

သြော်....ဒါဖြင့် ဆရာကောင်း မတွေ့ယင် ဦးသန်းမောင်ရေထ-ပြေးတဲ့အလုပ်ဘဲ ဒီဥစ္စာ....(မှန်လှပါဘုရား)။

ဆရာကောင်း မတွေ့ယင် တယ်....ဒီနေ့ အနှောက်အယှက်များတယ်၊ ဒီနေ့ ဘာဖြစ်တယ် မသိဘူး၊ ကျုပ်တော့ ဒီနေ့တော့

နားတဲ့နေ့ပါဘဲ၊ ထိုင်ကတည်းက သူက ဦးနေပြီဗျ....(မှန်ပါ့) အံမာလေး....သူက အရှုခံလာတာ၊ ခင်ဗျားတို့က ဦးနေတယ် ပြောနေသေးတယ်....(မှန်ပါ့)။

သူက ညည့်ခံမလို့—လာတာ၊ ခင်ဗျားတို့က ညည့်ခံမလို့ လာတဲ့လူကို ရှောင်ပြေးတယ်.... (မှန်ပါ့ဘုရား) ဒီလောက် အရုပ် ဆိုးတဲ့ လူတွေဗျ....(မှန်လှပါ)။

ဒါက ဆရာသမား ကင်းယင် မရဘူးဆိုတာ ခင်ဗျားတို့ ယနေ့ တလုံးမှာ သေသေချာချာ မှတ်လိုက်.... (မှန်လှပါဘုရား)။

ဆရာသမားသာ ဆိုတတ်တဲ့ ဆရာသမားနဲ့ မတွေ့လို့ရှိယင် ခင်ဗျားတို့ နိဝရဏဘဲ သုံးချင်တယ်.... (မှန်လှပါ) မဟုတ်ဘူး လား....(မှန်ပါ့)။

ဟာ.... ဒါနိဝရဏ မဟုတ်ပါဘူး၊ဝေဒနာ နှုပသနာ သတိ ပဋ္ဌာန်ပါ၊ ဘုန်းကြီးက အခု အဖြေထည့်ပေးမယ်.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

အဲဒီတော့ ဒီညစ္စာဟာတဲ့ တော်တော် ကိုအရေးကြီးတဲ့တရား ပါလား ဆိုတဲ့ညစ္စာ ဦးသံဒိုင် ဉာဏ်ကြီးရှင်များ ဆို့လို့ရှိယင် သြော်—ဟုတ်ပါပေတယ်၊သူပြောမှ သိရပေတယ် လာတော့မှာဘဲ မလာပေဘူးလား.... (လာပါတယ်ဘုရား-အဘိုးတန်လှပါတယ်)။

ဟင်....သိပ် အဘိုးတန်တဲ့တရား.... (မှန်လှပါ) ကဲ....ဒါဖြင့် ဘယ်ပါဦတော်မှာ ရှိသတုံးဆိုတော့ အို....'သရာဂံဝါစိတ္တံ သရာဂံ စိတ္တန္တိ ပဇာနာတိ' လေ—ဆိုတော့ သူကပြေသွားပြီ၊ မပြေသေး ဘူးလား....(ပြေပါတယ်ဘုရား)။

ဒါလောဘစိတ်တဲ့၊ လောဘစိတ်ကို မင်းတို့ ဖြစ်ပျက် သိအောင်လုပ်—ဆိုတော့ အတားလာတာလား၊ ဖြစ်ပျက်သိအောင် လုပ်ဘို့လာတာလား.... (ဖြစ်ပျက်သိအောင် လုပ်ဘို့လာတာပါဘုရား)။

ခင်ဗျားတို့က ဘယ်လို သုံးလိုက်သလဲ..... (အတားလာတာလို့ သုံးလိုက်ပါတယ်) ဩဩ....ခက်တယ် တကာ တကာမတို့ ကောင်းကင်မှာ လူဆင်းရဲလွန်းလို့ ရွေတော့ချည်း ဆဲထားတာဘဲ၊ ဟင်....ဆဲတဲ့ဘက်ကို မလှည့်ဘဲ ဖြစ်နေတယ်.... (မှန်ပါဘုရား မဲ့ချင်တော့) ရိပ်မိပလား....(ရိပ်မိပါပြီ)။

ဆဲတဲ့ဘက်ကို.... (မလှည့်ပါဘုရား) (ဟင်... မလှည့်လို့ လှည့်တဲ့ဘက်ကို ဆဲပြန်တော့လဲ တခြားဘက် လှည့်တာဘဲ ခင်ဗျားတို့ (မှန်ပါဘုရား) ဟင်....အောက်ဆဲ အထက်ကြည့်သွား၊ ဘေး ဆဲပြန်တော့လဲ ဟိုဘက်ကြည့်....(မှန်ပါ) ရိပ်မိပလား.... (ရိပ်မိပါပြီ)။

ဘာဖြစ်နေတာတုံး အို-ဆင်းရဲချင်လို့ပေါ့ဘုရား.... (မှန်ပါ) ဒီမှာလဲ ထိုနည်းအတူဘဲတဲ့၊ ဒီရွေအိုးကတော့ဖြင့် ခင်ဗျားတို့ ဖြစ်ပျက် လိုက်ရှုလိုက်လို့ရှိယင် ရွေအိုးဖြစ်တာဘဲ.... (မှန်လှပါဘုရား)။

ခုတော့ ရွေအိုး မဖြစ်လာဘူး.... (မဖြစ်ပါလာဘုရား)ကိုယ်က အကြည့်လွဲနေတဲ့အတွက် အပါယ်သာရောက်ရောက် သွားတယ် (မှန်ပါ့)။

ဒီလိုဆိုတော့ ဒါတွေဟာတဲ့ ဦးသန်းမောင်တို့ ဦးသံဒိုင်တို့ တော်တော် အရေးကြီးတဲ့စကားပါလားဆိုတဲ့ဥစ္စာ သင်္ဂါရဝနဲ့

ဟေပဿီကောနဲ့ စိတ္တာနုပဿနာကို သုံးခု တဲ့ပြောတာ..... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ)။

ကျမ်းဂန်သုံးခုကို ညီပြောတာ၊ ပေါ်ပလား....(ပေါ်ပါပြီ) ညီလိုက်တဲ့အခါကျတော့ သူ့ဟာက ဝိပဿနာ ဥာဏ်ထဲချည်း ဝင်လာတယ်.... (မှန်ပါ့) မဝင်လာဘူးလား....(ဝင်လာပါတယ် ဘုရား)။

သတိပဋ္ဌာန်နဲ့ ရွတ်ကြည့်တော့ 'သရဂံဝါစိတ္တံ သရဂံစိတ္တန္တိ ပဇာနာတိ' နိဝရဏတရားကို ဖြစ်ပျက်ရှုက္ခ- (မှန်ပါ့) ကာမစ္ဆန္ဒ နိဝရဏကို ဖြစ်ပျက်ရှု၊မလာဘူးလား.... (လာပါတယ်)လာတယ် တဲ့၊ တခါ ဗေဟိပဿီကောနဲ့ ကြည့်လိုက်ပြန်တော့လဲ ခင်ဗျားတို့ သူက ကြားဝင်လာတော့ သူသည် အရုပ်ဆိုး အဖြစ်နဲ့ ဝင်လာတာလား၊ ဝေဒနာရှုနေတဲ့ပုဂ္ဂိုလ် ဝေဒနာ ဝင်လာတာလား.... (ဝေဒနာ ဝင်လာတာပါဘုရား)သဘောကျသွားပြီ....(မှန်ပါ့)။

စိတ်ရှုနေတဲ့ပုဂ္ဂိုလ်ကော.... (စိတ်ဝင်လာတာပါဘုရား) စိတ်ဝင်တာလို့ မမှန်ဘူးလား.... (မှန်ပါတယ်ဘုရား)။

အဲဒါ ခင်ဗျားတို့က ဘယ်လိုမျှား သုံးလိုက်ပါလိမ့်....၊ မပြောပါနဲ့တော့ ဘုရား....တပည့်တော် ဖျင်းပုံမျှားတော့၊ ပြောစရာက မရှိပါဘူး၊ တပည့်တော်တို့က ဒီလိုဟာတွေဆိုလို့ ရှိယင် ကိုယ်က ဖြစ်ပျက်ရှုနေတာဘုရာ့.... သူက ထမင်းဆာရသတဲ့၊ သူက ခင်မင်တဲ့ဆီ သွားချင်သတဲ့၊ အဲဒါ တပည့်တော်တို့ ပါရမီ မရှိတော့ ဒီအဖျက်က သိပ်မျှားတာ၊ အံမာ....အသားမျှား ယူလိုက်ကြသေးတယ်ခင်ဗျာ့....(မှန်ပါ့) ပါရမီနဲ့ ချလိုက်

သေးတယ်.... (မှန်ပါ့) အဖျက်က သိပ်များတယ်လို့များ လာလိုက်သေးတယ်။

မောင်ချစ်စိန်- ဘယ်လောက်များ အ့တယ် ထူတယ်ဆိုတဲ့ ဥစ္စာ ပေါ်ပလား.... (ပေါ်ပါပြီဘုရား)ဒါလဲ ခင်ဗျားတို့ကိုလဲ အပြစ်မဆိုပါဘူးတဲ့၊ ဆရာကောင်းမတွေ့ယင် ဒီအတိုင်းသွားမှာဘဲ.... (မှန်ပါ့) ရှင်းကြရဲလား....(ရှင်းပါတယ်)။

ဆရာကောင်းသာ မတွေ့ယင်.... (ဒီအတိုင်း သွားမှာပါဘုရား) နိဝရဏကို နိဝရဏဘဲ မှတ်မှာဘဲ.... (မှန်ပါ့)ပေါ်ကြပလား.... (ပေါ်ပါပြီ)။

အခုတော့ နိဝရဏသည် ရန်သူလား.... မိတ်ဆွေလားလို့ အကဲခတ်ကြည့်ပါ၊ ဆရာကောင်းတွေ့တော့ မိတ်ဆွေ....(မှန်ပါ့) ဆရာကောင်းမတွေ့ယင် ခင်ဗျားတို့က ရန်သူအဖြစ်နဲ့ သုံးမယ် မသုံးပေဘူးလား.... (သုံးပါတယ်ဘုရား)။

ကဲ....ဒါဖြင့် ဒီနေ့ည်မှာ ဒီနှစ်လုံးနဲ့ဘဲ ခင်ဗျားတို့ အတော် အဘိုးတန်ပြီဆိုတာ ပေါ်သွားပြီ.... (ပေါ်သွားပါပြီ)။

ဆရာဘုန်းကြီးက ကြံလုံးဖန်လုံးလား....၊ ဘုရားကိုယ်တော် တိုင်များ ဟောခဲ့တာများ ရှိပါရဲလား ဆိုတာလဲ လုံလောက်ပြီ (မှန်ပါ လုံလောက်ပါပြီ) မလုံလောက် သေးဘူးလား.... (လုံလောက်ပါတယ်ဘုရား)။

'သရာဂံဝါစိတ္တံ သရာဂံစိတ္တန္တိ ပဇာနာတိ'၊ စိတ္တာနုပဿနာ သတိပဋ္ဌာန်ပါဠိတော်၊ ဟုတ်လား.... (မှန်ပါ့)။

ဒီအထဲ ဧသာမနသ ဥပေက္ခာဖြစ်ယင်လဲ 'သုခံဝါ ဝေဒနံ

ဝေဒယမာနော သုခံ ဝေဒနံ ဝေဒယာမိတိ ပဇာနာတိ၊ အဒုက္ခမသုခံဝါ ဝေဒနံ ဝေဒယမာနော၊ အဒုက္ခမသုခံဝေဒနံ ဝေဒယာမိတိ ပဇာနာတိ' .... (မှန်ပါ့) ဥပက္ခာလဲပါတယ်ကွတဲ့.... ဒီအာထဲမှာ ပဇာနာတိလုပ်ပါလား....တဲ့၊ မပါသေးဘူးလား.... (ပါ-ပါတယ်ဘုရား)။

သြော်....ဒါဖြင့် မနေ့ညက ပြောခဲ့တဲ့ စကားကို ပြန်ပြောလို့ ရှိယင်ဖြင့် ကလျာဏမိတ္တ အလိုကြီးလိုတယ်....(မှန်ပါ့)ဘယ့်နှယ်တုံး.... (အလိုကြီးလိုပါတယ်ဘုရား)။

အလိုကြီးလိုတယ်၊ သာမညအလိုမဟုတ်ဘူး.... (မှန်ပါ့)အလိုကြီးလိုပါတယ်....တဲ့၊ ခင်ဗျားတို့ ဥပမာ ဒီကနေ့ ဘုန်းကြီးဆီက သွားပြီးသကာလ တပါးသောဆရာများ အကြောင်း ညီညွတ်လို့ မှီဝဲကြလို့ရှိယင် သြော်....ဒါတော့ဟာ နိဝရဏတွေက ဒါလောက်နဲ့ ဇာတ်သိမ်းမှာဘဲ.... (မှန်ပါ့) နိဝရဏကို အသုံးချမယ် မဟုတ်ပါဘူး၊ ချပါ့မလား....(မချပါဘုရား)။

မင်း....ပါရမီရှိ မထင်ပါဘူး၊ မင်းဟာ အရေးရှိယင် ကန့်ကွက်တာတော့က တယ်လာတာဘဲ.... (မှန်ပါ့)အေး.... ဒါ သူသွားမယ် (မှန်ပါ့ဘုရား)။

ခုလို ဟိပဿိကောလဲ သူပြောမယ်မဟုတ်ပါဘူး၊ ပြောပါ့မလား.... (မပြောပါဘုရား) သရာဂံဝါစိတ္တံ သရာဂံစိတ္တန္တိ ပဇာနာတိ ကော ပြောပါ့မလား.... (မပြောပါဘုရား) သုခံဝါ ဝေဒနံ ဝေဒယမာနော သုခံ ဝေဒနံ ဝေဒယာမိတိ ပဇာနာတိ ကော ပြောပါ့မလား....(မပြောပါဘုရား)။

မပြောဘူး တခါတည်း တရားက နိဝရဏဆိုတာ တဏှာဘဲ ဆိုတော့ အသုံးမချတတ်တဲ့အတွက် ဖြစ်ရပါတယ် .... (မှန်ပါ့ဘုရား) သဘောပါပလား.... (ပါ-ပါပြီ)။

ကဲဒါဖြင့် သူ့ကိုဖယ်လိုက်လို့ ဘုရားက သင်္ဂါရဝကို သေသေချာချာ ဟောတယ်.... (မှန်ပါ့) မင်းကဲ့....တဲ့ ရေထဲဆေးနီဆေးဝါ ဆေးပြာတွေရောနေလို့ရှိယင် ဘယ်မျက်နှာရိပ်ထင်မတုံးတဲ့၊ အနီစွဲရိပ် ဒုက္ခရိပ် အနတ္တရိပ် ဘယ်ထင်နိုင်ပါ့မလဲတဲ့၊ ဒီဆေးနီ၊ ဆေးဝါ၊ ဆေးပြာတို့ကို ဖယ်ပစ်ရမယ်။

ထို့အတူဘဲ....တဲ့၊ ကာမစ္ဆန္ဒ နိဝရဏ လာတယ်ဆို ကာမစ္ဆန္ဒနိဝရဏကြောင့် ထွက်မြောက်ကြောင်းတွေ ကြံရမယ်၊ဒီလိုဟောတာ.... (မှန်ပါ့) ကာမစ္ဆန္ဒ နိဝရဏကြောင့်.... (ထွက်မြောက်ကြောင်း ကြံရပါမယ်)။

အင်း....ထွက်မြောက်ကြောင်း ကြံရမယ်ဆိုတာ ဘုန်းကြီးတို့က တခါတည်း အဲဒီ ကာမစ္ဆန္ဒနိဝရဏကိုဖြစ်ပျက်ရှု....(မှန်ပါ့) ပေါ်ပလား.... (ပေါ်ပါပြီ)။

ဘာလုပ်ရမလဲ....(ကာမစ္ဆန္ဒနိဝရဏကို ဖြစ်ပျက်ရှုရပါမယ်)။

ဒါဖြင့် စိတ်ရှုတဲ့ပုဂ္ဂိုလ်ဖြစ်ယင် လောဘစိတ်ရှုရုံဘဲ၊ကာမစ္ဆန္ဒနိဝရဏဟာ လောဘ ဟုတ်လား.... (မှန်ပါ့)ဝေဒနာရှုတဲ့ပုဂ္ဂိုလ်ဖြစ်ယင် တကာ တကာမတို့ သိတဲ့အတိုင်း သောမနဿ ဥပေက္ခာကြိုက်ရာရှု.... (မှန်ပါ့ဘုရား) ရှင်းပလား....(ရှင်းပါပြီ)။

အင်း.... သစ္စာရှုချင်တာ တပည့်တော်က ဓမ္မာနုပဿနာအရှုများတယ်ဘုရဲ့ ဆိုတော့လဲ ဒီတရားကလေး သေသေ

ချာချာ ကြည့်လိုက်ပါလား၊ ကာမစ္ဆန္ဒနီဝရဏ ကလေးဟာလဲ လောဘဘဲ၊ လောဘလဲ ပေါ်ပြီး ပျက်မှာဘဲ.... (မှန်ပါ့) ဒုက္ခသစ္စာဘဲ သဘဝးဖြစ်မယ်.... (မှန်ပါ့ဘုရား) လောဘပေမဲ့ ဖြစ်ပျက်ကျစေတဲ့ ဘာသစ္စာတုံး.... (ဒုက္ခသစ္စာပါဘုရား)။

ဖြစ်နေတုန်းသာ သမုဒယသစ္စာ၊ ပျက်သွားတော့.... (ဒုက္ခသစ္စာပါဘုရား) ဒုက္ခသစ္စာပါဘဲ....တဲ့၊ဒါကြောင့် သဗ္ဗေသင်္ခါရာ ဒုက္ခာ ကျတော့ သူပြေးနိုင်သေးရဲ့လား .... (မပြေးနိုင်ပါဘုရား) ဒုက္ခသစ္စာထဲ ဝင်သွားတာဘဲ....(မှန်ပါ့)။

ဒါဖြင့် တကာ တကာမတွေ့ ခင်ဗျားတို့ ဆေးအဖြစ်နဲ့သုံးလဲရတယ်၊ သေဆေးအဖြစ်နဲ့ သုံးလဲ ရတယ်.... (မှန်ပါ့)ဘာတဲ့တုံး (ဆေးအဖြစ်နဲ့ သုံးလဲရပါတယ်၊ သေဆေးအဖြစ်နဲ့သုံးလဲ ရပါတယ်)။

အဲဒါ ခင်ဗျားတို့ ဒီစကားနှစ်လုံးဟာ ဆေးအဖြစ်နဲ့ သုံးချင်ယင်ဖြင့် ဟိပဿိကော အသုံးချပါ.... (မှန်လှပါ) သူက ကြားတိုးလာလို့ရှိယင် သူ့ကို ဖြစ်ပျက်ရှုချ.... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ) ဒီလိုဆိုယင် သူဆေးဖြစ်လာတယ်.... (မှန်ပါ့)။

ဟာ....သူက ပျက်လွန်းလို့ သူခိုင်းရာဘဲ လုပ်ပါတော့မယ် ဆိုယင်ဖြင့် ဘေးသင့်ပြီသာ မှတ်ပေတော့.... (မှန်လှပါ) မသင့်သေးဘူးလား.... (သင့်ပါတယ်ဘုရား)။

ဘေးသင့်ပြီတဲ့၊ သူတက္ကာလာယင် ဥပါဒါန် လာတော့မှာဘဲ၊ ဥပါဒါန်လာယင် ကံလာတော့မယ်၊ ကံလာယင်ကော.... အနာဂတ်ဘဝ ဇာတိဇရာ မရဏတို့ကို ခင်ဗျားတို့ ဖြေးမလွှတ်

တော့ဘူး၊ တွေ့ရကြုံရတော့မယ်၊ မဆိုနိုင်ဘူးလား.... (ဆိုနိုင်ပါ တယ်ဘုရား) သဘောပါကြလား.... (ပါ-ပါတယ်ဘုရား)။

သြော်....ဒါဖြင့် ရေထဲမှာ ဆေးနီ- ဆေးဝါ-ဆေးပြာ ဖယ် နည်း နိုဿယညည်းဆိုတာ ယနေ့ပါသွားပါပြီ.... (မှန်ပါဘုရား) သူ့ကို ဖြစ်ပျက်ရှုပါ.... (မှန်ပါ့)။

ဦးသန်းမောင် တရားအားထုတ်နေတယ်၊ဝေဒနာရှုနေတယ် လောဘကလေးက လာတယ်၊ သူနာမည်ပြောင်း ဝင်လာတာ ကိုယ့်ဝေဒနာကလေးက ဘယ်ဟာတုံးလို့ဆိုပြီး စစ်ဆေးလိုက်.... (မှန်ပါ့)။

ကိုယ်သိထားတဲ့ ဝေဒနာကလေးက ဘယ်ဟာ တုံးလို့ စစ်ဆေးတယ်၊ ဟာ....သူလောဘမဟုတ်ဘူး၊ သောမနဿဝေဒ နာလာတာ၊ အင်....ဟင်....ဥပေက္ခာဝေဒနာ လာတာ၊ဒီလိုအသုံး ချလိုက်တော့ ဦးသံဒိုင် လှည့်သွားတယ်....(မှန်ပါ့) ဒီ့ပြင်ရှိသေး ရဲ့လား.... (မရှိပါဘုရား) သူဟာ သောမနဿဝေဒနာ ဥပေက္ခာ ဝေဒနာ ဒီနှစ်ခုရှိမှာဘဲ.... (မှန်ပါ့ဘုရား) ရှင်းပလား.... (ရှင်း ပါပြီ)။

ကိုင်း ဒါဖြင့် ရေထဲမှာဆယ်ပြီး မျက်နှာရိပ် ဟပ်လိုက်လို့ ရှိယင်ဖြင့် မျက်နှာရိပ်ထင်-မထင်.... (ထင်ပါတယ်ဘုရား)။

ထို့အတူဘဲတဲ့ သူ့ကိုအနိစ္စရှုပြီးမှ ခင်ဗျားတို့ မူလကမ္မဋ္ဌာန်း ပြန်ကောက်ယင် ရတယ်.... (မှန်ပါ့ဘုရား) သူ့ အယင်ဖယ်လိုက် (မှန်ပါ့)။

ဒါဖြင့် ကြားတိုးလာယင် ကြားတိုးကိုရှုပါ၊ ပြီးတော့မှ မူလရင်း ကမ္မဋ္ဌာန်းကိုရှုပါ၊ ဦးသန်းမောင် ကြိုက်တဲ့၊ ဦးသံဒိုင်

ကြိုက်တဲ့ကမ္မဋ္ဌာန်း နောက်မှရှုပါ.... (မှန်ပါဘုရား) ရှင်းပလား (ရှင်းပါပြီ)။

ဒီလိုဆိုတော့ ဘာဖြစ်သွားသတုံးလို့ မေးတဲ့ အခါကျတော့ ဩော်.... မူလရှုတုံးက ဖြစ်ပျက်ဘဲ၊ အခု ကြားတိုးတာ ရှုလိုက်ပြန်တော့ကော.... (ဖြစ်ပျက်ပါဘဲဘုရား) သဘောကျပလား.... (မှန်ပါ့)။

မူလရှုနေတာလဲ.... (ဖြစ်ပျက်ပါဘုရား) ကြားတိုးရှုလိုက်လဲ (ဖြစ်ပျက်ဘဲ) ဖြစ်ပျက်ဘဲဆိုတော့ ဖြစ်ပျက်ချင်းတန်းထွက်သွားတယ်.... (မှန်ပါ့) မထွက်ဘူးလား.... (ထွက်ပါတယ်ဘုရား) ဖြစ်ပျက်ချင်းတန်းထွက်တော့ကို ခင်ဗျားတို့ ကြားတိုးသာ ရှုမယ်ဆိုယင် ဖြစ်ပျက်မြင်တဲ့ ဥဒယဗ္ဗယဥာဏ် မကပါဘူးကွ....တဲ့၊ ဘုရားက၊ သင်္ခါရုပေက္ခာဥာဏ်တောင် ဖြစ်ပါတယ်တဲ့....(မှန်ပါ့ဘုရား)တတန်းတည်းဖြစ်အောင်လုပ်နိုင်တယ်....(မှန်ပါ့ဘုရား)။

ကဲ....ကြားတိုးရှုလိုက်ရတဲ့ ကျေးဇူး ဘယ်လောက်များတယ်ဆိုတာ ပေါ်ပလား....(ပေါ်ပါပြီ) ကဲ ဥာဏ်တောင် တိုးတက်သွားလိုက်သေးတယ်.... (မှန်ပါ့)၊ ဘယ်ဥာဏ်တက်သွားသလဲ.... (သင်္ခါရုပေက္ခာဥာဏ် တက်ပါတယ်)။

သင်္ခါရချည်းဆိုပြီး တတန်းတည်းလုပ်တတ်တာကိုး(မှန်ပါ့) အင်း....ဟင်.... နဂိုရှုနေတာလဲ သင်္ခါရဖြစ်ပျက်၊ နောက်ကြားတိုးတာကကော.... (သင်္ခါရဖြစ်ပျက်ပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဖြစ်ပျက်ရှုတဲ့ဥာဏ်သည် တတန်းတည်းရှုနိုင်တဲ့အတွက် သင်္ခါရုပေက္ခာ ဥာဏ်သွားဖြစ်တယ်.... (မှန်လှပါဘုရား)။

အစကတော့ ဝိပဿနာဉာဏ်ဘဲ....တဲ့၊ ဒီလိုသာ မင်းတန်းနေယင် သခ်ါရုပေက္ခာဉာဏ် ဖြစ်ရမယ်.... (မှန်ပါ့ဘုရား) ရှင်းပလား.... (ရှင်းပါပြီ) အစကတော့ ဘာတဲ့.... (ဝိပဿနာဉာဏ်) ဝိပဿနုပေက္ခာ ဉာဏ်တဲ့.... (မှန်ပါ့)နောက်ကျတော့ကို သူရင့်သွားယင် ချက်ခြင်းဘာဖြစ်မလဲ....(သခ်ါရုပေက္ခာဉာဏ် ဖြစ်ပါတယ်) သခ်ါရုပေက္ခာဉာဏ်ဆိုယင် ဟိုဘက်မဂ်ဉာဏ် တဲတဲလေး ကျန်တော့တယ်.... (မှန်ပါ့ဘုရား)။

ကဲ....ဆရာကောင်း— သမားကောင်းလို-မလို မပေါ်သေးဘူးလား.... (ပေါ်ပါပြီဘုရား) အောက်ဉာဏ်ကနေပြီး တခါတည်း ထိုးတက်သွားတာဘဲ၊ အောက်ဉာဏ်က နေပြီးတော့.... (ထိုးတက်သွားပါတယ်ဘုရား)။

ဒါတွေက ဒါကြောင့် ဆရာသမားကောင်းလိုတယ်၊သုံးဆဲ့လေးကြိမ်မှာတယ်ဆိုတာ ပေါ်ပြီ။ ဦးသန်းမောင် ဘုရားသခင်ကိုယ်တော်မြတ်ကြီးမှာကိုမှာလိုက်တယ်....(မှန်ပါ့) 'ယထာဘူတံ ဉာဏာယ သတ္ထာ ပရိယေသိတပ္ပေါ' ကွာ.... ဒီလိုဉာဏ်စုံမ်းကံစုံမ်းနဲ့ရှိတဲ့ ပုဂ္ဂိုလ်မျိုး မင်းတို့ ရှာစမ်းပါ။ မရှာယင်တော့ မင်းတို့ ငါးပါးမျောက်မယ်ဆိုတော့ အခု ခင်ဗျားတို့ အလိုဖြင့် ဒီဥစ္စာ ကမ္မဋ္ဌာန်း၏အန္တရာယ်.... (မှန်ပါ့)ဆိုထိုက်....မဆိုထိုက်....(ဆိုထိုက်ပါတယ်ဘုရား)။

ခင်ဗျားတို့ သိထားတဲ့နည်းအတိုင်းဆိုယင်... (ကမ္မဋ္ဌာန်း၏အန္တရာယ်ပါဘုရား) ကမ္မဋ္ဌာန်း၏အန္တရာယ်.... (မှန်ပါ့)။

အခုတော့ ဆရာကောင်း သမားကောင်းဆီမှာ မှီဝဲ ဆည်းကပ်တော့ ပါဠိတော်နဲ့လဲ သေသေချာချာ ထင်ရှားအောင်

ပြလိုက်တော့ ကမ္မဋ္ဌာန်းအန္ဓရာယ် မဟုတ်ဘူးဟေ့ ကမ္မဋ္ဌာန်း-ဟ၊ ပေါ်ပလား.... (ပေါ်ပါပြီ)။

ကမ္မဋ္ဌာန်း အန္ဓရာယ်လား.... ကမ္မဋ္ဌာန်းလား.... (ကမ္မဋ္ဌာန်း ပါဘုရား)သူ့ရုပ်လိုက် ကြားထဲလာလဲ လောဘကို ရှုချလိုက်.... (မှန်ပါ့) အန္ဓရာယ်ဖြစ်သေးရဲ့လား.... (မဖြစ်ပါဘုရား)။

သူက အရှုခံလာတာလို့ ဘုန်းကြီးကပြောထားတယ်.... (မှန်ပါ့) ခင်ဗျားတို့က ကန့်ကွက်တာလာတယ်ဆိုပြီး ထ,ပြေးတယ်.... (မှန်ပါဘုရား)။

အဲဒီတော့ ခင်ဗျားတို့ဘဲ စဉ်းစားကြည့်ပါတဲ့- ငါဘာလို့နေ ပါလိမ့်မတုံး အသိဉာဏ်လို့နေလို့.... (မှန်ပါ့)

ဒီအသိဉာဏ်ကို ဘယ်တော့မှ ရပါ့မတုံးဆို ဆရာကောင်းရှာ၊ (မှန်ပါ့) မရှာယင်တော့ ဒီဥစ္စာသွားမှာဘဲ.... (မှန်ပါ)

ကဲ အခုကြည့်စမ်း.... မင်္ဂိုလ်ကိုတာ၊းမည့် တရားလာတာကို ဓါးပြတိုက်မလို့လာတာ ဓါးပြ အချောကောင်းတာနဲ့- ဓါးပြ အပေါင်းအသင်းကောင်းတာနဲ့ ဓါးပြကို အိမ်လိုက်ပို့ခိုင်းသလို ဖြစ်နေတယ်....(မှန်လှုပါ)။

ဓါးပြတိုက်မလို့လာတာဘဲ သို့သော်လဲ အပြောအဆို လိမ်လိမ်မာမာနဲ့ သူ့ကို ပြောတတ်ဆိုတတ်တာနဲ့ ကျုပ် အိမ်လိုက်ပို့ပါဦးဆို သူကလက်နက်နဲ့ကိုင်ပြီး လိုက်ပို့ရသေးတယ်.... (မှန်လှုပါ) ဒီအဓိပ္ပါယ်မရောက်ဘူးလား.... (ရောက်ပါတယ်ဘုရား)။

အဲဒီလောက်ကျေးဇူးမျှားလှုတယ်ဆိုတာ ဦးသန်းမောင်မှတ်မိပလား.... (မှတ်မိပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဝေဒနာရှုနေတုံး လောဘလာလဲ ဘာလုပ်ကြမလဲ.... (လောဘကို ဖြစ်ပျက်ရှုရမယ်) အင်း.... သူကလဲ ဝေဒနာ တမျိုးဘဲဆိုပြီး ဖြစ်ပျက်သာရှု.... (မှန်ပါ့)။

စိတ်ရှုတဲ့ ပုဂ္ဂိုလ်ကလဲ ကျုပ်က ဘဝင်စိုက်ထားတာ ရှုစိတ်--ရှိုက်စိတ် ကျုပ်ရှုနေတာ ဒီ့ပြင် စိတ်တွေ မပေါ်တာနဲ့ ပေါ်မည့်ပေါ်တော့လဲ ရန်သူကြီးပေါ်လာတယ်.... ခင်ဗျားတို့အလို.... (မှန်ပါ့ဘုရား)။

အခုတော့ ရန်သူပေါ်လာတာလား၊ ကျုပ်လဲ ရှုပါဦးပြော တာလား(ကျုပ်လဲရှုပါဦးပြောတာပါဘုရား) အဲဒါရှုလိုက်ယင် ပြီးသွားတာပါဘဲ.... (မှန်ပါ့ဘုရား)။

အဲဒါရှုပြီးတော့မှ ခင်ဗျားရှုနေကျ ရှုစိတ် ရှိုက်စိတ်ရှုရှု၊မြင်စိတ် ကြားစိတ်ဘဲ ရှုရှုပေါ့ဗျာ၊ အဆင်က ပြေမသွားဘူးလား.... (ပြေသွားပါတယ်ဘုရား)။

ဒါဖြင့် ကြားထိုးလာလဲ ခင်ဗျားတို့က ဖြစ်ပျက် ရှုနိုင်တယ်။ မူလက ကမ္မဋ္ဌာန်းကိုလဲ ဖြစ်ပျက်ရှုနိုင်တယ်ဆိုတော့ ဖြစ်ပျက်ချင်းတန်းသွားသောကြောင့် ဝိပဿနုပေက္ခာဉာဏ် မွတ်လိုက် .... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ)။

ဒီဉာဏ်ရှင်းယင် တခါတည်း ဥပေက္ခာ ဉာဏ်ဓာတ်သွားတာဘဲ.... (မှန်ပါ့) အောက်ဉာဏ်တွေ အကုန်ထားပစ်ခဲ့မယ်.... (မှန်ပါ့) ဒီလောက်ထိအောင် ကျေးဇူးမျှားလှုပါတယ်.... (မှန်ပါ့) ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

ဒါတွေက အကြံသမား ဉာဏ်သမားမှ သွားနိုင်တာနော်.... (မှန်ပါ့) အကြံသမား ဉာဏ်သမားမဟုတ်ယင် ဦးသန်းမောင် သွားကို မသွားနိုင်ဘူး.... (မှန်ပါ့ဘုရား)။

မိဘရိုးရာနဲ့ စာကလေးကို ဟိုနားကြည့် ဒီနားကြည့်နဲ့ တော့ ရကိုမရဘူး သူက....(မှန်ပါ့) တကယ်တမ်းကို ကျမ်းကိုစုံပြီး ညှိပြေမှ အဓိပ္ပါယ်တမျိုးတည်းသွားဖြစ်တယ်.... (မှန်ပါ့)အခု ရှင်းပြီနော်.... (ရှင်းပါပြီ)။

ကောင်းပြီ ဒါဖြင့် သူ့ကိုဖယ်တတ်ပလား....(ဖယ်တတ်ပါပြီ) တကယ်ဖယ်ပစ်ရမှာလား၊ အာရုံပြောင်းပစ်ရမှာလား၊သူ့ကိုပင် ရှုပစ်ရမှာလား.... (သူ့ကိုပင် ရှုပစ်ရမှာပါ) သဘောပါပြီ.... (ပါ-ပါပြီ) ဘုရားကတော့ ဖယ်ပစ်ရမယ်လို့ ဆိုထားတယ်၊ သူ့ကြောင့် ထွက်မြောက်ကြောင်းကို ရှာရမယ်လို့ ဆိုထားတယ် (မှန်ပါ့) သင်္ဂါရဝ- သူ၏ ထွက်မြောက်ကြောင်းကို မင်းရှာပါ ဆိုတော့ တကာတကာမ တွေက အထူးမရှာတတ်တော့ ဘုန်းကြီးက အကူအညီပေးလိုက်တယ်.... (မှန်ပါ့)။

တကာ တကာမတို့ ထွက်မြောက်ကြောင်း ဆိုတာ တခြားမဟုတ်ဘူး၊သူ့ကို ရှုပြောတာ (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီ) ဘာလုပ်ရမယ်.... (သူ့ကိုရှုလို့ ပြောတာပါဘုရား)။

ကြားထိုးလာယင်.... (ကြားထိုးရှုရမယ်)ကြားထိုးရှု ခုနင်က ဓါးပြအပို့ ခိုင်း.... (မှန်ပါ့) အင်း....မိတ်ဆွေဖွဲ့ပြီး အပို့ခိုင်းဆို တော့ သြော်.... အဘိုးတန်ပါကလား၊တယ်အဘိုးတန်ပါကလား ဆိုတာ ခင်ဗျားတို့ သိလေ အဘိုးဘန်မှန်းပိုသိလေဘဲ....(မှန်ပါ့) မပို့သေးဘူးလား.... (ပို့ပါတယ်ဘုရား)။

မိုးကုတ်ဝိပဿနာလုပ်ငန်းစဉ်တရား (၈)

ကောင်းပြီ ဒါဖြင့် ရှင်းပါပြီ-တဲ့၊ကာမစ္ဆန္ဒနီဝရဏဖြင့် ဆေးနီဆေးပြာ ရောနေတာကို ဆေးနီ ဆေးပြာဖယ်ပစ်ပြီးသကာလမင်း မျက်နှာရိပ်ဟာတ်လို့ရှိယင် မင့်မျက်နှာရိပ်ဟာ ကြည်လင်သန့်ရှင်းစွာ တွေ့မြင်ရလိမ့်မယ်၊ အဲဒါလို မျက်နှာရိပ်တွေ့မြင်လာရသလို စိတ်ရှုတဲ့ ပုဂ္ဂိုလ်ကလဲ ပေါ်တဲ့စိတ်ရှုရုံဘဲမဟုတ်ဘူးလား၊ (မှန်ပါ့ဘုရား) ဝေဒနာရှုတဲ့ပုဂ္ဂိုလ်ကလဲ သောမနဿ ဥပေက္ခာ ဒေါမနဿ စသည် တခုခုပေါ်လို့ရှိယင် ပေါ်တဲ့ဝေဒနာ လိုက်ရှုရုံဘဲ ရှင်းပလား.... (ရှင်းပါပြီ)။

အဲဒါလို ရှုလိုက်တော့ ကာမစ္ဆန္ဒနီဝရဏဟာ ဘာ သစ္စာဖြစ်သွားသတုံး.... (ဒုက္ခသစ္စာ ဖြစ်သွားပါတယ်ဘုရား) ဒုက္ခသစ္စာဖြစ်သွားတယ်တဲ့ ဒုက္ခသစ္စာဖြစ်သွားတာကို တကာ တကာမတော့က ဆေးအဖြစ်နဲ့သုံး၍ ဘေးမဖြစ်အောင် အားထုတ်နိုင်ဘို့အရေးကြီးတယ်လို့မှတ်.... (မှန်ပါ့ဘုရား) ထုတ်မြောက်ကြောင်းဆိုတာ တခြားမဟုတ်ဘူး၊ တွေးမနေနဲ့ ဖြစ်ပျက်မြင်အောင်ရှုဖြစ်ပျက် မုန်းအောင်ရှု၊ ဖြစ်ပျက်ဆုံးအောင်ရှု၊ ကြားထိုးလာယင်လဲ.... ကြားထိုးတာ ဖြစ်ပျက်ရှု သဘောကျပလား .... (ကျပါပြီဘုရား)။

ကဲ....အချိန်စေ့သွားပြီ ယနေ့ည တော်ကြဦးစို့

သာဓု....သာဓု....သာဓု....

အမရပူရမြို့ မဂ်လာတိုက်ဟောင်းတွင်

ကျေးဇူးတော်ရှင် — အဂ္ဂမဟာ ပဏ္ဍိတ

မိုးကုတ် ဆရာတော်ဘုရား

အမရပူရမြို့ မဂ်လာရိပ်သာကျောင်းပေါ်၌

ဟောကြားတော် မူသော

ဗျာပါဒနီဝရဏ နှင့် ထိနမိဒ္ဓ နီဝရဏတို့ အကြောင်း

ညီ အလုပ်ပေး တရားတော်

(၁၉-၁၁-၆၁)

ဗျာပါဒ နီဝရဏ၊ ဗျာပါဒဆိုတာ အားလုံး တကာတကာမ တွေ့ မှတ်ထားပါ။ ဗျာပဇ္ဇတိတိ ဗျာပါဒေါ၊ ဗျာပဇ္ဇတိ= ပြစ်မှားတတ်၏၊ကွတိတသ္မာ=ထို့ကြောင့်၊ ဗျာပါဒေါ=ဗျာပါဒ မည်၏၊ ပြစ်မှားတတ်တာ ဗျာပါဒ....လို့ မှတ်ပါ။

ကိုယ့်ကိုယ်ပြစ်မှားလဲ ဗျာပါဒဘဲ၊ သူတပါး ပြစ်မှားလဲ ဗျာပါဒဘဲလို့ မှတ်ပါ။ ကိုယ့်ကိုယ် အလိုမကျတာလဲ ဗျာပါဒ၊ သူတပါးကို အလိုမကျတာလဲ.... (ဗျာပါဒပါဘဲ ဘုရား)။

အဲဒါကို သြော်.... သူတပါး ပြစ်မှား- ပြစ်မှား၊ ကိုယ့်ကိုယ် ဘဲ ပြန်ပြီး ပြစ်မှား- ပြစ်မှား တခါတလေ ကိုယ့်ကိုယ်နဲ့ ကိုယ်နဲ့ စိတ်ဆိုးနေတာ ရှိသေးတယ်၊ ငါ့ကိုယ်က ဟန်မကျတာ၊ဒီလိုလဲ ရှိသေးတယ်.... (မှန်ပါ့)။

ငါ့ကိုယ်က ဟန်မကျတာဆိုတော့ ကိုယ့်ကိုယ်-ကို စိတ်ဆိုးတယ်၊ ဗျာပါဒဖြစ်တယ်၊ ဘယ်သူဟန်မကျလို့ ဒီဥစ္စာ ပျက်စီးရတယ်၊ ဖေါက်ပြန်ရတယ်ဆိုလို့ရှိယင် သူတပါးကြောင့် ဗျာပါဒဖြစ်တယ်။

ဒါဖြင့် ဗျာပါဒသည် ကိုယ့်ကိုယ်ကြောင့်လဲ ဖြစ်တယ်၊ သူတပါးကြောင့်လဲ ဖြစ်တယ်ဆိုတဲ့ဥစ္စာ မှတ်ပါ.... (မှန်ပါဘုရား)။

အဲဒီ ဗျာပါဒဟာ ဘာဖြစ်တတ်သတုံးလို့ မေးလို့ရှိယင် ဖြင့် နိဝရဏ....လို့ ဘုရားက ဟောလိုက်တယ်၊ နိဝရဏလို့ ဟောလိုက်တော့ နိဝရဏသည် မင်္ဂိုလ် တားမြစ်တယ်ကွာ....လို့ဟော လိုက်တယ်။

ဒါဖြင့် ကိုယ့်ကိုယ်ကို စိတ်ဆိုးနေလဲ မင်္ဂိုလ် တားတာဘဲ သူတပါးအတွက် စိတ်လက် မကောင်းလဲ ဦးသန်းမောင်.... ဗျာပါဒဘဲ၊ မင်္ဂိုလ် တားတာဘဲ....(မှန်ပါ့)။

ဒါဖြင့် ဝိပဿနာလုပ်တဲ့ ပုဂ္ဂိုလ်များမှာ ကိုယ့်ကိုယ်လဲ စိတ်မဆိုးနဲ့ သူတပါးအတွက်လဲ ဘာမှ ရတက်တော့ဘာတော့ပေါ့မနေနဲ့ (မှန်ပါ့) ကိုယ့်အလုပ်သာ ကိုယ်လုပ်ပါ။ သူတပါးအတွက် ပေါ့လာလို့ရှိယင်လဲ ဩော်....သူ့အတွက် ကျုပ် စိတ်မကောင်းဘူး ဘရားထူးတော့ အခုဒီမှာရှိနေတယ်၊သားမယားတော့ မနာရရှာကြဘူး.... (မှန်ပါ့)ဒါ....မလာစေနဲ့ လာယင် နိဝရဏ....လို့ မှတ်ပါ (မှန်ပါဘုရား)။

လာယင် နိဝရဏလို့ မှတ်ပါတဲ့၊ ဆုတ်နစ်တဲ့ ဒေါသ ဖြစ်တယ်.... (မှန်ပါ့) ဆုတ်နစ်တဲ့ ဒေါသလဲ နိဝရဏဘဲလို့တကာ

တကာမတွေက မှတ်လိုက်တော့ ကိုယ်လုပ်မှ ကိုယ်ရတဲ့ ဥစ္စာကို သူတို့လဲ နာစေချင်လိုက်တာ ဆိုတော့.... အာသဝေးကောင်း သလောက် မဂ်ဖိုလ်တားတယ်....(မှန်ပါဘုရား)။

အာသဝေးတော့ သိပ်ကောင်းပါတယ်.... (မှန်ပါ) အာသဝေးတော့ သူတပါးလဲ နာစေချင်လိုက်တာ ဒီတရားတွေက ထူးလွန်းလို့၊ သိလွယ်အောင် ပြောနိုင်လွန်းလို့ ကိုယ်တော့ဖြင့် ကျေးဇူးများပါတယ်....၊ သူတို့အတွက် စိတ်ထဲမှာ မကောင်းဘူး၊ဒါ.... လောကွတ် သွားမချော်နဲ့ လောကွတ်ချော်ယင် ရမည့် မဂ်တားပြီ.... (မှန်ပါဘုရား) လောကွတ်ချော်ယင် ဘယ်လိုဆိုကြမယ်.... (ရမည့်မဂ် တားပါတယ်ဘုရား)။

အဲ....ဗျာပါဒ နိဝရဏ၊ ဗျာပါဒသည် ဘုရားက နိဝရဏလို့ ဟောသောကြောင့် သူဟာ ပိတ်ပင်တော့မယ် ဆိုတာ နော်က်က တကာ တကာမတွေလဲမှတ်ရမယ်.... (မှန်ပါဘုရား)။

အဲဒီတော့ ဗျာပါဒ နိဝရဏ- ဘယ်လိုနည်း၊ဗျာပါဒ နိဝရဏသည် ကိုယ့်အတွက်တော့ တချို့နေရာမှာ ဖြစ်ကောင်းတယ် ဘယ်လိုဖြစ်ကောင်းသတုံးဆိုလို့ရှိယင် ရဟန်းကြီးတပါး ရှေးကရှိတယ်၊ သူဟာသူ ဗျာပါဒဖြစ်တယ်၊ သူက ပိဋကတ်ကိုလဲ ချောက်ခြားနိုင်တဲ့ပုဂ္ဂိုလ် ဖြစ်နေတော့ တောထွက်တယ်(မှန်ပါ) မဂ်ဖိုလ်ဟာကွာ....ကြာတာမဟုတ်ပါဘူး....တဲ့၊ဝါမဆိုခင်အဖို့တ် နေ့လောက်က တောထွက်တယ်၊ ပြန်လာပြီးတော့ ဝါဆိုမှ သူက ရဟန္တာဖြစ်ပြီး ဝါဆိုမှာ.... (မှန်ပါ) သူ့အထင်တော့ သိပ်ကြီးတာဘဲ။

အထင်ကြီးပြီးတော့ ထုတ်လိုက်တာ ဦးသံဒိုင်.... မရဘူး.... (မှန်ပါ့) အရှင် နာဂဝံသလို့ ခေါ်တယ်၊ ဘုရားလက်ထက်က (မှန်ပါ့)။

ဒါနဲ့ဟာ.... ဘယ်နှယ် မရ,ရမှာတုံးဆိုပြီး ဝါကျတ်ယင် ရဟန္တာအဖြစ်နဲ့ ပဝါရဏာပြုမယ်ဆိုပြီး ကြိုးစားလိုက်တာ မရဘူး (မှန်ပါ့) မရဘူး၊ ဒါလောက်တောင် ကြောက်စရာကောင်းတယ်(မှန်ပါ့) ဒါနဲ့ တိုတိုပြောကြပါစို့ ဆိုတော့ ဦးသန်းမောင်-၁၂-နှစ်တောင်ကြာတယ်....ပြန်ကိုမပြန်နိုင်ဘူး (မှန်ပါ့) ဖြစ်ပျက်တွေတော့မြင်ရဲ့ ခုနင်က ပြောတဲ့ဆီကို အလိုရှိတဲ့ဆီကို နိဗ္ဗာန်ကို မျက်မှောက်မပြုနိုင်ဘူး၊ နိဗ္ဗာန်ကို မကူးနိုင်ဘူး၊ မကူးတော့ သူ့ကိုယ်သူ တခါတည်း စိတ်ပျက်ပြီးသကာလ ဒါလောက်တောင် မရချင်လှတယ်၊ စိတ်ပျက်ပြီးသကာလ ဗျာပါဒ နိဝရဏဒေါသ ဖြစ်ပြီး ငိုလိုက်တယ် (မှန်ပါ့)၁၂-နှစ် အားထုတ်ပြီး ငိုလိုက်တယ် (မှန်ပါ့)။

ငိုလိုက်တော့ သူ့ကျောင်းနား စောင့်နေတဲ့ သစ်ပင်စောင့်နတ်သမီးက သြော်....ဒီကိုယ်တော်ကြီးနှယ် ဖျင်းဘဲ ဖျင်းလှန်းလှတယ်.... မင်္ဂလာရတာ ငိုလို့ရတယ်လို့ သူထင်နေတယ်.... ဆိုပြီးသကာလ ဒီနတ်သမီးကလဲ သူ့နား လူလိုလာပြီး ထိုင်ငို့နေသတဲ့၊ အဲဒီတော့ ငိုတာချင်း.... ပြိုင်နေတာပေါ့လေ.... (မှန်ပါ့)။

ငိုသံက ပြိုင်ပြီးသကာလနေတော့ ဟိုနားက တကာမကာဘာဖြစ်နေရတာတုံးလို့ သူကဘဲ ကောက်မေးလိုက်တယ်၊ တပည့်တော်လဲ ကိုယ်ပိုင်တရား ရမလားလို့ ငိုနေလိုက်တာဘဲ။

ဦးသန်းမောင်....ငိုယင် တရားရမလားလို့ သူလဲ ငိုတာဘဲတဲ့ ဒီတွင်မှ သတိရတယ်၊ ဩ.... ငိုလို့ တရားမရနိုင်ဘူး၊ အားထုတ်မှ ရမှာဘဲဆိုပြီးသကာလ သူငိုတဲ့ ဗျာပါဒကို သိမ်းပြီး သကာလ အားထုတ်လိုက်တော့လဲ ဦးသန်းမောင် ရသွားတယ် မဂ်ဉာဏ် ဖိုလ်ဉာဏ်.... (မှန်ပါ့) နဂိုတုံးက သူ- ဗျာပါဒများနေလို့ မရတာဆိုတာ သက်သေခံလိမ့်မယ်.... (မှန်ပါ့) ရှင်းကြပလား.... (ရှင်းပါပြီ) နဂိုကမရတာက ဘာ့ကြောင့် ပါလိမ့်.... (ဗျာပါဒ များနေလို့ပါဘုရား)။

ဗျာပါဒ များနေလို့ ရခဲတယ်၊ ရခဲလိုက်တာ ပြန်ချင်လှပြီ ရခဲလိုက်တာ ပြန်ချင်လှပြီတဲ့.... ခင်ဗျားတို့လဲ ဒီလိုမဖြစ်စေနဲ့ (မှန်လှပါဘုရား) ရခဲလိုက်တာ ပြန်ချင်လှပြီ ဆိုယင်ဖြင့် ရကို မရဘူး.... (မှန်ပါ့) ဗျာပါဒ နီဝရဏဟာ သိပ်ကြောက်စရာကောင်းတယ်....(မှန်လှပါဘုရား။)

မောင်သစ်ကော မှတ်မိပလား.... (မှတ်မိပါပြီ) ရခဲလိုက်တာ ပြန်ချင်လှပြီလို့ သွားမလုပ်နဲ့ကွ.... (မှန်ပါ့) လုပ်လို့ရှိယင် လုပ်လေ မရလေဘဲ....(မှန်ပါ့) လုပ်လေ မရလေဘဲဆိုတာ သူက နီဝရဏကိုး....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် ဗျာပါဒနီဝရဏမဂ်ဖိုလ်တားတာ ဒီကိုယ်တော်ကြီးမှာ သူက ဝါကျွတ်ယင် ရဟန္တာဖြစ်ပြီး ပြန်ပြီးတော့ ရဟန်းတွေနဲ့ ပဝါရဏာပြုချင်ယင်း၊ ဒီက မဂ်ဉာဏ် ဖိုလ်ဉာဏ်၊ ကမရယင်း၊တခါတည်း ဆက်ပြီးအားထုတ်ပြန်လဲ သီတင်းကျွတ်မှီအောင်ဟ-ကထိန်မှီအောင်ဟနဲ့သူ့မှာမှီအောင်ဟတွေကရှုပ်နေ၊

တာပေါ့ဗျ.... (မှန်ပါ့) ရှုပ်နေတော့ ဒါတွေက ဗျာပါဒ ဝိတက် ဆိုတာကော သဘောကျပလား....(မှန်ပါ့)အဲဒီဗျာပါဒဝိတက် တွေကြောင့် သူ့မှာ မရပါဘူး.... (မှန်ပါ့) ပေါ်ကြပလား (ပေါ်ပါပြီ)။

ဒါဖြင့် ခင်ဗျားတို့ အားထုတ်တဲ့အခါ ဒီဗျာပါဒ မရှိစော (မှန်ပါ့ဘုရား) ငါဘယ်အချိန်က ဘာပြောထားခဲ့တဲ့ ဥစ္စာနဲ့ ကလေးဟာ ဘယ်ရက်ပြန်လာမယ်လို့ ပြောခဲ့တယ်၊ အဲဒါက လေးဟာ ငါ့မှာရှိနေတယ်လို့ ဒါတွေ လာကို့ မလာစေနဲ့.... (မှန်ပါ့) ရက်တွေ ဘာတွေ ကန့်သတ်ပြီးသကာလ နောက်မှ ခင်ဗျားတို့ တရားရပြီးမှ ဘာကန့်သတ် ကန့်သတ်၊ တရားထဲ မဝင်စေနဲ့.... (မှန်ပါ့ဘုရား) နားလည်ကြရဲ့လား.... (နားလည် ပါတယ်ဘုရား)။

တရားထဲမှာ....(မဝင်စေရပါဘုရား)ဝင်လာယင် ဘာပါလိမ့် (ဗျာပါဒ နိဝရဏပါဘုရား) ဗျာပါဒ နိဝရဏ၊ ရှင်းပြီ.... (မှန်ပါ့)။

ဗျာပါဒနိဝရဏသည် မင်္ဂလာတားတယ်ဆိုတာ ဒီကိုယ်တော် ကြီး ၁၂-နှစ်တားတယ်.... (မှန်ပါ့) ပေါ်ကြပလား.... (ပေါ် ပါပြီ)၁၂-နှစ်တားချလိုက်တာ နောက်တော့မှ ဗျာပါဒရုပ်သိမ်း ပြီး အားထုတ်မှ ရသွားတယ်ဆိုတော့ ဒီအရှင်နှာဂဝံသ ဆိုတဲ့ ကိုယ်တော်ကြီး စံနမူနာထားပြီး သကာလ ဘုန်းကြီးတို့ တကာ တကာမတွေက မဟာဝိတက်၊ ဗျာပါဒဝိတက်ဆိုတာ ဦးသန်း မောင်တို့ မဝင်ပါစေနဲ့.... (မှန်ပါ့ဘုရား)။

အကယ်၍ ဗျာပါဒနီဝရဏ ဝင်လာမယ်ဆိုတော့ မနေ့က သင်ထားတဲ့အတိုင်း. ဒီဗျာပါဒ ဝိတက်ကိုဘဲ ဦးသံဒိုင် ဖြစ်ပျက်ရှုရမယ်.... (မှန်ပါ့ဘုရား) ပေါ်ပလား.... (ပေါ်ပါပြီ)။

ဗျာပါဒဝင်လာယင်.... (ဗျာပါဒကိုဘဲ ဖြစ်ပျက်ရှုရမယ်) ဗျာပါဒဝိတက်ကို ဘုန်းကြီးတို့ တကာ တကာမတော့က ဖြစ်ပျက်ရှုပေး.... (မှန်ပါ့) ဖြစ်ပျက်ရှုလိုက်တော့ မနေ့က ပြောလိုက်တဲ့ အတိုင်း ကိုယ်ရှုနေတဲ့ မူလဖြစ်ပျက်နဲ့၊ ယခုမှ ပေါ်လာတဲ့ ဗျာပါဒဝိတက်ကို ဖြစ်ပျက်ရှုလိုက်တာနဲ့ တန်းသွားလို့ ရှိယင် ဝိပဿနုပေက္ခာ ဖြစ်ပါတယ်.... (မှန်ပါ့) ဝိပဿနုပေက္ခာ ဖြစ်ပြီး လို့ရှိယင် မပူပါနဲ့တော့တဲ့၊ သန်ါရုပေက္ခာဆိုတာ ရောက်ပါတယ်....(မှန်ပါ့ဘုရား)။

သန်ါရုပေက္ခာ ရောက်လို့ရှိယင် အနုလောမ ဂေါတြဘူ ဆိုတာတော့ စာမှာသာ အနုလောမညာဏ်၊ ဂေါတြဘူညာဏ် လို့ဆိုတာ တဝိထိတည်းလို့ မှတ်လိုက်ပါ.... (မှန်ပါ့) တဝိထိတည်း ဆိုတာက ပရိကံ ဥပစာ အနုလုံ ဂေါတြဘူ မဂ်၊ ဒါ တဝိထိတည်းဘဲ၊ စာမှာသာ ညာဏ်ခွဲထားတာ.... (မှန်ပါ့)။

သန်ါရုပေက္ခာပြီးယင် ဒီဥစ္စာတန်း တက်သွားတာဘဲ .... (မှန်ပါ့) အနုလောမညာဏ်ရအောင် ငါလုပ်ရဦးမှာလား အောက်မေ့မနေနဲ့၊ ဂေါတြဘူညာဏ် ငါရအောင် လုပ်ရဦးမှာ လားလို့ အောက်မေ့မနေနဲ့၊ မဂ်ညာဏ် ဖိုလ်ညာဏ် ငါရအောင် လုပ်ရဦးမှာလားလို့ အောက်မေ့မနေနဲ့၊ သန်ါရုပေက္ခာညာဏ် ပြီးယင် သူဒီ ဝိထိဆက်လာမယ်၊ ဒီဝိထိဆိုတော့ နှားမလည်

မှာစိုးလို့ ဒီစိတ်စဉ် တန်းလာတယ် အောက်မေ့ပါ (မှန်ပါ့)။

အနုလောမစိတ် ဂေါတြဘူစိတ် မဂ်စိတ် ဖိုလ်စိတ်လို့ ဒီဥစ္စာက တဝီထိတည်းလို့မှတ်ပါ.... (မှန်ပါ့) လေးခါ အားထုတ်ရတာမဟုတ်ဘူး၊ အစပေါ်ယင် လေးခုစလုံး ပေါ်တယ်.... (မှန်လှပါဘုရား) ရှင်းပြီနော်.... (ရှင်းပါပြီ)။

ဒါဖြင့် တကာတကာမတို့ ဗျာပါဒ နီဝရဏကို အဖေါ်လုပ်တတ်ပလားလို့ မေးလို့ရှိယင်.... (လုပ်တတ်ပါပြီဘုရား) ဘယ့်နှယ်လုပ်ရမလဲ.... (ဖြစ်ပျက်ရှုရပါမယ်) ဖြစ်ပျက်ရှုလိုက်ယင် အဖေါ်ဖြစ်သွားမယ်.... (မှန်ပါ့) ဒီဗျာပါဒ နီဝရဏဟာ ဒါ့ကြောင့် သင်္ဂါရဝ သတိုးသားကို ပဋ္ဌကနိပါတ် အင်္ဂုတ္တိုရ်ပါဠိတော်မှာ ဟောတယ် (အင်္ဂုတ္တိုရ်ပါဠိတော် ဒုတိယအုပ် ၂၀၂-)။

မင်း.... ရပြီးသားစာတွေမေ့၊ မရသေးတဲ့ စာတွေ လုံးဝမပေါ်လာဆိုတာကွာ....တဲ့၊ ရေခွက်တခုမှာ ရေကဖြူနေတယ်၊ ဖြူပြီး အခိုးတွေကလဲ ထွက်တယ်၊ မင်းမျက်နှာ ဟပ်ကြည့်ပါတဲ့ အရိပ်ထင်ပါ့မလား.... (မထင်ပါဘုရား)။

ထင်နိုင်စရာရှိရဲ့လား.... (မရှိပါဘုရား) ရေကဖြူနေတယ်၊ အခိုးကလဲ ထွက်နေတယ်.... (မှန်ပါ့) မျက်နှာနဲ့တော့ ဟပ်ကြည့်လိုက်တယ်၊ အရိပ်ထင်မလားလို့ ဟပ်ကြည့်လိုက်တယ်၊ မျက်နှာရိပ် ဦးသန်းမောင် ပေါ်ပါ့မလား.... (မပေါ်ပါဘုရား)ဘာဖြစ်နေလို့တုံး.... (ရေအခိုးထွက်နေလို့ပါ) ရေဖြူအခိုးထွက်နေတယ် (မှန်ပါ့) ရေဖြူအခိုးထွက်နေတဲ့အတွက် မမြင်ရဘူး။

ဒါဖြင့်ကွာ....တဲ့၊ ဗျာပါဒမှ ထွက်မြောက်ကြောင်း မင်းလုပ်ပါလား....။ ဒီရေမြင်အောင် လုပ်ပါလားလို့ဆိုတော့ တခါတည်း တကာတကာမတွေက ဒေါသကိုသူဟာအနိစ္စဘဲ၊ 'သဒေါသံဝါစိတ်ံ သဒေါသံစိတ္တန္တိပဇာနာတိ'....ဆိုတဲ့ ပါဠိအရဦးသံဒိုင်တို့က သွင်းလိုက်(မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

ဟာ တပည့်တော်က ဝေဒနာ ရှုနေတာ ဘုရား ဆိုယင်၊ သြော်....ဒေါမနဿဝေဒနာ ဖြစ်ပျက်ဘဲလို့ ရှုလိုက်.... (မှန်ပါ့ဘုရား) ဝေဒနာရှုတဲ့ ပုဂ္ဂိုလ်များ ဒေါမနဿဝေဒနာ ဖြစ်ပျက်ဘဲလို့ရှုလိုက်.... (မှန်ပါ့) စိတ်ရှုတဲ့ ပုဂ္ဂိုလ်များ သဒေါသစိတ်ဆိုပြီး ဖြစ်ပျက်ရှုလိုက်....(မှန်ပါ့)။

ဖြစ်ပျက် ရှုချလိုက်လို့ရှိယင်ဖြင့် ဘုန်းကြီးတို့ တကာတကာမတွေမှာ မူလကိုယ်ရှုနေတဲ့ ဖြစ်ပျက်နဲ့ အခုဖျက်မယ်လို့လာတဲ့ ဖြစ်ပျက်နဲ့တဲ့၊ တတန်းတည်း ဖြစ်အောင် လုပ်သောကြောင့် ဝိပဿနုပေက္ခာဖြစ်ပါတယ်....(မှန်ပါ့ဘုရား) ပဏ္ဏာသမှာ တခါတည်းဟောထားတယ်၊ ရှင်းကြပလား....(ရှင်းပါပြီ)။

ဒါဖြင့် ခင်ဗျားတို့မှာ ကန့်ကွက်တတ်တဲ့ စိတ်တွေရှိငြားသော်လဲ ကြောက်စရာ လန့်စရာမလို့.... (မှန်ပါ့) ဆရာဘုန်းကြီးနည်းပေးတဲ့အတိုင်းသာ ခင်ဗျားတို့က ကြိုးစားပါ.... (မှန်ပါ့) ကြိုးစားလို့ရှိယင် ရန်သူတယောက်မှမဖြစ်၊ မိတ်ဆွေချည်းဘဲ ဖြစ်လိမ့်မယ်ဆိုတာ ဦးသံဒိုင် မှတ်ရလိမ့်မယ်.... (မှန်ပါ့) ဖွဲ့တတ်ပလား မိတ်ဆွေ.... (ဖွဲ့တတ်ပါပြီဘုရား) မူလရည်ရွယ်ချက် ကတော့ ရန်သူပါ.... (မှန်ပါ့) ရည်ရွယ်ချက်နဲ့ ဝင်လာတာကတော့ ရန်သူဘဲ၊ ရှင်းပလား....(ရှင်းပါပြီဘုရား)။

သို့သော် ခင်ဗျားတို့ ဆရာသမားဆီက ကလျာဏမိတ္တဆိုတဲ့ ကောင်းသော မိတ်ဆွေ၊ ဆရာဆီက နည်းရတဲ့အတွက် ရန်သူပင် ဖြစ်လင့်ကစား ဝိပဿနုပေက္ခာဉာဏ်တောင် ပေးသွားသေးတယ် (မှန်ပါ့) ဗျာပါဒနီဝရဏက ပေးသွားတယ်....(မှန်ပါ့)။

ခင်ဗျား ဉာဏ်အရေးပါတော့ ခင်ဗျားဖျက်မယ်လို့ လာတာတောင် ကိလေသာမာရ် လက်နက်ထဲက ကျုပ်တပါး အပါအဝင်ပါဘဲ၊ သို့သော်လဲ ခင်ဗျားက ဆရာကောင်း တပည့်ဖြစ်တဲ့အတွက် ဝိပဿနာဉာဏ်ဘဲ ယူရစ်ပါတော့ဆိုပြီး သူက တောင်ပေးသွားတယ် ... (မှန်ပါ့ဘုရား) သိပ်အဘိုးတန်တဲ့ စကားလို့ မှတ်လိုက်စမ်းပါ....(မှန်ပါ့ဘုရား)။

သိပ်အဘိုးတန်တဲ့ စကားလို့ သေသေချာချာ လေးလေး စားစားမှတ်လို့ရှိယင်ဖြင့် တကာ တကာမတွေ့မှာ ပေါ်ရာကိုရှဆိုတဲ့ စကားဟာ ဒါကြည့်ပြောတာ....(မှန်ပါ့ဘုရား)ရှင်းပလား.... (ရှင်းပါပြီ)ပေါ်ရာ....(ရှုရပါမယ်ဘုရား) လောဘပေါ်လာလဲရှု ဒေါသပေါ်လာလဲရှု၊ သူတို့ပေါ်ချင်တာပေါ် မင်းတို့သန္တာန်ဘယ် စိတ်ပေါ်ပေါ် ရှုဟော့....၊ ပုထုဇဉ်—ပုထုဇဉ်စိတ်ဘဲ ပေါ်မှာဘဲကွ၊ ဒီ့ပြင်ပေါ်စရာမရှိဘူး၊ အကုန်ရှု၊ အဲဒါ စိတ္တာနုပဿနာဖြစ်တယ်....(မှန်ပါ့)။

ပုထုဇဉ်- ပုထုဇဉ် ဝေဒနာဘဲ ပေါ်မှာဘဲ၊ ဒီဝေဒနာတွေကို မင်းတို့ပေါ်ရာကိုသာ ရှုနေမယ်ဆိုလို့ရှိယင်လဲ 'ဝေဒနာနိရောဓာ တဏှာနိရောဓော' ဖြစ် မှာ ဘဲဟော့၊ သဘောကျပလား ..... (ကျပါပြီ)။

ကောင်းပြီ ဒါဖြင့် ဘုန်းကြီးတို့ တကာ တကာမတော့မှာ ဆရာသမားပေးတဲ့ နည်းအတိုင်း ကိုးစားကြမယ် ဆိုလို့ရှိယင်ဖြင့် မိတ်ဆွေလဲ မိတ်ဆွေဖဲ့ တတ်ပါပြီ၊ ရန်သူလဲ မိတ်ဆွေဖဲ့တတ်ပါပြီ ဆိုယင်ဖြင့် ဒီကမ္မဋ္ဌာန်း မပေါက်စရာမရှိပါဘူး....(မှန်ပါဘုရား) သဘောပါကြပလား.... (ပါ-ပါပြီ) ကမ္မဋ္ဌာန်းမပေါက်စရာ .... (မရှိပါဘုရား) မရှိပါဘူးတဲ့ ကမ္မဋ္ဌာန်းသေသေချာချာပေါက်ပါတယ်ဆိုတာ သတိထားပါ....(မှန်ပါ့)။

ကောင်းပြီ ဒါဖြင့် ဗျာပါဒနိဝရဏဖြစ်ခြင်းကြောင့် ၁၂-နှစ် ကြာသွားတဲ့ ဦးနာဂဝံသဆိုတဲ့ ကိုယ်တော်ကြီးကို နမူနာထားသဖြင့်လဲ ချော်....အဟုတ်ဘဲ တားပေတာဘဲဆိုတာလဲ သူအသုံးမချတတ်လို့ တားတာလဲ သက်သေခံလုံလောက်ပြီ....(မှန်ပါ့)။

အသုံးချတတ်လို့ မဂ်ဉာဏ် ဖိုလ်ဉာဏ် ဝင်လာတာလဲ သတိပဋ္ဌာန်ပါဦးတော်က ဘုရားကိုယ်တော်မြတ်ကြီးဟောပြီးသက်သေခံသွားတယ်....(မှန်ပါ့)။

'သဒေါသံဝါစိတ္တံ သဒေါသံစိတ္တန္တိ ပဇာနာတိ'....ဒီဒေါသစိတ်ကိုဘဲ ပဇာနာတိဆိုတဲ့ ဖြစ်ပျက်ကို သိအောင် လုပ်ပစ်လိုက်လို့ရှိယင် သူ့ကို 'သမုဒယ ဓမ္မာနုပဿီဝါ ဝယ ဓမ္မာနုပဿီဝါ' သူ့ကို သမုဒယ, ဝယ ဖြစ်ပျက်သာ လုပ်လိုက်စမ်းကွာ ကိစ္စပြီးတာဘဲ....(မှန်ပါ့)။

ဒီတော့--ချော်.... ဒါဖြင့် ဒို့သည်ကားလို့ ဆိုလို့ရှိယင်ဖြင့် အလွန်အဘိုးတန်တဲ့ နည်းကောင်း နည်းနာရပြီလို့ ဦးသန်းမောင်တို့ ဆုံးဖြတ်ချက်ချပါ....(မှန်ပါဘုရား) အင်မတန် အဘိုးတန်တဲ့

နည်းကောင်း နည်းနာ ဆိုတာဖြင့် ကျေနပ်လောက်အောင်ဘဲ သဘောကျပါပြီ....(မှန်ပါ့ဘုရား)။

ဒါဖြင့် ဗျာပါဒ နီဝရဏကို ရေဆူနေတဲ့အထဲ မျက်နှာရိပ် ဟပ်လိုက်တဲ့အခါ မရဘူးဆိုတာ သူ့ကို မဖယ်တတ်လို့..... (မှန်ပါ့ဘုရား)။

ဘုရားက--ကွာတဲ့ ဗျာပါဒမှ ထွက်မြောက်ကြောင်းကို ကြံပါလား....တဲ့၊ ဗျာပါဒသည် မင်းတို့ကို ထွက်မြောက်ကြောင်း ပေးပါလိမ့်မယ်တဲ့ ကြံပါ့လား သင်္ဂါရဝရဲ့ဆိုတော့ ရေဆူတာ ငြိမ်အောင် လုပ်လိုက်....(မှန်ပါ့ဘုရား)။

ရေဆူတာ ငြိမ်အောင် လုပ်လိုက်ဆိုတော့ ဆူတဲ့စိတ်ကိုဘဲ ဖြစ်ပျက်ရှုလိုက်တဲ့ အခါကျတော့ သူသည် ကျုပ်ဟာ အနိစ္စပါဘဲ ဆိုတဲ့ဥစ္စာ သူ တာဝန်ခံသွားတယ်....(မှန်ပါ့ဘုရား)။

ဒါဖြင့် သူဟာ အရင်ပါဠိတော်ထဲ သွင်းလိုက် ဦးသံဒိုင်.... အယင်ပါဠိတော်က ဟိပဿီကော.... (မှန်ပါ့)ပေါ်ပလား.... (ပေါ်ပါပြီ) ဟိ=လာခဲ့ပါ၊ ပဿ=ကျုပ်ဗျာပါဒလဲ ရှုပါ.... (မှန်ပါ့)။

သူက ဝိပဿနာ အရှုခံလာတာ.... (မှန်ပါ့) အဲဒါ ခင်ဗျား-တို့က သန္ဒိဋ္ဌိကောနဲ့သာ လိုက်လို့ရှိယင်ဖြင့် အကာလိကော ဆိုတော့ ပဋိစ္စ သမုပ္ပါဒ် အဆုံးက ပြန်ပတ်မည့် အဝိဇ္ဇာ သင်္ခါရ ကျအောင် ပတ်မည့် အလုပ် ပတ်သေးရဲ့လား.... (မပတ်ပါ.... ဘုရား)။

သြော်....--ဒါဖြင့် သံသရာ ပြတ်တယ်ဆိုတဲ့ အကြောင်းဟာလဲ ရှင်းသွားပါပြီ.... (မှန်ပါဘုရား) ဘယ်လို ရှင်းသွားသလဲ.... (သံသရာပြတ်တဲ့အကြောင်း ရှင်းသွားပါတယ် ဘုရား)။

သံသရာပြတ်တယ်ဆိုတဲ့ အကြောင်းကို ရှင်းမယ်၊ သံသရာဟာ အဆုံးကစပြီးသကာလ နောက် မပတ်မီအောင် ပြတ်တဲ့-အကြောင်းကိုလဲ ဟိုဆ-ဆက္ကသုတ်မှာ သေသေချာချာဟောထားတယ်....(မှန်ပါ့)။

ဘယ်လိုဟောလိုက်သတုံးဆိုတော့ လောဘနောက်ကတဏှာလိုက်မယ်၊ ဒီ ကာမစ္ဆန္ဒနိဝရဏ ဆိုတဲ့ လောဘနောက်က နေပြီးသကာလ သုခဝေဒနာနောက်ကတဏှာလိုက်တယ်၊ ဒုက္ခဝေဒနာနောက်က ဒေါသလိုက်တယ်၊ ဥပေက္ခာ ဝေဒနာ နောက်ကမောဟ လိုက်နေတဲ့ပုဂ္ဂိုလ် တဦးတယောက် နိဗ္ဗာန်ရလိမ့်မယ်လို့ ငါတခါမှမဟောဘူးဘူးတဲ့....(မှန်ပါဘုရား)ဒါဆ-ဆက္ကသုတ်မှာ ဟောတယ်.... (မှန်ပါ့)။

သုခဝေဒနာ နောက်က တဏှာလိုက်တယ်၊ ဒုက္ခဝေဒနာ နောက်က(ဒေါသလိုက်ပါတယ်) ဥပေက္ခာဝေဒနာနောက်က.... (မောဟလိုက်ပါတယ်) အဲဒီ ပုဂ္ဂိုလ်မျိုး ငါသည် ဘယ်တော့မှ နိဗ္ဗာန်ရလိမ့်မယ်လို့ မဟောဘူးဘူးတဲ့.... (မှန်ပါ့) ကိုယ်တော် မြတ်ကြီးဖွင့်ဟပြီး သကာလ သေသေချာချာဘဲ ဆုံးမပါတယ်.... (မှန်ပါ့) ရစရာကော မြင်ကြရဲလား.... (မမြင်ပါဘုရား) ပဋိစ္စသမုပ္ပါဒ်အစ သုံးချက်ထွက်လာတယ်လို့ မှတ်လိုက်.... (မှန်ပါ့ဘုရား) ပဋိစ္စသပ္ပါဒ်.... (အစသုံးချက်ထွက်လာပါတယ်ဘုရား) ထွက်လာတာက သုခဝေဒနာ နောက်ကတဏှာလိုက်လာတယ်ဆို

ပဋိစ္စသမုပ္ပါဒ် အလယ်ကဖေါက်စတယ်.... (မှန်ပါ့) ပဋိစ္စသမုပ္ပါဒ်တမျိုးပေါ်လာတယ်.... (ပေါ်ပါတယ်ဘုရား) ဒုက္ခဝေဒနာနောက်က ဒေါသလိုက်တယ်ဆို ပဋိစ္စသမုပ္ပါဒ်အဆုံးက ပြန်ပတ်ဘို့ ပေါ်လာတယ်.... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ) ဥပေက္ခာဝေဒနာမသိလို့ မရှုမိလို့က်ခြင်းကြောင့် အဝိဇ္ဇာပစ္စယာသင်္ခါရာလို့က်လာတယ်.... (မှန်ပါ့)အဲဒီတော့ ပဋိစ္စသမုပ္ပါဒ်ကိုသူအစက ပြန်မစဘူးလား.... (စပါတယ်)။

အဲဒီတော့ကိုတဲ့ ငါဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် ဘုရားဖြစ်တဲ့နေ့ကစပြီးသကာလ ဒီဥစ္စာကို ငါမြင်ပါတယ်....တဲ့။ သုခဝေဒနာနောက်က တဏှာလို့က်ပြီးတော့နေတဲ့ ပုဂ္ဂိုလ်တဦး တယောက် ဒုက္ခဝေဒနာနောက်က ဒေါသလို့က်နေတဲ့ ပုဂ္ဂိုလ် တဦးတယောက် ဥပေက္ခာဝေဒနာနောက်က မောဟမရှုဘဲနေလို့ မောဟလို့က်နေတဲ့ပုဂ္ဂိုလ် တဦးတယောက် ဒီပုဂ္ဂိုလ်သုံးယောက်ကို ငါသည် သဗ္ဗညုတဉာဏ်နဲ့ ကြည့်လို့က်တော့ ဘယ်အခါမှ နိဗ္ဗာန်ကို ရထို့က်တဲ့ပုဂ္ဂိုလ် မဟုတ်ဘူးလို့ ငါသည် သေသေချာချာမြင်တယ်.... (မှန်ပါ့ဘုရား) ရှင်းပလား.... (ရှင်းပါပြီ)။

ဒါဖြင့် ဒါက ဆန့်ကျင်ဘက်ကို ငါဟောပါတယ်၊အလျော်ကို ငါဟောရလို့ရှိယင် သုခဝေဒနာကို ပျောက်အောင်ရှု,ဒုက္ခဝေဒနာပျောက်အောင်ရှု, ဥပေက္ခာဝေဒနာပျောက်အောင်ရှုတဲ့ ပုဂ္ဂိုလ်ဖြင့် ဘယ်အခါမဆို နိဗ္ဗာန်ရလိမ့်မယ်လို့ ငါဟောတယ်တဲ့ (မှန်ပါ့ဘုရား) ဆိုတော့ မပေါ်သေးဘူးလား.... (ပေါ်ပါပြီဘုရား) ပေါ်သွားပြီတဲ့၊ ဒါ့ကြောင့် ဝေဒနာရှုတဲ့ ပုဂ္ဂိုလ်ဟာ နိဝရဏပင် ဖြစ်ငြားသော်လဲ ဒေါမနဿ ဝေဒနာကိုဖြစ်ပျက်ရှုရမယ်....(မှန်ပါ့ဘုရား) ရှင်းပလား.... (ရှင်းပါပြီ)။

ဖြစ်ပျက်ရှုလိုက်တဲ့အခါကျတော့ ပဋိစ္စသမုပ္ပါဒ်အဆုံးကပြန်ပြီးသကာလ အဝိဇ္ဇာသင်္ခါရ လှည့်နိုင်သေးရဲ့လား....(မလှည့်နိုင်ပါဘုရား) မလှည့်နိုင်လို့ရှိယင် သံသရာပြတ်တာဟာ နိဗ္ဗာန်ဘဲ.... (မှန်ပါဘုရား) သံသရာပြတ်တာဟာ.... (နိဗ္ဗာန်ပါဘုရား)နိဗ္ဗာန်ဘဲလို့ သေသေချာချာ ဆုံးဖြတ်ချက်ချပါ.... (မှန်ပါဘုရား)။

ဒါဖြင့် ဗျာပါဒ နိဝရဏသည် အသုံးမချတတ်လို့ရှိယင်လဲ ဘေးသင့်အောင် နှိပ်စက်မှာဘဲ.... အသုံးချတတ်လို့ ရှိယင်လဲ နိဗ္ဗာန်ရောက်ဆေး တမယ်ဘဲလို့မှတ်.... (မှန်ပါ) ဘယ်လိုမှတ်ကြမယ်.... (နိဗ္ဗာန်ရောက်ဆေးတမယ်ပါဘုရား) နိဗ္ဗာန်ရောက်ဆေးတမယ်ဘဲလို့ သေသေချာချာ မှတ်ပါ.... (မှန်ပါ)။

ဘာမှ စိုးရိမ်ကြောင့်ကြ ဗျာပါဒတွေ ဝင်ပြီးသကာလ မနေဘဲနဲ့ ဘုန်းကြီးတို့ တကာ တကာမတွေ့မှာ လိုရာခရီးအပြီးတိုင်ပြီးလိမ့်မယ်ဆိုတာ ဒီ့ပြင်လူ မပြောနဲ့ ဦးသံဒိုင်တို့ မောင်သစ်တို့ ကြားဘူးပါတယ်.... ရှင် အနုရုဒ္ဓါဆိုတာ အတော်ဆိုးတယ် သာကီဝင်မင်းသား ဘုရားသခင်နဲ့လဲ ညီအစ်ကို— အထက်မင်းတွေကျတော့ ရကို-မရဘူး။

အထက်မင်းတွေကျတော့ တခါတည်း သူ့မှာ မာနတွေခံခံနေတယ်။ ငါလိုအဘိညာဉ်ရတဲ့ပုဂ္ဂိုလ် မရှိပါဘူးကွ ဆိုပြီးသကာလ သူက အဘိညာဉ်သန်တဲ့ ပုဂ္ဂိုလ်ကိုး.... (မှန်ပါ)။

ငါလို သတ္တဝါတွေကို နောက်ကြောင်း ပြန်ကြည့်နိုင်တဲ့ ပုဂ္ဂိုလ် ဘုရားအောက် ငါတယောက်သာရှိတယ်ဆိုတဲ့ အဲဒီ့မာန်ခံနေလိုက်တာ သောတာပန်တည်ပြီးယင် ဦးသန်းမောင် အထက်

မင်္ဂလာပါဘုရား.... သောတာပန်ဆိုတာ အောက်ဆုံးမင်္ဂလာကိုး (မှန်ပါ့) အထက်မင်္ဂလာတွေ.... မရဘူး.... (မှန်ပါ့)။

မာနတွေ ဥဒ္ဓစ္စကုက္ကုစ္စတွေ ခံပြီးသကာလ နေလိုက်တာ ဒါနဲ့ ရှင်သာရိပုတ္တရာဆီ ပြေးရောကယ်.... (မှန်ပါ့) ပြေးတော့မှ ရှင်သာရိပုတ္တရာက မာနကို ဖြစ်ပျက်ရှုဥဒ္ဓစ္စကုက္ကုစ္စကို ဖြစ်ပျက်ရှုကွ.... ဒါမှ မင်းတက်မယ်ဆိုတော့ ရှုလိုက်တော့မှ ရဟန္တာဖြစ်သွားတယ်.... (မှန်ပါ့)။

ကဲ....သူလဲ နိဝရဏတွေ ဖြစ်နေတယ်.... (မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီ)။

ဒါကြောင့်တဲ့ သောတာပန်ဖြစ်ပြီးတာတောင်မှ အထက်မင်္ဂလာတက်နိုင်အောင်တားတဲ့ နိဝရဏတွေဆိုတာကော ပေါ်ကြပလား.... (ပေါ်ပါပြီ)။

ဒါ.... နားမလည်လို့ အခု ဆရာဘုန်းကြီးက ပြောတော့.... သြော်....ဒီတော့နေရာကျပြီ.... တားဆီးတဲ့တရား ဟူသ၍သည် ငါးပါးရှိတယ်၊ နိဝရဏတရား ငါးပါးရှိတယ်၊ လာတာကို ဒီရှုရမှာဘဲ၊ ဒါကို ဆုံးဖြတ်ချက်ချပါ.... (မှန်ပါ့)။

သူကတော့ လာမှာဘဲ၊ မလာပါနဲ့ဆိုလို့ မရဘူး၊ ခင်ဗျားတို့က ဒီဘက်က အာစိဏ္ဏကံ ရှိနေတယ်....(မှန်ပါ့ဘုရား) ဘယ့်နှယ်ဆိုကြမယ်.... (အာစိဏ္ဏကံ ရှိနေပါတယ်ဘုရား)။

အာစိဏ္ဏကံဆိုတာ မပြတ်လေ့ကျက်တာ.... (မှန်ပါ့)လောဘစိတ်လာဘို့လဲ ခင်ဗျားတို့မှာ အင်မတန်ဖြစ်လွယ်ပါတယ်(မှန်ပါ့) ဒေါသစိတ်လာဘို့လဲ.... (ဖြစ်လွယ်ပါတယ်ဘုရား) ထိနမိဒ္ဓလာဘို့ကော.... (ဖြစ်လွယ်ပါတယ်ဘုရား)။

အင်း.... ရှေးတုံးက ခင်ဗျားတို့က ဘယ်လိုလာသတုံး ..... အိပ်ချင် အိပ်လိုက်တာပေါ့ကွ.... ဘယ်သူ့ ငဲ့နေစရာလိုသေးသတုံး.... ခင်ဗျားတို့က ဒါဘဲစဉ်းစားလေ့ရှိတယ်.... (မှန်ပါ့) ဒီတော့ အိပ်ချင် အိပ်လိုက်တာဘဲ၊ ဘယ်သူ့မှ မရှက်ဘူး..... (မှန်ပါ့)။

ထိနမိဒ္ဓ လာလို့ရှိယင်လဲ ခင်ဗျားတို့က လက်ခံနေကျဘဲ..... (မှန်ပါ့) ထို့အတူ ဥဒ္ဓစ္စ ကုက္ကုစ္စလာလဲ.... (လက်ခံနေကျပါဘုရား) ဝိစိကိစ္ဆာလာကော.... (လက်ခံနေကျပါဘုရား)။

အဲ....လက်ခံနေကျ ဖြစ်နေတော့ ခင်ဗျားတို့မှာ ဦးသန်းမောင်.... အာစိဏ္ဏကံ ရှိနေတယ်၊ မပြတ် လေ့ကျက်ထားတဲ့ကံ ရှိနေတယ်.... (မှန်ပါ့)။

ဒါ့ကြောင့် ခင်ဗျားတို့အတွက် လက်ခံတဲ့ပုဂ္ဂိုလ်မှာ နိဝရဏ ဟုတ်လား.... (မှန်ပါ့) လက်မခံဘဲနဲ့ ဝိပဿနာထဲ သွင်းနိုင်တဲ့ ပုဂ္ဂိုလ်ကျတော့ နိဝရဏ မဟုတ်ပါဘူး....တဲ့၊ သူ့ကြောင့်ဘဲ ကျုပ်တို့ဝမ်းထဲမှာ မဂ်ပေါ်လာပြီး မဂ္ဂ ပစ္စယောသွားဖြစ်တယ် ထွက်မြောက်ကြောင်း သွားဖြစ်တယ်.... (မှန်ပါ့ဘုရား) ရှင်းပလား.... (ရှင်းပါပြီ)။

ထွက်မြောက်ကြောင်း သွားဖြစ်တယ်ဆိုတဲ့ မနေ့ညက ပြောတဲ့ ဥပမာလိုဘဲ ဓါးပြ မိတ်ဆွေဖွဲ့ပြီးတော့ အပို့ခိုင်းတာဘဲ..... (မှန်ပါ့) ဦးသန်းမောင်.... သိပ် အဘိုး မတန်ပေဘူးလား.... (တန်ပါတယ်ဘုရား)။

အဲဒါကြောင့် ဒီတရားကို တနေ့ ၂-လုံး ၃-လုံးပြောနေတာ မောင်ချစ်စိန်တို့က အရေးကြီးလို့မှတ်....(မှန်ပါ့ဘုရား)။

ပြီးတော့ သင်္ဂါရဝ သတ္တိသားကလဲ သူမေးတဲ့ မေးခွန်းကလဲ ဦးသံဒိုင်တို့ တော်တော်ကောင်းတဲ့ မေးခွန်း.... (မှန်ပါဘုရား) မကောင်းဘူးလား.... (ကောင်းပါတယ် ဘုရား)။

သူရပြီးသား စာတွေလဲ မေ့တယ်တဲ့.. မရသေးဟဲ့စာတွေဆို လုံးဝမသိဘူးတဲ့.... တခါတလေကျတော့လဲ မရသေးတဲ့စာတွေ တောင်မှ ပေါ်တယ်တဲ့....၊ ရပြီးသားစာဆို တန်းနေတာဘဲတဲ့၊ အဲဒီ နှစ်ကြောင်း ပြောစမ်းပါတဲ့.... (မှန်ပါ)။

ရပြီးသားစာမေ့တယ် မရသေးတဲ့စာတွေ.... ပြန်တာတောင် ပေါ်လာတယ်၊ ဒီနှစ်ကြောင်း တပည့်တော်ကို ရှင်းပေးစမ်းပါဆို ဘော့ ဦးသန်းမောင် မမေးသင့်ဘူးလား.... (မေးသင့်ပါတယ် ဘုရား) မေးသင့်တယ်တဲ့.... ဒါဖြင့် ဗျာပါဒ နိဝရဏဆိုတာ သည် သူသာလာတာမဟုတ်ဘူးလို့မှတ်ပါ.... (မှန်ပါ့) ဗျာပါဒ နိဝရဏ လာပြန်လို့ရှိယင်လဲ ဦးသန်းမောင်တို့ ဦးသံဒိုင်တို့.... အဖေါ်နဲ့တကွလာတယ်....(မှန်ပါဘုရား)။

သူက ဒေါသကိုး.... (မှန်ပါ့) သူက ဒေါသဆိုတော့ ကျွဲသာ မစ္ဆရိယ အကုန်ရောဝင်လာတယ်....(မှန်ပါ့) ဒီဓကာင်နဲ့မပေါင်း ပါနဲ့ဆိုတာ ပေါင်းတယ်၊ ဒေါသဆဲ ကျွဲသာပါတယ်.... (မှန်ပါ့) ဒီကောင်နဲ့ မပေါင်းပါနဲ့ဆိုတာ မင်း ပေါင်းတာကိုးဆိုတော့ ဟိုပေါ်မလဲ ကျွဲသာ ဒီသားသမီးအပေါ်၌ ဒေါသ၊ မလာဘူးလား....(လာပါတယ်ဘုရား)။

မင်းတို့ ဟိုကောင်နဲ့ မပေါင်းပါနဲ့ ဆိုတဲ့ဥစ္စာ မင်းပေါင်းတယ်ဆိုတော့ အသံကလဲ ဒေါသဘဲ.... (မှန်ပါဘုရား) ဟိုပုဂ္ဂိုလ်

ကိုလဲ့ မစ္ဆေရဖြစ်တယ်.... (မှန်ပါ့)တဲ့လောတယ်.... ဦးသန်းမောင် ရိပ်မိပလား.... (ရိပ်မိပါပြီ)။

ကိုယ့်သားသမီး အပေါ်မှာတော့ ဒေါသ၊ ဟိုမှာတော့ မစ္ဆရိယ.... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ) ကိုယ့်သားသမီး အပေါ်မှာ.... (ဒေါသပါဘုရား)။

ဟိုကောင်တွေနဲ့ မပေါင်းနဲ့လို့ပြောတော့ ဟိုဘက်ကျတော့ ဘာသွေးဖြစ်သလဲ....(မစ္ဆရိယ သွေးဖြစ်ပါတယ်)။

မစ္ဆရိယ=ဝန်တိုတယ်.... သူဝင်တော့ ထွက်တော့ မကြိုက်ဘူးကွ (မှန်ပါ့) မင်းပျက်သွေးမှာစိုးလို့.... (မှန်ပါ့) ငါက အကောင်းပြောတာ၊ ဟင်....ဘယ်ကောင်းရမတုံး.... ခင်ဗျား ဒေါသချည်းဘဲ ဖြစ်နေတယ်.... (မှန်ပါ့) ဒါ....ခင်ဗျားတို့က ဖုံးလိုက်သေးတယ်၊ ငါအကောင်းပြောတာ။

ဦးသန်းမောင်တို့ လိမ်ပုံကောက်ပုံ ပြောပါတယ်.... (မှန်ပါ့ဘုရား) ဦးသိန်ဒိုင်ကော ဒီလို လိမ်ဘူးကောက်ဘူးရဲလား မေးယင် ဘယ်နှယ်ပြောမလဲ.... (မကောက်ဘူးပါဘုရား) တပည့်တော်တို့ အာစိဏ္ဏကံနဲ့ပါလို့ ပြောနေမင့်ဘဲ..... ရိပ်မိပလား.... (ရိပ်မိပါပြီ)။

ဒီအတိုင်းပြောကြတာ.... (မှန်ပါ့) ပြီးတော့ နောက်ဆုံးပိတ် ဖုံးလိုက်တယ်မဟုတ်လား....ငါက အကောင်းပြောတာ (မှန်ပါ့) တလုံးမှလဲ အကောင်းမပါဘူး၊ ပါသေးရဲ့လား.... (မပါ-ပါဘုရား) ဒီသားသမီးအတွက်က ဒေါသ.... (မှန်ပါ့) ဟိုဘေးပုဂ္ဂိုလ်တွေအတွက်က....(မစ္ဆရိယပါဘုရား)။

မစ္ဆရိယ၊ မစ္ဆရိယပါလို့ရှိယင် ဣဿာကလဲ ပါမှာဘဲ၊ မပါသေးဘူးလား....(ပါ-ပါတယ်) ငြူစူတတ်တဲ့လူချည်းဘဲ၊ မငြူစူသေးဘူးလား....(ငြူစူပါတယ်ဘုရား)။

ငြူစူပါတယ်တဲ့.... သူနဲ့ပေါင်းလို့ရှိယင် မင်းသောက်တတ်လိမ့်မယ်- ဖြုန်းတတ်လိမ့်မယ်ဆိုတော့ ငါ့ပစ္စည်းကုန်မှာလဲ ပါတာယ်....(မှန်ပါ့) မပါဘူးလား....(ပါ-ပါတယ်ဘုရား) ဟိုငြူစူတာကော....(ပါ-ပါတယ်ဘုရား) ဒီသားသမီးအပေါ် ဒေါသဖြစ်တာကော....(ပါ-ပါတယ်ဘုရား)။

ဒါဖြင့်.... ကိုယ့်ပစ္စည်းကုန်မှာကို နှမြောတာက မစ္ဆရိယ၊ ဟိုပုဂ္ဂိုလ်မကြည်ညိုတာက ဣဿာ၊ သားသမီးအပေါ် စိတ်ဆိုးတာက ဒေါသတဲ့ခင်တယ်....(မှန်ပါ့) နိဝရဏ ဟုတ် မဟုတ်....(ဟုတ်ပါတယ်ဘုရား)။

နဂိုက ဒီလိုတဲ့ခင်တယ်လို့မှ ထင်မှ မထင်ဘဲ....(မှန်ပါ့ဘုရား) အခုတော့ဖြင့် ဒေါသ ဣဿာ မစ္ဆရိယ ကုက္ကုစ္စ၊ တခါတည်းတဲ့ခင်တယ်....(မှန်ပါ့) ဒေါသလဲပါတယ်နော်.... (မှန်ပါ့)။

ကိုယ့်သားသမီးအပေါ်တော့ ဦးသန်းမောင် ဘာတဲ့တုံး (ဒေါသပါဘုရား) ဒေါသနော်.... ဘာဖြစ်လို့တုံး ဆိုလို့ရှိယင် ဖြင့် ဒီကောင်ဟာ ပါးစပ်ထဲ လက်ညှိုးထည့်လို့မှ ကိုက်တတ်တာ မဟုတ်ဘူး၊ ဟိုအကောင်နဲ့ ပေါင်းလို့ရှိယင်ဖြင့် အသုံးအဖြုန်းကြီးလာလိမ့်မယ်ဆိုတော့ အသုံးအဖြုန်းကြီးလာလို့ရှိယင် သူ့စိတ်ထဲ နှမြောတယ်.... (မှန်ပါ့) ဒါက ဘာတုံး.... (မစ္ဆရိယပါဘုရား....) မဟုတ်ဘူးလား....(မှန်ပါ့)။

အဲဒီတော့ သူလာတာကိုဖြင့် ငါမကြိုက်ဘူး.... ကြာသာ (မှန်ပါ့) သူတပါးအပေါ်တော့ ဘာတုံး.... (ကြာသာဖြစ်ပါတယ်) ကြာသာပေါ်တယ်.... ငြူစူတယ်....(မှန်ပါ့)။

ပြီးတော့ ကုက္ကုစ္စကလဲ ဖြစ်နေသေးတယ်၊ ကုက္ကုစ္စက ဘယ်လိုဖြစ်သတုံးဆိုတော့ လိမ်မာမှုကလေးတွေ့ သည်ကားလို့ဆိုလို့ ရှိယင်ဖြင့် သူဟာ သူတော်ကောင်းကြီး ကောင်းကောင်းပျက်တော့မှာဘဲ.... (မှန်ပါ့)။

သူတော်ကောင်းဟာ ကောင်းကောင်း ပျက်တော့မှာဘဲတဲ့၊ ပဌမ ငါသားဟာသူတော်ကောင်းပေါ့လေ....(မှန်ပါ့)ထိုပုဂ္ဂိုလ်နဲ့ ပေါင်းလို့ရှိယင်.... (ပျက်တော့မှာဘဲ) ပျက်တော့မှာဘဲဆိုတော့ ကုက္ကုစ္စကလဲ ဝင်လာတယ်.... (မှန်ပါ့) ပြုအပ်ပြီးသော ဒုစရိုက်၊ မပြုလိုက်သေးသော သုစရိုက်တွေ့ကို သူစိုးရိမ်တယ်၊ ဒီပုဂ္ဂိုလ်အတွက်.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

သူနဲ့ပေါင်းလို့ရှိယင်ဖြင့် ဟော....သောက်တတ် စားတတ်တော့မှာဘဲ၊ သူလိုသာဆိုယင်ဖြင့် ဒီအမျိုးရိုး ဝါသနာပါတာတော့ သူစွန့်ပစ်တော့မှာဘဲ၊ ဟော....ကုက္ကုစ္စ ဝင်လာတယ်.... (မှန်ပါ့) ဒီလောက်ထိအောင် သွားလိုက်တယ်။

ဒေါသစိတ်သည် ဒေါသစေတသိက် ကြာသာစေတသိက် မစ္ဆရိယစေတသိက် ကုက္ကုစ္စစေတသိက် တဲ့ဝင်တယ်.... (မှန်ပါ့) ဘယ်လောက်ဆိုး-ဆိုးသတုံး--မဆိုးဘူးလား.... (ဆိုးပါတယ်)ဆိုးတော့ကို ငါးခု ဝိုင်းတားလို့ရှိယင် ဦးသံဒိုင် မင်္ဂိုလ်ကို ငါးခု ဝိုင်းတားတယ်.... (မှန်ပါ့) စိတ်က တခု၊ စေတသိက်က လေးခု၊ ရှင်းပလား....(ရှင်းပါပြီ) စိတ်က တခု.... (စေတသိက်က လေးခု

ပါဘုရား)ဘယ်နှစ်ခု ဝိုင်းတားသလဲ....(ငါးခုဝိုင်းတားပါတယ်) ငါးခု ဝိုင်းတားတော့ ခင်ဗျားတို့မှာ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရစရာ အကြောင်း မမြင်ဘူး....(မှန်ပါ့) ပေါ်ပလား....(ပေါ်ပါပြီ)။

အဲဒါကြောင့် ဒေါသတလုံးကို ခင်ဗျားတို့က ဖြစ်ပျက် ရှု လိုက်လို့ရှိယင် တဲ့ဘက်ပါ ပြုတ်ကျတယ်.... (မှန်ပါ့ဘုရား) ဣဿာရော, မစ္ဆရိယရော, ကုက္ကုစ္စရော အကုန်ဖြစ်ပျက်ထဲ ဝင်တယ်.... (မှန်ပါ့)။

ဒီတော့ ငါးခု ဝင်လိုက်တာမှာ ငါးခုလုံးကို ကျုပ်တို့က အနိစ္စမြင်အောင် သွင်းလိုက်တဲ့ အခါကျလို့ရှိယင်ဖြင့် ဒီဥစ္စာသူက ဖြစ်ပျက်၊ဒေါသဣဿာမစ္ဆရိယ ကုက္ကုစ္စကဖြစ်ပျက်၊ဉာဏ်က မဂ်ဖြစ်တယ်....(မှန်ပါ့)။

ဒါဖြင့် ဦးသန်းမောင်- နေရာကျပြီ၊ တားမလို့ လာတာ ကျုပ်တို့က မိတ်ဆွေဖွဲ့ပစ်လိုက်ပြီ....(မှန်ပါ့) မင်းကို အနိစ္စထဲ သွင်းလိုက်မယ်ဆိုတော့ မဂ်ဖိုလ်အားမပေးဘူးလား....(အားပေးပါတယ်)။

ဒါဖြင့် ဒီအလုပ်ဟာ ဒီအတိုင်းသာ နေမယ်ဆိုယင်ဖြင့် ငါးခု ဝိုင်းတားခြင်းကြောင့် နိဝရဏ....(မှန်ပါ့) အသုံးချတတ်ပြန်လို့ ရှိယင်လဲ ငါးခုစလုံးသည် မဂ်ဖိုလ်ရောက်ကြောင်း ဖြစ်တယ်.... (မှန်ပါ့ဘုရား)ရှင်းပလား....(ရှင်းပါပြီ) ငါးခုစလုံးသည်....(မဂ်ဖိုလ်ရောက်ကြောင်း ဖြစ်ပါတယ်ဘုရား) အသုံးချတတ်မှု....ဒါလဲ....(မှန်ပါ့ဘုရား)။

အသုံးချတတ်လို့ရှိယင်ဖြင့် မဂ်ဖိုလ်ရောက်ကြောင်း အစစ်လို့ မှတ်လိုက်ပါ....(မှန်ပါ့) အသုံးမချတတ်ဘူးဆိုလို့ရှိယင်ဖြင့်

ခင်ဗျားတို့ မဂ်ဉာဏ် ဖိုလ်ဉာဏ် တားပြီးတော့ သူက ဒေါသ ဣဿာမစ္ဆရိယ ကုက္ကုစ္စက နေပြီး အဝိဇ္ဇာထိအောင် သူ သွားတော့မယ်.... (မှန်ပါ့ဘုရား) မသွားပေဘူးလား....(သွားပါမယ် ဘုရား)။

သွားလို့ အဝိဇ္ဇာပေါ်လာတာနဲ့ အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံနဲ့ ကျွပ်တို့ သံသရာထဲက ခေါင်းပြူစရာ မရှိဘူး.... (မှန်ပါ့ဘုရား) ခေါင်းပြူထုတ်စရာ ရှိရဲ့လား.... (မရှိပါဘုရား)။

အဲဒီလောက်ကျအောင် အရုပ်ဆိုးသွားပါတယ် ဆိုတာကိုလဲ သေသေချာချာ မှတ်ကြပါ.... (မှန်ပါ့ဘုရား) ကောင်းပြီ ဒါဖြင့် ဒေါသလာယင် ဦးသန်းမောင်— ဘာလုပ်ရမယ်.... (ဖြစ်ပျက်ရှုရပါမယ်) ဖြစ်ပျက်ရှု၊ ကိုယ်က တခြားသောစိတ် ရှုတယ်၊ စိတ်ရှုနေတုံးဘဲ ဒေါသက လာတယ်၊ ဒေါသက လာတော့ ဟာ.... ဒေါသလဲ စိတ်မဟုတ်ဘူးလား....ဘယ့်နှယ် ဖြေမလဲ.... (စိတ်ပါဘဲ) ဒါဖြင့် ရှုရုံဘဲ၊ သဘောကျပလား....(ကျပါပြီ)။

မဟုတ်ဘူး ခင်ဗျားတို့က အသုံးမချတတ်တော့ ဒေါသက သူက အဖျက်ဘုရာ့....၊ ခင်ဗျားတို့က ဒီလို ထင်နေတယ်(မှန်ပါ့) တပည့်တော်တို့ ရှုချင်တာက ဒါကို ရှုချင်တာ မဟုတ်ဘူး။ မဟုတ်ဘူး၊ သူက ဒါ ရှုပါလို့ ပြောတာ.... (မှန်ပါ့) သဘောပါပလား ... (ပါ-ပါပြီဘုရား)။

သူက ရှုစေချင်တယ်၊ ခင်ဗျားတို့က ရှုချင်တာက ဖြစ်ပျက်ရှုချင်တယ်၊ သူက ဒေါသက ဝင်လာတယ်ဘုရာ့....၊ တပည့်တော် မကျေနပ်ပဲကလေး ဝင်လာတယ်.... (မှန်ပါ့) ဒီ့ပြင် မကျေနပ်ပဲ

ဒေါသကိုဘဲ ဦးသန်းမောင်က ဖြစ်ပျက် ရှုရမယ်.... (မှန်ပါ့ ဘုရား) နဂိုရိုက ခင်ဗျားစိတ်ရှုနေတယ် မဟုတ်လား....(မှန်ပါ့) ဒါလဲ သူဟာ ဘာစိတ်တုံးမေးယင် ဘယ်နှယ် ဖြေကြမလဲ.... (ဒေါသစိတ် ဝင်လာပါတယ်)။

ဒါဖြင့် သူက အရှုခံလာတာဘဲ၊ခင်ဗျားတို့က ရှုညာဏ်သွင်း ဘို့ဘဲ ရှိမယ်.... (မှန်ပါ့ဘုရား) ဒီ့ပြင် ဘာရှိသေးသတုံး....(ဘာမှ မရှိပါဘုရား) အဖျက်လာတာလား....တဲ့၊ အရှုခံလာတာလား.... (အရှုခံလာတာပါဘုရား)။

အရှုခံလာတာ သိနေတဲ့ ပုဂ္ဂိုလ်တဦးတယောက် ဖြစ်နေတော့ ဘုရားကလဲ ဒေါသ၏ ထုတ်မြောက်ကြောင်း ရှာ....ကုတဲ့၊ရေဆူနေတယ်ဆိုတာ ဒေါသရှိနေတာ၊ ဒေါသရှိနေတဲ့ ပုဂ္ဂိုလ်ဟာ ဝမ်းထဲမှာ ဆူပွက်နေတာ၊ ဆူပွက်နေတာ ဒေါသမီး လောင်နေတာ.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

ဘာမီးတုံး.... (ဒေါသမီးပါဘုရား) အဲဒီတော့ ဒေါသမီး လောင်တာ ဒေါသကို ငြိမ်းအောင် လုပ်လိုက်ပါလား....၊ ဒေါသ.... မင်းလဲ ဘယ်တရားတုံးလို့ မေးလိုက်လို့ရှိယင် ကျွန်တော်လဲ အနိစ္စပါဘဲဆိုတာ သူက ပြောမှာဘဲ....(မှန်ပါ့)ငြိမ်းမသွားဘူးလား.... (ငြိမ်းသွားပါတယ်)။

ငြိမ်းသွားလို့ရှိယင်ဖြင့် ဒေါသလား....မင်း အနိစ္စလားလို့ မေးလို့ရှိယင်ဖြင့် ဒေါသသည် အနိစ္စဘဲလို့ ရှုတဲ့ ပုဂ္ဂိုလ်မှာတော့ ဒေါသက တဝဝန်ခံသွားတယ်.... (မှန်ပါ့ဘုရား) မရှုတဲ့ ပုဂ္ဂိုလ်ဆိုလို့ရှိယင်ဖြင့် ကမ္မဋ္ဌာန်းကို မထိုင်နိုင်ဘူး၊ ပြောစရာ

ရှိတာ ပြောပြီးမှ ကင်းကင်းရှင်းရှင်း လုပ်မယ်ဆိုပြီး ခင်ဗျားတို့ နေရာတောင် အဖယ်ခိုင်းလိုက်သေးတယ်....(မှန်ပါ့ဘုရား)။

ပြောစရာရှိတာ ပြောလိုက်ဦးမယ်ဆိုတော့ ကမ္မဋ္ဌာန်းနေရာက ကမ္မဋ္ဌာန်းကင်းတဲ့နေရာကို ရွှေ့တယ်....(မှန်ပါ့) ဒါဖြင့် နိဝရဏ ဟုတ်—မဟုတ်....(ဟုတ်ပါတယ်ဘုရား)။

မရှုတတ်ယင်.... (နိဝရဏပါဘုရား) ရှုတတ်လို့ရှိယင် မဂ္ဂ ပစ္စယော လို့ မှတ်လိုက်.... (မှန်ပါ့ဘုရား) ရှင်းပလား.... (ရှင်းပါပြီ)မရှုတတ်လို့ရှိယင်ဖြင့်....တဲ့၊ ခင်ဗျားတို့ အင်မတန်ကြောက် စရာကောင်းတယ်.... (မှန်ပါ့) မရှုတတ်လို့ရှိယင်လဲ....တဲ့ မိစ္ဆာ မဂ် ဝင်လာသောကြောင့် အပါယ်လေးပါးသွားတဲ့ မဂ္ဂပစ္စယော ဘဲ့....(မှန်ပါ့ဘုရား) ရှင်းပြီ.... (ရှင်းပါပြီ) ရှုတတ်လို့ ရှိယင်လဲ နိဗ္ဗာန်သွားတဲ့ မဂ္ဂပစ္စယော (မှန်ပါ့ဘုရား)။

ဒါဖြင့် မဂ္ဂပစ္စယော ဘယ်နှစ်မျိုးပါလိမ့် .... (နှစ်မျိုးပါဘုရား) နှစ်မျိုးလို့ မှတ်လိုက်ပါ....တဲ့၊ မရှုမိယင်လဲ သူမဂ္ဂပစ္စယောနဲ့ အပါယ်ပို့မှာဘဲ.... (မှန်ပါ့) နိဗ္ဗာန်လဲ တားမယ်၊ အပါယ်လဲပို့မယ်.... (မှန်ပါ့) ရှုတတ်ပြန်လို့ရှိယင်လဲ မဂ္ဂပစ္စယောဘဲ့။

ဒါဖြင့် ဒီလိုလုပ် ဒီလိုမှတ်လိုက်ကြစို့၊ တနေ့က ပြောသလို ဘဲ့ မရှုတတ်တဲ့ ပုဂ္ဂိုလ်မှာ သုဂတိက ဒုဂ္ဂတိဆောင်တတ်တဲ့ မဂ္ဂပစ္စယော၊ ရှုတတ်တဲ့ပုဂ္ဂိုလ်မှာ သုဂတိက နိဗ္ဗာန်ဆောင်တဲ့ မဂ္ဂပစ္စယော.... (မှန်ပါ့ဘုရား) မဂ္ဂပစ္စယော သုံးတတ်ပလား.... (သုံးတတ်ပါပြီဘုရား) မရှုဘဲ ထားကြမယ်ဆိုယင်ဖြင့် သုဂတိဘဝမှ....(ဒုဂ္ဂတိဆောင်ပါတယ်ဘုရား) ဒုဂ္ဂတိဆောင်တဲ့ မဂ္ဂပစ္စ

ယောလို့ မှတ်လိုက်ပါ.... (မှန်ပါ့ဘုရား) ရှုတတ်တဲ့ ပုဂ္ဂိုလ်ကျတော့ သုဂတိက နေပြီးတော့....(နိဗ္ဗာန်ဆောင်ပါတယ်)သဘောပါကြလား....(ပါ-ပါပြီ)။

ဩော်.... ဒါဖြင့် ဒို့က မဂ္ဂပစ္စယော မဂ္ဂပစ္စယောဆိုတော့ မဂ်ရမှ မဂ္ဂပစ္စယောမှတ်တယ်.... (မှန်ပါ့ဘုရား) မဂ်ရမှ မဂ္ဂပစ္စယောမဟုတ်ပါဘူးတဲ့၊ ဒီမိစ္ဆာမဂ်၊ သမ္မာမဂ်ကယ်လို့ နှစ်မျိုးရှိတယ်၊ မှတ်မိကြပလား....(မှတ်မိပါပြီ)။

မဂ်ဘယ်နှစ်မျိုးရှိသလဲ....(နှစ်မျိုးရှိပါတယ်ဘုရား) မိစ္ဆာမဂ် သမ္မာမဂ်ကယ်လို့ နှစ်မျိုးရှိပါတယ်.... (မှန်ပါ့)မရှယင် မိစ္ဆာမဂ် သဘောကျပလား.... (ကျပါပြီ) ရှယင် သမ္မာမဂ်.... (မှန်ပါ့ဘုရား) မရှယင်....(မိစ္ဆာမဂ်ပါဘုရား) ရှယင်.... (သမ္မာမဂ်ပါဘုရား)။

သမ္မာမဂ်ဘဲဆိုတာ သေသေချာချာ မှတ်တော့၊ ဩော်.... ဒို့ဝိပဿနာ မလုပ်တဲ့အချိန်များ ဘယ်မဂ်များ ဧဆောင်နေပါလိမ့်မတုံး ဦးသံဒိုင်....(မိစ္ဆာမဂ်က ဆောင်ပါတယ်ဘုရား) ဘယ်အချိန်တုံး မေးယင် ဘယ့်နှယ်ပြောကြမယ်.... (ဝိပဿနာ မရှုတဲ့အချိန်ပါဘုရား)။

မရှုတဲ့အချိန်မှာ မိစ္ဆာမဂ်ချည့်ဘဲ....(မှန်ပါ့) သဘောပါပလား....(ပါ—ပါပြီ) မရှုတဲ့အချိန်မှာ....(မိစ္ဆာမဂ်ချည့်ပါဘုရား) ကဲ ရှုတဲ့အချိန်ကျတော့.... (သမ္မာမဂ်ပါဘုရား) သမ္မာမဂ်ချည့်ဘဲ ဆိုသဖြင့် မဂ္ဂပစ္စယော ဒီနေ့ နှစ်မျိုး သိသွားပြီ....(မှန်ပါ့)။

မဂ္ဂပစ္စယော နှစ်မျိုးသိသွားပါတယ်၊နှစ်မျိုးသိသွားတဲ့အဖြစ်ကိုလဲ ဘုန်းကြီးများက အင်မတန်ဝမ်းသာပါတယ်။

ဩော်....ဒို့ဝိပဿနာ မရှုသေးဘူး၊ တခြားသော အလုပ်ဘဲ လုပ်လိုက်ဦးမယ် ဆိုလို့ရှိယင် ဒါ သူ သုဂတိက ဒုဂ္ဂတိဆောင် လိမ့်မယ်....(မှန်ပါ့ဘုရား) ရှင်းပလား....(ရှင်းပါပြီ)။

အဲ....ရှုတော့မယ် ဆိုလို့ရှိယင်ဖြင့် သုဂတိက နိဗ္ဗာန်ဆောင်ပြီ....(မှန်ပါ့) မဆောင်ပါနဲ့ ဆိုလို့.... (မရပါဘုရား) မရဘူး ဆိုတာ ကျေကျေနပ်နပ် မှတ်ပါ....(မှန်ပါ့)။

ဒါဖြင့် ခင်ဗျားတို့ သန္တာန်မှာ မဂ္ဂပစ္စယော ဘယ်နှစ်မျိုး ရှိသတုံးမေးယင် ဘယ့်နှယ်ပြောကြမလဲ .... (နှစ်မျိုးရှိပါတယ် ဘုရား) နှစ်မျိုးရှိတယ်၊ ဝိပဿနာကင်းတဲ့ မဂ္ဂပစ္စယောတမျိုး (မှန်ပါ့) ဝိပဿနာရှုတဲ့ မဂ္ဂပစ္စယော.... (တမျိုးပါဘုရား)။

ဒါနှစ်ခုကို ဒီနေ့ည ပိုင်ပိုင်နိုင်နိုင် သိလိုက်သဖြင့်တဲ့ ဩော် ငါတို့ နောက်အချိန်တွေဟာ ဘယ်ပစ္စယောတွေနဲ့ ကြိုးစား ပါလိမ့်မတုံး.... ယခုအချိန်ဟာ ဘယ်ပစ္စယောတွေနဲ့ ကြိုးစား ပါလိမ့်မတုံး....ဆိုပြီး ကိုယ့်ကိုယ်-ကိုယ် စစ်ဆေး ကြည့်လိုက်.... (မှန်လှပါဘုရား) စစ်ဆေးတတ်ပလား.... (စစ်ဆေးတတ်ပါပြီ ဘုရား)။

နောက်က အလကား နေခဲ့တာတွေ ဘာတွေပါလိမ့်မလဲ.... (မိစ္ဆာမဂ်တွေပါဘုရား) မိစ္ဆာမဂ္ဂပစ္စယော....(မှန်ပါ့)။

ယခု အသိဉာဏ်ရှိပြီးသကာလ ကြိုးစားကြတော့.... (သမ္မာ မဂ်ပါဘုရား) သမ္မာမဂ္ဂပစ္စယော။

ဒါဖြင့် ခင်ဗျားတို့ ဩော်.... ကိုယ့်ကိုယ်—ကိုယ် သနားလို့ ရှိယင်လဲ သမ္မာမဂ္ဂပစ္စယောဆိုတဲ့ ဝိပဿနာ ဦးသန်းမောင် လုပ် ထိုက်တယ်....(မှန်ပါ့ဘုရား)။

မသနားတော့ဘူး ဆိုယင် ခပ်စောစောနဲ့ ခပ်ပေါပေါ နေလိုက်လဲ မိစ္ဆာမဂ္ဂပစ္စယောက ဆောင်သွားမှာဘဲ.... (မှန်ပါ့ဘုရား)။

ကျုပ် ဒီနေ့တော့ဗျာ ကုသိုလ်လဲမဖြစ်ဘူး အကုသိုလ်လဲမဖြစ်ဘူးလို့တော့ ဒီလိုမပြောကြနဲ့....(မှန်ပါ့ဘုရား) မရှိဘူး ဒီလိုတော့....(မှန်ပါ့)။

ဒီလိုတော့ မရှိဘူး....တဲ့၊ နိုးသာနေ-နိုးနေလို့ရှိယင် မိစ္ဆာမဂ္ဂပစ္စယောသော်ငင်း ဖြစ်ရမယ်.... (မှန်ပါ့) သမ္မာမဂ္ဂပစ္စယောသော်ငင်း....(ဖြစ်ရမယ်)ဖြစ်ရမှာဘဲ....တဲ့၊ အမဲ့ မဟုတ်ယင် အဖြူပေါ့- အဖြူမဟုတ်ယင်လဲ မဲမှာဘဲ....(မှန်ပါ့) ဒါဘဲရှိတယ်ဆိုတာသဘောပါလား....(ပါ-ပါပြီ)။

ကောင်းပြီ ဒါဖြင့် ဒီဗျာပါဒနိဝရဏကိုဖြင့် တကာ သစ်ကျေနပ်လောက်ပြီ.... (ကျေနပ်ပါပြီဘုရား) ကျေနပ်ပြီနော်....၊ ကောင်းပြီ ဗျာပါဒနိဝရဏ ကျေနပ်လို့ရှိယင် သူ့ကိုအသုံးလဲချတတ်ပြီ အပြစ်ကိုလဲ သိပြီဆိုသဖြင့် ပေါ်တိုင်း ပေါ်တိုင်း တကာ တကာမတွေ့ သူ့နောက် မလိုက်ဘဲနဲ့ သူတန်းမဲ့ ပဋိစ္စသမုပ္ပါဒ်နောက်ကို မလိုက်ဘဲနဲ့ သူ့ကိုဘဲ ပေါ်လာတဲ့ အစဖြတ်ပစ်၊ ဝိပဿနာနဲ့ဖြတ်ပစ်လိုက်.... (မှန်ပါ့) ဖြစ်ပျက်ရှုယင် ဖြတ်ပြီးသားဘဲ (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ) ဖြစ်ပျက်ရှုယင်....(ဖြတ်ပြီးသားပါဘုရား)ဖြတ်ပြီးသားဘဲဆိုတာ သေသေချာချာမှတ်ပါ။

ဒါ့ကြောင့်ဝိပဿနာရှုတဲ့ ပုဂ္ဂိုလ်မျိုး ဒေါသလာလဲ ဖြစ်ပျက်ရှု....(မှန်ပါ့) ကဲ ရှေ့ကိုတဆင့်တက်မယ်၊ ထိနမိဒ္ဓနိဝရဏ၊

ထိန်မိဒ္ဓနိဝရဏဆိုတာ အားလုံးနားလည်အောင် ပြောတော့မယ် ကိုယ့်စိတ်စေတသိက်ကို မနှိုင်ဘူးတဲ့.... (မှန်ပါ့ဘုရား)။

ကိုယ့်စိတ်လဲ ကိုယ်မနှိုင်ဘူး၊ စိတ်မနှိုင်ဘူး ဆိုကတည်းက သူနဲ့ သဟဇာတဖြစ်တဲ့ စေတသိက်လဲ မနှိုင်ဘူး.... (မှန်ပါ့) ပေါ်ပလား.... (ပေါ်ပါပြီ) စိတ်မနှိုင်ယင် စေတသိက်ကော.... (မနှိုင်ပါဘုရား)။

ဒါကြောင့် ဒီစိတ်စေတသိက်နှစ်လုံးကို ထိန်မိဒ္ဓနိဝရဏလို့ ဆိုလိုက်ပါတယ်.... (မှန်ပါ့) ငိုက်မျည်းတဲ့ စိတ်ကို ဆိုသည် (မှန်ပါ့ဘုရား)။

တကာ့တကာမတွေ ဘယ်ဟာပါလိမ့်.... (ငိုက်မျည်းတဲ့စိတ်ကို ဆိုလိုပါသည်ဘုရား) ဒါ ဘာနိဝရဏလဲ.... (ထိန်မိဒ္ဓနိဝရဏပါ)။

ထိန်မိဒ္ဓနိဝရဏကို ဦးသန်းမောင်တို့- ဦးသံဒိုင်တို့က လောဘဆိုတဲ့ ကာမစ္ဆန္ဒနိဝရဏဟာ သူလောက်ကြောက်စရာ မကောင်းဘူးလို့မှတ်လိုက်.... (မှန်ပါ့) ထိန်မိဒ္ဓနိဝရဏလောက် ကြောက်စရာမကောင်းဘူး (မှန်ပါ့ဘုရား) ဒေါသဆိုတဲ့ နိဝရဏကလဲ သူဆိုးတော့ ဆိုးတဲ့တရားဘဲ၊ သို့သော်.... သူ့ထက်ဆိုးတာက ထိန်မိဒ္ဓလို့ မှတ်လိုက်.... (မှန်ပါ့ဘုရား)။

ဒါဖြင့် ကာမစ္ဆန္ဒနိဝရဏထက်လဲ ထိန်မိဒ္ဓက ကြောက်စရာကောင်းတယ်.... (မှန်ပါ့)ဗျာပါဒနိဝရဏထက်ကော....(ထိန်မိဒ္ဓက ကြောက်စရာကောင်းပါတယ်) ထိန်မိဒ္ဓက ကြောက်စရာကောင်းတယ်....တဲ့။

ထိုနမိဒ္ဓ ဘယ်နှယ်ကြောင့် ကြောက်စရာ ကောင်းသတုံးလို့ မေးတဲ့ အခါကျလို့ရှိယင်ဖြင့်....တဲ့၊ ထိုနမိဒ္ဓသည် လူ့ဘဝ၏ အသက်တမ်းကို ထက်ဝက်ဖြုန်းတဲ့တရား.... (မှန်ပါ့ဘုရား)၊ လူ့ဘဝ၏ အသက်တမ်းကို.... (ထက်ဝက်ဖြုန်းတဲ့ တရားပါ့ဘုရား) ဒါက.... အိပ်တာကိုးဗျ၊ သူဝင်လာလို့ရှိယင် အိပ်တော့မယ်၊ မဟုတ်ဘူးလား.... (မှန်ပါ့)။

အဲဒီတော့ လူ့ဘဝမှာ ဥပမာ အသက် ၆၀-နေရမယ် ဆို ၃၀-က သူဖြုန်းပစ်လိုက်တယ်.... (မှန်ပါ့) ကဲ.... အသက်တမ်း ဖြုန်းတဲ့အထဲမှာ ဘယ်သူအဖြုန်းဆုံးလဲ....(ထိနမိဒ္ဓအဖြုန်းဆုံးပါဘုရား)။

ဒါဖြင့် ဒေါသဖြစ်တာကလေးက ခဏကလေး.... (မှန်ပါ့) လောဘဖြစ်တာလဲ.... (ခဏပါဘဲ) ထိနမိဒ္ဓက အိပ်ယာထဲ သိပ်လိုက်ပြီဆိုမှဖြင့် ခဏကလေးနဲ့ပြီးရဲ့လား.... (မပြီးပါဘုရား)။

ဒါဖြင့် လောဘထက်လဲ ကြောက်စရာကောင်းတာ ဘယ်သူတုံး.... (ထိနမိဒ္ဓပါဘုရား) ဒေါသထက်လဲ ကြောက်စရာကောင်းတာ.... (ထိနမိဒ္ဓပါဘုရား) ဘာ့ကြောင့်တုံးမေးတော့ အသက်တမ်း အဖြုန်းဆုံးမို့.... (မှန်ပါ့) ပေါ်ပလား.... (ပေါ်ပါပြီ)။

ဥပမာမယ် ဦးသန်းမောင် အသက် ၈၀- နေရမယ်လို့ဘဲ.... ကံကဘဲ- စီမံဦးတော့ ၄၀-တော့ သူဖြုန်းတာနဲ့ ကုန်တာဘဲ.... (မှန်ပါ့ဘုရား) ၄၀-ဘယ်သူဖြုန်းလို့ ကုန်တာလဲ.... (ထိနမိဒ္ဓဖြုန်းလို့ ကုန်ပါတယ်ဘုရား) ကဲ.... လူ့ဘဝ ဘယ်လောက်ရသတုံးလို့ မေးယင်.... (တဝက်ရပါတယ်ဘုရား)တဝက်ရတယ်-(မှန်ပါ့) ဘယ်သူ့ကြောင့်ပါလိမ့်.... (ထိနမိဒ္ဓကြောင့်ပါ)။

ဒါဖြင့် ခင်ဗျားတို့ လောဘ-ဒေါသ-ကာမစ္ဆန္ဒနီဝရဏ ဗျာပါဒနီဝရဏထက် သူဟာ ကျုပ်တို့ကို နှိပ်စက်မှုများတယ်....(မှန်ပါ့ဘုရား) မဆိုထိုက်ဘူးလား.... (ဆိုထိုက်ပါတယ်ဘုရား)။

ဘာ့ကြောင့်တုံး.... အသက်ထက်ဝက် သူညှဉ်းဆဲတာနဲ့ကုန်ရော.... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ)။

သြော်....ဒါဖြင့် ကာမစ္ဆန္ဒနီဝရဏထက်လည်း ဘာကြောက်စရာကောင်းသတုံး.... (ထိနမိဒ္ဓ ကြောက်စရာကောင်းပါတယ်) ဗျာပါဒနီဝရဏထက်ကော....(ထိနမိဒ္ဓ ကြောက်စရာကောင်းပါတယ်) ထိနမိဒ္ဓဘဲ ကြောက်စရာကောင်းတယ်ဆိုတော့ ဦးသံဒိုင်တို့က ထိနမိဒ္ဓ ဒီလောက်ကြီးကျယ်တယ်လို့ မထင်ဘူး.... (မထင်ပါဘုရား).... မထင်ဘူး၊ အခုတော့ ဘယ်နှယ်တုံး.... (အခုတော့ ဆိုးမှန်းသိပါပြီ) အသက်တမ်းထက်ဝက်ဖြုန်းတယ်.... (မှန်ပါ့) မဖြုန်းဘူးလား.... (ဖြုန်းပါတယ်)။

နေ့လည်လဲ စားသောက်ပြီးတော့ လဲလိုက်ချင်သေးတယ်၊သူသိပ်မှအိပ်ရတယ်.... (မှန်ပါ့) ထိနမိဒ္ဓမသိပ်ယင်.... (မအိပ်ပါဘုရား) မအိပ်နိုင်ဘူးဆိုတော့ သူခေါင်းဆောင်လုပ်ပြီး သိပ်လိုက်တာ.... (မှန်ပါ့) ခေါင်းဆောင်လုပ်ပြီး မင်းရတဲ့ အသက်တမ်းဖြုန်းပေးမယ်ကွ ဆိုတော့ ထိနမိဒ္ဓခေါင်းမဆောင်ဘဲနဲ့ အိပ်ဖြစ်ပါ့မလား.... (မအိပ်ဖြစ်ပါဘုရား)။

ဒါဖြင့် ဦးသန်းမောင်-နီဝရဏတရားငါးပါးထဲ ဘယ်သူ့ကို သာကြောက်စရာ အကောင်းဆုံးတုံး.... (ထိနမိဒ္ဓကြောက်စရာအကောင်းဆုံးပါ) ဘာဖြစ်လို့တုံးလို့မေးယင်.... (လူ့အသက်တမ်းထက်ဝက်ဖြုန်းလို့ပါဘုရား)။

အသက်တမ်း တဝက်ဖြုန်းတယ်.... (မှန်ပါ့) တဝက်ဆိုတာ လျှော့စျေးပြောတာနော်.... (မှန်ပါ့) မမာတဲ့အချိန် တနေ့လုံး အိပ်နေတာ မထည့်သေးဘူး.... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီ)။

အစားကောင်း အသောက်ကောင်းစားလို့ တက်စာတွေ စားလို့ ဦးသန်းမောင်.... အိပ်တာတွေမထည့်သေးဘူး၊ အခုဟာက ဖျမ်းမျှကြေးတွက်တာဘဲ ရှိသေးတယ်....(မှန်ပါ့ဘုရား)။

ကိုင်း.... ဒါဖြင့် သူဟာ အင်မတန်ကြောက်စရာကောင်းတဲ့ တရားဆိုတာ နီဝရဏဖြစ်ထိုက်-မဖြစ်ထိုက်....(ဖြစ်ထိုက်ပါတယ်ဘုရား) သူသာသိပ်ပြီးလို့ရှိယင်ဖြင့် ဦးသန်းမောင်.... ဘယ်မဂ်ဘယ်ဖိုလ် လာစရာမြင်သေးရဲ့လား.... (မမြင်ပါဘုရား) မမြင်တော့ဘူးနော်.... ဘယ်သူ့ဒဏ်ချက် မိသတုံးဆိုယင် ဘယ့်နှယ်ဖြေကြမလဲ.... (ထိနမိဒ္ဓဒဏ်ချက်မိပါတယ်) ထိနမိဒ္ဓဒဏ်ချက်မိတယ်ဆိုတာ သဘောကျပလား.... (ကျပါပြီ)။

ကောင်းပြီ ဒါဖြင့် ထိနမိဒ္ဓဒဏ်ချက်သည် သေးသေးလား—ကြီးကြီးလားလို့ မေးချင်တယ်.... (ကြီးကြီးပါဘုရား)။

ဒီ့ပြင်ဟာတွေက ယာယီတွေ.... (မှန်ပါ့ဘုရား) ယာယီနဲ့ ပြီးသွားပါတယ်.... (မှန်ပါ့) ထိနမိဒ္ဓသာဝင်လိုက်လို့ ရှိယင်ဖြင့် ဥာဏ်သွင်းချိန်ပါသေးရဲ့လား.... (မပါ-ပါဘုရား) ဒါဥာဏ်သွင်းချိန်မပါတော့ဘူး၊ ထိနမိဒ္ဓသာ သိပ်ပြီးတဲ့ တနေ့ကျလို့ရှိယင် တကာ-တကာမတို့ ဥာဏ်ကိုသွင်းချိန် ဘယ်နည်းမှ မရပါဘူး ဆိုတာဖြင့် သဘောကျပါပြီ.... (ကျပါပြီ)။

ကိုင်း....ဒါဖြင့်ထိန်မိဒ္ဓသည်၊သူတားပုံက၊အသက်တမ်းကိုထက်ဝက် လူ့ဘဝမရအောင်တားတယ်.... (မှန်ပါ့) ဒါခလေးတုံးကဟာတွေ မထည့်နဲ့ဦးနော်.... (မှန်ပါ) ခလေးတုံးကဟာတွေမထည့်နဲ့။

ခလေးတုံးကတော့ ခလေးဟာ အအိပ်များတယ်....(မှန်ပါ့) မများဘူးလား....(များပါတယ်) ထက်ဝက်တောင်မကဘူး သူ့ကျတော့.... (မှန်ပါ့) ထက်ဝက်တောင်ကရဲလား.... (မကပါဘုရား) မကဘူး....တဲ့၊ အားလုံး တကာ တကာမတွေ ဒီအထဲနိဝရဏ တရားငါးပါးထဲမှာ ဘယ်ဟာသည်ခေါင်သူကြီးဖြစ်ပြီး ကြောက်စရာကောင်းသတုံး .... (ထိန်မိဒ္ဓ ကြောက်စရာကောင်းပါတယ်)။

အေး....ဒါ ခင်ဗျားတို့ မကြာခင်တွေ့မည့်အလုပ်နော်....၉-နာရီ ၁၀-နာရီကျယင် သူလာလိမ့်မယ်.... (မှန်ပါ့) မလာပေဘူးလား- (လာပါမယ်ဘုရား)ဖြေးဖြေးမှလာမှာလား၊အမှန်လာမှာလား ...(အမှန်လာမှာပါ)အမှန်လာလို့ရှိယင်ဖြင့်၊ သူ့ဘာလုပ်ရမတုံး(ဖြစ်ပျက်ရှုရပါမယ်)မရှုယင်တော့သူသည် သက်တမ်းဖြုန်းမလို့လာတာ....(မှန်ပါ့) တရားနာနေရင်း မျက်တောင်ကလေးစင်းလာပြီဆိုယင် ထိန်မိဒ္ဓဝင်ပြီ.... (မှန်ပါ့) မင်းဘာလုပ်မလို့လာတာတုံး မေးကြည့် ခင်ဗျားတို့ ....(သက်တမ်းဖြုန်းပစ်မလို့ပါဘုရား) အသက်တမ်းဖြုန်းပစ်မလို့ (မှန်ပါ့) ဒါဖြင့် 'မနုဿတ္တဘာဝေါ ဒုလ္လဘော'ထဲမှာဖြင့် အနုတ်နိုင်ဆုံးဟာ ဒီနိဝရဏဘဲ.... (မှန်ပါ့)။

မနုဿတ္တဘာဝဝေါ=လူ့ဘဝကို၊ဒုလ္လဘော=ရခဲ၏၊ ဘုရားက လဲ အင်မတန် ရခဲပါတယ်ကွလို့ ဟောထားတယ်....(မှန်ပါ့)ရခဲတဲ့ အထဲက ကျုပ်သည် နိဝရဏ တရားအဖြစ်နဲ့ ခင်ဗျားကို နှုတ် လိုက်မယ်ဆိုလို့ရှိယင် ထက်ဝက်-ထက်ဝက် ကျော်ကျော်သွား တယ်....(မှန်ပါ့) မသွားဘူးလား....(သွားပါတယ်)။

ဒါဖြင့် ဦးသန်းမောင် ကြောက်စရာ မကောင်းဘူးလား.... (ကောင်းပါတယ်ဘုရား) ထိနမိဒ္ဓဟာလေ....(မှန်ပါ့)။

ကိုယ့်စိတ်မနိုင်၊ ကိုယ့်စေတသိက်မနိုင်ဘဲနဲ့ ဖြတ်ဆိုင့်ကြိုး အိပ်ပါတော့မယ်ကွာ အစရှိသည်ဖြင့် မလာဘူးလား.... (လာ— ပါတယ်) ဒါဘယ်သူတုံး....(ထိနမိဒ္ဓပါဘုရား)။

ဒါဖြင့် ဦးသန်းမောင် အသက်တမ်း ဘယ်လောက် ဖြုန်း မတုံး....(ထက်ဝက်ဖြုန်းပါတယ်ဘုရား) မကဘူး၊ မဟုတ်ပါဘူး၊ နေ့လည် အိပ်တာထည့်ဦးလေ၊ နေမကောင်း ထိုင်မသာလို့ အိပ်တာ ထည့်လိုက်ယင်ကော .... (မကပါဘုရား) မကဘူး၊ ၄-ပိုင်း၊ ၃-ပိုင်းဘဲ၊ ၄-ပုံ၊ ၃-ပုံ.... (မှန်ပါဘုရား) ဒါလောက်ရှိ သွားတယ်....(မှန်ပါ့ဘုရား) သေသေချာချာ ကြည့်ယင်လေ.... (မှန်ပါ့)။

ဦးသန်းမောင် လေးပုံသုံးပုံဆိုယင် ဘာမှ မကျန်တော့ဘူး၊ ကျန်သေးရဲ့လား.... (မကျန်ပါဘုရား) ၁-ပိုင်းသာ ကျန်တော့ တယ်....(မှန်ပါဘုရား)။

အင်း.... လေးပုံ တပုံသာ ကျန်ရစ်တော့တယ် ဆိုလို့ရှိယင် ဖြင့် ၄-ပုံပုံ၊ တပုံဘဲ ကျန်ရစ်တော့တယ်ဆိုတော့ ဒီ ၁-ပုံထဲက

သားရေး သမီးရေး စီးပွါးရေးကို တခါနှုတ်လိုက်ယင် ခင်ဗျားတို့ ဘာမှမကျန်တော့ဘူး.... (မှန်ပါ-မကျန်ပါဘုရား) သဘောကျရဲ့လား.... (ကျပါပြီ) သူတော်ကောင်း အလုပ်ကလေးဟာကျန်သေးရဲ့လား....(မကျန်တော့ပါဘုရား)။

အဲဒီ မကျန်တဲ့အထဲမှာ ခင်ဗျားတို့ တခါကလေး အလုပေးလို့ တခါကလေး ဥပုသ်စောင့်လို့ အသားယူပြီးမျှားဖြင့် မနေကြနဲ့ ဦးတဲ့.... (မှန်ပါ့) နေစရာအခြိန်မဟုတ်သေးပါဘူး.... (မှန်လှုပါ) နေစရာအခြိန်မဟုတ်သေးပါဘူး....တဲ့ ၄-ပုံ၊ ပုံလျှင် ၃-ပုံလဲ အလကားဖြုန်းလိုက်သေးတယ်၊ ဒီအထဲကလဲ ခင်ဗျားတို့က တခါတလေမှ လှုကလေး နဲနဲသာတဲ့ဥစ္စာကို လှူသာကြီးမှတ်နေယင်တော့ ခက်လိမ့်မယ်.... (မှန်ပါဘုရား) မခက်ပေဘူးလား....(ခက်ပါတယ်ဘုရား)။

ကဲ ဒါဖြင့် ဒီလိုလုပ်ကြစို့ ရန်သူအကြီးဆုံးတွေ့ပြီ ဒီနေ့ည.... (မှန်ပါဘုရား) ဘာတွေ့သတုံး.... (ထိနမိဒ္ဓပါဘုရား) အကြီးဆုံးရန်သူဘဲ.... (မှန်ပါ့) သူက ဘိန်းစားပြော ပြောထားတယ်၊ သူမျှားကို ဒေါသနဲ့ ပြောတာမဟုတ်ဘူး.... (မှန်ပါ့) ဘိန်းစားပြောဆိုတဲ့ ဥစ္စာ ချို့တယ်၊ အဘိုးတော့ မတန်ဘူး၊ သူပြောတဲ့စကားဟာ....(မှန်ပါ့)။

ဒီ ထိနမိဒ္ဓကလဲ သူလာလိုက်တယ် ဆိုလို့ရှိယင်ဖြင့် ကြမ်းကြမ်းတမ်းတမ်း ဝင်လာသလား.... သိမ်သိမ်မွေ့မွေ့ ဝင်လာသလား.... (သိမ်သိမ်မွေ့မွေ့ ဝင်လာပါတယ်ဘုရား) သိပ်-ဝိပဿနာ အလုပ် လုပ်တော့မယ် ဆိုလို့ရှိယင် လာတာဘဲ....(မှန်ပါ့)အံမာ....ကြောက်စရာကြီး (မှန်ပါ့)။

ဝိပဿနာ အလုပ်ကို စူးစူး စိုက်စိုက်နဲ့ ဥာဏ်နဲ့ ခန္ဓာကိုယ် စိုက်ထားတော့မှ ဘေးကနေ မျှောင်ဝင်လာတယ်.... (မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီ) အံမာလေး အကြီးဆုံးရန်သူဘဲ.... (မှန်ပါ့)။

ဟိုဟာတွေက ခပ်ကြမ်းကြမ်း ဇင်လာတော့ တားလို့ရတယ်....(မှန်ပါ့) သူက ခပ်ကြမ်းကြမ်း မဝင်ဘူး၊ သူဝင်လာမယ်ဆို ခင်ဗျားတို့ သိကိုမသိဘူး၊ ငိုက်မှသိတယ်၊ ဝင်စက သိကို့ မသိဘူး....(မှန်ပါ့)သိရဲလား....(မသိပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ကို သူသည် နှုန့်နဲ့ နှိပ်စက်တဲ့အထဲမှာ ဖြင့် ဗိုလ်စဲတယ်မှတ်ပါ.... (မှန်လှပါဘုရား) နှုန့်နဲ့ နှိပ်စက်တဲ့ အထဲမှာ.... (ဗိုလ်စဲပါတယ် ဘုရား) ဘယ်သူတုံး.... (ထိုနမိဒ္ဓပါ ဘုရား)။

အံမာလေး....ထိုနမိဒ္ဓ ဟောရတော့မယ်ဆို ဘုန်းကြီးတောင် ရင်လေးတယ်.... (မှန်ပါ့) ဘာဖြစ်လို့တုံးဆို အနှုများလွန်းလို့.... (မှန်ပါ့) ပြီးတော့လဲ သူက ယဉ်ကျေးသေးတယ်.... (မှန်ပါ့) မယဉ်ကျေးဘူးလား....(ယဉ်ကျေးပါတယ်)။

အင်မတန်လဲ ယဉ်ကျေးတယ် အင်မတန်လဲ ယဉ်ကျေးတယ်၊ ယဉ်ကျေးပြီး နှုတ်ချလိုက်ပြီဆိုမှဖြင့်လဲ အသက်တမ်းကုန်သွားတယ်- (မှန်ပါဘုရား) ယဉ်ကျေးပြီးမှ နှိပ်စက်တယ်....(မှန်ပါ့)။

ဒါဖြင့် ဒီအထဲ ဘယ်သူ့ ကြောက်စရာအကောင်းဆုံးလဲ.... (ထိုနမိဒ္ဓကြောက်စရာအကောင်းဆုံးပါ)။

နဂိုရိုးတုံးကတော့ ခင်ဗျားတို့က ထိုနမိဒ္ဓဒီလောက်အရေးကြီးတယ်လို့ ထင်ကို မထင်ဘူး.... (မထင်ပါဘူး) ခုတော့ဖြင့်အင်း....ဝင်ပုံကလဲ နှူးညံ့ပါတယ်ကွာ၊ နှိပ်စက်ပုံကလဲ ကြီးကျယ်ပါတယ်ကွာ၊ မပေါ်သေးဘူးလား.... (ပေါ်ပါပြီ) ဝင်ပုံကလဲ (နှူးညံ့ပါတယ်)ခန္ဓာကိုယ်ထဲ ဝင်လာတော့မယ်ဆို သူဝင်လာတာကို ကျုပ်တို့ သိတောင် မသိလိုက်ရဘူး၊ ငိုက်မှဲ့ သြော်....အိပ်ချင်ပေါ့လို့ဆို သိတယ်....(မှန်ပါ့)။

မဟုတ်ဘူး၊ သူက ခင်ဗျားတို့ စိတ်ကလေးကို ခင်ဗျားတို့ မနိုင်အောင် သူကဝင်နှိပ်စက်လိုက်တာဘဲ....(မှန်ပါ့) ခင်ဗျားတို့ ဝိပဿနာရှုတဲ့ စိတ်ကလေးကို မင်း မရှုတော့နဲ့ဆိုပြီး လာပူးလိုက်တာဘဲ.... (မှန်ပါ့ဘုရား) လာပူးပြီး နှိပ်စက်ချလိုက်တော့ သူ့ငိုက်တဲ့ဘက် ပါသွားတယ်.... (မှန်ပါ့) ဟို.... ကျုပ်တို့ ဖြစ်ပျက်မြင်တဲ့ဘက် မလာတော့ဘူး.... (မလာပါဘုရား) ဘယ်လောက် ကြောက်စရာကောင်းသလဲ.... (မှန်ပါ့)။

ဒါဖြင့် ဦးသန်းမောင်-ဘယ်သူ့ ကြောက်ရမလဲ....(ထိုနမိဒ္ဓ ကြောက်ရပါမယ်) သူဝင်လာတဲ့အခါကျတော့ကို သူအကြမ်းစား ဒုတ်ထမ်း, ခဲးထမ်း ဝင်လာတာလား.... (နူးနူးညံ့ညံ့ပါ) သိမ်သိမ်မွေ့မွေ့ ဝင်လာတယ်.... (မှန်ပါ့)ရှင်းပလား.... (ရှင်းပါပြီ)။

သိမ်သိမ်မွေ့မွေ့ ဝင်လာတယ်၊ တကာ- တကာမတို့....နော်၊ ပြီးတော့ နှိပ်စက်တော့ကို ဘယ်လောက်ကြာကြာ နှိပ်စက်သတုံးမေးလိုက်တော့.... (အသက်တမ်းထက်ဝက်ပါ) အသက်တမ်းထက်ဝက် နှိပ်စက်တယ်....(မှန်ပါ့)သဘောကျပလား....(ကျပါပြီ) တနေ့လုံးလဲ သူ ထက်ဝက်နှိပ်စက်လိုက်တာဘဲ.... (မှန်ပါ့)။။

ဒါဖြင့် ဒီလိုဥစ္စာကို ဘုရားသခင် ကိုယ်တော်မြတ်ကြီး နိဝရဏလို့ ဟောသင့်-မဟောသင့်.... (ဟောသင့်ပါတယ် ဘုရား)။

ကဲ....နိဝရဏ ပေါ်လာပြီ.... (မှန်ပါ့) နှဂိုရ်တုံးကတော့ ထိနမိဒ္ဓဆို ခင်ဗျားတို့က အို.... အိပ်ချင်တုံး အိပ်လိုက်၊ ဥာဏ် မထွက်ဘဲ နေလိမ့်မယ်၊ နိုးမှ-ရှု....(မှန်ပါ့) သူနိုးမှ မနိုးတော့ဘဲ မဟုတ်ဘူးလား.... နိုးကို မနိုးတော့ဘူး ရှင်းပလား.... (မှန်ပါ့)။

အင်မတန် ကြောက်စရာကောင်းတဲ့ တရားလို့ ဆိုသော ကြောင့်-တဲ့၊ ထိနမိဒ္ဓသည်ကားလို့ ဆိုလို့ရှိယင်ဖြင့်— ထိနမိဒ္ဓဆို တဲ့ဥစ္စာ ဘာတုံးလို့ မေးတဲ့အခါကျတော့ အခု သိထားတာက ခင်ဗျားတို့က ဩော်.... ငိုက်မျည်းတာ ထိနမိဒ္ဓဘဲလို့ သိထားကြတယ်နော်.... (မှန်ပါ့)။

ထိနမိဒ္ဓကို သင်္ဂြိဟ်က 'ပဥ္စသု သသန်္ဒါရိက စိတ္တေသု'— သသန်္ဒါရိက ငါးခုက္ခ....တဲ့(မှန်ပါ့) သူက သသန်္ဒါရိကငါးခုဆို တော့ လောဘထဲက လေးခု၊ ဒေါသထဲက တခုပါတယ်၊ နှစ်ခု ပေါင်းဝင်တယ်၊ လောဘနဲ့ ဒေါသ ပေါင်းဝင်တယ်....(မှန်ပါ့) ထိနမိဒ္ဓညံတာ မဟုတ်ဘူး.... (မှန်ပါ့ဘုရား)ရိပ်မိပလား.... (ရိပ်မိပါပြီ)။

ဒါက ကြံလုံးသမားမှ ဟောနိုင်တယ်.... (မှန်ပါ့) ဟို....ခုန စေတသိက် ယှဉ်သမားနဲ့ ဘာမှ မဆိုင်ဘူး....(မှန်ပါ့)နှစ်ခုတွဲဝင် တယ်.... (မှန်ပါ့)။

လောဘကလဲ သူဝင်လာလို့ရှိယင် မင်းကို ကျန်းမာရေး ကလေးကို ငဲ့ဦး၊ လောဘကလေးက ပါနေတယ်.... (ပါ-ပါ တယ်)။

ဒေါသကလဲ ဘယ်လို ပါလာတုံး ဆိုလို့ရှိယင်ဖြင့် အိပ်ချင်တယ်ဆိုလို့ရှိယင် မအိပ်ရယင် ဦးသန်းမောင်တို့က ခလေးတွေက ဆူလာယင် ဒေါသက လာတယ်.... (မှန်ပါ့) ကိုယ်က အိပ်ချင်လာပြီ သူက ဆူလိုက်တာ.... (မှန်ပါ့)။

လောဘနဲ့ဒေါသ တဲ့ဝင်တယ်၊ ကိုယ့်ကိုယ်ငဲ့တာက လောဘ (မှန်ပါ့) သူတပါး စိတ်ဆိုးတာက.... (ဒေါသပါဘုရား)။

တဲ့ဝင်လာတယ်.... (မှန်ပါ့) ဘယ်လောက် ကြောက်စရာကောင်းသတုံး.... (ကြောက်စရာကောင်းပါတယ်ဘုရား)ပေါ်ကြပလား.... (ပေါ်ပါပြီ)။

ထိနမိဒ္ဓသည် သူချည်းသက်သက် ဝင်တာလား....၊လောဘနဲ့ဒေါသတဲ့ဝင်တာလားမေးယင် (လောဘနဲ့ဒေါသတဲ့ဝင်တာပါဘုရား) တခါတလေ ဒေါသနဲ့ တဲ့ဝင်တယ်၊တခါတလေကျတော့ (လောဘနဲ့ တဲ့ဝင်ပါတယ်ဘုရား) လောဘနဲ့ တဲ့ဝင်တယ်၊ တခါတလေကျတော့ ကျန်းမာရေး ဂရုစိုက်ဦးမှဘဲ၊ ဒါလောဘနဲ့ တဲ့ဝင်တာ.... (မှန်ပါ့) တခါတလေကျတော့ ဆူဆူလွန်းလှတယ်ကွာ....၊ ငါ အိပ်ရာထဲ ပြေးတော့မယ်ဆိုပြီး ပြေးတယ်၊ ဟိုလဲဆူ၊ ဆူ-ဆူလွန်းလှတယ်လို့ ဒေါသလဲဖြစ်၊ ကိုယ်လဲ အိပ်ရာထဲ ပြေးတယ်....(မှန်ပါ့)မဖြစ်ဘူးလား ဒီလို့....(ဖြစ်ပါတယ်)။

ဒါဖြင့် သူသည် တခါတလေ လောဘနဲ့ တဲ့ဝင်တယ်၊ တခါတလေကျတော့.... (ဒေါသနဲ့ စဲ့ဝင်ပါတယ်) ဒေါသနဲ့ တဲ့ဝင်တယ်....တဲ့။

အေး....မောင်သစ်၊ ရှင်းပေးတော့ မကျယ်ဘူးလား- (ကျယ်ပါတယ်ဘုရား) တခါတလေ ဘာနဲ့ တဲ့ဝင်သတုံး.... (လောဘနဲ့

တဲ့ဝင်ပါတယ်) တခါတလေကျတော့.... (ဒေါသနဲ့ တဲ့ဝင်ပါတယ်)။

ကဲ....ဒါဖြင့် သူ့ကို နိဝရဏလို့ ဦးသန်းမောင်က ဆိုထိုက်မဆိုထိုက်.... (ဆိုထိုက်ပါတယ်ဘုရား) မင်္ဂိုလ်တားတဲ့တရားက့.... (မှန်ပါ့- တားပါတယ်ဘုရား) သေသေချာချာ တားတယ်.... (မှန်ပါ့) လောဘနဲ့ တဲ့တားလိုက်သေးတယ် မင်္ဂိုလ်ကို၊ တခါတလေ သူ့ကိုက ဒေါသနဲ့ တဲ့ပြီးတော့....(မှန်ပါ့- တားပါတယ်ဘုရား)။

တားလိုက်တယ်တဲ့၊ ဒါ့ကြောင့် ခင်ဗျားတို့ ထိနမိဒ္ဓသည် နှစ်ခုစလုံးကို သူ့ဘက်ပါအောင် ဆွဲတယ်.... (မှန်ပါ့) လောဘကိုလဲ သူ့ဘက်ပါအောင် ဆွဲတယ်၊ ဒေါသကိုကော....(သူ့ဘက်ပါအောင် ဆွဲပါတယ်) သူ့ဘက်ပါအောင် ဆွဲမယ်၊ ပေါ်ကြပလား....(ပေါ်ပါပြီ)။

ဒါဖြင့် ခင်ဗျားတို့ သူ့ဒဏ်ချက် လွှတ်တဲ့နေ့ဟာ ရှာမှ ရှားလိမ့်မယ်.... (ရှားပါတယ်ဘုရား) ရှာမှ-ရှားမယ်.... (မှန်ပါ့) နေ့--နေ့၊ သူ့ဒဏ်ချက် လွှတ်တဲ့နေ့.... (မရှိပါဘုရား) မရှိဘူး၊ သဘောပါပလား....(ပါ-ပါပြီ)။

ဘခါတလေကျလဲ ကျန်းမာရေး ငဲ့အိပ်တော့ကို လောဘနဲ့ တဲ့ပြီး ထိနမိဒ္ဓ ဝင်လာတယ်.... (မှန်ပါ့ဘုရား) တခါတလေကျတော့ အင်း....မအိပ်ရဘဲနဲ့ စိတ်တွေ့ တိုပြီးသကာလ နေတဲ့အခါရှိသေးတယ်၊ ဒီကျတော့ ဒေါသနဲ့ တဲ့ဝင်တယ်.... (မှန်ပါ့) မဝင်ဘူးလား....(ဝင်ပါတယ်)။

အဲဒါကြောင့် ဘုရား ရဟန္တာများမှအပ အိပ်တဲ့ ပုဂ္ဂိုလ် ဒီနှစ်မျိုးနဲ့ဘဲ တွဲပါလိမ့်မယ်....(မှန်ပါ့) အိပ်တဲ့ပုဂ္ဂိုလ်မှာ သွားကြည့် ဘယ်နှစ်မျိုးနဲ့ တွဲမယ်ထင်သတုံး.... (ဒီနှစ်မျိုးနဲ့ဘဲ တွဲပါတယ်) ဘုရား၊ ရဟန္တာများမှာ ကရဏကာယ ပင်ပန်းလို့ကျိန်းစက်တော်မူကြခြင်း ဖြစ်တယ်လို့ မှတ်ကြ၊ ခင်ဗျားတို့မှာတော့ တခါတလေ လောဘနဲ့တွဲမယ်၊ တခါတလေကျတော့ (ဒေါသနဲ့ တွဲပါတယ်)။

ဒါဖြင့် ခင်ဗျားတို့ ဩဝါဒိနမိဒ္ဓသည်ကားလို့ ဆိုလို့ရှိယင်ဖြင့် လောဘနဲ့ တွဲဝင်လိုက်လဲ အသက်တမ်း ဖြုန်းတာဘဲ.... (မှန်ပါ့) ဒေါသနဲ့ တွဲဝင်လိုက်လဲ.... (အသက်တမ်း ဖြုန်းတာပါဘဲဘုရား)။

ဒါဖြင့် မင်္ဂလိတားတဲ့ နိဝရဏလို့ ဟောထိုက်-မဟောထိုက် (ဟောထိုက်ပါတယ်ဘုရား) ခရေစေ့တုံးကျ သေသေချာချာ ပြောတော့မှ၊ စာဘတ်သွားတော့ နိဝရဏဆိုတာ သာမည အောက်မေ့ရတယ်....(မှန်ပါ့ဘုရား)။

အခုဟာ သာမညလား.... (မဟုတ်ပါဘုရား) အင်မတန် ကြီးကျယ်တယ်....(မှန်ပါ့) မကြီးကျယ်ဘူးလား.... (ကြီးကျယ်ပါတယ်) ထိနမိဒ္ဓ နိဝရဏအကြောင်းဖြင့် ဦးသန်းမောင်ရေ.... တော်တော့ကို ကျယ်သွားပြီ.... (မှန်ပါ့ဘုရား) တခါတလေ ဘာနဲ့ တွဲဝင်သလဲ....(လောဘနဲ့ တွဲဝင်ပါတယ်) တခါတလေကျတော့....(ဒေါသနဲ့ တွဲဝင်ပါတယ်)။

ထိနမိဒ္ဓဟာလေ.... ဒေါသဖြစ်လို့ အိပ်တာလေ.... (မှန်ပါ့) ဟိုလူ အိပ်ပြီဟော့....သူ့ဒေါသနဲ့သူ အိပ်တာဘဲ၊ မလာဘူးလား

(လာပါတယ်) ဟိုလူ အိပ်ပြီဟေ့.... သူ့ကိုယ်သူ ငဲ့အိပ်တာဘဲ (မှန်ပါ့) အင်း....သူ့ကိုယ်သူငဲ့ယင် တဏှာ.... (မှန်ပါ့) သူတပါး စိတ်ဆိုးလို့ အိပ်သွားယင်.... (ဒေါသပါဘုရား) ဒီလို့ ဟာလဲ ရှိသေးတယ်....တဲ့....(မှန်ပါ့)။

ကောင်းပြီ ကိုယ့်ကိုယ်ကို ဒေါသဖြစ်ပြီး အိပ်တာလဲ ရှိသေးတယ်.... (မှန်ပါ့) ဒါဖြင့် ဦးသန်းမောင် ထိနမိဒ္ဓ နီဝရဏသည် ကာမစ္ဆန္ဒနီဝရဏထက် ကြောက်စရာကောင်းတယ်.... (မှန်ပါ့) ဗျာပါဒ နီဝရဏဆိုတဲ့ ဒေါသထက်လဲ.... (ကြောက်စရာကောင်းပါတယ်)။

ကာမစ္ဆန္ဒနှင့် ဗျာပါဒ သူတို့ နှစ်ခုဟာ ထိနမိဒ္ဓရဲ့ လက်အောက်ခံ သူးဖြစ်တယ်.... (မှန်ပါ့) လောဘလဲ ထိနမိဒ္ဓ၏ လက်အောက်ခံ....(မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ) ဒေါသကော....(ထိနမိဒ္ဓ၏ လက်အောက်ခံပါဘုရား)။

ကဲ....အခုချိန်စေ့ပြီ ဒီတွင်ဘဲ တော်ကြဦးစို့။

သာဓု....သာဓု....သာဓု

အမရပူရမြို့ မဂ်လာတိုက်ဟောင်းတွင်
ကျေးဇူးတော်ရှင် — အဂ္ဂမဟာ ပဏ္ဍိတ
မိုးကုတ် ဆရာတော်ဘုရား
အမရပူရမြို့ မဂ်လာရိပ်သာကျောင်းပေါ်၌
ဟောကြားတော် မူသော
ထိနမိဒ္ဓနိဝရဏနှင့် ဥဒ္ဓစ္စ ကုက္ကုစ္စ နီဝရဏအဆက်
ည အလုပ်ပေး တရားတော်
(၂၀-၁၁-၆၁)

နီဝရဏတရား၏ သဘောကို ပြောရလို့ရှိယင် မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ကို ပိတ်ပင်တဲ့ တရားလို့ မှတ်ထား လိုက်ကြပါ။

မဂ်ဉာဏ် ဖိုလ်ဉာဏ်နိဗ္ဗာန်ကို ပိတ်ပင်တဲ့တရား ဘာတရား ခေါ်ကြမယ်....(နီဝရဏတရားပါဘုရား) နီဝရဏတရားလို့ မှတ်ထားကြပါ။

အသုံးမချတတ် လို့ရှိယင်လဲ သူကနီဝရဏတရားဖြစ်မှာဘဲ၊ အသုံးချတတ်လို့ရှိယင်လဲ မဂ်ဖိုလ်ရောက်ကြောင်း တရားကောင်း ဖြစ်ရမယ်လို့ မှတ်ရမယ်....(မှန်ပါ့)။

အဲဒီတော့ မနေ့က ထိနမိဒ္ဓ နီဝရဏပြောခဲ့တယ်၊ ဒါဖြင့် သင်္ဂါရဝ သတ္တိသားကို ပဋ္ဌာနပါတ်အင်္ဂုတ္တိရ်မှာ ဟောတယ်။

ရပြီးသား စာတွေ့လဲမေ့တယ်၊ မရသေးတဲ့စာတွေ့လဲ ပျော်ကာ ကုန်တယ်၊ တခါတလေကျတော့ ရပြီးသားစာတွေ့လဲ ရတယ်၊ ရှေးကငယ်ငယ်ကရထားတာတွေတောင်ပြန်ပေါ်ချင်ပေါ်တယ်၊ အဲဒါ ဘယ်လိုအကြောင်းတုံးမေးတော့... ရထဲမှာကွာ....တဲ့၊ မှော်တွေအုပ်နေတယ်တဲ့၊ ရေခဲက်ထဲ မှော်တွေအုပ်နေမယ် ရေကန်ထဲ မှော်တွေအုပ်နေမယ်၊ အခုလို မှော်တွေအုပ်နေတုန်း မျက်နှာရိပ် ဟပ်လို့ ရှိယင်ဖြင့် လူရိပ်ပေါ်ပါ့ မလား.... လို့ ဦးသန်းမောင် မေးယင် ဘယ့်နယ်ဖြေပါ့မယ်..... (မပေါ်ပါဘူးရှား) ဘာဖြစ်လို့တုံး .... (မှော်တွေဖုံးနေပါတယ်ဘုရား) မှော်တွေအုပ်နေတယ်။

အဲဒီတော့ ထို့အတူဘဲ ထိနမိဒ္ဓသည် ခင်ဗျားတို့ဉာဏ်ပေါ်မည့် ဟဒယဝတ္ထု ပေါ်မှာ ထိနမိဒ္ဓက ဝင်အုပ်နေတယ်.... (မှန်ပါ့) ဒီတော့ ဉာဏ်ပေါ်ခွင့်ရပါ့မလား.... (မရပါဘုရား)။

ဉာဏ်ပေါ်ခွင့်မရတော့ ခန္ဓာပေါ်ကို ဉာဏ်မျက်နှာနဲ့ ဟပ်ကြည့်လိုက်တဲ့ အခါကျတော့ ဖြစ်ပျက်အနိစ္စတွေ့ မပေါ်နိုင်ဘူး....(မှန်ပါ့)။

ရေတွင်းထဲ ရေကန်ထဲ မှော်အုပ်နေတဲ့အခါ မျက်နှာရိပ်ဟပ်ငြားသော်လဲ ကိုယ့်မျက်နှာရိပ် ရေထဲမှာမထင်နိုင်၊ ကန့်ကွက်တဲ့တရား ပါနေလို့ဆိုယင်လဲ မလဲ့ဘူး....(မှန်ပါ့)။

ထို့အတူဘဲ ဘုန်းကြီးတို့ တကာ တကာမတွေ့မှာလဲ အသက်တမ်းကို ခိုးတတ်ဝှက်တတ်သော ထိနမိဒ္ဓကို ခင်ဗျားတို့လက်ခံကြမယ်ဆိုလို့ရှိယင်....တဲ့၊ ဘုန်းကြီးက ခန္ဓာကိုယ် သဗ္ဗညာဉ်ရာအနိစ္စာ၊ ဝေဒနာအနိစ္စ စိတ်အနိစ္စ၊ ဝေဒနာနုပဿနာ စိတ္တာ

နုပဿနာရှုပါလို့ ဦးသံဒိုင်တို့ကို ဆိုငြားသော်လဲ ထိုနမိဒ္ဓတည်းဟူသော မျော်လာအုပ်လို့ရှိယင် ဉာဏ်သည် ထိုးဖောက်ပြီးသကာလ ခုနင်က ဝေဒနာအနိစ္စရှုရာ- စိတ်အနိစ္စရှုရာကို မြင်နိုင်ကြပါ့မလား....(မမြင်နိုင်ပါဘုရား)။

ထိုကဲ့သို့ မမြင်နိုင်တော့ကို ခင်ဗျားတို့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက 'သံခိတ္တံ ဝါစိတ္တံ- သံခိတ္တံ စိတ္တန္တိ ပဇာနာတိ' သံခိတ္တံဝါစိတ္တံ=ထိနမိဒ္ဓစိတ်ကို၊ သံခိတ္တံစိတ္တန္တိ=သံခိတ္တစိတ် ဟူ၍ ပဇာနာတိ=သိအောင်လုပ်က....တဲ့၊ (မှန်ပါ့) စိတ္တာ နုပဿနာသတိပဋ္ဌာန် ပါဠိတော်မှာလာတယ်....(မှန်ပါ့)။

ထိုကဲ့သို့ လာထားတော့ ၎င်းထိနမိဒ္ဓသည်ပင်လျှင် ဦးသန်းမောင်တို့က လာတဲ့ ထိနမိဒ္ဓကို ဝမ်းထဲမှာပေါ်လို့ အဲဒီပေါ်တာကိုသာလျှင် ဖြစ်ပျက်ရှုပေး....(မှန်ပါဘုရား) ဖြစ်ပျက်ရှုပေးလိုက်တဲ့အခါကျတော့ မှော်ဖယ်တဲ့အဓိပ္ပါယ်ဘဲ....(မှန်ပါဘုရား) ရှင်းပလား....(ရှင်းပါပြီ)။

မှော်ဖယ်တဲ့ အဓိပ္ပါယ်ဘဲတဲ့၊အဲဒီတော့ ဒီထိနမိဒ္ဓကို ခင်ဗျားတို့က ဒီမှော်ကိုဖြစ်ပျက်ရှုပြီးသကာလ၊အလုပ်-လုပ်ကြမယ်ဆိုယင် ထိနမိဒ္ဓတွေ့ရှုပြီးမှ ခင်ဗျားတို့ ဝေဒနာကြိုက်တဲ့ ပဂ္ဂိုလ်ဝေဒနာရှု၊ စိတ်ကြိုက်တဲ့ပဂ္ဂိုလ် စိတ်ရှု၊ ဘုန်းကြီးက သတိပေးလိုက်တယ်....(မှန်ပါ့)။

ကဲ....ဒါဖြင့် ဝေဒနာနဲ့ စိတ်ပါဘဲလို့ မှတ်လိုက်တာပေါ့....(မှန်ပါ့) ဝေဒနာနဲ့စိတ်ပါဘဲလို့ ဦးသန်းမောင် မှတ်လိုက်တာပေါ့....(မှန်ပါ့)။

'ထိနမိဒ္ဓံပဇ္ဇသု သသင်္ခါရိက စိတ္တေသု'.... ဆိုသောကြောင့် လောဘစိတ်က သသင်္ခါရိက ၄၊ ဒေါသစိတ်က ၁၊ ဒါဖြင့်ထိနမိဒ္ဓ ရှယင် လောဘရှတာလဲဟုတ်တာဘဲ၊ ဒေါသရှတာကော (ဟုတ် ပါတယ်ဘုရား)။

ဝေဒနာထဲ သွင်းချင် ပြန်တော့လဲ အင်း.... သောမနဿ, ဥပေက္ခာ,ဒေါမနဿဝေဒနာသုံးမျိုးပေါ်လာတာဘဲ....(မှန်ပါ့) ဒါရှုရုံပါဘဲ....(မှန်ပါ့)။

ဒါဖြင့် ခင်ဗျားတို့ ကမ္မဋ္ဌာန်းကို ကိုယ့်ဥာဏ်နဲ့ မဝေဘန် တတ်လို့သာ အဖျက်တရားထင်ရတယ်၊ ဝေဘန်တတ်လို့ရှိယင် အလုပ်တရား.... (မှန်ပါ့ဘုရား) ဝေဘန်တတ်ယင်.... (အလုပ် တရားပါဘုရား) မဝေဘန် တတ်လို့ရှိယင် အဖျက်သမား နိဝရဏာ.... (မှန်ပါ့) ဝေဘန်တတ်ပြန်တော့.... (အလုပ်တရားပါ ဘုရား) အလုပ်တရား ဝေဒနာရှတဲ့ ပုဂ္ဂိုလ် ဝေဒနာလာတာဘဲ.... (မှန်ပါ့) စိတ်ရှတဲ့ပုဂ္ဂိုလ်.. .(စိတ်လာပါတယ်ဘုရား)။

စိတ်လာတာဘဲဆိုသဖြင့်....တဲ့၊ မောင်သစ်တို့က မှတ်ရမယ်၊ အင်း....မသုံးတတ်တော့လဲ အတော်ခက်ပါကလား၊ ဒါတွေ ဟာ အဖျက်တရားကြီးဘဲလို့ ဒီကအယူရှိနေကြတယ်၊ သေသေ ချာချာ ကြည့်လိုက်တော့ ဝေဒနာနုပဿနာနဲ့ စိတ္တာနုပဿနာ ပြတာ....(မှန်ပါ့ဘုရား)။

'သံခိတ္တံဝါစိတ္တံ သံခိတ္တံစိတ္တန္တိ ပဇာနာတိ' စိတ္တာနုပဿနာ (မှန်ပါ့) ဝေဒနာကျတော့ သောမနဿဆိုတာ 'သုခံဝါဝေဒနံ ဝေဒယမာနော သုခံ ဝေဒနံ ဝေဒယာမီတိ ပဇာနာတိ'....ဆိုတော့ သောမနဿ ဝေဒနာ ဖြစ်ပျက်ရှုတဲ့....(မှန်ပါ့)။

'အဒုက္ခမသုခံ ဝါ ဝေဒနံ'ဆိုတော့ လောဘမူထဲ ဥပေက္ခာ ပါနေတယ်၊အဲဒီ ဥပေက္ခာရှုလိုက်ယင်ပြီးသွားတာဘဲ....(မှန်ပါ့)။ ဒေါမနဿဝေဒနာ ရှုလိုက်တော့လဲ ဖြစ်ပျက်ဖြစ်သွားပြန်ရော၊ ဝေဒနာထဲသွင်းလို့ရပြန်တာဘဲ....(မှန်ပါ့)။

ဦးသန်းမောင်တို့ ဒါဖြင့် အမြဲတမ်းသာ မှတ်ပါ ပေါ်ရာကို ရှု....(မှန်ပါ့) ပေါ်ရာကို ကမ္မဋ္ဌာန်းနဲ့ လိုက်ပါ.... (မှန်ပါ့)ပေါ်ရာကို.... (ကမ္မဋ္ဌာန်းနဲ့လိုက်ပါ) ကမ္မဋ္ဌာန်းနဲ့ မှတ်လိုက်တော့ ကိုယ်တခုတည်း မှတ်ထားလို့ မဝေဘန်တတ်လို့ရှိယင် ကြားဝင် လာမှာအမှန်ပါဘဲ၊ ခင်ဗျားတို့ ကိုယ်က ဦးသန်းမောင်တို့က ထင်မယ်....(မှန်ပါ့) မဟုတ်ဘူး၊ ဒါဝေဒနာ ပေါ်လာတယ်.... (မှန်ပါ့) သဘော်ကျပလား.... (ကျပါပြီ) ဝေဒနာပေါ်လာတယ်၊ ဒီဝေဒနာရှုပေးရမယ်....(မှန်ပါ့)။

ဝေဒနာပေါ်လာတော့ ဝေဒနာရှုပေးရမယ်၊ ဒါဟာ ခုနင် ကပြောခဲ့သလို သောမနဿဝေဒနာလဲ ဟုတ်တာဘဲ၊ တခါ တလေ ဥပေက္ခာဝေဒနာလဲ ဟုတ်တယ်.... (မှန်ပါ့) တခါ တလေ ဒေါမနဿ ဝေဒနာကော....(ဟုတ်ပါတယ်)။

ဟုတ်တော့ကို ဘယ်နှယ်တုံး.... ကျုပ်က ဝေဒနာရှုနေတယ် ထိနမိဒ္ဓက ဝင်လာတယ်ဆိုတော့ ခင်ဗျားတို့က နာမည်ကလေးနဲ့ လာတာ လူဘဲ.... (မှန်ပါ့) နာမည်က ဒီမှာ ပြောင်းဝင်လာတာ....(မှန်ပါ့) စင်စစ်တော့ နာမည်မလိုက်ဘဲနဲ့ ပင်ရင်းလိုက်— လိုက်ယင် ဝေဒနာ ဝင်လာတာကိုရှု.... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ)ဘာဝင်လာသလဲ....(ဝေဒနာဝင်လာတာပါဘုရား)။

ကြည့်လေ သောမနဿဝေဒနာ ဝင်တယ်၊ ဥပေက္ခာဝေဒနာ ၀င်လာတယ်၊ ရှင်းပြီ.... (ရှင်းပါပြီ) ဒေါမနဿဝေဒနာ ဝင်တယ်....(ဝင်ပါတယ်ဘုရား)။

'ထိနမိဒ္ဓံ ပဥ္စသု သသင်္ခါရိကစိတ္တေသု'လို့ သင်္ဂြိဟ်ဆရာများဆိုထားသောကြောင့် သသင်္ခါရိက ၅-ခုကဆိုတော့ ခုနင်္ဂသောမနဿက ၂-ခု၊ ဥပေက္ခာက ၂-ခု၊ ဒေါမနဿက ၁-ခု၊ ဒါ....ဘာဝေဒနာတွေတုံးဆိုတော့ မင်းအခုပြောတဲ့ ဝေဒနာသုံးမျိုးပေါ့ကွ....ရှင်းပလား....(ရှင်းပါပြီ)။

ဒါက ကြုံလုံးလို့လဲ ဆိုချင်ဆို၊ ခင်ဗျားတို့ နားမလည်လို့ဖေါ်ပြောနေရတယ်လို့လဲ ဆိုချင်ဆို.... (မှန်ပါ့) တည့်တာယူလိုက်.... (မှန်ပါ့) တည့်တာ ဘယ်လိုတည့်သတုံး.... ဆိုလို့ရှိယင် တော်တော်. ပညာရှိဆိုလို့ရှိယင် မင်း ထိနမိဒ္ဓဟာ နိဝရဏဘဲကွာ....နိဝရဏဝင်လာပြီ၊ မင်းက ဝိပဿနာလုပ်နေတာ နိဝရဏဝင်လာပြီ၊ နိဝရဏဆိုတာ မဂ်တား, ဖိုလ်တားကွ၊သာမညသိတဲ့လူက ဒီလိုပြောလိမ့်မယ်....(မှန်ပါ့ဘုရား)။

အထူးတလည်သိတဲ့ ပုဂ္ဂိုလ်ကျတော့ ဒီလိုမပြောပါဘူး၊ဟ.... ဝေဒနာရှုတဲ့ပုဂ္ဂိုလ် ဝေဒနာဝင်လာတာဟေ့.... ဟိုပဿိကော၊ (မှန်ပါ့ဘုရား) ပေါ်ပလား.... (ပေါ်ပါပြီ) စိတ်ရှုတဲ့ ပုဂ္ဂိုလ်-ဖြင့်လဲ စိတ်ဝင်လာတာဟေ့၊ ဘာစိတ်တုံး.... မင်းမှာလောဘ-စိတ်ရယ် ဒေါသစိတ်ရယ် ဝင်လာတာ....(မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ) အိပ်ချင်တယ်ဆိုတဲ့ဥစ္စာ လောဘဘဲ.... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီ)။

ဒါဖြင့် အိပ်ချင်တာသည် ဒေါသလဲ ဟုတ်ပါတယ်၊ ဒါဖြင့် အိပ်ချင်တဲ့လောဘကိုလည်း ဦးသန်းမောင်....ဖြစ်ပျက်ရှု(မှန်ပါ့) အိပ်ချင်တဲ့စိတ်ပေါ်လာတော့ စိတ်ထဲမှာ ခပ်လေးလေးဖြစ်တယ်၊ ဒေါသနုကလေး ဖြစ်လာတာ အဲဒါလဲ ဘာလုပ်ကြရမလဲ.... (ဖြစ်ပျက်ရှုရပါမယ်)ဖြစ်ပျက်ရှုလိုက်တဲ့အခါကျတော့ သြော်.... ဒါဟာ ဒီတကာ တကာမတွေ့ ဖျက်မလို့လာတာလား အရှုခံ-လာတာလား မေးလိုက်တော့(အရှုခံ လာတာပါဘုရား)။

အရှုခံလာတာကို သာမည- ဒီနိဝရဏလောက် နားလည်တဲ့ ပဋိပက္ခါလ်နဲ့ဆိုယင် အဖျက်လာတယ်ပြောမယ်.... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီ)။

အဘဓမ္မာကို သေသေချာချာ နားလည်တဲ့ ပဋိပက္ခါလန့် တွေ့-ပြန်တော့လဲ အင်း....အရှုခံလာတာ.... (မှန်ပါဘုရား)။

ဦးသန်းမောင် ပေါ်ပလား.... (ပေါ်ပါပြီဘုရား) ဒါဖြင့် အားလုံး တကာ တကာမတွေ့ သြော်.... အဖျက်တရားရယ်လို့ မရှိစမ်းပါနဲ့.... (မှန်ပါ့) မသုံးတတ်ယင်တော့ဖြင့်.... (အဖျက်-တရား) သုံးတတ်လို့ရှိယင်ဖြင့် ဒီတကာ တကာမတွေ့ဟာ အဖျက်တရား တခုမှ မရှိဘူး.... (မှန်ပါ့ဘုရား) စိတ္တာနုပဿနာထဲ သွင်းမရတဲ့ တရားလဲ မရှိဘူး၊ ဝေဒနာ နုပဿနာထဲ သွင်းမရတဲ့ တရားလဲ.... (မရှိပါဘူးဘုရား) အကုန် သွင်းလို့ ရတယ်.... (မှန်ပါ့)။

ဒါကလေးတွေဟာ အားလုံး တကာ တကာမတွေ့ သြော်.... ဒီသွင်းနည်းဟာ ခင်ဗျားတို့မှာဖြင့် အရေးအကြီးဆုံးဘဲလို့-ဦးသံဒိုင်တို့ မှတ်ကြပါ.... (မှန်ပါ့ဘုရား)။

ဒီသွင်းနည်း သွင်းတတ်ဘို့ကို လိုနေတယ်.... (မှန်ပါ့) ကိုယ့် ဉာဏ်က မရောက်ဘူး စာမှာဖတ၇ ရှိပြီးသား.... (မှန်ပါ့ဘုရား) ကိုယ့်ဉာဏ်ကမရောက်လို့ ဖြစ်ရပါတယ်....(မှန်ပါ့)။

ကောင်းပြီဒါဖြင့် အကယ်၍ ထိုနမိဒ္ဓကို ခင်ဗျားတို့က သြော် ရှုစရာလာတာကို ဦးသန်းမောင်က မရှုမိဘူး၊ ငိုက်ချင်တဲ့ စိတ် ကလေးကိုလဲ ငိုက်တဲ့ စိတ်ကလေး ဖြစ်ပျက် ရှုပေါ့ဗျာ.... (မှန်ပါ့)။

ငိုက်ချင်တဲ့စိတ်ကလေးဖြစ်ပျက်ရှုလိုက်၊ဖြစ်ပျက်ရှုလိုက်တော့ ငိုက်ချင်တဲ့ စိတ်က ချုပ်သွားပြီ ဖြစ်ပျက်ရှုတဲ့ ဝိပဿနာ မက်က ဒီအထဲနေတော့ ဝိပဿနာမက်က ငိုက်စိတ်မှ မဟုတ်တော့ဘဲ.... (မှန်ပါ့ဘုရား)။

ဒါဖြင့် ငိုက်စိတ်က အနိစ္စ၊ ရှုတာက မဂ္ဂဆိုတော့ အနိစ္စက ရှေးကျတယ်၊ မဂ္ဂက နောက်ကျတယ်.... (မှန်ပါ့)။

အဲဒီတော့ အိပ်ချင်တဲ့စိတ် ချုပ်ပြီး မအိပ်ချင်တဲ့ စိတ် ပေါ်တယ်.... (မှန်ပါ့ဘုရား) ဘယ်လိုဆိုကြမယ်.... (အိပ်ချင်တဲ့ စိတ်ချုပ်ပြီး၊ မအိပ်ချင်တဲ့စိတ် ပေါ်လာပါတယ်)ဒါဖြင့် ခင်ဗျား တို့ အသက်တမ်း ဖြုန်းမည့်တရား လာတဲ့ဥစ္စာကိုဖြင့် အဖြုန်း မခံတော့ဘူးကွာ၊ အသုံးဘဲ ချလိုက်တော့မယ်ဆိုတော့ ဒါဟာ တည့်သွားတယ်.... (မှန်ပါ့ဘုရား)။

အဖြုန်းမခံဘဲနဲ့ အသုံးချလိုက်တော့.... (တည့်သွားပါတယ်-ဘုရား) တည့်သွားတယ်လို့ သေသေချာချာမှတ်ပါ။

ဒါကြောင့် မောင်သစ်ရေ- ဒီလို ထိုးထိုး ထွင်းထွင်းသိရဘို့-

ဟာလဲ ဦးသံဒိုင် မလွယ်ပါလား.... (မှန်ပါ့ဘုရား)လွယ်ပါ့မလား (မလွယ်ပါဘုရား)။

မလွယ်ဘူး....တဲ့၊ ဒါဟာ ဒီသာမည ပုဂ္ဂိုလ် ဆိုလို့ရှိယင် ဩော်....မင်းဟာ ကံမကောင်းတော့ မင်းတရား အားထုတ်လို့ ရှိယင် နိဝရဏ တရားက တယ်လာတာကိုး.... (မှန်ပါ့)သာမည ဆရာဆိုယင် ဒီအတိုင်း ဟောတယ်.... (မှန်ပါ့ဘုရား)။

ပြီးတော့ မင်းဟာ ပါရမီရှိ မထင်ပါဘူး၊ ဒီလိုထိအောင်လဲ ပြောလိုက်သေးတယ်.... (မှန်ပါ့)။

ဒီလိုပြောရမှာလား....တဲ့၊ စင်စစ် သေသေချာချာ စဉ်းစား-ကြည့်တော့ အရှုခံလာတာကို အသုံးမချတတ်လို့ ဖြစ်ရတာလား (အရှုခံလာတာကို အသုံးမချတတ်လို့ ဖြစ်ရတာပါဘုရား)။

ဒါဖြင့် ဒီဆရာမျိုးနဲ့ ဒီတပည့်တွေဆိုတော့ ပြောစရာမရှိ-တော့ဘူး....(မှန်ပါ့)။

ဆရာညံ့လို့၊ ဒါကြောင့် ဘုန်းကြီး တခုရှင်းပြမယ်၊ တရား ဟောညံ့လို့ မင်္ဂိုလ် မဆိုက်တာ ရှိသေးတယ်.... (မှန်ပါ့)။

ပဏ္ဏာသ ပါဠိတော်မှာလာတယ်၊ တရားဟော ညံ့တာနဲ့ ဦးသန်းမောင်ရေ မနုဉ္ဉာနီ ပုဏ္ဏားကြီးဆိုတာ ရှိတယ်၊ ဘုရား လက်ထက်က မနုဉ္ဉာနီ ပုဏ္ဏားကြီး ဆိုတာရှိတယ်၊ ရှင်သာရိ-ပုတ္တရာနဲ့ ငယ်ပေါင်း သူငယ်ချင်း အလှန်ခင်ကြတယ် .... (မှန်ပါ့)။

နောက် ဒီ မနုဉ္ဉာနီ ပုဏ္ဏားကြီးသည် ပဌမ ခင်ပွန်းမကတော့ သဒ္ဓါတရားနဲ့ ဘုရား တရား သံဃာ ကြည်ညိုတယ်၊ အဲဒီ

တကာမ- ကလဲ ဖြတ်ဆို သေသွားတယ်၊ နောက် တကာမ တယောက် တည်ထောင်ပြန်တယ်၊ ပုဏ္ဏားမ တယောက်ကို၊ ဒီ-တကာမ,က သဒ္ဓါတရားမရှိဘူး၊ သဒ္ဓါတရားမရှိတဲ့ ပုဏ္ဏားမနဲ့ နေရတယ်။ ပြီးတော့ သူက ရှင်ဘုရင်၏ အခွန်တော်ကို သိမ်း ရတဲ့ ပုဂ္ဂိုလ်ကြီးလဲ ဖြစ်နေတယ်....(မှန်ပါ့)။

ဒီမှာတင်မနဉ္ဇာနီပုဏ္ဏားကြီးသည်ကားလို့ဆိုရင် ဖေါက်ပြန်ပြီး ရှင်ဘုရင့် အမိန့်တွေနဲ့ ပုဏ္ဏားတွေမှာရှိတဲ့ လယ်တွေက ထွက်သမျှ ကို စားဘို့ သောက်ဘို့လောက်ချန် အကုန်သိမ်း၊ ရှင်ဘုရင့်-အမိန့်နဲ့ ရှင်ဘုရင့်အမိန့်နဲ့ဆိုပြီး သိမ်း၊ သိမ်းပြီး သူကိုယ်တိုင် တချို့တဝက်ကိုသုံး....၊ ရှင်ဘုရင့်ထံ တချို့တဝက်ပို့ ဆိုတော့ မကောင်းမှု လုပ်နေတာဘဲ....(မှန်ပါ့)။

တနေ့သဒ္ဓါကျတော့ အရှင်သာရိပုတ္တရာအလည်ကြွလာတယ်.... ငါ့မိတ်ဆွေ့ မနဉ္ဇာနီ ပုဏ္ဏားကြီး သတင်း မရဘူးလားဟေ့.... သတင်းရတယ်ဘုရား.... အလွန်ဆိုးတဲ့ပုဏ္ဏားကြီး....။

ဘယ်လိုမျှား ဆိုးနေတုံးက္ခ....။ဟာ.... ဒီလို ဒီလိုဘဲ....ပုဏ္ဏား တွေကို လိုက်ညှဉ်းဆဲနေတာဘဲ.... ရှင်ဘုရင်မှုပြီးတော့ အတော် နှိပ်စက်တယ်.... (မှန်ပါ့)။

အဲဒီလိုဖြစ်ပြီးသကာလနေတော့ ဩဩ.... မကောင်းရှာဘူး ဆိုပြီး ဦးသန်းမောင်ရေ....အရှင်သာရိပုတ္တရာက ကြွလာတယ်.... ရာဇဂြိုဟ်ပြည်ဘဲ ကြွလာတယ်....။

ကြွလာတော့ ပုဏ္ဏားကြီးက နှဲနှိုးညှစ်နေတယ်....(မှန်ပါ့) အရှင်ဘုရား.... နှဲနှိုး ကောင်းကောင်း သောက်ရအောင်လို့ ပြောတယ်၊ အဲဒီတော့ အရှင်သာရိပုတ္တရာက မဟုတ်ဘူး....၊

ငါဆွမ်းစားမယ်ကွ.... သို့သော် နေ့လည် ငါဟာဘယ်သစ်ပင်နားမှာ ငါနေမယ်၊ အဲဒီအချိန် မင်းလာခဲ့ဦး....ပုဏ္ဏားကို သူကခေါ်တယ်.... ခေါ်ပြီးဆုံးမတယ်။

မင့်....သတင်းကြားရတာ မကောင်းပါဘူးကွာ.... မင်းဟာပုဏ္ဏားတွေရော.... ဘာတွေရော အကုန် ရှင်ဘုရင့်အမိန့်နဲ့ဆိုပြီးစပါးတွေအကုန်သိမ်း၊ ပြီးတော့ မင်းကစား၊ ရှင်ဘုရင်လည်းနည်းနည်းပေး၊ ဒီလိုဘဲ ညှဉ်းဆဲနေတယ် ကြားတယ်။

ဟာ....ဒီဥစ္စာ လုပ်ရမှာဘဲ၊မလုပ်မဖြစ်ဘူး၊သားသမီးကျွေးဘို့တွေကလဲရှိတယ်၊သေတဲ့ပုဂ္ဂိုလ်တွေကို ကျွေးဘို့ရာတွေကလဲပုဏ္ဏားထုံးစံမှာရှိတယ်၊ အဲဒီတော့ ဒါတွေ ဘယ်နှယ်လုပ်မတုံး....။

အေး.... ဒါတွေ ဘယ်နှယ်လုပ်မတုံး.... မင်းကမေးတယ်။ မင်းက ဒီပုဏ္ဏားတွေဆီက ညှဉ်းဆဲပြီး ပစ္စည်းတွေယူတယ်၊ အဲဒီတော့ ဟိုသေတဲ့ပုဂ္ဂိုလ်တွေက ခံရမှာလား.... ဒီ....မတရားသဖြင့်လုပ်တဲ့ အကုသိုလ်တွေကို မင်းကခံရမှာလား.... ဒါတော့ တပည့်တော်က ခံရမှာပေါ့....တဲ့။

ဒီအတိုင်းဘဲ ရှောက်မေးပြီးသကာလ နောက်ဒီလိုမလုပ်နဲ့ဆိုပြီးတော့ ကိုယ်လုပ်ယင် ကိုယ်ခံရတာဘဲ၊ သားတွေ မယားတွေနဲ့ ဘာမှ မဆိုင်ဘူးဆိုပြီး ဟောလိုက်တယ်....။

ဟောပြီးနောက်အရှင်သာရိပုတ္တရာ ဒီရွာမှာဘဲရာဇဂြိုဟ်ပြည်မှာဘဲ သီတင်းသုံးပြီးနေတယ်၊ ဖြတ်ဆို ပုဏ္ဏားကြီး မမာဘူး၊ မမာတော့ အရှင်သာရိပုတ္တရာကို ပင့်ပေးပါဦးဆိုပြီး သူ့အစေခံတွေ ခိုင်းလိုက်တယ်၊ အရှင်သာရိပုတ္တရာ ကြွလာတယ်။

ကြွလာပြီးသကာလ တရားဟောတယ်၊ လူ့ပြည်နဲ့ နတ်ပြည် ဘယ်ဟာ ကောင်းသတုံး.... နတ်ပြည်ကောင်းတယ်၊ နတ်ပြည်နဲ့ ဗြဟ္မာ့ပြဲည် ဘယ်ဟာကောင်းသတုံး...ဗြဟ္မာ့ပြည်ကောင်းတယ်။

ဒါဖြင့်ကွာ....မင်း....မမာနေရင်းမဘဲနဲ့ အားလုံးသာမေတ္တာပို့နေလိုက်စမ်းပါ၊ မေတ္တာပို့ပြီး သေတာပေါ့ကွာ.... ဆိုပြီး သကာလ ဦးသန်းမောင်.... အရှင်သာရိပုတ္တရာ ကျောင်းပြန်သွားတယ်၊ ကျောင်းပြန်သွားတော့ ပုဏ္ဏားကြီးသေတယ်၊ သေတော့ ဗြဟ္မာပြည်ရောက်တယ်၊ မေတ္တာနဲ့ သေသွားတာကိုး.... (မှန်ပါ့) မေတ္တာဇောနဲ့ဘဲ သေသွားတယ်။

ဒါနဲ့ ဘုရားက ဟော့.... သာရိပုတ္တရာ၊ မင်း.... ဘယ်ကလာသလဲ.... ဓနဥ္ဇာနိ ပုဏ္ဏားကြီး မမာတာနဲ့ အဲဒီကို တရားသွားဟောရပါတယ်ဘုရား....ဟု လျှောက်တယ်။

ဘာတရား ဟောခဲ့သတုံးက္ခ သမထ တရားဘဲ ဟောခဲ့ပါတယ်၊ သမထဘဲ ကြိုးစား....လို့ တိုက်တွန်းခဲ့ပါတယ်၊ ဩော်.... မင်း....ဖျင်းပါဘိကွာ....နိဗ္ဗာန်ရောက်မည့်ပုဂ္ဂိုလ်ကို မင်း သမထ မျှားဟောခဲ့တာ ငါအံ့ပါရဲ့.... (မှန်ပါ့) သမထက နိဗ္ဗာန်မှ မရောက်ဘဲ....(မှန်ပါဘုရား)။

နိဗ္ဗာန်ရမည့်ပုဂ္ဂိုလ်ကို ဝိပဿနာဟောရမှာ....(မှန်ပါဘုရား) သူက သမထဟောပစ်တော့ ဒါဖြင့် တပည့်တော်လိုတာပေါ့လို့ သူက ဘုရားလျှောက်တယ်....(မှန်ပါ့)။

အေး.... မင်းလိုတယ်.... လိုပေမဲ့ မရဘူးက္ခ၊ မင်းက ဒီလာဘုံးရှိသေး .... ဟိုမှာ စုတိစိတ်ကျပြီး ဗြဟ္မာဖြစ်နေပြီ(မှန်ပါ့) ဘုရားကတော့ အာကုန်သိနေပြီပေါ့....(မှန်ပါ့)။

ဟာ....ဒါဖြင့် မဖြစ်သေးပါဘူးဆိုပြီး ဗြဟ္မာပြည် တက်ပြီးတော့ ဘုရားဆီကစကား ယူပြီးသကာလ မင်းတယ်ဖျင်းတယ်ဆိုတဲ့စကားယူပြီး ဗြဟ္မာပြည် တက်ပြီးတော့ ဝိပဿနာဟောတော့မှ ဟိုမှာ ရဟန္တာဖြစ်သွားတယ်.... (မှန်ပါ့ဘုရား)။

အဲဒါက တပည့်ညံ့လို့လား.... ဆရာညံ့လို့လားဆိုတာ .... အကဲခတ်ကြစမ်း.... (ဆရာ ညံ့လို့ပါဘုရား) ကဲ.... ဆရာညံ့ယင်လဲ ခင်ဗျားတို့ အကုန်သွားတာဘဲ.... (မှန်ပါ့) သဘောပါပလား.... (ပါ-ပါပြီ)။

ဆရာညံ့ယင်လဲ.... (အကုန်သွားပါတယ်) အကုန်နစ်နာသွားတယ်.... (မှန်ပါ့) ဒီ....ဓနဥ္ဇာနီ ပုဏ္ဏားကြီးကို ဆက်ဟောလို့ ရှိယင်လဲ မသေခင် ရဟန္တာဖြစ်ရမယ်.... (မှန်ပါ့)။

ဟိုမှာဗြဟ္မာ ပဋိသန္ဓေသွားနေပြီးတော့မှ နောက်ထပ် ဘုရားကတိုက်တွန်းလိုက်တော့မှ ဦးသန်းမောင်.... ဗြဟ္မာပြည် လိုက်ဟောတော့မှ သူ-ရဟန္တာဖြစ်သွားတယ်.... (မှန်ပါ့)။

ကဲ....ဒါ ဘာဖြစ်လို့တုံး....ဆိုယင် ဘယ်နှယ်ဖြေကြမယ်.... (ဆရာညံ့လို့ပါဘုရား) အဲ....ဒါသေသေချာချာမှတ်ပါ ခင်ဗျားတို့ ဆရာသမားကိုးကွယ်ဆည်းကပ်မယ် ကြံလို့ရှိယင် ဆရာညံ့နဲ့တွေ့ယင်လဲ သွားပြန်တာဘဲ....(မှန်ပါ့)သိပ်ကြောက်စရာကောင်းတယ်.... (မှန်ပါ့) ပေါ်ကြပလား.... (ပေါ်ပါပြီ)။

အခု ဘုရားကိုယ်က သူ့ကို အပြစ်တင်လိုက်တယ်၊ တဘဝ ပဋိသန္ဓေနေရတဲ့ဆင်းရဲဟာ မင်း.... နည်းတာမဟုတ်ဘူး၊ မင်း.... တရားဟောညံ့တာ.... (မှန်ပါ့) ဟုတ်ပါတယ်ဘုရား....တပည့်

တော် တရားဟော ညံ့ပါတယ်၊ မင်းက တရားဟောညံ့တယ် လို့သာပြောတာ ဟိုမှာ ဗြဟ္မာ ဖြစ်နေပြီ၊ အရှင်သာရိပုတ္တရာ ကျောင်းကိုလာနေတုံး သေတာကိုး.... သေတော့ ဗြဟ္မာဆိုတာ ဘဝးကနဲ့ အကောင်အထည်ကြီး ဥပပတ် ပဋိသန္ဓေ သွားဖြစ် တယ်.... (မှန်ပါ့) အဲဒါ ဦးသန်းမောင်တို့ စဉ်းစားပါ.... ဆရာ ညံ့လို့လား.... တပည့်ညံ့လို့လား.... (ဆရာညံ့လို့ပါဘုရား)။

တပည့်က မဂ်ဖိုလ်ရထိုက်တဲ့ဥစ္စာ ပါနေတာ၊ ဥာဏ်ပါပြီး သား..... (မှန်ပါ့) ဆရာညံ့တာနဲ့ ဗြဟ္မာ့ပြည် သွားတင်နေရ တယ်၊ သဘောကျပလား.... (ကျေပါပြီ) ဒါဖြင့် ဆရာညံ့နဲ့ တွေ့လို့ရှိယင်လဲ ဒီဘဝ မဂ်ဖိုလ်ရနိုင်တဲ့ ပါရမီပါစေကာမူ မရဘူး.... (မှန်ပါ့) ဘာညံ့လို့တုံး.... (ဆရာညံ့လို့ပါဘုရား)။

ဒါဖြင့် ဦးသန်းမောင်တို့ ဆရာဟာ အလွန် အရေးကြီးတယ် (ကြီးပါတယ်ဘုရား) ရှင်းပြီနော်.... (ရှင်းပါပြီ) တပည့်ညံ့လို့ မဂ်ဖိုလ်မရတာလဲ ရှိသေးတယ်.... (မှန်ပါ့)။

ဒါဟာ နှစ်ခုမှတ်ရမှာ(မှန်ပါ့ဘုရား) တပည့်ညံ့လို့ ဆိုတော့ တပည့်က ညံ့နေပြန်လို့ရှိယင်လဲ၊ ဒီဘဝမှာ သူဟာ မဂ်ဖိုလ်ရထိုက် တဲ့တပည့်ဘဲ၊ သို့သော် သူက အနေအထိုင် ·အလုပ်အကိုင်နေရာ မကျလို့ တပည့်ညံ့လို့လဲ မဂ်ဖိုလ်မရတာ ရှိသေးတယ်.... (မှန်ပါ့ ဘုရား)။

ဘာတုံးဆိုတော့ အတူတူဘဲ ပဏ္ဏာသ ပါဠိတော်မှာဘဲလာ တယ်၊ သေယျကျတော့ တပည့်ညံ့လို့.... (မှန်ပါ့) ကဿပ ဘုရားက တခါတည်း သူ့ကို ဒါနကထာ သီလကထာ ကံတွေ

အကြောင်း ဟောပြီးသကာလ သစ္စာ ဟောခါနီးမှ ထပြေး တယ်....(မှန်ပါ့ဘုရား) ရိပ်မိပလား.... (ရိပ်မိပါပြီ)။

သစ္စာဟောခါနီးမှ.... (ထပြေးပါတယ်) အင်း....ထပြေးတဲ့ အခါကျတော့ကိုတဲ့ သေယျလဲ ထပြေးရော....ကိစ္စရှိတယ်လို့အိမ် ကလာခေါ်တာကိုး.... (မှန်ပါ့) အဲဒီလို လာခေါ်တဲ့အခါကျ တော့ ဘုရားက သေယျ ရှုးပြီက္ခ.... သေယျ ရှုးပြီက္ခ-တဲ့.... (မှန်ပါ့) သဘောပါပလား.... (ပါ-ပါပြီ)။

အဲဒါကျတော့ ဆရာညံ့လို့လား.... တပည့် ညံ့လို့လား.... (တပည့် ညံ့လို့ပါဘုရား)ညံ့လို့ ဘယ်လောက် ထိအောင် အပြစ် ကြီးစွာ တွေ့ရသလဲလို့ဆိုတော့ သေယျအရှိုးဟာ ၄-ရက်တက် ၄-ရက်ဆင်းရှိတယ်.... (မှန်ပါဘုရား)။

တခါတည်း ချို့ယွင်းချက် ကြည့်လိုက်တာ.... (မှန်ပါ့) တခါတည်း ချို့ယွင်းချက်ကြည့်လိုက်တော့ ၄-ရက်တက် ၄ရက် ဆင်းဆိုတော့ ကဿပ ဘုရားလက်ထက်မှာဟောတာ ကဿပ မြတ်စွာဘုရားက ဟောတာ (မှန်ပါ့) သူ့တရား ဆုံးအောင် နာလို့ရှိယင် သေယျရဟန္တာဖြစ်မှာ အဲဒီမှာတရားမဆုံးမီ အိမ်က လာခေါ်တဲ့အတွက် ကိစ္စရှိပါတယ်ဆိုပြီး ဘုရားဝတ်ချပြီး ပြန် သွားတယ်.... (မှန်ပါဘုရား)။

ကဿပ မြတ်စွာဘုရားက သေယျအရှုးကြီး ရှုးပြီက္ခ....တဲ့၊ ကျုပ်တို့ ဂေါတမဘုရား လက်ထက်ကျမှ ကျတ်တမ်းဝင်တယ် (မှန်ပါဘုရား)။

အဲဒီတော့ သူ့အရိုးဟာ ၄-ရက်တက် ၄-ရက်ဆင်း ဖြစ်ရ

တယ်ဆိုတော့ ဦးသန်းမောင်.... ကောင်းနိုင် သေးရဲ့လား... (မကောင်းနိုင်ပါဘုရား)။

အသေဘယ်လောက်မျှားသလဲဆိုတာ ၄-ရက်တက် ၄ရက် ဆင်းဆိုတာ ဦးသန်းမောင်.... မကုန်နိုင်တော့ဘူး.... (မှန်ပါ့) ဒါဟာ....တောင်နဲ့သာ တိုင်းလိုက်ပါတယ်.... မနစ်နာဘူးလား (နစ်နာပါတယ်)။

အဲဒါကျတော့ ဘယ်သူညှဉ့်လို့တုံး (တပည့် ညှဉ့်လို့ပါဘုရား) အဲဒီတော့ ခင်ဗျားတို့ ဒါ....နှစ်ဘက် စဉ်းစားရမယ်....(မှန်ပါ့) ဘုန်းကြီးဘက်ကလဲ မညှဉ့်အောင်ဘဲ ခင်ဗျားတို့ကို ရွက်ဆောင်ပေးမယ်.... (မှန်လှပါ) ခင်ဗျားတို့ဘက်ကလဲ မညှဉ့်အောင် ရွက်ဆောင်ပါ.... (မှန်ပါ့ဘုရား)။

ဒါ....ဒီနေ့ည ထူးထူးခြားခြား ကြော်....ဒီဥစ္စာ ဖြစ်တတ်တဲ့ အမျိုးပါကလားဆိုတာ မှတ်ထားရမယဲ့....(မှန်ပါ့ဘုရား)ဝတ္ထု သက်သေ သာဓကတွေကော လုံလောက်ပလား....(လုံလောက်ပါပြီ)။

ဓနဥ္ဇာနီကျတော့ တရားဟောညှဉ့်လို့ (မှန်ပါ့) ဆရာညှဉ့်လို့ ဟိုမှာ ဖြဟ္မာသွားဖြစ်ရတာ.... (မှန်ပါ့) ရဟန္တာဖြစ်ရမှာ ဖြဟ္မာသွားဖြစ်တယ်.... (မှန်ပါ့) မနာဘူးလား.... (နာပါတယ်) သေယျကျတော့ တပည့်ဖျင်းလို့၊ဆရာ မညှဉ့်ဘူး(မှန်ပါ့)ဆရာကဘုရားကိုယ်တော်တိုင်ဘဲ.... (မှန်ပါ့)။

တပည့်ချို့ယွင်းချက်ရှိတာနဲ့အရိုး ၄-ရက်တက် ၄-ရက်ဆင်းဖြစ်ရတယ်ဆိုတော့ သေတာ ဘယ်လောက် မျှားတယ်ဆိုတာ

ပြတာ.... (မှန်ပါ့) မနစ်နာဘူးလား.... (နစ်နာပါတယ်ဘုရား) ကဲ....ဒါဖြင့် ခင်ဗျားတို့ကလဲ သေယျမဖြစ်ရအောင် ကျုပ်ကလဲ ဆရာညံ့ မဖြစ်ရအောင်လုပ်ရမှာဘဲ (မှန်ပါ့ဘုရား) ရိပ်မိပလား (ရိပ်မိပါပြီ)။

အရှင်သာရိပုတ္တရာဟာ အခုလူ့ပြည်ဟောပြီးခွက်ခြင်းဖြဟ္မာပြည် ပြေးရရှာတယ်.... (မှန်ပါ့) ဘုရားက မင်းညံ့လို့ကြည့်စမ်း ဓနဥ္ဇာနိမှာ ဟိုမှာ ပဋိသန္ဓေနေရရှာပြီ.... (မှန်ပါ့) တကယ် ရဟန္တာဖြစ်မည့်ပုဂ္ဂိုလ်တရားဟောညံ့တာနဲ့ မင်းအတွက်ကြောင့် ဒုက္ခဖြစ်ပြီဆိုတော့ သြော်.... ဟုတ်ပါလားဆိုပြီး ဖြဟ္မာပြည်ကို လိုက်ရတယ်.... (မှန်ပါ့)။

ဖြဟ္မာပြည်ကျတော့မှ ဝိပဿနာ ဖြစ်ပျက် သွားဟောတယ် (မှန်ပါ့) အဲဒီမှာ ဖြစ်ပျက်သွားဟောတော့မှ ဟိုက ခန္ဓာကိုယ် ဖြစ်ပျက်ရှုလိုက်တော့ ရဟန္တာဖြစ်သွားတယ်(မှန်ပါ့ဘုရား)ကဲ.... ဦးသန်းမောင် ကိုယ့်ဘက် သူ့ဘက်တော့ မချို့ယွင်းစေနဲ့.... (မှန်လှပါဘုရား) ဦးသံဒိုင်ကော.... (မှန်ပါ့ဘုရား)။

ဘာမှန်တာတုံး.... ခင်ဗျားဥစ္စာ ပြောဦးမှဘဲ.... (မချို့ယွင်းစေရပါဘုရား) ကိုယ့်ဘက်ကလဲ မချို့ယွင်းစေနဲ့၊ ဆရာ့ဘက်ကကော.... (မချို့ယွင်းစေနဲ့) ဆရာ့ဘက်ကတော့ ဘုန်းကြီးတာဝန်ထားလေ.... (မှန်ပါ့) ခင်ဗျားတို့ဘက်က မချို့ယွင်းစေနဲ့ ...(မှန်ပါ့ဘုရား) အေး....ဒါစဉ်းစားရမယ်။

ဒါနဲ့ နို့....ဘယ့်နှယ်ကြောင့် ဒီဥစ္စာ အရေးတကြီး ပြောရပါလိမ့်မတုံးဆိုတော့ ပြောဘို့အချိန်ရောက်နေပြီ(မှန်ပါ့ဘုရား) မရောက်ဘူးလား.... (ရောက်ပါတယ်ဘုရား)။

ခင်ဗျားတို့ကလဲ အသက်ကြီး၊ ဘုန်းကြီးကလဲ အသက်ကြီး၊ အသက်ကြီး-- အသက်ကြီးချင်းဆိုတော့ နှစ်ဘက်စလုံး မည့်မှ တော်မယ်.... (မှန်ပါ့)။

ဟာ.... ငယ်သေးတယ် ဆိုလို့ရှိယင်ဖြင့် တယောက်က တယောက်၊ဟာ.... ခင်ဗျားငယ်ပါသေးတယ်၊ ကျုပ်လဲ ငယ်ပါသေးတယ်ဆိုပြီးသကာလ နေဘို့ရှိပါသေးကယ်.... (မှန်ပါ့) အခုတော့ မဟုတ်ဘူး၊ သေရေးသာရှိတယ်.... နေရေးကနည်းသွားပြီ.... (မှန်ပါ့ဘုရား) သဘောပါကြပလား.... (ပါ-ပါပြီဘုရား) သေရေးသာ ရှိတယ်.... နေရေးက ဘယ့်နှယ်တုံး.... (နည်းသွားပါပြီ) နေရေးက နည်းသွားပြီဆိုသဖြင့် ခင်ဗျားတို့ဘက်ကလဲ မလစ်ဟင်းရအောင်၊ဆရာ့ဘက်ကလဲ မလစ်ဟင်းရအောင်ဆိုတဲ့ဥစ္စာ တော်တော်အရေးကြီးတဲ့စကားလို့ မှတ်လိုက်စမ်းပါ.... (မှန်လှပါဘုရား)။

ဘယ့်နှယ်မှတ်ကြမယ်.... (တော်တော် အရေးကြီးတဲ့စကားပါဘုရား) ဒါက အခုဆရာသမားက ဝတ္ထု သက်သေသာဓကတွေနဲ့ အမျိုးမျိုးအဖုံဖုံ ကျမ်းစုံပြီးပြောတော့မှ သြော်....အရေးကြီးမှန်းသိတာကိုး.... (မှန်ပါ့)။

ခင်ဗျားတို့ ပင်ကိုယ်ရင်းနဲ့ ဆိုလို့ရှိယင် ဒီမှာနေဘို့ ကျုပ်တပတ်လောက်သာ စိတ်ကူးတယ် ပြောချင်ပြောမယ်.... (မှန်ပါ့ဘုရား) ဟချို့.ကျတော့လဲ သုံးပတ်လောက် စိတ်ကူးတယ်လို့ ပြောချင်ပြောနေတာကိုး.... အံမာလေး.... ကြောက်စရာကြီးပါကလား.... (မှန်ပါ့ဘုရား)။

ကိုင်း....ဒါဖြင့် ဘုန်းကြီးတို့ တကာ တကာမတွေ့မှာ အခု ဆရာတကာ ညီညွတ်အောင်လို့ ထိုနိမိဒ္ဓနေရာ သွင်းပြောနေတာ (မှန်ပါ့) ဆရာ တကာ ညီညွတ်မှသာလျှင် ကိစ္စပြီးနိုင်တယ်ဆိုတာ ကုလ ဒဝဝတ္ထုနှစ်ခုကို သေချာစွာ ဓနဥ္ဇာနန့် သေယျကို မှတ်သဖြင့် ဦးသန်းမောင်.... ကျေနပ်ဘို့ကောင်းပြီ.... (မှန်လှပါဘုရား)။

ဆရာလဲ တော်တော် အရေးကြီးပါတယ်.... (မှန်ပါ့) ဆရာအဟောလဲ တော်တော် အရေးကြီးပါတယ်.... (အရေးကြီးပါတယ်ဘုရား)။

တပည့်ရဲ့အနာကော.... (အရေးကြီးပါတယ်ဘုရား) အနာဘက်ကလဲ အရေးကြီးတာဘဲ၊အဟောဘက်ကလဲ အရေးကြီးတာဘဲဆိုတော့ ခင်ဗျားတို့အိမ် လာပြီးသကာလ သာခမ်း,နာခမ်းရှိလို့ ဟောတဲ့တရားမျိုးကျတော့ ဦးသန်းမောင် ဒါ-မဆိုလို့ပါဘူး၊ သဘောကျရဲ့လား.... (မှန်ပါ့ဘုရား)။

အိမ်မှာ သာခမ်း, နာခမ်းဆိုတာကတော့ တကာကလဲ မလဲသာလို့ ပင့်တာ.... (မှန်ပါ့) ဘုန်းကြီးကလဲ မလဲသာဘဲနဲ့ ပြောခဲ့တယ်....' (မှန်ပါ့) ဒီဟာကျတော့ ဘုန်းကြီးတို့က အပြစ်မဆိုပါဘူး.... (မှန်ပါ့)။

တကာကတော့ ဆွမ်းကျွေးလို့....အင်း .... ဆွမ်းကျွေးယင်ဖြင့် အနုမောဒနာကလေး ပြုဦးမှ ကောင်းမှာဘဲ၊ ဆရာဘုန်းကြီးက ဒါလောက်ဘဲကြည့်တယ်.... (မှန်ပါ့ဘုရား)။

ဟိုကလဲ ဆွမ်းကျွေးတဲ့ဥစ္စာ ဒါကလေးတော့ အနုမောဒနာကလေးတော့ နာလိုက်ဦးမှ တော်တော့မယ်ဆိုပြီး ဟိုကလဲဥ့်

စတ်ကျရုံဘဲ(မှန်ပါ့) ဒီကလဲ ဆရာဝတ် သာမညကျရုံကလေး (မှန်ပါ့) အဲဒါမျိုးကတော့ မဂ်ဖိုလ်နဲ့မဆိုင်လှဘူး.... (မှန်ပါ့) ယခု ခင်ဗျားတို့လာကြတယ်၊ ဘုန်းကြီးက ဒီမှာ နေကြတာက ဒီအသံုးမှ မဟုတ်ဘဲ.... (မှန်ပါ့) ဒီကလဲ အစအဆုံးဒုက္ခချုပ်တဲ့နိဗ္ဗာန်ရောက်အောင် ပို့ပေးမယ်.... (မှန်ပါ့) ဒီကျအောင် ဟောရမှာ.... (မှန်ပါ့)။

ခင်ဗျားတို့ကလဲ အင်း....ဒုက္ခချုပ်တဲ့ဆီ အရောက်လုပ်မယ် ဆိုတဲ့ စိတ်ထားကလဲ ခင်ဗျားတို့ကလဲ ပြင်းပြရမယ်....(မှန်ပါ့) ဒီလိုမှ ဖြစ်နိုင်မယ်တဲ့၊ နို့မို့ယင်မဖြစ်ဘူး.... (မှန်ပါ့)။

ကဲ....ဒီဝတ္ထုနှစ်ခုက သက်သေခံပလား.... (ခံပါပြီဘုရား) သေယျကျတော့ ဘယ်သူဖျင်းသတုံး(တပည့်ဖျင်းပါတယ်ဘုရား) မနုဿာနီကျတော့.... (ဆရာဖျင်းပါတယ်) ဆရာ ဖျင်းတယ် အခုတော့ ဒီလိုမလုပ်နဲ့ တပည့်ကလဲအချွန်၊ ဆရာကလဲ အချွန်၊ ဒီလိုလုပ်.... (မှန်ပါ့) နို့မို့လို့ရှိယင်တော့ အတော်နာသွားလိမ့်မယ်.... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ)။

ကိုင်း....ဒါဖြင့် ထိုနိဗ္ဗဆိုတဲ့ဥစ္စာ ခင်ဗျားတို့ဆရာက မဖျင်းလို့ ခင်ဗျားတို့အလိုဖြင့် စာထဲမှာ ခင်ဗျားတို့ ဖတ်ဘူးတာထိုနိဗ္ဗန်ဝရဏလို့ ဖတ်ဘူးတယ်.... (မှန်ပါ့) နိဝရဏဆိုတာ မဂ်ဖိုလ်တားတယ်.... ရှင်းပလား.... (ရှင်းပါပြီ)။

အခု တားသလား.... မတားရတော့ဘူးလား.... (မတားရတော့ပါဘုရား) မတားရတော့ဘူး၊ ဆရာ မဖျင်းလို့ အခု.... ဒါ-ပေါ်လာပြီ (မှန်ပါ့) ဆရာက ဟာ.... ဒီဥစ္စာကို စိတ်ရှုတဲ့ ပဋိပက္ခလဲလဲဟေ့ လောဘနဲ့ ဒေါသကိုရှုရုံဘဲ၊ မဟုတ်ဘူးလား....

(မှန်ပါ့) ဝေဒနာရှုတဲ့ ပုဂ္ဂိုလ်လဲ ဝေဒနာသုံးပါး ရှုလိုက်ရုံဘဲ.... (မှန်ပါ့) သောမနဿရယ်, ဥပေက္ခာရယ်, ဒေါမနဿရယ်၊ သောမနဿ၊ ဒေါမနဿ၊ ဥပေက္ခာဝေဒနာ ပေါ်လာတာဘဲ.... (မှန်ပါ့)။

ဒီတော့ ဆရာ့တာဝန်ကုန်ပြီ.... (မှန်ပါ့) ကုန်သွားပြီ....တဲ့ ထိုကဲ့သို့ ကုန်သွားတာ သိလိုက်သဖြင့် သြော်....ဒါဖြင့်ရေမှော်ကို ဘုရားက ဖယ်ရမယ်တဲ့ဆိုတဲ့ဥစ္စာ ဆရာက ဒီဟာကို ဖြစ်ပျက်ရှုပြီး ဖယ်လို့ ခိုင်းလိုက်ပါတယ်.... (မှန်ပါ့)။

ဒါဖြင့် ထိနမိဒ္ဓကြောင့် ခင်ဗျားတို့ နိဿရဏတ္ထဆိုတဲ့ ထွက် မြောက်ကြောင်း မင်္ကပေါ်လာတယ်.... (မှန်ပါ့) ထိနမိဒ္ဓရှုလိုက် တာနဲ့ ဒီဘက်ထဲ မင်္ကမပေါ်ဘူးလား.... (ပေါ်ပါတယ်)ဒါဖြင့် မင်္ကသည် မနေ့က ပြောခဲ့ပြီ၊ မဂ္ဂပစ္စယော ထွက်မြောက်ကြောင်း ဖြစ်၍ ကျွေးဇူးပြုတတ်သောတရားလည်းကောင်း.... (မှန်ပါ့) မပေါ်ယင် သူမဆောင်ဘူး.... (မှန်ပါ့) ပေါ်ယင်တော့ဖြင့်.... (ဆောင်ပါတယ်ဘုရား) ဆောင်မှာဘဲဆိုတာ ဦးသန်းမောင် မှတ်ပါ.... (မှန်ပါ့)။

ဒါဖြင့် ထိနမိဒ္ဓက ဖြစ်ပျက်၊ ရှုတာက (မင်္ကပါဘုရား) ဒါဖြင့် မင်္ကက ဦးသန်းမောင်ရှုလဲ ဦးသန်းမောင်ကို နိဗ္ဗာန်ဆောင်မှာဘဲ (မှန်ပါ့) ဦးသံဒိုင်ရှုယင်....(ဦးသံဒိုင် ဆောင်မှာ့ပါဘုရား)ရှင်းပလား.... (ရှင်းပါပြီ)။

ဒါဖြင့် ထိနမိဒ္ဓ၏ ထွက်မြောက်ကြောင်း ယနေ့ည တပည့်တော် သိပြီဘုရာ့.... (မှန်ပါ့)ထိနမိဒ္ဓကြောင့်ဘဲ တပည့်တော်တို့

နိဗ္ဗာန်ထွက်မယ်.... (မှန်ပါ့) မသိသေးဘူးလား.... (သိပါပြီဘုရား)။

ဘယ်လိုလုပ်ကြမယ်.... (ဖြစ်ပျက်ရှုရပါမယ်) ထိနလာလဲ ဖြစ်ပျက်ရှု၊ မိဒ္ဓလာလဲ.... (ဖြစ်ပျက်ရှုရပါမယ်)ဖြစ်ပျက်ရှုလိုက်လို့ရှိယင်ဖြင့်....တဲ့၊ ဝေဒနာရှုတယ်ဆိုလဲဟုတ်၊ စိတ်ရှုတယ်ဆိုလဲ (ဟုတ်ပါတယ်ဘုရား) ဟုတ်တာဘဲ။

ဝေဒနာရှုတယ်ဆိုလဲ.... (ဟုတ်ပါတယ်) စိတ်ရှုတယ်ဆိုလဲ.... (ဟုတ်ပါတယ်) ဒါဖြင့် ခင်ဗျားတို့ ကမ္မဋ္ဌာန်းအပြင်က မထွက်ပါလား.... (မထွက်ပါဘုရား)။

ခင်ဗျားတို့ ဆရာဘုန်းကြီး ပေးထားတဲ့ ဝေဒနာ နှုပဿနာရော၊ စိတ္တာနုပဿနာ ပေးထားတော့ ဒီနှစ်ခုက ထွက်တဲ့ဥစ္စာ ခင်ဗျားတို့ဝမ်းထဲမှာ ပေါ်ကိုမပေါ်လာဘူး.... (မှန်ပါ့) ပေါ်ပါ့မလား.... (မပေါ်ပါဘုရား)။

အင်မတန် ဦးသန်းမောင်.... မသေချာဘူးလား.... (သေချာပါတယ်ဘုရား) ဒါဖြင့် ထိနမိဒ္ဓလာယင် ဦးသန်းမောင်.... ဘယ့်နှယ်လုပ်ရမယ်.... (ဖြစ်ပျက်ရှုရပါမယ်)။

ဖြစ်ပျက်ရှုလိုက်တော့ ထိနမိဒ္ဓက ဖြစ်ပျက်၊ ရှုတဲ့ဉာဏ်က.... (မင်ပါဘုရား) မင်ဆိုတော့ ခုနင်က သူငိုက်မျည်းတဲ့ဘက် အားပေးသေးသလား....တဲ့၊ ဉာဏ်အမြင် ရှင်းလာသလား.... (ဉာဏ်အမြင် ရှင်းလာပါတယ်ဘုရား)။

ဉာဏ်အမြင်ရှင်းလာတော့ ငိုက်မျည်းတာ မရှိတော့ပါဘူး ရှိသေးရဲ့လား.... (မရှိပါဘုရား) ကိုင်း....ဒါ အရှုံးပေးယင်

တော့ဖြင့် ခင်ဗျားတို့ကို လူ့ဘဝ၏ အသက်တမ်းကို တဝက်နှုတ်မယ်ဆိုတဲ့သဘော.... (မှန်ပါ့)။

အရှုံးပေးယင် ဘယ်နှယ်ဆိုကြမှယ်.... (လူ့ဘဝ၏ အသက်တမ်းကို တဝက်နှုတ်မည့်သဘောပါဘုရား) တဝက်နှုတ်မယ်၊ လူ့ဘဝ၏ အသက်တမ်းကို ဖဲ့ထင်းတုံးကဲ့သို့ဖြစ်အောင် တဝက်နှုတ်ပစ်လိုက်မယ်.... (မှန်ပါ့)။

အိပ်နေတဲ့ ပုဂ္ဂိုလ်ဟာ ဖဲ့တွေ့လိုဘဲ၊ဘာမှ ဘယ်သူမှမသိတော့ဘူး.... (မှန်ပါ့) တုံးတွေ့လိုဘဲ၊ ဘာများ သိသေးရဲ့လား.... (ဘာမှမသိပါဘုရား)။

အဖြူလဲမသိဘူး၊ အမဲလဲမသိဘူး၊ ကောင်းတာလဲမသိဘူး၊ ဆိုးတာလဲမသိဘူး.... (မှန်ပါ့) အဲဒီမှာ ဖဲ့ထင်းတုံး လုပ်ပစ်လိုက်တာ ထိနမိဒ္ဓက.... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ)။

ခင်ဗျားတို့ခန္ဓာကိုယ် ဖဲ့သော်ငင်း၊ ထင်းတုံးသော်ငင်း၊ လုပ်ပစ်လိုက်တာ.... (ထိနမိဒ္ဓပါဘုရား) အဲ....အဲဒါ တရားဟောညံ့လို့ရှိယင် ထိနမိဒ္ဓဘက် သွားမှာဘဲ.... (မှန်ပါ့)။

ခုတော့ တရားဟောကလဲ မညံ့ပါဘူးတဲ့၊ ထိနမိဒ္ဓဟာ ဝေဒနာသုံးမျိုးဟေ့.... စိတ်ဖြင့် နှစ်မျိုးဟေ့.... (မှန်ပါ့) စိတ်ဖြင့် လောဘစိတ်နဲ့ ဒေါသစိတ်.... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ)။

အဲဒီတော့.... ဝေဒနာနဲ့ စ,တက်လာတဲ့ပုဂ္ဂိုလ် ဖြစ်ယင်လဲ ဝေဒနာသုံးမျိုးရှု၊ ထိနမိဒ္ဓဆိုတာ ဝေဒနာသုံးမျိုး.... (မှန်ပါ့) ပေါ်ကြပလား.... (ပေါ်ပါပြီ)။

ထိုနမိဒ္ဓဆိုတာ.... (ဝေဒနာသုံးမျိုးပါ ဘုရား) ဝေဒနာသုံးမျိုးဆိုတာ မှတ်ထားကြပါ၊ စိတ္တာနုပဿနာသမားက လောဘနဲ့ ဒေါသသာမှတ်လိုက်.... (မှန့်ပါ့) ပေါ်ပလား.... (ပေါ်ပါပြီ) ဒါဖြင့် ထိနမိဒ္ဓကြောင့် ခင်ဗျားတို့ ထွက်မြောက်ကြောင်း ဖြစ်ပါပြီ.... (မှန်ပါ့)။

ထိနမိဒ္ဓကြောင့်.... (ထွက်မြောက်ကြောင်း ဖြစ်ပါပြီဘုရား) ထွက်မြောက်ကြောင်း ဖြစ်တယ် မဖြစ်တယ် သူ့ရှုလိုက်တော့ ဝမ်းထဲက မင်ပေါ်လာတာ၊ မင်မပါဘဲနဲ့ ထိနမိဒ္ဓ ဖြစ်ပျက်ကို မမြင်ပါဘူး.... (မမြင်ပါဘုရား)။

ဒါဖြင့် ထိနမိဒ္ဓကြောင့် ကျုပ်တို့ ထွက်မြောက်ကြောင်းဖြစ်ပါတယ်.... (မှန်ပါ့ဘုရား) ဒါဖြင့် မနေ့က ပြောခဲ့တဲ့ နည်းအတိုင်းဆိုလို့ရှိယင်ဖြင့် ရန်သူကိုပင်လျှင် ကိုယ့်အကျိုးဆောင်ဘို့ ခိုင်းသလို (မှန်ပါ့ဘုရား)။

ရန်သူကို.... (အကျိုးဆောင်ခိုင်းပါတယ်) အကျိုးဆောင်ခိုင်းလိုက်တယ်.... (မှန်ပါ့) ခိုင်းလိုက်တော့ သူကကော မဆောင်ဘူးလား.... (ဆောင်ပါတယ်ဘုရား)။

အဲဒီလိုဆိုလို့ရှိယင်ဖြင့်....တဲ့၊ ဒါ.... တရားဟာ မည့်ဘူးသာ မှတ်ပေတော့.... (မှန်ပါ့ဘုရား) ရှင်းပြီနော်.... (ရှင်းပါပြီ) ခင်ဗျားတို့က ထိနမိဒ္ဓဝင်လာယင် အိပ်လိုက်တယ် ဆိုလို့ရှိယင်ဖြင့် သြော်.... ဒါဟာ.... ဆရာမည့်ဘူး၊ တပည့်ည့်ဘဲ ဖြစ်မယ် (မှန်ပါ့ဘုရား) ရှင်းပလား.... (ရှင်းပါပြီ)။

ဘယ်သူညံ့သလဲ (တပည့်ညံ့ပါတယ်ဘုရား) သူ-မရှုဖြစ်ဘူး၊ မရှုဖြစ်လို့ ထိနမိဒ္ဓက အနိုင်ယူသွားတယ်.... (မှန်ပါ့) သဘော ပါကြလား.... (ပါ-ပါပြီ)။

ကိုင်း....ဒါဖြင့် ထိနမိဒ္ဓကို တော်လောက်ပါပြီတဲ့၊ မနေ့ကလဲ ပြောခဲ့ပြီ၊ ဒီနေ့တော့ ဝတ္ထုနှစ်ခုနဲ့သက်သေခံလိုက်တယ်....(မှန်ပါ့ ဘုရား) ဝတ္ထုနှစ်ခုနဲ့ သက်သေခံလိုက်တဲ့အတွက် ဒီဥစ္စာဖြင့် ၉-နာရီ ၁၀-နာရီ ၁၁-နာရီကျလို့ရှိယင်ဖြင့် အင်း....ဆရာကတော့ အရှုခိုင်းတာဘဲ၊ ငါက အိပ်ချင်တယ်ဆိုပြီး အိပ်လိုက်လို့ ရှိယင်ဖြင့် တပည့်ညံ့ ဖြစ်လိမ့်မယ်.... (မှန်ပါ့ဘုရား)။

မဟုတ်ဘူးလား.... (မှန်ပါ့) ရှုရင်းပျော်သွားလို့ရှိယင်ဖြင့် ဘုန်းကြီးတို့ မဆိုလိုပါဘူး.... (မှန်ပါ့ဘုရား) သူလာလဲ လာလိုက် ရှုလိုက်၊ လာလိုက် ရှုလိုက်၊ ကောင်းပါတယ်.... (မှန်ပါ့)။

ဒီ့ပြင်ဟာလဲ ရှုရင်း ပျော်သွားတာရှိသေးတာကိုး....သူ့ရှုမှ ပျော်တာ မဟုတ်ပါဘူး.... (မှန်ပါ့ဘုရား) ဒီ့ပြင်ဟာရှုရင်း မတွန့်လဲ ပျော်သွားတာ ရှိတာကိုး၊ အဲဒါက ဒီ့ပြင်စိတ်တွေ့ ထိနမိဒ္ဓကြောင့် အိပ်စိတ်လာတာမဟုတ်ဘူးတဲ့၊ ဒီ့ပြင်ဝိပဿနာ ကနေ ကျေးဇူးပြုတဲ့ အိပ်စိတ်.... (မှန်ပါ့) ရှင်းကြပလား.... (ရှင်းပါပြီ)။

ကဲ....ဒါဖြင့် ဒါ....ဘယ်အချိန် စစ်တိုက်ရမှာတုံး.... ဆိုတော့ ကိုယ့်အိပ်ချိန် စစ်တိုက်ရမယ်.... (မှန်ပါ့ဘုရား) ဘယ်အချိန် စစ်တိုက်ရမလဲ....(ကိုယ့်အိပ်ချိန် စစ်တိုက်ရပါမယ်) အင်း....ဟင် ဘေးလဲမငြိစေနဲ့.... (မငြိစေပါဘုရား) လက်နက် ပြင်ထားနော် (မှန်ပါ့)။

ဘေးငြိသလားဆိုတော့ ဦးသန်းမောင်.... ဘယ်နှယ်တုံး.... (မငြိပါဘုရား) ဘာ ပြင်ထားရမတုံး.... (လက်နက်ပြင်ထားရပါမယ်)။

အဲ....ဥာဏ်ပြင်ထားရမယ်....လာသာလာပစေကွ၊ ရှုမကွဆိုပြီး ကိုယ်ကခါးတောင်းကျိုက်ပြီးသကာလ လက်ခမောင်းခတ်စမ်းပါ (မှန်ပါ့) နို့မဟုတ်လို့ရှိယင် သူလဲလာပါရော စင်းစင်းလဲသေပါရော ဆိုယင်ဖြင့် အတော်မနာဘူးလား (နာပါတယ်ဘုရား) အဲဒါတွေကိုလဲ ဥာဏ်ဦးလှည့်ရမယ်ဆိုတာ ဝိပဿနာ အလုပ်သမားမှာ တော်တော် အရေးကြီးတဲ့စကားဘဲ ဖြစ်ပါတယ်.... (မှန်ပါ့ဘုရား)။

ကိုင်း....ဒါဖြင့် နိဝရဏတရား အခုသုံးပါးပြီးသွားပြီ၊ လေးပါးမြောက်ကို ယနေ့စ,မယ်....။

ဥဒ္ဓစ္စ ကုက္ကုစ္စ နိဝရဏ

ဥဒ္ဓစ္စနဲ့ ကုက္ကုစ္စ၊ ဥဒ္ဓစ္စ ဆိုတာက ပို့လွှင့်တဲ့ စိတ်ကလေးဝင်လာတာ၊ ကုက္ကုစ္စ ဆိုတာက တွေးလုံးဝင်လာတာ....(မှန်ပါ့) ရှင်းပြီနော်.... (ရှင်းပါပြီ) ဥဒ္ဓစ္စဆိုတာက ဟိုပြေး ဒီပြေးတဲ့ စိတ်ကလေးဝင်လာတာ.... (မှန်ပါ့)။

ကုက္ကုစ္စ ဆိုတာက တကာ တကာမတို့ မှတ်ပါ၊ တွေးလုံး.... မတရားတွေးလုံးဝင်လာတာ တရားတဲ့တွေးလုံး မဟုတ်ဘူး.... (မှန်ပါ့) ခန္ဓာဥဇာဏ်ရောက် တွေးတဲ့သဘောမဟုတ်ဘူး (မှန်ပါ့) ရှင်းပြီနော်..... (ရှင်းပါပြီ)။

ပြေးတဲ့စိတ်ကို ဥဒ္ဓစ္စ၊ ဟုတ်လား၊ မတရားသဖြင့် တွေးတဲ့စိတ်ကို ကုက္ကုစ္စ၊ ဒါကို စဲ့စဲ့မြဲမြဲမှတ်ပါ....(မှန်ပါ့ဘုရား) ပြေးတဲ့စိတ်ကို....(ဥဒ္ဓစ္စလို့မှတ်ပါ) မတရားတာတွေ တွေးတဲ့စိတ်ကို....(ကုက္ကုစ္စပါ)။

ဥဒ္ဓစ္စနဲ့ ကုက္ကုစ္စဟာ တဲ့သာနေရတယ်၊ ခေါ်သာခေါ်နေရပါကလား။ စင်စစ်တော့ သူတို့အလုပ်ချင်းကတော့ဖြင့် ခပ်ခြားခြားဘဲ....(မှန်ပါ့) ပြေးတဲ့စိတ်ကို.... (ဥဒ္ဓစ္စခေါ်ပါတယ်) မတရားသဖြင့် တွေးတဲ့စိတ်ကို....(ကုက္ကုစ္စလို့ခေါ်ပါတယ်)။

ဒါမထူးဘူးလား.... (ထူးပါတယ်) ထူးနေပြီတဲ့....ထူးနေပြီ၊ ဘယ်နှယ်ကြောင့် သူတို့ကို ဥဒ္ဓစ္စ-ကုက္ကုစ္စလို့ တဲ့ဟောရပါလိမ့် မတုံးလို့မေးတဲ့ အခါကျတော့ တခုနဲ့တခု ကွာတဲ့တခုဝင်ယင် တခုလာတော့တာဘဲ.... (မှန်ပါ့) ဒါကြောင့် ငါတဲ့ဟောတယ်၊ ရှင်းပလား....(ရှင်းပါပြီ)။

ဥဒ္ဓစ္စလာယင် ကုက္ကုစ္စလာမယ်.... (မှန်ပါ့) ကုက္ကုစ္စလာယင်....(ဥဒ္ဓစ္စလာပါမယ်) ဥဒ္ဓစ္စလာမယ်တဲ့။

ကိုင်း....ဒါဖြင့် ဥဒ္ဓစ္စ အသာချိတ်ထား ကုက္ကုစ္စ ပြောမယ် ကုက္ကုစ္စ ဘယ်နှယ်ကြောင့် ပြောရပါလိမ့် မတုံးလို့ တကာ့ တကာမတွေ့ကမေးတော့ ခင်ဗျားတို့ကလဲ အင်္ဂေဝသုဝေဝ—နက ဖြန်သဘက်သေနိုင်တယ်၊ ဟောတဲ့ပုဂ္ဂိုလ်ကလဲ အင်္ဂေဝသုဝေဝနဲ့ ဟောရတယ်(မှန်ပါ့ဘုရား) ကုက္ကုစ္စဟာ ဥဒ္ဓစ္စထက် ကြောက်စရာကောင်းလို့.... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီ)။

ဥဒ္ဓစ္စထက် (ကုက္ကုစ္စက ကြောက်စရာ ကောင်းပါတယ် ဘုရား)ကုက္ကုစ္စက ကြောက်စရာကောင်းတယ်....(မှန်ပါ့)ကုက္ကုစ္စ

ဆိုတာက ရှေးက ငယ်ငယ်တုန်းက မိုက်ထားတာကို တွေးမိတယ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

ငယ်ငယ်တုန်းက မိုက်တူးတေထားတာတွေကို.... (တွေးမိပါတယ်) အဲဒါဘာခေါ်မလဲ.... (ကုက္ကုစ္စပေါ်ပါတယ်) သဘောကျပလား....(ကျပါပြီ)။

ပြီးတော့ကို ခင်ဗျားတို့က အခုအချိန်လွန်မှ ဘုန်းကြီးဆီကို အရှယ်ကြီးမှရောက်လာကြတော့ သြော်....တရားတွေကလဲ ဒုက္ခချုပ်တဲ့ဆီ မရောက်ဘူး ခက်လိုက်တာ၊ ဒါလဲ ကုက္ကုစ္စဘဲ၊ ရှင်းပလား....(ရှင်းပါပြီ)။

နောက်ကမကောင်းတာတွေ တွေးမိတာလဲ.... (ကုက္ကုစ္စပါဘူး) အခုငါလုပ်နေတဲ့ အလုပ်မရောက်သေးလို့ ခက်သေးတယ်ဆိုတာကော....(ကုက္ကုစ္စပါဘူး)။

ဒါဖြင့် အကုသိုလ်ကိုလုပ်မိလို့ တွေးမိတာလဲ ကုက္ကုစ္စဘဲ.... (မှန်ပါ့) ကုသိုလ်မလုပ်ရသေးလို့ တွေးတာလဲ.... (ကုက္ကုစ္စပါဘူး)။

အံမာလေး ကြောက်စရာကြီးပါကလား.... (မှန်ပါ့) သူ့ကို မမြင်တဲ့တရားဟာ မက်တားတယ်....(မှန်ပါ့)။

သေသေ ချာချာမှတ်ပါ ရှေးကပြုဘူးတဲ့ အကုသိုလ်တွေ တွေးယင်....(ကုက္ကုစ္စပါဘူး) အခုအားထုတ်နေတဲ့ အလုပ်ကို အပြီးသို့ မရောက်သေးလို့ ခက်သေးတယ်ဆိုတဲ့ တွေးလုံးဟာ.... (ကုက္ကုစ္စပါဘူး) ရှင်းပလား....(ရှင်းပါပြီ)။

သြော်.... ကုက္ကုစ္စသည်ကားလို့ဆိုယင် တွေးလုံးနှစ်မျိုးပါကလားလို့ ဦးသန်းမောင် မှတ်လိုက်ပါ....(မှန်ပါ့ဘုရား)။

ငယ်ငယ်တုန်းက ဘာမှမသိခင်တုန်းက မူးခဲ့-ရူးခဲ့-ပေခဲ့-တခဲ့ တာတွေကို အခုတရားအားထုတ်ရင်း မတွန့်တွေးလုံးပေါ်လာတာကော ဘာဆိုကြမလဲ....(ကုက္ကုစ္စပါဘုရား)မှတ်ထား.... မှတ်ထားပါဒါကိုး။

အခုသေခါနီးအချိန်မှာလဲ ဆရာကောင်း သမားကောင်းနဲ့တွေ့ပြန်တော့ သြော်.... အချိန်ကနောက်ကျသွားလို့ ခက်တယ်ဆိုတာကော....(ကုက္ကုစ္စပါဘုရား)။

မလာရဘူး၊ ဒီနှစ်ခု.... (မှန်ပါ့) ဒီနှစ်ခု မလာစေရဘူး.... (မှန်ပါ့ဘုရား) ဒါ့ကြောင့် ဒီစကားအရေးကြီးတယ်ပြောတာ.... (မှန်ပါ့) မကြီးဘူးလား(ကြီးပါတယ်)။

ဒီစကား ခင်ဗျားတို့ အရေးကြုံမှလာတာ ဦးသန်းမောင်.... (မှန်ပါ့) အံမာ အိပ်ကောင်းနေလို့ စားကောင်းနေယင် သူမလာဘူး....(မှန်ပါ့)။

ဒီဝိပဿနာ အလုပ်ကလေး လုပ်တော့မယ်ဆိုမှ အံမာ.... နှစ်ဆက်များဝင်လာလိုက်သေးတယ်....(မှန်ပါ့)မဝင်ပေဘူးလား.... (ဝင်ပါတယ်ဘုရား)။

သေသေချာချာ စဉ်းစားကြည့်ပါ။ ဒီတရားကောင်းတွေ့တွေ့ရတဲ့အခါကျတော့ ကိုယ်က မိုက်ပြီးထားတော့ နောက်ကဟာပြန်တွေးတယ်....(မှန်ပါ့)နောက်ကဟာအတွက် ကုက္ကုစ္စပြန်ဖြစ်တယ်....(မှန်ပါ့) သတ္တောကျပလား....(ကျပါပြီ)။

အခုတရားကောင်းတွေ့တွေ့ပြန်တော့လဲ ကိုယ်ကခရီးမပေါက်သေးဘူး၊ ခက်လိုက်တာ.... (မှန်ပါ့) ဒါကဘာတုံး(ကုက္ကုစ္စပါ

မင်းတို့က တရားကောင်းတွေတွေ့နေတာကိုး၊ ဒီတော့ကုသိုလ် တရားတွေကကြည့်စမ်း ဖြစ်ပျက်ရှုနေတော့ ကုသိုလ်တရားတွေ့ ရနေတာဘဲ၊ မင်္ဂလာသိုလ်တွေ့ ရနေတာဘဲ၊ ကိုယ်ကနိုဗ္ဗိန္ဒဆိုတဲ့ မင်္ဂလာသိုလ်ကမရသေး၊ နိဗ္ဗာန်မြင်တဲ့ မင်္ဂလာသိုလ် ဖိုလ်ကုသိုလ် ကလဲမရ၊ အဲဒါလဲခက်သေးတာဘဲ။

ဒါလဲ ဘာခေါ်ကြမလဲ.... (ကုက္ကုစ္စပါဘုရား) ဒါဖြင့် ကုက္ကုစ္စဟာ ပြုခဲ့ပြီး အကုသိုလ်တွေးယင်လဲ ကုက္ကုစ္စ.... (မှန်ပါ့ဘုရား)မရသေး မလုပ်ရသေးတဲ့ ကုသိုလ်တွေကို အတော်ပူပန်နေယင်လဲ....(ကုက္ကုစ္စပါဘုရား)။

ကုက္ကုစ္စဟာ ကြောက်စရာမကောင်းဘူးလား.... (ကောင်းပါတယ်ဘုရား) ဦးသန်းမောင် ကြောက်စရာမကောင်းဘူးလား.... (ကောင်းပါတယ်ဘုရား)။

ဒီအကုသိုလ်တွေကလဲအခုတရားအားထုတ်မှဘဲဟုတ်မှဟုတ်ပါ့မလား၊ ကိုယ့်အလုပ်တွေက အတော်ဆိုးတာဘဲ.... (မှန်ပါ့)သူဒီအချိန်မှလာတာ....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီ)။

အင့်ဟင်.... အခုတရားထူးတရားမြတ်တွေ့ တွေ့တဲ့အချိန်ကျမှ တွေ့တဲ့တရားကလဲ တယ်မှန်၊ ကိုယ်ကလဲ ခရီးမပေါက်သေးလို့ ခက်သေး....(မှန်ပါ့) ဒါလဲဘာခေါ်ကြမလဲ.... (ကုက္ကုစ္စပါဘဲဘုရား)။

အင်း....သူ အကုသိုလ်ဘက်ကိုလဲ ကုက္ကုစ္စ....(မှန်ပါ့) ကုသိုလ်ဘက်ကိုလဲ....(ကုက္ကုစ္စပါဘုရား) ဒါဖြင့် သတ္တဝါတွေ သေလေသ၍ ဒီနှစ်ခုနှိပ်စက်နေတာ.... (မှန်လှပါဘုရား) သေတဲ့လူ

အပေါင်းဟာ(မှန်ပါ့) ဒါကြောင့် သူ့ကို ရှေ့ထားပြောပါ တယ်ဆိုတာကော ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

သတ္တဝါသေလေသ၍ကို ဒီနှစ်ခုနှိပ်စက်တာ (မှန်ပါ့ဘုရား) ရှင်းပလား.... (ရှင်းပါပြီ)။

သတ္တဝါများ သေခါနီးကျလာလို့ရှိယင် ဘာနှိပ်စက်တယ် ထင်ကြသလဲ.... (ကုက္ကုစ္စပါဘုရား) ကုက္ကုစ္စနှိပ်စက်တယ်။

ဩော်.... ငယ်ငယ်တုံးက မိုက်ခဲ့တာတွေဟာ ဒါတွေးပြီး သကာလလဲ နှိပ်စက်တယ်.... (မှန်ပါ့)ဩော်.... မလုပ်ရသေးတာ ကလဲ ကုသိုလ်ဘက်က မလုပ်ရသေးတာတွေကလဲ ရှိနေတယ် အဲဒါလဲ စိတ်ထဲမအေးဘူးဆိုပြီး သေသွးတာဘဲ....(မှန်ပါ့)။

တချို့ဘုရားတန်းလန်းနဲ့ သေသွးတာတွေလို ပေါ့ဗျာ.... (မှန်ပါ့ဘုရား) ဘုရားကလဲမပြီးသေး ခက်တယ်ဆိုပြီး သေသွး တော့ ကုက္ကုစ္စနဲ့သေတာ ခင်ဗျားတို့ကတော့ ဘုရားစဲ့ပြီး သေ တယ်ထင်ကြတယ်၊ ကုက္ကုစ္စနဲ့ သေတာ.... (မှန်လှပါဘုရား) ကြောက်စရာကြီး.... (မှန်ပါ့)။

သူ့သားကလေးစဲ့သေသွးတယ်တဲ့၊ ရှင်ကလေးပြုချင်ရှာလို့ ဆိုတော့ ဒါခင်ဗျားတို့ ရှင်ပြုသူသတ်တာ ကိုယ့်ကုက္ကုစ္စကို မသိမှ မသိဘဲ.... (မှန်ပါ့ဘုရား)။

သူက ရှင်ပြုချင်တဲ့ လူမှုတန်းမှုကို အာရုံပြုတာလား၊ မပြုရ သေးလို့ ခက်တယ်လို့ သေသွးတာလား.... (မပြုရသေးလို့ ခက်တယ်ဆိုပြီး သေသွးတာပါဘုရား) ဒီကုက္ကုစ္စနဲ့ သေ သွးတာ.... (မှန်ပါ့)ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဦးသန်းမောင်တို့- ဦးသံဒိုင်တို့က ဆုံးဖြတ်ချက်ချ၊ မောင်သစ်တို့က ဆုံးဖြတ်ချက်ချပါ ဒီတရားပဲမှာ၊ မျှားသောအားဖြင့် ဒီအသေမျှားတယ်လို့.... (မှန်ပါ့ဘုရား) မမျှားဘူးလား....(မျှားပါတယ်ဘုရား)။

အဲဒီတော့ ဘေးက မသာညွှန့်ခံ ကောင်းကတော့ မသိဘူး၊ မသာညွှန့်ခံကောင်းကတော့ သားသမီး ရှင်ပြုချင်တဲ့စိတ်နဲ့သေသွားတယ်လို့ ပြောချင်ပြောနေတာ.... (မှန်ပါ့ဘုရား)။

ညွှန့်ခံကောင်းမို့ လိမ်ပြောတာ စင်စစ်ကုက္ကုစ္စ.... (မှန်ပါ့ဘုရား) ရှင်းပလား....(ရှင်းပါပြီ) စင်စစ်အပါယ်သွားရမှာ သူ့ဘဝက.... (မှန်ပါ့)။

ဦးသန်းမောင်- ဒီလိုကော မကြားဘူးဘူးလား....(ကြားဘူးပါတယ်ဘုရား) သူကလိမ်ပြီးညွှန့်ခံတာ.... (မှန်ပါ့) ဘယ်လိုညွှန့်ခံပါလိမ့်....(လိမ်ပြီးညွှန့်ခံပါတယ်ဘုရား)။

သူ့အထင်ကတော့ဖြင့် ဒါသားကလေး ရှင်ပြုချင်တဲ့စိတ်နဲ့သေသွားရှာတယ်၊ ဒီလိုယူတယ်.... (မှန်ပါ့) ဘုရားပြီးချင်တဲ့စိတ်နဲ့ သေသွားရှာတယ်....(မှန်ပါ့)။

ဟိုကတော့ ကုက္ကုစ္စကြီးနဲ့သေသွားတာ.... (မှန်ပါ့)အင်း.... ကိုယ်ကုသိုလ်လုပ်ထားတာ မပြီးသေးလို့ ခက်သေးတယ်ဆိုတဲ့သောကနဲ့ သေသွားတာ....(မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီ) ဘာနဲ့သေသွားသလဲ.... (သောကနဲ့သေသွားပါတယ်)။

ဒါကို ခင်ဗျားတို့က မသာညွှန့်ခံကောင်းက ဘယ်လိုမျှားပြောလေ့ရှိသတုံး.... ဘုရားစဲ့ပြီးသေသွားတာ သုဂတိ-သုဂတိသေချာတယ်၊ အင်း.... ဒီလိုမျှားညွှန့်ခံသေးတယ်.... (မှန်ပါ့

ဘုရား) မပြောကြဘူးလားပြောကြသလား....(ပြောကြပါတယ် ဘုရား) ဘယ်ဟုတ်လိမ့်မတုံး၊ ဒီဥစ္စာ ကုက္ကုစ္စနဲ့ သေသွားတာ ကြီး....(မှန်ပါဘုရား)။

ဒါဟာ အင်မတန်ကြားရခဲတဲ့ တရားလို့ဆိုတာကိုလဲ သေ သေချာချာမှတ်ပါ.... (မှန်ပါဘုရား)။

ကဲ.... ဦးသံဒိုင်တို့- ဦးသန်းမောင်တို့-မောင်သစ်တို့ဘဲ ဆုံးဖြတ် ချက်ချတော့ ဘုရားစဲ့ပြီးသေသွားတာလား.... မပြီးသေးလို့ သောကရောက်တာလား (သောကရောက်တာပါဘုရား)ဟင်.... သောကဆိုယင် ကုက္ကုစ္စဘဲ.... (မှန်ပါဘုရား) ရှင်းပလား.... (ရှင်းပါပြီ)။

တချို့ ဒီလူ နာလံထလို့ရှိယင်တော့ ရဟန်းခံမယ်၊ အဲဒါ ကလေး စဲ့သေသွားရှာတယ်၊အံမာလေး ဒီလိုမျိုး ပြောကြသေး တယ်.... (မှန်ပါ) မပြောကြဘူးလား....(ပြောပါတယ်ဘုရား)။

ဒီတောင်က တက်လို့ရှိယင်တော့ သူ ရဟန်းခံမယ်ဆိုတဲ့စိတ် ဟာ စိတ်ကောင်းကလေးနဲ့၊ အခုတော့ ဒီတောင်က မတက်ရှာ ဘူး၊ ဒီစိတ်ကလေးနဲ့ သေသွားတယ်.... (မှန်ပါ) ရဟန်းခံချင်တဲ့ စိတ်ကလေးနဲ့ သေသွားတယ်ဆိုတော့ တက်လိုက်ရတာလား.... မတက်လိုက်ရတာလား.... (မတက်လိုက်ရတာပါဘုရား)။

မတက်ရတော့ သောက မဖြစ်ဘူးလား.... (ဖြစ်ပါတယ် ဘုရား) ဒါဖြင့် သူသည် ကုသိုလ်စိတ်နဲ့သေတာလား.... သောက ဒေါသနဲ့ သေတာလား.... (သောက ဒေါသနဲ့ သေတာပါ ဘုရား)။

အဲဒါ ခင်ဗျားတို့ ဒီနေ့ညအရေးတကြီးပြောတယ် (မှန်ပါ့) အရေးတကြီး ပြောပါတယ်....တဲ့၊ များသောအားဖြင့် ဝိပဿနာ မပါတဲ့ ပုဂ္ဂိုလ်များမှာ ဒီသောကနဲ့ သေသွားတာ သိပ်များတယ်.... (မှန်ပါ့) မများဘူးလား.... (များပါတယ် ဘုရား) ဒါက ကုသိုလ်ဘက်က သောကဲ့ရှိသေးတယ်နော်....(မှန်ပါ့)။

အင်း....ဟင် သူက မမာနေတာ၊ သူ့သားကလေးက အဝေးမှာနေတော့ ဒါကလေး.... မအေးချာဘူး၊ တတောင့်တတနဲ့ သေသွားတယ်၊ အဲဒါကလဲ အတူတူဘဲ.... (မှန်ပါ့) ရိပ်မိပလား (ရိပ်မိပါပြီဘုရား) ဘယ်ဟာ ကောင်းသတုံး.... (ဘယ်ဟာမှ မကောင်းပါဘုရား)။

ဘုရားတည်တယ်၊ မပြီးတာနဲ့ သောကနဲ့ သေသွားရှာတယ်.... (မှန်ပါ့)သားကလေး ရှင်ပြုချင်တာ ပစ္စည်းတွေကစုပြီးသား၊ အသေကလေးက စောသွားလို့.... (မှန်ပါ့) သို့သော်လဲ ကောင်းရာတော့ သွားမှာပါဘဲဟော့.... ရှင်ပြုချင်တဲ့စိတ်နဲ့ သေသွားရှာတာ.... ဘယ်ဟုတ်ရမတုံး.... မပြုရဘဲနဲ့ သေသွားတဲ့ ဥစ္စာကြီး၊ ရိပ်မိပလား.... (ရိပ်မိပါပြီ) ဘယ်လိုသေသွားတာတုံး.... (မပြုရဘဲနဲ့ သေသွားတာပါ)။

မပြုရဘဲနဲ့ သေသွားတော့ကို မောင်သစ်ဘဲ သေကြည့်ပါ၊ သြော်.... ပြုချင်လျက်နဲ့ မပြုရဘူးဆိုတာနဲ့ သေသွားတာ.... (မှန်ပါ့ဘုရား)။

ဒါဖြင့် ကုက္ကုစ္စနဲ့သေတာဘဲ (မှန်ပါ့ကုက္ကုစ္စနဲ့သေတာပါ) ရှင်းပလား.... (ရှင်းပါပြီ) ဘာနဲ့ သေကြသလဲ.... (ကုက္ကုစ္စနဲ့ သေကြတာပါ)။

အဲဒီတော့ ခင်ဗျားတို့ကိုလဲ သတိပေးလိုက်တယ်.... ခင်ဗျားတို့က အခု ဝိပဿနာအလုပ် အားထုတ်နေတယ်၊ဝိပဿနာအဆုံးဟာ မဂ်ဉာဏ်ဘဲ.... (မှန်ပါ့)။

ဝိပဿနာအဆုံးဟာ.... (မဂ်ဉာဏ်ပါဘုရား) ဝိပဿနာဉာဏ်ကနေတက်လိုက်တော့ မဂ်ဉာဏ်ဘဲရှိတယ်....(မှန်ပါ့) ဝိပဿနာမဂ်၊ လောကုတ္တရာမဂ်၊ ဒီနှစ်ချက်ဘဲရှိပါတယ် (မှန်ပါ့) ဒီ့ပြင်အပိုမရှိဘူး.... (မရှိပါဘုရား)။

အဲဒါကြောင့် ဟို.... သုသိမ ပရဗိုဇ်များ ဟောတော့.... 'ပုဗ္ဗေ ခေါ သုသိမ မမ္မဋ္ဌိတိဉာဏံဟောတိ၊ပစ္ဆာ နိဗ္ဗာနေဉာဏံ' လို့ ဆိုပြီး ဘုရားက ဟောလိုက်တယ်၊ သုသိမ= သုသိမ၊ပုဗ္ဗေ= ရှေးအခါကာလ၌၊ မမ္မဋ္ဌိတိဉာဏံ= ဝိပဿနာ ဉာဏ်သည်၊ ဟောတိ=ဖြစ်၏။ ပစ္ဆာ= နောက်အခါကာလ၌၊ နိဗ္ဗာနေဉာဏံ နိဗ္ဗာန်မြင်တဲ့ မဂ်ဉာဏ်သည်၊ ဟောတိ=ဖြစ်၏။

သုသိမကို ဒီအတိုင်းဟောလိုက်တယ်၊ နှစ်ဉာဏ်တည်းခင်ဗျားတို့ အားထုတ်ရမှာ.... (မှန်ပါ့) ဖြစ်ပျက်မြင်တဲ့ ဉာဏ်ရယ်.... နိဗ္ဗာန်မြင်တဲ့ဉာဏ်ရယ်၊ ဒါဘဲအားထုတ်ရမယ်....(မှန်ပါ့ဘုရား) မဟုတ်ဘူးလား.... (မှန်ပါ့)။

နိဗ္ဗိန္ဒဉာဏ်ဆိုတာကတော့ ထည့်မနေပါနဲ့တော့ မောင်သစ်သူက ဖြစ်ပျက်မြင်နေတာဘဲ.... (မှန်ပါ့) ဖြစ်ပျက်မြင်တဲ့ဉာဏ်ဘဲ စဉ်းစားလိုက်တော့.... (မှန်ပါ့ဘုရား)။

ဒါဖြင့် နိဗ္ဗာန်ရောက်ချင်တဲ့ပုဂ္ဂိုလ် ဘယ်နှစ်ဉာဏ်နဲ့ တက်ကြမယ်.... (နှစ်ဉာဏ်ပါဘုရား)အဲ.... ဓမ္မဋ္ဌိတိဉာဏ်ဆိုတဲ့ ဝိပဿနာ

ဥာဏ်နဲ့ နိဗ္ဗာန်မြင်တဲ့ မဂ်ဥာဏ်နဲ့ဆိုယင် ဦးသန်းမောင် ပြီးပြီ (မှန်လှပါ)။

ဒါဖြင့် ခင်ဗျားတို့ ဖြစ်ပျက်မြင်ယင် ငါမကြောက်တော့ဘူးလို့ ဆုံးဖြတ်ချက်ချ.... (မှန်ပါ့ဘုရား) နောက် နိဗ္ဗာန်မြင်တဲ့ တဥာဏ်သာ ကျန်တော့တယ်.... (မှန်ပါ့)။

အင်မတန် အားရှိစရာလဲကောင်းပါတယ်.... (မှန်ပါ့ဘုရား) ဒါက နိဒါန်ဝဂ္ဂ သံယုတ်ပါဠိတော်မှာ သုသိမပရိဗိုဇ်ကိုသေသေချာချာဟောတယ်၊ နှစ်ဥာဏ်တည်းက.... (မှန်ပါ့) ကိုယ်တော် တိုင်ဟောတယ်လို့ မှတ်လိုက်စမ်းပါ.... (မှန်ပါ့ဘုရား) ရှင်းကြပလား.... (ရှင်းပါပြီ)။

ကောင်းပြီ....ဒါဖြင့် ကုက္ကုစ္စဟာ တခြားသော တရားထက် ဦးသန်းမောင်တို့.... ဦးသံဒိုင်တို့....မောင်သစ်တို့.... ကြောက်စရာကောင်းတယ်.... (ကြောက်စရာကောင်းပါတယ်ဘုရား)။

ကြောက်စရာသိပ်ကောင်းတယ်.... (မှန်ပါ့) ဒီ....ကုက္ကုစ္စဆိုတဲ့ဥစ္စာ ပြုပြီးသားအတွက်လဲ သူစိုးရိမ်တာဘဲ.... (မှန်ပါ့) ငါ.... ငယ်ငယ်တုံးက မှုးခဲ့ ရူးခဲ့တယ်၊ ဒီ....အကုသိုလ်တွေအတွက် စိုးရိမ်တယ်၊ မလာဘူးလား.... (လာပါတယ်ဘုရား) အခု တရားကလဲ မပေါက်သေးလို့ စိုးရိမ်တယ်.... (မှန်ပါ့)။

သူက စိုးရိမ်ချည်းဘဲ၊ သောကချည်းဘဲ.... (မှန်ပါ့ဘုရား) ရှင်းပလား.... (ရှင်းပါပြီ) ပြုပြီးသားအတွက်လဲဘာလဲ....(စိုးရိမ်ပါတယ်) မပေါက်သေးတဲ့ တရားအတွက်ကော (စိုးရိမ်ပါတယ်ဘုရား) သောကဖြစ်တယ်.... (ဝါ)စိုးရိမ်တယ်.... (မှန်ပါ့)။

ကဲ....ဘယ်ဟာတုံး....တဲ့၊ နှစ်ခုပေါင်းယူလိုက်ပါ၊ ဒါ....နှစ်ခုစလုံး ကုက္ကုစ္စလို့မှတ်လိုက်.... (မှန်ပါ့ဘုရား)။

ကုက္ကုစ္စဆိုတာ ဘာတုံးလို့မေးတော့ ဒေါသနဲ့ယှဉ်တယ်.... (မှန်ပါ့) မပေါ်သေးဘူးလား.... (ပေါ်ပါပြီဘုရား) ဒေါသက္ကဿာ မစ္ဆရိယကုက္ကုစ္စ-ဒေါသမူဒ္ဓေးမှာ ယှဉ်တာဘဲ....(မှန်ပါ့) ပေါ်ပလား.... (ပေါ်ပါပြီ)။

ဒါဖြင့် ခုနင်က မသာညှဉ်ခံကောင်းတဲ့ ပြောတာဟာ ဦးသန်းမောင် အပို့လို့မှတ်.... (အပို့ပါဘုရား) ဦးသံဒိုင်ကကော ဘယ်လို့မှတ်မယ်.... (မသာညှဉ်ခံကောင်းတဲ့ ပြောတာဟာ အပို့ပါဘုရား) ခင်ဗျားတို့ မယောင်ကြနဲ့ ပြောတာ.... (မှန်ပါ့ဘုရား)။

ဟိုမှာ မသိလို့ပြောနေတာ (မှန်ပါ့) မသိလို့ ပြောနေတာဘုရားမပြီးဘူး.... မပြီးဘူးနဲ့ သေသွားရှာတယ်၊ ကျောင်းတန်းလန်း- တန်းလန်းနဲ့ ဒါစဲ့ သေသွားရှာတယ်၊ မသာညှဉ်ခံသမားက ဒါပြောတာဗျ.... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ)။

သူပြောတာ သေတဲ့ပုဂ္ဂိုလ်မှာ ခင်ဗျားတို့က အကဲခတ်ကြည့်တော့ လုပ်မှ-လုပ်နိုင်ကြပါ့မလား.... အပြီးမှ သဘ်နိုင်ကြပါ့မလား....ဆိုတဲ့ ကုက္ကုစ္စနဲ့ သေသွားတာ....(မှန်ပါ့ဘုရား)ရှင်းပလား.... (ရှင်းပါပြီ)။

ဒါဖြင့် ခင်ဗျားတို့အားလုံးဘဲ သေကြရလိမ့်မယ်....တဲ့၊ မသေမဲ့ပုဂ္ဂိုလ် ဘယ်သူမှမရှိဘူးဆိုသဖြင့် လင်နဲ့ မယား နေကြတာအင်း.... ယောကျ်ားက အယင်သေမယ်ဆိုလို့ရှိယင်လဲ ဒီသား

မယားနဲ့ ဒီမိန်းမနဲ့ ဒီခလေးတွေနဲ့ နေရာမှ ကျပါ့မလားနဲ့ ကုက္ကုစ်စကသွားပြီ.... (မှန်ပါ့)။

ဒါတွေဟာ ခင်ဗျားတို့ နေရာမှ ကျပါ့မလား ဆိုတဲ့ဥစ္စာ ဦးသံဒိုင် ဘယ်လိုဆုံးဖြတ်ချက်ချမလဲ.... (ကုက္ကုစ်ပါဘုရား)။

ကဲ....အချိန်စေ့သွားပြီ....ယနေ့ည တော်ကြဦးစို့....။

သာဓု....သာဓု....သာဓု....။

အမရပူရမြို့ မဂ်လာတိုက်ဟောင်း

ကျေးဇူးတော်ရှင် — အဂ္ဂမဟာ ပဏ္ဍိတ

မိုးကုတ် ဆရာတော်ဘုရား

အမရပူရမြို့ မဂ်လာရိပ်သာကျောင်းပေါ်၌

ဟောကြားတော် မူသော

ဥဒ္ဒစ္စ ကုက္ကုစ္စ နီဝရဏ အာသန္နကံ ပြောင်းနည်း

ညှ အလုပ်ပေး တရားတော်

(၂၁-၁၁-၆၁)

ဥဒ္ဒစ္စ, ကုက္ကုစ္စဆိုတာ မဂ်ဉာဏ် ဖိုလ်ဉာဏ် တားတယ်လို့ မှတ်ရမယ်၊ ဥဒ္ဒစ္စဆိုတာ မသိဘဲနေမှာစိုးလို့ 'ဥဒ္ဒတာဿဘာဝေါ ဥဒ္ဒစ္စံ'--ဆိုတဲ့အတိုင်း ထားရာ မနေဘဲ ပို့လွှင့်တဲ့စိတ်ကို ဥဒ္ဒစ္စလို့ ခေါ်တယ်....(မှန်ပါ့) ဟိုဘက်ထွက်သွား- ဒီဘက်ထွက်သွား အဲဒီ ထွက်သွားတဲ့စိတ်ကို ဘာခေါ်ကြမယ်.... (ဥဒ္ဒစ္စပါဘုရား) ကောင်းပြီ ဒါဖြင့် ဒါဟာ ဥဒ္ဒစ္စ....(မှန်ပါ့)။

ကုက္ကုစ္စဆိုတာကတော့ ဒုစရိုက်ပြုပြီးတာကို ပြန်စိုးရိမ်တယ်၊ ငါမှားခဲ့တယ်....၊ ကောင်းသောအလုပ်တွေ့ မလုပ်မိခဲ့တာလဲ ငါမှားခဲ့တယ်၊ မကောင်းတဲ့ အလုပ်တွေ့ လုပ်မိတာလဲ....ငါမှားခဲ့တယ်....ဆိုပြီး သူ့ဟာသူ-စိုးရိမ်တဲ့ သောကကို ကုက္ကုစ္စလို့ မှတ်ထား....(မှန်ပါ့)။

ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဒီ နှစ်ခုစလုံးကို တဲ့ဟော ခြင်းသည် တခုဖြစ်ယင် တခုအဖေါ်ပါလာလို့- လို့ မှတ်လို့က်ပါ (မှန်လှပါ)တဲ့ဟောတာ ဘာဖြစ်လို့ပါလိမ့် ... (တခုဖြစ်ယင် တခုအဖေါ်ပါလာလို့ပါဘုရား)။

တခုဖြစ်ယင်တခု အဖေါ်ပါလာတဲ့ အတွက်တဲ့ ဒီဥစ္စာတဲ့ပြီး သကာလ ဟောခြင်းသည် နဂိုရိကကိုက တဲ့ဖြစ်တတ်တဲ့ သဘော ရှိလေသောကြောင့် ကုက္ကုစ္စနဲ့ ဥဒ္ဓစ္စ တဲ့ရပါတယ်.... (မှန်ပါ့ ဘုရား)။

ကောင်းပြီ ဒီလိုမှတ်ထားတော့ မနေ့က ကုက္ကုစ္စကို ပြောခဲ့ တယ်....(မှန်ပါ့) ကုက္ကုစ္စဟာ ဥဒ္ဓစ္စထက် ဦးသန်းမောင် အရေး ကြီးတယ်မှတ်လို့က်.... (မှန်ပါ့ဘုရား)ခင်ဗျားတို့ဖြစ်စေ ဘုန်းကြီး တို့ဖြစ်စေ, ဟို....နောက်က တကာမတွေ့ ဖြစ်စေ ငယ်ငယ်တုန်း ကတော့ မသိခင်က မိုက်ကြတာဘဲ....(မှန်ပါ့ဘုရား) စိတ်လို့က် မာန်ပါ လုပ်ဘူးတာတွေ့ အကုသိုလ်တွေ့ကလဲ မနည်းလှဘူး.... (မှန်ပါ့)။

ဒါကို တရားအားထုတ်နေတဲ့ အချိန်မှာဖြစ်စေ, တရားအား မထုတ်ဘဲနဲ့ နေတဲ့အခါမှာဖြစ်စေ ဘယ်အခါကာလမှ ပြန် မတွေ့ပါနဲ့....(မှန်ပါ့ဘုရား) ဖျောက်ပစ်ပါ....(မှန်ပါ့)။

တခါ ကုသိုလ်တွေ့ လုပ်မည့်ဥစ္စာကိုလဲ မလုပ်ရသေးဘူး၊ ခက်သေးတယ်ဆိုတာ မလာစေနဲ့၊ မလုပ်ဖြစ်ဘူး - မလုပ်တော့ ဘူးဖြတ်ချ.... (မှန်ပါ့) မပြီးသေးဘူး၊ မပြီးတာလဲ တော်ပြီ၊ ဖြတ်ချ၊ မပြီးသေးလို့ ခက်သေးတယ် မလာစေနဲ့.... (မှန်ပါ့

ဘုရား) မပြီးသေးလို့ ခက်သေးတယ် လာယင်ဖြင့် ကုက္ကုစ္စသွေး ဖြစ်တယ်....(မှန်ပါ့)။

ဒါဖြင့် ဥဒ္ဓစ္စနဲ့ ကုက္ကုစ္စသည် စိတ်ပျံ့လွင့်လို့ ဟိုဟာတွေ ပေါ်လာတယ်.... (မှန်ပါ့) စိတ်မပျံ့တဲ့ ပုဂ္ဂိုလ်မှာ ကုက္ကုစ္စ မပေါ်ဘူး.... (မှန်ပါ့ဘုရား) ဒါဖြင့် ဒီတရားနှစ်ခုသည် တကာ တကာမတွေ့ အလွန် ကြောက်စရာကောင်းတဲ့ တရားနှစ်ခုလို့ မှတ်ကြပါနော်....(မှန်ပါ့ဘုရား)။

အဲဒီတော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဟောလိုက်တယ်၊ 'ဥဒ္ဓတသဘာဝေါ ဥဒ္ဓစ္စံ' ဟော့....၊ မင်းတို့ ထားရာ မနေတဲ့စိတ် ဥဒ္ဓစ္စမှတ်၊ မကောင်းတာ ပြုပြီးတာကို စိုးရိမ်နေတာလဲ ကုက္ကုစ္စ မှတ်ဟော့၊ ကောင်းတာကို မပြုလုပ်ရသေးလို့ သောကရောက်နေတာလဲ ကုက္ကုစ္စဟော့.... (မှန်ပါ့) ရှင်းပြီနော်-(ရှင်းပါပြီ)။

အဲဒီတော့ ဒါတွေဟာ လူတိုင်းမှာရှိတတ်တဲ့ တရားလို့.... ဦးသန်းမောင်တို့ ဦးသံဒိုင်တို့ မှတ်ရမယ်.... (မှန်လှပါဘုရား) ဘယ်အချိန်မှာ လာတတ်သတုံးလို့ မေးတဲ့အခါ သေခါနီးမှာ အာသန္နကံ အဖြစ်နဲ့ လာတတ်တယ်....(မှန်ပါ့ဘုရား)။

သေခါနီးမှာ....(အာသန္နကံအဖြစ်နဲ့လာတတ်ပါတယ်ဘုရား) သေခါနီးမှာ အာသန္နကံအဖြစ်နဲ့ လာတတ်တယ်လို့ ဘုန်းကြီးတို့ တကာ တကာမတွေ့က မှတ်ထားပါ.... (မှန်ပါ့ဘုရား) အဲဒီလို့ အာသန္နကံ လုပ်ထားတဲ့ ပုဂ္ဂိုလ်ဟာ တသက်လုံး တရားအား ထုတ် တသက်လုံး ဒါနတွေပြု၊ သူကဝင်ပြီး အကျိုးပေးလိမ့်

မယ်.... (မှန်ပါ့ဘုရား) မနစ်နာဘူးလား.... (နစ်နာပါတယ် ဘုရား)။

ယနေ့ ဝတ္ထုထုတ်ကြစို့တဲ့....မလွိုကာ မိဖုရားကြီးဝတ္ထု.... (မှန်ပါ့) မလွိုကာ မိဖုရားကြီးဆိုတာ တကာ တကာမတွေ့ မှတ်ထားပါ ပဿေနဒိကောသလမင်းကြီးရဲ့ ခင်ပွန်းမ မိဖုရားကြီး ပေါ့....(မှန်ပါ့ဘုရား)။

သူဟာ ဘယ်သူနဲ့မှ မတူတဲ့ အသဒိသ အလှကြီး လှဘူးတယ်၊ ဘယ်သူနဲ့မှ မတူဘူး.... (မှန်ပါ့ဘုရား) ဘုရားလက်ထက်မှာ အခမ်းနားဆုံး၊ အကြီးကျယ်ဆုံး၊ အကြီးကျယ်ထဲမှာဖြင့် သူ့ထက်ကြီးကျယ်အောင် လှူနိုင်တဲ့အလှ ရှိကို-မရှိဘူး.... (မှန်ပါ့ဘုရား)။

ဒါဖြင့် ဒီအလှူကြီးဟာ အကျိုးပေးရတော့မယ်....လို့ ဦးသန်းမောင်တို့ ဦးသံဒိုင်တို့က အောက်မေ့မှာဘဲ.... (မှန်ပါ့ဘုရား)။

မပေးဘူးလို့ ဘုန်းကြီးက မဟောပါဘူး၊ ပေးမှာပါဘဲ၊ ပေးပင်ပေးငြားသော်လဲ သူ့မှာ ကုက္ကုစ္စဝင်လာတယ်....(မှန်ပါ့) ကုက္ကုစ္စဝင်လာတယ် ရှင်ဘုရင်ကို လိမ်ပြစ်ကလေး တခု၊ မသိမသာ မိန်းမတို့ကြောနဲ့ လှည့်ပြီး လိမ်လိုက်တယ်....(မှန်ပါ့)။

အဲဒီ့ လိမ်ပြစ်ကလေးက ဖြစ်လောက်တာလဲ မဟုတ်ဘူး၊ ဖြစ်လောက်တဲ့ အမှုသွားကလေးလဲ မဟုတ်ဘူး၊ အဲဒီ့အသဒိသ ဒါနအလှူကြီး လှူပြီးတော့ သေခါနီးကျတော့ သူက အာသန္နကံ ဖြစ်လာတယ်.... (မှန်ပါ့) ရှင်ဘုရင်ကို ငါ့နှယ် မဟုတ်တာ

တော့ လိမ်မိတယ်.... (မှန်ပါ့) ဒီအချိန်မှ ပေါ်လာတယ်..... (မှန်ပါ့) သေခါနီးမှာ ပေါ်လာတယ်.... (မှန်ပါ့)။

ပေါ်လာတော့ အသဒိသ ဒါန အလှူကြီးက ဆင်လှူ မြင်းလှူ နှံ့သာတွေဆိုတာ မပြောပါနဲ့ လှေနဲ့ကို ထည့်လှူတယ် .... (မှန်ပါ့) ရဟန္တာတပါး ဆင်တစီး အပျိုတော်တွေခြံရံလို့ ယပ်တောင်တွေ ခပ်လို့၊ ဒီအထဲကမှ ကျွးစရာ မွေးစရာရှိ ရှင်ဘုရင်ချည်းဘဲ၊ တိုင်းပြည်နဲ့ ပြိုင်တာ သူက အနိုင်ယူတာဘဲ.... (မှန်ပါ့)။

ပြီးတော့ လူတာကလဲ ရဟန္တာချည်းဘဲဆိုတော့ ဦးသန်း မောင် လယ်ကောင်းတွေပေါ့ဗျာ.... (မှန်ပါ့) ရဟန္တာဆိုတာ 'အနုတ္တရံ ပုညက္ခေတ္တံ လောကဿ'လို့- ဆိုတဲ့အတိုင်း လယ် ကောင်းတွေဘဲ.... (မှန်ပါ့) စိုက်လိုက်တာလဲ မျိုးစေ့ကောင်း တွေဘဲ.... (မှန်ပါ့)။

အင်မတန် အကျိုးပေးဘို့ ကောင်းပါတယ်လို့.... မောင်သစ် တို့ ဆုံးဖြတ်ချက်ချရမယ်.... (မှန်ပါ့ဘုရား)။

ဘုရားတဆူတဆူပေါ်မှဒီလိုအလှူမျိုးတလှူတလှူဘဲလှူနိုင်တယ် (မှန်ပါ့) ဒီ ပြင် အတုမရှိဘူး၊ ဒါ့ကြောင့် အသဒိသဒါန၊အသ ဒိသတွင် အ-က မြစ်တယ်၊ သဒိသက တူတယ်၊ မတူအောင် လှူတယ်၊ အင်မတန် ကြီးကျယ်ခမ်းနားတဲ့ အလှူကြီးဆိုယင်လဲ ဦးသန်းမောင် ငြင်းဘို့ မလိုပါဘူး.... (မှန်ပါ့-မလိုပါဘုရား)။

အဲဒါ သေခါနီးကျမှ ရှင်ဘုရင်ကို မုသားကလေး သုံးမိတာ ကလေးက ဖြတ်ကနဲဝင်လာတယ်၊ ဖြတ်ကနဲဝင်လာတော့ သူက

အာသန္နကံဖြစ်သွားတယ်၊ အာသန္နကမ္မ၊ အာသန္နက-က စုတိနဲ့ နီးတာ၊ ကမ္မကအမ္မ၊ အာသန္နကမ္မဆိုတဲ့ အာသန္နကံ ကလေးပေါ့ ဗျာ.... (မှန်ပါ့)။

ဒါကလေးက စုတိနဲ့နီးတော့ စုတိပြီး ပဋိသန္ဓေလာရမယ်၊ မဂ်ဖိုလ်မရသေးတဲ့ ပုဂ္ဂိုလ်များမှာ.... (မှန်ပါ့ဘုရား)။

အဲဒီ စုတိနဲ့ နီးပြီးနေတော့စုတိပြီး ပဋိသန္ဓေ လာတော့.... ပဋိသန္ဓေနဲ့လဲ နီးတယ်လို့ မဆိုနိုင်ဘူးလား.... (ဆိုနိုင်ပါတယ် ဘုရား)။

အေး....ဒါကြောင့်-ဒါကြောင့် သူကို အာသန္နကံလို့ ဒီနေ့ည ထူးထူးခြားခြား ပြောလိုက်တယ်....(မှန်ပါ့)။

အဲဒီ အာသန္နကံကလေးဟာ ဝင်ပြီးတော့နှောက်ရှက်လိုက်တာ အသဒိသဒါနကြီးဟာ နေရစ်ရရှာတယ်၊ အဝိစိကျသွားတယ်.... (မှန်ပါ့ဘုရား)။

ကဲ....အသဒိသဒါန အလှူကြီးဟာ ဦးသန်းမောင် ကယ်နိုင်သေးရဲ့လား.... (မကယ်နိုင်ပါဘုရား) မကယ်နိုင်ဘူး။

ဘာဖြစ်လို့ မကယ်နိုင်တာတုံးဆို ဟိုနဲ့သာနီးတယ်၊အသဒိသဒါနက အလှန်ကြီးကျယ်တဲ့ ကံဟောင်းကြီး လုပ်ထားတာ၊ ဒါကလေးက သေးသေးကလေး တခါတည်း ပြစ်မှားတယ်၊ ဘယ်နှယ်ကြောင့်တုံးဆိုတော့ သူက အဲဒါ ကုက္ကုစ္စသဘောနဲ့ ဝင်လာတယ်.... (မှန်ပါ့ဘုရား)။

သြော်....ငါ့ ဒီအပြစ်ကလေး ဒါကလေးကြောင့် ငါခက်တယ်-ဆိုပြီး၊ ဒါကလေးကြောင့် ခက်တယ်ဆိုတဲ့ အလုံးကလေး

ဝင်လာတယ်.... (မှန်ပါ့ဘုရား) ဒါနဲ့ အဝီစိကျတယ်၊ ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

ကုက္ကုစ္စဆိုးပုံများ.... (မှန်ပါ့) အသဒိသဒါနကြီး မကယ်သာဘူး... (မှန်ပါ့) ဘယ်လောက် နစ်နာသလဲ.... (နစ်နာပါတယ်ဘုရား)။

ဦးသံဒိုင်.... ဘာကံတွဲတုံး(အာသန္နကံပါဘုရား)မှတ်ထားပါ။ နောက်က တကာ တကာမတွေ့ ဘယ်သူနှင့် နိဗ္ဗာန်တုံးဆိုတော့ သေခါနီးနဲ့ စုတိစိတ်နဲ့နိဗ္ဗာန်.... (မှန်ပါ့) ပဋိသန္ဓေနဲ့လဲ နိဗ္ဗာန် (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ) စုတိနဲ့လဲ.... (နိဗ္ဗာန်ပါတယ်) ပဋိသန္ဓေနဲ့လဲ.... (နိဗ္ဗာန်ပါတယ်ဘုရား) ဒါကို ဘာကံခေါ်ကြမလဲ (အာသန္နကံခေါ်ပါတယ်)။

အာသန္နကံဆိုတာ မှတ်ထားလိုက်ပါ၊ ဘယ်အချိန်လာတတ်သတုံး ဆိုလို့ရှိယင် သေတော့မယ်လို့ စုတိစိတ် ရောက်ခါနီးမှ လာတယ်.... (မှန်ပါ့) အင်မတန်ကြောက်စရာ မကောင်းဘူးလား (ကောင်းပါတယ်ဘုရား)။

အဲဒီ အာသန္နကံ နှိပ်စက်လိုက်တာ တိုင်းပြည်ကြီးပါ ချိုလှုပ်ခဲ့ရတာတွေ့ အကျိုးပေးခွင့် မရဘူး၊ သူကနေပြီး အယင်ဆုံးအကျိုးပေးချလိုက်တယ် အကျိုးပေးချလိုက်တော့ အဝီစိကျခဲ့တယ်.... (မှန်ပါ့) မနာဘူးလား:.... (နာပါတယ်ဘုရား)။

ဒါနဲ့ ရှင်ဘုရင်ကလဲ သူ့မိဖုရားကြီး မြတ်နိုးတာက တကြောင်း၊ သူက ဒါကို အကြံဉာဏ်ပေးလို့ ဒီအလှူပဲကြီး အထမြောက်ရတာလဲ တကြောင်းဆိုတော့ သူ့ခင်ပွန်းမ ကောင်းရာ

သုဂတိတော့ သွားပေါ့လို့ သူကဆုံးဖြတ်ချက် ချလိုက်တယ်..... (မှန်ပါ့)။

သူက ဆုံးဖြတ်ချက်ချတာက ကောင်းရာ သုဂတိသွားတယ်၊ ဒီလိုဆုံးဖြတ်ချက် ချတယ်.... (မှန်ပါ့) ပသေနဒီကောသလ မင်းကြီးက.... (မှန်ပါ့)။

သူထင်နေတာက တမျိုး၊ ဟို ဖြစ်နေတာက တမျိုးလို့ တကာ တကာမတွေ့ မှတ်လိုက်ပါ....(မှန်ပါ့ဘုရား)။

ဒါနဲ့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက နေ့တိုင်းလို နန်းတော်သို့ ဆွမ်းခံမလာဘူးဗျ....(မှန်ပါ့)ဘုရားက မကြွဘူး.... (မှန်ပါ့) ကြွယင် သူ့ခင်ပွန်းမ အခုဘယ်ဘုံ ရောက်နေသတုံး ဘုရား့ သူကလဲ မေးမှာ.... (မှန်ပါ့) ဘုရားကလဲ ခင်ဗျားတို့ သိတဲ့အတိုင်းတဲ့ ဝစီကံ နောက်ကနေပြီးသကာလ မနောကံကလဲ အမြဲလိုက်တယ်၊ ဝစီကံကလဲ အမှန်ပြော၊ မနောကံကလဲ အမှန်နှလုံးသွင်း၊ ဥာဏာနု ပရိဝတ္တံ ဆိုတဲ့အတိုင်း ခင်ဗျားတို့ ရတဲ့အတိုင်းတဲ့ 'သဗ္ဗံ ဝစီကမ္မံ ဥာဏာနု ပရိဝတ္တံ' ဥာဏ်သို့ အစဉ်လိုက်တယ်.... (မှန်ပါ့) မနောကံနဲ့ ဥာဏ်နဲ့ တခါတည်း လိုက်တယ်.... (မှန်ပါ့) မနောကံကလဲ အမှန်ပြောတယ်၊ ဥာဏ်ကလဲ အမှန်လိုက်တယ်.... (မှန်ပါ့)၊

အဲဒီတော့ သူ့ဝါဒလဲ ဘုရားဖြစ်တဲ့ဥစ္စာ နိယာမသဘောတွေ့ သင့်နေတော့ ဖျက်ဆီးလို့မရပါဘူး၊ ဒါနဲ့ နန်းတော်ထဲ မကြွဘဲနေတယ်.... (မှန်ပါ့) ခုနစ်ရက်မကြွဘဲ နေလိုက်တယ်၊ ခုနစ်ရက်ခံရမှာကိုး အဝီစိမှာ....(မှန်လှပါ)အာသန္နကံကအကျိုး ပေးလိုက်တာနော်.... (မှန်ပါ့)။

အင်း....နန်းတော်ထဲသာ နေ့တိုင်းလို ဆွမ်းခံကြွမယ် ဆိုလို ရှိယင် ချက်ခြင်းကောက်မေးမယ်၊ ကောက်မေးယင် အဝိစိမှာ လို့ဘဲ ပြောရမယ်.... (မှန်ပါ့) အဝိစိမှာလို့ ပြောလိုက်လို့ ရှိ ယင်လဲ လူတာတွေအလကားဘဲဟေ့—လို့ ရှင်ဘုရင်က ဆုံးဖြတ် ချက်ချမယ်....(မှန်ပါ့)။

ကဲ....ဒီလောက်လူခဲ့ရတဲ့ အလူကြီး အဝိစိကျတယ် ဆိုယင် ဒီလောက်လူတဲ့ အလူပေးပုဂ္ဂိုလ် အဝိစိကျရတယ်ဆိုယင် သူပါ မိစ္ဆာဒိဋ္ဌိဖြစ်တော့မယ်.... (မှန်ပါ့ဘုရား) ဒါ့ကြောင့် မကြံဘဲ နေလိုက်တာ။

ကဲ ဦးသန်းမောင် ဘုရားတောင် မကြံဘူး၊ မကြံတာက ရှင်ဘုရင် မိစ္ဆာဒိဋ္ဌိဖြစ်မှာစိုးလို့.... (မှန်ပါ့ဘုရား) ဘာဖြစ်လို့ ဘုံး.... (ရှင်ဘုရင် မိစ္ဆာဒိဋ္ဌိဖြစ်မှာစိုးလို့ပါ့ဘုရား) ရှင်ဘုရင် မိစ္ဆာဒိဋ္ဌိဖြစ်မှာစိုးလို့ မကြံတာ....(မှန်ပါ့)။

နောက် ခုနစ်ရက်စေ့တဲ့ အခါကျတော့ နတ်ပြည်တက် သွားတယ်၊အဲဒီနတ်ပြည်တက်သွားတော့ ဘုရားက အဘိညာဏ်နဲ့ ကြည့်လို့ နတ်ပြည်ရောက်သွားတယ်လို့ သိတော့မှ နန်းတော် သို့ ကြွတယ်၊ ကောက် မေးလိုက်တာဘဲ တခါတည်း အရှင် ဘုရား တပည့်တော်ရဲ့ မလို့ကာ မိဖုရားကြီးဟာ ဘယ်-ရောက် နေသတုံး.... ဟာ.... နတ်ပြည်ရောက်နေပြီတကာကြီး၊ အဲဒီကျမှ သွားတယ်၊ ခုနစ်ရက်မသွားဘူး၊ ဒီ့ပြင်နေရာမှာ ဆွမ်းခံစားရ တယ်၊ ဒီနန်းတော်ထဲ ဆွမ်းခံမစားဘူး။

ဘာ့ကြောင့်တုံးဆိုတော့ ရှင်ဘုရင် မိစ္ဆာဒိဋ္ဌိ ဖြစ်မှာစိုးလို့.... (မှန်လှပါဘုရား) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ခင်ဗျားတို့က သိပြီးသား ဖြစ်နေတယ်၊ ဟိုဟာက ဟိုဟာ ဒီဟာက ဒီဟာ၊ ဒါတခြားစီလို့ ခင်ဗျားတို့ကမှတ်.... (မှန်ပါ-ဘုရား)။

ကုက္ကုစ္စက- ကုက္ကုစ္စတခြား! မဟုတ်ဘူးလား.... (မှန်ပါ့) အသဒိသဒါနက....(တခြားပါဘုရား)။

သို့သော်သူက ဘာဖြစ်လို့ အယင်အကျိုး ပေးပစ်လိုက်သတုံး-နတ်ပြည်အကျိုးမပေးဘဲနဲ့ဆိုတော့ ကုက္ကုစ္စဖြစ်လို့.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

ဘာတဲ့တုံး .. (ကုက္ကုစ္စဖြစ်လို့ပါ) ကုက္ကုစ္စအာသန္နကံလာ-ဖြစ်တယ်.... (မှန်ပါ့) ကုက္ကုစ္စဇော စောတာ၊ ကြောက်စရာမကောင်းဘူးလား....(ကောင်းပါတယ်ဘုရား)။

အဲဒီကော့ အခုဘုန်းကြီး ဆုံးမတာ ခင်ဗျားတို့မှတ်ထားပါ။ အကုသိုလ်ဟူသမျှ နောက်ကဘယ်လိုမှုက်ခဲ့မှုက်ခဲ့ ပြန်မတွေးနဲ့.... (မှန်ပါ့ဘုရား) တွေးယင် မိုက်တာဘဲ၊ ကုက္ကုစ္စဖြစ်မယ်.... (မှန်ပါ့)။

မပြုရသေးတဲ့ ကုသိုလ်ဟူသမျှကိုလဲ ပြန်ပြီးသကာလ ခင်ဗျား-တို့ လွမ်းဆွတ် သောက ဗျာပါဒ ဖြစ်မနေနဲ့....(မှန်ပါ့) ငါကဲ့သ-သူမျှားလို့ ဒုံဘုရားကြီး ရှေ့ပြားမကပ်ခဲ့ရတာ မကျေနပ်ဘူး-ကဲ့လို့ မလုပ်နဲ့....(မှန်ပါ့) ဘာမှ မတွေးနဲ့....(မှန်ပါ့)။

အခုလုပ်နေတဲ့ ဆရာဘုန်းကြီး ပေးတဲ့ ဖြစ်ပျက် ကိုသာ ခင်ဗျားတို့က ဖဲ့သတဲ့အခါ နှလုံးသွင်း.... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ) သေလဲ ဒီဖြစ်ပျက်ကိုရှုပြီး သေရုံဘဲ.... (မှန်ပါ့)။

ဖြစ်ပျက်ရှုပြီး သေလိုက်လို ရှိယင် သေတဲ့ အချိန်မှာဘဲ-သောတာပန် သကဒါဂါမ် အနာဂါမ် ဖြစ်နိုင်သေးတယ်.... (မှန်ပါ့)။

သောတာပန် သကဒါဂါမ် အနာဂါမ်ဖြစ်ပြီးမှ ရှုပြီး သေ-လိုက်ဦးမယ်ဆိုလို့ရှိယင် သေခါနီးမှာ ရဟန္တာဖြစ်သေးတယ်.... (မှန်ပါ့ဘုရား)။

ဒီတော့ ဦးသံဒိုင် ဆရာသမားက အရေးကြီးတာ ဆုံးမပြီဆိုတာ မှတ်ရလိမ့်မယ်.... (မှန်ပါ့ဘုရား) အရေးကြီးတာကို.... (ဆုံးမပါပြီဘုရား) ပြုပြီး အကုသိုလ်တွေကို တွေ့ရမှာလား—မတွေ့ရဘူးလား.... (မတွေ့ရပါဘုရား) တွေ့ယင် ကုက္ကုစ္စဖြစ်-တာဘဲ၊ (မှန်ပါ့) မပြုရသေးတဲ့ ကုသိုလ်တွေကို တွေ့ယင်လဲ.... (ကုက္ကုစ္စပါဘုရား)။

ဒါဖြင့် အားလုံးတကာ တကာမတွေက ပြုပြီးသားအကုသိုလ်တွေကိုလဲ တွေးလုံး ဘယ်အခါမှ မထုတ်ပါနဲ့ ဆိုတာ တား-မြစ်တယ်....(မှန်ပါ့) မပြုရသေးတဲ့ ကုသိုလ်တွေကိုလဲ မပြုရသေး--ဘူးဆိုတဲ့ ကုက္ကုစ္စသောက မလာပါစေနဲ့(မှန်လှပါ) ကိုယ်လုပ်မြဲ အလုပ်သာ ပဓာနထားပါ၊ ရှင်းပလား.... (ရှင်းပါပြီ) ဘာကို ပဓာနထားရမလဲ....(ကိုယ်လုပ်မြဲ အလုပ်ကို ပဓာနထားရပါမယ်) လုပ်မြဲအလုပ်ဆိုတာကလဲ သာမညဆရာသမားကတော့ ဦးသံဒိုင်တို့ကိုဟောလိမ့်မယ်၊ သာမည အသိဉာဏ်ရှိတဲ့ ပုဂ္ဂိုလ်ကတော့-ဦးသန်းမောင်တို့ကို ဟောမှာဘဲ....မင်းက္ခ ရွှေဆံတော်မှာ တန်ဆောင်းသုံးခု လုပ်တားတယ်၊အဲဒါ သေခါနီးမှာ မရ ရအောင် ဖက်က္ခ၊ သူပြောချင် ပြောလိုက်လိမ့်မယ် ဒါတွေ့မပေါ်-ပေါ် အောင်တွေးက္ခ၊ စဉ်ဂါနုဿတိကို သူဟောမယ်.... (မှန်ပါ့)။

အဲဒါဘာဟောတာလဲ.... (စာဂါနုဿတိပါဘုရား) သမထကိုရှေးဟောတယ်.... (မှန်ပါ့) အနုဿတိ ဆယ်ပါးဆိုတာ သမထဘဲ....(မှန်ပါ့)။

ဟာ ဒမ္မိမှာ သိမ်ကြီးတခုဆောက်ထားတယ်၊ မင်းကသိုလ် မလုတ်စေနဲ့နော်ဆိုတာ ဦးသန်းမောင် ကြားဘူးချင်လဲ ကြားဘူးလိမ့်မယ်....(ကြားဘူးပါတယ်ဘုရား)။

ကြားဘူးတယ်၊ သာမညဆရာနဲ့တွေ့ယင် ဒါဟောလိမ့်--မယ်ဆိုတာ သိပြီးသားနော်....(မှန်ပါ့)။

ဒါဘာတုံးဆိုတော့ ကိုယ်စွန့်ထားတာ အောက်မေ့တာ၊စာဂါနုဿတိခေါ်တယ်၊ အဘိုးမတန် လှူသေးပါဘူး၊ရှင်းပလား.... (ရှင်းပါပြီ)။

ကောင်းပြီ ဒါဖြင့် ကာမမှာ အဆောက်အဦ တခု လှူဒါန်းထားတယ်၊ တန်ဆောင်းတခု လှူဒါန်းထားတယ်၊ ပုပ္ပါးတောင်မှာ တန်ဆောင်းတခု လှူဒါန်းထားပြန်တယ်၊ ဒါတွေ့ မပျောက်စေနဲ့နော်.... သေခါနီး ဒါကိုစွဲကွ၊ ဒီလိုဘဲ ဟောကြမှာဘဲ.... (မှန်ပါ့)။

ဘာဟောတာတုံး ဆိုတော့ ဦးသံဒိုင်က ဆုံးဖြတ်ချက်ချ.... (စာဂါနုဿတိ ဟောတာပါဘုရား) သမထလား ဝိပဿနာလား....(သမထပါဘုရား)။

ဒါဘာလုပ်ဘို့တုံးဒီဥစ္စာ၊ မဟုတ်ဘူးလား....(မှန်ပါ)အောက်တန်းကျတယ်ဒီဟာ....(မှန်ပါ့)။

ဘာမှ မအောက်မေ့နဲ့....တဲ့၊ ဒီခန္ဓာကိုယ်ကြီးကို ဖြစ်ပျက် ဒုက္ခသစ္စာ အောက်မေ့လိုက်လို့ရှိယင် သခါနိုးမှ တရားနာပြီး ခန္ဓာ နှလုံးသွင်းလိုက်လို့ရှိယင် သောတာပန် သကဒါဂါမ်၊ အနာဂါမ် ကျအောင် တည်တယ်.... (မှန်ပါ့ဘုရား) ဘယ့်နှယ် ကြောင့် တည်ပါလိမ့်မလဲလို့ ခင်ဗျားတို့ မေးဘို့မလိုဘူးလား.... (လိုပါတယ်ဘုရား)။

ရေနစ်နေတဲ့လူတဦးတယောက်ဟာ ကမ်းနားလဲမြင်နေရပြီဆို လို့ရှိယင် အားကုန်ကူးမလား.... မကူးဘူးလား.... (ကူးပါတယ် ဘုရား) ဘာ ပြု လို့ တုံး.... ကမ်း နား မြင်လို့၊ ရှင်းပလား.... (ရှင်းပါပြီ)။

ထို့အတူဘဲတဲ့ ဒီမရဏရေထဲမှာ သူနစ်နေတယ်၊ ငါတော့ မှုချသေရတော့မှာဘဲဆိုတာသိတယ်၊ အဲဒီအချိန်မှာ သိပ်တည်-ကြည်တယ်၊ ဒီဖြစ်ပျက်မှတပါး ငါ့မှာ ကိုးစားရာမရှိဘူး၊ ဒီလို့ ကို သူဆုံးဖြတ်ချက်ချတယ်.... (မှန်ပါ့ဘုရား)။ အယင် စီရိယနဲ့ တူပါဦးမလား.... (မတူပါဘုရား)။

ခင်ဗျားတို့က အခုတော့ ညောင်းတယ်ဆို ထချင် ထ,သွားမှာ၊ မဟုတ်ဘူးလား.... (မှန်ပါ့)အင်း....ကျင်ကြီး စွန့်ချင်တယ် ဆိုယင်ကော....(ထ,ပါတယ်ဘုရား) ကျင်ငယ်စွန့်ချင်တယ်ဆိုယင် ကော.... (ထ,ပါတယ်ဘုရား) ညှစ်ထုတ်လာတယ်ဆိုယင်ကော.... (ထ,ပါတယ်ဘုရား)။

အခုတော့ ဝီရိယက ပြေ့တယ်.... (မှန်ပါ့)ဟိုမှာတော့ ငါ မုချ ဒီတောင်က မလွှတ်တော့ဘူးဆိုတာ သိတော့ အားထုတ်-ရာကျတော့ ဒါမှတပါး မရှိဘူးဆိုပြီးသကာလ ဝီရိယမှာပြင်းပြ

စ္စာသော ဝီရိယဖြင့် ကြိုးစားလိုက်ယင် သေခါနီးမှ ရဟန္တာသွားဖြစ်တယ်၊သောတာပန်သကဒါဂါမ် အနာဂါမ်ဖြစ်တယ်.... (မှန်ပါဘုရား) ကဲ....မကွာဘူးလား.... (ကွာပါတယ်ဘုရား)။

အဲဒီတော့ သေခါနီးမှာ အာသန္နကံ ဖြစ်အောင်လုပ်ပါ.... (မှန်ပါ) ရှင်းပလား.... (ရှင်းပါပြီ) ခုနင်က မလွိုကာမိဖုရားကြီး အာသန္နကံ ဖြစ်တာက အကုသိုလ်အာသန္နကံ ဝင်လာတာ (မှန်ပါ) ဘုန်းကြီး အခု ဆုံးမတာက ဝိပဿနာ ကုသိုလ် အာသန္နကံ ဆိုပါတယ်.... (မှန်ပါဘုရား)။

ဒါဖြင့် ဘယ်ဟာ အသုံးချကြမယ်.... (ကုသိုလ် အာသန္နကံ အသုံးချပါမယ်ဘုရား) ကုသိုလ်အာသန္နကံကို အသုံးချပါလို့ ခုနင်က သာမည အနုဿတိ ဟောထားတဲ့ စာဂါနုဿတိ ဟောထားတဲ့ ဆရာသမားဟာ အောက်တန်း အင်မတန်ကျတယ်လို့ မှတ်ပါ....(မှန်လှပါဘုရား)။

နိဗ္ဗာန်ရမည့်ဥစ္စာကို ဗြဟ္မာပြည် ပို့နေတော့ အရှင်သာရိပုတ္တရာ တရားဟော လိုသ့ားသလို ဖြစ်နေတယ်....(မှန်ပါဘုရား) မနေ့က ပြောခဲ့တယ်.... (မှန်ပါ)။

အရှင်သာရိပုတ္တရာ မနုဿနိပုဏ္ဏားကြီးတရားဟောတာ တရားဟောညံ့တယ်လို့ ဘုရားက အပြစ်တင်တယ်၊ ရဟန္တာဖြစ်ရမည့် ပုဂ္ဂိုလ်ဟာ ဗြဟ္မာဖြစ်နေတယ်၊ ရှင်းပလား.... (ရှင်းပါပြီ)။

အဲဒီတော့ ဒီအရေးဟာလဲ အခု ဦးသန်းမောင်တို့ ကိစ္စ—ဦးသံဒိုင်တို့ ကိစ္စတွေကလဲ ရှိကြတာဘဲ.... (မှန်ပါ) ရှိကြတော့ ဒီအရေးဟာ ဩော်....ဒုက္ခခပ်သိမ်း ငြိမ်းမည့်ဆီတော့ မပို့ဘဲနဲ့

ဒုက္ခရောက်တဲ့ဆီ ပို့လိုက်သလို ဖြစ်နေတယ်.... (မှန်ပါ့ဘုရား) ရှင်းပလား.... (ရှင်းပါပြီ)။

ဒုက္ခခပ်သိမ်း ငြိမ်းမည့်ဆီတော့.... (မပို့ဘဲနဲ့) ဒုက္ခရောက် မည့်ဆီတော့.... (ပို့ပါတယ်ဘုရား) ဒါဖြင့် ဒီဟာထက် နှစ်နာ တာကော ရှိသေးသလား.... (မရှိပါဘုရား)။

သို့သော်-- သူ့ဥာဏ်က ဒါမှာ ဆုံးတယ်ပြောတော့ ခင်ဗျား တို့ကလဲ ဆုံးဖြတ်ချက်ချ....(မှန်ပါ့) ဥာဏ်သည် ခုလပ်မှာ ဆုံး တယ်၊ ရှင်းပလား.... (ရှင်းပါပြီ)အဆုံးတိုင်အောင် သွားရမှာ.... ပေါ်ပြီနော်....(ပေါ်ပါပြီ)။

အင်း....ဘာလုပ်ကြရမယ်.... (ဖြစ်ပျက် ရှုရပါမယ်) ကုသိုလ် အာသန္နကံဆိုပေမဲ့ ဟို ကုသိုလ်တွေ့ မလိုချင်ဘူး.... (မှန်ပါ့) မလိုချင်ဘူး၊ ဟိုကုသိုလ်တွေ့က စဉ်ဂါနုဿတိ သွားဦးမှာချည်း ဘဲ.... (မှန်ပါ့) ဘာလုပ်ရမှာတုံး.... (ဖြစ်ပျက်ရှုရပါမယ်)။

အေး....တခါတည်း ကုသိုလ် အာသန္နကံအစစ် ဖြစ်အောင် ဝိပဿနာ ရှုပါ.... (မှန်ပါ့) အဲဒါ ရှုသေလိုက်မယ်ဆိုလို့ရှိယင် သေခါနီးမှာလဲ သောတာပန်,သကဒါဂါမ်, အနာဂါမ် ဖြစ်နိုင်တယ်၊ ပုထုဇဉ် သေယင် သောတာပန်, သကဒါဂါမ်, အနာဂါမ် ဖြစ်နိုင်တယ်.... (မှန်ပါ့) အနာဂါမ်ဖြစ်ပြီးမှ သေခါနီးမှာ ရှုလိုက်ဦးမယ်ဆိုယင် ရဟန္တာဖြစ်ပြီး သေနိုင်တယ်.... (မှန်ပါ့) ဘာ့ကြောင့်တုံး.... ဝိရိယဆန္ဒ ပြင်းပြတဲ့အချိန်ရောက်လို့ ဆုံး ဖြတ်ချက်ချပါ.... (မှန်ပါ့ဘုရား)။

ဝိရိယဆန္ဒ ဒီအချိန်မှာ ဘယ်သူလျှော့ဦးမယ် ထင်သတုံး.... (မလျှော့ပါဘုရား) မလျှော့ဘူး၊ အားကုန်ဘဲ ကြိုးစားကြလိမ့်

မယ် ဆိုတာ အားလုံးတရားနာတဲ့ ပရိသတ်တွေက ကိုယ်ဖြစ်ရမည့် ကိစ္စကို လှမ်းဟောထားတယ် ဆိုယင်လဲ မှန်တာဘဲ.... (မှန်ပါ့)။

ဖြစ်ရမည့် ကိစ္စဆိုတာ လူတိုင်းကိစ္စ....(မှန်ပါ့)ဒါတယောက်တည်းနဲ့ ဆက်ဆံတာလား အများဆက်ဆံတာလား.... (အများဆက်ဆံတာပါဘုရား) သေရမှာလား-မသေရဘူးလား(သေရမှာပါဘုရား)။

သေရမှာဆိုတာ သိပြီးသကာလ နေလို့ ဦးသန်းမောင်၊ တကာ တကာမတွေ အရုပ်ဆိုးမှာစိုးလို့ အကိုးအကားလုံလောက်ပါတယ်ဆိုတာ ဖဂ္ဂုဏမထေရ်ဝတ္ထု ပေါ်ပလား.... (ပေါ်ပါပြီ)။

ဘတ်ဘူးတယ်မဟုတ်လား....(မှန်ပါ့) အဲ.... ဖဂ္ဂုဏမထေရ်နဂိုရ်က ပုထုဇဉ်၊ နောက်မှ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ငါဘုရားတရား နာရသည်ဖြစ်စေကွ၊ ငါ၏ တပည့်သားတရား နာရသည်ဖြစ်စေကွ၊ ကိုယ်ရသည့်တရား နှလုံးသွင်းသည်ဖြစ်စေကွ၊ ဒီသုံးချက် တချက်ချက် မိလို့ရှိယင် ပုထုဇဉ်တောင်မှ သေခါနီး သောတာပန်၊ သကဒါဂါမ် အနာဂါမ် ဖြစ်နိုင်တယ်ကွ၊ အင်္ဂုတ္တိရ် ပါဠိတော်မှာ ဟောတယ်....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီ)။

ဒါဖြင့် ဒီတကာ တကာမတွေ ယနေ့ပေးလိုက်တဲ့ သတိသည် ကုက္ကုစ္စသတ်တဲ့ သတိနော်.... (မှန်လှပါဘုရား)ရှင်းပလား (ရှင်းပါပြီ) ဘာသတ်တာတုံး....(ကုက္ကုစ္စ သတ်တာပါဘုရား)

အာသန္နကံ ဖြစ်တတ်တဲ့ ကုက္ကုစ္စကို သတ် ပေးလိုက်တာ..... (မှန်ပါ့)အာသန္နကံဖြစ်တတ်တဲ့ ကုက္ကုစ္စကို သတ်ပြီးသကာလတဲ့ မဂ်သွင်းပေးလိုက်တာ....(မှန်ပါ့)။

ကဲ....ဦးသန်းမောင် ဘယ်လောက်အဘိုးတန်သလဲ.... (တန်ပါတယ်ဘုရား) အင်မတန် အဘိုးတန်တယ်ဆိုတာ မပေါ်ကြသေးဘူးလား....(ပေါ်ပါပြီဘုရား)။

အဲဒီတော့ကို မနေ့က ပြောခဲ့တဲ့ အောက်တန်းဆရာ စကားကို ဦးသန်းမောင်တို့ဖြစ်စေ ဦးသံဒိုင်တို့ဖြစ်စေ နောက်ကတကာတကာမတွေဖြစ်စေ ယုံကို-မယုံနဲ့နော် .... (မှန်လှပါဘုရား) ယုံကို-မယုံနဲ့ သူတတ်သလောက် ဟောထားတာ.... (မှန်ပါ့) လမ်းမဆုံးသေးဘူး....(မှန်ပါ့)။

ဘာနဲ့ တူသတုံး ဆိုတော့မှ ဓနဥ္ဇာနီ ပုဏ္ဏားကြီး အရှင်သာရိပုတ္တရာ တရားဟောညွှံတာနဲ့ ရဟန္တာဖြစ်ရမှာကို ငြဟ္မာအလုပ်ခိုင်းတာ.... (မှန်ပါ့)မနာဘူးလား....(နာပါတယ်ဘုရား)။

ငြဟ္မာဆိုတော့ အိုဘေးသေဘေးက ကျန်ဦးမယ်....(မှန်ပါ့) ကဲ ဦးသန်းမောင် မနာဘူးလား....(နာပါတယ်ဘုရား) ဒါဘယ်သူညွှံတာတုံးမေးတော့ ဘယ်နှယ်ဖြကြမလဲ.... (ဆရာညွှံတာပါဘုရား)။

ဒါဖြင့် တပဲတန်လှလှ တမူးတန်လှလှ ဩဩ....ဆရာညွှံလို့ ရှိယင်ဖြင့် ဝဋ်ဖြစ်မှာဘဲ ဆရာကောင်းယင် ဝိဝဋ်ဖြစ်မှာဘဲ.... (မှန်ပါ့)။

ဒီနေ့ရှင်းပြပြီ၊ ဒီနေ့ရှင်းပြတာ ပေါ်ကြတယ် မဟုတ်လား.... (ပေါ်ပါတယ်ဘုရား)။

အဝိဇ္ဇာကြောင့်ဖြစ်တဲ့ သင်္ခါရ ကုသိုလ်ဆိုယင် သမုဒယသစ္စာက....(မှန်ပါ့) ကဲ့....ဦးသံဒိုင် နေရာကျပလား....(မှန်ပါ့ဘုရား)။

အဝိဇ္ဇာချုပ်ပြီးသကာလ လှုတဲ့ အလှူမျိုးကျတော့ သစ္စာမြင်ပြီး လှုတဲ့ အလှူဆိုတော့ ဝိဇ္ဇာနဲ့ လှုတာဖြစ်တော့ မဂ္ဂက္ခ (မှန်ပါဘုရား) ဒီနေ့ တော်တော်ရှင်းပြပြီ.....(မှန်ပါ့) သဘော ပါပလား....(ပါ-ပါပြီ)။

ဒါဖြင့် သမုဒယသစ္စာကို ကျုပ်တို့ ဆရာဘုန်းကြီးက မဂ္ဂ သစ္စာ ပြောင်းလိုက်တယ်....(မှန်ပါဘုရား)ဒုက္ခသစ္စာကို နိရောဓ ပြောင်းပေးတယ်ဆိုတော့ ဒီအဝိုင်းကြီးလဲ ဟိုကျတော့ အသုံးချပါ....(မှန်ပါ့)။

ကုက္ကုစ္စသည် တကာ တကာမတို့ ကြောက်စရာမကောင်းဘူးလား.... (ကောင်းပါတယ် ဘုရား) အင်မတန် ကြောက်စရာကောင်းတယ်ဆိုတဲ့ အဓိပ္ပါယ် ယနေ့ ရှင်းသွားပါပြီ....(မှန်ပါ့)။

ဘယ်ကံ အဖြစ်နဲ့ သူဝင်တိုးလိုက်တာတုံး.... (အာသန္နကံပါဘုရား)အာသန္နကံအဖြစ်နဲ့ ဝင်တိုးလိုက်တယ်....(မှန်ပါ့)။

ကောင်းပြီ- ဒီအာသန္နကံဆိုတာ ဘယ့်နှယ်ဗျာ တကာသစ်တို့ အမြဲမပြတ်ဘဲ သွားသိ စားသိဆိုတဲ့ ဖြစ်ပျက်တွေ့ သိပြီး တရား အားထုတ်နေတဲ့ ပုဂ္ဂိုလ်ဘဲ၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်သာ မရသေးတာ၊ ဒါတွေက အကျိုးမပေးဘဲနဲ့ ဘယ့်နှယ်ကြောင့် အပါယ်ကျသွားပါလိမ့်မတုံး မေးတဲ့ အခါကျတော့ အို....အာသန္နကံဒီလိုဘဲဟေ့....ဆိုတာ ဦးကာကျော်က ပြလိုက်တယ်.... (မှန်ပါ့)။

ဘယ်လို ပြလိုက်သတုံး မေးတဲ့အခါကျတော့ နွားခြံကြီးတခြံရှိတယ်....တဲ့၊ ညနေကျတော့ နွားတွေ့ မောင်းသွင်းလိုက်

တယ်၊ နွားကျောင်းသားကတော့ သူအိမ်ပြန်ရမှာ အခစားကျောင်းတယ်.... (မှန်ပါ့) ဒီတော့ ဦးသန်းမောင် နွားတွေကို အတင်းရိုက်သွင်းတယ်၊ သူအိမ်ပြန်ဘို့ အရေးကြီးတာကိုး....(မှန်ပါဘုရား)။

အတင်း ရိုက်သွင်းတော့ ပျို့တဲ့ နွားကတော့ ပြေးနိုင်တာပေါ့ ခြံထဲရောက်အောင် မဟုတ်ဘူးလား.... (မှန်ပါ့) အိုတဲ့နွားကတော့ နဂိုရိကမ္မ အိုနေရတဲ့ အထဲမှာ ဦးသံဒိုင် ဘယ်နည်းနဲ့မှ မသွားနိုင်ဘူး၊ မှန်မှန်ဘဲ သွားမှာဘဲနော်....(မှန်ပါ့)။

မှန်မှန်ဘဲသွားရတော့ နွားခြံကလဲ နွားအပြည့်ရှိတဲ့ခြံဆိုတော့ အင်း....နွားအိုကြီးတွေဟာ ဝင်ပေါက်ဝ အိပ်ရမှာဘဲ....(မှန်ပါဘုရား) ဒီ့ပြင် နွားတွေကတော့ အရိုက်သန်လို့ ကြောက်တာနဲ့ဘဲ ခြံလယ်ရောက်ခြံဘေးရောက်ပေါ့ဗျာ....(မှန်ပါ့)ဝင်ပေါက်ဝနားတော့ သူတို့မရှိပါဘူး....(မှန်ပါ့)။

နွားအိုကြီးတွေက ဘယ်ရောက်နေသလဲ.... (ခြံပေါက်ဝနားမှာပါဘုရား) ရှင်းပလား....(ရှင်းပါပြီ) ဘာပြုလို့ ဝင်ပေါက်ဝအိပ်ရသတုံးဆိုတော့ သူများနဲ့ မတူလို့.... (မှန်ပါ့) မဟုတ်ဘူးလား.... (မှန်ပါ့) သူတို့က ပျို့မှ မပျို့တော့ဘဲ အိုသွားပြီ....(မှန်ပါ့)။

သို့သော်.... မနက်ကျတော့ နွားတွေကို ထုတ်တော့မယ်ဆိုတော့ ဘယ်သူ အရင်ထုတ်မတုံးဆိုတဲ့ အမေးကို မေးကြည့်စမ်း—ဘယ်သူက အရင်ထုတ်မလဲ.... (နွားအိုကြီးတွေက အရင်ထုတ်မှပါဘုရား)။

ဘာဖြစ်လို့တုံး-- ခြံပေါက်ဝနဲ့ နီးလို့၊ ရှင်းပလား.... (ရှင်း ပါပြီ) ဘာဖြစ်လို့ အရင်ထက်မှာလဲ.... (အပေါက်ဝ ရောက်နေ လို့ပါဘုရား) သဘောပါပလား....(ပါ-ပါပြီ)။

ထို့အတူဘဲတဲ့ ကုက္ကုစ္စကသေပေါက်ဝနဲ့ သွားနီးတယ်.... (မှန်ပါဘုရား) ဒါကြောင့် အရင် အကျိုးပေးပစ်လိုက်တယ်.... (မှန်ပါ့) နွားအိုကြီး အရင်ထက်သလို မနက်ကျတော့ နွားအို ကြီး အရင်ထက်ရသလိုဘဲ....(မှန်ပါ့)။

သူကလဲ သေပေါက်ဝနဲ့ နီးတော့ သူက အရင်အကျိုးပေး တယ်.... (မှန်ပါ့) ကဲ....ဘယ်လောက် ကြောက်စရာ ကောင်း သလဲ....(ကောင်းပါတယ်ဘုရား)။

ဥပမာနဲ့ကော သဘောကျကြပလား.... (ကျပါတယ်ဘုရား) နွားအိုကြီးတော့ ဘယ်နှယ်ကြောင့် မနက်စောစော အရင် အပြင် ထွက်ဖြစ်ပါလိမ့်....(ခြံပေါက်ဝနဲ့ နီးလို့ပါဘုရား)။

သူက နီးတယ်၊ သူတို့ထွက်ပြီးမှ ဟိုနွားပျိုတွေက ထွက်နိုင် မှာကိုး....(မှန်ပါ့ဘုရား) သူတို့က ပိတ်ပြီး အိပ်နေတာကိုး.... (မှန်ပါ့) သဘောပါပလား....(ပါ-ပါပြီ)။

ဒါဖြင့် အာသန္နကံသည် ဘာအဝဋ္ဌ နေသတုံး (ခြံပေါက်ဝ ဋ္ဌ နေပါတယ်ဘုရား) အဲ....သေပေါက်--သေဝလို့ ပြင်လိုက်.... (မှန်ပါ့ဘုရား) သူက သေပေါက်-သေဝနဲ့ နီးတယ်.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

ဒါဖြင့် အကျိုးပေးတော့ ဘယ်သူက အကျိုးပေးမလဲ.... (သူက အကျိုးပေးပါမယ်) သူက အကျိုးပေးမယ်။ နွားအိုကြီး

အရင်ထွက်သလိုဘဲ....(မှန်ပါ့)သူက အရင် အကျိုးပေးမယ်၊ရှင်းပလား....(ရှင်းပါပြီ) ခင်ဗျားတို့ လုပ်ထားတဲ့ အာစိဏ္ဏကံတွေက အကျိုးမပေးနိုင်ဘူး၊ နောက်ကျော ရောက်နေတယ်..... (မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီ) ဘယ်ရောက်နေသလဲ.... (နောက်ကျော ရောက်နေပါတယ်)။

ခါး နောက်ကျော ရောက်နေတယ်....(မှန်ပါ့) အဲဒါ ဘဲ့ကြောင့် ရောက်ရပါသတုံး ဆိုလို့ရှိယင် ခင်ဗျားတို့ကတဲ့ ဆရာသမားကောင်းကို မကိုးကွယ်ရ မဆည်းကပ်ရ အသွန်အသင် အဆုံးအမ မလိုက်နာရတော့ ကုက္ကုစ္စ မလာစေနဲ့ဆိုတာ လာပစ်လိုက်တာ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

ကုက္ကုစ္စ မလာကောင်းဘူး၊ မလာကောင်းတာ ခင်ဗျားတို့က ဘာတုံး....(လာစေပါတယ်ဘုရား) လာတော့ သူက သေဝနဲ့ သွားနီးတယ်.... (မှန်ပါ့) မနီးဘူးလား.... (နီးပါတယ်ဘုရား)။

နီးတော့ကိုတဲ့ သူကဘဲ အကျိုးပေးပစ်လိုက်တယ်....(မှန်ပါ့) သူက အရင်ထွက်ပြီး အကျိုးပေးပစ်လိုက်တယ်.... (မှန်ပါ့)မဆိုးဝါးဘူးလား....(ဆိုးဝါးပါတယ်ဘုရား) တော်တော်ရှင်းပလား-(ရှင်းပါပြီဘုရား) သူ့ညပမာနဲ့ သူ့ညပမေယျနဲ့ သူ့အာသန္နကံဖြစ်ပုံနဲ့ဆိုတော့ ဦးသံဒိုင် ချောနေပြီ.... (မှန်ပါ့) မချောသေးဘူးလား....(ချောပါတယ်ဘုရား)။

အဲဒါ ခင်ဗျားတို့ကို တကာရင်း ဆရာရင်းတွေ့မို့ ဘုန်းကြီးက ဆုံးမတယ်၊ ခြံပေါက်ဝနဲ့နီးတာ မလာပါစေနဲ့.... (မှန်ပါ့ဘုရား)။

မဟုတ်ဘူးလား.... (မှန်ပါ့) လာချင်လို့ရှိယင် ခင်ဗျားတို့ အာစိဏ္ဏကံ လုပ်ထားတဲ့ ဖြစ်ပျက် ဝိပဿနာရှုလိုက် လာပါ လိမ့်မယ်....(မှန်ပါ့)။

လာပြန်တော့ အာစိဏ္ဏကံက အဲဒီ့ အချိန်မှာ သေပေါက် သေဝကျအောင် ရှုနေလို့ရှိယင် သူက အာသန္နကံအဖြစ်နဲ့ အမှု ထမ်းမယ်....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

နဂိုရိုက်လဲ အာစိဏ္ဏကံ သေသည် တိုင်တောင်လဲ ဒါကလေး ရှုနေတော့မယ်ဆိုတော့ သူက ဘာလာဖြစ်ပြန်သလဲ (အာသန္နကံ လာဖြစ်ပါတယ်ဘုရား) ရှင်းပလား....(ရှင်းပါပြီ)။

ဒါဖြင့် အာစိဏ္ဏကံသည် ပင်လျှင် (၀၇) မပြတ်လေ့ကျက် ထားတဲ့ အလုပ်သည်ပင်လျှင် (၀၇) မပြတ် ရှုထားတဲ့ အလုပ် သည်ပင်လျှင် သေခါနီးလဲရှုပါ....(မှန်ပါ့ဘုရား) ရှင်းပလား.... (ရှင်းပါပြီ)။

ဝေဒနာလာ--ဝေဒနာရှုပေါ့....(မှန်ပါ့)အဲဒီကဲ့သို့ ရှုလိုက်တဲ့ အခါကျတော့ ဒီကံဟာ ဘာကံဆိုကြမတုံးလို့မေးယင် ဘယ့် နှယ်ဆိုကြမတုံး....(အာသန္နကံပါဘုရား)။

နဂိုရိုက်လဲ အာစိဏ္ဏကံ၊ ယခုလာပြီး အမှုထမ်းပြန်တော့ အာသန္နကံ ဆိုတော့ သူကအယင်အကျိုးပေးလိမ့်မယ်၊ အကျိုး ပေးတဲ့ အခါကျတော့ ဘာအကျိုးပေးမတုံး....၊ ခုနင်ကလို့ဘဲ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ဆိုတဲ့ နိဗ္ဗာန်မြင်တဲ့ ဥာဏ်တွေ အကျိုးပေးမယ်....(မှန်ပါ့)။

ဒါ့ကြောင့် ဒီအရေးကို မနေ့က ဥပမာတမျိုး ဝတ္ထုတမျိုး ယနေ့ ဥပမာတမျိုး ဝတ္ထုတမျိုး .... (မှန်ပါ့) ဘာဖြစ်လို့ ဒီလောက် ထပ်ဟောရပါ လိမ့်မတုံး ဆိုတာ ဦးသန်းမောင် ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဘာဖြစ်လို့တုံး.... (မှတ်မိအောင်လို့ပါ) အရေးကြီးလှန်းလို့ ခင်ဗျားတို့က မသေမည့်လူက တယောက်မှမပါလို့.... (မှန်ပါ့ ဘုရား) သဘောပါပလား....(ပါ-ပါပြီ) သေခါနီးမှာလဲ သူက လာတတ်လှန်းလို့.... (မှန်ပါ့ဘုရား) မကောင်းတဲ့ အာသန္နကံက မလာတတ်ဘူးလား....(လာတတ်ပါတယ်ဘုရား)။

မကောင်းတဲ့ အာသန္နကံက လာတတ်ခြင်းကြောင့်၊ကောင်းတဲ့ အာစိဏ္ဏကံကို အာသန္နကံဖြစ်အောင် လုပ်ပါလို့ တိုက် တွန်းလိုက်တယ်....(မှန်ပါ့ဘုရား)။

ကောင်းတဲ့ အာစိဏ္ဏကံကို အာသန္နကံဖြစ်အောင် လုပ်ရမယ် ဆိုတော့ ရပုံကို ဘုန်းကြီး သင်ပါမယ်....(မှန်ပါ့)။

သူ့သားက ရဟန်း၊ တကာကြီးက မုဆိုး....(မှန်ပါ့) သူ့ အဖေက မုဆိုး၊ မုဆိုးဖြစ်ပြီး သကာလ နေတော့ တကာကြီး ကျုပ်ကလဲရဟန်း၊ ခင်ဗျားကလဲ မုဆိုးဆိုတော့ အချိုးတော့ မကျတာ အမှန်ဘဲ၊ ခင်ဗျားဒီအလုပ် မလုပ်ပါနဲ့ ကျုပ်ဘဲဆွမ်းခံ ပြီး ကျွေးပါ့မယ် ခင်ဗျားဒီအလုပ်တော့ မလုပ်ပါနဲ့ တားတယ် (မှန်ပါ့)။

ဝါသနာကထုံတယ်၊ ဖျက်လို့မရဘူး မုဆိုးဘဲ လုပ်စားတယ် နည်းနည်းကလေး အသက်အရွယ် ကြီးလာတော့ သေခါနီးမှ

ကျောင်းရောက်လာတယ်၊ မုဆိုးအလုပ်-မလုပ်နိုင်တဲ့ အခါကျ တော့ ကျောင်းရောက်လာတယ်၊ ကျောင်းရောက် လာတော့လဲ သေဘို့ ရောက်လာတာ။

ဒါနဲ့ အိပ်ရာညောင်စောင်း ကလေးပေါ်မှာ ဝေဒနာခံရပြီး သကာလ နေတယ်၊ သူ့သားက အရှင်သောဏလို့ ခေါ်တယ်၊ မသေခင် သူ့ဟာက အာသန္နကံ ရောက်နေတယ်၊ မြင်နေရပြီ သောဏ....ခွေးနက်ကြီးတွေ လာဆွဲနေပြီ ချောက်လှန့် ပေးစမ်း ပါတဲ့ မသေခင်က မြင်နေတယ်....(မှန်ပါ့) အာသန္နကံ နှိပ်စက် တာ....(မှန်ပါ့)။

သူငယ်ငယ်က နဂိုရိုက လုပ်ထား တာတွေက ကုက္ကုစ္စ သဘောနဲ့ သူက ငါမှားဆိုး ဆိုပြီး ငါအကုသိုလ်တွေ သိပ်များ တာဘဲ၊ များတယ်လို့ ထင်တဲ့ အာသန္နကံက လာနေတော့ ခွေးနက်ကြီးတွေ လာဆွဲနေတယ် သောဏရဲ့ မောင်းပေးစမ်း ပါ၊ ဟို ငရဲမီးတွေမြင်နေတယ်၊ အဲဒါ ကာကွယ်ပေးစမ်းပါဦး (မှန်ပါ့)။

ဟိုက ငရဲမီးတွေ ဆိုကတည်းက သွားရမှာ သေချာနေပြီ ဆိုကြပါစို့၊ ခွေးနက်ကြီးတွေ ဆိုကတည်းကလဲ ငရဲဘုံသွားဘို့ သေချာနေပြီ....(မှန်ပါ့)။

သေချာနေတော့ သားကလဲ လိမ္မာရေးခြားရှိတဲ့ သားဖြစ် နေတော့ ဩော်....ငါကဲ့သို့ သားကောင်းရတနာ ရှိပါလျက် သားနဲ့ ဒီတကာကြီး အပါယ်သွားရမယ်ဆိုယင် မတော်သေး ပါဘူးလို့ သူ့စိတ်ထဲ အောက်မေ့တယ်....(မှန်ပါ့)။

ဒါနဲ့ သူ ကိုရင်တွေကို ပန်းတေ့ အချို့ ခိုင်းလိုက်တယ်၊ သူမြင်လောက်တဲ့ နေရာ သူ့အပေါ်ကနေဝဲပြီး တကာကြီး.... ဒီပန်းတွေ ဘုရားရည်မှန်းပြီးတော့ ပူဇော်စမ်းဗျ၁၊ ကျုပ်တို့ အလှယ်တကူရတာ ခင်ဗျားပူဇော်စမ်း၊ ဘုရားလွှစမ်းပါ ခင်ဗျား သဘောနဲ့လွှပါ။

ဒါနဲ့ ဒီပန်းတွေ လွှပါ၏ ပေါ့လေ.... (မှန်ပါ) ဘုရားလွှပါ၏။ သူက အာသန္နကံဝင်ဖြစ်တယ် လွှတဲ့ကုသိုလ် အာသန္နကံဝင်ဖြစ်တယ်.... (မှန်ပါ့)။

ဝင်ဖြစ်တော့ နိမိတ်က ပြောင်းဖြစ်တယ်၊ သောဏမင်္ဂအမေတွေ လာကုန်ပြီ၊ ငါ့ကိုလာပြီး သကာလ ပြောနေကြတယ် ဆိုတော့ နတ်သမီးကလေးတွေက လာတယ်၊ နတ်သမီး နိမိတ်တွေ လာထင်တယ်....(မှန်ပါ့)။

အဲဒီတင်မှ သားလုပ်တဲ့ ပုဂ္ဂိုလ်က ဩော်.... နိမိတ်ကောင်းပြီဆိုပြီးတော့ သေခင်ပြုလိုက် တာပေါ့လေ.... (မှန်ပါ့) ဟို ကလဲ သေချိန်ရောက်နေပြီ။

အာသန္နကံ ပြောင်းလို့ရတယ်လို့ မှတ်ရမယ်(မှန်လှပါ) ရှင်းပလား....(ရှင်းပါပြီ) ဒါဖြင့် ကုက္ကုစ္စ ပြောင်းမရဘူးလား ရသလား.... (ရပါတယ်ဘုရား) ရှင်းပြီနော်.... (ရှင်းပါပြီ)။

ကောင်းပြီ ဒါဖြင့် အာသန္နကံဟာ တကာ တကာမတွေ ယနေ့ အထူးပြောလိုတာက ဩော်.... ခပ်ဝေးဝေးကလဲပေါ် တတ်သကိုးလို့ မှတ်လိုက်ပါ.... (မှန်ပါ့ဘုရား) ဘယ်လိုမှတ်ကြမယ်.... (ခပ်ဝေးဝေးကလဲ ပေါ်တတ်ပါတယ်) ခပ်ဝေးဝေး

ဆိုတာ သေမှာနဲ့ ဝေးတုံးကလဲ ပေါ်တတ်ပါတယ် ..... (မှန်ပါ့)။

သို့သော် အာသန္နကံတော့ အာသန္နကံဘဲ သူ့အတွက်က နိမိတ်တွေက ထင်လာတယ်....(မှန်ပါ့)သူပြီးယင်လဲ စုတိစိတ်ကျတတ်တာ များတယ်.... (မှန်ပါ့ဘုရား) သို့သော် ပြောင်းရတဲ့ကိစ္စလဲ ရှိသေးတယ်....(မှန်ပါ့)။

ဒါကြောင့် ခင်ဗျားတို့ ဆရာကောင်း သမားကောင်း မိတ်ဆွေကောင်း သေခါနီးမှာ အရေးကြီးတယ်ဆိုတာ ဒါပြောတာ.... (မှန်ပါ့ဘုရား) ပြောင်းပေးတတ်တဲ့ လူရှိဘို့ပြောတာ၊ ရှင်းပလား.... (ရှင်းပါပြီ)။

အဲဒီတော့ ခင်ဗျားတို့တော့ ဦးသန်းမောင်ကလဲ ဘယ်သေမှန်း မသိဘူး၊ ဘုန်းကြီးကလဲ ဘယ်သေမယ် မသိဘူး၊ ဦးသံဒိုင်ကလဲ ဘယ်သေမယ်မသိဘူး၊ ဒီတကာ တကာမတွေကလဲ ဘယ်သေမှန်းမသိဘူး.... (မှန်လှုပါ) တယောက်နဲ့ တယောက်တွေ့ဘို့ရာက အလွန်ကြုံကြိုက်ခဲတာဘဲ....(မှန်ပါ့)။

အဲဒီတော့ အခု ပြောင်းနည်းကို ဘာလုပ်ပေးသတုံး ဆိုတာ ရိပ်မိပလား.... (ရိပ်မိပါပြီ) ကိုယ့်ဟာကိုယ် ပြောင်းယူကြ .... (မှန်ပါ့ဘုရား) ဘယ့်နှယ်တုံး(ကိုယ့်ဟာကိုယ် ပြောင်းယူကြ)။

ကိုယ့်ဟာကိုယ်ပြောင်းဆိုတာ အခု ဆရာသမားသင်ထားတဲ့ ခန္ဓာကိုယ်ကို ဖြစ်ပျက်ရှုဘို့ဘဲပြောင်း.... (မှန်ပါ့) ဒီ့ပြင်ဟာ မပြောင်းနဲ့....(မှန်ပါ့) ဒီ့ပြင်ဟာ လှုထားတဲ့ စာဂါနှုဿတိတွေ့ရှောက်ပြောင်းမနေနဲ့ ပြောင်းယင် အောက်တန်းတရားသွားပြီး ဖြစ်လိမ့်မယ်.... (မှန်ပါ့ဘုရား) ရှင်းပြီနော်....(မှန်ပါ့)။

ဒါဖြင့် ကုက္ကုစ္စ သိမ်းဆည်းတတ်ပလားလို့ မေးလိမ့်မယ်.... (သိမ်းဆည်းတတ်ပါပြီ) သိမ်းဆည်းတတ်ပြီ၊ (မှန်ပါ့)မကောင်းတဲ့ ကုက္ကုစ္စဖြင့် ဘယ်အခါကာလမှ မတွေ့ဘူးကဲ့ ဆိုတဲ့ဥစ္စာ ဦးသန်းမောင် တွေ့လုံးဘယ်အခါကာလမှမတွေ့စေနဲ့....(မှန်ပါ့ ဘုရား)။

ဒါ တော်တော် အရေးကြီးတဲ့ တရားလို့ ခင်ဗျားတို့က အောက်မေ့၊ အလွန်အရေးကြီးတဲ့တရား.... (မှန်ပါ့) သေပေါက် သို့ဝင်ချိန်မှ လာတာ.... (မှန်ပါ့) မကောင်းတဲ့ကံက သေပေါက် သေဝနီးမှလာတာ၊ကြည့် တဝတ္ထုပြဦးမယ်၊ဘုရားနဲ့အတူတူနေတဲ့ တိဿ ရဟန်းတပါးရှိတယ်၊ ဘုရားကျောင်းပေါ်မှာ- ဇေတဝန် ကျောင်းမှာနေတယ်။

သူ့နှမက ဖျင်သက်နဲ်းအချောကလေး လာလူတယ်(မှန်ပါ့) ဘုရား လက်ထက်ကတော့ ဒီလို စက်မှု ခေတ်မှ မဟုတ်ဘဲ လက်မှုခေတ်တွကိုးဗျ.... (မှန်ပါ့)စက်မှုခေတ်မဟုတ်ဘူး လက်မှု ခေတ်ဖြစ်နေတော့ ချောချောကလေး ရက်နိုင်တယ် ဆိုယင်ဘဲ အဇတော့ကို တော်နေတာ....(မှန်ပါ့)။

အဲဒီတုင် ဒီသက်နဲ်းတော့ မနက်ကျမှ ရုံမယ်၊ ငါ့နှမက သဒ္ဓါ တရားနဲ့ လူထားတယ်၊ ချောလဲချောတယ်၊မနက်ဆုမ်းခံသွားယင် ရုံမယ်၊ ဒါကလေး သူစဲ့နေတယ်။

ညကျတော့ အစာမကျေတဲ့ ဝေဒနာ ဖြစ်လာပြီး မနက်မိုး-မလင်းသေးဘူး၊ အဲဒီဝေဒနာနဲ့ သေသွားရှာတယ်၊ ဒီ သက်နဲ်း ကလေး ငါမရုံရဘူးဆိုတဲ့ အာသန္နကံ လာဖြစ်တယ်၊အာသန္နကံ ကုက္ကုစ္စ.... (မှန်ပါ့) ဖြတ်ဆို သက်နဲ်းစဲပြီး စုတိစိတ်ကျတယ်၊

ဦးသန်းမောင် သက်နှ်းပေါ်မှာဘဲ သန်းကြီး သွားဖြစ်တယ်.... (မှန်ပါ့) ပေါ်ပလား.... (ပေါ်ပါပြီ)။

အာသန္နကံ နှိပ်စက်တာ သက်နှ်းပေါ် ဘာသွားဖြစ်သလဲ.... (သန်းကြီးသွားဖြစ်ပါတယ်)။

သန်းကြီးသွားဖြစ်တယ် ဒီသန်းကြီးကသူ့စိတ်ထဲ အောက်မေ့တယ်၊ ဒီသက်နှ်းကြီး ငါ့ဟာ ငါ့ဟာပေါ့ဗျာ၊ ဒါကလေး သူစိတ်စွဲပြီး သက်နှ်းပေါ်ရှောက်ပြေးနေတယ်၊ ဝူး-ဝူး-ဝူး-ဝူးနဲ့၊ (မှန်ပါ့)။

ဘုရားကတော့ ဒိဗ္ဗသောတ နားနဲ့ ထောင် လိုက်တော့ သန်းကြီး ဝူး-ဝူး-ဝူး-ဝူး ပြေးနေတာ ကြားတယ်၊ ခင်ဗျားတို့ ကျုပ်တို့တော့ ဘယ်ကြားမလဲ.... (မှန်ပါ့) ဘုရားက ဇေတဝန် ကျောင်းကကြားတယ်....(မှန်ပါ့)။

ဘာသံပါလိမ့်မလဲ နားထောင်တော့ ဩော်....တိဿသန်းဖြစ်နေပေါ့၊ ဒါကြောင့်မို့ သူ သက်နှ်းပေါ် ရှောက်ပြေးနေတာကိုး.... (မှန်ပါ့)ကဲ ရိပ်မိပလား....(ရိပ်မိပါပြီ)တိဿဘာဖြစ်နေသတုံး.... (သန်းဖြစ်နေပါတယ်)။

သန်းဖြစ်နေတော့ ရဟန်းတွေကလဲ တိဿကြီးတော့ သေပြီကွ၊ သူ့သက်နှ်းကလေး ဒို့မဲချယူရလိမ့်မယ်.... (မှန်ပါ့) ဘယ်သူ့မှလဲ မပေးခဲ့ဘဲကိုး၊ မပေးခဲ့တော့ သံဃိက သွားဖြစ်နေတယ်၊ သံဃိက သွားဖြစ်တော့ မဲကျရာကိုယ်တော်က ယူရမယ်....(မှန်ပါ့)။

သူ့အလောင်းကို သုသာန်ပို့ပြီး ကျန်တဲ့ပစ္စည်း မဲချယူ-ရတယ်.... (မှန်ပါ့) ဘယ်သူမှ မအပ်ခဲ့ယင် ဒီလိုလုပ်ရမယ်.... (မှန်ပါ့)။

အဲဒီလိုဖြစ်ပြီးနေတော့ ရဟန်းတွေပြောသံကြားတော့ သူက သက်နှံးပေါ် ရှောက်ပြေးနေပြီး ငါ့သက်နှံး ငါ့သက်နှံးနဲ့ လုပ်နေတာဘဲ....(မှန်ပါဘုရား)

အဲဒီတုင် ဘုရားက အင်း.... တိသာတော့ရဟန်းတွေ ပြစ်မှားပြီ၊ အဝိစီသွားဦးတော့မှာဘဲ၊ ဒီအကောင်ခက်တယ်။

ဒီတုင်မှ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ရဟန်းတွေ ခေါ်လိုက်တယ်၊ ဟေ့မင်းတို့ မတာသန္တက၊ မတ- ကသေတာသန္တက- ကဉစ္စာပစ္စည်း၊ သေတဲ့ပုဂ္ဂိုလ်၏ပစ္စည်း ရဟန်းတွေဆိုင်တယ်ဆိုတာ ငါခွင့်ပြုထားတာဘဲဟုဝ်တော့လဲ ဟုတ်တယ် သို့သော်ကဲ့ခုနစ်ရက်ဆိုင်းပါဦး၊ခုနစ်ရက်ရှိမှမင်းတို့မဲချယူတာပေါ့ သန်းအသက်ခုနစ်ရက်ဆိုတာ အဲဒီကလာတာ.... (မှန်ပါဘုရား)။

သူသေတော့မယ်၊ ခုနစ်ရက်အပြင် သူ့အသက်က ရှည်တာ မဟုတ်ဘူး.... (မှန်ပါ့)ပေါ်ပလား.... (ပေါ်ပါပြီ)သန်းအသက် ဘယ်နှစ်ရက်တုံး....(ခုနစ်ရက်ပါဘုရား)။

ခုနစ်ရက်ရှည်မှာမျှား ခေါင်းပေါ်တော့ မတုပ်ကြပါနဲ့ဗျာ၊ ခုနစ်ရက်ရှည်မှာ သူ့ဟာက၊ ဒီ့ထက်လဲ ပိုမနေနိုင်ပါဘူး.... (မှန်ပါ့) အဲဒါ ခေါင်းပေါ် ခုနစ်ရက်အတွင်းဘဲ စုတိစိတ်ကျအောင်တော့ မလုပ်ပါနဲ့တော့ ရိပ်မိပလား.... (ရိပ်မိပါပြီ) သန်းအသက် ဘယ်နှစ်ရက်တဲ့....(ခုနစ်ရက်ပါဘုရား)။

ခုနစ်ရက်အတွင်းကိုဘဲ ခင်ဗျားတို့က ယားလိုက်တာနဲ့ ဟိုကတုပ်၊ ဒီက တုပ်နဲ့သူ့ခမြာမျှား ဒုက္ခရောက်ကုန်ပြီ၊ အဲ....ခုနစ်ရက်စေ့မှ ဝေတော့မှ သူသန်းဘဝက ကျတ်သွားတယ် ....

(မှန်ပါ့) သန်းဘဝက ကျွတ်ပြီးသကာလတိုင်အောင် သံဃာ မျှားကဆိုင်းတယ်၊ နို့မဟုတ်ရင် သံဃာပြစ်မှားလို့ အပါယ် တခါ ထိုးကျဦးမှာ....(မှန်ပါ့ဘုရား) ရှင်းပလား.... (ရှင်းပါပြီ) ဒါဟာ အာသန္နကံ ကုက္ကုစ္စနိုပ်စက်တာ.... (မှန်ပါ့ဘုရား) အဲ.... ဒီတွင်မှ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက....

အယသာဝ မလံ သမဋ္ဌာယ၊
တတုဋ္ဌာယ တမေဝ ခါဒတိ။။
ဧဝံ အတိဓောနစာရိနံ၊
သာနိ ကမ္မာနိ နယန္တိဒုဂ္ဂတိ ံ။။

(ဓမ္မပဒအဋ္ဌကထာ ဒု-၂၁၉)။။

ဒီ ဥပမာကလေးကို တိသဿကြောင်းပြုပြီးဟောတော်မူ တယ်....(မှန်ပါ့) သံကို သံချေးကဖျက်ပါတယ်ဥာ....တဲ့၊မဟုတ် ဘူးလား....(မှန်ပါ့) အယသာ=သံမှ၊ မလံ=အညစ်အကြေး သည်- သံချေးသည်၊ သမုဋ္ဌာယ=ထ၍ဝင်း၊ တတုဋ္ဌာယ=ထိုထို အရပ်မှထ၍ဝင်း၊ တမေဝ=ထိုသံကိုသာလျှင်၊ ခါဒတိဉ္စဝ=ပြန် စားသကဲ့သို့၊ သံချေးက သံကို ပြန်စားလိုက်တယ်.... (မှန်ပါ့) ဧဝံတထာ=ထို့အတူ၊ အတိဓောန စာရိနံ= အာမိသအမွေ= အမွေရတဲ့အမွေဖြစ်စေ၊ ဘုရားပေးတဲ့အမွေဖြစ်စေ လောဘနဲ့ စားသောက် သုံးဆောင်လို့ရှိယင်ဖြင့်....တဲ့ သူကပြန်ပြီးသကာလ သံချေးလုပ်ပြီးတော့ ဒီပဋိပုဂ္ဂိုလ်ကိုဘဲ အပါယ်ရောက်အောင် နှိပ် စက်တယ်....(မှန်ပါ့)။။

ခင်ဗျားတို့ အမွေလုတဲ့ ပုဂ္ဂိုလ်များ အခုဟောရပြီ- (မှန်ပါ့) ရတဲ့အမွေက ကိုယ့်နှိပ်စက်မယ်ဥာ....(မှန်ပါ့) သံချေးက သံကို နှိပ်စက်မယ်တဲ့၊ သဘောပါလား....(ပါပါတယ်)။။

ဒီကိုယ်တော်မှာ သူ့သက်နှံးက သူ့ကို နှိပ်စက်လို့ သန်းဖြစ်ရတယ်....(မှန်ပါ့ဘုရား) ဘယ်သူကနှိပ်စက်တာတုံး.... (သူ့သက်နှံးက သူ့နှိပ်စက်တာပါဘုရား)။

အဲဒီတော့ ခင်ဗျားတို့ကို ဆုံးမလိုက်တယ်၊ ဒီအဝတ်ကလေးတော့ မဝတ်သေးဘူးက္ခ၊ အကြောင်းရှိမှ ဝတ်မယ်ဆိုပြီးသေတ္တာထဲသိမ်းထားလိုက်တယ်၊ အကြောင်းမရှိခင် သေသွားလို့ရှိယင် ဒီအဝတ်ကလေး မဝတ်ရသေးလို့ရှိယင် သန်း ဖြစ်ဦးမှာဘဲ.... (မှန်ပါ့ဘုရား) ကြောက်စရာကြီးဗျ၊ရိပ်မိပလား....(ရိပ်မိပါပြီ)။

ဒါဖြင့် ကိုယ့်ပစ္စည်းက ကိုယ့်ကိုယ် နှိပ်စက်တယ်....(မှန်လှပါ) ဒါ့ကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက လူမိုက်ပစ္စည်းရှိတာတော့ကွာ အလွန် ကြောက်စရာကောင်းပါတယ်....(မှန်ပါ့) ဘယ်လို ဟောလိုက်သတုံး.... (လူမိုက် ပစ္စည်းရှိတာ အလွန်ကြောက်စရာ ကောင်းပါတယ်)။

လူမိုက်ပစ္စည်းရှိတာ သိပ်ကြောက်စရာကောင်းတယ်က္ခ....တဲ့ မရှိဘဲနေတာက တော်လိမ့်ဦးမတဲ့၊သူ့ဆီ ရှိလို့ရှိယင်ဖြင့် .... တဲ့၊ သူ့မြေက သူ့ကိုက်လိမ့်မယ်တဲ့.... (မှန်လှပါ)သူ့မြေက....(သူ့ကိုက်ပါလိမ့်မယ်) အဲ....ဒီအတိုင်းဘဲတဲ့....။

ဟနန္တိဘောဂါဒုမ္မေဓံ၊
နောစ ပါရဂဝေသိနော။
ဘောဂတဏှာယ ဒုမ္မေဓော၊
ဟန္တိအညေဝ အတ္တာနံ။

ဒါလဲ ဓမ္မပဒမှာ ဘုရားဟောတာဘဲ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

ကောင်းပြီ ဒါဖြင့် ဘုန်းကြီးတို့ တကာ တကာမတွေမှာ ကုက္ကုစ္စနဲ့ ပတ်သက်ပြီး ယခုပြောလိုက်တဲ့ ဝတ္ထုတွေလဲ တော်တော်များသွားပြီ....(မှန်ပါ့ဘုရား)။

ဒါဖြင့် အလုပ်ထဲသွင်းကြစို့ရဲ့.... (မှန်ပါ့ဘုရား) ဦးသန်းမောင်က ဖြစ်စေ၊ ဦးသံဒိုင်ကဖြစ်စေ၊ မောင်သစ်က ဖြစ်စေ၊ မတွေးကောင်းတာ ကလေးတွေ ငယ်ငယ်တုံးက ပရွက်ဆိတ်ကလေးတွေ ပွတ်ချေခဲ့တာကလေးတွေအင်း....ဟင်=သားကောင်ကလေးတွေ သားရေခွကလေးနဲ့ ပစ်ခဲ့တာကလေးတွေ၊ ခလေးတုံးက ကစားချင်သလို ကစားတာကိုးဗျ၊ ငယ်ငယ်တုံးကလေ (မှန်ပါ့ဘုရား)။

ဒါတွေဟာ ဘာမှ မဖြစ်လောက်ဘူး....(မှန်ပါ့) မိုက်တုံးက ဒီလိုလုပ်ခဲ့တယ်ဆိုတာ မလာဘူးလား.... (လာပါတယ်ဘုရား) ကိုယ်လုပ်နေတဲ့ ဖြစ်ပျက်သာ တည့်အောင် လုပ်ပေး၊ ဘာမှ မတွေးနဲ့ တွေးယင် ကုက္ကုစ္စ ဖြစ်တယ်.... (မှန်ပါ့ဘုရား) ကုက္ကုစ္စဖြစ်ယင် အပါယ်ချမယ်....(မှန်ပါ့)။

ဒါဖြင့် ခင်ဗျားတို့သည် အဲဒီ့ဥစ္စာ အဟောင်းက အသစ်ပြန်ဖြစ်ပြီးသကာလ ခင်ဗျားတို့ လောင်တဲ့မီးဘဲ.... (မှန်လှပါဘုရား) ရှင်းပလား.... (ရှင်းပါပြီဘုရား) အဟောင်းက.... (အသစ်ပြန်ဖြစ်ပြီး လောင်တဲ့မီးပါဘုရား)။

အဟောင်းက အသစ်ပြန်ဖြစ်ပြီး ခင်ဗျားတို့ ပြန်နှိပ်စက်တယ် (မှန်ပါ့ဘုရား) သဘောပါပြီ.... (ပါပါပြီဘုရား) ဒါဖြင့် အဟောင်းဖြစ်တဲ့ အကုသိုလ်တွေကို မတွေးပါနဲ့.... (မတွေးပါ

ဘုရား) ဘယ်သူဖြစ်ဖြစ် ငယ်ရွယ်ကလေးက လိမ္မာလာတဲ့ လူဆို တာတော့ ရှာမှ-ရှားပါတယ်....(မှန်ပါ့) မူးခဲ့တယ်၊ မိုက်ခဲ့တယ်၊ ရူးခဲ့တယ်၊ လိမ်ခဲ့တယ်၊ ကောက်ခဲ့တယ်၊ ကျစ်ခဲ့တယ်၊ အမေမိဘ ညှဉ်းဆဲခဲ့တယ် ရှိကြတာချည်းဘဲ....(မှန်ပါ့)။

မတွေ့ရဘူး ဒါတွေ့၊ မတွေ့နဲ့.... (မှန်ပါ့) အခု ပစ္စုပ္ပန် ခန္ဓာကိုယ်သာ တွေ့၊ ပစ္စုပ္ပန်ခန္ဓာ ဘာဖြစ်နေသတုံးလို့ ဒုက္ခ သစ္စာသာ တွေ့....(မှန်လှပါဘုရား) တွေ့လိုက်ယင် ဟိုဟာတွေ့ အကုန်ပျောက်သွားတယ်....(မှန်ပါ့) အကျိုးပေးခွင့် မရဘူး.... (မှန်ပါ့)။

နို့မဟုတ်ယင် အဟောင်းက အသစ်ပြန်ဖြစ်ပြီး ကိုယ့်ဘဲ ပြန်နှိပ်စက်တယ်.... (မှန်ပါ့ဘုရား) ရှင်းပြီနော်.... (ရှင်းပါပြီ) ဒါဖြင့် ဒီအထဲ မေးလိုက်ပါတယ်၊ အဟောင်း အကုသိုလ် မရှိတဲ့ ပုဂ္ဂိုလ်မျိုး ပါကြရဲ့လား မေးယင် ဘယ်နှယ်ဖြေမလဲ.... (မပါပါဘုရား) တွေ့လိုက်ယင် ဘာဖြစ်မယ် ထင်ကြသလဲ....(ကုက္ကုစ္စဖြစ်ပါမယ်)။

အသစ်ပြန်ဖြစ်မယ်....(မှန်ပါ့) အသစ်ပြန်ဖြစ်ပြီး သူက ဇော ပြန်စောသွားမယ်....(မှန်ပါ့ဘုရား) ရှင်းပြီနော်.... (ရှင်းပါပြီ)။

သူကဇော ပြန်စောတော့ ကျုပ်တို့ကြောက်စရာမှကောင်းဘူး လား.... (ကောင်းပါတယ်ဘုရား) သူ့ဇောက ပဋ္ဌမဇောက ဒိဋ္ဌဓမ္မဝေဒနိယကံ မဟုတ်ဘူးလား....(မှန်ပါ့) အလယ်ဇော ငါး ချက်က အပရာပရိယ ဝေဒနိယကံ၊ သတ္တမဇောက ဥပပဇ္ဇ ဝေဒနိယကံဆိုပြီး အံမာ....သူက ကံသုံးမျိုးခွဲပြီး ခင်ဗျားတို့ကို အကျိုးပေးမလို့....(မှန်ပါ့)။

ခင်ဗျားတို့ အတွေးလဲလို့.... (မှန်ပါ့) မတွေးကောင်းတာ တွေးတဲ့အတွက် အဖြစ်ဆိုးကြုံရတယ်.... (မှန်ပါ့ဘုရား) ဘယ့်နယ်ပါလိမ့်....(မတွေးကောင်းတာတွေးလို့ အဖြစ်ဆိုး ကြုံရပါတယ်ဘုရား) မတွေးကောင်းတာ တွေးလို့ အဖြစ်ဆိုး ကြုံရတယ် ဆိုသဖြင့် အကယ်၍ ပေါ်လာလို့ရှိယင် အဲဒါကိုလဲ အခုပေါ်တဲ့ စိတ်ရဲ့ဖြစ်ပျက်ကို နောက်ဉာဏ်နဲ့ရှုပါ.... (မှန်ပါ့ဘုရား)။

ပေါ်လာယင်....(ဖြစ်ပျက်ရှုပါ) ဖြစ်ပျက် ရှုရမယ်၊ ဘယ်သူ့ ရှုရမလဲ.... (ပေါ်လာတဲ့စိတ်ကို ရှုရပါမယ်) ခုနင်က တွေးစိတ်ကလေးရှု၊ ကုက္ကုစ်ကလေးကို ဘာလုပ်ရမလဲ.... (ဖြစ်ပျက်ရှုရပါမယ်) ဖြစ်ပျက် ရှုလိုက်တော့ သူသည် ကုက္ကုစ်လား.... အနိစ္စလား....(အနိစ္စပါဘုရား)။

ဟာ....သူက အနိစ္စဆိုယင် ရှုတာ မဂ္ဂဖြစ်ရမယ်.... (မှန်ပါ့) အဲဒီတော့ကို သူ့ကို အနိစ္စဘက်ကို ပြောင်းဖြစ်အောင်ပြောင်းပါ....(မှန်ပါ့ဘုရား) သဘောပါပလား....(ပါ-ပါပြီ)။

မလွယ်ကာတို့ ဒီလို မပြောင်းလို့ အဝိစိကျတယ်.... (မှန်ပါ့) တိသရဟန်းကြီး ဒီလိုမပြောင်းနိုင်လို့.... (သန်းဖြစ်ရတယ်)အဲ.... သန်းဖြစ်ရတယ်၊ တိရစ္ဆာန်ဖြစ်သွားတယ်....(မှန်ပါ့) ရှင်းပလား (ရှင်းပါပြီ)။

ကောင်းပြီ....တဲ့၊ ဒါဖြင့် ဘုန်းကြီးတို့ တကာ တကာမတွေကို ယနေ့ အရေးကြီးတဲ့ အဆုံးအမတွေကို ဆုံးမ,နေတယ်ဆိုတာ ဦးသံဒိုင် ကျေနပ်ပလား....(ကျေနပ်ပါပြီဘုရား)။

ကုက္ကုစ်ကို မတွေ့ရမှာလား- တွေ့ရမှာလား.... (တွေ့ရမှာပါဘုရား) တွေ့ရမှာတဲ့--တွေ့ရမှာ၊ အဲဒီတော့ တွေ့လို့ရှိယင်ဖြင့်

သူပေါ်ချင်လဲ ပေါ်လာလိမ့်မယ်.... (မှန်ပါ့) ပေါ်လာလို့ရှိ
ယင်လဲ မပေါ်အောင်နေမယ်။ အလုပ်ကို ဆက်လုပ်နေယင်
မပေါ်ပါဘူး....(မှန်ပါ့)။

ဟာ....ဒီဥစ္စာ အလုပ်ဆက်မလုပ်ဖြစ်လို့ သူက ကြားခုတယ်
ဆိုယင်လဲ ကြားခုတာ ဖြစ်ပျက် ရှုတာပေါ့....(မှန်ပါ့)ကြားခုတဲ့
ကုက္ကုစ္စကို....(ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

ဖြစ်ပျက် ရှုလိုက်လို့ရှိယင်ဖြင့် သူက အနိစ္စ ဟုတ်လား....
(မှန်ပါ့) ဖြစ်ပျက် ရှုတာက ... (မဂ္ဂပါဘုရား) မဂ္ဂဆိုတော့
အာသန္နကံသည်ကားလို့ ဆိုလို့ရှိယင်ဖြင့်....တဲ့ သူ အာသန္နကံ
ဇော စောမလို့ လာတဲ့ဥစ္စာ ကျုပ်တို့က သူ့ကို အနိစ္စသဘော
လုပ်ပစ်လိုက်တာ....(မှန်ပါဘုရား) ဘာဇော လုပ်ပစ်လိုက်သလဲ
(အနိစ္စဇော လုပ်ပစ်လိုက်ပါတယ်) အနိစ္စဇော လုပ်ပစ်လိုက်တဲ့
အခါကျတော့ ကျုပ်တို့မှာ သူ့ကြောင့် သူ့နောက်က-နေ
ပြီး မဂ်ဇော ပြန်စောတယ်.... (မှန်ပါဘုရား) ရှင်းရဲ့လား....
(ရှင်းပါတယ်) သူက အနိစ္စ၊ ရှုတဲ့ဇောက မဂ္ဂ....(မှန်ပါ့)။

သူက.... (အနိစ္စပါဘုရား) အေး.... ခုနင်က မကောင်းတဲ့
တွေးလုံးကလေးက အနိစ္စဘဲ၊ ကျုပ်တို့ နောက် ရှုတဲ့ဇောက....
(မဂ္ဂပါဘုရား)။

ဒီလိုဆိုတော့ သေပေါက် သေဝနဲ့ တခါ ဘယ်သူက နီး
သွားပြန်သတုံးဆိုတော့ မဂ္ဂက နီးသွားတယ်.... (မှန်ပါ့) သူက
နီးသေးရဲ့လား....(မနီးပါဘုရား)။

ဒါကလေးကိုလဲ သေသေချာချာ မှတ်ပါ....(မှန်ပါ့) သူက
ငါ အာသန္နကံလုပ်မယ်ဆိုပြီး လာတယ်....(မှန်ပါဘုရား)။

ကျုပ်တို့က ဟင်... မင်း အာသန္နကံလုပ်စာ မခံနိုင်ဘူး၊ ဒို့ အာသန္နကံက မဂ္ဂဖြစ်အောင် လုပ်မယ်....(မှန်ပါ့) ဆိုပြီး သကာလ သူ့ကို ဖြစ်ပျက် ရှုလိုက်တော့ ကျုပ်တို့က မဂ်ဇော စောတယ်....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

မဂ်ဇော စောတဲ့အတွက်....တဲ့၊ မဂ်ဇောက အခု သုဂတိ နေလို့ရှိယင်လဲ နိဗ္ဗာန်ဆောင်မှာဘဲ.... (မှန်ပါ့) ပေါ်ပလား.... (ပေါ်ပါပြီ)။

အခု ကျုပ်တို့ သုဂတိနေတယ်....(မှန်ပါ့) မဂ်ဇောစောယင် ဘယ်ဆောင်မလဲ....(နိဗ္ဗာန်ဆောင်ပါတယ်)။

ဒါ အာသန္နကံ လဲလှယ်တဲ့နည်းကို ဟောတယ်....(မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါပြီ) ဘာဟောတာတုံး(အာသန္နကံလဲ လှယ်တဲ့နည်းပါဘုရား)။

ဟို အာသန္နကံနဲ့ဆိုယင် သူ့ဘဝပြီ ခင်ဗျားတို့.... (မှန်ပါ့ ဘုရား) အခုမဂ်အာသန္နကံနဲ့ဆိုတော့ မသွားဘူး.... (မသွားပါ့ ဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဦးသန်းမောင် ဘယ်ကံကြိုက်သတုံး၊ အကုသိုလ် အာသာန္နကံ ကြိုက်သလား.... မဂ်အာသန္နကံ ကြိုက်သလား.... (မဂ်အာသန္နကံ ကြိုက်ပါတယ်ဘုရား)။

မဂ်အာသန္နကံ ကြိုက်လို့ ရှိယင်ဖြင့် အာသန္နကံသည်၊ သူ ဝင်လာလို့ရှိယင် ကျုပ်တို့က သတိထား- ဝီရိယစို့က်- ပညာနဲ့ ရှု....(မှန်ပါ့ဘုရား) သတိထား၊ ဝီရိယစို့က်....(ပညာနဲ့ရှုရပါမယ် ဘုရား) ပညာနဲ့ ရှုလိုက်တော့ ကျုပ်တို့မှာ မဂ်ဇော လာဖြစ်တယ်....(မှန်ပါ့ဘုရား)။

ဒါ့ကြောင့် သေပေါက် သေဝနဲ့ ဘယ်သူနီးသတုံး ဆိုတော့ ကုက္ကုစ္စကနီးသလား- မင်္ဂလာက နီးသလား- (မင်္ဂလာကနီးပါတယ်ဘုရား)။

မင်္ဂလာကနီးယင် သူက အာယင်အကျိုးပေးမယ်....(မှန်ပါ့) ဒီလိုဆိုတော့ ကြောက်စရာ မရှိတော့ဘူး....(မှန်ပါ့)။

အခုပြောတဲ့ ဥစ္စာတွေသည် ဝတ္ထုနဲ့လဲကိုက် အလုပ်ပြောင်းနည်းကိုလဲ နည်းပေးတဲ့အတွက် မောင်သစ်- သေသေချာချာမှတ်ရမယ်.... (မှန်ပါ့ဘုရား)။

အရေးကြုံယင် အသံဖမ်းထား၊ ဒါ ဖွင့်ကြည့်ရမယ်....(မှန်ပါ့ဘုရား) အရေးကြုံယင် ဒါဖွင့်ကြည့်လိုက် ဦးသန်းမောင်....(မှန်ပါ့)။

သြော်....ငါဘယ်လိုပြောင်းရမတုံး၊ငါ့ဆရာဘုန်းကြီးက ဒီလိုဟောထားတာဘဲ.... (မှန်ပါ့) ဒီလိုပြောင်းလိုက်မယ် ဆိုတော့ ဝိပဿနာလဲ ရှုဖြစ်တယ်၊ အပြောင်းကောင်းလဲ ဖြစ်သွားတယ်.... (မှန်ပါ့ဘုရား)။

ဝိပဿနာကော.... (ရှုဖြစ်ပါတယ်)အပြောင်းကောင်းကော (ဖြစ်ပါတယ်ဘုရား) ကိုင်း ဒါဖြင့် ခင်ဗျားတို့ အသေတောင် သင်လှတ်လိုက်တယ်လို့ အောက်မေ့ပါ.... (မှန်ပါ့) ဘာသင်လှတ်သလဲ.... (အသေသင်လှတ်ပါတယ် ဘုရား) အသေတောင် သင်လှတ်လိုက်တယ် ဆိုတော့ ဦးသန်းမောင် ကမ်းကုန်ပြီ.... (မှန်ပါ့ဘုရား)။

ကမ်းကုန်နေပြီတဲ့ သေတော့ သေကြရမှာချည့်ဘဲ.... (မှန်ပါ့ဘုရား) သို့သော် မသေတတ်လို့ရှိယင်လဲ အပါယ်သွားမှာဘဲ....

(မှန်ပါ့) သေတတ်လို့ရှိယင်လဲ သုဂတိနဲ့ နိဗ္ဗာန် အစုမ်းရှိသလောက်ပေါ့ဗျာ- သွားကြမှာဘဲ.... (မှန်ပါ့) သုဂတိရောက်တဲ့ အာသန္နကံဆိုယင်လဲ သုဂတိပို့မှာဘဲ.... (မှန်ပါ့) ဟာ.... ကိုယ်က အင်မတန် အရှုပြင်းထန်လို့ရှိယင်လဲ နိဗ္ဗာန်ရောက်မှာဘဲ....(မှန်ပါ့)။

ဒါဖြင့် အာသန္နကံ ပြောင်းတတ်ပလားလို့ မေးလိမ့်မယ်.... (ပြောင်းတတ်ပါပြီ) ဒါ ဘယ်ထောက်ပြီး ဆရာဘုန်းကြီးက ပြောပါလိမ့်မတုံးလို့ မေးတော့ ခုနင်ကပြောခဲ့တဲ့ ရဟန်းရဲ့ အဖေကြီး ပြောင်းခဲ့လို့.... (မှန်ပါ့) သေချာပလား....(သေချာပါပြီ)။

ဒါဖြင့် အာသန္နကံလဲ ပြောင်းရတယ်.... (မှန်ပါ့)ပေါ်ကြပလား....(ပေါ်ပါပြီ) ဘယ်လိုတုံး.... (အာသန္နကံလဲ ပြောင်းရပါတယ်) ဆရာကောင်း သမားကောင်းနဲ့ ဒါဒီလိုပြောင်းမယ်ဆိုလို့ရှိယင် အာသန္နကံသေခါနီးမှပေါ့ ဘယ့်နှယ် ပြောင်းရမလဲ ဖြစ်ချင် ဖြစ်နေမယ်.... (မှန်ပါ့ဘုရား)။

အခုဟာ ပြောင်းရတဲ့ ဝတ္ထုကို ထုတ်ပေး လိုက်တယ်.... (မှန်ပါ့) ပြောင်းရတဲ့ ဝတ္ထု.... (ထုတ်ပေးပါတယ်ဘုရား) သေချာပြီမဟုတ်လား .... (သေချာပါတယ်ဘုရား) သောဏအဖေလေ.... (မှန်ပါ့) သောဏအဖေ မုဆိုးကြီးဝတ္ထု၊မုဆိုးကြီးမှာ အာသန္နကံက မိစ္ဆာဖြစ်တဲ့ ခွေးနက်ကြီးတို့၊ ငရဲမီးတို့ မထင်ဘူးလား.... (ထင်ပါတယ်ဘုရား) အဲဒါနတ်သမီး ထင်အောင် ပြောင်းတယ်.... (မှန်ပါ့)။

ဒါဖြင့် အာသန္နကံ ပြောင်းလို့ရ-မရ.... (ရပါတယ်ဘုရား) အဲဒီတော့ ခင်ဗျားတို့ ဘယ်သူပြောတာမှ မယုံနဲ့၊ ဒီဝတ္ထုဟာလဲ စာမှာ သေသေချာချာပါတယ်.... (မှန်ပါ) သေသေချာချာပါတဲ့အတွက် ဩဇာ.... အာသန္နကံလဲ ပြောင်းရသေးသကိုးလို့ မှတ်ထား၊ (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

အဲဒီတော့ကို ပြောင်းတဲ့ နည်းကိုတော့ဖြင့် အဲဒီကံကိုဘဲ ဖြစ်ပျက်ရှယင် ပြောင်းပြီးသားဖြစ်ပါတယ်.... (မှန်ပါ့ဘုရား)။

မကောင်းတဲ့ အာသန္နကံလာယင် ကံဆိုတာ ဝမ်းထဲမှာ ကံဇောစောတာ.... (မှန်ပါ့) အဲဒါကို ဉာဏ်ဇောနဲ့ ကြည့်လိုက် ပြောင်းပြီးသား ဖြစ်တယ်....(မှန်ပါ့)။

ကံဇောကို ဉာဏ်ဇောနဲ့ ကြည့်လိုက်ယင်.... (ပြောင်းပြီးသား ဖြစ်ပါတယ်)။

ပြောင်းပြီးသား ဖြစ်သွားတယ်ဆိုတော့ ဩဇာ....အာသန္နကံပေမဲ့လဲ သူ့ဒနာက်ကို လာနှိုင်တဲ့ ကံရှိသေးသကိုး၊ မင်္ဂလာတွေ ရှိသေးတယ်ဆိုတာကို ယနေ့ ထူးထူး ခြားခြား မှတ်.... (မှန်ပါ့ဘုရား) သဘောပါပလား....(ပါ-ပါပြီ)။

ဒါဖြင့် ပြောင်းတတ် လဲတတ်ဖြစ်လေသောကြောင့် နိဝရဏလား....နိဗ္ဗာန်ပို့တဲ့ တရားလား.... (နိဗ္ဗာန်ပို့တဲ့တရားပါဘုရား) အသုံးမချတတ်လို့ရှိယင် နိဝရဏ....(မှန်ပါ့) ကုက္ကုစ္စ နိဝရဏ.... (မှန်ပါ့) အသုံးချတတ်လို့ရှိယင်ဖြင့် ကုက္ကုစ္စကို ဖြစ်ပျက်ရှုတဲ့အတွက် သူက အနိစ္စဖြစ်လို့ မဂ္ဂင်္ကျေးဇူးပြုတယ် ဆိုတော့.... ဦးသံဒိုင်တို့ ဒါတာဝန်ခံနိုင်ပလား.... (မှန်ပါ့ဘုရား)ယုံကောယုံကြည်ရဲလား....(ယုံကြည်ပါတယ်ဘုရား)။

ယုံကြည်လို့ရှိယင် ဒီအတိုင်းဖြေပါ.... (မှန်ပါ့ဘုရား) ဒါဖြင့် ဒီနေ့ည ဘာသင်ပါလိမ့်မတုံးလို့ မေးတော့ ကုက္ကုစ္စနဲ့ နိဗ္ဗာန် ရောက်အောင် ပို့တာသင်တယ်.... (မှန်ပါ့) မဟုတ်ဘူးလား.... (မှန်ပါ့) တနည်းအားဖြင့်လဲ အသေသင်တယ်.... (မှန်ပါ့) ဘယ့်နှယ်ဖြေမလဲ.... (အသေသင်ပါတယ်ဘုရား)။

ဒီအသေသင်ဘို့ရာ အရေးဟာလဲ အနေသင်တာထက် အရေးကြီးသေးတယ်မှတ်ပါ.... (မှန်ပါ့)မကြီးဘူးလား....(ကြီးပါတယ် ဘုရား)။

အနေသင်တာထက် အသေသင်တာက အရေးကြီးပါတယ်၊ ဘာ့ကြောင့် ကြီးသတုံးဆိုတော့ သူက ဟိုဘက်ဂတိ အသွားနီးနေပြီ.... (မှန်ပါ့) မနီးဘူးလား.... (နီးပါတယ်ဘုရား)။

ဒါ့ကြောင့် ဖဂ္ဂုဏဝတ္ထုကို ခင်ဗျားတို့ မပြတ်မပြတ် ကြည့်ပေး....(မှန်ပါ့) သြော်....သူဘယ်လိုသေပါလိမ့် မတုံးဆိုတဲ့ဥစ္စာ အကုန်ပါလာတာဘဲ.... (မှန်ပါ့)။

အင် ဟင် သူတရားနာပြီး သေသလား - သူ့ဟာသူ ဆင်ခြင်သေသလားဆိုတော့ ကိုယ်ရထားတဲ့ ဝိပဿနာမဂ် ကိုယ့်ဟာကိုယ် ဆင်ခြင်သေတယ်.... (မှန်ပါ့ဘုရား)။

ဆင်ခြင်သေတော့ အရှင်အာနန္ဒာက ဘုရားသွားလျှောက်တယ်၊ အရှင်ဘုရား ဖဂ္ဂုဏသေတာ ပြုံးလို့- ရှင်လို့ဘုရား.... (မှန်ပါ့) ဣန္ဒြေတွေ သိပ်ကြည်လင်တယ်၊ စက္ခု သောတ ဃာန ဇိဝှါတွေ....(မှန်ပါ့ဘုရား) မချို့ဘူးဘုရား....တဲ့။

အို.... ငါဘုရား တရားလဲနာရမယ်ကွ။ သို့မဟုတ်-ငါ့ဘုရား တပည့်သားတရားလဲ နာရမယ်၊ သူ့ဟာ သူယင်လဲ ဆင်ခြင်သေမယ်ဆိုယင် ဒီဥစ္စာ ပုထုဇဉ်သေဦးကွ သောတာပန်၊သကဒါဂါမ်၊ အနာဂါမ်အဖြစ်နဲ့ အောက်သံယောဇဉ် ပယ်နိုင်တယ်ကွ (မှန်ပါ့ဘုရား) ဘုရားက တာဝန်ခံထားတယ်.... (မှန်လှပါ့)။

ဒါ့ကြောင့် ဒီတရာ တရားမတွေ့ သြော်.... ဆရာသမားသည်ကားလို့ ဆိုလို့ရှိယင် မတွေ့မှာ သင်တာလား၊ တွေ့မှာ သင်တာလား.... (တွေ့မှာ သင်တာပါဘုရား)။

တွေ့မှာ သင်တာတဲ့၊ ဒီလိုသင်ပေးမည့် ဆရာမရှိလို့ရှိယင်ဖြင့် ဦးသန်းမောင်တို့- ဦးသံဒိုင်တို့ မှတ်ပေရော့ .... သူ့ထင်ရာနဲ့ သူ့ဇောနဲ့၊ သူ့ကုက္ကုစ်နဲ့ အကုန်အပါယ်သွားတာဘဲ.... (မှန်လှပါဘုရား) ကြောက်စရာ သိပ်ကောင်းတာဘဲ.... (ကောင်းပါတယ်ဘုရား) ရှင်းပလား.... (ရှင်းပါပြီ)။

အဲဒါက လူကြီးလူငယ်မရွေးနဲ့၊ ဉာဏ်ပေးတဲ့ ဆရာဟာ အကောင်းဆုံး မဟုတ်ဘူးလား.... (မှန်လှပါဘုရား)။

အဲ....ခုနင်ကပြောခဲ့တဲ့ စကားထဲမှာလဲ အောက်တန်းကို ပေးပြန်တော့လဲ တရားဟောညွှံလို့ ဟာလာဟင်း ဖြစ်ဖြစ်နေရတယ်.... (မှန်ပါ့) ဒါလဲ ထိန်းပေးရတယ်၊ သဘောပါလား.... (ပါ-ပါတယ်)။

အောက်တန်းတရား ဟောလိုက်ပြန်တော့လဲ အထက်တန်းလွှတ်လွှတ်သွားတယ်.... (မှန်ပါ့) မလွှတ်ဘူးလား.... (လွှတ်ပါတယ်ဘုရား) သမထ ဟောလိုက်ပြန်တော့ ဝိပဿနာက ဘာဖြစ်သွားသလဲ....(လွှတ်သွားပါတယ်ဘုရား)။

ဝိပဿနာ လွတ်လွတ်သွားတယ်၊ မနာဘူးလား.... (နာပါတယ်ဘုရား) နာတယ်ဆိုတော့ ကျုပ်တို့မှာ နှစ်ခါပန်း ဖြစ်နေမယ်၊ အရှင်သာရိပုတ္တရာ နှစ်ခါပန်းတာလဲ အောက်တန်းတရားသွားဟောမိလို့.... (မှန်ပါဘုရား)။

အဲဒါ မင်း....အထက်တန်းတရားမဟောမိဘူးဆိုပြီး ဘုရားက အပြစ်တင်လိုက်တော့မှ နှစ်ခါဟောရတယ်၊ လူ့ပြည်တခါဟောရတယ်၊ဗြဟ္မာ့ပြည် တခါဟောရတယ်.... (မှန်ပါဘုရား) မနာဘူးလား.... (နာပါတယ်ဘုရား)။

အဲဒါတွေ ထောက်ကြည့်တဲ့အခါကျတော့မှ သြော်....တရားဟောညံ့လို့ အောက်တန်းဆရာ ကိုးကွယ် ဆည်းကပ်မှုသည် အပြစ်အတော်အကြီးသားဘဲဆိုတာပေါ်လာတယ်(ပေါ်လာပါတယ်ဘုရား) ဘယ်နှယ်ဖြစ်ကြသလဲ.... (အပြစ်အတော်ကြီးတယ်ဆိုတာ ပေါ်လာပါတယ်) အပြစ်ကြီးသင့်တယ်....(မှန်ပါ့)ဘာဖြစ်သွားသလဲ.... (အပြစ်ကြီးသင့်ပါတယ်ဘုရား) အပြစ်ကြီးသင့်တယ်ဆိုတာ မှတ်တော့၊ကဲ....ဒါဖြင့် ပုံ့လွှင့်တဲ့စိတ်လာလို့ရှိယင်လဲ အဖျက်လို့မမှတ်ပါနဲ့....(မှန်ပါ့ဘုရား)။

ဘယ်လိုကြောင့်တုံး ဆရာဘုန်းကြီးက ဒါကုက္ကုစ္စက နေပြီးဥဒ္ဓစ္စတော့ ကူးလိုက်ပြီ....(မှန်ပါ့)။

ပုံ့လွှင့်တဲ့စိတ်ဆိုတာ ဒီလိုမှတ်ပါ၊ မျက်လုံးဟာ ဟိုဘက်ကနေတဲ့ ဓါတ်ပုံကြည့်တယ်၊ မျက်လုံးကသွားကြည့်တာလား၊ ဒီကနေပြီးကြည့်တာလား.... (ဒီကနေကြည့်တာပါဘုရား)။

သူကသွားတာမဟုတ်ဘူး....(မှန်ပါဘုရား) မျက်လုံးကမသွားပါဘူး၊ မျက်လုံးကရုပ်ကြီး.... (မှန်ပါ့ဘုရား) သူ့ပေါ်မှာရှိတဲ့

နာမ်ကကော သွားတာလား၊ မသွားဘူးလား.... (မသွားပါဘူးရှား)။

မသွားပါဘူးတဲ့၊ သူဟာမျက်လုံးရုပ်က ပုရေဇာတ၊ မြင်စိတ်ကလေးက ပစ္စာဇာတဆိုတော့ စက္ခုံစပဋ္ဌိစ္စ ရှုပေစ ဥပဇ္ဇတိ စက္ခုဝိညာဏံ=စက္ခုပသာဒရုပ်ကို အမှီပြုပြီးတော့ စက္ခုဝိညာဏ်ဖြစ်ရတယ်ဆိုတော့ သူက ပုရေဇာတ ပစ္စည်း၊ မြင်စိတ်ကလေးက ပုရေဇာတပစ္စည်း၏ ပစ္စယုပ္ပန်ဆိုတော့ တဲ့နေတယ်၊ မတဲ့ဘူးလား.... (တဲ့ပါတယ်ဘုရား) မြင်ရုပ်ပေါ်မှာ မြင်စိတ်ကလေးသွားပေါ်တယ်....(မှန်ပါ့) မြင်ရုပ်ပေါ်မှာ.... (မြင်စိတ်ကလေးသွားပေါ်ပါတယ်ဘုရား)။

စက္ခုပေါ်မှာ မြင်စိတ်ကလေးသွားပေါ်တော့၊ ဩော်....ဒါဟာ ဒီကနေပြီး နာမ်ရော ရုပ်ရောတော့ မသွားဘူး၊ ဒီကနေပြီးတော့ ချိန်တာဘဲရှိတယ်....(မှန်ပါ့ဘုရား)ဟိုဘက်မှာ ဘာရှိတယ် ဟိုဘက်မှာ ဘာရှိတယ်ဆိုတဲ့ ချိန်တာဘဲရှိတယ်၊သွားနိုင်ရဲလား.... (မသွားနိုင်ပါဘုရား)။

မသွားနိုင်တော့ စိတ်တွေက တယ်ပြေးသကိုး၊ ခင်ဗျားတို့အသုံးလေ.... (မှန်ပါ့) ဒီစိတ်ကဘဲ ဟိုရောက်သွားသလိုလို.... (မှန်ပါ့) ဟင်....ဟိုဘက်ရောက်သွားသလိုလို၊ ဆိုင်ရောက်သွားသလိုလို၊ သားမယားမျှားဆီ ရောက်သွားသလိုလို.... (မှန်ပါ့) ခင်ဗျားတို့အထင်.... (မှန်ပါ့ဘုရား) စိတ်ကတယ်ပြေးတာကိုး၊ ရန်ကုန်မျှား ရောက်သွားလိုက်သေး....(မှန်လှပါ)။

မပြေးရှာပါဘူး၊ ဒီကကိုမသွားနိုင်ရှာဘူး၊ မှန်ချိန်တာ ဝေးဝေးချိန်တာ တခုဘဲရှိတယ်....(မှန်ပါ့) ဘယ်လိုဆိုကြမယ်....(မှန်

ချိန်တာ၁ ဝေးဝေးချိန်တာပါဘုရား)ဝေးဝေးချိန်တာကို ခင်ဗျား တို့က သွားတယ်ထင်နေလို့ ခက်နေတာ....(မှန်ပါ့ဘုရား)။

ဒါဘာဟောချင်လို့လဲ ဒီဥစ္စာ ပုရေဇာတပစ္စည်း ကိုင်ထားပါ လိမ့်မတုံးလို့မေးတော့မှ စိတ်တွေဟာ ပြေးလွှန်းလို့ ဖမ်းရခက် တယ်ဆိုတာ အဝေးကြီးပြေးတယ်၊ခင်ဗျားတို့စိတ်တွေကို ခင်ဗျား တို့ကထင်နေတယ်....(မှန်ပါ့) ပြေးကို မပြေးဘူးဗျ၊ ပြေးရဲ့လား (မပြေးပါဘုရား)။

အဲဒီတော့ ကုက္ကုစ္စ ဘယ်ပေါ်သတုံး ဥဒ္ဓစ္စဘယ်ပေါ်သတုံး ဟဒယဝတ္ထုပေါ်မှာပေါ်တယ်....(မှန်ပါ့) ဒါဖြင့် ဟဒယဝတ္ထု ပေါ်က သူဘယ်မှမပြေးဘူး.... (မှန်ပါ့) သူအာရုံပြုတာသာ အဝေးကြီးသွားချင်သွားမယ်....(မှန်ပါ့ဘုရား)။

အဲဒီတော့ သူ့ကို ရန်သူကို ပြန်စိုက်ကြည့်ယင် သူ့တွေ့လိမ့် မယ်.... (မှန်ပါ့) ဟိုသွားကြည့်မနေနဲ့.... (မှန်ပါ့) ဘာပြုလို့ တုံး မပြေးနိုင်တဲ့တရားမို့ ဒီပေါ်ဖြစ် ဒီပေါ် ပျက်မှာဘဲ.... (မှန်ပါ့ဘုရား)။

ဒါဖြင့်စိတ်က တယ်ပြေးတယ်ဆိုတာ ခင်ဗျားတို့ကထင်လို့ ပါ၊ စိတ်ကိုက ကမ္ဘာကြီးမျှား သုံးလေးပတ်လောက် ပတ်လိုက် တယ်လို့ထင်လိုက်တယ်၊ မဟုတ်ဘူးလား.... (မှန်ပါ့ဘုရား) သူ က မြင်းလို ပြေးတယ်လို့ထင်နေတယ်....(မှန်ပါ့)။

မဟုတ်ပါဘူးတဲ့ ဒီဥစ္စာ ပုရေဇာတ ပစ္စယုပ္ပန်ဘဲတဲ့ ဘုရားက၊ သဘောကျပလား....(ကျပါပြီ)။

'စက္ခုံစ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ' ဆိုတော့ ကြည့်စမ်းပါလား....တဲ့၊ စက္ခုပသာဒ ရုပ်အပေါ်မှာ စက္ခု

ဝိညာဏ်ပေါ်တယ်.... (မှန်ပါ့) ပြေးနိုင်ရဲ့လား.... (မပြေးနိုင်ပါဘုရား)။

'မနဉ္ဉ ပဋိစ္စ ဓမ္မေစ ဥပ္ပဇ္ဇတိ မနောဝိညာဏံ'ဆိုပြီး ဟိုမှာလဲ ဒီအပေါ်မှာပေါ်တာ သူမပြေးဘူး၊ ပြေးရဲ့လား.... (မပြေးပါဘုရား)။

အဲဒီတော့ ခင်ဗျားတို့ဟာတွေ ဘဝင်အကြည်ပေါ်မှာ ပေါ်တာ ဘဝင်အကြည်ပေါ် စိုက်လိုက်လို့ရှိယင်ဖြင့် သူက ဘယ်လို အဓိစ်စ မှန်ချိန်နေဦး မင်း ဒီအပေါ်မှာဖြစ်ပြီး ဒီအပေါ်မှာပျက်တယ်၊ ဥာဏ်က ဒီကိုလှည့်လိုက်၊ ဒါဥဒ္ဒစ္စရှုပြီးသား သွားဖြစ်တယ်.... (မှန်ပါဘုရား) ရှင်းပလား.... (ရှင်းပါပြီ)။

ဒါဖြင့် ပြေးရာ လိုက်ရှုရမှာလား-ရှိရာ ရှုရမှာလား.... (ရှိရာရှုရမှာပါဘုရား) ရှိရာမှာရှုရမယ်ဆိုတော့ သူအာရုံပြုရာကိုမရှုနဲ့ (မှန်ပါ့) ရှိရာကို....(ရှုရပါမယ်ဘုရား) ရှိရာကိုရှုတော့ သူဘယ်ခပါမှာပေါ်သတုံး ဥဒ္ဒစ္စဟာ.... (ဟဒယဝတ္ထုပေါ်မှာ ပေါ်ပါတယ်)သဘောကျပလား.... (ကျပါပြီ)။

ဒါဖြင့် ရင်လယ်စိုက်ရှုတော့ သြော်.... မင်းဟာ ဥဒ္ဒစ္စကိုး၊ ဒါ့ကြောင့် မင်းမှန်ချိန်တာ အဝေးကြီးချိန်တာဘဲ၊ ရန်ကုန်ချိန်တယ်၊ စစ်ကိုင်းဘက်ချိန်တယ်၊ မင်းချိန်ပေမဲ့လဲ မင်းဖြစ်ရာဒိုက ရှုမယ်ဆိုပြီးသကာလ သူ့ရှုလိုက်တော့ ဟဒယဝတ္ထုပေါ် ဥာဏ်လှည့်လာတယ်....(မှန်ပါဘုရား) ဟဒယဝတ္ထုပေါ် ဥာဏ်လှည့်လို့ရှိယင် ဒီပေါ်မှာဖြစ်ပြီး ဒီအပေါ်မှာပျက်တယ်....(မှန်ပါ့)။

ဒါဖြင့် ဒီအပေါ်မှာ ဉာဏ်လှည့်ပြီး ဖြစ်ပျက်ရှုလိုက်တော့ ဥဒ္ဓစ္စသည် နိဝရဏလား- မဂ်ကိုကျေးဇူးပြုသလား.... (မဂ်ကို ကျေးဇူးပြုပါတယ်ဘုရား)။

ဒါဖြင့် စကားဒါလောက်ချီးပြီး ပြောနေတာက ခင်ဗျားတို့ နားလည်မှုစိတ်က တယ်ပြေးတယ်ဆိုတော့ ဒီဘက်ကို ထွက်ပြေး တယ်လို့ထင်တာကိုး....ဗျ.....(မှန်လှပါ) ထွက်ပြေးတယ်ထင်ယင် သဿတဒိဋ္ဌိ....(မှန်ပါ့) ဘယ့်နှယ်ဖြေမလဲ.... (သဿတဒိဋ္ဌိပါ ဘုရား) အဲ.... ခင်ဗျားတို့ အထင်တွေဟာ သဿတဒိဋ္ဌိ.... (မှန်ပါ့)။

သူက ဒီပေါ်ကနေပြီး ပြေးရှာတယ်ဆိုတော့ မသေတော့ ဘူး....(မှန်ပါ့) ဘာဒိဋ္ဌိဖြစ်နေသလဲ.... (သဿတဒိဋ္ဌိဖြစ်နေပါ တယ်)။

အဲဒါ ခင်ဗျားတို့ အသက်ထွက်သွားပြီဆိုတာနဲ့ အတူတူဖြစ် နေတယ်.... (မှန်ပါ့ဘုရား) ဘာနဲ့အတူတူဖြစ်နေသလဲ....(အသက် ထွက်သွားပြီနဲ့ အတူတူဖြစ်နေပါတယ်) အသက်ထွက်သွားတာ ဘာဒိဋ္ဌိလဲ.... (သဿတဒိဋ္ဌိပါဘုရား) အဲဒါနဲ့အတူတူ ဖြစ်နေ တယ်.... (မှန်ပါ့ဘုရား)။

ခင်ဗျားတို့စိတ်ပေါ်မှာ ယူထားတာလေ.... (မှန်ပါ့ဘုရား) အဲဒါပြေပျောက်ပလား.... (ပြေပျောက်ပါပြီဘုရား)။

အဲဒီတော့ ဥဒ္ဓစ္စလာယင် ဘယ်မှာ ခင်ဗျားတို့ဉာဏ်က လှည့် မလဲ....(ဟဒယဝတ္ထုပေါ်လှည့်ပါမယ်) သူပေါ်ရာလှည့်လိုက်.... (မှန်ပါ့) သူက ဟဒယဝတ္ထုပေါ်မှာ ပေါ်တော့ ဟဒယဝတ္ထု

ပေါ်ညာဏ်လှည့်ပြီး သြော်....ဒီနေရာဖြစ်ပြီး ဒီနေရာပျက်တယ်ဆိုပြီး၊ တကာ-တကာမတွေ့က ရှုလိုက်လို့ရှိယင်ဖြင့် ဥဒ္ဓစ္စသည် နိဝရဏလား၊ နိယျာနလား....(နိယျာနပါဘုရား)။

နိဝရဏဆိုတာ ကန့်ကွက်တာ၊ နိယျာနဆိုတာ သူကထုတ်ဆောင်ပေးတာ....(မှန်ပါ့ဘုရား)နိဗ္ဗာန်လဲပို့ပေးမယ်....(မှန်ပါ့) ဒါဖြင့် နိဝရဏနဲ့ နိယျာနနဲ့ ကဲ့ပလား....(ကဲ့ပါပြီဘုရား)အသုံးမချတတ်တဲ့ ပုဂ္ဂိုလ်မှာ နိဝရဏ.... (မှန်ပါ့) တားမြစ်တယ်....(မှန်ပါ့) အသုံးချတတ်တဲ့ပုဂ္ဂိုလ်မှာ.... (နိယျာနပါဘုရား) နိယျာနထုတ်ဆောင်တယ်၊သူက မင်းသုဂတိ ဘဝကနေပြီးတော့ကဲ့....နိဗ္ဗာန်သွားတော့ကဲ့-လို့ သူကတောင် ထုတ်ဆောင်လိုက်သေးတယ်.... (မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီ) သဘောပါပလား....(ပါ-ပါပြီ)။

ကဲ....ယနေ့ ဒီတွင်တော်ကြဦးစို့။

သာဓု....သာဓု....သာဓု

အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း

ကျေးဇူးတော်ရှင် — အဂ္ဂမဟာ ပဏ္ဍိတ

မိုးကုတ် ဆရာတော်ဘုရား

အမရပူရမြို့ မင်္ဂလာရိပ်သာကျောင်းပေါ်၌

ဟောကြားတော် မူသော

ဥဒ္ဓစ္စ နှင့် ဝိစိကိစ္ဆာ နီဝရဏ ဆိုးဝါးပုံနှင့် မင်အမြတ်ထုတ်ပုံ

ည အလုပ်ပေး တရားတော်

(၂၃-၁၁-၆၁)

တားရာသူမနေဘဲနဲ့ ကြားဝင်လို့ရှိယင် ဥပမာမယ်....ဝေဒနာ ဖြစ်ပျက်ရှုနေတယ်၊ ရှုနေတုန်းကတော့ ဝိပဿနာ မင်ပါဘဲ၊ ရှုနေတုံးကတော့ စိပဿနာမင်၊ ဖြတ်ဆို ဝိပဿနာ မင် ချုပ်သွားပြီး ဝိပဿနာမင်နေရာမှာ ဥဒ္ဓစ္စကဝင်လာတယ်၊ဥဒ္ဓစ္စကဝင်လာတော့ ခုနင်က ရှုတဲ့ဆီကို သူကသွားတဲ့ တရားမျိုးမဟုတ်တော့ အပြင်ထွက်သွားတယ်၊ ပြင်ဘက်ကို အာရုံပြုလိုက်တယ်။

ထိုပြင်ဘက်ကို အာရုံပြုလိုက်တဲ့တရားကို ဘာခေါ်ကြမတုံး (ဥဒ္ဓစ္စ ခေါ်ပါတယ်ဘုရား) ဒါဖြင့် ဥဒ္ဓစ္စကတော့ သီးသန့်ပေါ်တာလို့မှတ်ပါ၊ မင်ကလဲ သီးသန့် ပေါ်တယ်လို့မှတ်ပါ၊ မင်ကရှေးဦးစွာ ဝိပဿနာရှုနေတယ်၊ ဝေဒနာရှုနေတယ်၊ စိတ်ရှုနေတယ်၊ ရှုနေတုံးကတော့ တည့်နေတာဘဲ၊ ဖြတ်ဆို မင်ကချုပ်

သွားတဲ့အခါမှာ ဥဒ္ဓစ္စကမက်ပေါ်တဲ့ ဟဒယဝတ္ထုမှာ ပြန်ပေါ်လာပြီး ဖြစ်ပျက်နဲ့လဲ့ထွက်သွားတယ်.... (မှန်ပါ့)။

အဲဒီကဲ့သို့ ဖြစ်ပျက်နဲ့ လဲ့ထွက်သွားတော့ကို ဘာဆိုကြမယ်....(ဥဒ္ဓစ္စပါဘုရား)။

ဥဒ္ဓစ္စဆိုတာက ဒါ.... အလုပ်သမားမှလဲ ဒီအသံထွက်တယ် (မှန်ပါ့) အလုပ်သမားမဟုတ်တဲ့ ပုဂ္ဂိုလ်မှာ သူ့ဟာသူတော့ဝေမိန်းမောပြီး ပျံလွှင့်နေတာကိုပင်လျှင် ဒါဘာစိတ်ကယ်လို့လဲ မသိ.... (မှန်ပါ့)။

အဲဒီတော့ကို အလုပ်ခွင်နဲ့ကြည့်မှ ဥဒ္ဓစ္စဆိုတဲ့ တရားဟာလဲ သူ့သတ္တိပေါ်လာတာ.... (မှန်ပါ့) အလုပ်ခွင်နဲ့ မကိုက်လို့ရှိယင် သူ့သတ္တိမပေါ်လာဘူးလို့ အားလုံး တကာ-တကာမတွက်မှတ်ပါ.... (မှန်ပါ့ဘုရား)။

အဲဒီတော့ကို ဥဒ္ဓစ္စဆိုတာသည် ဘာနဲ့တူသတုံးလို့ မေးတဲ့ အခါကျလို့ရှိယင်ဖြင့် ရေထဲမှာ- ရေကန်မှာ ဖြစ်စေ၊ ရေခွက်ထဲမှာဖြစ်စေ၊ လေတိုက်လို့ လှုပ်နေတဲ့အခါ မျက်နှာရိပ်ဟာပ်လို့ ရပါ့မလား.... (မရပါဘုရား)။

မျက်နှာရိပ် ဟပ်လိုက်လို့ရှိယင် အရိပ်မဆင်ဘူး.... (မှန်ပါ့) ဒီတရားကလဲ သူပေါ်လာတာသည် တုန်လှုပ်တဲ့တရားပေါ်လာတာ ဖြစ်ပါတယ်၊ အဲဒီတော့ တုန်လှုပ်တဲ့တရား ပေါ်လာသောကြောင့် ဖြစ်ပျက် ရှုတဲ့ဉာဏ်ကို ဝင်ခွင့် မပေးဘူး.... (မှန်ပါ့) အဲ....ဝင်ခွင့်မပေးတော့ သူက တုန်လှုပ်နေတာဘဲ၊ တုန်လှုပ်နေတော့ ဖြစ်ပျက်ရှုတဲ့ဉာဏ် ဝင်ခွင့်မပေးတာကိုပင်လျှင် ဥဒ္ဓစ္စသည် နီဝရဏဟူသော နာမည်အထူးကို ရပါတယ်.... (မှန်ပါ့ဘုရား)။

ဝိပဿနာဉာဏ် ဝင်ခွင့်မပေးဘူး.... သူဝင်နေတယ်လို့မှတ်ရမယ်.... (မှန်ပါ့ဘုရား) ရှင်းပလား.... (ရှင်းပါပြီ) ဝိပဿနာဉာဏ်.... (ဝင်ခွင့်မပေးပါဘုရား)။

သူဝင်နေတယ်၊ အဲဒီတော့ တကာတကာမတွေက သူသည် ငါတို့နှောက်ယှက်လာတယ်လို့ တကာ-တကာမတွေကလဲ ထင်မှာဘဲ.... (မှန်ပါ့)။

ထိုကဲ့သို့ထင်မှုသည် ဆရာကောင်း သမားကောင်း နည်းနာနိသျှ မရသေးခင်မှာ ဒီအတိုင်းဘဲဖြစ်ရမှာဘဲ၊ ဆရာကောင်း သမားကောင်းဆီ နည်းနာနိသျှ အမှန်ရပြီ ဆိုမှဖြင့် သူဟာဘာတုံးလို့ မေးလို့ရှိယင် ဥဒ္ဓစ္စဆိုတာ ဥပေက္ခာ ဝေဒနာနဲ့တဲ့ပေါ်တာလို့ မှတ်လိုက်.... (မှန်ပါဘုရား) သူ မောဟကိုးဗျ (မှန်ပါ့)။

အဲဒီတော့ မင်း....ဥပေက္ခာ ဝေဒနာဘဲလို့ နာမည်တတ်ရှုချင်ရှု မရှုချင် ဥဒ္ဓစ္စရှုလိုက်၊ ဒါ....ဝေဒနာ နုပဿနာပြန်ဖြစ်တယ်.... (မှန်ပါ့ဘုရား) နားလည်ကြပလား.... (နားလည်ပါပြီ)။

ဒီ....အခု ပြောတဲ့စကားဟာ အရေးကြီးတယ်လို့ မှတ်ပါ.... (မှန်ပါ့) ဘာ့ကြောင့် အရေးကြီးတယ်လို့ ပြောရသတုံးဆိုတော့ ဦးသံဒိုင်တို့.... မောင်သစ်တို့ မှတ်စရာက သြော် အနှောက်အယှက်က တယ်များတယ်.... (မှန်ပါ့) ဒီလို ထင်ပြီးတော့ကို ဝိပဿနာအရေးမှ နောက်ဆုတ်တတ်ပါတယ်.... (မှန်ပါ့)။

နောက်မဆုတ်ပါနဲ့....တဲ့၊ ကိုယ်က ဒါ.... ဘာဝေဒနာဘာစိတ်ဆိုတာ မသိလို့ ခင်ဗျားတို့ အနှောက်အယှက်လို့ ထင်

တာပါတဲ့၊ စင်စစ်တော့ဖြင့် သူသည် ဟိပဿီကော.... (မှန်ပါ့) ဒီဟာကို မဖျောက်ပါနဲ့။

ဟိ=လာခဲ့ပါ၊ ပဿ = ရှုပါ၊ ကျုပ်ကိုလဲရှုပါ၊ ကျုပ်လဲ ဝေဒနာဘဲဗျ၊ကျုပ်လဲစိတ်ဘဲဗျလို့လာပြီးအရှုခံလာတာ (မှန်ပါ့ ဘုရား)။

အရှုခံလာတာကို ဉာဏ်မလှည့်တတ်လို့၊ သူ့သဘောကို မဝေဘန်တတ်လို့ နိဝရဏထဲကို ခင်ဗျားတို့သွင်းပစ်လိုက်တယ် (မှန်ပါ့)။

ဘုရားကလဲ ဒီလိုဝေဘန်ပြီးသကာလ နားမလည်တဲ့ပုဂ္ဂိုလ် အတွက်မှာဖြင့် နိဝရဏလို့ ဟောထားတယ် (မှန်ပါ့)။

အခုလို အမျိုးမျိုး အဖုံဖုံ သတိပဋ္ဌာန်စုံတဲ့ပုဂ္ဂိုလ် ဆရာကောင်း သမားကောင်းနဲ့ တွေ့တဲ့အခါကျတော့ ဒါ....ဥပေက္ခာဝေဒနာပါကလား ဆိုပြီး ကြည့်လိုက်တယ်.... (မှန်ပါ့ဘုရား) ရှင်းပလား....(ရှင်းပါပြီ)။

ဘာ့ကြောင့်တုံးဆိုတော့မောဟ အဟိရိက အနောတ္တပ္ပ ဥဒ္ဓစ္စ သည် သူတို့ သဟဇာတတွေဘဲ၊ မောဟသည် ဘာတုံးဆိုတော့ 'ဥပေက္ခာသဟဂတံ ဥဒ္ဓစ္စသမ္ပယုတ္တံ.... ဝီစိကိစ္ဆာ သမ္ပယုတ္တံ' နဲ့ လာနေတာ ထင်ရှားနေတယ်၊ ကိုယ်က.... ဦးသံဒိုင်တို့ လူစုက ဉာဏ်ကမသွင်းတတ်လို့ တယ်....ဒီအနှောက်အယှက်တွေကမျှား တယ်၊ အနှောက်အယှက်က များတယ်ဆိုပြီးသကာလ ကိုယ်မှတ် ထားတာကလဲ နိဝရဏလို့ မှတ်ထားတယ်၊ သြော်....သူဝင် လာပြီ၊ သူဝင်လို့ရှိယင်ဖြင့် မဖြစ်သေးပါဘူး....ဆိုပြီးသကာလ ကမ္မဋ္ဌာန်းမှ လွဲသွားတတ်တယ်....(မှန်ပါ့)။

အဲဒီကဲ့သို့ ကမ္မဋ္ဌာန်းလဲ့တာကို ယနေ့ တည့်ပေးနေပါတယ်၊ တည့်ပေးလိုက်တော့ကို ဝိပဿနာ ဉာဏ်က ပဌမ ဖြစ်ပျက်ရှု၊ သုဝင်္ဂလာတယ်၊ သူ့ကိုရှုလိုက်၊ ဝိပဿနာဉာဏ်နောက်က သုဝင်္ဂလာပြီး သူ့ကိုဖြစ်ပျက်ရှုလိုက်၊ သူလဲ အနိစ္စဘဲလို့ရှု၊ ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဘယ်ပါဠိတော်မှာလာသတုံးဆိုတော့ သဗ္ဗေသံခါရာအနိစ္စာမှာလဲလာတယ်၊ ရှင်းပလား.... (ရှင်းပါပြီ) သဗ္ဗေသံခါရာအနိစ္စာမှာလဲလာတယ်'ဝိက္ခိတ္တံ ဝါစိတ္တံ ဝိက္ခိတ္တံ စိတ္တန္တိပဇာနာတိ'ဆိုတဲ့ စိတ္တာနုပဿနာမှာလဲ လာတယ်၊ သုဝိက္ခိတ္တစိတ်ဘဲ ပို့လွှင့်တဲ့စိတ်....(မှန်ပါ့)။

ပို့လွှင့်တဲ့စိတ်ကို သူ့ကို ဖြစ်ပျက် ရှုရမယ်၊ ပဇာနာတိနောက်က လိုက်ပေးရမယ်လို့ မောင်သစ်တို့- ဦးသံဒိုင်တို့ ဟာဆားတယ်.... (မှန်ပါ့ဘုရား) ခင်ဗျားတို့ အသုံးမချတတ်လို့ အကန့်အကွက်ဖြစ်ပါတယ်.... (မှန်ပါ့ဘုရား) အသုံးချတတ်လို့ ရှိယင်ဖြင့် ဒါ အကန့်အကွက်မဖြစ်ပါဘူး ဆိုတာ အသေအချာမှတ်ပါ.... (မှန်ပါ့ဘုရား)။

လောကီ ဥပမာ ပြောမယ် ဆိုလို့ရှိယင်ဖြင့် ဘုန်းကြီးတို့ ဦးသန်းမောင်တို့ အခု ဆေးပင်ဟာ အိန္ဒိယက ယူခဲ့ရတယ်....(မှန်ပါ့) အိန္ဒိယက ယူပြီးမှ ရန်ကုန်မှာ မာလ္လိကုလားတွေနဲ့ အတော်ဘဲ မွေးရတယ်၊ ဒီဆရာသမားကလဲယူချင်လို့ အိုးနဲ့ကိုက ရန်ကုန်ရထားနဲ့ တင်ခဲ့ရတယ်၊ ဒီမှာမသီသေးတော့ ဒါဟာတော်တော်ခဲရာခဲဆစ်ဖြစ်တာဘဲ၊ သီပြန်တော့ ဒီနားမှာပုံနေတာဘဲ....(မှန်ပါ့ဘုရား) ရှင်းပလား.... (ရှင်းပါပြီ)။

အဲ သိပြန်တော့လဲ ရှုစရာတွေ ပုံလာတယ်....(မှန်ပါ့)မသိ သေးခင်တော့လဲ ဒီဥစ္စာ တော်တော် ခက်ခက် ခဲခဲပါကလား၊ အတော်ခွဲရမှာပါကလားလို့ အောက်မေ့နေကြမယ် (မှန်ပါ့)။

စင်စစ် ခုတော့ဖြင့် ရိပ်မိပါပြီ ခွဲနေစရာ မလိုတော့ပါဘူး ဟုတ်ပလား....(မှန်ပါ့ဘုရား) သူ့ကို ဘာလုပ်ရမတုံး.... (ဖြစ်ပျက်ရှုရပါမယ်)။ သူ့ ဖြစ်ပျက် ရှုလိုက်တဲ့အခါကျတော့.... ဝေဒနာဖြင့် သူဘာဝေဒနာတုံး.... (ဥပေက္ခာဝေဒနာပါဘုရား) စိတ်ဖြစ်ယင် ဥဒ္ဓစ္စစိတ်.... (မှန်ပါ့) သဘောကျပလား .... (ကျပါပြီ)။

ဘုရားကလဲ ရှုကောင်းတာ သခ်ၤါရတရားဘဲကွ ဆိုပြီး သဇ္ဇ သခ်ၤါရဟာ အနိစ္စရောက်တဲ့တရားလို့ ဟောတယ်.... (မှန်ပါ့)။

သူက အနိစ္စ ရောက်နေတာ ခင်ဗျားတို့က အနိစ္စဉာဏ် နောက်ထပ် မသွင်းလိုက်တာနဲ့ သူ့အတွက် ဥာဏ်ဖင့်သွားတယ် (မှန်ပါ့ဘုရား) ရှင်းပလား....(ရှင်းပါပြီ)။

ဒါဖြင့် သူ့အတွက် ဥာဏ်ဖင့်သွားတယ်လို့ တကာ တကာမ တွေက မှတ်ပါ....(မှန်ပါ့ဘုရား) ကောင်းပြီ ဒါဖြင့် သင်္ခါရဝ သတို့သားဟောတော့ကွာ....တဲ့၊ သူဝင်လာလို့ရှိယင် ရေခွက်မှာ လေတိုက်နေတဲ့ ရေထဲမှာ မျက်နှာရိပ်ဟပ်တဲ့အခါ မျက်နှာရိပ် မထင်သလို သူဝင်လာလို့ရှိယင်ဖြင့် မင်းတို့ မေ့တတ်တဲ့ လျော့တတ်တဲ့ သဘော၊ ဟုတ်တယ်တဲ့ မောဟနဲ့ယှဉ်တဲ့ တရားကိုး... (မှန်ပါ့ဘုရား)။

မောဟနဲ့ ယှဉ်တဲ့ တရားဆိုတော့ မေ့ရမယ် လျော့ရမယ် ဆိုတာက ငြင်းဘို့မလိုပါဘူး မှန်နေပါတယ်....(မှန်ပါ့ဘုရား)။

ကောင်းပြီ အခုတော့မောဟကိုဘဲ တခါတည်း'သမောဟံဝါ စိတ္တံ သမောဟံ စိတ္တန္တိ ပဇာနာတိ'လုပ်လိုက်၊ ဦးသံဒိုင် ဖြစ်-မဖြစ်.... (ဖြစ်ပါတယ်ဘုရား) အသုံးချတတ်ပြန်တော့လဲ ဖြစ်သွားတယ်လို့ မှတ်လိုက်စမ်းပါ.... (မှန်ပါ့ဘုရား)။

အသုံးချတတ်တော့လဲ ဒါဟာ သမောဟစိတ်ထဲ ဝင်သွားတယ်လို့ မှတ်လိုက်စမ်းပါ....(မှန်ပါ့ဘုရား)။

စိတ်တွေက.... ဘုရား၊သိပ်ပြေးတာဘဲ ယနေ့မျှား ဘာဖြစ်တယ် မသိဘူး၊ ဒါ့ကြောင့် ဒီနေ့ဖြင့် တပည့်တော် အဟောသိကံနဲ့ဘဲ ပြင်လိုက်တယ် ဆိုလို့ရှိယင် ဒီလူဟာ ဆရာကောင်း သမားကောင်း မကိုးကွယ်ရသေးလို့ နီဝရဏကို နီဝရဏဘဲ့မှတ်ထားလို့ နီဝရဏကို အသုံးမချတတ်သေးလို့....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီ)။

ကောင်းပြီ ဒါဖြင့် စိန်နိအသုံးချတတ်လို့ ရှိယင်လဲ ပွင့်ဆေးထဲထည့်ရတာဘဲ.... (မှန်ပါ့) အသုံးမချတတ်တော့လဲသေဆေးဖြစ်နေတယ်....(မှန်ပါ့ဘုရား) ရှင်းပလား....(ရှင်းပါပြီ)။

ဒါဖြင့် အသုံးချတတ်ပလား .... (ချတတ်ပါပြီ) ဝေဒနာနုပဿနာထဲ သွင်းယင် ဥပေက္ခာဝေဒနာ၊ စိတ္တာနုပဿနာထဲ သွင်းယင် ဝိက္ခိတ္တစိတ်ထဲ သွင်းလိုက်.... (မှန်ပါ့ဘုရား)။

ရှုကောင်း—မရှုကောင်း မေးကြည့်တော့ သဗ္ဗေ သင်္ခါရာ အနိစ္စာက ဟောထားလို့ ရှုကောင်းတယ်.... (မှန်ပါ့ဘုရား) သဘောပါပလား.... (ပါ-ပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် သူဟာ ဥာဏ်ရှေ့မှာဘဲ ဖြစ်သွားတယ်၊

ပျက်သွားတယ်၊ သူက ဒုက္ခသစ္စာဘဲ သူက ဒုက္ခသစ္စာဆိုလို့ ရှိယင်ဖြင့် ကိုယ်က မဂ္ဂသစ္စာနဲ့ ကြည့်ရုံဘဲ ရှိတာဘဲ .... (မှန်ပါ့ဘုရား) သူက ဘာသစ္စာတုံး.... (ဒုက္ခသစ္စာပါဘုရား)။

အဲ ဒုက္ခသစ္စာဖြစ်ပြီး သကာလ နေတော့ ကျုပ်တို့က မင်နဲ့ ကြည့်လိုက်လို့ရှိယင် သူ ဖြစ်ပျက် ဒုက္ခသစ္စာအဖြစ်နဲ့ သူကဘဲ တရားဟောသွားမယ်.... (မှန်ပါဘုရား)။

အဲဒီတော့ ခင်ဗျားတို့ အပြစ်ဟာ ဘာတုံးလို့ မေးလို့ရှိယင် ဟိပဿီကော ခေါ်ရာကို သန္ဒိဋ္ဌိကောနဲ့ မလိုက်ဘူး၊ ဒီအပြစ်ဘဲ....(မှန်ပါဘုရား) ရှင်းပလား.... (ရှင်းပါပြီ)။

ဟိပဿီကော= ခေါ်ရာကို.... (သန္ဒိဋ္ဌိကောနဲ့ မလိုက်ဘူး) သန္ဒိဋ္ဌိကော မလိုက်နိုင်လို့ အပြစ်ကြီးသင့်သွားတဲ့ နေ့ဘဲ.... (မှန်ပါဘုရား)။

အပြစ်ကြီး သင့်သွားတာလဲ ဘုန်းကြီးများက အပြစ်မတင်ပါဘူး၊ ဘာဖြစ်လို့ အပြစ်မတင်သတုံး ဆိုတော့ သူတို့က နိဝရဏဆိုတာ နိဝရဏဘဲ မှတ်ထားတာ သတိပဋ္ဌာန်ထဲ မသွင်းတတ်ဘူး.... (မှန်ပါဘုရား)။

နိဝရဏကို ဘယ်လိုမှတ်ထားသလဲ....(နိဝရဏဘဲမှတ်ထားပါတယ်ဘုရား) မင်္ဂဖိုလ်တားတဲ့ တရားလို့ဘဲ မှတ်ထားတယ်.... (မှန်ပါဘုရား)။

မင်္ဂဖိုလ်တားတဲ့ တရားလို့သာမှတ်ထားတော့ သြော်....ဒီနေ့တော့ဖြင့် စိတ်တွေက တောင်ပြေး- မြောက်ပြေးနဲ့ ဒီနေ့တော့ဖြင့် အနှောက်အယှက်က သိပ်များတာဘဲ--ဆိုတဲ့ဥစ္စာ ခင်ဗျားတို့ မြတ်စွာဘုရား ကောင်းစွာ ဟောထားတဲ့ ဧဟိပဿိကောကို

ခင်ဗျားတို့က သန့်ဦးကောမလိုက်လို့ဖြစ်ရတဲ့ ခင်ဗျားတို့၏ မသိမလိမ္မာမှုကြောင့် ဖြစ်ရတဲ့အပြစ်လို့သာ မှတ်ပါ.... (မှန်ပါ့ဘုရား) ရှင်းပလား....(ရှင်းပါပြီ)။

ဘာအပြစ်သင့်သလဲ.... (မသိ မလိမ္မာလို့ဖြစ်ရတဲ့ အပြစ်ပါဘုရား) အဲ....မသိမလိမ္မာမှု သင့်တာဘဲ၊ ဘေးရောက်တော့ကို မချောက်ခြားနိုင်လို့ ဟိုကျမ်း-ဒီကျမ်း မည်တတ်လို့ ဖြစ်ရလို့ အပြစ်သင့်တယ်.... (မှန်ပါ့) နားလည်ကြပလား.... (နားလည်ပါပြီ)၊

ဒါဖြင့် မရှုကောင်းတဲ့ တရားကိုမရှိဘူး.... (မရှိပါဘုရား) လောကီစိတ်ဟူသ၍ ခင်ဗျားတို့ ရှုနိုင်တာချည့်သာ မှတ်ပါ.... (မှန်ပါ့)။

လောကီစိတ်ဟူသ၍.... (ရှုနိုင်တာချည်းပါဘုရား) ရှုနိုင်တာချည်းဘဲလို့ မောင်သစ်တို့ သေသေချာချာ မှတ်ထားလို့ရှိယင် တရားထိုင်ယင် လာတာရှုမက္ခသာ ဆုံးဖြတ်ချက်ချပါ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ) တရားထိုင်တဲ့အခါမှာ.... (လာတာရှုရပါမယ်)။

လာတာ ရှုမယ်ဆိုလို့ရှိယင်ဖြင့် မရှုကောင်းတဲ့ တရားဟာလဲ ခင်ဗျားတို့ သန္တာန်မှာ မပေါ်သေးပါဘူး.... (မှန်ပါ့)။

ဘာ့ကြောင့်တုံးလို့ မေးတဲ့အခါကျတော့ မဂ်ဉာဏ် ဖိုလ်ဉာဏ် မရသေးတော့ မဂ်ဉာဏ်ဖိုလ်ဉာဏ်တောင် ဘုရားက မဂ္ဂင်ပစ္စဝေက္ခတိ—လုပ်ဦးကွ....၊ ဖလံပစ္စဝေက္ခတိ-လုပ်ဦးကွ.... ရှုဦးကွ....တဲ့၊ သတ်ောကျပလား.... (ကျပါပြီ)။

သို့သော်လဲ....တဲ့ ဒါတွေက ရှုသာရှုရတယ် မဂ်ကလဲ တကြိမ်တည်း ဖြစ်နေတယ်၊ ဖိုလ်ကသာ အကြိမ်များနေတယ်လို့ မှတ်ရမယ်....(မှန်ပါ့ဘုရား)။

ကဲ....ဒါဖြင့် အားလုံး တကာ တကာမတွေ ရှုတတ်ပလား လို့မေးယင်.... (ရှုတတ်ပါပြီဘုရား) ဥဒ္ဓစ္စလာယင် ဘာလုပ်ကြမယ်....(ဖြစ်ပျက် ရှုရပါမယ်ဘုရား) ဖြစ်ပျက် ရှုပါ၊ ဖြစ်ပျက်ရှုပါ.... (မှန်ပါ့) ဖြစ်ပျက်ရှုပါ၊ နို့မဟုတ်လို့ရှိယင် သူ့ကို ခင်ဗျားတို့က မရှုလို့ရှိယင်ဖြင့် ဥဒ္ဓစ္စဆိုတာ မောဟ၊ ကျုပ် ပဋိစ္စသမုပ္ပါဒ် စ,တော့မယ်လို့ ပြောတာ.... (မှန်ပါ့ဘုရား) ကျုပ် ပဋိစ္စသမုပ္ပါဒ် စ, တော့မယ်ဆိုတော့ အဝိဇ္ဇာပစ္စယာ သင်္ခါရာ....(မှန်ပါ့) ဘယ်လိုသင်္ခါရ လာပါလိမ့်မတုံးလို့ မေးတဲ့ အခါကျတော့ ကျုပ်ကတော့ ပြန်လာတယ်ဗျ၊ အဲဒီတော့ အရှုံးတော့ မခံနိုင်ဘူး....၊ လောကုတ် မဖြစ်ယင် လောကီဘက် လှည့်သွားမယ်ဆိုပြီး လောကီအလုပ်-လုပ်လိုက်တော့ သင်္ခါရသွားဖြစ်တယ်....(မှန်ပါ့ဘုရား) ပေါ်ပလား.... (ပေါ်ပါပြီ)။

လောကီအလုပ် သွားလုပ်လိုက်တော့၊ (သင်္ခါရ သွားဖြစ်ပါတယ်) သင်္ခါရ သွားဖြစ်ပြီ....တဲ့၊ လောကီအလုပ်-လုပ်တော့ သင်္ခါရဘဲတဲ့၊ ဘယ့်နှယ်ကြောင့် ဒီ သင်္ခါရအလုပ် လောကီအလုပ် လုပ်ဖြစ်ပါလိမ့်မတုံး ဒီတကာ တကာမတွေ၊ အို.... အရှင်ဘုရားတို့ကတော့ မသိဘူး၊ တပည့်တော်တို့ ကမ္မဋ္ဌာန်းထိုင်လို့ကို မရဘူး၊ စိတ်က တောင်တွေး မြောက်တွေးနဲ့၊ ဒါကြောင့် လောကုတ်မရလို့ရှိယင် လောကီ လုပ်တော့မယ်လို့.... (မှန်ပါ့) တော်တော် ရှုးတယ်လို့ အောက်မေ့ပါ....(မှန်ပါ့)။

တော် တော် ရှုးတယ်လို့ အောက်မေ့ စမ်းပါတဲ့၊ ဘာ့ကြောင့် တော်တော်ရှုးတယ်လို့ အောက်မေ့ရမတုံးလို့ မေးယင် 'သမောဟံဝါစိတ္တံ သမောဟံစိတ္တန္တိ ပဇာနာတိ' လုပ်လို့က်ယင် ပြီးသွားကာဘဲ.... (မှန်ပါ့) မပြီးဘူးလား .... (ပြီးပါတယ် ဘုရား) သခ်ါရ မချုပ်ဘူးလား....ချုပ်သလား.... (ချုပ်ပါတယ် ဘုရား)။

အဲဒါ မောင်သစ် အသုံးမချတတ်လို့ ဖြစ်တာ.... (မှန်ပါ့ ဘုရား) ဦးသံဒိုင် ဘာတုံး.... (အသုံးမချတတ်လို့ ဖြစ်ပါတယ် ဘုရား)။

ဒါဖြင့် ကိုယ်ဖျင်းလို့ပေါ့.... (မှန်ပါ့ဘုရား) ကိုယ်က ဖျင်းမှု၊ တနည်းအားဖြင့် ကိုယ်ဖျင်းပြန်လဲ ကိုယ့် ဆရာသမားကလဲ ဒီလို ပြောင်းလဲပြီးသကာလ ဘုရားဟော ဒေသနာတော်နဲ့ မညီတတ်တဲ့အတွက် ကိုယ့်မှာလဲ ဆုံးရှုံးရတယ်.... (မှန်ပါ့) ဆရာ့အပြစ်လဲ ပါတယ်.... (မှန်ပါ့) တပည့်အပြစ်လဲ ပါတယ်....(မှန်ပါ့ဘုရား)။

တပည့်အပြစ်ကလဲဒီနေ့တရားကျင့်လို့မကောင်းဘူး၊အဲဒီတော့ လောကုတ် ရှုံးလို့ရှိယင် လောကီတော့ အရှုံး မခံနိုင်ဘူး ဆိုပြီး လောကီဘက် လှည့်သွားလိုက်တယ်၊ လောကီအလုပ်-လုပ်လိုက်တဲ့အခါကျတော့ လောကီအလုပ်က သခ်ါရအလုပ်.... (မှန်ပါ့ဘုရား)။

ဘယ်သူ့ကြောင့် လုပ်ဖြစ်တာတုံးမေးတော့ ဒီဥဒ္ဓစ္စကြောင့် (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ) ဥဒ္ဓစ္စဆိုတာလဲ မောဟ

အဝိဇ္ဇာပါဘဲ။ မှန်ပါတယ်၊ သဘောပါကြလား....(ပါ-ပါတယ်ဘုရား)။

ဒါဖြင့် ဦးသံဒိုင်တို့ လူစု အတော်ဖျင်းသေးတယ်....လို့ စဲ့ချက်တင်လိုက်တယ်.... (မှန်ပါဘုရား) မတင်ရပေဘူးလား...,. (တင်ရပါမယ်ဘုရား) တင်ရမယ်၊ ဘာဖြစ်လို့တုံး ကိုယ်နားလည်တာက နိဝရဏကလေးတခု နားလည်တာဘဲ မဟုတ်ဘူးလား.... (မှန်ပါဘုရား)။

နိဝရဏကလေး တခု နားလည်ထားတယ်၊ ဒီနိဝရဏက အသုံးချရတဲ့ နိဝရဏလို့ နားမလည်ဘူး.... (မလည်ပါဘုရား) ရန်သူအဖြစ်နဲ့တော့ မှတ်ထားမိပါရဲ့.... (မှန်ပါဘုရား)။

မိတ်ဆွေအဖြစ်နဲ့က.... (မှတ်မထားမိပါဘုရား) မှတ်မထားမိတော့ သြော်....ခင်ဗျားတို့ ခက်ပါဘိတော့တယ်၊ သဗ္ဗေသင်္ခါရာအနိစ္စာ ရှုတ်ရဲ့ သားနဲ့ ဟုတ်လား၊ သတ်မည့်စာ အိတ်ထဲထည့်ပြီးသကာလ သတ်မည့်သူထံသွားပေးသလို ဖြစ်နေတယ်.....(မှန်ပါဘုရား)။

ဒီလောက်ဖျင်းတာဘဲ ဖျင်းတာက နည်းနည်းဖျင်းတာမဟုတ်ပါဘူး ရှင်းပလား....(ရှင်းပါပြီ)။

အဲဒီတော့ ယောသကဟာ တကယ်လို့ ဟိုက သူဌေးသမီးနဲ့သာ မတွေ့မယ်ဆိုလို့ရှိယင်ဖြင့် သူဌေးကြီးက သတ်ပစ်ရမည့် အမိန့်ပါလာတယ်....(မှန်ပါ) သို့သော် သူဌေးသမီးက သံယောဇဉ်ငြိပြီးသကာလ စာပြောင်းပြန် ရေးလိုက်လို့ အိမ်ထောင်ကျကြတယ်....(မှန်ပါဘုရား)။

အဲဒါ ခင်ဗျားတို့သည်ကားလို့ ဆိုလို့ရှိယင်ဖြင့်တဲ့ သူဟာ ငါတို့ကို နှိပ်စက်တဲ့ တရားလို့သာမှတ်ပြီး သကာလ ကယ်ယူမည့် တရားလို့ဆိုတာ ဥာဏ်ထဲမပေါ်ဘူး.... (မပေါ်ပါဘုရား) ရှင်းကြရဲလား.... (ရှင်းပါတယ်ဘုရား) ခင်ဗျားတို့က နဂိုက မှတ်ထားဘာက....(နှိပ်စက်တဲ့တရားလို့)။

နှိပ်စက်တဲ့ တရားကိုကယ်ယူမည့် တရားဖြစ်အောင်တော့ ခင်ဗျားတို့မကြံတတ်ဘူး....(မကြံတတ်ပါဘုရား)မစီတတ်ဘူး....(မစီတတ်ပါဘုရား)။

မစီတတ်တော့ ဘာ့ကြောင့် မစီတတ်သတုံး ဆိုတော့ဘုရားက အသုံး မချတတ်လို့ရှိယင် နိဝရဏာ၊ အသုံး ချတတ်လို့ ရှိယင် စိတ္တာနုပဿနာ, ဝေဒနာနုပဿနာ.... (မှန်ပါ့) အသုံးမချတာတ် လို့ရှိယင် ပဋိစ္စသမုပ္ပါဒ်စ,ပြီ၊ မစ,သေးဘူးလား.... (စ,ပါတယ်ဘုရား) 'အဝိဇ္ဇာပစ္စယာ သင်္ခါရာ-သင်္ခါရပစ္စယာ ဝိညာဏံ' ဆိုလို့ရှိယင် ဘဝတွေကူးသွားပြီ.... (ကူးသွားပါပြီဘုရား) မနစ်နာဘူးလား....(နစ်နာပါတယ်)။

အဲဒါကြောင့် တရားဟောညွှံလို့လဲ မဂ်ဖိုလ်မှ အချည်းနှီး ဖြစ်ရတယ်ဆိုတာ ဒါမျိုးခေါ်တာ.... (မှန်ပါ့) တရားဟောညွှံလို့လဲ....(မဂ်ဖိုလ်မှ အချည်းနှီး ဖြစ်ရပါတယ်ဘုရား)။

အဲဒါကြောင့် ဆရာသမားကို- ကိုးကွယ်ဆည်းကပ်တဲ့ပုဂ္ဂိုလ် များမှာလဲ ရွေးချယ်ပြီးသကာလ ကိုးကွယ် ဆည်းကပ်တော့မှ ဒီအဓိပ္ပါယ်တွေသိတော့မှ သြော်--ရွေးသင့်သကိုးလို့.... (မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါပြီ) မရွေးသင့်ဘူးလား....(ရွေးသင့်ပါတယ်)။

ရှေးသင့်တယ်-တဲ့၊ အို ဆရာက မင်းက နိဝရဏသိပ်များတာ ဘယ်ရလိမ့်မတုံး၊ ကဲ ဒီနေ့ ခဏနားကွ၊ ဒီထဲသွားလိမ့်မယ်.... (မှန်ပါ့) နားတဲ့ဘက် လှည့်သွားမယ်.... (မှန်ပါ့)။

အဲဒီတော့ နားတဲ့ဘက် လှည့်သွားတော့ကို ဒါသည်တပည့် ဖျင်းမှလား- ဆရာဖျင်းမှလား....(ဆရာဖျင်းမှပါဘုရား)ဆရာဖျင်းမှနော်....(မှန်ပါ့)။

ကိုင်း- ဒါကြောင့် ဘုရားလက်ထက်က ဓမ္မကထိကဆိုတာ တေဒင်္ဂရတယ်ဆိုတဲ့ဥစ္စာ ဦးသန်းမောင် ရသင့်တယ်.... (မှန်ပါ့) ရသင့်တယ်။

ဓမ္မကထိက တေဒင်္ဂရတယ်ဆိုတော့ အခုအခါတော့ ဝိဇ္ဇာဘွဲ့ရတယ်ဆိုတဲ့အဓိပ္ပါယ်ပါဘဲ.... (မှန်ပါ့ဘုရား) လူတိုင်းဟာ ဒီဥစ္စာမဝေဘန်နိုင်ဘူးကွ၊ အင်မတန် ဉာဏ်ကြီးရှင်များမှ ဝေဘန်နိုင်တယ်တဲ့၊ ဓမ္မကထိက၏ စွမ်းရည်ပေါ်မှာ မှီနေတယ်.... (မှန်ပါ့)။

ကဲ.... အခုတော့ ထင်ရှားသွားပြီ.... (ထင်ရှားပါပြီ)ထင်ရှားသွားပြီတဲ့၊ ဝေဒနာအားဖြင့် ဘာဝေဒနာတုံး ဥဒ္ဓစ္စဟာ.... (ဥပေက္ခာဝေဒနာပါ) စိတ်အားဖြင့် ဥဒ္ဓစ္စစိတ်၊ သဘောကျပလား... (ကျပါပြီ) ဥဒ္ဓစ္စစေတသိက်ဆို။

ပါဠိတော်ထဲ သွင်းချင်လို့ရှိယင် 'ဝိက္ခိတ္တံ ဝါစိတ္တံဝိက္ခိတ္တံ စိတ္တန္တိ ပဇာနာတိ' .... (မှန်ပါ့) ဦးသံဒိုင် ငြင်းဘို့လိုသေးသလား.... (မလိုပါဘုရား) မလိုတော့ဘူး ဝိက္ခိတ္တစိတ်ဘဲ....(မှန်ပါ့) ရှုပါလို့ကော ဘုရားက တိုက်ရိုက်မဟောဘူးလား.... (ဟောပါတယ်)။

အဲဒါ ကိုယ်အသုံးမချတတ်တာနဲ့ဘဲ နီဝရဏ ကလေးတခု အမေမှာတဲ့ ဆန်တခဲ့ သုံးစိတ်နဲ့ မလဲတာနဲ့ ကိုယ်ကျိုးနဲရတယ်.... (မှန်ပါ့ဘုရား) အင်မတန်မနစ်နာဘူးလား.... (နစ်နာပါတယ် ဘုရား)။

အင်မတန်နစ်နာတယ်ဆိုတဲ့ အဓိပ္ပါယ်လဲ ရှင်းသွားပါပြီ၊ ကောင်းပြီ ဒါဖြင့် လူပ်တာ ငြိမ်အောင်လုပ်ပြီးသကာလ ရေလူပ်နေတယ်၊ လူပ်နေလို့ အနိစ္စအချက်-ဒုက္ခအချက်- အနတ္တအချက်ဆိုတဲ့ ကိုယ့်မျက်နှာရိပ်ကို မမြင်ပါဘူး၊ အနိစ္စနိမိတ်၊ ဒုက္ခနိမိတ်၊ အနတ္တနိမိတ်ကို မမြင်ဘူးဆိုလို့ရှိယင်ဖြင့် သူ့ကိုထုတ်ဆောင်ပစ်ရမယ်လို့ ဆိုသောကြောင့် သူ့ကိုဖြစ်ပျက်ရှုပစ်လိုက်လို့ရှိယင် ရှိသေးရဲလား.... (မရှိပါဘုရား)။

မရှိတော့ သူ့ဖြစ်ပျက်ရှုလိုက်တော့ကို ဟဒယဝတ္ထုပေါ်မှာ သူကပျောက်ပြီး မဂ်ကပြန်ရောက်တယ်.... (မှန်ပါ့)။

သူက ဟဒယဝတ္ထုပေါ်မှာဘဲ အသုဘအဖြစ်နဲ့ ဖြစ်သွားတယ်....(မှန်ပါ့) အသုဘဖြစ်သွားပြီး ဟဒယဝတ္ထုပေါ်မှာဘဲ မဂ်က ပြန်ရောက်တယ်.... (မှန်ပါ့)။

မဂ်က ပြန်ရောက်လာလို့ရှိယင်ဖြင့်....တဲ့၊ ဒါ တရားမှန်သွားပြီ....(မှန်ပါ့) မမှန်သေးဘူးလား....(မှန်ပါတယ်ဘုရား)မှန်သွားပြီ- မင်းပဋိစ္စသမုပ္ပါဒ် လာတာ ငါဖြတ်မယ်ဆိုပြီး ဖြတ်ချလိုက်တယ်....(မှန်ပါ့) သူက ပဋိစ္စသမုပ္ပါဒ် အစကိုး....(မှန်ပါ့)။

မောဟကိုး၊ မောဟဆိုတာ ပဋိစ္စသမုပ္ပါဒ် ဘာတုံး....(အစပါဘုရား) စ,မယ်လို့လာတာ အစဖြတ်တဲ့သဘောပါဘဲ၊ ရှင်းပ

လား .... (ရှင်းပါပြီ) စ,မယ်လို့လာတာ....(အစဖြတ်တဲ့သဘောပါ)။

ဒါဖြင့် အစဖြတ်တယ်ဆိုကတည်းက ဟိုအကျိုးတရားတွေဆိုတဲ့ အလယ်တွေအဆုံးတွေကို ကျုပ်တို့က ရှောက်ဖြတ်နေဘို့လိုသေးသလား....(မလိုပါဘုရား)။

မလိုတော့ဘူးတဲ့၊ အစဖြတ်လိုက်ရတဲ့အတွက် သံသရာအစအဝိဇ္ဇာတဏှာဆိုကတည်းကိုက အဝိဇ္ဇာဖြတ်တာဘဲ....(မှန်ပါ့)။

အဝိဇ္ဇာဖြတ်ချလိုက်တဲ့အခါကျလို့ရှိယင် အဝိဇ္ဇာသည် ဘာဖြစ်သွားသတုံး.... အဝိဇ္ဇာသည် အနိစ္စ- ဟုတ်လား.... (မှန်ပါ့) ရှုတာက မဂ္ဂသွားဖြစ်တယ်.... (မှန်ပါ့) သဘောပါကြလား.... (ပါ-ပါတယ်)။

ဒီလိုလုပ်လိုက်ပြန်တော့လဲ ဩဇာ.... ပဋိစ္စသမုပ္ပါဒ် စ,မယ်လို့လာတာကို ဒို့က အစမခံသောကြောင့် ဒို့ပြတ်ရတယ်ဆိုတဲ့အဓိပ္ပါယ်ကြောင့် သံသရာပြတ်ပါမယ် .... (မှန်ပါ့ဘုရား) ဘာပြောကြမယ်၊(သံသရာပြတ်ပါတယ်ဘုရား)သံသရာပြတ်တယ်လို့ဘုန်းကြီးတို့ တကာ-တကာမတွေက မှတ်ထားပါ....(မှန်ပါ့)။

ဒီလိုကြားရတဲ့တရား၊ ခုလိုအပြောင်းအလဲ့ မှန်တဲ့တရားသည် မောင်သစ်တို့- ဦးသံဒိုင်တို့ နာရတဲ့အတွက် ဩဇာ....တသက်နဲ့တကိုယ် အလွန်ကျေးဇူးများတယ်ဆိုတဲ့ အဓိပ္ပါယ်ကို ဒီက-အလုပ်က သက်သေခံသွားမယ်.... (မှန်ပါ့ဘုရား) မခံသေးဘူးလား.... (ခံပါတယ်ဘုရား)။

အလုပ်က သက်သေခံသွားပြီ—တဲ့၊ကိုင်း-ဒါဖြင့် ပဋိစ္စသမုပ္ပါဒ် အစကပြတ်တဲ့ တရားလဲရပါပြီ.... (ရပါပြီဘုရား)ဥဒ္ဓစ္စ လာယင် ဘာလုပ်ကြမယ်.... (ဖြစ်ပျက်ရှုရပါမယ်) ဖြစ်ပျက်ရှုလိုက်လို့ရှိ ယင်ဖြင့် ပဋိစ္စသမုပ္ပါဒ် ဘယ်ကပြတ်ပါလိမ့်.... (အစကပြတ်ပါ တယ်ဘုရား)။

ဘုရားဟောတော်မူတာနဲ့လဲ ကိုက်ပါတယ်.... (ကိုက်ပါတယ် ဘုရား)ဘယ်လိုကိုက်သတုံး....(ဝိကို့တ္တစိတ်ပါ)။

'ဝိကို့တ္တံဝါစိတ္တံ ဝိကို့တ္တံစိတ္တန္တိ ပဇာနာတိ'နဲ့လဲကိုက်တယ် (မှန်ပါ့) ဝေဒနာအားဖြင့် ဥပေက္ခာ ဝေဒနာနဲ့လဲ ကိုက်တာဘဲ၊ (မှန်ပါ့ဘုရား) သဘောကျပလား.... (ကျပါပြီ) ဒါဖြင့် သတိပဋ္ဌာန်နဲ့ လွှတ်ကဲ့လား.... (မလွှတ်ပါဘုရား)။

အဲဒါကြောင့် သတိပဋ္ဌာန်နဲ့ မလွှတ်လို့ရှိယင် ခင်ဗျားတို့ သတိပဋ္ဌာန် လွှတ်ပြီး နိဗ္ဗာန်သွားတဲ့တရား မရှိဘူးလို့ ဘုရားက ဟောတော်မူတယ်....(မှန်ပါ့)။

သတိပဋ္ဌာန်လွှတ်ပြီး နိဗ္ဗာန်သွားတဲ့တရား.... (မရှိပါဘုရား) မရှိဘူး။

ဟိုက--သတိပဋ္ဌာန်ဆိုတဲ့ ဥစ္စာက ခင်ဗျားတို့က မစဉ်းစားလို့ ပါ၊ သတိပဋ္ဌာန်ဆိုတာ သတိသမ္ပဇညဘဲ၊ သတိနဲ့ ပညာနဲ့တွဲလွှတ် ရတယ်.... (မှန်ပါ့) ဘာလာလာ တွဲလွှတ်၊ ဘယ်ဟာလာလာ တွဲလွှတ်လို့ရှိယင်ဖြင့် မောင်သစ် မင်္ဂမဖြစ်ဘူးလား.... (ဖြစ်ပါ တယ်ဘုရား)။

ဥဒ္ဓစ္စဖြစ်တယ်ဆိုတာ တကာ-ဘကာမတွေ့ ရေရေလည်လည် သိထားတော့ ကိုယ်က သတိပဋ္ဌာန်မနိုင်လို့ ဖြစ်ရတာ.... (မှန်ပါ့ ဘုရား) ရှင်းသွားပါပြီ.... (ရှင်းပါပြီ)။

ဒါဖြင့် ပဋိစ္စသမုပ္ပါဒ် ဘယ်ကပြတ်သတုံး.... (အစကပြတ်ပါ တယ်ဘုရား)သြော်.... ပဋိစ္စသမုပ္ပါဒ် အစကပြတ်တယ်၊ဟုတ်ပြီ.... တဲ့၊ ဘုရားသခင် ကိုယ်တော်မြတ်ကြီးကလဲ မင်းတို့ကို အဝိဇ္ဇာက ဝိဇ္ဇာဖြစ်ယင် သောတာပတ္တိမဂ်ပါဘဲ.... (မှန်ပါ့) ဆိုတော့ အဝိဇ္ဇာကြောင့်ဘဲ၊ ကျုပ်တို့ ဝိဇ္ဇာသွားဖြစ်ရတယ်.... (မှန်လှပါ) အဝိဇ္ဇာကြောင့်.... (ဝိဇ္ဇာသွားဖြစ်ပါတယ်)။

အဝိဇ္ဇာ ဖြစ်ပျက်ရှုလိုက်တာနဲ့ ဖြစ်ပျက်ရှုတဲ့ ဝိဇ္ဇာလာဖြစ် တယ်.... (မှန်ပါ့ဘုရား) မဖြစ်သေးဘူးလား.... (ဖြစ်ပါတယ် ဘုရား)။

အဲဒီတော့ အဝိဇ္ဇာက ဝိဇ္ဇာဖြစ်လာတဲ့ဥစ္စာကို ဒီပါဠိတော်မှာ ခင်ဗျားတို့ ထင်ရှားနေတယ်.... (မှန်ပါ့) အခု ဒါကတော့ဟာ ၃-၄ ချက်ပါတယ်လို့ မှတ်လိုက်စမ်းပါ.... (မှန်ပါ့)။

သတိပဋ္ဌာန်ထဲ ဝေဒနာနုပဿနာ ဟာလဲ ဒို့မယ့်တတ်လို့ ဒါ.... ဝေဒနာနုပဿနာ၊ စိတ္တာနုပဿနာလဲ ဒို့....မယ့်တတ်လို့ ဒါ....စိတ္တာနုပဿနာ.... (မှန်ပါ့) သဘောကျပလား.... (ကျ ပါပြီ)။

အဝိဇ္ဇာ - ဝိဇ္ဇာဖြစ်အောင်လုပ်ပါဆိုတာလဲ ဒို့ကမသိလို့သာ၊ အခု အဝိဇ္ဇာကြောင့် ဝိဇ္ဇာဖြစ်နေတယ်....(မှန်ပါ့) မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား) ဘုရားကလဲ မရှုကောင်းတာ မရှိပါဘူး ကွ၊

သဗ္ဗေသခ်ါရာ အနိစ္စာ ဆိုတာလဲ ခင်ဗျားတို့က အဲဒီပါဠိကို ဘုရားသခင်ကိုယ်တော်မြတ်ကြီးက အမှန်ပြောရှာတာ၊ ကိုယ်က အလွဲ ယူထားတယ်.... (မှန်ပါ့ဘုရား) ပေါ်ပလား.... (ပေါ်ပါပြီ)။

ဒါဖြင့် ဒီလေးချက်သည် ကြီးလှစွာသော အနှစ်သာရလို့ မှတ်လိုက်စမ်းပါ.... (မှန်ပါ့ဘုရား)။

ဒီလေးချက်ကို ဉာဏ်နဲ့ ဝေဘန်နိုင်တာသည် တပည့်တော်တို့ ယနေ့ ပဋိစ္စသမုပ္ပါဒ်ပြတ်တဲ့ အမြင်ဉာဏ် ကျယ်ပါပြီဆိုတဲ့ အဓိပ္ပါယ်ရတယ်....(မှန်ပါ့ဘုရား)ဉာဏ်ကျယ်တော့ ဘာကျေးဇူးမျှားသတုံးဆိုတာ ဆက်ပြပါ့မယ်၊ ဉာဏ်ကျယ်တော့ကို ဥဒ္ဓစ္စတွင် မောဟတွင် သေတယ်လို့ မမှတ်လိုက်ပါနဲ့....တဲ့ ဥဒ္ဓစ္စတွင် သေတယ်လို့ မမှတ်ပါနဲ့၊ ဉာဏ်သည် ဝိစိကိစ္ဆာကိုလဲသတ်ပါတယ်....(မှန်ပါ့)။

ဘယ် ဝိစိကိစ္ဆာလာလာ၊ ဝိစိကိစ္ဆာဆိုတာ မရှုကောင်းတဲ့ တရားလား့ို နဂိုရ်က သံသယရှိနေတဲ့ဥစ္စာ ရှုကောင်းတဲ့တရားထဲ ခင်ဗျားတို့ ဆုံးဖြတ်ချက်ချနိုင်ကြပါပြီ။

ဒါဖြင့် ဝိစိကိစ္ဆာသေး....မသေ....(သေပါတယ်ဘုရား)နဂိုရ်က နိဝရဏဆိုတာ မရှုကောင်းတဲ့တရား မှတ်နေတယ်....(မှန်ပါ့) အခုတော့ ရှုကောင်းတဲ့တရားဟူသော အဓိပ္ပါယ်ကို ခင်ဗျားတို့ ဉာဏ်ထဲမှာ အပြည့်အစုံရပြီ.... (မှန်ပါ့) မရဘူးလား.... (ရပါတယ်)။

အဲ....ဥာဏ်ထဲမှာ အပြည့်အစုံ ရသွားတဲ့အတွက်လဲ....တဲ့ ခင်ဗျားတို့ ယုံမှား သံသယလဲ သေသွားတယ်....(မှန်ပါ့)သူ့ဖြစ်ပျက်မြင်လိုက်လို့ ဒိဋ္ဌိလဲသေတယ်.... (သေပါတယ်)။

ရှုလိုက်တဲ့ဥာဏ်ကလဲ ရှုတတ်တဲ့ဥာဏ် ရတဲ့အတွက်.....တဲ့၊ ရှုကောင်းတဲ့တရားလား.... မရှုကောင်းတဲ့တရားလားလို့ နဂိုရိုက်နှစ်ခုပြားနေတာ အခု နိဝရဏဆိုတာ အလကားတရားဆိုတာကိုလဲ ခင်ဗျားတို့ ထင်ချင်ထင်မယ်၊ အခုတော့ မရှုကောင်းဘူးထင်တာဘဲ၊ သူဟာ ထပြေးရမည့်တရားမျိုး ထင်နေတာ၊ ထပြေးရမည့်တရားမျိုး မဟုတ်ဘူး၊ ဒီဟာ ရှုကောင်းတဲ့ တရားဘဲလို့ ဆုံးဖြတ်ချက်ချနိုင်တာလဲ ဝိစိကိစ္ဆာ သေသွားတယ်.... (မှန်ပါ့ဘုရား) သဘောပါလား....(ပါ-ပါတယ်)။

ဒါဖြင့် ဒိဋ္ဌိလဲသေ ဝိစိကိစ္ဆာလဲ သေတယ်ဆိုတဲ့အကျိုးဟာ သေသေချာချာ ပြီးသွားပါပြီ.... (မှန်ပါ့ဘုရား) မပြီးသေးဘူးလား.... (ပြီးပါတယ်ဘုရား) ကောင်းပြီ နေရာကျပြီ။

ဒါဖြင့် ဒီတကာ တကာမတွေ့မှာ အကျဉ်းချုပ် ပြောထားတာကလေးကို ခင်ဗျားတို့မှတ်ရမယ်၊ ရှု....ပေါ်တာရှု၊ ဝေဒနာလွှတ်တာနဲ့ စိတ်လွှတ်တာ မရှိဘူးက....ဆိုတော့ ဒါက အားလုံးကုန် သိမ်းခြုံပြီး သကာလ ပြောတဲ့စကားလို့ဆိုတာ မှတ်ပါ....(မှန်ပါ့ဘုရား)။

ပေါ်ရာသာရှုလိုက်၊ မရှုကောင်းတဲ့တရား ခင်ဗျားတို့သန္တာန်မှာ မပေါ်ပါဘူး....(မှန်ပါ့) မရှုကောင်းတဲ့တရား (မပေါ်ပါဘုရား)နိဗ္ဗာန်ဟာ နိဗ္ဗာနံ ပစ္စဝေက္ခတိလို့တောင် လာလိုက်သေး

တယ်၊ နိဗ္ဗာန်တောင် ဆင်ခြင်နိုင်ပါသေးတယ်ကွ၊ ဘယ်လက္ခဏာ ရှိတယ် ဘယ်သဘောပါလိမ့်မတုံးဆိုတာ ရှုပြီး ဆင်ခြင်ပါပြော တာ.... (မှန်ပါ့)။

ကဲ....မရှုကောင်းတဲ့တရား ရှိသေးရဲ့လား.... (မရှိပါဘုရား) မဂ်ပစ္စဝေက္ခတိ=မဂ်လဲ ဆင်ခြင်နိုင်တယ်ကွ၊ ဖလံပစ္စဝေက္ခတိ= ဖိုလ်လဲ ဆင်ခြင်နိုင်တယ်ကွ၊ နိဗ္ဗာနံ ပစ္စဝေက္ခတိ=နိဗ္ဗာန်လဲ ဆင် ခြင်နိုင်တယ်ကွ-ဆိုတော့ မရှုကောင်းတဲ့တရား ပါသေးရဲ့လား..... (မပါ-ပါဘုရား)။

အဲဒါတွေ ထောက်ပြီး ကြည့်တော့မှ သြော်.... ဒီမှာဖြင့် ဉာဏ်အပြည့်အစုံ ရပြီဆိုတာ မောင်သစ် မှတ်ပေတော့ (မှန်ပါ့) ဦးသံဒိုင်....ဘယ်လိုမှတ်မယ်.... (ဉာဏ်အပြည့်အစုံရပြီလို့ မှတ်ရ ပါမယ်) အပြည့်အစုံကို ရတယ်.... (မှန်ပါ့) ဘယ်ဟာရှုမှ တော် ပါ့မတုံးဆိုတာ လုပ်မနေနဲ့.... (မှန်ပါ့ဘုရား)။

အလုံးစုံဟာ ခင်ဗျားတို့ သန္ဓာန်ထဲ ရှုကောင်းတဲ့ တရား ချည်းဘဲ၊ ခင်ဗျားတို့က မစုံမ်းတတ်လို့သာ၊ ငါက ဝေဒနာ ရှု နေတာ၊ သူက ဥဒ္ဓစ္စ လာနေတယ်၊ ခက်တယ်ဆိုတော့ ဟို....ဥဒ္ဓစ္စ ကို ဥပေက္ခာလို့ ခင်ဗျားတို့က ဆုံးဖြတ်ချက် မချတတ်လို့ ဖြစ် တာ.... (မှန်ပါ့ဘုရား) အခုတော့ ချတတ်ပလား.... (ချတတ် ပါပြီ)။

ဒါဖြင့် ချတတ်တဲ့အတွက် အခုတော့ အားလုံး သိမ်းခြုံပြီး နည်းပေးလိုက်တဲ့အတွက် ကဲ....မင်းတို့ သန္ဓာန်မှာဖြင့် အာရုံ ဟူသမျှ ရှုသာရှု၊ အာရမ္မဏိကတော့ မလိုက်စေနဲ့.... (မှန်ပါ့)။

အာရုံဟူသမျှကို.... (ရှုသာရှု) ရှုရမယ်၊ အာရမ္မဏ်က စိတ်မ လိုက်နိုင် မရှိပါနဲ့.... (မှန်ပါ့) အာရမ္မဏ်ကဆိုတဲ့ မင်္ကို မလိုက်မိ အောင် မရှိပါစေနဲ့.... (မှန်ပါ့)။

ဒါ ပြောရမှာလား--မပြောရဘူးလား.... (ပြောရမှာပါ) သဘောပါသွားပြီ.... (ပါ-ပါပြီ) ရှင်းပြီနော်.... (ရှင်းပါပြီ)။

ကောင်းပြီ ဒါဖြင့် ဥဒ္ဓစ္စရှုတော့ ဘာအကျိုးရှိသတုံး မေး တော့မှ အို....သံသရာ အစပြတ်တဲ့ တရားဘုရာ့၊ သံသရာအစကို ဖြတ်ချလိုက်တဲ့တရား.... (မှန်ပါ့)သံသရာအစကို....(ဖြတ်ချလိုက် ပါတယ်ဘုရား)။

ဖြတ်ချလိုက်ပါတယ်....တဲ့၊ သံသရာ အစဖြတ်တဲ့ တရားဆို သဖြင့် အင်း....နဂိုရိုက နိဝရဏသည် အပါယ်ဘေးကို ညွှန်ပြနေ တဲ့တရားလို့ အောက်မေ့နေတယ်၊ အင်း.... သူလာပေတာနဲ့ဘဲ ဒီသံသရာကြီး အစပြတ်သွားတယ်....(မှန်ပါ့)။

သူလာလို့ အစပြတ်သွားတာ.... (မှန်ပါ့) သူ မလာလို့ရှိ ယင်....(မပြတ်ပါဘုရား)။

သူမလာလို့ရှိယင် လောဘလာနေလို့ရှိယင် အလည်က သာပြတ်မယ်.... (မှန်ပါ့) ဒေါသလာယင် အဆုံးကသာပြတ် မယ်.... (မှန်ပါ့) အခုတော့ သူလာပေလို့....(အစကပြတ်ပါတယ် ဘုရား)။

ဒါဖြင့် သူလာခြင်းကောင်းဘဲ(မှန်ပါ့) ခင်ဗျားတို့က နဂိုရိ ကလာခြင်းဆိုးထင်နေတာ.... (မှန်ပါ့ဘုရား) အခုတော့ ဘယ့် နှယ်ထင်သတုံး.... (လာခြင်းကောင်းပါဘုရား)။

အင်း.... တော်-တော်သေးတယ်.... (မှန်ပါ့) ပြောင်းတတ်လဲတတ်လို့.... (မှန်ပါ့) ပြောင်းတတ် လဲတတ်လို့ တော်-တော်သေးရဲ့၊ ကိုင်းဒါဖြင့် အင်မတန် အဘိုးတန်သွားပြီ။ ဥဒ္ဓစ္စဖြင့် ယနေ့ နာရီဝက်တိတိပြောတော့ အသုံးချတတ်ပြီ(မှန်ပါ့)အသုံးချတတ်ပြီနော်.... (မှန်ပါ့) အသုံးချတတ်ပြီဆိုတော့ ဝိစိကိစ္ဆာ ဆက်ကြဦးစို့ရဲ့။

၀ိစိကိစ္ဆာ နိဝရဏ

ဝိစိကိစ္ဆာကလဲ နိဝရဏဘဲ၊သူ့နာမည်ရင်းကတော့ နိဝရဏ၊ အခု့ိနေရာမှာ ဝိစိကိစ္ဆာကို စိတ္တာနုပဿနာထဲ သွင်းလိုက်ယင်လဲ ဝိစိကိစ္ဆာစိတ်ဖြစ်တာဘဲ၊ ဝေဒနာနုပဿနာထဲ သွင်းလိုက်ယင်လဲ ဥပေက္ခာဝေဒနာ ဖြစ်တာဘဲ.... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ)။

စိတ္တာနုပဿနာထဲ သွင်းလိုက်လို့ရှိယင်ဖြင့် ဝိစိကိစ္ဆာစိတ်-မောဟစိတ် ရှင်းပလား.... (ရှင်းပါပြီ)။

စိတ္တာနုပဿနာထဲ သွင်းလို့ရှိယင်.... (ဝိစိကိစ္ဆာစိတ်ပါ) မောဟစိတ်ဆိုလိုက်ပါ(မှန်ပါ့) ဝိစိကိစ္ဆာဆိုတာ မောဟဘဲနော်၊ (မှန်ပါ့)။

ဘုရားက 'သမောဟံ ဝါစိတ္တံ သမောဟံ စိတ္တန္တိပဇာနာတိ' ဆိုတာ ဥဒ္ဓစ္စနဲ့ ဝိစိကိစ္ဆာ စိတ်ရှုကွက်လို့ပြောတာ.... (မှန်ပါ့)ရှင်းပလား.....(ရှင်းပါပြီ)။

ဒါဖြင့် စိတ္တာနုပဿနာထဲသွင်းယင် သမောဟစိတ်၊ဝေဒနာနုပဿနာထဲသွင်းတော့ ဥပေက္ခာဝေဒနာ.... (မှန်ပါ့) သွင်းတာတ်ပြီနော်.....(သွင်းတာတ်ပါပြီ)။

ဒါဖြင့် ဝိစိကိစ္ဆာဟာ ဝေဒနာနုပဿနာထဲသွင်းယင် ဘယ် အထိ သွင်းကြမယ်.... (ဥပေက္ခာဝေဒနာထဲ သွင်းရပါမယ်)။

အဒုက္ခမသုခဆိုတဲ့ ဥပေက္ခာဝေဒနာထဲသွင်းလိုက်.... (မှန်ပါ့) သူလည်းယင် ဖြစ်ပျက်သာရှု၊ ဝေဒနာနုပဿနာဖြင့် ရှုနေတဲ့ပုဂ္ဂိုလ် ဟာ ဝေဒနာဘဲရှုချလိုက်.... (မှန်ပါ့) သူလဲဝေဒနာဘဲဆိုပြီး ခင်ဗျားတို့ မလဲအောင်သာ ရှုချလိုက်....(မှန်ပါ့ဘုရား)။

စိတ်လို့ဆိုလို့ရှိယင်လဲ သမောဟစိတ်၊ သဘောကျပလား.... (ကျပါပြီ)သမောဟစိတ်ဆိုတဲ့ဥစ္စာ သရာဂ သဒေါသ သမောဟ ကိုး.... (မှန်ပါ့)စိတ်ထဲသွင်းတော့ ဘယ်ပါဦးတော်ထဲ သွင်းမယ် (သမောဟစိတ်ပါ)။

အဲ....'သမောဟံ ဝါစိတ္တံ သမောဟံစိတ္တန္တိ ပဇာနာတိ' ဆိုတဲ့ မောဟနဲ့တကွ ဖြစ်တဲ့စိတ်၊ ရှင်းပလား.... (ရှင်းပါပြီ)။

အဲ....မောဟနဲ့တကွ ဖြစ်တဲ့စိတ်ကို ခင်ဗျားတို့ရှုတတ်လို့ရှိယင် ဖြင့် စိတ္တာနုပဿနာသမားလဲ ပြည့်စုံသွားတာဘဲ၊ ဝေဒနာ နုပဿနာသမားအတွက်လဲ.... (ပြည့်စုံသွားတာဘဲ) ပြည့်စုံသွား တာဘဲဆိုတာ ဦးသံဒိုင်.... ငြင်းဘို့လိုသေးသလား.... (မလိုပါ ဘုရား) မလိုတော့ဘူး။

ဒါဖြင့် ဝိစိကိစ္ဆာဟာတဲ့ အသုံးမချတတ်လို့ရှိယင် ဘယ်လို ဖြစ်တတ်ပါသတုံးဆိုတော့ ရေခွက်ထဲမှာ နွံတွေ အနယ်တွေဟာ ထိုင်နေတယ်၊ အကြည်ကလေးကတော့ အပေါ်ကရှိပါရဲ့ အောက်မှာ အနယ်ထိုင်နေတယ်၊ မျက်နှာဟပ်ကြည့်ပါ၊မြင်ပါ့ မလား....(မမြင်ပါဘုရား)။

မမြင်နိုင်ဘူး၊ အနယ်ထိုင်နေတယ်.... (မှန်ပါ့) အောက်က ကြည်မှသာ မြင်ရမှာ.... (မှန်ပါ့ဘုရား)။

အဲ....သူသာလာတဲ့တနေ့မှာ သင်္ဂါရဝ-တဲ့၊ ရပြီးသားစာတွေ့ လဲပျောက်ရမယ်၊ မရသေးတာတွေ့လဲ မပေါ်လာတော့ဘူးတဲ့.... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ)။

အဲ....အဲဒီလိုဟောတဲ့ နေရာကျတော့ သူ-နိဝရဏကို ဟော ချင်လဲဟောချလိုက်တာဘဲ.... (မှန်ပါ့) ဘာဟောချင်လို့လဲ.... (နိဝရဏဟောချင်လို့ပါဘုရား) နိဝရဏဟောတာလို့ သေသေ ချာချာမှတ်ပါ.... (မှန်ပါ့ဘုရား) ရှင်းကြပလား.... (ရှင်းပါပြီ)။

အဲဒီတော့ကွာ....တဲ့၊ မင်းတို့ သူသာဝင်လာမယ်ဆိုယင် ကိုယ့် အကျိုးလဲမသိတော့ဘူး၊ သူမျှားအကျိုးလဲ မသိတော့ဘူး၊ ကိုယ့် အကျိုး-သူ့အကျိုး နှစ်ကျိုးကိုပင် မသိတော့ဘူး၊ သူဝင်လာလို့ ရှိယင်.... (မှန်ပါ့ဘုရား)။

ဝိစိကိစ္ဆာ သာဝင်လာမယ်ဆို တကာ-တကာမတို့ ကိုယ့်အ ကျိုးလဲမသိတော့ဘူး....(မှန်ပါ့) သူမျှားအကျိုးကော.... (မသိ ပါဘုရား) နှစ်ဦးသားအကျိုးကို.... (မသိပါဘုရား) မောဟဘဲ ကိုး.... (မှန်ပါ့) ရှင်းကြပလား.... (ရှင်းပါပြီ)။

သြော်....ဒါဖြင့် သင်္ဂါရဝ....တဲ့၊ဘုရားက အဂ္ဂံတို့ရှင်ပါဋ္ဌိတော် မှာ မင်းဟာ သူ၏ထုတ်မြောက်ကြောင်းကို ရှာရမယ်ကွတဲ့.... (မှန်ပါ့) သူ၏ထုတ်မြောက်ကြောင်း မင်း- မရှာလို့ရှိယင်ဖြင့် မင်း- ဘယ်အလုပ်-လုပ်လုပ် အထမြောက်တော့မယ် မဟုတ်တော့ ဘူး....တဲ့(မှန်ပါ့)ပေါ်ကြပြီနော်....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် သူ့ထုတ်မြောက်ကြောင်းရှာတဲ့ အခါကျတော့ကို-တဲ့၊ အထူးရှာမနေဘဲနဲ့ ဝေဒနာ နှုပဿနာထဲ သွင်းရှုလိုက်....(မှန်ပါ့) သူ့ကြောင့် ထုတ်မြောက်ကြောင်းဖြစ်တယ်....(မှန်ပါ့ဘုရား) ရှင်းပလား.... (ရှင်းပါပြီ)။

စိတ္တာနုပဿနာထဲဆိုယင် သမောဟစိတ်ဆိုပြီး ရှုချလိုက်၊သူ့ကြောင့် ဘာဖြစ်သတုံး....(ထုတ်မြောက်ကြောင်းဖြစ်ပါတယ်)။

ထုတ်မြောက်ကြောင်း ဖြစ်တယ်ဆိုတော့ ဩဇာ....သူကဒုဂ္ဂတိသွားမလို-- ဒုဂ္ဂတိပို့မလို လာတဲ့တရားကို ကျုပ်တို့က သူ့ကိုဘဲ အပို့ခိုင်းတယ်၊ နိဗ္ဗာန်ပို့ပေးစမ်းကွာ.... (မှန်ပါ့)ရှင်းပလား.... (ရှင်းပါပြီ)။

သူ့ဖြစ်ပျက်ရှုလိုက်တော့ ဘာဖြစ်သွားသလဲ (နိဗ္ဗာန်ရောက်ပါတယ်) နိဗ္ဗာန်ပို့ပေးလိုက်တယ်.... (မှန်ပါ့ဘုရား)။

သူ့ကိုလက်ခံထားယင် ဒုဂ္ဂတိသွားမယ်.... (မှန်ပါ့ ဒုဂ္ဂတိသွားမယ်) ရှင်းပလား.... (ရှင်းပါပြီ)။

သူ့လက်ခံထားယင်.... (ဒုဂ္ဂတိသွားပါမယ်)သူ့လက်ခံထားယင် ဒုဂ္ဂတိသွားမယ်၊ ပဋိစ္စသမုပ္ပါဒ် သူအစကစ,မယ်....(မှန်ပါ့) မဟုတ်ဘူးလား.... (ဟုတ်ပါတယ်)။

ကျုပ်တို့က သူ့ကိုပင်လျှင် နိဗ္ဗာန်အပို့ခိုင်းတော့ကို မင်းကြောင့်ဘဲ ဒို့ မင်္ဂလာပေတယ် ဆိုတဲ့ဥစ္စာ တကာ တကာမတို့....မရှင်းသေးဘူးလား.... (ရှင်းပါတယ်)။

သူ့ကြောင့်ဘဲ၊ ဝိစိကိစ္ဆာကြောင့် ဘာဖြစ်သလဲ....(မင်္ဂလာပါတယ်ဘုရား) ဝိစိကိစ္ဆာကြောင့် မင်္ဂလာတယ်ဆိုတော့ ဝိစိကိစ္ဆာ

က အာရုံ၊ မင်က အာရမ္မဏ်ကနော်.... (မှန်ပါ့) ဝိစိကိစ္ဆာက အာရုံ၊ မင်က အာရမ္မဏ်ကဆိုတော့ အာရမ္မဏ်က-က ဒီအချိန်မှာ ဝမ်းထဲမှာ၊ သူက အပြင်ဘက်က နေတယ်....(မှန်ပါ့)။

သူက ပြင်ဘက်က၊ မင်က အတွင်းက၊ သူက အရှုခံဆိုတော့ သူက ဗဟိဒ္ဓဘက်က နေတယ်.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ) မင်က အဇ္ဈတ္တဘက်က နေတယ်။

မင်က အတွင်းဘက်က နေတဲ့အတွက် မင်က အတွင်းဘက်က နေတော့ကို ကိန်းရာ ပဋိုလ်ကို ဆောင်တယ်ဆိုတော့ ဝိစိကိစ္ဆာက မဆောင်ဘဲ မင်ကဆောင်တယ်.... (မှန်ပါ့ဘုရား)။

ဒါ့ကြောင့် သူ့ကြောင့် နိယျာနတ္ထ ဖြစ်ပါတယ်....(မှန်ပါ့) ဘယ်သူကြောင့် နိယျာနတ္ထ ဖြစ်သလဲ.... (ဝိစိကိစ္ဆာကြောင့်ပါဘုရား)။

သြော်....ရန်သူကြောင့်ဘဲ ဟုတ်လား....(မှန်ပါ့) ခင်ဗျားတို့ သုံးနေတဲ့ အတိုင်းပါဘဲ၊ စိုင်ကော်လို့ ခြုံပေါ်ရောက်တယ် (မှန်ပါ့) မသုံးကြဘူးလား....(သုံးပါတယ်ဘုရား)။

စိုင်ဆိုတာသည် ခင်ဗျားတို့ကို ကော်ချင်လို့ မဟုတ်ဘူး၊ သတ်မလို့ ကော်တာ.... (မှန်ပါ့) ချိုနဲ့ကော်ထုတ်လိုက်တာ။

ချိုနဲ့ ကော်ထုတ်လိုက်တာဟာ အသေ ခတ်ပစ်လိုက်တာ..... (မှန်ပါ့)သို့သော်.... ခြုံပေါ်ရောက်သွားတယ် ဆိုလို့ရှိယင် တော့ ဒီ စိုင်သည်ကားလို့ ဆိုယင် ခြုံပေါ်မှာ တက်နေတဲ့ အတွက် သူက မြေပြင်သာ စွမ်းနိုင်တဲ့ပဋိုလ်၊ သူ့ထက် မြင့်တဲ့ ခြုံပေါ် ရောက်သွားတော့ ဦးသံဒိုင် အန္တရာယ် ကင်းမသွားဘူးလား.... (ကင်းပါတယ်ဘုရား)။

အဲဒီ အတိုင်းပါဘဲတဲ့၊ ဝိစိကိစ္ဆာကြောင့် ခင်ဗျားတို့ နိဗ္ဗာန်တည်းဟူသော လွတ်မြောက်ရာဌာန ရောက်မယ်....(မှန်ပါ့), အသုံးချတတ်လို့ရှိယင်.... (မှန်ပါ့)။

ကဲ....အခု အသုံးချတတ်ပလား.... (အသုံးချတတ်ပါပြီ) တယ်အဘိုးတန်တယ်ဆိုတာကော မပေါ်လာဘူးလား.... (ပေါ်လာပါတယ်ဘုရား) ဘုရားက ဝိစိကိစ္ဆာဆိုတာဟေ့.... ဉာဏ်ဆေးသမား အတော် အကုရခက်တယ်လို့ ပြောတယ်.... (မှန်ပါ့ ဘုရား)။

ဝိစိကိစ္ဆာဆိုတာ ဘာတဲ့တုံး.... (ဉာဏ်ဆေးသမား အကုခက်ပါတယ်) ဉာဏ်ဆေးသမား အတော် အကုခက်သောကြောင့် ဝိစိကိစ္ဆာ.... (မှန်ပါ့) သဘောပါလား.... (ပါ-ပါပြီ)။

အဲဒီတော့ ဝိစိကိစ္ဆာ ရှိနေတဲ့ ပုဂ္ဂိုလ်ဟာ ဘယ်တော့မှလဲ ဆေးကု မဖြစ်ဘူး.... (မှန်ပါ့ဘုရား) ဝိစိကိစ္ဆာ ရှိနေယင်....(ဆေးကုမဖြစ်ပါဘုရား) ဒီဌိ မပြုတ်ဘူး....တဲ့၊ သဘောပါကြလား.... (ပါ-ပါပြီ)။

ဒါ့ကြောင့် သောတာပတ္တိမဂ်က သူ့လဲ ပယ်ရတယ်၊ သူ့မယ်မှလဲ ဒီဌိက ပြုတ်တယ်.... (မှန်ပါ့) ဒါ့ကြောင့် သူရှိလို့ရှိယင် ဒီဌိဖြစ်မယ်၊ ဒီဌိရှိလို့ရှိယင်လဲ ဝိစိကိစ္ဆာ လာမယ်၊ သူတို့က တဲ့ဘက်.... (မှန်ပါ့)။

တဲ့ဘက်ဖြစ်နေတယ်၊ ဥပမာမယ် ပျက်နေတဲ့ တရားသည် ဘယ်နှယ်ကြောင့် ပျက်ပါလိမ့်မလဲဆိုယင် ဝိစိကိစ္ဆာက လာတယ်၊ မဟုတ်ဘူးလား.... (မှန်ပါ့) ပျက်နေတဲ့ တရားကို ပျက်

မှန်းမသိယင်လဲ ဒိဋ္ဌိက လာမယ်.... (မှန်ပါ့) မလာပေဘူးလား-(လာပါတယ်)။

ပျက်တဲ့တရားကို ဘယ်နှယ်ကြောင့် ပျက်ပါလိမ့်မတုံးဆိုယင် ဘယ်နှယ်တုံး.... (ဝိစိကိစ္ဆာလာပါတယ်) ဝိစိကိစ္ဆာ လာတယ်....တဲ့။

ပျက်နေတဲ့တရား မပျက်ဘူးထင်ယင်.... (ဒိဋ္ဌိ လာပါတယ်) ဒိဋ္ဌိ လာတယ်ဆိုတော့ သူတို့နှစ်ခုဟာ တဲ့လျက်ကြီး.... (မှန်ပါ့ဘုရား)။

ဒါ့ကြောင့် သောတာပတ္တိမဂ်က နှစ်ခုစလုံး ပယ်လိုက်ရတယ် (မှန်ပါ့) ခင်ဗျားတို့ လောဘထက် သူတို့က ထက်တယ်လို့ အောက်မေ့စမ်းပါနော်.... (မှန်ပါ့ဘုရား)။

လောဘသည်ကားလို့ ဆိုလို့ရှိယင် တကာ တကာမတို့၊ က သမုဒယသစ္စာဆိုပြီး ကြောက်ပြီးသကာလ နေကြတာဘဲ....တဲ့၊ လောဘကို သောတာပန်ဟာ အကုန်မှ မပယ်ဘဲ၊ ကျန်နေသေးတယ်(မှန်ပါ့)လောဘက အပါယ်မချတဲ့ လောဘကရှိသေးတယ် (မှန်ပါ့)။

သူကတော့ အပါယ်ချတဲ့ ဝိစိကိစ္ဆာချည်းဘဲ၊ အပါယ်ချတဲ့ ဒိဋ္ဌိချည်းဘဲ.... (မှန်ပါ့ဘုရား) သဘောကျပလား....(ကျပါပြီ)။

လောဘက အပါယ်မချတာ ရှိသေးတယ်၊နတ်ပြည်လိုချင်ပြီး လှလိုက်တော့ လိုချင်တာ လောဘ၊ဟော....အပါယ်တော့ လွှတ်သွားပြီ....(မှန်ပါ့)။

နတ်ပြည်လိုချင်လို့ လူလိုက်တာဆိုတော့ လောဘက ဘယ်ပို့လိုက်သလဲ.... (နတ်ပြည်ပို့ပါတယ်) နတ်ပြည်ပို့လိုက်ပြီ၊ သူ့ဒီလောက် ကြောက်စရာမကောင်းဘူး.... (မှန်ပါ့)။

သူတို့ကတော့ ဒီဥစ္စာနဲ့ ဝိစိကိစ္ဆာကတော့မရဘူးတဲ့- (မှန်ပါ့) သောတာပတ္တိမဂ်က ဒါ့ကြောင့် သူ့ကို အပါယ်ချတတ်တဲ့တရားမို့ အရင်ဆုံးကို ပယ်ရတယ်၊ ကြမ်းလွန်းလို့.... (မှန်ပါ့ဘုရား) သဘောပါပလား.... (ပါ-ပါပြီ)။

ဒါဖြင့် လောဘနဲ့ ဝိစိကိစ္ဆာ ဘယ်ဟာ ကြောက်စရာကောင်းသတုံး.... (ဝိစိကိစ္ဆာ ကြောက်စရာ ကောင်းပါတယ်)။

ဝိစိကိစ္ဆာ ကြောက်စရာကောင်းတယ်ဆိုတော့ ရှင်းရှင်းပြောပါဦးမယ်၊ ဝိစိကိစ္ဆာ ဘယ်နှယ်ကြောင့် ကြောက်စရာကောင်းပါလိမ့်မတုံးလို့ မေးတဲ့အခါကျတော့ ပဋိစ္စသမုပ္ပါဒ် သူက စ,တယ်.... (မှန်ပါ့ဘုရား)။

ပဋိစ္စသမုပ္ပါဒ်မှာ.... (သူက စ,ပါတယ်) သူက မောဟကိုးဗျ (မှန်ပါ့) ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

သူက ဘာပါလိမ့်-(မောဟပါဘုရား)မောဟဆိုတာ အဝိဇ္ဇာမဟုတ်လား၊ မောဟ အဝိဇ္ဇာ.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

အဲဒီတော့ အဝိဇ္ဇာပစ္စယာ.... (သခ်ၤါရာပါဘုရား) ကိုင်း.... ဦးသံဒိုင် ပေါ်ပြီ....(မှန်ပါ့) ဒါကြောင့် ပယ်လိုက်တာ၊သဘောပါပလား.... (ပါ-ပါပြီဘုရား)။

ဒါ့ကြောင့်....တဲ့ အင်မတန်မှ ကြောက်စရာကောင်းလွန်းလို့

ပဌမ-မဂ်က အပါယ်လေးပါးကို မကျအောင်လို့ ကယ်တင်ရာ တာမှာ ဒီ့ပြင်တရား ချိတ်ထားသူတို့ကို အယင်ပယ်တယ်၊ ဝိစိ-ကိစ္ဆာနဲ့ ဒိဋ္ဌိကို.... (မှန်ပါ့) ဘာဖြစ်လို့တုံး ထက်လွန်းလို့.... (မှန်ပါ့) အပါယ်အောက်သံသရာမှာ ခေါင်းဆောင်ဆိုတာ ပေါ်သွားပြီ.... (မှန်ပါ့) အောက်သံသရာခရီး၏ ခေါင်းဆောင် ဘယ်သူပါလိမ့်.... (ဒိဋ္ဌိဝိစိကိစ္ဆာပါဘုရား)။

အေး.... ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာဆိုတော့ သောတာပတ္တိမဂ် မရ မခြင်းဟာဖြင့် သူတို့သည် ဝိစိကိစ္ဆာလဲ အနုသယ၊ ဒိဋ္ဌိလဲ အနုသယ ဖြစ်လေသောကြောင့် ဒီအနုသယနှစ်ခုကို အင်မတန်မှ သတ်ထက်သောကြောင့် သောတာပတ္တိမဂ်က အယင်ပယ်လိုက်ရတယ်.... (မှန်ပါ့ဘုရား)။

ဘာ့ကြောင့်တုံး ငရဲမျိုးစေ့၊ အပါယ်မျိုးစေ့တော့ ..... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ) ဘယ့်နယ်ကြောင့် သူတို့ အယင်ပယ်ရပါလိမ့်.... (ငရဲမျိုးစေ့ အပါယ်မျိုးစေ့ ဖြစ်သောကြောင့်ပါဘုရား)။

ကိုင်း....ငရဲမျိုးစေ့၊ အပါယ်မျိုးစေ့ဖြစ်နေလို့ သိပ်ကြာက်စရာ ကောင်းပါတယ်....တဲ့၊ ဝိစိကိစ္ဆာရှိလို့လဲ ဒိဋ္ဌိဖြစ်ပါတယ် (မှန်ပါ့) သဘောပါလား.... (ပါ-ပါတယ်)။

ကိုယ့် ဗုဒ္ဓဘာသာကို ဗုဒ္ဓဘာသာဟုတ်မှ ဟုတ်ကဲ့လားဆိုပြီး ဝိစိကိစ္ဆာရှိတဲ့ အခါကျတော့ ဖြတ်ဆို ဘာသာပြောင်းသွားတယ်၊ ဒိဋ္ဌိဘက်ကူးသွားတယ်....(မှန်ပါ့)။

ဒါ့ကြောင့် ဝိစိကိစ္ဆာသည် ဒိဋ္ဌိကို ကျေးဇူးပြုတယ် ....

(မှန်ပါ့ဘုရား)သဘောကျပလား....(ကျပါပြီ)ဝိစိကိစ္ဆာသည်....
(ဒိဋ္ဌိကို ကျေးဇူးပြုပါတယ်ဘုရား)။

ကိုယ့်ဘာသာ သံသယရှိလို့ရှိယင် ဟိုဘာသာကို ယူမယ်ကွ ဆိုတော့ ကိုယ့်ဘာသာ သံသယရှိတာက ဘယ်သူပါလိမ့် .... (ဝိစိကိစ္ဆာပါဘုရား)ဟိုဘာသာယူတာက ဒိဋ္ဌိ....(မှန်ပါ့ဒိဋ္ဌိပါ)။

သူတို့နှစ်ခုက ဒီလိုဖြစ်နေတယ်၊ သဘောချင်းက ဆက်နေတယ်....(မှန်ပါ့) ဒါဖြင့် အကြောင်းအကျိုး ဆက်-မဆက်....(ဆက်ပါတယ်ဘုရား) အကြောင်းအကျိုး အကုသိုလ်ဘက်မှာဖြင့် တယောက် တယောက် အတော် အကုအညီ ပေးတယ်....(မှန်ပါ့)။

ဝိစိကိစ္ဆာ ရှိနေသောကြောင့်လဲ ဒိဋ္ဌိဖြစ်ရတယ်၊ ဒိဋ္ဌိရှိလို့လဲ ဝိစိကိစ္ဆာဆိုတာ လာတယ်.... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီ) ဒိဋ္ဌိရှိလို့လဲ.... (ဝိစိကိစ္ဆာလာပါတယ်)။

အဲဒီတော့ သူတို့နှစ်ခုဟာ ဖြစ်ဖေါ်ဖြစ်ဘက် တဲ့ဖေါ်တဲ့ဘက်ဆိုတဲ့ဥစ္စာဖြင့် ခင်ဗျားတို့ ငြင်းမနေနဲ့တော့၊ ဒါ့ကြောင့် စုံပယ်ရတယ်ဆိုတဲ့ဥစ္စာဖြင့် သေချာပြီ....(မှန်ပါ့ဘုရား) ရှင်းပြီ (ရှင်းပါပြီ)။

အဲဒီတော့ ဒီဝိစိကိစ္ဆာကို ပယ်ချင်လို့ရှိယင် ခင်ဗျားတို့ နေ့တိုင်းသတ်တဲ့ ပဋိစ္စသမုပ္ပါဒ်ဟာ ဝိစိကိစ္ဆာ သတ်တာချည်းမှတ်.... (မှန်ပါ့ဘုရား) ဝိစိကိစ္ဆာနဲ့ ဒိဋ္ဌိချည်း သတ်တယ်.... (မှန်ပါ့)။

နေ့တိုင်းပြတဲ့ ပဋိစ္စသမုပ္ပါဒ် ဘာသတ်သတုံး.... (ဒိဋ္ဌိနဲ့

ဝိစိကိစ္ဆာ သတ်ပါတယ်ဘုရား) ဒီဌိနဲ့ ဝိစိကိစ္ဆာချည်း သတ်နေတယ်၊ (မှန်ပါ့)ဝိပဿနာဉာဏ်က နောက်မှ ပေးရမှာ (မှန်ပါ့)။

ဒီ ပဋိစ္စသမုပ္ပါဒ်ကြီး လှည့်ပြလိုက်၊ အကြောင်း အကျိုး ဆက်ပြလိုက်၊ အကြောင်းအကျိုး ဆက်ပြတာ တခြားမဟုတ်ဘူး ဝိစိကိစ္ဆာသတ်တာ.... (မှန်ပါ့)။

အကြောင်းထဲမှာ ငါမပါ၊ အကျိုးထဲမှာ ငါမပါဆိုတာက ဒီဌိသတ်တာ.... (မှန်ပါ့ဘုရား) ရှင်းပလား.... (ရှင်းပါပြီ)။

အဲဒါကြောင့် ပဋိစ္စသမုပ္ပါဒ် မပါဘဲနဲ့ ဟောကြ- ပြောကြ ဝိပဿနာလုပ်ကြ ဆိုလို့ရှိယင် အဲဒီဥစ္စာဟာ အကျိုးမမျှားတဲ့ ဝိပဿနာလို့သာ မှတ်ပေရော့....(မှန်ပါ့ဘုရား)။

သူ့ကိုနားမလည်ဘဲနဲ့ လုပ်နေမယ်ဆိုလို့ရှိယင် အကျိုးမမျှားတဲ့ ဝိပဿနာလို့သာ မှတ်ပါ....(မှန်ပါ့)။

ဘယ်နယ်ကြောင့် အကျိုးမမျှားတဲ့ ဝိပဿနာလို့ ဆိုရပါတုံးဆိုတော့ ဒီဌိ ဝိစိကိစ္ဆာမပြုတ်ဘဲနဲ့ ရှုနေလို့ .... (မှန်ပါ့ဘုရား) ပေါ်ပလား....(ပေါ်ပါပြီ)။

သူမပြုတ်ဘဲနဲ့ ရှုနေလို့ရှိယင် ဉာတပရိညာဆိုတဲ့ သိမှုနဲ့ မပြုတ်ဘဲနဲ့ ဆရာသမားက ရောက်လာယင် ရှု-ကွ--ရှိက်ကွ၊ ပင်ပန်းကျိုးနပ်စေမည့် ဝိပဿနာမဟုတ်ဘူးလို့မှတ်.... (မှန်ပါ့)။ ဘယ်လိုမှတ်ကြမယ်....(အကျိုးမမျှားတဲ့ဝိပဿနာပါဘုရား)

အကျိုးမမျှားတဲ့ ဝိပဿနာလို့မှတ်ပါ။ ဘာထောက်ကြည့်ရမတုံးဆိုတော့ အနုရာဓ ထောက်ကြည့်ပါတဲ့၊ သံယုတ်ပါဋ္ဌိတော်မှာ ခင်ဗျားတို့ကို အယင်လဲ ဟောပြီးပါပြီ။

အနုရာဓကို တိတ္တိတွေက မေးလိုက်တယ်၊ တိတ္တိပုဂ္ဂိုလ်တွေက အနုရာဓ—ဘုရားသခင်ကိုယ်တော်မြတ်ကြီးဟာ အင်မတန် ဘုန်းပညာ လက္ခဏာနဲ့ ပြည့်စုံတဲ့ ကိုယ်တော်မြတ်ကြီး ဖြစ်ပါတယ်၊ အဲဒါ သူဘယ်လိုမျှား ဟောလေ့ရှိပါသတုံး၊ သတ္တဝါသေယင် ဖြစ်သေးသလား....၊ သတ္တဝါသေယင် မဖြစ်တော့ဘူးလား....၊ သတ္တဝါသေလို့ ရှိယင် ဖြစ်ချီတလှည့် မဖြစ်ချီတလှည့်လား.... သတ္တဝါသေလို့ရှိယင် ဖြစ်သည်မဟုတ် ဖြစ်သေးသလား ဆိုပြီး ငေးချက်မေးတယ်... (မှန်ပါဘုရား) ဘုရား ကျောင်းတော် နားမှာနေတဲ့ အနုရာဓရဟန်းကို မေးကြတယ်.... (မှန်ပါ)။

သူဘယ်လို ဖြေလိုက်သတုံးဆိုတော့ ဘုရားကတော့ ဒီလို မဟောပါဘူး တဲ့၊ ဒါဘဲ သူဖြေတတ်တယ်.... (မှန်ပါ)။

ဘုရားက ဒီအဓိပ္ပါယ်မျိုးတော့ မဟောပါဘူးတဲ့၊ ဖြစ်တယ်လို့လဲ မဟောပါဘူး၊ မဖြစ်ဘူးလို့လဲ မဟောပါဘူး၊ ဖြစ်ချီတလှည့် မဖြစ်ချီ တလှည့်လို့လဲ မဟောပါဘူး၊ ဖြစ်သည်မဟုတ် ဖြစ်သေးတယ်ဆိုတဲ့ အမရာ ဝိက္ခေပ ဒိဋ္ဌိကိုလဲ မဟောပါဘူးတဲ့ ဆိုတော့ ဟိုက မေးလို့မရတာနဲ့ အနုရာဓကို အရှင်ဘုရား ဘယ်နှစ်ဝါရပလဲတဲ့၊သူက ဘယ်နှစ်ဝါရပြီလို့ ပြောလိုက်တယ်၊ ဩ.... ငယ်သေးတာဘဲ လူမိုက်ကလေး ရှိသေးတာဘဲ ဆိုပြီး ပြန်သွားကြတယ်.... (မှန်ပါ) ဒီဟာ မဖြေနိုင်လို့ လူမိုက်ကလေး ပေါ့ဗျာ.... (မှန်ပါ)။

အဲဒီတော့ သူ့စိတ်ထဲမှာက သူတို့လဲပြန်သွားရော ဝိစိကိစ္ဆာ ဝင်လာတယ်၊ ဒီ့ထက်ပိုပြီး ဆက်မေးလို့ရှိယင် အတော်ခက်သေးတယ်၊ ဒီတော့ သူ့မှာ ငြင်းစရာမရှိ... (ရှိပါတယ်ဘုရား

ဝိစိကိစ္ဆာရှိတယ်.... (မှန်ပါ့) အနုရာဓမ္မာ ဝိစိကိစ္ဆာရှိတယ်.... (မှန်ပါ့)။

အနိစ္စ ဒုက္ခ အနတ္တတော့ သူလုပ်နေတယ်၊ ဘုရားကျောင်းတော်နားမှာဘဲ လုပ်တယ်၊ လုပ်ပေမဲ့ သူသောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် မတည်သေးဘူး.... (မှန်ပါ့) ဘာခံနေတယ်ဆိုတာ ရိပ်မိပလား.... (ဝိစိကိစ္ဆာခံနေပါတယ်ဘုရား)။

ဒါဖြင့် ဝိစိကိစ္ဆာဟာ နိဝရဏဆိုတာ မှန်—မမှန်....(မှန်ပါတယ်ဘုရား) အနုရာဓ ထုတ်ပြတယ်....(မှန်ပါ့) ဒီ့ထက် ဆက်မေးလို့ရှိယင် ဘယ်လိုဖြေရမှန်း မသိဘူးတဲ့။

အဲဒီတော့ ပဋိုလ်သတ္တဝါနဲ့ မေးထားတဲ့ ဥစ္စာကြီး ပဋိုလ်သတ္တဝါဆိုတော့ ဖြေစရာမှ မရှိဘဲ၊ နဂိုရိုက မရှိလို့ ဖြေစရာမရှိပါဘူး.... (မှန်ပါ့) ရှိရဲ့လား....(မရှိပါဘုရား)။

အဲဒီမှာ သူက ဉာဏ်က မရောက်ဘူး....(မှန်ပါ့) ဒီထက်တက် မေးလို့ရှိယင်ဖြင့် အခုလေးခုတော့ ဘုရား ဒီလိုမဟောပါဘူးလို့ ပြောလိုက်တာနဲ့ ပြီးသွားတယ်.... (မှန်ပါ့) ဒီ့ထက် တက်မေးမယ်ဆိုလို့ရှိယင်ဖြင့် သူတော့ အခက်ကြီးဘဲ ·ဆိုပြီးသကာလ ဘုရားဆီ သွားတယ်၊ တိတ်တိတ်တွေလဲ ပြန်သွားရော သူ ဘုရားဆီ သွားတယ်.... (မှန်ပါ့)။

အရှင်ဘုရား.... တိတ်တိတ်တွေက သတ္တဝါသေယင် ဖြစ်သေးသလား မဖြစ်တော့ဘူးလား - နှစ်ချက်၊ သတ္တဝါသေယင်ဖြစ်ချည်တလှည့် မဖြစ်ချည်တလှည့်လား၊ ကေစ္စ သဿတဒိဋ္ဌိ သူမေးလိုက်တယ်၊ ဖြစ်သည်မဟုတ် ဖြစ်သေးတယ်ဆိုတဲ့ အဓိပ္ပါယ်မျိုးဖြင့် အမရာ ဝိက္ခေပလဲ မေးလိုက်တယ်။

သဿတ, ဥစ္ဆေဒ, ကေစ္စသဿတ, အမရာ ဝိက္ခေပ ဒိဋ္ဌိ ‘လေးမျိုးမေးတယ်.... (မှန်ပါ့) အဲဒီ ဒိဋ္ဌိလေးမျိုး မေးထား တော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက မေးလိုက်တယ်၊ မင်း က ဘယ်လိုဖြေလိုက်သတုံးတဲ့၊ ဘုရားက ဒီလို မဟောဘူးလို ဖြေလိုက်တယ်၊ သို့သော်လဲ ဘုရား တပည့်တော် သူတို့လဲ ပြန် သွားရော ဒီ့ထက် ရှေ့တက်မေးယင်ဖြင့် ငါဘယ်လို ဖြေရ မှန်း မသိဘူးဆိုတော့ ဘုရားက ရိပ်မိတယ်၊ အင်း....ဒီကောင် ဝိစိကိစ္ဆာခံနေပြီ.... (မှန်ပါ့) ဘယ်လိုပင် အနိစ္စ, ဒုက္ခ, အနတ္တ အားထုတ်၊ မရပါဘူး၊ ရှင်းပလား.... (ရှင်းပါပြီ)။

အနိစ္စ, ဒုက္ခ, အနတ္တ ဘယ်လိုမြင်နေနေ၊ အနိစ္စဆိုတာ ကြည့် ယင် မြင်ပါတယ်.... (မှန်ပါ့) သို့သော်.... ဒီ အောက်က ရှင်း မထားတဲ့အတွက် ဦးသံဒိုင် မရဘူး.... (မှန်ပါ့ဘုရား) သဘော ပါကြလား.... (ပါ-ပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ကို ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကြီးဟာ က အောက်ရှင်းပေးနေတာ....(မှန်ပါ့ဘုရား)။

ပဋိစ္စသမုပ္ပါဒ်ဒေသနာဆိုတာ ဘာတုံး.... (အောက်ရှင်းပေး နေတာပါဘုရား) အောက်ဆိုတာက ဒီဋ္ဌနဲ့ ဝိစိကိစ္ဆာ၊အောက် သံသရာသွားမည့်တရား ရှင်းပေးနေတာ....(မှန်ပါ့ဘုရား) ပေါ် ပလား....(ပေါ်ပါပြီ)။

အဲဒီတွင်မှ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက အနုရာဓကို အတွက်ပေးလိုက်တယ်၊ ဩဿ.... ငါ့လူကိုက ဝိစိကိစ္ဆာ ရှိနေ ဘယ်၊ ဒါ့ကြောင့် သူဟာ ကြာပြီတဲ့ ငါ့ဆီမှာ ဝိပဿနာအလုပ်

ကို လုပ်နေတာ၊ ဝိစိကိစ္ဆာ ခံနေလို့ အနိစ္စ, ဒုက္ခ,အနတ္တ မြင်လျက်နှင့် မဂ်ဖိုလ်မရဘူး....(မှန်ပါ့ဘုရား)။

ဒီလိုဟာကျမှ နိဝရဏဆိုတဲ့ အဓိပ္ပါယ်ပေါ်အောင် ပြောရဘယ်....(မှန်ပါ့)။

ကဲ နိဝရဏ အဓိပ္ပါယ်ကော ပေါ်ပလား.... (ပေါ်ပါပြီ) အနိစ္စ, ဒုက္ခ, အနတ္တ မမြင်လို့လား၊ မြင်လျက်နဲ့ မဂ်ဖိုလ်မရတာလား.... (မြင်လျက်နဲ့ မဂ်ဖိုလ်မရတာပါဘုရား)။

ဒါဖြင့် ဘာခံနေသလဲ.... (ဝိစိကိစ္ဆာခံနေပါတယ်) ဝိစိကိစ္ဆာ နိဝရဏ....(မှန်ပါ့) ပေါ်ကြပလား.... (ပေါ်ပါပြီ)။

အဲဒါ အခုညမှာပြောနေတဲ့ တရားဟာ သာမညနဲ့လဲ မထောင်နဲ့၊ အရေးကလေး သေးသေးလို့လဲ အောက်မေ့မနေနဲ့.... (မှန်ပါ့)။

အရေးကလေး သေးသေးကလေးလို့လဲ အောက်မေ့မနေနဲ့၊ ဩော်....မဂ်တား ဖိုလ်တားဆိုတာ သူဘဲဆိုတာ ယနေ့ အနုရာဓကို ဘုရားက အပြစ်တင်လိုက်သဖြင့် ငါလူဟာ အနိစ္စ, ဒုက္ခ, အနတ္တ ငါ့ကျောင်းနား အားထုတ်တာ ကြာလျက်သားနဲ့ မရတာ ဒါခံနေတာကိုးဆိုတာ ဘုရားက တခါတည်း စဲချက်ချလိုက်တယ်.... (မှန်ပါ့ဘုရား)။

ဒါဖြင့် အနုရာဓ အားထုတ်ပါမျှားလို့ အနိစ္စ, ဒုက္ခ,အနတ္တ မြင်ပါလျက်နဲ့ နိဗ္ဗာန်မရတာ ဘာပါလိမ့် မလဲလို့ မေးယင် ဘယ့်နှယ်ဖြေကြမလဲ.... (ဝိစိကိစ္ဆာ နိဝရဏခံနေလို့ပါဘုရား)။

အဲ....ဒီကျတော့ နီဝရဏဖြစ်ပြီ.... (မှန်ပါ့) မဂ်ဖိုလ်တားပြီ၊ မတားသေးဘူးလား.... (တားပါပြီဘုရား) ဒီလိုဟာမျိုးကျတော့ နီဝရဏ၊ သဘောကျပလား....(ကျပါပြီ)။

အဲဒါတွင် နီဝရဏဆိုတဲ့ တရားဖြင့် သေသေချာချာ ဘုရားကဘဲ ထောက်ခံချက် ပေးလိုက်ပါတယ်၊ ငါ့လူ အနိစ္စ, ဒုက္ခ အနတ္တတွေ မြင်လျက်နဲ့ မဂ်ဖိုလ်မရတဲ့ဥစ္စာဖြင့် ဆက်မေးယင် ခက်တယ်ဆိုတဲ့ဥစ္စာသည် ဟိုက ပုဂ္ဂိုလ် သတ္တဝါနဲ့ မေးထားတော့ ပုဂ္ဂိုလ် သတ္တဝါအပေါ်မှာဘဲ သူ သံသယရှိနေတယ်.... (မှန်ပါ့) ဒီကတဲက-သူဝိစိကိစ္ဆာရှိနေပြီ....(ရှိနေပါတယ်ဘုရား)။

အဲဒီကဲ့သို့ ဝိစိကိစ္ဆာရှိပြီးသကာလ နေတဲ့အတွက်တဲ့၊ အနိစ္စ ဒုက္ခ, အနတ္တ နိဗ္ဗာန်ရောက်တဲ့ တရားမှန်ငြားသော်လဲ မောင်သစ်ရေ၊ ဝိစိကိစ္ဆာ နီဝရဏ နဂိုရ်ကသိမှုနဲ့ မပယ်ခဲ့တဲ့အတွက် မရဘူး (မှန်ပါ့ဘုရား) ဘယ်လောက် ကြောက်စရာ ကောင်းသတုံး.... (ကြောက်စရာ ကောင်းပါတယ်ဘုရား)။

အင်မတန် ကြောက်စရာကောင်းတယ် ဆိုတာဖြင့် ယနေ့ တရားမှာ ပေါ်ပါပြီ....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် ပဋိစ္စသမုပ္ပါဒ်ကို နားလည်မှ ဝိစိကိစ္ဆာပယ်မယ်.... (မှန်ပါ့) ငါဘယ်ကလာပါလိမ့်မတုံး၊ ငါသေယင် ဘယ်သွားရမှာပါလိမ့်မတုံး၊ ဒါဝိစိကိစ္ဆာချည့်ဘဲ....(မှန်ပါ့) နဂိုရ်ကမှ ငါမရှိဘဲနဲ့ဥစ္စာဘဲ၊ ငါဘယ်ကမှ မလာဘူး၊ သဘောကျပလား (မှန်ပါ့ဘုရား) နဂိုရ်ကမှ ငါမရှိတဲ့ဥစ္စာ ငါဘယ်က လာပါလိမ့်မတုံး လုပ်မနေနဲ့....(မှန်ပါ့) နဂိုရ်က ငါရှိရဲ့လား....(မရှိပါဘုရား)မရှိ

ပါဘူး၊နဂိုရိုက အတိတ်အကြောင်း အဝိဇ္ဇာသင်္ခါရရှိတာဘဲ၊ငါမှ မရှိဘဲ....(မှန်ပါ့)။

အခုငါဟာ ဘာပါလိမ့်မတုံး၊ အခုငါလဲဘာမှ မဟုတ်ဘူး၊ တွေးမနေနဲ့၊ ခန္ဓာငါးပါးဘဲ....(မှန်ပါ့)ဟုတ်လား.... (မှန်ပါ့) နောက် ငါဘာဖြစ်ဦးမှာပါလိမ့်မတုံး၊ ဝိစိကိစ္ဆာ မလာစေနဲ့.... (မှန်ပါ့ဘုရား)။

ယုံမှားခြင်းတွေ တဆယ့် ခြောက်ပါးတောင် ရှိတယ် .... (မှန်ပါ့) ဒါကြောင့် ကန့်ကွက်တာ ပေါ်ကြပလား.... (ပေါ်ပါပြီ)။

ကဲ အချိန်စေ့ပြီ ဒီနေ့ည တော်ကြဦးစို့။

သာဓု....သာဓု....သာဓု

အမရပူရမြို့ မဂ်လာတိုက်ဟောင်း

ကျေးဇူးတော်ရှင် — အဂ္ဂမဟာ ပဏ္ဍိတ

မိုးကုတ် ဆရာတော်ဘုရား

အမရပူရမြို့ မဂ်လာရိပ်သာကျောင်းပေါ်၌

ဟောကြားတော် မူသော

(အဓိပတိ သုံးပါးထား၍ တရားအားထုတ်ရပုံ)

ည အလုပ်ပေး တရားတော်

(၂၄-၁၁-၆၁)

နိဝရဏ တရားတွေပေါ်လာယင် အသုံးချလို့ ဖြစ်တာကို ဟိုညတွေက ၄-၅-၆ ရက်ဟောလို့ တော်တော်ရေလည်ပါပြီ.... (မှန်ပါ့ ရေလည်ပါပြီ) ရေလည်သွားပါပြီ-တဲ့။

အဲဒါနိဝရဏတရားလို့ မအောက်မေ့ကြနဲ့၊ ရှုတတ်လို့ရှိယင် ဝိပဿနာအာရုံလို့မှတ်ရမယ်....(မှန်ပါ့)။

ဝိပဿနာ၏ အာရုံဆိုတဲ့ဥစ္စာသည် ဘယ်သူကပြောသတုံးလို့ မေးလို့ရှိယင်ဖြင့် သတိပဋ္ဌာန်ပါဠိတော်က ပြောတယ်လို့ ဆုံးဖြတ်ချက်ချကြပါ.... (မှန်ပါ့) သတိပဋ္ဌာန်ပါဠိတော်က ဟောထားတယ်၊ ဝိပဿနာရှုလို့ဖြစ်တဲ့ တရားချည်းဘဲ၊ အသုံးမချတတ်ယင် နိဝရဏ.... (မှန်ပါ့)။

နိဝရဏဆိုတာ၊ဘာတုံးဆိုတော့ သေသေချာချာ စစ်စစ် မြင်မြင် ပြောမယ်ဆိုတော့ ပဋိစ္စသမုပ္ပါဒ်၊ ကန့်ကွက်တဲ့ ပဋိစ္စသမုပ္ပါဒ်ဘဲ....(မှန်ပါဘုရား) သေသေချာချာပြောယင် ကန့်ကွက်တဲ့ ပဋိစ္စသမုပ္ပါဒ်လို့ မှတ်ကြပါ....(မှန်ပါ))။

သူတခုတည်းတားတာ မဟုတ်ဘူး၊ ဖတာက်လျှောက် တခါတည်း ပဋိစ္စသမုပ္ပါဒ် အစဉ်အတိုင်းတားပစ်လိုက်တယ်....(မှန်ပါဘုရား)။

အဲဒါတွေကို မတားဖြစ်အောင် အစဖြတ်တဲ့ နည်းကဖြင့် ဝိပဿနာထဲသွင်းမှာဲ.... (မှန်ပါ)။

ဝိပဿနာထသွင်းချင်တော့ သူ့ကို ဟောပဿကော ဘကက ထားပြီးသကာလ ကိုယ့်ဉာဏ်က သန့်ဦးကောဘက်က ထားလိုက်ပါလို့ဆိုတာ မောင်သစ်တို့ ဦးသံဒိုင်တို့ကို ပြောပါတယ်....(မှန်ပါဘုရား)။

အဲဒါ အသုံးချတတ်လို့ရှိယင် ဘယ်အချိန်မဆို ရှုစရာမရှိဘူးဆိုလို့ ပြောစရာမလိုတော့ဘူး.... (မလိုပါဘုရား)။

ကိုယ်ကမရှယင်တော့ မပြောတတ်ဘူး၊ သူတို့ကဖြင့် အရှခံနဲ့ရှဉာဏ်တဲ့ဘို့ လာတာဘဲဆိုတာသေချာတယ်.... (မှန်ပါဘုရား)။

ကောင်းပြီ ဒါဖြင့် ဒီဥစ္စာသဘောလဲ ပါသွားပြီ၊လုပ်လဲလုပ်တတ်ပြီဆိုတာသိလို့ ရှေ့ကို ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဝိပဿနာရှုတဲ့ ပုဂ္ဂိုလ်တို့၏ စိတ်နေစိတ်ထား သဘောသွားကို ဟောတယ်....(မှန်ပါ)။

အဲဒါလဲ အဂ်ုတ္တိုရ် ပါဠိတော်လို ဦးသံဒ့ိုင်တို့ မှတ်ရမယ်.... (မှန်ပါ့ဘုရား)။*

ဝိပဿနာရှုသော ပုဂ္ဂိုလ်၏ စိတ်နေ စိတ်ထား သဘောသဘား ညွှံဖျင်းလို့ရှိယင်လဲ အလို့ရှိတဲ့ခရီးကို အပေါက်ကြီး မပေါက် နိုင်ဘူးလို့ မှတ်ရမယ်....(မှန်ပါ့)။

စိတ်နေ စိတ်ထား သဘောသဘားက ဘယ်လို့ထားရမတုံးလို့ ဆို့တော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက အဓိပတိသုံးပါး ဟောခဲ့သည်.... (မှန်ပါ့)။ အတ္တာဓိပတိ, လောကာဓိပတိ, ဓမ္မာဓိပတိ။

အတ္တာဓိပတိဆို့တာ မိမိကို့အကြီးအမှူးထားရမယ်၊လောကာဓိပတိဆို့တာ လောကကြီးကို့အဓိပတိထားရမယ်။ အဓိပတိဆို့တာ အကြီးအမှူးလို့ မှတ်လို့က်စမ်းပါ.... (မှန်ပါ့ဘုရား) ဓမ္မာဓိပတိဆို့တာက ဘုရားဟောထားတဲ့ တရားကို့ အဓိပတိ ထားပြီး ကြို့းစားရမယ်လို့ မှတ်ရမယ်.... (မှန်ပါ့ဘုရား) အဓိပတိ ဘယ်နှစ်မျို့းပါလိမ့်.... (သုံးမျို့းပါဘုရား) အတ္တာဓိပတိ =မိမိကို့ယ်ကို့ အကြီးအကဲထားပြီးသကာလ ကြို့းစားရမယ်....(မှန်ပါ့)။

လောကာဓိပတိ = အပြင်လောကကြီး ကြည့်ပြီးသကာလ ကြို့းစားရမယ်....(မှန်ပါ့) ဓမ္မာဓိပတိ=ဆို့တာ မြတ်စွာဘုရား ဟောကြားတဲ့တရားကို့ အဓိပတိထားပြီးသကာလ ကြို့းစားရမယ် လို့ဆို့တဲ့ဥစ္စာကို့ ပြောနေတယ်....(မှန်ပါ့ဘုရား)။

---

*တိကနိပါတ်အဂ်ုတ္တိုရ်-ဒေဝဒူတဝဂ်အာဓိပတေယျသုတ်(၁၄၆)

ဒါဖြင့် အင်မတန် အဘိုးတန်လိမ့်မယ်ဆိုတာ ဦးသံဒိုင်တို့ မှတ်ထားရမယ်....(မှန်ပါဘုရား) အင်မတန် အဘိုးတန်ပါလိမ့်မယ်။

ဒီ--အဓိပတိသုံးပါးကင်းယင် ကွာ--တဲ့၊ မင်းတို့မင်္ဂလာဏ်-ဖိုလ်ညာဏ်မရနိုင်ဘူး....တဲ့၊ ဒါဖြည့်စွက်တဲ့ တရားလို့လဲ မှတ်လိုက်စမ်းပါ....(မှန်လှပါ)။

အတ္တာဓိပတိပြခဏ်း

ကဲ....ဘာတုံးဆိုတော့ အတ္တာဓိပတိ=အတ္တ—က မိမိ၊ အဓိပတိ-က ကြီးမှူးတာ၊ ကိုယ့်ကိုယ်ကို အကြီးအမှူးထားပြီး ကြိုးစားရမယ်....(မှန်ပါ)။

ဘယ်လိုထားရမတုံးဆိုတော့ ငါသည် ယခုတရား အားထုတ်တာသည် စားစရာမရှိလို့ တရားအားထုတ်တာလ မဟုတ်ဘူး၊ ဝတ်စရာမရှိလို့ တရားအားထုတ်တာလဲ မဟုတ်ဘူး၊ သဘောကျပလား.... (မှန်ပါ) နေစရာ ထိုင်စရာမရှိလို့ တရား အားထုတ်တာလဲမဟုတ်ဘူး၊ ဆေးဝါးအလိုရှိလို့ တရားအားထုတ်တာလဲ မဟုတ်ဘူး၊ အနှစ်ရာယ် ကင်းအောင်လို့ တရားအားထုတ်တာလဲ မဟုတ်ဘူး.... (မှန်ပါ) တိုတိုပြောတော့ ပစ္စည်းလေးပါး ရလိုလို့ တရားအားထုတ်တာ မဟုတ်ဘူး၊ ကျော်စောလိုလို့ တရားအားထုတ်တာမဟုတ်ဘူး....(မှန်ပါဘုရား)။

မိမိသည် အိုဘေး နာဘေးရောထွေးနေတဲ့ သံသရာကြီးထဲမှ ထွက်မြောက်ခြင်းကို ငါ....အလိုရှိတယ်ဆိုတော့မိမိကိုယ်ကိုအကြီးအမှူးထား၏။ မိမိကိုယ်ကို တခါတည်း မြောက်တင်လိုက်တယ်.....(မှန်ပါဘုရား)။

ငါသည် စားစရာ မရှိလို့ တရားအားထုတ်ခြင်း မဟုတ်.... သဘောကျပလား .... (ကျပါပြီ) ဝယ်စရာ ခြမ်းစရာ မရှိလို့ တရားအားထုတ်သည်မဟုတ်ဘူး.... (မှန်ပါ) နေစရာ ထိုင်စရာမရှိလို့....(တရားအားထုတ်သည် မဟုတ်ပါ)။

တရားအားထုတ်တာမဟုတ်ပါဘူး....တဲ့၊ဆေးဝါးကိုအလိုရှိလို့ တရားအားထုတ်တာ မဟုတ်ပါဘူး....တဲ့၊ အန္တရာယ်ကင်းဘေးကင်းဘို့ ဒါ....အားထုတ်တာ မဟုတ်ပါဘူး....တဲ့၊ အိုဘေး နာဘေး ရောထွေးနေတဲ့ သံသရာကြီးထဲကမှ မအို မသေ အမြဲနေတဲ့ နိဗ္ဗာန်ကို ရောက်လိုခြင်း၊ ရလိုခြင်း ဆန္ဒပြင်းပြတဲ့ဥစ္စာ အားထုတ်ရမှာ....(မှန်ပါဘုရား)။

ဒါဖြင့် ဒီဟာ....ဘာတုံးလို့ မေးတဲ့အခါ ကျတော့ အတ္တာဓိပတိ= မိမိကိုယ်ကို အဓိပတိထားတယ်၊ ဒီလိုနေရာ အဓိပတိထားကောင်းပါတယ်....(မှန်ပါဘုရား)။

ဘာဖြစ်လို့တုံးလို့ မေးတဲ့ အခါ ကျတော့ တရား ရလွယ် အောင်လို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက အမှန်သဘောနဲ့ ဟောလိုက်တယ်လို့ မှတ်ရမယ်....(မှန်ပါဘုရား)။

ဒါဖြင့် အတ္တာဓိပတိဆိုတာ ဘယ်သူ့ကို အဓိပတိ ထားရမှာတုံး.... (မိမိကိုယ်ကို အဓိပတိထားရပါမယ်)။

အဲ....မိမိကိုယ်ကို အဓိပတိ ထားရမယ်၊ အဓိပတိဆိုတာအကြီး အကဲထားတာ....(မှန်ပါ) မိမိကိုယ်ကို အဓိပတိ အကြီးအကဲ ထားပြီးသကာလ ငါသည် ဆရာသမားဆီလာပြီး တရားအား ထုတ်တာ စားစရာမရှိလို့ တရားအားထုတ်တာ မဟုတ်ဘူး၊

ဝတ်စရာ ခြုံစရာမရှိလို့ တရားအားထုတ်တာလဲ မဟုတ်ဘူး၊ နေစရာ ထိုင်စရာ ဟိုမှာ မရှိလို့ တရားအားထုတ်လာတာ မဟုတ်ဘူး၊ ဆေးဝါးအလိုရှိလို့ တရားအားထုတ်တာလဲ မဟုတ်ဘူး၊ လူချမ်းသာ နတ်ချမ်းသာကို အလိုရှိလို့ တရားအားထုတ်တာလဲ မဟုတ်ဘူး၊ထည့်ပေး....(မှန်ပါ့ဘုရား)။

လူချမ်းသာ နတ်ချမ်းသာ အလိုရှိလို့ တရားအားထုတ်တာလဲမဟုတ်ဘူး....(မှန်ပါ့) စင်စစ်မှာ ဒီ သံသရာကြီးက ထွက်မြောက်ချင်လို့၊ အိုဘေး, နာဘေး, သေဘေးနဲ့ ရောထွေးနေတဲ့ သံသရာကြီးမှ ထွက်မြောက်ချင်လို့ ငါသည် တရားအားထုတ်တယ် ဆိုပြီးသကာလ ကိုယ့်ကို အဓိပတိထားပြီး အားထုတ်ကြပါ....(မှန်လှပါဘုရား)။

ကိုယ့်ကိုယ် အဓိပတိထားပြီး အားထုတ်လို့ ရှိယင်ဖြင့် ဒီ့ပြင်ကိစ္စတွေ မာန်တက်ပြီးသကာလ ဒီကိစ္စအတွက်သာ အရေးတကြီး လုပ်တယ်ဆိုတဲ့ဥစ္စာကို သတိထား ပြင်ကြပါလို့ ဘုရားကဟောတယ်....(မှန်ပါ့ဘုရား)။

အဲဒီတော့ကို မိမိကိုယ်ကို အဓိပတိထားပြီး တရားအားထုတ်သောကြောင့်လဲ လိုရာခရီး အပြီးတိုင် ရောက်နိုင် တယ်လို့.... ဘုရားသခင် ကိုယ်တော်မြတ်ကြီးကလဲ ဟောထား ပါတယ်.... (မှန်ပါ့ဘုရား)။

ဒါကြောင့် ဘုန်းကြီးတို့ ဟကာ တကာမတွေ ကိုယ့်ကိုယ် အဓိပတိထားပြီး အားထုတ်ခြင်းသည်လည်း နိဗ္ဗာန် မဂ်ဖိုလ်ကို ရောက်ခြင်း၏ ကျေးဇူးပြု တချလို့ မှတ်ရမယ်.... (မှန်ပါ့) ရှင်းသွားပလား....(ရှင်းသွားပါပြီ)၊

လောကာဓိပတိပြခဏ်း

ကောင်းပြီ ဒါဖြင့် ဒုတိယဖြစ်တဲ့ဥစ္စာပြောပြမယ်၊ ဒုတိယဖြစ်တဲ့ ဟာက **လောကာဓိပတိ**၊ လောကကြီး အဓိပတိထားရမယ်၊ လောကကြီးက တရားအားထုတ်နေတယ်၊ တရား အားထုတ်နေရင်း မဟုတ်တဲ့စိတ်တွေက ဝင်လာတယ်၊ မကောင်းတဲ့စိတ်ယုတ်မာတွေ စိတ်ရိုင်းတွေ ဝင်လာလို့ ကိုယ့်ကိုယ်ကို ဆုံးမရမယ်၊ မင်းဟာ တရားအားထုတ်နေတယ်၊ မင်းဟာ တရားအားထုတ်နေတယ်လို့ အများကလဲ ထင်ကြတယ်၊ မင်းစိတ်ထဲပေါ်နေတာကတော့ဖြင့် တရားတွေ မပေါ်ဘဲနဲ့ ဘာမှမဟုတ်တဲ့ ကာမဝိတက်, ဗျာပါဒဝိတက်, ဝိဟိံသဝိတက်တွေ ဝင်လာနေတယ်၊ မင့် ကိုယ်စောင့်နတ်ကလဲ မင့် သိတယ်၊ မင်း မရှက်ဘူးလား.... (မှန်ပါ့) ကိုယ့်ကိုယ်ကို ဆုံးမရမယ်.... (မှန်ပါ့ဘုရား)။

မင့် ကိုယ်စောင့်နတ်ကတော့ မင့် သိတယ်၊ မင်းကသာ အခုကြည့်စမ်း တရားအားထုတ်တယ်လို့ ဟန်ဆောင်နေတာ၊ မင့် ဝမ်းထဲမှာ အခု ရောက်လာတဲ့ တရားတွေက တကယ့်ကိုဘဲ အရုပ်ဆိုး အကြည့်တန် အသုံးမကျတဲ့ တရားတွေ ရောက်လာတယ်၊ မင့် ကိုယ်စောင့်နတ်က သိတယ်ကွ၊ မသိပေဘူးလား.... (သိပါတယ်ဘုရား)။

ကိုယ့် ကိုယ်စောင့်နတ်ကလဲ သိတယ်လို့.... ပြီးတော့ကွာ.... ကျောင်းစောင့်နတ်တွေကလဲ အင်း.... ဦးသံဒိုင်ကြီး တရား အားထုတ်နေလိုက်တာ၊ မောင်သစ် တရား အားထုတ်နေလိုက်တာ သူ့စိတ်တွေကတော့ဖြင့် အကုသိုလ်ဘက်က ဗွက်ပေါက်လို့....၊

မင်း ကျောင်းစောင့်နတ် မရှက်ဘူးလား- လောကအဓိပတိထားတယ်....(မှန်ပါ့)။

မင်း ကျောင်းစောင့်နတ် မရှက်ဘူးလား.... ဆရာသမားတွေ့ မရှက်ဘူးလား- ဆရာသမားဆိုတာလဲ သတ္တလောကဘဲ- (မှန်ပါ့) သတ္တလောကကို တခါတည်း အဓိပတိ ထားလိုက်တယ် .... (မှန်ပါ့)။

ပြီးတော့ မင်း ဒါတွေ့မကသေးပါဘူးကွ၊ မင်းတော့ အထင်တော့ ကြီးကြမှာဘဲ၊ မင်းစိတ်ထဲမှာတော့ အကုသိုလ်တွေ့က ဗုဒ်ပေါက်နေတယ်၊ အဘိညာဉ်ရတဲ့ ပုဂ္ဂိုလ်တွေ့ကလဲ၊ မင်း ဘာဖြစ်နေတယ်ဆိုတာ....ပရစိတ္တ ဝိဇာနနဉာဏ်ရတဲ့ ပုဂ္ဂိုလ်တွေ့က မင်း ဘာဖြစ်နေတယ်ဆိုတာ သိတယ်၊ ဒီတော့ မင်း မရှက်ဘူးလား....လို့ လောက အဓိပတိထားဝင်လာတယ်၊ ပြင်ဘက် လောကကို....(မှန်ပါ့ဘုရား) ရှင်းပြီနော်.... (ရှင်းပါပြီ)။

ဒါတင်မကသေးဘူးကွ၊ အခုအခါ အဘိညာဉ်ရတဲ့ ပုဂ္ဂိုလ် တွေ့ကလဲ ရှိကြတော့ ဒီလူဟာ ဘာစိတ်ဖြစ်နေတယ်ဆိုတာ သိတယ်၊ အဲဒီ အဘိညာဉ်ရတဲ့ပုဂ္ဂိုလ်တွေ့ကို မင်း မရှက်ဘူးလား.... မင်းက လောကကြီးထဲမှာ မင့်မသိတဲ့လူ မရှိဘူးလို့ မင်းက ထင်နေတယ်၊ မင်းက တရား အားထုတ်မလိုလို့နဲ့ လောဘ, ဒေါသ, မောဟတွေ့က ဗုဒ်ပေါက်နေတယ်၊ ကာမဝိတက် ဗျာပါဒဝိတက် ဝိဟိံသ ဝိတက်တွေ့ကလဲ မင့်မှာ အရှိအရှိနဲ့ ဝင်နေတယ်၊ အဲဒါ မင်း မရှက်ဘူးလား....မင်းကို လောကကြီးက ဝိုင်းနေတာ၊ မင်းမှာ သတ္တလောကသမားတွေ့ကလဲ မြင်လျက်

ဘဲ၊ ဟို....စတုမဟာရာဇ် တာဝတိံသာနတ်တွေကလဲ သူတော်ကောင်းနတ်တွေကလဲ မင့်ကြည့်ပြီး ပြုံးကြမှာဘဲ။

မင်းကသာ ဒီတရားအားထုတ်နေတယ်လို့ ပုံဟန်နဲ့ မင်းကထိုင်ပုံ ပြုပုံကတော့ ဟုတ်ပါရဲ့၊ အတွင်းသားသိတဲ့ ပုဂ္ဂိုလ်တွေကတော့ မင်း ရှက်စရာကြီး၊ မင်းသည်ကားလို့ ဆိုလို့ရှိယင်ဖြင့် စားစရာမရှိလို့ တရားအားထုတ်တာ မဟုတ်ဘူး၊ ဝတ်စရာမရှိလို့ တရားအားတုတ်တာ မဟုတ်ဘူး၊ မင်းစိတ်ထားကကောင်းပါရဲ့၊ ကောင်းပင် ကောင်းငြားသော်လဲ ယခုလာတဲ့ မင့်သန္တာန်ပေါ်တဲ့ စိတ်တွေကတော့ဖြင့် ကိုယ်စောင့်နတ်ကစ့ပြီး အကုန်နတ်တွေကလဲ သိ၊ ကျောင်းစောင့်နတ်တွေကလဲသိ၊ မင့်မိုဘဲ ဒီဟာတွေ အလာခံပါပေတယ်၊ လောကကြီး မင်းမရှက်ဘူးလား.... (မှန်ပါဘုရား) ဘယ်သူ့ ဆုံးမရမှာလဲ.... (ကိုယ့်ကိုယ် ဆုံးမရမှာပါ)။

ဒါ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက တကာ တကာမတို့အရေးတကြီးလိုသက္ခ....တဲ့၊ နို့မဟုတ်ယင် ဟိရိသြတ္တပ္ပ မရှိတဲ့ ပုဂ္ဂိုလ် အားထုတ်နေတာနဲ့ တူတယ်တဲ့၊....(မှန်လှပါ) ရှင်းပလား (ရှင်းပါပြီဘုရား)။

အဲဒီတော့ ဒါက ဘာ အဓိပတိထားတာတုံး.... (လောကကို ထားပါတယ်) လောကကြီး အဓိပတိထားပြီး မင်း ကြိုးစားရမယ်လို့ ဆိုသဖြင့် အဲဒီတော့ လာလို့ရှိယင်ဖြင့် တခါတာည်း ရှက်ပြီးသကာလ လာတဲ့တရားကိုဘဲ တနေ့ကပြောတဲ့အတိုင်း ဖြစ်ပျက် ရှုပေး....(မှန်ပါ့)။

လာတဲ့တရားကိုဘဲ အကုသိုလ်လာယင် အကုသိုလ် ဖြစ်ပျက်ရှု၊ ဟုတ်လား....(မှန်ပါ့) ဣဿာလာယင် ဣဿာ ရှုချ၊ မစ္ဆရိယလာယင်.... (မစ္ဆရိယရှုရပါမယ်) မစ္ဆရိယရှုချ၊ နို့မဟုတ်လို့ရှိယင် မင်းဟာ—မင်းလာတဲ့ တရားတွေက မင့်သန္တာန်မကောင်းတဲ့ ပဋိစ္စသမုပ္ပါဒ်တွေက ပေါနေတယ်၊ များနေတယ်- ဆိုပြီး သကာလ-တဲ့၊ ကိုယ့်ကိုယ်-ကိုယ် လောကြီး ရှက်ပြီးသကာလ လောကြီးကြောက်ပြီး သကာလ ကိုယ့်ကိုယ်ဆုံးမပါ.... (မှန်ပါ့ဘုရား)။

ဒါအင်မတန်ကောင်းတဲ့တရား.... (မှန်ပါ့ဘုရား) ဒါ အင်မတန်ကောင်းတဲ့တရား၊ ဒီနေ့ဟောနေတဲ့ တရားက ကိုယ့်ကိုယ် အရေးတကြီး ဆုံးမရမည့်တရား....(မှန်ပါ့ဘုရား)။

အဲဒီတော့ ကိုယ်စောင့်နတ်ကလဲ ဦးသံဒိုင် ဘာဖြစ်နေတယ် ဆိုတာ သူသိတယ်....(သိပါတယ်ဘုရား) ကျောင်းစောင့်နတ်က ကော....(သိပါတယ်ဘုရား)။

နတ်ဆိုတာ သူတို့မှာ နတ်မျက်စိရှိတယ်၊ နတ်နားရှိတယ်၊ အဲဒါတွေက အကုန်သိနေတာဘဲ၊ အကုန်သိနေတော့ အရှက်မရှိတဲ့ပဂိုလ်မို့ အလာခံနေတဲ့ အဓိပ္ပါယ်ရတယ်.... (မှန်ပါ့ဘုရား)။

အရှက်ရှိတဲ့ပဂိုလ်ဖြင့် ဒီဟာတွေ အလာခံပါ့မလား.... (မခံပါဘုရား)။

ခုနင်က ချီးလာတုံးကတော့ မင်းသည် စားစရာမရှိလို့ တရားအားထုတ်သည်မဟုတ်၊ ဝတ်စရာမရှိလို့ တရားအားထုတ်သည်မဟုတ်၊ နေစရာ-ထိုင်စရာမရှိလို့ တရား အားထုတ်သည်

မဟုတ်၊ ဆေးဝါးအလိုရှိလို့ တရားအားထုတ်သည်မဟုတ်- ဆိုပြီး မင်းခံဝန်ချုပ်ကတော့ ကောင်းပါရဲ့၊ မင့်လာတဲ့ စိတ်တွေ ကဖြင့်ကွာ....သူတပါးမကြိုက်တဲ့ စိတ်တွေချည့်ဘဲဆိုတော့ ဟိုပုဂ္ဂိုလ်တွေ မင်းတရားအားထုတ်နေသလိုလိုနဲ့ ကဲ့ရဲ့ကြတယ်၊ ပြုံးကြလှောင်ကြ၊ သူတို့က ဒီလိုနေမှာ၊ အဲဒီတော့ မင်းဒီလိုနေလို့ မတော်ဘူးဆိုပြီး လာတဲ့တရားကိုဘဲ ဖြစ်ပျက်ရှုကြရမယ်....(မှန်ပါ့ဘုရား)။

လာတဲ့တရားကို.... (ဖြစ်ပျက်ရှုရပါမယ်) ဖြစ်ပျက်ရှုရမယ်၊ ဘယ်သူ့ငဲ့ပြီး ရှုရမှာလဲ၊ လောကကြီးငဲ့ရှုရမယ်.... (မှန်ပါ့ဘုရား) လောကကြီးငဲ့ရှုရမယ်၊ လောကကြီး ငဲ့ရှုနေတယ်၊ ဥပမာမယ် တရားအားထုတ်ရာ ထမင်းဆာလာတယ်၊အညောင်းတွေ အညာတွေများပြီးသကာလ လာတယ်၊ ဒီဘက်ဘဲစိတ်တွေက ရောက်နေတယ်၊ ဩော်....ငါဟာ တရားအားထုတ်တာလားကွာ၊ ဒေါသဖြစ်နေတာလား၊ မေးပါလား.... ကိုယ့်ကိုယ်---ကိုယ်... (မှန်ပါ့)။

မခံနိုင်တဲ့ ဝေဒနာတွေရောက်လာတယ်၊ မင်းတရားအားထုတ်နေတာလား၊ ဒေါသဖြစ်နေတာလာ၊ မင်း ကိုယ်စောင့်နတ်ကတော့ တရားအားထုတ်တယ်လို့ ပဋ္ဌမ အထိမ်းအမှတ် ထားတယ်၊ မင်းဖြစ်နေတာက တရားအားထုတ်တာမှ မဟုတ်ဘဲ.... (မှန်ပါ့)။

အဲဒီတော့ မင့် စတုမဟာရာဇ် တာဝတိံသာ နတ်တွေကလဲ သာဓုခေါ်မလို့ စောင့်နေတာ၊ မင့်-ကဲ့ရဲ့စရာကြီး ဖြစ်နေပါပေါ့ကလား....(မှန်ပါ့ဘုရား)။

ဘယ်သူ့ကို အဓိပတိထားရမလဲ....(လောကကို အဓိပတိထားရပါမယ်) အဲဒါ လောကအဓိပတိမထားလို့ရှိယင်လဲ မောင်သစ်တို့ ဦးသံဒိုင်တို့ မရဘူး(မှန်ပါ့ဘုရား)။

ဒီလူဟာ ဟိရိသြတ္တပ္ပမရှိတဲ့အထဲ ပါသွားမယ်....(မှန်ပါ့)မပါဘူးလား....(ပါ--ပါတယ်ဘုရား)။

အဲဒီတော့ လောကကို အဓိပတိထား အားထုတ်လို့ရှိယင်လဲ အားလုံး တကာ-တကာမတို့ လိုရာခရီး အပြီးတိုင်ရောက်နိုင်တယ်မှတ်ပါ....(မှန်ပါ့ဘုရား)။

ဘာအဓိပတိထားရမယ်.... (လောကကို အဓိပတိထားရပါမယ်) လောကကို အကြီးအမှူးထားပြီး မင်းက လောကကြီးထဲက ထွက်ချင်တယ်လဲဆိုရဲ့၊ လောကကြီးဘယ်လိုမှလဲမရှက်ဘူး၊ မင့်ဟာ မင့်အသွားနဲ့ မင့်ရည်ရွယ်ချက်နဲ့ မင့်ဖြစ်ပုံနဲ့တော့ တလမ်းစီပေါ့ကွာ....(မှန်ပါ့)။

ဘယ်သူ့ဆုံးမ,ရမလဲ.... (ကိုယ့်ကိုယ်--ကိုယ် ဆုံးမရမယ်) ဒါဖြင့် ဒီအချက်ဟာ အင်မတန်အရေးကြီးတယ်လို့ မှတ်ကြစမ်းပါ....(မှန်ပါ့) ဒီအချက်ဟာ ဘယ့်နှယ်တုံး....(အင်မတန်အရေးကြီးပါတယ်ဘုရား) သူကလာမှာကိုးဗျ.... (မှန်ပါ့) လာလို့ရှိယင် ကိုယ်စောင့်နတ်ကစပြီးသိပြီ၊ မသိဘူးလား.... (သိပါတယ်ဘုရား)။

ကိုယ်စောင့်နတ်က စ,သိပြီ၊ ကျောင်းစောင့်နတ်က....(သိပါတယ်ဘုရား) အိမ်မှာ အားထုတ်တဲ့ပုဂ္ဂိုလ် အိမ်စောင့်နတ်ကကော....(သိပါတယ်ဘုရား)။

အလို....မင့်ဟာက လူပုံပန်းကတော့လဲ အဟုတ်သား၊အတွင်းမှာ ကိလေသာတွေ ဗုက်ပေါက်နေတယ်ကွ၊ မင်းဟာရည်ရွယ်ချက်ကြီးနဲ့၊ ဥပမာမယ်- ရန်ကုန်ကလာပြီး အားထုတ်တယ်၊ မန္တလေးက လာအားထုတ်တယ်၊ တောင်မြို့ကလာ အားထုတ်ကြတယ်၊ မင့်ဟာ ရည်ရွယ်ချက်နဲ့ မင့်စိတ်ထဲ ပေါ်နေတာတွေနဲ့ ဆိုယင်ဖြင့် မင့်ဟာကြာလေရှက်စရာကောင်းလေဘဲ- ကြာလေကြောက်စရာ ကောင်းလေဘဲ....(မှန်ပါ့)။

ဘယ်သူ့ဆုံးမ,ရမလဲ....(မိမိကိုယ်ကိုဆုံးမ,ရပါမယ်) မိမိကိုယ်ကို ဆုံးမ,ရမယ်ဆိုတာဖြင့် ဒါ--ဘုရားကိုယ်တိုင်က ဟောထားတာလဲတကြောင်း၊ ဘုရားဟောထားတာ အသာထားပါဦး....တဲ့၊ ဒီအခုပြောတဲ့ ကိုယ်စောင့်နတ်တို့ ကျောင်းစောင့်နတ်တို့ အိမ်စောင့်နတ်တို့ စတုမဟာရာဇ် တာဝတိံသာ နတ်တွေက အာဘိညာဉ်ရတဲ့ ပုဂ္ဂိုလ်တွေဖြစ်နေတယ်၊ မသိပေဘူးလား.... (သိပါတယ်ဘုရား) ခင်ဗျားတို့စိတ်ထဲ ဘာဖြစ်နေတယ်ဆိုတာလေ....(မှန်ပါ့)။

အဲဒီတော့ မင့်ဟာက အနေကတော့ဖြင့် ဟုတ်ပါရဲ့ကွာ၊ အတွင်းသားကတော့ဖြင့် မဟုတ်ဘူး၊ မင်းမရှက်ဘူးလား....၊သံသရာမှထွက်ချင်လို့ဆို၊ မင့်မှာ သံသရာထဲက မထွက်တဲ့စိတ်တွေ လာနေပါပေါ့ကလား....၊ သံသရာလည်မည့်စိတ်တွေ လာနေပါပေါ့လား၊ ကိုယ့်--ကိုယ်ကိုဆုံးမ,ရမယ်နော်....(မှန်ပါ့) သဘောပါပလား....(ပါ-ပါပြီ)။

ဒုတိယအချက်က ဘာအဓိပတိထားပြီး ဆုံးမ,ရမလဲ....(လောကကို အဓိပတိထားပြီးဆုံးမ,ရပါမယ်ဘုရား)။

လောကအဓိပတိထား ဆုံးမ,ရမယ်လို့ ဘုန်းကြီးက သေသေ ချာချာဟောတယ်၊ ဘုရားဟောတော်မူတာကို အကျယ်တဝင့် ရှင်းပြနေတယ်ဆိုတာ မှတ်ရမယ်....(မှန်ပါ့ဘုရား)။

လောကကြီးထဲမှာမှ အဓိပတိ မထားတဲ့ ပုဂ္ဂိုလ် ဟာဖြင့် အို.... ဒီတံခါးပိတ်ထားတာ ဘယ်သူမြင်မတုံးလို့ အောက်မေ့ချင် အောက်မေ့နေမယ်.... (မှန်ပါ့ဘုရား) မဟုတ်ဘူးလား.... (မှန်ပါ့)။

ဟိုက တံခါးပိတ်ထားတာဘဲ၊ ကဲ.... အိပ်လိုက်ဦးမလေ....၊ ဟော မင့်ဟာက အိပ်မလို့လာတာလား....၊ မင်းတရား အားဆုတ်မလို့လာတာလား....၊ မင်းသံဃရာမှ ထွက်ချင်တဲ့ လူဟာ ဒအစားလား....၊ မင့်ဟာမင်း မရှက်ဘူးလား....၊ မင့်ကိုယ်စောင့် နတ်ကဖြင့် အင်း....ငါ့လူကဖြင့်ကဲ့ာ ကျော်ပါ့ကဲ့ာ၊ တရားအား ထုတ်သတဲ့....အိပ်နေပြန်ပြီ၊ တရား အားထုတ်မလို့ကဲ့ အစား အသောက်တဲ့ စီမံနေပြန်ပြီ....(မှန်ပါ့)။

ဒါ ဘယ်သူ့ ဆုံးမရမလဲ....(မိမိကိုယ်ကို ဆုံးမရပါမယ်)ဘာ အဓိပတိ ထားရမလဲ.... (လောကကို အဓိပတိထားရပါမယ်) အဲ....အပြင်လောကကြီးကို အဓိပတိထားရမယ်....(မှန်ပါ့ဘုရား) လောကဆိုတာဘာလဲ၊ ကိုယ့်အပြင်ဘက်ကကိုး....(မှန်ပါ့ဘုရား) တောစောင့်နတ်တဲ့ တောင်စောင့်နတ်တဲ့ အိမ်စောင့်နတ်တဲ့ အစရှိသည်ဖြင့် ရှိကြပါတယ်၊ အဲဒါတွေ အပြင်လောက၊ သတ္တ လောကလို့ ခေါ်ပါတယ်....(မှန်ပါ့ဘုရား)။

အဲဒီ သတ္တလောကကြီးကို အဓိပတိ မထားပြန်လို့ရှိယင်လဲ ခင်ဗျားတို့က ကမ္မဋ္ဌာန်းကျောင်းကလေးထဲမှာ နေတာ လုံခြုံ

လို့ရှိယင် ခင်ဗျားတို့က ဖြစ်ချင်တဲ့စိတ်ကဲ့ဖြစ်၊ နေချင်သလိုနေ ဆိုလို့ရှိယင်ဖြင့်တဲ့ လောကကြီးကို မရှက်တဲ့ပုဂ္ဂိုလ်၊ လောကကြီး မကြောက်တဲ့ပုဂ္ဂိုလ်၊ လောကကြီး ငြောင်လိမ်နေတဲ့ပုဂ္ဂိုလ်၊ ဖြစ်ထိုက် -မဖြစ်ဆိုက်....(ဖြစ်ထိုက်ပါတယ်ဘုရား)။

အဲဒီလို ဘုရားသခင် ကိုယ်တော်မြတ်ကြီးက လောကကြီးကို အဓိပတိထားပြီး သကာလ မင်းဟာ လောကမှ ထွက်ချင်လို့ အခု တရားအားထုတ်တာ၊ လောကဆိုတာ ဖြစ်တတ် ပျက်တတ်တာ လေ့က ခေါ်ပါတယ်၊ ဖြစ်မှု ပျက်မှုကို ဘာခေါ်ကြမယ်.... (လောကခေါ်ပါတယ်) ဖြစ်တတ် ပျက်တတ်တာ လောကလို့ ခေါ်ပါတယ်....(မှန်ပါ့)။

အဲဒီ့ လောကကြီးက မင်းဟာ ထွက်ချင်လို့ လောကုတ် ဘက်ကို မင်းသွားချင်တာတော့ မင်း ရည်ရွယ်ချက်ကတော့ ကောင်းပါတယ်၊ ကောင်းပေမဲ့ မင့်ဝမ်းထဲ ပေါ်လာတာက လောကစိတ်တွေချည့် ပေါ်နေဘယ်.... (မှန်ပါ့ဘုရား) သဘော ကျပလား....(ကျပါပြီ)။

သူ့ဝမ်းထဲဘာတွေပေါ်နေသလဲ (လောကစိတ်တွေပေါ်နေ ပါတယ်ဘုရား) လောကစိတ်တွေချည့် မင့်ပေါ်နေတော့ မင့် ရည်ရွယ်ချက်က တခြား၊ ဝမ်းထဲပေါ်နေတာက တခြားဆိုတော့ မင်းအရှက်မရှိလို့ဘဲ၊ ကိုယ့်ကိုယ်- ကိုယ် လိမ်နေတဲ့ လူတဦး တယောက်ဖြစ်တယ်.... (မှန်ပါ့ဘုရား)။

ဘယ်လိုမှတ်ကြမယ်....(ကိုယ့်ကိုယ်- ကိုယ် လိမ်နေတဲ့ လူတဦး တယောက်ပါ) ကိုယ့်ကိုယ်- ကိုယ်လိမ်နေတယ်၊ ကိုယ်ကတရား

အားထုတ်တဲ့ပုံ၊ ဟန်က တရားအားထုတ်တဲ့ပုံပါဘဲ၊ အဲဒီတော့ ဘာနဲ့ တူနေသတုံးလို့ ဆိုလို့ရှိယင်ဖြင့် ဓမ္မဓဇကျိုး*နဲ့ တူနေတယ်....(မှန်ပါ့)။

ဓမ္မဓဇကျိုးဆိုတာ ဇာတ်နိပါတ်တော်မှာ မောင်သစ် လာပါတယ်၊ ခြေကလေးတချောင်းတည်း ထောက်တယ်၊ မြေပေါ်မှာ....(မှန်ပါ့) ပါးစပ်ကလေးဖြဲလို့....။

ဒီ့ပြင်ငှက်တွေက မေးကြတယ်၊ အသင်ကျိုး.... ခြေကလေးတချောင်းတည်းထောက်ထားတာ၊ ဘာဖြစ်လို့တုံး၊ အို နှစ်ချောင်းထောက်ယင် မြေတုပ်ကုန်မှာစိုးလို့....တဲ့၊ ပါးစပ်ကလေး ဖွင့်ထားတာက ဘာဖြစ်လို့တုံး၊ သူများအသက်ကို မစားပါဘူး၊ လေစားနေတယ်....တဲ့။

သူ့ဟာက ခြေနှစ်ချောင်းထောက်လိုက်ယင်လဲ မြေပြိုတော့မှာတဲ့၊ လိမ်ပုံက....(မှန်ပါ့) ပါးစပ်ကလေး ပြဲနေတာကဘာတုံး ဆိုတော့ ကျိုးဆိုတာက သူများဥတွေ ဘာတွေ သားငယ်တွေ ဖေါက်စားတတ်တဲ့ သတ္တဝါကိုးဗျ(မှန်ပါ့) လေစားနေပါတယ် ဆိုပြီး သူပါးစပ်ကလေး ဖွင့်တယ်။

နောက်ကျတော့ ငှက်တွေအယုံသွင်းပြီး သကာလ သားတွေသမီးတွေ- ဥတွေထားပစ်ခဲ့ပြီး အသင်ကျိုးဘဲ စောင့်ရှောက်ရစ်ပါဆိုပြီး ပုံသွားတော့ သူဥတွေ ဖေါက်စားတယ်၊ လိမ်တာသက်သက်မဟုတ်လား....(မှန်ပါ့)။

---

* ဆက္ကနိပါတ်-ဓမ္မဓဇဇာတ်

ဇာတ်အဋ္ဌကထာ တတိယအုပ် (၂၅၂)

အဲဒီလိုဘဲတဲ့၊ ခင်ဗျားတို့လဲ တရားအားထုတ်ပြီး သကာလ နေငြားသော်လဲ ဓမ္မဓဇကျိုးလို ကိုယ့်ကိုယ်--ကိုယ် လိမ်နေတဲ့ အဓိပ္ပါယ်ရောက်တယ်.... (မှန်ပါ့ဘုရား) ရှင်းပလား.... (ရှင်းပါပြီ)။

ဒါဖြင့် ခင်ဗျားတို့ လာတိုင်း လာတိုင်း ဩသော်....ဓမ္မဓဇကျိုးဟာ အတော်လိမ်တတ်တယ် ဆိုသလိုဘဲ၊ ငါတို့လဲ ကိုယ့်ကိုယ်-ကိုယ် လိမ်နေတာဘဲ....(မှန်ပါ့ဘုရား)။

ဘယ်သူ့ လိမ်တာတုံး.... (ကိုယ့်ကိုယ်- ကိုယ် လိမ်တာပါဘုရား)။

ဒါဖြင့် ကိုယ့်ကိုယ်-ကိုယ်လိမ်နေတာ ဘာဖြစ်လို့ လိမ်ဖြစ်ပါလိမ့်မတုံးလို့ အမေးထုတ်လိုက်ယင်ဖြင့်တဲ့ လောကကြီးကို မရှက်လို့....(မှန်ပါ့ဘုရား) လောကကြီး အဓိပတိမထားလို့.... (မှန်ပါ့ဘုရား) ပေါ်ကြပလား.... (ပေါ်ပါပြီ)။

ဘာအဓိပတိ မထားလို့ပါလိမ့်.... (လောကကြီး အဓိပတိ မထားလို့ပါဘုရား) အဲဒီတော့ ခင်ဗျားတို့ ကိုယ့်နေရာပြန်တဲ့ အခါမှာ တရားထိုင်ဦးမလေ ဆိုနေတုံးဘဲ ဘေးစိတ်တွေ ဝင်လာလို့ရှိယင် ဦးသံဒိုင် မင်းမရှက်ဘူးလား လို့ ကိုယ့်ကိုယ်-ကိုယ်မေး....(မှန်ပါ့ဘုရား) မင်းမလန့်ဘူးလား လို့ကော.... (ကိုယ့်ကိုယ်မေးရပါမယ်)။

မင်း....သူများ မသိဘူး ထင်လို့လား မေးရမယ်.... (မှန်ပါ့ဘုရား) မင့်ကိုယ်စောင့်နတ်ကတော့ သိတယ်ကွ၊ မင်းကိုကျောင်းစောင့်နတ်၊ အိမ်စောင့်နတ်တွေ က ကော .... (သိပါတယ်ဘုရား)။

သိပါတယ်ကွ၊ မင်းက ဓမ္မဓဇကျိုးလို့ လိမ်နေတာလား....
(မှန်ပါ့) မဆိုနိုင်ဘူးလား.... (ဆိုနိုင်ပါတယ်ဘုရား)။

ကျုပ်တို့ ဆိုလို့ရှိယင် တကာ တကာမတွေ့မှာ အရှက်
အကြောက်ကလေးပါလာပြီး သကာလ အင်း....ဒို့အလုပ်တော့
ဖြင့် မှန်မှန်လုပ်မှတော်မယ်၊ အများက ဝိုင်းကြည့်နေကြတယ်၊
သဘောကျပလား....(ကျပါပြီ)။

ကိုယ့်အလုပ်- အလုပ်နဲ့တူအောင် လုပ်မနော်.... (မှန်ပါ့)
အများက ဘာဖြစ်နေသလဲ(ဝိုင်းကြည့်နေကြပါတယ်)ဝိုင်းကြည့်
နေကြတယ်.... (မှန်ပါ့) အများကဝိုင်းကြည့်နေကြပါတယ်....တဲ့။

ဒါဖြင့် လောကကြီးအလယ်မှာ အားထုတ်ရတဲ့ ပဋိုလ်ဟာ
လောကကို အဓိပတိထား အားထုတ်မှလဲ ဘုရားက တရားထူး
တရားမြတ်ရနိုင်တယ်လို့ဟောလိုက်တယ် .... (မှန်ပါ့ဘုရား)
အတော်ကောင်းတဲ့ စကားဗျ.... (ကောင်းပါတယ်ဘုရား)။

အတော်ကောင်းတဲ့ စကားတော့တဲ့၊ ပျင်းလာတယ်၊ ဆေး....
မင်းကလဲကွာ မင်းပျင်းတာ လူတိုင်း သိပါတယ်ကွ၊ မင်းဟာ
တရားအားထုတ်ဘို့ လာတာလား....ပျင်းဘို့လာတာလား မေးပါ
(မှန်ပါ့)မဟုတ်ဘူးလား....(မှန်ပါ့ဘုရား)။

အဲဒီကဲ့သို့ မေးလိုက်လို့ရှိယင် ပျင်းတယ်ဆိုတာ ဘာတုံး....
ပျင်းတယ်ဆိုတာ ဒေါသ....(မှန်ပါ့) ဒေါသဆိုတာသည်ကား
လို့ ဆိုလို့ရှိယင်ဖြင့် မင်း အားထုတ်တဲ့ ပဋိုလ် ပေါ်ကောင်းတဲ့
တရားလား၊ မပေါ်ကောင်းတဲ့တရားလား မေးတာပေါ့၊မပေါ်

ကောင်းတဲ့တရား.... (မှန်ပါ့) ပဋိစ္စသမုပ္ပါဒ် အဆုံးကစပြီး ပတ်မလို့ကိုး....(မှန်ပါ့)။

အဲဒီတော့ မင်းဆရာဘုန်းကြီးကလဲ ဟောထားတယ်၊ ပျူငှာလာလို့ရှိယင် ပဋိစ္စသမုပ္ပါဒ် အဆုံးကနေပြီး အဝိဇ္ဇာ ပြန်လှည့်မလို့၊ မလှည့်ပေဘူးလား.... (လှည့်ပါတယ်ဘုရား) ဒေါသသောက ပရိဒေဝ ဒုက္ခဒေါမနဿ ဥပါယာသဆိုတာ အဝိဇ္ဇာရှိလို့ဖြစ်တာ....(မှန်ပါ့)။

အဲဒီတော့ အဝိဇ္ဇာကောဆိုယင် 'အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏ်'နဲ့ လှည့်သွားလိမ့်မယ် ... (မှန်ပါ့ဘုရား)။

အဲဒီတော့ မင်းဟာ သံသရာမှ ထွက်ချင်လို့ ဆိုပြီးသကာလ စားစရာမရှိလို့ အားထုတ်တာ မဟုတ်ဘူး၊ ဝတ်စရာမရှိလို့ တရားအားထုတ်တာမဟုတ်ဘူး၊ သံသရာထဲမှ ထွက်မြောက်ချင်လို့ အားထုတ်တယ်ဆိုတယ်၊ ဒီ မင်း ပျူငှာပုံကတော့ သံသရာထဲ ဝင်သွားပါပေါ့လား....(မှန်ပါ့ဘုရား)။

မင်းသံသရာထဲ ဝင်သွားတာလဲ မင်း ကိုယ်စောင့်နတ်၊ မင်းကျောင်းစောင့်နတ် အာဘိဉာဉ်ရတဲ့ ပုဂ္ဂိုလ် စတုမဟာရာဇ်တာဝတိံသာနတ်တွေက ဗြဟ္မာကြီးတွေက မြင်လျက်ပါဘဲကွ၊ မင်းကသာ ဟန်လုပ်နေတာပါ၊ မင်း အတော့်ကို မရှက်တတ်မကြောက်တတ်တဲ့ ပုဂ္ဂိုလ် တဦးတယောက်ဘဲလို့ ကိုယ့်ကိုယ်ကို ဆုံးမရမယ်....(မှန်ပါ့ဘုရား) သဘောပါပလား.... (ပါ-ပါပြီ)။

ဘယ်သူ့ ဆုံးမရမလဲ.... (ကိုယ့်ကိုယ်ကို ဆုံးမရပါမယ်ဘုရား) ကိုယ့်ကိုယ်ကို ဆုံးမရမယ်....တဲ့။

မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးဟာ သိပ် မြင့်ပါ
ကလား....ဦးသံဒိုင်.... (မှန်ပါ့ဘုရား) သိပ်မြင့်တာဘဲနော်....။
ကဲ....ဒါဖြင့် ကိုယ့်ကိုယ်ကို ဆုံးမတတ်ကြပလား (မှန်ပါ့ဘုရား)
ဘယ်အချိန် ဆုံးမရမှာတုံးဆိုတော့ တရားအားထုတ်တုန်း ခုနင်က
ပြောခဲ့တဲ့ နိဝရဏတွေ ဝင်လာတဲ့အခါမှာ နိဝရဏမှု တပါး
တခြားသော စိတ်တွေ ဝင်လာတဲ့အခါမှာ တရားအားထုတ်တဲ့
အချိန်ကျမှဘဲ ကုသိုလ်တွေက လုပ်စရာ ရှိသေးတယ်၊ ဘုရား
ရေလဲစရာရှိသေးတယ်၊ ဘုရားပန်း လဲစရာ ရှိသေးတယ်.... (မှန်
ပါ့ဘုရား)။

အင်း....မင်းကလဲ ပြောလိုက်တယ် အရေးကြီးတဲ့ သံသရာမှ
ထွက်မြောက်ကြောင်းကို မင်းဟာ ဒါကလေးနဲ့ မင်းကကိုယ့်
ကိုယ်-ကိုယ် လိမ်ပြီးထားချင်လို့လား မေးပါ.... (မှန်ပါ့ဘုရား)
အရေးကြီးတဲ့အလုပ်က ခုနင်က သံသရာပြတ်တဲ့ အလုပ်ကိုးဗျ....
(မှန်ပါ့)။

အဲဒီ့အထဲမှာ ကိစ္စကလေးက ဟင်....ဘုရား ကိစ္စကလေးက
အချိန် ရောက်လာတယ်၊ ဩော်.... မင့်ကိုယ်မင်း လိမ်ပြန်ပြီ....
(မှန်ပါ့) အဘိုးတန်ပစ်ပြီးသကာလ အဘိုးမတန်တာကို မင်း
သည်ကားလို့ ဆိုယင် သိမ်းပိုက်ပြန်ပြီ....(မှန်ပါ့ဘုရား) မဆိုထိုက်
ဘူးလား....(ဆိုထိုက်ပါတယ်)။

အဲဒါ ကိုယ့်ကိုယ်--ကိုယ် လိမ်တာဟာ တယ်သိခဲတယ်....
(မှန်ပါ့ဘုရား)တကာ တကာမတို့ ဘာတဲ့တုံး (ကိုယ့်ကိုယ်-ကိုယ်,
လိမ်တာဟာ တယ်သိခဲပါတယ်ဘုရား)။

ကိုယ့်ကိုယ်—ကိုယ်လိမ်တာကို ဒါလိမ်တဲ့ တရားပါကလားလို့ မသိဘူး၊ လိမ်တဲ့ တရားနောက် ကောက်ကောက်ပါအောင် လိုက်တယ်....(မှန်ပါ့ဘုရား) သိပ်ကြောက်စရာ ကောင်းပါကလား.... (ကောင်းပါတယ်ဘုရား)။

သူကလဲ ကုသိုလ်သမားကျတော့ ကုသိုလ်ကြီး သမားကို ကုသိုလ်ကလေးနဲ့ လှည့်လိမ့်မယ်.... (မှန်ပါ့ဘုရား)။

အခုနင်က အယုတ်တမာလူတွေ့ ကျတော့ တဏှာကယုတ်သထက် ယုတ်အောင် လှည့်လိမ့်မယ်.... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ)။

ဘာပြုလို့ ခင်ဗျားတို့သည် ဒါဖြင့် ဘုရားသခင်ကိုယ်တော် မြတ်ကြီးကလဲ ကိုယ့်ကို အဆုံးမခက်သက္....နော်၊ သားဆုံးမရတာ လွယ်တယ်၊ သမီးဆုံးမရတာ လွယ်တယ်၊ ဘေးမတာဆေးသင်္ဘောတွေ့ ဆုံးမ,ရတာလွယ်သက္၊ ကိုယ့်ကိုယ်ကိုအဆုံးမရအခက်ဆုံးကွဆိုပြီး 'အတ္တာဟိ ကိရ ဒုဒ္ဒမော' လို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဓမ္မပဒမှာ သေသေချာချာ ဟောတယ်.... (မှန်ပါ့ဘုရား)။

အဆုံးမရအခက်ဆုံးက အတ္တာဟိ အတ္တာဇေ=မိမိကိုယ်သည် သာလျှင်၊ဒုဒ္ဒမောကိရ=သူတပါးထက်ပို့လွန်၍ အဆုံးမခက်သည်၊ ဟောတိ=ဖြစ်၏၊ အဆုံးမ,ရ အခက်ဆုံးတဲ့....(မှန်ပါ့ဘုရား)ပေါ်ပလား....(ပေါ်ပါပြီ)။

အဆုံးမ အခက်ဆုံးလဲ ကိုယ့်ကိုယ်ကိုဘဲဆိုတော့ အခုဒါဟာ ကိုယ့်ကိုယ်ဆုံးမတဲ့တရား ဦးသံဒိုင်....(မှန်ပါ့ဘုရား)။

မင်း အရှက်မရှိဘူးလား၊ အကြောက်မရှိဘူးလား၊ မင့်ရည်ရွယ်ချက်ကတော့ စားစရာမရှိလို့ ကျုပ် တရားအားထုတ်တာ မဟုတ်ပါဘူး၊ ငတ်စရာမရှိလို့၊ ဆေးဝါးအလိုရှိလို့၊ နေစရာထိုင်စရာမရှိလို့ တရားအားထုတ်တာ မဟုတ်ဘူး၊ သံသရာကြီးမှ ထွက်မြောက်ချင်လို့ ဆိုတော့ ရည်ရွယ်ချက်ကတော့ ကောင်းပါရဲ့ကွာ၊ တရားအားထုတ်နေတဲ့ အခိုက်အတန့်မှာတော့ မင့် သန္ဓာန်စိတ်ကူး အမျိုးမျိုးတွေ လာနေတာကတော့ဖြင့် ကိုယ့် ကိုယ်ကိုနှိုင်းအောင် မဆုံးမနိုင်လို့ လာနေတာ (မှန်ပါဘုရား)။

ဘယ့်နှယ် ဆိုကြမယ်....(ကိုယ့်ကိုယ်-ကိုယ် နှိုင်းအောင် မဆုံးမနိုင်လို့ လာနေတာပါဘုရား)။

ဒါဖြင့် အဆုံးမ အခက်ဆုံးလို့ ဘုရားက ဟောထားတယ်၊ ကိုယ့်ကိုယ်ဟာ အဆုံးမ အခက်ဆုံးလို့ ပြောတယ် .... (မှန်ပါဘုရား) မှန်ကော မှန်ကြပါ့မလား....(မှန်ပါတယ်ဘုရား)။

အဲဒီလို အဆုံးမ ခက်လာလို့ရှိယင် လောကကြီးနဲ့ သူ့ကို ဆုံးမရမယ်....(မှန်ပါဘုရား)။

လောကကြီးဌ မင့်ကိုယ်စောင့်နတ်တွေကလဲ မင်းလိမ်နေတာ သိပါတယ်ကွ၊ ကျောင်းစောင့်နတ်၊ အိမ်စောင့်နတ်တွေကကော လိမ်နေတာကို....(သိပါတယ်ဘုရား)။

သိပါတယ် အဘိညာဉ်ရတဲ့ ပုဂ္ဂိုလ်ကလဲ ဒိဗ္ဗစက္ခုနဲ့ မင်း စိတ်ကူး၊ ပရစိတ္တဝိဇာနန ဉာဏ်ရတဲ့ ပုဂ္ဂိုလ်တွေကလဲ လောကီ စျာန်နဲ့ ကြည့်လျက်ပါဘဲ၊ မင်းသည် အရှက်မရှိ အကြောက်မရှိလို့ လာနေတာဘဲဆိုပြီးတော့ ကိုယ့်ကိုယ်—ကိုယ် ဆုံးမကြစမ်းပါ (မှန်ပါဘုရား) သဘောပါပလား....(ပါ-ပါပြီ)။

ဒီဟာက ဘုရားသခင် ကိုယ်တော် မြတ်ကြီးကလဲ အရေးတကြီးဟော၊ ဆရာ ဘုန်းကြီးကလဲ ခဲ့ုထွင်ပြီး အမျိုးမျိုး အဖုံဖုံပြောနေတာ ခင်ဗျားတို့မှာ အကြီးဆုံး ရန်သူတွေ့ဖြစ်နေတယ်....(မှန်ပါ့ဘုရား) ဟန်လုပ်ပြီး သကာလ နေတဲ့သဘောလဲ ရောက်ပါတယ်.... (မှန်ပါ့ဘုရား) ဟန်လုပ်နေတဲ့ သဘောကော (ရောက်ပါတယ်ဘုရား)။

ဟန်လုပ်နေတဲ့ သဘောလဲ သေသေချာချာ ရောက်ပါတယ်....တဲ့၊ဒါ့ကြောင့် လောကကြီး အဓိပတိထားပြီးသကာလလဲ တရားအားထုတ်ကြရမယ်...(မှန်ပါ့ဘုရား)သဘောကျပလား.... (ကျပါပြီ)။

ဓမ္မာဓိပတိပြခဏ်း

ကိုင်း ဒါဖြင့် သုံးခုမြောက် ကူးကြပါစို့....၊ ဓမ္မာဓိပတိ၊ ဓမ္မ=တရားကို၊ အဓိပတိ=အကြီးအမှူးထားရမယ်.... (မှန်ပါ့) တရားကို အဓိပတိထားရမယ်ဆိုတော့ ဘယ်လို ထားရမှာတုံးဆိုတော့ ဓမ္မဂုဏ်တော်ခြောက်ပါး ဦးသံဒိုင်က အစ,ရွတ်လိုက်တော့ ဘာတွေသတုံး....၊ 'သွာက္ခာတော ဘဂဝတာ ဓမ္မော' ဘဂဝတာ=မြတ်စွာဘုရားသခင်သည်၊ဓမ္မော=တရားကို၊သွာက္ခာတော=နိဗ္ဗာန်တိုင် အရောက်ပို့တဲ့ တရားလို့ကောင်းစွာ ဟော ထားတယ်....(မှန်ပါ့)။

ဘုရားဟောတဲ့ တရားက ဘာတဲ့တုံး.... (နိဗ္ဗာန်တိုင်အရောက် ဟောပါတယ်) နိဗ္ဗာန်အရောက်ပို့တဲ့ တရားကို ဟောတယ်.... (မှန်ပါ့ဘုရား)။

ဩော်....ဘုရားသခင် ကိုယ်တော်မြတ်ကြီးဟာ'သ္ဒာက္ခာတော ဘဂဝတာ ဓမ္မော' ဘဂဝတာ=မြတ်စွာ ဘုရားသည်၊ ဓမ္မော= တရားကို၊သ္ဒာက္ခာတော=နိဗ္ဗာန်ရောက်အောင် ကောင်းစွာဟော ထားတဲ့တရား။

မင့်ဟာက ဒီတရားတွေကို နိဗ္ဗာန်ရောက်အောင် ဟောထားတဲ့ တရားမို့ အခုပြောတဲ့အတိုင်းဘဲ နိဗ္ဗာန်ရောက်တဲ့ အလုပ်ဘဲ လုပ်ပါတော့မယ် ဆိုရမည့်ဥစ္စာ မင့်ဟာ အခု အားထုတ်နေတော့ လောဘတွေ၊ ဒေါသတွေ၊ မောဟတွေ၊ ဣဿာတွေ၊မစ္ဆရိယတွေ ဝိတက်တွေနဲ့ ဒီတရားအားထုတ်ယင်း၊ ဒါတွေ ပေါ်နေမယ် ဆိုသဖြင့် ဘုရား ကောင်းစွာ ဟောထားတဲ့ တရားကို မင်း တယောက်သာ အဖျက်လာတာကိုး.... (မှန်လှပါ) သဘောပါ ကြလား....(ပါ-ပါတယ်) ကိုယ်ကဘာတုံး.... (အဖျက်လာပါ တယ်ဘုရား)။

အံမာလေး မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး လေး သင်္ချေနဲ့ ကမ္ဘာတသိန်း ပါရမီတွေ ဖြည့်ကျင့် ဆည်းပူးလို့ရတဲ့ တရားကို မင်းလိုလူစားက လာဖျက်တယ်ဆိုဟာကွာ....တရားကို မင်းက အဓိပတိမထားလို့ ပို့နိုင်တဲ့ တရားကို မင်းက ပို့အောင် မလုပ်တဲ့အပြင် မင်းကဖျက်တောင် ဖျက်သေးတယ်.... (မှန်ပါ့ ဘုရား)။

ဘယ်သူ့ကို ဆုံးမရမလဲ.... (ကိုယ့်ကိုယ်- ကိုယ်ဆုံးမရပါမယ်) ကိုယ့်ကိုယ်-ကိုယ် ဆုံးမရမယ်ဆိုတာ ပေါ်ကြပလား.... (ပေါ် ပါပြီ) ဘုရားက ဘယ်လိုဟောထားသတုံး.... (သ္ဒာက္ခာတောပါ ဘုရား) သ္ဒက္ခာတော ဘဂဝတာ ဓမ္မော၊ ရှင်းပလား.... (ရှင်း

ပါ၂ပြီ)ဘဂ ဝတာ—မြတ်စွာဘုရားသည်၊ဓမ္မော=တရားကို၊သွာက္ခာတော=နိဗ္ဗာန်တိုင် အရောက်ပို့တဲ့ တရားလို့ ကောင်းစွာ ဟောတော်မူ၏၊ ဘုရားဟောတာက နိဗ္ဗာန်ပို့တဲ့ တရားကိုဟောတော်မူတယ်....(မှန်ပါ)။

မင်းရှုနေတာလဲ ပဌမဖြစ်ပျက်တရားဟာ ဘုရားက 'သဗ္ဗေသင်္ခါရာ အနိစ္စာ၊ ယဒါ ပညာယ ပဿတိ'လို့ လုပ်က့၊ သဗ္ဗေ=ကြွင်းမဲ့ညဿုံ အလုံးစုံကုန်သော၊ သင်္ခါရာ= ဖြစ်ပေါ်လာတဲ့ တရားတို့သည်၊ အနိစ္စာ=အမြဲမရှိကုန်၊ ဖြစ်ပြီး ပျက်ကြကုန်၏၊ ယဒါ=အကြင် ဖြစ်ပြီး ပျက်တဲ့အခါ၌၊ ပညာယ=ပညာဖြင့်၊ ပဿတိ=ရှုပါလို့ ဘုရားက ဟောထားတယ်.... (မှန်ပါ) ဖြစ်ပျက်ကို ပညာနဲ့ ရှုပါလို့ ဟောထားတယ်....(မှန်ပါ)မဟော ဘူးလား....(ဟောပါတယ်ဘုရား)။

အဲဒါ ဟောလိုက်လို့ ရှိယင်ဖြင့် 'သေမင္ဂါ ဝိသုဒ္ဓိယာ' ဝိသုဒ္ဓိယာ=စင်ကြယ်သော နိဗ္ဗာန်ကို၊သေ- ဿော=ဤသို့ ရှုသောပုဂ္ဂိုလ်သည်၊ မင္ဂါ=ရောက်ကြောင်း ဖြစ်ပါတယ်တဲ့....(မှန်ပါ)ဘုရားက နိဗ္ဗာန်ရောက်ကြောင်း ဖြစ်တယ်လို့ ဟောထားတယ်၊ သူဟောထားတဲ့ တရားတော့မှန်က....(မှန်ပါ)။

အဲဒီတော့ မင်းက အခုတရားအားထုတ်သလိုလို ဘာလိုလိုနဲ့ မင်းက ဒီ့ပြင်ရှုရမည့်ဥစ္စာကို မင်းက ဘာမဟုတ်တဲ့ကာမဝိဘက်ဆိုတဲ့ စားချင် သောက်ချင်တဲ့စိတ်ကော၊ ဗျာပါဒ ဝိတက်ဆိုတဲ့ ဟိုစိတ်မချလက်မချတော့၊ ဝိဟိ ံသာ ဝိတက်ဆိုလို့ရှိယင်လဲ အင်းဘယ်လို့ပြောလိုက်ရလို့ရှိယင်ဖြင့် နာသွားမှာဘဲ၊ ဒီလိုမှဘဲ မှတ်

မှာဘဲ အစရှိသည်ဖြင့် သူတပါးနှိပ်စက်ချင်တဲ့ ဝိဟိ ံသာ ဝိတက်တွေ့ မင်းစိတ်ထဲ ပေါ်နေတယ်....(မှန်ပါ့ဘုရား)။

ပေါ်နေတာတွေ့၊ မင်းသည်ကားလို့ ဆိုလို့ရှိယင်ဖြင့်....တဲ့၊ ဘုရားက ကောင်းစွာ နိဗ္ဗာန်ရောက်တဲ့တရားကို သူဟောထားတယ်၊ မင့် သန္ဓာန်ပေါ်တဲ့တရားက နိဗ္ဗာန်ရောက်တဲ့ တရားမဟုတ်ပါလားက့၊ အပါယ်လေးပါး ရောက်တဲ့တရားချည်း ပေါ်နေတယ်....(မှန်ပါ့ဘုရား) ရှင်းပလား....(ရှင်းပါပြီ)။

ဘယ်ရောက်တဲ့တရားတွေ့ ပေါ်နေသတုံး.... (အပါယ်လေးပါးရောက်တဲ့ တရားတွေ့ပေါ်နေပါတယ်) အပါယ်လေးပါး ရောက်တဲ့တရားတွေ့ ပေါ်ပြီးသကာလနေတော့ မင်း သွက္ခာတော ဘဂဝတာ ဓမ္မောကို ဖျက်တာဘဲဟေ့.... (မှန်ပါ့ဘုရား) ဘာဖြစ်တာလဲ....(သွက္ခာတော ဘဂဝတာ ဓမ္မောကို ဖျက်တာပါဘုရား)။

ဟာ....မင့်ဟာက ဘုရား၏တရားကို ဖျက်တာကိုး၊ မင်းဟာ မင့်ထက် ယုတ်မာတာတော့ မရှိဘူးဟေ့.... (မှန်ပါ့)ရှင်းပလား.... (ရှင်းပါပြီ)။

မင့်ထက် ယုတ်မာတာတော့ မရှိဘူးဟေ့၊ မင်းတရားကို အဓိပတိထားရမှာ မထားဘဲ၊ တရားတောင် ဖျက်လိုက်သေးတယ်.... (မှန်ပါ့)။

တရားအဓိပတိထားယင် ဘုရားက နိဗ္ဗာန် ရောက်တယ်လို့ 'သေ မင်္ဂါဝိသုဒ္ဓိယာ' သေ-သေသော= ဤသို့ဖြစ်ပျက်ကို မြင်သောပုဂ္ဂိုလ်သည် ဝိသုဒ္ဓိယာ=စင်ကြယ်သော နိဗ္ဗာန်သို့၊ မင်္ဂါရောက်ကြောင်းလို့ ဟောထားတယ်၊ ဖြစ်ပျက်မြင်ယင် နိဗ္ဗာန်ရောက်ကြောင်းလို့ ဟောထားတယ်....(မှန်ပါ့)။

ထိုကဲ့သို့ဟောပြီးသကာလ ထားငြားသော်လဲ မင့်ဥစ္စာက ဖြစ်ပျက် မမြင်ဘဲနဲ့ ဘာမဟုတ်တဲ့ စိတ်တွေက ကြားထိုးစိတ်တွေက မင့်မှာ လာပြီးသကာလနေတော့ သြော်....နိဗ္ဗာန် ရောက်မည့်တရားကို၊ မင်း လက်ခံတဲ့တရား- မင်း နှလုံးသွင်းနေတဲ့ တရားက လေးသခြေနဲ့ ကမ္ဘာတသိန်း ကာလပတ်လုံး ဆည်းပူးလို့ရတဲ့ ဥာဏ်တော်ကြီးနဲ့ ဟောထားတဲ့တရားကို မင်း တယောက်ဟာ ဖြင့်ကွာ အဖျက်သမားသက်သက်ပါဘဲ.... (မှန်ပါဘုရား) ဘယ်သူ့ဆုံးမ,ရမလဲ.... (ကိုယ့်ကိုယ်- ကိုယ် ဆုံးမ,ရပါမယ်)။

အဲ....လာလိမ့်မနော်.... (မှန်ပါ)လာလိမ့်မယ်၊ လာမှာကောန်မို့၊ ဘုရားက မင်းတရားကို အဓိပတိထား၊ သူ နိဗ္ဗာန်ပို့မည့်တရားမို့ နိဗ္ဗာန်ပို့မည့်အလုပ်ဘဲလုပ်နေမယ်.... (မှန်ပါဘုရား) ဒီလိုထားရမှာ....(မှန်ပါ့)။

ခင်ဗျားတို့ ကျင့်သားရနေတဲ့ အာရုံတွေ မလာစေနဲ့ .... (မှန်ပါ့) ကျင့်သားရတဲ့အာရုံဆိုတာ စိုးရိမ်တတ်တယ်၊ ပူဆွေးတတ်တယ်၊ လွမ်းတတ်တယ်၊ ဟုတ်လား....(မှန်ပါ့)ဒါတွေ မလာစေနဲ့၊ မင်း လေးသခြေနဲ့ ကမ္ဘာတသိန်းကာလပတ်လုံး ဖြည့်ဆည်းပူးလို့ရတဲ့ မင်းဖြင့် စိတ်ကူးထဲမှ မထည့်ရဲတဲ့ ပါရမီတွေ၊ အဲဒါတွေကိုယ်တော်မြတ်ကြီး ကောင်းစွာဟောထားတဲ့တရားကို မင်းက ဖျက်နေတဲ့ ပုဂ္ဂိုလ် တဦးတယောက်၊ မင်းလောက် မိုက်တာ၊ မင်းလောက် မလိမ်မာတာ၊ မင်းလောက်အရှုပ်ဆိုး၊ မင်းလောက်အကြည့်တန်တာ ရှိကိုမရှိဘူးလို့ ကိုယ့်ကိုယ်-ကိုယ် ဆုံးမရမယ်....(မှန်ပါ့ဘုရား)။

ဘယ်သူ့ ဆုံးမ,ရမလဲ.... (ကိုယ့်ကိုယ်-ကိုယ် ဆုံးမ,ရမှာပါ)

ဘာဖြစ်လို့တုံးဆိုကော့ သဒ္ဒာကွာတော ဘဂဝတာဓမ္မောကိုမင်း ကဖျက်တာ.... (မှန်ပါဘုရား) ရှင်းပလား....(ရှင်းပါပြီ) ဘာဖျက်တာတုံး.... (သဒ္ဒာကွာတော ဘဂဝတာ ဓမ္မောကို ဖျက်တာပါဘုရား) အင်း....သဒ္ဒာကွာတော ဘဂဝတာ ဓမ္မောကို ဖျက်တာဆိုတော့ တကာ့-တကာမတွေက အားထုတ်ရင်း မတွန့် မကောင်းတဲ့စိတ်လာလို့ရှိယင်ဖြင့် သဒ္ဒာကွာတော ဘဂဝတာ ဓမ္မောကို ဖျက်တာ.... (မှန်ပါဘုရား)။

ဘုရားက ကောင်းစွာဟောထားတဲ့ တရားကိုပင်လျှင် သူ့ကို အလေးအနက်ပြုပြီး မကြိုးစားတဲ့အတွက် ခင်ဗျားတို့ မဆိုင်တဲ့ ငါးဝအာရုံ ကားမာ့ဆိုင်ဘွဲ့လာပြီဆိုမှဖြင့် ဩဿ....သာသနာဖျက်ဆိုတာ မင်းပါကလား.... (မှန်ပါ) သဘောပါလား.... (ပါ-ပါတယ်)။

သာသနာဖျက်ဆိုဘာ.... (မဲ့င်းပါဘုရား) မင်းပါကလားလို့ ကိုယ့်ကိုယ်- ကိုယ် စဲ့ချက်တင်ရမယ်.... (မှန်ပါ) သာသနာဖျက်ဆိုတာ....(မင်းပါကလားလို့ ကိုယ့်ကိုယ်-ကိုယ် စဲ့ချက်တင်ရပါမယ်) တင်ကော မဘင်ထိုက်ဘူးလား.... (တင်ထိုက်ပါတယ်ဘုရား)။

အဲဒီတော့ကို မင်းဟာ မင်းနဲ့လဲ ဂုဏ်အားဖြင့်လဲမတူ၊ ပညာအားဖြင့်လဲမတူ၊ တန်ခိုးအားဖြင့်လဲမတူ၊ အဲဒီမတူတဲ့ ကိုယ်တော်မြတ်ကြီး ဟောထားတဲ့တရားကို မင်းက ဓမ္မဋ္ဌရာယ်လာလုပ်တော့ မင်းဟာ သာသနာဖျက်....(မှန်ပါဘုရား)။

ဘယ်သူ့ ဆုံးမ,ရမလဲ....(ကိုယ့်ကိုယ်- ကိုယ် ဆုံးမ,ရပါမယ်) ကိုယ့်ကိုယ်-ကိုယ် ဆုံးမ,ရမယ်တဲ့၊ အဲဒါမှ တရားပေါက်မှာ

နော်....(မှန်ပါ့ဘုရား) ကိုယ့်ကိုယ်- ကိုယ် မဆုံးမ,တဲ့ ပုဂ္ဂိုလ်ဟာ (တရားမပေါက်ပါဘုရား) တရားမပေါတ်နိုင်ဘူးဆိုတာ သေချာပလား....(သေချာပါပြီ)။

ကိုင်း....ဒါဖြင့် တကာ- တကာမတို့ အဆုံးမ, အခက်ဆုံးကတော့ ဘယ်သူပါလိမ့်.... (ကိုယ့်ကိုယ်-ကိုယ် အဆုံးမ,အခက်ဆုံးပါဘုရား) ကိုယ့်ကိုယ်-ကိုယ် အဆုံးမ,အခက်ဆုံး၊ ဘုရားက သဗ္ဗညုတ ဉာဏ်တော်ကြီးနဲ့ ရှာလို့က်တယ် တကာသစ်ရ၊ အဆုံးမ,ခက်တာ ဘယ်သူပါလိမ့်မတုံးလို့၊ ခလေးခက်သလား၊ လူကြီးခက်သလား၊ တိရစ္ဆာန်တွေ ခက်သလား၊ ကျားခက်သလား၊ မြွေခက်သလား၊ အို....ဒါတွေဟာ ဒုတ်နဲ့ပြ မီးကလေး ဘာကလေးနဲ့ ပြပြီးချောက်လို့က် လှန်လို့က်ယင် ရတယ်၊ မရဘူးလား....(ရပါတယ်ဘုရား)။

ကိုယ့်ကိုယ်ကတော့ ဆင်ခြေများတယ်.... (မှန်ပါ့ဘုရား) ဆင်ခြေများတယ်.... ဆင်ခြေများတယ်.... (မှန်ပါ့) သဘောပါပလား.... (ပါ-ပါပြီ)။

ဆင်ခြေက သိပ်များတယ်၊ ဒီနေ့ စားရတာက အင်း....ဆင်ခြေက ဘယ်လိုများသတုံးဆိုတော့ ဒီနေ့က အအေးကများလို့ ဖြေးဖြေးမှ လုပ်တော့မယ်....(မှန်ပါ့) ဘာဖြစ်တာတုံး.... (ဆင်ခြေများတာပါ) ဆင်ခြေများနေတာ။

ဒီနေ့တော့ အပူက များပြန်တော့.... (ဆင်ခြေများတာပါဘုရား) ဆင်ခြေများတာဘဲ.... (မှန်ပါ့) အဆုံးမ,ခက်လို့ ဆင်ခြေဝင်လာတာ.... (မှန်ပါ့) ဆင်ခြေဆိုတာ ခင်ဗျားတို့ တခြား

မမှတ်ပါနဲ့၊ ကိလေသာဝင်တာ မှတ်ပါ.... (မှန်ပါ့ဘုရား) ဆင်ခြေဆိုတာ ဘာပါလိမ့်.... (ကိလေသာဝင်တာပါဘုရား)ခင်ဗျားတို့က မသိဘူး၊ ဒီကောင်ကလေးက ဆင်ခြေ ဆင်လက် များလိုက်တာ အစရှိသည်နဲ့ ကောင်ကလေးက သူကစားချင်တာ ဆိုတော့ ပျော်ချင်တာ၊ ပျော်ချင်တာ တဏှာဘဲ.... (မှန်ပါ့ဘုရား)။

ခင်ဗျားတို့လဲ စောသေးတယ်လေ မထသေးပါဘူးဆိုယင် ဒါ ကိလေသာ ဆင်ခြေဝင်ချလိုက်တာ....(မှန်ပါ့) ရိပ်မိပလား-(ရိပ်မိပါပြီ)။

ကိလေသာဆင်ခြေ ဝင်ချလိုက်တော့ ခင်ဗျားတို့ တရားအဓိပတိ ထားသေးရဲ့လား.... (မထားပါဘုရား)။

ဒီတရားက နိဗ္ဗာန်ပို့မည့်တရား၊ မင်းက ဆင်ခြေလာမထိုးလာနဲ့၊ လုပ်ရလိမ့်မယ်—အစရှိသည်နဲ့ ခင်ဗျားတို့ကလဲ မကန့်ကွက်ဘူး၊ မကန့်ကွက်တော့ ဒီတရား ပျက်သွားတယ်....(မှန်ပါ့ဘုရား) ကောင်းစွာ ဟောထားတဲ့ တရားဟာ မကောင်းသဖြင့် ဖြစ်သွားတယ်.... (မှန်ပါ့) သဘောပါပလား.... (ပါ-ပါပြီ)၊

ပူပြန်- ပူလို့ဘဲ၊ အင်း.... ဒီနေ့တော့ မလုပ်သေးဘူးလေ၊ ပူတာကို မကြိုက်တဲ့ ဒေါသက-နေပြီး ခုနင်က ကောင်းစွာ ဟောထားတဲ့ တရား နိဗ္ဗာန်ရောက်တရား သူက-နေပြီးသကာလ ကန့်ကွက်လိုက်တယ်.... (မှန်ပါ့ဘုရား)။

သာသနာ ပျက်-မပျက်....(ပျက်ပါတယ်ဘုရား) သာသနာ ပျက်သွားပြီ၊ ကိုယ့်အဆုံးအမကို ကိုယ်မလိုက်နာတဲ့ အတွက်

ကောင်းစွာ ဟောထားတဲ့ တရားကိုပင်လျှင် ကဲ....ရှိပါစေတော့ မလုပ်သေးဘူး၊ ဘာပြုလို့တုံး....ကောင်းသွားမှာ စိုးလို့၊ မဟုတ်ဘူးလား.... (မှန်ပါ့) တကယ်မျှား နိဗ္ဗာန်ဝင်သွားယင် မခက်ဘူးလားထဲက ကျနေပြီ။

အဲဒီလောက်ထိအောင် အရုပ်ဆိုးနေတာတွေ့လဲ ခင်ဗျားတို့ ဝမ်းထဲမှာ ရှိနေတယ်.... (ရှိပါတယ်ဘုရား) ဒါ ဘုရားက ဟောတာ၊ ရှင်းပလား.... (ရှင်းပါပြီ) အင်း....စောပြန်တော့လဲ စောလှသေးတယ်၊ နည်းနည်းကလေး နေကလေး စောလှသေးတယ်လေ၊ တော်တော်ကလေး ကြာတော့မှ၊ နာရီ ဘယ်နှစ်နာရီလောက်မှ၊ အခုတော့ စောပါသေးတယ်။

အင်း.... စောပါသေးတယ်ဆိုတာ ဘယ်သူတုံးလို့ မေးတဲ့ အခါကျတော့ ခန္ဓာကိုယ်ငဲ့တဲ့တဏှာ.... (မှန်ပါ့ဘုရား) သဘောကျပလား....(ကျပါပြီ)။

ခန္ဓာကိုယ်ငဲ့တဲ့ ကိလေသာဘဲ ဆိုတာကော ငြင်းဘို့ လိုသေးသလား....(မလိုပါဘုရား) အင်း.... သာသနာ ဖျက်ပြန်ပြီ.... (မှန်ပါ့)။

သွာက္ခာတော ဘဂဝတာ ဓမ္မော=ကောင်းစွာ ဟောထားတဲ့ တရား၊ ခုလုပ် ခုရမယ်၊ အကာလိကော-အခါမလင့် အကျိုးပေးမယ်ကွ....၊ ငါ ဟောထားတဲ့ တရား၊ မဟုတ်ဘူးလား.... (မှန်ပါ့)။

အဲဒါ ခင်ဗျားတို့က ဒီအခါတော့ မလိုချင်သေးဘူးဆိုတဲ့-အဓိပ္ပါယ်ရတယ်.... (မှန်ပါ့) ဒီအခါတော့ဖြင့်.... (မလိုချင်သေး

ပါဘုရား) ဒါဖြင့် လက်ငင်း မလိုချင်ဘူး၊ ဝဋ်ကြွေးကြိုက်တယ် ဖြစ်နေတယ်.... (မှန်ပါဘုရား) မောင်သစ်.... ဘာဖြစ်နေသတုံး (ဝဋ်ကြွေးကြိုက်တယ် ဖြစ်နေပါတယ်)။

ဟင်....လက်ငင်း မလိုချင်ဘူး၊ အကြွေးကြိုက်တယ် ဆိုတဲ့ အဓိပ္ပါယ် ဖြစ်နေတယ်.... (မှန်ပါဘုရား)။

အကြွေးဆိုတာ ဘာတုံးလို့မေးတော့ ဒုက္ခသက် ရှည်တာကို အကြွေးခေါ်တယ်.... (မှန်ပါဘုရား) ဒုက္ခမြန်မြန်ငြိမ်းတာကို လက်ငင်းခေါ်တယ်.... (မှန်ပါ)။

အဲဒါ ခင်ဗျားတို့ ဘယ်ထဲကျသလဲ.... (အကြွေးကြိုက်တဲ့ထဲကျပါတယ်) ဒုက္ခသက်ရှည်တာ ကြိုက်တယ်.... (မှန်ပါ)။

အဲဒါလောက်ကျအောင် ခင်ဗျားတို့သည် တရားကို အဓိပထိ မထားတော့ဘူး၊ ခုနင်က အေးပြန်အေးလို့- ပူပြန်ပူလို့-စောပြန်ယင်....(စောသေးလို့)။

ဟင်း....ဘာဖြစ်နေကြတာတုံး.... ဦးသံဒိုင်ကြီးတို့ ပြောစမ်းပါဦး.... (ကိလေသာဝင်နေပါတယ်) ကိလေသာ ဝင်နေတယ်၊ ဟုတ်လား....(မှန်ပါ) တနည်းအားဖြင့် ဟိပဿိကော သူမကြိုက်ဘူး.... (မှန်ပါ)။

ဘာတဲ့တုံး.... (ဟိပဿိကော မကြိုက်တာပါ) အကာလိကော ကော.... (မကြိုက်ပါဘုရား)။

အံမာ.... ချက်ခြင်းများ အကျိုးပေးမယ်ဆိုယင် မကြိုက်ဘူး-(မှန်ပါ) ချက်ခြင်း ဒုက္ခသိမ်းတဲ့ နိဗ္ဗာန်ကြီးကို သွားတော့မယ် ဆိုယင် မကြိုက်တဲ့အဓိပ္ပါယ်ပါနေတယ်.... (မှန်ပါဘုရား)။

ဒါဖြင့် မင်း ဘုရားရှေ့သွားပြီး ဝဋ်ဘဝတိုတိုနဲ့ မဂ်ဖိုလ် ရ-ရပါလို့ဆို၊ မင့်အသွားနဲ့ မင်း လုပ်ပုံနဲ့ ကိုက်ကဲ့လား.... (မှန်လှပါဘုရား) ရှင်းပလား....(ရှင်းပါပြီ)။

ဒါ ဘယ်သူ့ လိမ်နေတာတုံး.... (ကိုယ့်ကိုယ် လိမ်နေတာပါ) အံမာခလေး....လိမ်စရာ ပါးပါးရှားရှားကွာ....၊ သူများလိမ်လို့ရှိယင်ဖြင့် အကျိုးရှိပါလိမ့်ဦးမယ်၊ ကိုယ့်ကိုယ် လိမ်တာကတော့ အကျိုးယုတ်ပါတယ်.... (မှန်ပါဘုရား) မယုတ်ဘူးလား(ယုတ်ပါတယ်ဘုရား) ဒါ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက တရားအဓိပတိ မထားတဲ့ ပုဂ္ဂိုလ်မှာ . ဒီဟာတွေ့ လာလိမ့်မယ်ကွ....တဲ့၊ (မှန်ပါဘုရား)။

မိုးချုပ်သွားပြန်တော့လဲ ဒီနေ့တော့ မိုးချုပ်သွားပြီ နက်ဖြန်မှ အင်း.... ဘာလုပ်ပြန်တာပါလိမ့် (လိမ်တာပါဘုရား) ဘယ်သူပါလိမ့် တရားကိုယ်က....(ကိလေသာပါဘုရား)။

ကိလေသာဘဲ၊ သဘောကျပလား.... (ကျပါပြီ)ဘယ်သူ့လိမ်တာတုံး.... (ကိုယ့်ကိုယ်-လိမ်တာပါ) ဘယ်တရားက လိမ်လိုက်သတုံး.... (ကိလေသာက လိမ်ပါတယ်ဘုရား)။

ဩော်.... ခင်ဗျားတို့ဟာ ခက်ပါသေးတယ်၊ တယ်လိမ်တတ်တဲ့ တရားတွေကလဲ စောယင် စောလို့ ဟင်....မိုးချုပ်ယင်.... (မိုးချုပ်လို့ပါဘုရား) ခက်နေပြီကော ဦးသံဒိုင်ရ၊ မောင်သစ် ဘယ့်နှယ်နေသလဲ....(ခက်ပါတယ်ဘုရား)။

ဒါတွေ့ချည့်ဘဲ ကိလေသာက ဝင်ပြီး ဆင်ခြေလဲယင် ဟုတ်ပါချည့်ဘဲ . လိုက်နေတာဘဲ....(မှန်ပါ့) ကိလေသာက ဆင်ခြေလဲ

လိုက်ယင်.... (ဟုတ်ပါချည့်လိုက်နေပါတယ်) လိုက်ရမှာလား.... တော်လှန်ရမှာလား.... (တော်လှန်ရမှာပါဘုရား) တော်လှန်ရမှာ ကိုပင်လျှင် ခင်ဗျားတို့က ဟုတ်ပါတယ်လေ၊ မိုးချုပ်သွားပေါ့.... (မှန်ပါ့) ဟုတ်ပါတယ်၊ မိုးချုပ်သွားပေါ့။

ဟ....ဘယ်သူ့နောက်ဘာလိုက်နေတာတုံးဆိုတော့ ကိလေသာကျွန်မျိုးပီပီ ကိလေသာနောက်ကို လိုက်နေတယ်.... (မှန်လှပါဘုရား) ကိလေသာခိုင်းစေရာလိုက်နေတယ်.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

ဒါဖြင့် ခင်ဗျားတို့သည် သွာကွာတော ဘဂဝတာ ဓမ္မောကို ဘာလုပ်ကြတာတုံး.... (ဖျက်တာပါဘုရား) ဖျက်ကြတယ်.... (မှန်ပါ့)။

ဒါဖြင့် တရားကို အဓိပတိ မဆောင်ဘူးတဲ့.... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ)။

အဲဒီတော့ ခင်ဗျားတို့ လောက ပရိယာယ် မျိုးစုံ ဟူသမျှ မောင်သစ်တို့- ဦးသံဒိုင်တို့က ဘယ်လို ဆုံးဖြတ်ချက် ချမလဲ.... (ကိလေသာချည်းပါဘုရား) ကိလေသာချည်းဘဲဆိုတာ ပေါ်လာပလား.... (မှန်ပါ့)။

ဒါဖြင့် ဒီ ကိလေသာတွေကလဲ ကိလေသာ ဟူသမျှဟာလဲ ပဋိစ္စသမုပ္ပါဒ် အလည်ကဖေါက်စတယ်....(မှန်ပါ့)။

ကိလေသာကလဲ.... (အလယ်က ဖေါက်စ ပါတယ် ဘုရား) တဏှာကိုးဗျ....(မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီ)။

ဒါဖြင့် ဘုရားက ဒါတွေမြင်လို့ သွာကွာတော ဘဂဝတာ ဓမ္မောကို အလေးအမြတ်ထားရမယ်.... (မှန်ပါ့) ငါဟောထား

တဲ့ တရားဟာကောင်းစွာ နိဗ္ဗာန်ဆောင်တတ်တဲ့ တရားဟော ထားတာ၊ ဘယ်နှယ်ကြောင့် မရပါလိမ့်မတုံးလို့ မင်းတို့ကမဆိုနဲ့၊ ကိလေသာ လိမ်တာကို မင်းတို့က တရားအဓိပတိ မထားဘဲနဲ့ ကိလေသာ အဓိပတိထားလို့ မင်းတို့ မရတာ (မှန်ပါဘုရား) ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

တရားအဓိပတိမထားဘဲနဲ့ (ကိလေသာ အဓိပတိထားလို့ မရတာပါ) အံမာလေး အဲဒီကိလေသာကိုသာ အဓိပတိထားလို့ ရှိယင် မင်းတို့အပါယ်က ခေါင်းပြုနိုင်မှာမဟုတ်ဘူး....(မှန်ပါ) သဘောကျပလား....(ကျပါပြီ)။

ကိုယ်ကိုယ်-ကိုယ် ဆုံးမရမည့်အသွားတော့ ပေါ်ကြပလား.... (ပေါ်ပါပြီ) ဘယ်သူ့ဆုံးမရမလဲ.... (ကိုယ့် ကိုယ်ကိုယ် ဆုံးမရပါမယ်) အင်း....ကိုယ့် ကိုယ်ကိုယ် ဆုံးမရမယ်ဆိုတာ သေချာပြီနော်.... (သေချာပါပြီဘုရား) ဘယ်ဟာအဓိပတိထားပြီး ဆုံးမရမှာလဲ....(ဓမ္မာဓိပတိထားရမှာပါ)။

အေး-တရားကို....(မှန်ပါ)တရားကိုအဓိပတိထားလျှင်ဘုရား က အခုလုပ်အခုအကျိုးပေးတယ်ကဲ့တဲ့....(မှန်ပါ)မင်းကအခုလုပ် အခုအကျိုးပေးတယ်လို့ ဟောပါလျက်သားနဲ့ အေးသလေး ပူသလေး....စောသလေး....မိုးချုပ်သလေးနဲ့.... (မှန်ပါ) ရိပ်မိကြပလား....(မှန်ပါဘုရား)။

အဲဒါ ဘုရားသခင် ကိုယ်တော်မြတ်ကြီး အခုအေးတယ်ပူတယ် စောတယ် မိုးချုပ်တယ်ဆိုတာ အဂုံတို့ရှိမှာ သေသေချာချာ လာတာ.... (မှန်ပါဘုရား) သဘောပါကြပလား.... (ပါပါပြီ)၊

ဒါဖြင့် ဘာကိုအဓိပတိမထားယင် အေးတယ် ပူတယ် စောတယ် မိုးချုပ်တယ်ဆိုတဲ့ ကိလေသာဆင်ခြေတွေ လာပါလိမ့်မလဲ ဆိုတာတော့ ရိပ်မိပါပြီ.... (ရိပ်မိပါပြီဘုရား) သွာကွာတော ဘဂဝတာ ဓမ္မောဆိုတဲ့ တရားကို အဓိပတိမထားလို့....(မှန်ပါ့ဘုရား)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဘာပြုလို့လဲ....(သွာကွာတောဘဂဝတာ ဓမ္မောကို အဓိပတိမထားလို့ပါဘုရား)။

အဲဒါမှ အဓိပတိမထားတော့ အကာလိကောဆိုတဲ့ အခါမလင့် အကျိုးပေးတာလဲ မလို့ချင်တော့ဘူး.... (မှန်ပါ့) လို့ချင်တဲ့အဓိပ္ပါယ် ပါသေးရဲ့လား....(မပါ=ပါဘုရား)။

ဒါဖြင့် 'ပစ္စတ္တံဝေဒိတဗ္ဗောဝိညူဟိ' ပညာရှိများ အသိုးသိုးခံစားရတယ်ကွ၊ မင်ဉာဏ် ဖိုလ်ဉာဏ်ကို ကျုပ် မရချင်ဘူး.... (မှန်ပါ့)။

သဘောပါပလား.... (ပါပါပြီ) ဘာတဲ့ကုံး.... (မင်ဉာဏ် ဖိုလ်ဉာဏ် ကျုပ်မရချင်ဘူး) ကျုပ်မရချင်ဘူး၊ ကျုပ်ပညာရှိလဲမဟုတ်ဘူး၊ ရလဲမရချင်ဘူး.... (မှန်ပါ့) ဒီအဓိပ္ပါယ် ရောက်သွားတယ်....သဘောပါရဲ့လား....(ပါပါတယ်ဘုရား)။

ကျုပ်ပညာရှိလဲ မဟုတ်ဘူးတဲ့ ရလဲမရချင်ဘူးဆိုတဲ့ ခုနင်က အေးတယ် ပူတယ် စောတယ်၊ မိုးချုပ်တယ် ကိလေသာ ဆင်ခြေလာတဲ့ ပုဂ္ဂိုလ်များမှာ ကျုပ်ပညာရှိလဲ မဟုတ်ဘူး၊ ရလဲမရချင်ဘူး၊ ကျုပ်ဘော့ ရိုးရိုးဘဲလို့ ဒီအဓိပ္ပါယ် ရောက် မရောက်.....(ရောက်ပါဘယ်ဘုရား)။

အတော်ဆိုးတယ်....(မှန်ပါ့)ဒီဆိုးတာတွေအခုဆရာသမားက ဖေါ်ပြောလို့သာ ကိုယ့်အဆိုး ပေါ်တာနော်....(မှန်ပါ့ဘုရား) နို့မဟုတ်လို့ရှိယင်ဖြင့် ဆေြာ်....တစ တစဘဲ၊ ဘုရားသခင် ကိုယ်တော်မြတ်ကြီးလဲ တစ တစဘဲ၊ ဖြည့်လာတယ်....(မှန်ပါ့)အင်း.... ကိုလေသာက ခင်ဗျားတို့ကို ချော့သုံးများ ဆဲလိုက်သေးတယ်.... (မှန်ပါ့ဘုရား)။

ဘုရား တစ တစက=သူ့ဟာက တစ တစ လုပ်ရမည့်ပုဂ္ဂိုလ် မို့ တစ တစ လုပ်တာပါ.... (မှန်ပါ့) ဒါနပါရမီ လုပ်နေဘုန်း ကို ခန္ဓီပါရမီ မလုပ်နိုင်သေးဘူး၊ သူတက်တက်ပြီးလုပ်သွားရမှာ၊ (မှန်ပါ့ဘုရား)။

သူ့ တစ တစက ကစ္စမရှိဘူး၊ ခင်ဗျားတို့က ဘုရားဆုပန်လား.... ငါခုရ ခုယူမှာလားလို့ မေးတော့ ခုရ ခုယူမယ်လို့လဲ ပြောသေးရဲ့.... (မှန်ပါ့) တစ တစ လုပ်ရမှာဘဲလို့လဲ ဟို ဘက်မဆိုင်တာ ဆင်ခြေ လဲလိုက်သေးတယ်.... (မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီ) ဘာလဲလိုက်သတုံး.... (ဆင်ခြေလဲလိုက်-ပါတယ်) စဉ်းစားလေ....ကိုယ်နဲ့ ဆိုင်တဲ့ အလုပ်လား.... မဆိုင်တဲ့ပုဂ္ဂိုလ်ညှိပြီး ဆင်ခြေ လဲတာလား.... (မဆိုင်တာ လဲဘာပါ) ကိုယ်က ဘုရားဆုပန်တာ မဟုတ်ဘူး ဘုရားဆုပန်တဲ့ ပုဂ္ဂိုလ်နဲ့ အလကားညှိနှိုင်းပြီး ကိုယ်က အသားယူပြီးသကာလ သူ့ပါး စပ်ထဲ ထည့်ပြီး ဆင်ခြေလဲနေတယ်....(မှန်ပါ့ဘုရား)။

သူ့အလုပ်မျိုး သူလို ဘုရားဖြစ်အောင် ကိုယ်ကျင့်နိုင်မှာလဲ မဟုတ်ဘူး....(မှန်ပါ့ဘုရား) မဟုတ်ဘူးလား.... (ဟုတ်ပါတယ်)။

အဲဒီတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးတောင်မှ မလျှော့

မတင်း စောင်းကြိုးငြင်းတဲ့၊ ဟင်....လာပြီ ခင်ဗျားတို့ ကိလေသာက....(မှန်ပါ့ဘုရား)။

ရိပ်မိပလား....(ရိပ်မိပါပြီ) အတော်ဆိုးနေတယ်.... (မှန်ပါ့) လုပ်မှု မလုပ်ရသေးခင်က၊ စောင်းမှု မရှိသေးခင်က စောင်းကြိုးဘယ်နှယ်လုပ် တင်းမလဲ၊ မလျော့မတင်း ဆိုတာက စောင်းရှိပြီးမှ ဖြစ်ရမှာ....(မှန်ပါ့ဘုရား)။

အခုတော့ စောင်းမှု မပါသေးတဲ့ လူက မလျှော့ မတင်း ပြောနေတယ်၊ ဘယ်နှယ် လုပ်ပါ့မလဲ၊ ရိပ်မိပလား.... (ရိပ်မိပါပြီ) ခင်ဗျားတို့ ဆင်ခြေပြောပြပါတယ်.... (မှန်ပါ့) မလျှော့မတင်း စောင်းကြိုးငြင်းဆိုတာက ခင်ဗျားတို့ သောဏမထေရ်ကို ဟောတာ၊ ပြင်းထန်အောင်ကျင့်လွန်းလို့ ဘုရားက ဟောတာ....(မှန်ပါ့ဘုရား)။

အလုပ်ပြင်းထန်လွန်းလို့ ဟောတာ.... (မှန်ပါ့) ကိုယ့်ဖြင့် အလုပ်မှု မလုပ်ရသေးဘူး မလျှော့မတင်း စောင်းကြိုးငြင်းက လာနေတယ်ဆိုတော့ ဦးသံဒိုင် ရှက်စရာကြီး.... (မှန်ပါ့) ဘယ်နှယ်ဆိုကြမလဲ....(ရှက်စရာကြီးပါဘုရား)။

အဲဒါ ခင်ဗျားတို့က မရှက်လို့ ဖြစ်နေတာ၊ မရှက်လို့ သံသရာရှည်နေကြတာ.... (မှန်ပါ့ဘုရား) ဟို....သောဏကို ဟောတာက ဝီရိယလွန်လို့ တရားကို မရဘူး၊ မရယင် ငါစကြန်သွားမယ်ဆိုပြီး စကြန်သွားရင်း အားထုတ်တော့ ခြေထောက်က သွေးတွေထွက်တယ်.... (မှန်ပါ့) ဟာ....လေးဘက်သွားပြီး အားထုတ်မယ်ဆိုတော့ လက်တွေပါ သွေးတွေထွက်တယ်....(မှန်ပါ့)။

အဲဒါကြောင့် ဘုရားက လာပြီး ကွာ.... မင်း ငယ်ငယ်တုံးက ၊စောင်းမသင်ဘူးဘူးလား....သင်ဘူးပါတယ်ဘုရား။

မင်း စောင်းဟာ ဘယ်နှယ်တုံး ကြိုးတင်းယင် အသံကောင်း ၊ပမလား.... (ကြိုးတင်းယင် အသံမကောင်းပါဘူး) ကြိုးလျှော့ တော့ကော၊ ကြိုးလျှော့ယင်လဲအသံမထွက်ဘူး....တဲ့၊ဒါဖြင့်ကွာ.... အလတ်စား ထားပါမှပေါ့၊ မင်းဟာ အလတ်စားလုပ်ဆိုတော့ ဟိုမှာ လွန်နေတဲ့ပုဂ္ဂိုလ်မို့ လျှော့ရတာ....(မှန်ပါ့) ခင်ဗျားတို့က ဘာမှ မပါသေးဘဲ လျှော့နေကြတယ်၊ ရိပ်မိပလား.... (ရိပ်မိပါပြီ) ဘာ့ကြောင့် လျှော့ကြတာတုံး၊ ဘာမှ မပါခင်က လျှော့နေတယ်....။

အဲဒါကြီး ဆင်ခြေထားပြီးသကာလ ဘုန်းကြီးတို့ တကာ တကာမတွေက ဘုရားက မလျှော့မတင်း စောင်းကြိုးငြင်းဟာ တယ်ဆိုပြီး ကိုယ်ပါအောင် ဆဲထည့်ထားတယ်....(မှန်ပါ့)။

ဒီလို ဆဲထည့်ရမှာလား....၊ လွန်ကဲ့ ပုဂ္ဂိုလ်ပြောတာလား.... (လွန်တဲ့ပုဂ္ဂိုလ်ပြောတာပါဘုရား) ခုမှ မလုပ်သေးတဲ့လူက ဒီထဲ ပါလို့ တော်ပါ့မလား၊ ရိပ်မိပလား.... (ရိပ်မိပါပြီ)။

အံမာလေး....ကြောက်စရာကောင်းတဲ့ တကာ တကာမတွေ ဆင်ခြေကော ကိုယ်နဲ့တန်တဲ့ ဆင်ခြေလား.... မတန်တဲ့ ဆင်ခြေလား မပြောတတ်ဘူး....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီ) တန်တဲ့ဆင်ခြေလား၊ မတန်တဲ့ ဆင်ခြေလား.... (မတန်တဲ့ ဆင်ခြေပါဘုရား) ဘယ်ကမျှား ကျက်ထားကြသလဲ၊ မတန်တဲ့ ဆင်ခြေ ကျက်ထားရတယ်လို့၊ အတော်ဆိုးတယ်ဆိုတာ မောင်သစ် ပေါ်ပလား....(ပေါ်ပါပြီ)။

ဟိုမှာတော့ ဘာဖြစ်လို့တုံး- တင်းလှန်းလို့.... (မှန်ပါ့ တင်းလှန်းလို့ပါ) လျှော့ပါဦးကွာ....၊ သဘောကျလား.... (မှန်ပါ့) ဟိုမှာတော့ စီရိယလှန်နေပြီး သမာဓိ နည်းနေလို့.... (မှန်ပါ့) လျှော့ပါဦး....လို့။

ဒီမှာတော့ ဘာမှ မလှန်ခင်က ဘာလုပ်နေသတုံး.... (လျှော့ပါဦး) လျှော့ပါဦးဆိုတော့ အစကကို ဘာမှမပါဘဲ လျှော့နေတာ....(မှန်ပါ့) သဘောပါပလား.... (ပါ-ပါပြီ)။

အဲဒီတော့ ခင်ဗျားတို့ ဆင်ခြေလဲမယ်ကြံလို့ရှိယင်လဲ သူ့ဝတ္ထုသွားလဲ အကဲခတ်ပါဦး....(မှန်ပါ့) ငါလိုလူစားဘဲလား.... ဘယ်လို ပုဂ္ဂိုလ်လဲဆိုတာ အကဲခတ်ပါဦး....(မှန်ပါ့)

အကဲခတ်ပြီးတော့မှ ဆင်ခြေလဲလို့ရှိယင်လဲ ဆင်ခြေတည့်ချင်တည့်သွားမယ်....(မှန်ပါ့) အခုဟာက အကဲမခတ်ဘဲနဲ့ ပြောသံကြားနဲ့ ဆင်ခြေလဲနေတာ .... (မှန်ပါ့) တည့်ပါ့မလား.... (မတည့်ပါဘုရား)။

သောဏမှာ လှန်လို့ လျှော့ပါဦးလို့ ပြောရတာ (မှန်ပါ့) ခင်ဗျားတို့က လှန်သလားလို့ မေးယင် ဘယ့်နှယ်ပြောမလဲ.... (မလှန်ပါဘုရား) စ,ဘဲ့ မစ,ရသေးပါဘူးဗျာ၊ အခုမှ အစဆားပါဦး-ဟုတ်လား.... (မှန်ပါ့ဘုရား)။

အဲဒီ့ အဓိပ္ပါယ်ရောက်နေတော့ ဦးသံဒိုင် ကိုယ့်အသုံးအနှုန်းတွေကလဲ မဟုတ်ဘူး.... (မှန်လှပါဘုရား) ဟုတ်ကြရဲ့လား.... (မဟုတ်ပါဘုရား) မဟုတ်ပါဘူး....တဲ့၊ ဒီဥစ္စာ- ကိုယ့်အသုံးဟာ, လိုပါသေးတယ်ဆိုတဲ့ဥစ္စာ ပေါ်လာတယ်....(မှန်ပါ့ဘုရား)။

အဲဒီတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဟော့....ဓမ္မာဓိပတိကို အဓိပတိထားလို့ရှိယင် မင်းဟာ သေသေချာချာရမယ်.... (မှန်ပါ့) ဒီတရားဟာ ကောန် နိဗ္ဗာန်ရောက်တဲ့ တရား၊ ငါဖျင်းလို့သာ မရတာ.... (မှန်လှပါ) ငါမဖျင်းတော့ဘူးဆိုယင် ရရမယ်.... (မှန်ပါ့) ဒီလိုတရားကို အဓိပတိထားပါလို့ ဘုရားကဟောတယ်.... (မှန်ပါ့ဘုရား) ရှင်းပလား.... (ရှင်းပါပြီ)။

ခင်ဗျားတို့ကတော့ဖြင့် တဲ့၊ ဒီအတိုင်းသာ တရားကိုအဓိပတိထားပြီး ကြိုးစားကြမယ် ဆိုလို့ရှိယင် လိုရာခရီး အပြီးတိုင်ရောက်မှာဘဲ.... (မှန်ပါ့ဘုရား) ရှင်းပြီနော်....(ရှင်းပါပြီ)။

အခုတော့ တရားအဓိပတိ မထားတဲ့အပြင်၊ အဓိပတိထားတဲ့ တရားကိုဘဲ ကိုတ်တတ်နိုင်သ၍ ဖျက်ဦးမယ်ဆိုတော့ ကောင်းနိုင်သေးရဲ့လား.... (မကောင်းပါဘုရား) ကိုယ်တတ်နိုင်သ၍ ဖျက်ဦးမယ် ဆိုတာက ကြားစိတ်တွေ့ ဝင်လာယင် ဒါဖျက်တာဘဲ.... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ) ကြားစိတ်တွေ့ ဝင်လာယင် (ဖျက်တာပါဘဲဘုရား) ဖျက်တာဘဲဆိုတာ ပေါ်ပလား .... (ပေါ်ပါပြီ)။

အဲ....ဖျက်တော့ ခင်ဗျားတို့က ဩော်....တရားဆိုတာ မလွယ်ပါကလား....၊ ဟောလာပြီ ခင်ဗျားတို့က.... (မှန်ပါ့) ဘယ့်နှယ်လာသလဲ.... (တရားဆိုတာ မလွယ်ပါကလား)။

အင်း....တရားသာ မလွယ်တာ ဘုရားကဖြင့် ဒီ တရားအခါမလင့် အကျိုးပေးမယ်ဆိုတဲ့ ဥစ္စာဖြင့် ဘုရားကလဲ အနီးဆုံးဟောတာ.... (မှန်ပါ့ဘုရား) အခါမလင့်ဆိုတာ ခုလုပ် ခုရမယ်

ပြောတာ.... (မှန်ပါ့ဘုရား) ရှင်းပလား.... (ရှင်းပါပြီ) အခါ မလင့်ဆိုတာဘာတုံး.... (ခုလုပ် ခုရမယ်ပြောတာပါ)ခင်ဗျားတို့က ဘယ်ထဲသွင်းသလဲ၊ မလွယ်ပါကလားတဲ့.... (မှန်ပါ့)။

ဘယ့်နှယ်ဖြစ်နေသလဲ၊ တရားဖျက်မှ ဖျက်ကြရဲလား၊ ဖျက်တာမှ ဟုတ်ကဲ့လား.... (မဟုတ်ပါဘုရား) ကိုယ့်ဟာကိုယ်လဲ အကဲခတ်ပါဦး....(မှန်ပါ့ဘုရား)သဘောပါကြပလား.... (ပါ-ပါပြီဘုရား) ဘယ်သူ့ ဖျက်တာတုံး.... (တရားဖျက်တာပါဘုရား)။

အင်း တရားဖျက်တော့ ဘုရားကော ကျန်ရစ်ဦးမှာလား.... (မကျန်ရစ်ပါဘုရား) မကျန်ရစ်တော့ဘူး သူ—ဟောတဲ့ပုဂ္ဂိုလ်လဲ တော်အောင် ဟောထားတာဆိုတာ လာဦးမှာ ခင်ဗျားတို့က.... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ)။

အဲဒီလောက်တောင် ခင်ဗျားတို့ တရားကို အဓိပတိမထား လို့ ရှိယင်တော့ မောင်သစ်တို့၊ ဦးသံဒိုင်တို့ ဘယ်နည်းနှင့်မှ မဂ်ဉာဏ်- ဖိုလ်ဉာဏ် မရနိုင်ဘူး....(မရနိုင်ပါဘုရား)။

ဘာဖြစ်လို့ မရနိုင်သတုံးဆိုတော့ ခင်ဗျားတို့ကိုက ကိလေသာ ဆင်ခြေများလို့-လို့ ယနေ့ ထူးထူးလည်လည် မှတ်ရမယ် (မှန်ပါ့ဘုရား) ဘယ်နှယ်ကြောင့် မရသတုံး.... (ကိလေသာ ဆင်ခြေများလို့ပါဘုရား)။

ကြည့်လေ....အေးသေးတယ်- ပူလို့၊ စောသေးတယ်၊ မိုးချုပ်လို့.... (မှန်ပါ့) ခင်ဗျားတို့ဟာက ဘယ်ဟာများ ကျန်သေးသတုံး.... (မကျန်ပါဘုရား) ဆာယင်-ဆာတယ်.... (မှန်ပါ့) ဝ,ပြန်တော့ကော....(ဝ,တယ်)။

ခက်ပြီကော၊ ဆာပြန်တော့လဲ အားမထုတ်၊ ဝ,ပြန်တော့လဲ အားမထုတ်.... (မှန်ပါ့) ကိစ္စကလေး ရှိနေပြန်တော့ကော .... (အားမထုတ်ပါ) ခရီးကလေးက သွားမည့်ကြံတော့.... (အားမထုတ်ပါ) ဘယ်မတုံး ခင်ဗျားတို့ဟာ အဖျက်ချည့်ဘဲ....(မှန်ပါ့ဘုရား) သဘောကျပလား.... (ကျပါပြီ)။

အဲဒါတွေ ပြောနေလို့ရှိယင် ခင်ဗျားတို့ ဆင်ခြေဟာ....တဲ့၊ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက အကုန်သိတယ်.... (မှန်ပါ့ဘုရား) အဲဒါ တရားကို အဓိပတိမထားလို့ ဆင်ခြေနဲ့ ဖျက်နေတာကွဲ့.... (မှန်ပါ့) တရားအဓိပတိ မထားလို့.... (ဆင်ခြေနဲ့ဖျက်နေတာပါဘုရား)။

ဒါဖြင့် အဖြူကို အမဲနဲ့ ဖျက်နေတယ်.... (မှန်ပါ့) မောင်သစ်ဘာတဲ့တုံး.... (အဖြူကို အမဲနဲ့ ဖျက်နေပါတယ်ဘုရား) အဖြူကို အမဲနဲ့ဖျက်နေတာဆိုတော့ သူ့ဟာက ဖြူစင်တဲ့တရား၊ သွာက္ခာတော ဘဂဝတာ ခမ္မောက ဖြူစင်ဘဲ့တရား(မှန်ပါ့)ကိလေသာနဲ့ ဖျက်လိုက်တဲ့ အခါကျတော့ ကိလေသာက မဲတယ်....(မှန်ပါ့မဲပါတယ်)။

ဒါဖြင့် ခင်ဗျားတို့ တရားအားထုတ်နေကြတာလား၊ အဖြူကို အမဲနဲ့ ဖျက်နေကြတာလား.... (အဖြူကိုအမဲနဲ့ ဖျက်နေတာပါဘုရား) သြော်....ခင်ဗျားတို့နဲ့ တွေ့ရမှဘဲ ဒီတရား အရုပ်ဆိုးပေတော့တယ်၊ ရိပ်မိပလား.... (ရိပ်မိပါပြီ)။

ဘယ်သူနဲ့တွေ့မှလဲ.... (တပည့်တော်တို့နဲ့ တွေ့မှပါဘုရား) ဒီတရားဟာ အရုပ်ဆိုးသွားတယ်.... (မှန်ပါ့) သူ့ဟာသူ နေလို့ရှိယင် အကောင်းသား.... (မှန်ပါ့) ခင်ဗျားတို့နဲ့ တွေ့မှဘဲ....

(အမဲဖြစ်ရပါတယ်) အမဲဖြစ်ရတယ် ဆိုတော့ အင်မတန် မနာဘူးလား.... (နာပါတယ်ဘုရား)။

ကဲ-ဒါသေးသေးချာချာတွေးကြည့်မှ သြော်....ငါဟာ အဖြူကို အမဲလုပ်နေတဲ့ပုဂ္ဂိုလ်တဦးတယောက် ပါလား... (မှန်ပါ့)။

ဒါဖြင့် တရား အဓိပတိမထားလို့ ခင်ဗျားထို့ မဂ်ဖိုလ်မရတာ.... (မှန်ပါဘုရား) ရှင်းပလား.... (ရှင်းပါပြီ) ဘာအဓိပတိမထားလို့လဲ.... (တရားအဓိပတိမထားလို့ပါ) တရားအဓိပတိမထားလို့ မရဘာဆိုဘာ သေချာကြပလား.... (သေချာပါပြီ)။

ဒါဖြင့် ခင်ဗျားတို့ ဆင်ခြေတွေ အကုန်ဖြုတ်ပါ.... (မှန်ပါ့) တရားကိုသာ အဓိပတိထား၊ သဒ္ဓာကွာတော့ ဘဂဝတ္တာ ဓမ္မော.... ဘဂဝတ္တာ=မြတ်စွာဘုရားသခင်သည်၊ ဓမ္မော = ဟောထားတဲ့ တရားသည်၊ သဒ္ဓာကွာတော့- သုအာကွာတော့=ကောင်းစွာ နိဗ္ဗာန်ဆောင်၏.... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီ) ဘယ်သူ့ အဓိပတိထားမလဲ.... (တရားကို အဓိပတိထားရပါမယ်)။

အဲ သူ့ကိုအားထုတ်လို့ သူ့ကိုကြိုးစားလို့မှ သူက မဆောင်လို့ရှိယင်တော့ တရားအပြစ်ပေါ့.... (မှန်ပါဘုရား) ကြားစိတ်တွေ ဝင်လာလို့ မရတာကျတော့ ခင်ဗျားတို့က ဖျက်လို့မရတာ (မှန်ပါဘုရား) ရှင်းပလား.... (ရှင်းပါပြီ)။

ဒါဖြင့် သူ့ကို ဖြစ်ပျက်ကို အားထုတ်ကြပါ၊ ဝေဒနာကြိုက်ယင် ဝေဒနာဖြစ်ပျက် အားထုတ်ပါ။

ကဲ....အချိန်စေ့သွားပြီ ဒီနေ့တော်ကြဦးစို့.

သာဓု....သာဓု....သာဓု

အမရပူရမြို့ မဂ်လာတိုက်ဟောင်း

ကျေးဇူးတော်ရှင် — အာဂုမဟာ ပဏ္ဏိတ

မိုးကုတ် ဆရာတော်ဘုရား

အမရပူရမြို့ မဂ်လာရိပ်သာကျောင်းပေါ်၌

ဟောကြားတော် မူသော

ဒုါရခြောက်ပေါက်-တပေါက်ကနေ အမိဖမ်းရမည့်

ည အလုပ်ပေး တရားတော်

(၂၆-၁၁-၆၁)

တကာ-တကာမတို့ တရားမှတ်ကြ၊တကာ-တကာမတွေ့ တရားအားထုတ်နည်း သင်နေတယ်လို့ မှတ်ရမယ်နော်.... (မှန်ပါ့)။

တရားအားထုတ်နည်းက ဒုါရခြောက်ပေါက်တို့၊တပေါက်တည်းကနေ ဖမ်းရမယ်ဆိုတဲ့ဥစ္စာ မှတ်ထားရမယ်.... (မှန်ပါ့)။

မျက်စိပေါက်က ဝိပဿနာမရှုကောင်း၊ နားပေါက်က ဝိပဿနာမရှုကောင်း၊ နှာခေါင်းပေါက်က မရှုကောင်း၊လျှာပေါက်က မရှုကောင်း၊ ကိုယ်ပေါက်က မရှုကောင်း မနောပေါက်ကဘဲ ရှုကောင်းတယ်....နော်၊ မနောပေါက် တပေါက်တည်းကနေ ရှုရမယ်၊ ဘယ်အပေါက်က ရှုကြမယ်.... (မနောပေါက်ကရှုကြရမယ်ဘုရား) မနောပေါက်က ရှုရလိမ့်မယ်လို့ မြဲမြဲစဲ့စဲ့ မှတ်ကြ

ပါ၊ မနောပေါက်ကမှ အမှန်အကန် သိတယ်လို့ ဆုံးဖြတ်ချက်ချ၊ ပါ....(မှန်ပါ့)။

ဒီ့ပြင်အပေါက်က သိတာတွေက မမှန်ဘူးတဲ့၊ မနောသာလျှင် ကိုးစားရာ အားထုတ်ရာရှိတယ်လို့ မှတ်ကြပါ.... (မှန်ပါ့ ဘုရား)။

ဘုရားက ဘယ်လိုပြလိုက်သတုံးဆိုတော့ သဋ္ဌာယတန ဝဂ္ဂ သံယုတ်မှာ* မျက်လုံးဟာ....ကွာတဲ့၊ မြွေနဲ့ တူတယ်ဟေ့....တဲ့။

မျက်လုံးဟာ ရှင်းနေတဲ့နေရာ တယ်ပြီးမကြည့်ချင်ဘူး၊ လှုပ်လှုပ်ရွရွ ရှုပ်ရှုပ်ထွေးထွေးဆိုလို့ရှိယင်ဖြင့် ကြည့်ချင်တယ်၊ ဒါ့ကြောင့် ကျောင်းတွေ,ကန်တွေကျတော့ ပန်းတွေဘာတွေထည့်ကြပြုကြ ဒါဘယ်သူ့အကြိုက် ထည့်တာတုံးမေးယင် ဘယ့်နှယ်ဖြေကြမလဲ.... (မျက်လုံးအကြိုက်ပါဘုရား)။

မျက်လုံးအကြိုက်ထည့်တာ၊ ဒါဖြင့် မျက်လုံးဟာ အရှုပ်ကြိုက်ဘဲလို့ ဆိုသောကြောင့် ဘုရားက မျက်လုံးဟာ မြွေနဲ့တူသကွ....တဲ့။

မြွေများ ကွင်းပြင်လွတ်လို့မရပါဘူး၊ မြွေ ကွင်းပြင်လွတ်လို့ရှိယင်ဖြင့် ခြုံရှိရာ အရှုပ်ရှိရာ ပြေးတယ်ဆိုတာ တကာ-တကာမတွေ မြင်ဘူးကြပါလိမ့်မယ်....(မှန်ပါ့ဘုရား)။

မျက်လုံးဟာ ဒါဖြင့် ဘာနဲ့တူသတုံး.... (မြွေနဲ့တူပါတယ်ဘုရား)။

---

*သဋ္ဌာယတနဝဂ္ဂသံယုတ်၊ အာသီဝိသောပမဝဂ်၊ ဆပ္ပါဏ-ကောပမ သုတ်တော်။

မျက်လုံးက အရှုပ်တဲ့၊ မြေနဲ့တူတယ်လို့မှတ်ထား၊ မြေဆိုတာ သည်ကားလို့ဆိုလို့ရှိယင် ဘယ်တော့မှ ကွင်းပြင်မှာ ဟာလာဟင်းလင်း နေရာမှာ မောင်သစ်တို့- ဦးသံဒိုင်တို့ ပျော်မြဲမမှတာမရှိပါဘူး.... (မှန်ပါ့) ခြုံရှိရာ-တွင်းရှိရာ ရှုပ်ရာ ဒီလိုနေရာသာ ပြေးလေ့ရှိတယ်....(မှန်ပါ့)။

နားကတော့ ခပ်အေးအေး ကြိုက်တယ်၊ နားကတော့ ခပ်အေးအေးကြိုက်သောကြောင့် ဘုရားက မိကျောင်းနဲ့တူသက္ခ....တဲ့၊ နားကတော့ ဘာကြိုက်ပါလိမ့်.... (ခပ်အေးအေးကြိုက်ပါတယ်ဘုရား)။

မိကျောင်းက ရေအိုင်ထဲ ဆင်းပြီးသကာလ တခါတည်း သူ့အေးအေးချမ်းချမ်းကလေး အိပ်သာနေချင်တယ်....(မှန်ပါ့)။

အဲဒီတော့ နားပေါက်ကတော့ကို....တဲ့၊ သူ့အကြိုက် ပြောရလို့ရှိယင် မိကျောင်းနဲ့တူတယ်လို့ မှတ်ထားရမယ်- နော်.... (မှန်လှပါဘုရား)။

နှာခေါင်းကတော့ကို တကာ-တကာမတို့ သိတဲ့အဘိုင်းတဲ့၊ သူက ဘယ်နေရာမှ ပျော်လေ့ရှိသတုံးဆိုတော့ သန့်သန့်ရှင်းရှင်းလေပြေလေပြင်းတွေ ရှူရှိုက်ပြီးတော့ သူက နေချင်တော့ ကောင်းကင်မှာ ဟင်းလင်းဟာလာမှာ သူကပျော်လေ့ရှိတယ်.... (မှန်ပါ့ဘုရား)။

အဲဒါကြောင့် သူ့ကျတော့လဲ ငှက်နဲ့တူသဟေ့- တဲ့....၊ (မှန်ပါ့) ဘုရားသခင်ကိုယ်တော်မြတ်ကြီးက သင်္ဃာယတန ဝဂ္ဂ

သံယုတ်မှာဟောတယ်၊ ငှက်နဲ့တူတယ်-တဲ့၊ သူကတော့ ကောင်းကင်ပျော်တယ်.... (မှန်ပါ့ဘုရား)။

လျှာကတော့ ဘာနဲ့တူသတုံးလို့ ဆိုလို့ရှိယင်ဖြင့် အိမ်ခွေးနဲ့တူတယ်၊ အိမ်မှာရှိတဲ့ ခွေးတွေနဲ့တူတယ်-တဲ့၊ မီးဖိုချောင်ပျော်တာကိုး.... (မှန်ပါ့) လျှာပေါက်က ဆာလောင်တယ်ဆို မီးဖိုချောင်ပြေးတာဘဲ.... (မှန်ပါ့ဘုရား)။

ဒါကြောင့် လျှာပေါက်က အိမ်ခွေးနဲ့တူတယ်.... (မှန်ပါ့) သူက ဆာလောင်တယ်ဆို မီးဖိုချောင်ဘဲ ဦးတည့်သွားကြတာဘဲ.... (မှန်ပါ့) ဘာမျှးရှိပါလိမ့်၊ ဘာကျန်ပါသေးတုံး ဆိုပြီး သကာလ လျှာကတော့ မီးဖိုချောင်ပြေးတယ်၊ ဒါကြောင့် အိမ်ခွေးနဲ့တူတယ်.... (မှန်ပါ့)။

ဘယ်လိုရိုက်ရိုက် အိမ်ခွေးမျှးသည်ကား လို့ဆိုယင် မီးဖိုချောင် ပျာပုံရှိတဲ့ဆီပြေးတာဘဲ.... (မှန်ပါ့ဘုရား)။

ကဲ....တခါစဉ်းစားပါဦးတဲ့၊ ကိုယ်ပေါက်ကတော့ ခပ်အေးအေး ခပ်စောင်းစောင်း ခပ်မှိမှိကလေး နေချင်တယ်။

သူက ခပ်အေးအေးနေရာကလေးမှာ ခပ်ခွေခွေ အိပ်ချင်တယ်၊ ခပ်မှိမှိကလေး နေချင်တယ် ဆိုသောကြောင့် သူကတောခွေးနဲ့တူတယ်၊ တောခွေးဟာ သူသာန်ပျော်တယ်—တဲ့....၊ (မှန်ပါ့) လူသားစားပြီး ခပ်အေးအေး အိပ်နေချင်တာဘဲ.... (မှန်ပါ့)။

မနောပေါက်ကတော့ ဝမ်းထဲကတော့ မျောက်နဲ့တူတယ်၊ မျောက် ဆိုတာကတော့ အမြင့်ကြီး တက်ပြီး သကာလ

ဟိုကြည့်- ဒီကြည့် သစ်ပင်အမြင့်ကြီးတက်လို့ ဟိုမျှော်- ဒီမျှော် ဒီလိုနေရမှ မျောက်ကပျော်တာ.... (မှန်ပါ့ဘုရား)မနောပေါက်က ဘာနဲ့တူသလဲ.... (မျောက်နဲ့တူပါတယ်ဘုရား)။

ကဲ....ဒါက ဘုရားကပေးတဲ့ဥပမာ ပြန်ပြောကြပါဦးစို့-တဲ့ မျက်လုံးပေါက်က ဘာနဲ့တူသတုံး.... (မြွေနဲ့တူပါတယ်ဘုရား) နားကတော့ကော.... (မိကျောင်းနဲ့ တူပါတယ်) သူကတော့ အေးအေးချမ်းချမ်းနဲ့ ရေစပ်ထဲမှာ ရေငုတ်ပြီးသကာလ အိပ်နေချင်တဲ့ သဘောဘဲ....(မှန်ပါ့)။

နားပေါက်ကတော့ ဘာနဲ့တူသလဲ.... (မိကျောင်းနဲ့တူပါတယ်ဘုရား) တူတယ်နော်.... (မှန်ပါ့)။

နှာခေါင်းပေါက်က ဘာနဲ့တူသလဲ.... (ငှက်နဲ့တူပါတယ်ဘုရား) ငှက်နဲ့တူတယ်-တဲ့၊ သူကတော့ ရှူရှိုက်ပြီး ခပ်မော့မော့ကလေး နေရမှ ပက်လက်လှန်ပြီး ရှူရှိုက်နေရမှ ဒီလိုမှ သူကပျော်လေ့ရှိတယ်၊ ကောင်းကင်ဘက် သူက လှည့်လှည့် ပျော်လေ့ရှိတယ်.... (မှန်ပါ့ဘုရား)။

ဒါကြောင့် နှာခေါင်းပေါက်က ဘုရားသခင် ကိုယ်တော် မြတ်ကြီးက ဂဠုန်ငှက်တို့-တောင်ငှက်တို့ ဒါတွေနဲ့တူသက္ခ-တဲ့....၊ (မှန်ပါ့) လျှာပေါက်ကတော့ အိမ်ခွေးနဲ့ တူတယ်-နော်.... (မှန်ပါ့) အိမ်ခွေးကတော့ မီးဖိုချောင်ဘဲ ပျော်လေ့ရှိတယ်.... (မှန်ပါ့) အိမ်ခွေး လာလို့ရှိယင်လဲ အိမ်ပေါ်တက်တယ်ဆိုတာ အလကားပြောတာတဲ့ မီးဖိုချောင်ရှာတာ....(မှန်ပါ့)။

ကဲ....တောခွေးကတော့ကို....တဲ့၊ တောထဲ လူသားစားပြီး သကာလ သူသာန်ပျော်တယ်.... (မှန်ပါ့ဘုရား) ကိုယ်ပေါက်က သူသာန်ပျော်တယ်၊ လဲအောင်းပြီးသကာလ အေးအေးချမ်းချမ်း နေရလို့ရှိယင် သူကျေနပ်နေတာဘဲ.... (မှန်ပါ့ဘုရား) လူသား တွေစားပြီးသကာလ သူ သုသာန်ထဲမှာ ဘယ်သူနဲ့မှ မတွေ့ချင်ဘူး၊ အိပ်နေတယ်၊ သူကတွေ့ရမှာကို အင်မတန် ကြောက်တယ်

ကိုယ်ပေါက်တော့ကို....တဲ့၊ တောခွေးနဲ့တူတယ်ဆိုတာ သိပြီးကြပါပြီ.... (မှန်ပါ့ဘုရား) မနောပေါက်က ဘာနဲ့တူသလဲ.... (မျောက်နဲ့တူပါတယ်ဘုရား)။

မျောက်ကတော့ အမြင့်တက်ပြီးသကာလအပင်ကြီး မြင့်မားစွာတက်၊ ဂွကြားထိုင်-ထိုင်ပြီးသကာလမှ သူက ဟိုကြည့်-ဒီကြည့်နဲ့၊ မျောက်များ မြင်ဘူးကြပါလိမ့်မယ်.... (မြင်ဘူးပါတယ်.... ဘုရား) ငြိမ်ငြိမ်နေတယ်လို့ရှိရဲလား.... (မရှိပါဘုရား)။

ဟို မျော်လှမ်းကြည့် ဒီ မျော်လှမ်းကြည့်၊ မနောပေါက်က တော့ ကုံစည် တွေးတောပြီး နေရမှ သူကကြိုက်တယ်....(မှန်ပါ့ဘုရား) ဒါကြောင့် မျောက်နဲ့တူတယ်လို့ ဘုရားက ဟောလိုက်တယ်....(မှန်ပါ့)။

အဲဒီတော့ တကာ တကာမတွေမှာတဲ့ မျက်လုံးပေါက်ကလဲ မြေလဲရှိတယ်ဆိုတဲ့ အစဉ်အတိုင်း ဒါမတွေကြောက်စရာ၊ တကာ တကာမတွေက ဒီခြောက်ပေါက် အကြိုက်တွေ လှည့်ပြီး ကျန်ခဲ့နေရတယ်....(မှန်ပါ့ဘုရား)။

ဒီခြောက်ပေါက်အကြိုက်ကို.... (လှည့်ပြီးကျန်ခဲ့နေရပါတယ် ဘုရား) လှည့်ပြီးကျန်ခဲ့နေရတာ။

သို့သော် တကာ တကာမတွေက သြော်....မျက်လုံးအကြိုက်ကို ဆိုလို့ရှိယင်လဲ ဓါတ်ရှင်တို့ ဘာတို့ ရှုပ်ပြီး အရုပ်တွေ ဖြတ် ဖြတ်လဲတဲ့ဆီ လိုက်ပို့တန် ပို့နေရတယ်.... (မှန်ပါ့ဘုရား)။

ဒါ ဘယ်သူက ဆွဲခေါ်သွားတာလဲ.... (မျက်လုံးပေါက်က.... ဆွဲခေါ်သွားတာပါဘုရား) မျက်လုံးပေါက်က ဆွဲခေါ် သွားတယ်။

နားပေါက်ကလဲ မိကျောင်းလိုဘဲတဲ့၊ ရေထဲဆွဲပြီး အေးတဲ့နေရာ သွားပြီးသကာလ သူသည်ကားလို့ ဆိုယင်ဖြင့် နေချင်တဲ့စွမ်းရည်သတ္တိရှိတယ်.... (မှန်ပါ့)။

အေးအေး နေရာကလေး ကျုပ်တယောက်တည်း ထိုင်ပြီး သကာလ နေစမ်းချင်တယ်ဗျာ၊ ဘာသံမကြား ညာသံမကြား ကျုပ် သိပ်ကြိုက်တယ်၊ နားပေါက်က.... (မှန်ပါ့)။

သူက ဒါကြောင့် မိကျောင်းလိုဘဲတဲ့ ရေကန်ထဲမှာ ရေအိုင်ကလေးထဲမှာ တခါတည်း ငုတ်လျှိုးပြီး အိပ်နေချင်တဲ့ သဘော သတ္တိရှိတယ်.... (မှန်ပါ့) ခပ်အေးအေးကြိုက်တယ်.... (မှန်ပါ့ဘုရား)။

ဒါဖြင့် ဒီတကာ တကာမတွေ သားကောင် ဘယ်နှစ်ကောင် ကျောင်းနေရသလဲ.... (ခြောက်ကောင်ကျောင်းရပါတယ်)။

မသိကြဘူး၊ ဒီတော့ တကာ တကာမတွေက ဒို့မှာ သား ကောင် ခြောက်ကောင်နဲ့ တူဘာတွေ တူတဲ့ဒုရင်ခြောက်ပေါက် ကို ဒို့ကျောင်းနေရပါကလားလို့ ဆိုတာကို မသိကြတော့

တခါတလေ မျက်လုံးပေါက်က မြွေက ဆွဲသွားတဲ့အခါ ဓါတ်ရှင် ဘိုင်စကုပ်တွေ ရောက်သွားပြန်တယ်.... (မှန်ပါ့)။

အင်း....ဘယ်သူက ဆွဲသွားသလဲ.... (မြွေမျက်လုံးပေါက်က ဆွဲသွားပါတယ်) မျက်လုံးပေါက်က မြွေသဘောပေါ့၊ အရှုပ်ထဲ ဆွဲသွားပါတယ်.... (မှန်ပါ့) ဘယ်ဆွဲသွားပြန်သလဲ.... (အရှုပ်ထဲ ဆွဲသွားပါတယ်ဘုရား)။

ဒါလဲ တကာ တကာမတွေက ပါသွားတာဘဲ၊ ဩော်.... ခက်ပါဘိတော့၊ မြွေဆွဲရာ ပါသွားလို့ရှိယင် အရှုပ်ထဲတော့ ရောက်တော့မှာဘဲ၊ မရောက်ဘူးလား.... (ရောက်ပါတယ်ဘုရား) တယ်လဲဆိုးပါကလား.... (မှန်ပါ့)။

ဒါဖြင့် တကာ တကာမတွေမှာ တဲ့ နားပေါက်က ဆွဲလိုက် ပြန်လဲ ရေထဲရောက်....ဟင်.... (မှန်ပါ့) မိကျောင်းနဲ့တူတဲ့ နား ပေါက်ကဆွဲလို့ ရေထဲရောက်ပြန်.... (မှန်ပါ့) တခါတည်း အေး အေး ချမ်းချမ်း နေရာမှာ ချောင်ထိုးပြီးသကာလ နေတဲ့အချိန် များ ခင်ဗျားတို့က ပါသေးတယ်.... (မှန်ပါ့)။

ငါရှိတယ်လို့တောင် မပြောနဲ့ဟေ့.... ငါ တချောင်ချောင် ခိုလိုက်ဦးမယ်၊ မိကျောင်းဆိုတော့ ဦးသံဒိုင်တို့ တခါတလေ လူတွေ သူတွေ မတွေ့ချင်တဲ့ အခါကော.... မပါဘူးလား.... (ပါ-ပါတယ်ဘုရား)။

ဒီကျတော့ ချောင်ပိတ်ပြီးသကာလ ကိုယ့် အခန်းကလေး ထဲမှာ တံခါးကလေး သော့ခတ်၊ သူက နားအတွက် အမှုထမ်း ပေးနေတာ.... (မှန်ပါ့)။

ဘယ်သူ့အတွက်အမှုထမ်းပေးသလဲ.... (နှားအတွက်အမှုထမ်းပေးပါတယ်) နှာခေါင်းအတွက်ကလဲ ကောင်းကင်ကြည့် ရှုချင် ရှိုက်ချင် လေညင်းကလေးတွေ လေပြေ လေသန့် ကလေးတွေ ရှုရှိုက်ပြီး သကာလ ခပ်မောမောကလေးနဲ့ ကုလားထိုင်ပေါ် မှာ တခါတည်း အသက်ကလေးမှန်မှန် ရှူပြီးနေချင်တဲ့အခါ ကလဲ ရှိသေးတယ်.... (မှန်ပါ့) သူကငှက်နဲ့တူတယ်၊ ဒါကြောင့် ကုလားထိုင်ကလေးတွေ ဘာလေးတွေ နောက်မှကလေးတွေနဲ့ ထားကြတာပေါ့....(မှန်ပါ့)။

ဒါဘယ်သူ့အတွက် ထားကြတာလဲ.... (နှာခေါင်းပေါက် အတွက်ပါဘုရား) နှာခေါင်းပေါက်အတွက် ထားကြတာ။

လျှာပေါက်အတွက်ကလဲ အင်းအိမ်ဆောက်တော့မီးဖို့ချောင် မပါယင် မဖြစ်ဘူး၊ မီးဖိုဆောင်မပါလို့ရှိယင် တအိမ်လုံး ဒုက္ခ ဖြစ်ကုန်လိမ့်မယ်- ဆိုပြီးသကာလ လူကြီးသူမ လုပ်တဲ့သူက မီးဖိုချောင် ခမ်းခမ်းနားနား စားစရာသောက်စရာတွေ အပြည့် အစုံတွေ ဟိုဘူး ဒီခွက်တွေနဲ့ ထည့်ပြီး သကာလ အမျိုးမျိုး အဖုံဖုံထားကြရတယ်။

ဒီအခါကျတော့လဲ လျှာပေါက်ကဆွဲသွားလို့ ဒီတကာ-တကာမတွေ အငြိမ်မနေနိုင်ပါဘူး၊ မီးဖိုချောင်ရောက်သွားတာ ဘဲ.... (မှန်ပါ့ဘုရား) မရောက်ဘူးလား.... (ရောက်ပါတယ် ဘုရား)။

တကာ- တကာမတွေဖြင့် ကိုယ့်အလိုမပါဘူး၊ ဆဲရာပါနေ ကြတာဘဲ.... (မှန်လှပါဘုရား)ကိုယ့်အလို.... (မပါ-ပါဘုရား)။

ဒုဒါရေခြောက်ပေါက်- သားကောင် ခြောက်ကောင်က ဆဲရာ လိုက်ပြီးသကာလ နေကြရတယ်ဆိုတာ ဒါကို ဘုရား သခင် ကိုယ်တော်မြတ်ကြီးက ဟောချင်တာ.... (မှန်ပါ့)။

ကိုယ်ပေါက်ကလဲ ခပ်စင်းစင်းကလေး— ခပ်လဲ့လဲ့ကလေး- ခပ်မှိမှိကလေး သူကဒီလိုမှ မှိန်းပြီး သကာလ နေချင်တဲ့သဘော က ရှိနေပြန်တော့ တောခွေးလိုဘဲ တောထဲ သုသာန်သချိုင်း မှာ လူသေဖေါ်စားပြီး သကာလ အေးအေးချမ်းချမ်းနဲ့ အိပ် ပြီးသကာလ နေချင်တာ....(မှန်ပါ့)။

ကိုယ်ပေါက်ကလဲ အိပ်ချင်တယ် ဆိုလို့ရှိယင် ခင်ဗျားတို့ သုသာန်သဘော- လူသေသဘော သွားလုပ်ကြတာဘဲ.... (မှန်ပါ့ ဘုရား)။

မနောပေါက်ကလဲ သြော်....အကြံအစည်မရှိ မဖြစ်ဒေသးပါ ဘူး၊ ယောဂကျင့်ဘဲ အကြံအစည်တော့ ရှိဦးမှပေါ့၊ အကြံအစည် တုံးတာ လူညှန့်တုံးတယ်၊ သူကလဲ ဟိုဘက်လှည့်ကြံလိုက်၊ ဒီဘက် လှည့်ကြံလိုက်၊ ကြားကလဲ မအားဘူး....(မှန်ပါ့)။

သူကလဲ အမြင့်တက်ပြီး ဟိုကြည့် ဒီကြည့်- ကြည့်နေရမှကိုး၊ မကြည့်ယင် သူကလဲ ကျေနပ်ကဲ့လား.... (မကျေနပ်ပါဘုရား) သူကလဲ မကြံမစည်ရလို့ရှိယင်.... (မကျေနပ်ပါဘုရား) မကျေနပ် ဘူး၊ လောကီအလုပ်တော့ မကြံစည်ရလို့ရှိယင် အကြံမဲ့ ကံမဲ့ ဖြစ်လိမ့်မယ်၊ လူ့အောက်ကျလိမ့်မယ်၊ အစရှိသည်ဖြင့် တကာ တကာမတော့မှာ ဖြစ်နေတော့ ကျောင်းတဲ့လူက တယောက်

တည်း သားကောင်က ခြောက်ကောင်၊ ခင်ဗျားတို့အမောဆိုက်တာဘဲ မှတ်လိုက်စမ်းပါ.... (မှန်လှပါဘုရား)။

ကျောင်းတဲ့လူက.... (တယောက်တည်းပါဘုရား) သားကောင်က.... (ခြောက်ကောင်ပါဘုရား) သားကောင် ခြောက်ကောင်က သန်ရာဆဲသွားတယ်.... (မှန်ပါ့)တခါတလေ ဦးသံဒိုင်ကြီးတို့၊ ဘိုင်စကုပ်များ ရောက်သွားတယ်၊ မောင်သစ်တို့ ဘိုင်စကုပ်များ ရောက်လာတယ်.... (မှန်ပါ့) အင်း....မြွေဆဲသွားတာ၊ ခြုံထဲရောက်သွားတယ်.... (မှန်ပါ့)။

မြွေဆဲသွားလို့ ခြုံထဲရောက်သွားပြီ၊ အဲ....သူ့အခွန်ဆက်ပြီးခဲ့ပြန်ပြီ၊ မြွေအခွန် ဆက်ပြီးခဲ့ပြန်ပြီ၊ သူကျေနပ်လောက်အောင် ဟိုကသိမ်းလာတဲ့အခါ ပြန်လာကြပြန်တော့ အင်း.... တော် တော်ကြာလို့ရှိယင်ဖြင့် ဟေ့.... အိမ်မှာ ဘာများရှိကြသေးသတုံး၊ ဒီဘာမှ မစားခဲ့ကြရသေးဘူး အစရှိသည်ဖြင့် မီးဖိုချောင်ဆဲရာ အိမ်ခေးဆဲရာပါသွားပြန်ပြီ.... (မှန်ပါ့ဘုရား)။

ဖြစ်မှ-ဖြစ်ရပလေ၊ ဘယ့်နှယ်တုံး ခင်ဗျားတို့ အငြိမ်နေခွင့်ကို ရရဲ့လား.... (မရပါဘုရား) မရပါဘူး၊ ကိုယ့်အလုပ်ပါသေးရဲ့လား....(မပါ-ပါဘုရား) သူတို့ ဒုံရင်ခြောက်ပါး အခွန်ဆက်ပြီး အလုပ်-လုပ်နေရတာသာ ဦးသံဒိုင် မများဘူးလား(များပါတယ်) ဘယ်မတုံး-ခင်ဗျားတို့ ကိုယ့်အလုပ်ပြောစမ်း.... (မပါ-ပါဘုရား) မရှိဘူးနော်.... (မှန်ပါ့)။

သားကောင်- ခြောက်ကောင် သန်ရာဆဲတာကို ခင်ဗျားတို့က အမှုလိုက်ထမ်းပေးနေရတယ်.... (မှန်ပါ့) သားကောင်--ခြောက်ကောင် သန်ရာဆဲတာကို.... (အမှုလိုက်ထမ်းပေးနေရတယ်)

မိုးကုတ်ဝိပဿနာလုပ်ငန်းစဉ်တရား (၈)

တခါတလေ မနောပေါက်က အကြံအစည် မျောက်လိုဘဲ အမြင့်တက်ပြီးသကာလ အေးအေးချမ်းချမ်း ငါ အပေါ်ထပ် တက်ပြီး စိတ်အေးလက်အေး နေလိုက်ဦးမကွာ၊ အကြံထုတ်နေ လိုက်ဦးမယ်၊ ဥပမာ တိုက်တွေ့ ဆင့်ဆင့်တည်နိုင်တဲ့ ပုဂ္ဂိုလ်ဖြစ် လို့ရှိယင်လဲ အမြင့်တက်ပြီးသကာလ အကြံဥာဏ် ထုတ်လိုက် ဦးမဟဲ့၊ ဒီအတိုင်းနေလို့တော့ မဖြစ်တော့ဘူး ဆိုပြီးသကာလ တခါတလေ မျောက်စိတ်ပေါက်ပြီးလာတဲ့အခါ မရှိဘူးလား..... (ရှိပါတယ်ဘုရား)။

ဘာစိတ်ပေါက်သလဲ.... (မျောက်စိတ်ပေါက်ပါတယ်ဘုရား) အံမာလေး- လူစင်စစ်ကိုက သားကောင် ခြောက်မျိုး ဖြစ်နေ တယ်.... (မှန်ပါဘုရား) ခင်ဗျားတို့ကို လူလို့ ခေါ်စရာမပါ ဘူး.... (မှန်ပါ) လူလို့ခေါ်စရာ ပါ-ပါသေးရဲ့လား.... (မပါ-ပါဘုရား) သားကောင် ခြောက်ကောင် သန့်ရာဆဲ့တာကို ပါနေ ကြတယ်.... (မှန်ပါ) ကိုယ့်သဘောပါသေးရဲ့လား.... (မပါ-ပါဘုရား)။

အဲ.... ကိုယ့်သဘောမပါတာကို ဘုရားက သိစေချင်တာ။ ပေါ်ကြပလား.... (ပေါ်ပါပြီ) ကိုယ့်သဘောမပါတာကို.... (ဘုရားက သိစေချင်ပါတယ်ဘုရား) အဲ....ဘုရားက သိစေချင် တယ်-တဲ့၊ ကိုယ့်သဘော မင်းတို့ဘာမှ မပါဘူး-နော်၊ ဒုံရင် ခြောက်ပေါက် ကျန်ဖြစ်နေတာ.... (မှန်ပါ)။

တခါတလေများ ခလုတ်တိုက်တယ်၊ ခလုတ်တိုက်တယ်။ ခလုတ်ကြီး ရှိလျက်သားနဲ့ကိုဘဲ မျက်လုံးက မမြင်ဘူး။ ဟုတ် လား.... (မှန်ပါ) ဟိုမျောက်လိုဘဲ အတွေးနဲ့ သွားနေတာ။ ခလုတ်များတိုက်လိုက်သေးတယ်....(မှန်ပါ)။

မျောက်ဆွဲရာပါတာ.... (မှန်ပါ့) မြွေဆွဲရာ မပါဘာနဲ့ ခလုတ်ကိုမမြင်တော့ဘူး.... (မှန်ပါ့) မြွေဆွဲရာပါလို့ရှိယင်ဖြင့်-တဲ့၊ ဒီဥစ္စာ မျက်လုံးပေါက်က ခလုတ်တို့ ကျင်းတို့ဆိုယင် မြင်နေကျ.... (မှန်ပါ့) မမြင်ဘူး ဦးသံဒိုင်ကြီးတို့ တခါဟလေကျလို့ ရှိယင် မောင်သစ်တို့-- ဟင်၊ ရှိတဲ့ခလုတ်ကလေးတွေ တောင်မှ ဒုန်းဒိုင်းနဲ့ တိုက်လိုက်တယ်....(မှန်ပါ့)။

ဟ....ဘာဖြစ်တာတုံး၊ အို....မျောက်ဆွဲရာ ပါသွားလို့ .... (မှန်ပါ့) အကြံအစည်နဲ့ သွားနေတာကိုး.... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ) အကြံအစည်နဲ့သွားနေတော့ တော်တော့် ခလုတ်သိသေးရဲ့လား.... (မသိပါဘုရား) တော်တော့် ကျင်းတွေ ချိုင့်တွေကော.... (မသိပါဘုရား)။

မျောက်ကျောင်းနေရတဲ့ ပုဂ္ဂိုလ်ဖြစ်နေတော့ ခုနင်က ခလုတ် မရှောင်နိုင်ဘူး.... (မှန်ပါ့) ရှောင်နိုင်သေးရဲ့လား.... (မရှောင်နိုင်ပါဘုရား)။

ဩော်....တကာ-တကာမတွေ့ ခလုတ်တိုက်တာ ကံမကောင်းအကြောင်းမသင့်လို့ တိုက်တာလား၊ မျောက် ကျောင်းနေရတာနဲ့ဘဲ မြွေမကျောင်းမိလို့ တိုက်တာ.... (မှန်ပါ့)။

မြွေမကျောင်းမိဘူး.... (မှန်ပါ့) မြွေကျောင်းမိယင် မြွေက မျက်လုံး (မှန်ပါ့) မြွေကျောင်းမိလို့ ရှိယင်တော့ဖြင့် သူ-တော်သေးရဲ့ပေါ့လေ၊ ခလုတ်မတိုက်ရဘူး.... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ)။

ဒါဖြင့် ခင်ဗျားတို့မှာ မတော်တဆ ဖြစ်တာဟာ ဘာတွေတုံး လို့မေးလို့ရှိယင်ဖြင့် တဒ္ဒါရကခိုင်းတဲ့ဥစ္စာကို ဥပမာမယ် မနော

ဒုဒါရကခိုင်းလိုက်တယ်၊မနောဒုဒါရက ခိုင်းလိုက်တဲ့အခါကျတော့ မျက်လုံးပေါက်က ကိုယ်-အင်မတန် ရင်းနှီးတဲ့ မိတ်ဆွေလာတာ တောင် မမြင်ပြန်ဘူး.... (မှန်ပါ့) ဟိုမှာ အကြံက ထုတ်နေတာ ကိုး.... (မှန်ပါ့)။

အကြံထုတ်နေတော့ မြင်သေးရဲ့လား.... (မမြင်ပါဘုရား) နောက်မှ ခင်ဗျား ဘယ်အချိန်ကများ ရောက်နေသတုံးဗျ.... မေးရတဲ့အခါများ ပါသေးတယ်....(ပါ-ပါတယ်ဘုရား)။

အင်း.... ဘယ်နယ်ကြောင့်တုံးလို့ မေးတဲ့ အခါကျတော့မှ တကာ- တကာမတွေ မျောက် ဆဲ့ရာ လိုက် တာနဲ့ မြွေဆဲ့ရာ မလိုက်ဘဲနေလို့ ညည်းညည်ရောက်လာတာတောင်မှ ဘယ်အချိန် ကရောက်သတုံး မေးနေရသေးတယ်ဆိုတဲ့ အဓိပ္ပါယ်လဲရောက်ပါ တယ်.... (မှန်ပါ့ဘုရား) မရောက်ဘူးလား.... (ရောက်ပါတယ် ဘုရား)။

ဒါဖြင့် တကာ- တကာမတို့ လူတယောက်ထည်းက သား ကောင် ဘယ်နှစ်ကောင် ကျောင်းရသလဲ.... (ခြောက်ကောင် ကျောင်းရပါတယ်ဘုရား)။

ဒါ့ကြောင့် ခင်ဗျားတို့ မောလိုက်တာ- မောလိုက်တာ၊ ဒုခုမှဘဲ အသက်ကလေး မှန်မှန်ရှူရတော့တယ်၊ ဒါ တနေ့လုံး အားတယ်ကိုမရှိဘူး။

ဘယ်အားနိုင်လိမ့်မလဲ ဦးသံဒိုင်စဉ်းစားကြည့်စမ်း၊တယောက် တည်းက ဘယ်နှစ်ကောင် ကျောင်းရသတုံး.... (ခြောက်ကောင် ကျောင်းနေရပါတယ်ဘုရား) အားပါဦးမလား.... (မအားပါ

ဘုရား) ခင်ဗျားတို့မအားတာ ခုမှပေါ်တော့တယ်.... (မှန်ပါ့) မအားတာပေါ်ကြပလား.... (ပေါ်ပါပြီဘုရား) တယောက်တည်းက ဘယ်နှစ်ကောင်ဖက်ကျောင်းရသလဲ.... (ခြောက်ကောင်ပါဘုရား)။

တခါတလေကျတော့ နားဘက်ကအေးအေးချမ်းချမ်းနေချင်တာနဲ့ နားတည်းဟူသော ခုနင်က မိကျောင်းနောက် လိုက်ပြီး သကာလ မိကျောင်းအလုပ်-လုပ်ပေးရပြန်တယ် မအားပြန်ဘူး၊ ကိုယ့်အလုပ်-လုပ်ရတယ်မရှိဘူး၊ မိခကျောင်းအလုပ်- လုပ်ပေးနေရတယ်.... (မှန်ပါ့) သူက အေးအေးကြိုက်ကိုး။

ဒါဖြင့် တကာ-တကာမတို့ ခင်ဗျားတို့ အမော ဆိုက်တဲ့ ဇာတ်ထုတ်တော့ ယနေ့ပေါ်ပြီ.... (မှန်လှပါဘုရား) ဘယ်လိုခြောင့် အမောဆိုက်သတုံး.... (သားကောင် ခြောက်ကောင် ကျောင်းနေရလို့ပါဘုရား) တယောက်တည်း ကျောင်းနေရတယ်.... (မှန်ပါ့ဘုရား) သားကောင် ခြောက်ကောင် တယောက်တည်းကျောင်းနေရတာကိုဘဲ ခုမှရိပ်မိတယ်....(မှန်ပါ့ဘုရား) ဖြစ်မှ-ဖြစ်ရပလေ၊ ဘယ်သူမှ မကျောင်းနိုင်ဘူး၊ခင်ဗျားတို့မို့ ကျောင်းနိုင်တာ.... (မှန်ပါ့ဘုရား)။

တော်တော်လိမ်မာတဲ့လူဆိုယင် ဘယ်သူ့နောက်မှ မလိုက်တော့ဘူး ဆိုပြီးသကာလ မင်းတို့အလို မလိုက်နိုင်ဘူး ဆိုပြီးသကာလ အမောဆိုက်လှပြီ ဆိုပြီးတော့ ခင်ဗျားတို့ လုံလောက်တဲ့နေရာထိုင်ဘို့ကောင်းတယ်.... (မှန်ပါ့)။

အခုမထိုင်နိုင်ဘူး ခင်ဗျားတို့၊ ခင်ဗျားတို့ကိုယ်ဘိုင်က ထုတ်ပြောနေတာထိုင်ချိန်ကိုမရသေးဘူးတဲ့၊တပည့်တော်တို့ ထိုင်ချင်ပါ

တယ်ဝဲ့၊ ထိုင်ချိန်ကိုမရဘူးတဲ့.... (မှန်ပါ့) ဘယ်သူက ပြောနေတာတုံး.... (သားကောင်ခြောက်ကောင်ပါ) သားကောင်ခြောက်ကောင် မနိုင်လို့ပြောတာ.... (မှန်ပါ့ဘုရား)။

ဘာတုံး.... (သားကောင်ခြောက်ကောင် မနိုင်လို့ပြောနေတာပါ) မသိဘူး ဦးသံဒိုင်ကြီးတို့ ထူတာ၊ တကာသစ်တို့ ထူနေတာမသိဘူး.... (မှန်ပါ့ဘုရား)။

မီးဖိုချောင် ပြေးရတာကတမျိုး၊ ဟင်.... ချောင်ထိုးပြီး ခဏကလေး လှဲလိုက် လျောင်းလိုက်ရတာကတမျိုး....(မှန်ပါ့ဘုရား) အေးအေးချမ်းချမ်း နေတဲ့ နေရာကလေး လေပြေ လေညှင်း ခံဘဲနေရာကလေး ပြေးရတာကတမျိုး....(မှန်ပါ့)။

ဟိုမြေက အရှုပ်ကြိုက်လို့ ရှုပ်တဲ့ပဲလမ်းသဘင် လိုက်ပို့ရတာက တမျိုး.... (မှန်ပါ့) ဘယ်နယ်တုံး... တကာ တကာမတို့ ခင်-ဗျားတို့ မအားတဲ့ဖြစ်ခြင်းက ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ဘယ်လို ပေါ်ကြပါလိမ့် ... (သားကောင် ခြောက်ကောင် တယောက်တည်း ကျောင်းနေရလို့ပါဘုရား) တယောက်တည်း ကျောင်းနေရတော့ကိုတဲ့ ခင်ဗျားတို့အလိုကကော တူကြရဲ့လား၊ (မတူပါဘုရား) သားကောင် ခြောက်ကောင် အလိုကလဲ မတူပါဘူး၊ မြေက အရှုပ်ကြိုက် မြေက အရှုပ်ထဲချည်း ဆဲတယ်.... (မှန်ပါ့) မိကျောင်းကလဲ ရေအိုင်ကလေးရှိရာ ခပ်အေးအေး နေရာထဲချည်းဆဲတယ်.... (မှန်ပါ့) ငှက်ကလဲ ကောင်းကင်ချည်း ဆဲနေတယ်.... (မှန်ပါ့) ကျောင်းတဲ့လူက တယောက်တည်း.... (မှန်ပါ့) တခါတလေ ကောင်းကင် ပါသွားတယ်၊ အသက်

ကလေးမျိုး မှန်မှန်ရှူပရစေဦး.... အံမာ ကောင်းကင်မျိုး ပါသွားလိုက်သေးတယ်၊ မပါဘူးလား....(ပါ-ပါတယ်ဘုရား)။

အင်း....ဘုရားသခင် ကိုယ်တော်မြတ်ကြီးက မြင်တော်မူတယ် ဆိုတာဖြင့် တကာ တကာမတွေ့ ယနေ့တရားမှာ ထူးထူးခြားခြား နာရတယ်.... (မှန်ပါဘုရား)။

ဦးသံဒိုင်ကြီး မအားတာ ဘာတုံးဗျ....(သားကောင်ခြောက် ကောင် တယောက်တည်း ကျောင်းနေရလို့ပါဘုရား) အကြိုက် က တူကြရဲ့လား.... (မတူပါဘုရား) မတူတော့ ဟိုအလိုလိုက် လိုက်ရ၊ မြေအလို လိုက်လိုက်ရ၊ မိကျောင်းအလို လိုက်လိုက်ရ၊ ဒီလို မနေဘူးလား.... (နေပါတယ်ဘုရား) ငှက်အလိုကော.... (လိုက်ရပါတယ်ဘုရား) အိမ်မွေးအလိုကော.... (လိုက်ရပါတယ် ဘုရား) တောခွေးအလိုကော.... (လိုက်ရပါတယ်ဘုရား)မျောက် အလိုကော.... (လိုက်ရပါတယ်ဘုရား)။

နို့.... ခင်ဗျားတို့သဘော ပြောပါဦးတဲ့.... (မပါ-ပါဘုရား) မပါဘူးတဲ့....(မှန်ပါ့)။

အံမာလေး....ဖြစ်နေလိုက်တာ၊ တကာ တကာမတွေဖြစ်နေတဲ့ ဖြစ်တွေကဖြင့် မသေရုံတမယ် ကျန်တယ်.... (မှန်ပါဘုရား) ဘယ့် နှယ်ဖြစ်နေသလဲ.... (မသေရုံတမယ်ကျန်ပါတယ်ဘုရား)။

ဒါမသေရုံတမယ်သာ ကျန်တယ်၊ ငါ့ကို ဘယ်သူ နှိပ်စက် တယ်လို့ မသိသေးပါဘူး....(မသိပါဘုရား)။

မသိဘူး၊ သားကောင် ခြောက်ကောင်တော့ဖြင့် သန်ရာဆဲ့ပြီး ငါ့တော့ဖြင့် ရေနှစ်တဲ့ ပုဂ္ဂိုလ်ကလဲ နှစ်ပဟာ၊ ခြုံထဲပို့တဲ့ပုဂ္ဂိုလ်

ကလဲ့ ပို့ ပဟာ၊ မဟုတ်ဘူးလား.... (မှန်ပါ့) အင်း....ကောင်းကင်ပို့တဲ့ ပဋိလ်ကလဲ့ ပို့ ပဟာ၊ မီးဖိုချောင်ပို့တဲ့ ပဋိလ်ကလဲ့ ပို့ ပဟာ၊ သုသာန်ပို့တဲ့ပဋိလ်ကလဲ့.... ပို့ ပဟာ၊ သစ်ပင်အမြင့်တက်တဲ့ ပဋိလ်ကလဲ့ ပို့ ပဟာ အမြင့်ပို့ ပဟာလို့ တွေးလုံးကို မထုတ်မိဘူး.... (မှန်ပါ့) ကျွန်သာခံနေတာဘဲ့.... (မှန်ပါ့ဘုရား)

ဘာလုပ်နေကြတာတုံး.... (သားကောင် ကျောင်းနေတာပါ) ဘယ်နှစ်ကောင်တုံး.... (ခြောက်ကောင်ပါဘုရား) အကြိုက်ကတူရဲ့လား.... (မတူပါဘုရား)။

အဲဒီမှာ၊ အကြိုက်မတူတော့ ခုနင်က လမ်းသွားလဲ့ တောင်-မမြင် ခမြောက်မမြင်နဲ့၊ ဟိုတိုက် ဒီတိုက်နဲ့ သန်ရာဆဲ့နေကြတာယ်၊ (မှန်ပါ့)။

မနောပေါက်ကနေပြီး အင်း....အကြံအစည်က ဆဲ့လိုက်ပြီဆိုယင် မျက်လုံးပေါက်က ဘာမှ မမြင်တော့ဘူး၊ နားပေါက်က ဘာမှ မကြားတော့ဘူး.... (မှန်ပါ့) ကြားသေးရဲ့လား.... (မကြားပါဘုရား) တခါတလေ ဘယ်လိုဘဲ့ အိမ်မှာ ဆူနေကြပေမဲ့ မကြားဘူး၊ မနောပေါက်တခုတည်းကို အခွန် ဆက်နေရတာနဲ့ ကြားကြသေးရဲ့လား.... (မကြားပါဘုရား)။

တခါတလေ ထမင်းစားနေရတာနဲ့ဘဲ့ အင်း....ထမင်း စားပြီးယင်ဖြင့် ဒိုခါတ်ရှင်သွားရအောင် ပဲ့လမ်းသဘင်သွားရအောင် မြန်မြန်စားဟေ့၊ ဟိုကောင်လဲ့ အိမ်ခေးအခွန်ဆက်ရသေးတယ်၊ (မှန်ပါ့) မြေဆဲ့ရာလဲ့ ပါချင်သေးတာဘဲ့.... (မှန်ပါ့)။

ခင်ဗျားတို့ ဒီအသက်ကလေးနဲ့ ဒီအသားအရောကလေးရှိတာ ဘုန်းကြီးက တော်သေးတယ် အောက်မေ့တယ်.... (မှန်ပါ့ဘုရား)

မပြောထိုက်ဘူးလား.... (ပြောထိုက်ပါတယ်ဘုရား) ဒီအသက်နဲ့ ဒီအသားရေကလေးရှိတာမျှား တော်....တော်သေးရဲ့ကွာ.... သေခြင်းဆိုး သေစရာကိစ္စက သိပ်မျှားတာ.... (မှန်ပါ့) မမျှားဘူးလား.... (မျှားပါတယ်ဘုရား)။

ဒီအထဲမှာ ခင်ဗျားတို့ ဘာ ပျော်-ပျော်နေကြ သတုံးလို့ မေးတော့မှ သားကောင် ခြောက်ကောင် ဆဲတဲ့နေရာမှာ သူတို့ အလို လိုက်ပြီးသကာလ ကျွန်ပျော် ပျော်နေတာပါ.... (မှန်ပါ့ဘုရား) ဘယ်နှယ်ဆိုကြမတုံး.... (ကျွန်ပျော် ပျော်နေတာပါ)။

အံမာလေးဖြစ်မှဖြစ်ရလေ၊ မှန်ကော မှန်ပါရဲ့လားလို့ မေးယင် (မှန်ပါတယ်ဘုရား) ဘုရားသခင်ကိုယ်တော်မြတ်ကြီး သဗ္ဗညုတဉာဏ်နဲ့ပြောတာ ခင်ဗျားတို့က မမှန်ဘူးမျှား မဆိုလိုက်ပါနဲ့၊ ကိုယ်တိုင်လုပ်နေရတာတောင်မှ မသိဘူးဆိုယင်ဖြင့် ဒီထက်အ, ဒီထက်ထူ ရှိသေးရဲ့လား.... (မရှိပါဘုရား) ပေါ်ကြပလား.... (ပေါ်ပါပြီ)။

အင်....ဟင် တခါတလေ အသက်ကလေးမျှား မှန်မှန် ရှူပရစေဦး၊ နေကြစမ်းပါဦး၊ မပြောစမ်းပါနဲ့၊ အံမာလေး တောင်းပန်ရတယ်.... (မှန်ပါ)။

မပြောကြစမ်းပါနဲ့၊ နားပေါက်ကလဲ တယ်ကြားချင်တယ် (မှန်ပါ့) ကြားချင်လို့ရှိယင်လဲ နားပေါက် လိုက်သွားမှာစိုးတော့ ဒီအသက် မှန်မှန်မရှူရမှာစိုးတာနဲ့ နေကြစမ်းပါဦး နားမျှား နားပရစေဦးတောင်းပန်ရတယ်.... (မှန်ပါ့)။

တောင်းသာ တောင်းပန်ရတယ် ကျွန်က ခံလျက်....(မှန်ပါ့) မနောပေါက်ကျွန်ကခံလျက် (ခံလျက်ပါဘုရား)မဟုတ်ဘူးလား-(မှန်ပါ့)။

တနည်းအားဖြင့်လဲ နှာခေါင်းပေါက် ကျွန်ကို ခံပြီး၊ဒီ့ပြင်ဟာတွေ တောင်းပန်ထားရတယ်၊ အသက်မှန်မှန် ရှူပရစေဦး။ ခင်ဗျားတို့ လာခါရှိသေး၊ ဝိုင်းကုန်ပြီ ဟိုဟာတွေ ဒီဟာတွေ ပြောစရာ ဆိုစရာတွေက အသက်မှန်မှန်မရှူရယင် ကျုပ်သေလိမ့်မယ်၊ အစချိသည်ဖြင့် တောင်းပန်ရတယ်.... (မှန်ပါဘုရား)။

ဒါလဲ တောင်းသာ တောင်းပန်တယ်၊ ဒါ ကျွန်ခံတာဘဲ.... (မှန်ပါ့) ဘယ်သူ့ ကျွန်ခံသလဲ၊ ငှက်ကျွန်ခံတယ်.... (မှန်ပါ့) ငှက်က ကောင်းကင်ကြိုက်တယ်၊ သူ့ကြိုက်ပြီး သကာလ လွှတ်လွှတ်လပ်လပ်ကလေး နေချင်တယ်.... (မှန်ပါ့)။

တကာ တကာမတွေ ဒီနေ့တရားကဖြင့် ခင်ဗျားတို့မှာ နှိပ်စက်တဲ့ သားကောင် ခြောက်ကောင် ဥပမာနဲ့ ဘုရားက ဒုဂ္ဂခြောက်ပေါက်က နှိပ်စက်ပုံကို ဦးသံဒိုင် ရှင်းပြတယ်....(မှန်ပါ့ဘုရား)။

ဒါတောင်မှ တကောင်ကဆဲလို့ မနောပေါက်က ဆဲလို့သေခြင်းဆိုး သေရမယ်ဆိုတာတောင်မှ ခုနင်က ပါးစပ်ပေါက်က နေပြီး သကာလ ပြောချင်သေးတယ်၊ ဆိုချင်သေးတယ်၊ မှာချင်သေးတယ်၊ ဟို မနောပေါက်ကတော့ သေတော့မယ်၊ ပါးစပ်ပေါက်က ပြောချင်သေးတယ်၊ ခိုင်းတုံး.... (မှန်ပါ့) သေခါနီးတောင် မှာတုံး၊ ဘယ်သူ့ ဘယ်လောက် ပေးစရာရှိတယ်၊ ဘယ်ဟာ ဘယ်မျှ ရစရာရှိတယ် ပြောခဲ့ဦးမယ်.... (မှန်ပါ့)။

အင်း.... ခင်ဗျားတို့ ဖြစ်ထွေများတော့ သေတာဘောင် မဖြောင့်ပါဘူးဆိုတာ ခင်ဗျားတို့က အရမ်း ပြောနေတာ .... (မှန်ပါ့) ဒုါရခြောက်ပေါက်နဲ့ ကြည့်မှ အဟုတ် မဖြောင့်ဘာ (မှန်ပါ့ဘုရား)။

ဟို သေတာတောင် မဖြောင့်ဘူးဆိုတာက အလကား ပြောတာ.... (မှန်ပါ့) စင်စစ်တော့ ဒုါရခြောက်ပေါက်ကို မနိုင်တာနဲ့ မဖြောင့်ဘူး ပြောတာ.... (မှန်ပါ့ဘုရား) ရှင်းပလား .... (ရှင်းပါပြီ)။

ဒုါရခြောက်ပေါက်ကို.... (မနိုင်လို့ မဖြောင့်ဘူးပြောတာပါ) မနိုင်လို့ ဟိုအလို-လိုက်ရတော့မလို့ ဒီအလို့- လိုက်ရတော့မလို့ အကြိုက်ကတော့....(မတူပါဘုရား)။

အကြိုက်မတူတဲ့ သားကောင် ခြောက်ကောင် ကျောင်းပြီး သကာလ နေရတော့ ကျုပ် တော့ အသေဖြောင့်ဘို့ ဘောင် မလွယ်ဘူး၊ အံမာ ညည်းများ ညည်းလုံးထုတ်တယ်.... (မှန်ပါ့ဘုရား) ဘယ့်နှယ်ကြောင့် ဒီညည်းလုံး ထုတ်ပါလိမ့်.... (သားကောင်-ခြောက်ကောင် မနိုင်လို့ပါဘုရား) သားကောင်ခြောက်ကောင် မနိုင်တဲ့အဖြစ်.... (မှန်ပါ့) မဟုတ်ဘူးလား....(ဟုတ်ပါတယ်ဘုရား)။

ကျုပ် အကြံအစည်ကလေးတွေ မပြီးဘဲနဲ့ ဝိညာဏ်ချုပ်ရှာမှာတော့၊ အင်း....ဟို မနောပေါက် အခွန်မဆက်ရမှာ စိုးတယ် (မှန်ပါ့ဘုရား)။

ဒါကြောင့် ကျုပ်သေမှာတောင် အောင့်ထားချင်သေးတယ်၊ အောင့်ထားလို့ မရလို့....၊ ဘယ်သူ့ ကျန်ခဲ့တာတုံး .... (ဒုဂါရခြောက်ပေါက် ကျန်ခဲ့တာပါ) ဒီလိုမယူနဲ့၊ ဒီနေရာ မနောပေါက် ကျန်ခဲ့နေတာ....(မှန်ပါ့-မနောပေါက်ကျန်ခဲ့နေတာပါ) မနောပေါက် ကျန်ခဲ့တဲ့ကိစ္စက မပြီးသေးဘူး၊ ကျုပ်ပြောစရာ ဆိုစရာတွေ ကြံစရာ-တွေးစရာတွေ စီစဉ်ထားတာ ကလေးတွေ အများကြီး ရှိသေးတယ်....(မှန်ပါ့) မနောပေါက် ကျန်ခဲ့တာ.... (မှန်ပါဘုရား) သဘောပါပလား....(ပါ-ပါပြီ)။

အဲဒီတော့ အသေမဖြောင့်ဘူးဆိုတာ မောင်သစ် ပေါ်ပလား.... (ပေါ်ပါပြီဘုရား) ဘယ်နှယ်ကြောင့် မဖြောင့်သတုံး (မနောပေါက် ကျန်ခဲ့နေလို့ပါဘုရား)။

တကောင့် ကျန်ခဲ့နေရတာကို တကောင့်ကျန်ကို ခံချင်သေးတယ်....(မှန်ပါ့) ဟိုဘက် တကောင့်ကျန်ကို.... (ခံချင်ပါသေးတယ်ဘုရား) ခံချင်သေးတော့ ဒါတွေအကုန် အလိုဖြည့်ပြီးမှ သေချင်တာကိုး.... (မှန်ပါ့ဘုရား) အလိုကကော တူကြရဲလား (မတူပါဘုရား)။

အဲဒီတော့ မဖြောင့်ဘဲနဲ့ သေသွားယင် အကုန် အပါယ် သွားရမယ်.... (မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီ)။

မဖြောင့်ဘဲနဲ့ သေသွားတာကိုးဗျ.... (မှန်ပါ့) အခွန်ဆက်ချင်တာက ဘာတုံး အကုန်ဆက်ချင်တာ....(မှန်ပါ့)အကြိုက်ကတမျိုးစီ....(မတူပါဘုရား)။

တယောက်တည်းက ဒီခြောက်ကောင်ကို အလိုလိုက်အကြိုက်ကို ဘယ်နည်းနှင့်မှ မလိုက်နိုင်ဘူး....(မှန်ပါ့ဘုရား) လိုက်နိုင်ပါ့မလား....(မလိုက်နိုင်ပါဘုရား) ဘယ်လောက် သွက်သွက် ရပါ့မလား... (မရပါဘုရား)။

အဲဒီတော့ ခင်ဗျားတို့ ဘယ်လိုညည်းကြ ညူကြ သလဲလို့ အမေးထုတ်လို့ ရှိယင်ဖြင့် သြော်.... ကျုပ်တော့ အသေတော့ ဖြောင့်မှာ မဟုတ်ဘူး....(မှန်ပါ့)။

မျက်လုံးပေါက်ကလဲ သားကလေးတော့၊ သမီး လေးတော့ ကြည့်ချင်ရဲ့၊ မနောပေါက်ကလဲ အကြံအစည်က မပြီးသေးဘူး (မှန်ပါ့) မရဏပိုင်းက ဇတ်နိပ်စက်သွားတာနဲ့ သေပဲ့ဝင်လိုက်ရတယ်....(မှန်ပါ့)ဒီလိုလူချည့်ဘဲ၊ ရှင်းပလား....(ရှင်းပါပြီ)။

ဒီလိုလူချည့်ဘဲဆိုတော့မှားသေးသလား....(မမှားပါဘုရား) ကိစ္စပြီးပြတ်သွားတာ ရှိရဲ့လား....(မရှိပါဘုရား)။

ကျုပ်မရှိယင် မဖြစ်ဘူးဗျ၊ ဒါတွေ့ ကျုပ်မျက်ခြေမပြတ် ကြည့်နေရတာ.... (မှန်ပါ့) အံမာ မြေကို အခွန်ဆက်နေရတာကိုး....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီ)။

မြေအခွန်ဆက်နေရင်း မတွန့်နဲ့ မရဏ မင်းက ခေါ်သွားတော့ မပြီးမပြတ်နဲ့ ယဉ်ကျေးမှု၊ ထိန်းသိမ်းမှု၊ စောင့်ရှောက်မှု၊ သူတို့ဟာ သူတို့ သူတို့လက် သူတို့ခြေနဲ့ အလုပ်ကိစ္စတွေ့ မပြီးသေးဘူး၊ ဒီအရွယ်တွေ့ မပြီးသေးခင်ကျုပ်ကိုခေါသမင်းကဦးသွားတယ်၊ ဘယ်အသေဖြောင့်မလဲ....(မှန်ပါ့)။

ဒါဖြင့် အသေဖြောင့်တဲ့ လူဟာ တယောက်မှ ပါပုံမရပါဘူး....(မပါ-ပါဘုရား) ဘယ့်နှယ်တုံး.... (အသေဖြောင့်မည့်လူ တယောက်မှ မပါ-ပါဘုရား) တပေါက်ကအခွန်ဆက်တာကိုလဲ ကျေနပ်ပလား....(မကျေနပ်ပါဘုရား) ဟို တပေါက်က အခွန် ဆက်တာကော....(မကျေနပ်ပါဘုရား) မကျေနပ်ဘူး၊ သဘော ကျပလား....(ကျပါပြီ)။

ဒါဖြင့် မကျေနပ်တာသည် ဒေါသ....(မှန်ပါဘုရား) ဒါဖြင့် ဒီဒေါသကလေးနဲ့ဘဲ သေသွားကြတယ်၊ ငရဲချည်း ရောက်တယ်၊ (မှန်ပါ) မနေ့က ပြောခဲ့တယ်၊ လောဘနဲ့သေတော့ ပြိတ္တာဘုံ၊ (မှန်ပါ) ဒေါသနဲ့ သေတော့ငရဲ၊ မောဟနဲ့ သေတော့ တိရစ္ဆာန်လို အဋ္ဌသာလိနီ အဋ္ဌကထာက များသောအားဖြင့် ဖြစ်တတ်တာ ရေးထားတယ်....(မှန်ပါဘုရား)။

ကဲ....ဦးသံဒိုင် ရိပ်မိပလား....(မှန်ပါဘုရား) ဘယ့်နှယ် သေကြမလဲ....သေနည်းကိုအတော်သင်ရဦးမှာလား....(မှန်ပါဘုရား) ဘယ့်နှယ်သေကြမယ် စိတ်ကူးကြသလဲ.... ဒီလိုဘဲ ဗျာများပြီး သေကြမှာဘဲလား....မောင်သစ် အသေတောင် ခက်နေပြီကွ.... (မှန်ပါ) အသေတောင် ခက်နေပြီ၊ နောက်က တကာ တကာ မတွေ့ သဘောကျရဲ့လား.... (ကျပါတယ်ဘုရား) ကိုယ်အသေ ခက်ပုံ မြင်ပလား....(မြင်ပါတယ်ဘုရား)။

မျက်လုံးပေါက်ကလဲ သားကလေးတွေ့ သမီးကလေးတွေ့ ကြည့်ချင်၊ နားပေါက်ကလဲ ခပ်အေးအေးနေချင်၊ ဒီသားသမီး-တွေဘဲ ရှုပ်ရှုပ်ရှက်ရှက် ကြည့်ချင်တယ်....(မှန်ပါ)။

နားပေါက်ကလဲ ဒီ ရှုပ်ရှုပ် ရှက်ရှက် ကျုပ်မကြိုက်ဘူး၊ ကျုပ်က နားအေးအေး ကြိုက်တယ်၊အကြိုက်က တူမှ မတူဘဲ-(မှန်ပါ့)မျက်လုံးပေါက်ကလဲ ခလေးတွေနဲ့ ရှုပ်ပွေပြီး နေရမှ၊ ပျော်ပျော်ပါးပါး သူတို့နေတာမြင်ရမှကျေနပ်တယ်....(မှန်ပါ့)။

နားပေါက်ကလဲ မနေချင်ဘူးတဲ့၊ သူက မိကျောင်းစိတ်.... (မှန်ပါ့ဘုရား) ခပ်အေးအေး ကလေး ကျုပ်က နေချင်တာ.... (မှန်ပါ့)။

ဒီတော့ အကြိုက်ကတူကြရဲလား .... (မတူပါဘုရား)မတူတော့ တခါတလေကျတော့လဲ ရှုပ်လိုက်တာ သွားကြစမ်းပါ။ အေးအေး နေပရစေ။

အင်း မျက်လုံးပေါက်ဆဲရာ မလိုက်ဘဲနဲ့ ခုနင်က ပြောခဲ့တဲ့ မြွေဆဲရာ မလိုက်ဘဲနဲ့ မိကျောင်း ဆဲရာ လိုက်သွားတယ်... (မှန်ပါ့ဘုရား)။

ဒီလိုကော မနေကြရဘူးလား.... (နေကြရပါတယ် ဘုရား) ဒါဖြင့် ခင်ဗျားတို့အလို ယောဂီ ပုဂ္ဂိုလ်၏အလို ပါကြရဲလား၊ (မပါ ပါဘုရား) ယောဂီ ပုဂ္ဂိုလ်တွေ၏အလို နည်းနည်းမှမပါဘူး... (မှန်ပါ့ဘုရား)။

အတော်ဆိုးနေတာဘဲ....(မှန်ပါ့ဘုရား) မြတ်စွာဘုရားသင်္ဃာယတနဝဂ္ဂ သံယုတ်ပါဠိတော်မှာ ဟောတော်မူတာ မောင်သစ်ရ၊ (မှန်ပါ့ဘုရား) ဘယ်နှယ် ဖြစ်နေကြသတုံး၊ ဒီ တကာ တကာမတွေ တောင်လဲ သွားချင်တယ်၊ မြောက်လဲ ပြန်ချင်တယ်.... (မှန်ပါ့)

တောင်သွားချင်တာက ဘာကိစ္စတုံး အင်....ဟင် မကြားရတာ ကြာလို့၊ မမြင်ရတာ ကြာလို့၊ မျက်လုံးပေါက်တော့ အခွန်ဆက်လိုက်တယ်....(မှန်ပါ့)မြောက်ပြန်တာက ဘာဖြစ်လို့တုံး၊ ထမင်းဆာလာတယ်....(မှန်ပါ့)။

လမ်းများ မသေတာ ကံကောင်းဗျ၊ ဒီကဆဲလိုက် ဟိုကဆဲလိုက်နဲ့.... ဘယ့်နှယ် နေကြသလဲ၊ အားကြ သေးရဲ့လား.... (မအားပါဘုရား) တောင်သွားလဲ အေးအေးမနေ၊ မြောက်သွားလဲ.... (အေးအေးမနေပါဘုရား) အေးအေးမနေဘူးတဲ့။

တခါတလေများ ကျတော့ ကဲ....ဘယ်မှ မရောက် ချင်၊ ခင်ဗျားအိမ်ဘဲ အနားယူဦးမယ်ဆိုပြီး သကာလ အင်....ဟင်.... မိကျောင်းဆဲတဲ့ဆီများ ဝင်ပြီးသကာလ အိမ်ကျလဲ ရှုပ်သဗျာ၊ ဟိုသွားလဲ အချိုးကမကျခဲ့ဘူး၊ ဒါကြောင့်လမ်းဘဲ နားပရစေဦးဆိုပြီး လမ်းများနားရတဲ့ကိစ္စ ပါသေးတယ်.... (မှန်ပါ့ဘုရား)။

ဒါကလဲ အကောင်းလား-အဆိုးလား မေးပြန်တော့ မဟုတ်ဘူးတဲ့၊ မိကျောင်းဆဲရာ ပါသွားတာ.... (မှန်ပါ့ဘုရား) ဒီ့ပြင်ဟာတွေဆဲတာ မလိုက်နိုင်ဘူး....(မလိုက်နိုင်ပါဘုရား)။

တခါတလေကျတော့ မနောပေါက်က မြန်မြန်အလိုရှိတယ်၊ ကိုယ်ပေါက်က ခပ်နှေးနှေး ဖြစ်နေတယ်.... (မှန်ပါ့) အဲဒီမှာ ထိုးလဲတဲ့ အခါများ ပါလိုက်သေးတယ်၊ ကျုပ်က စိတ်ကရှေ့ရောက်နေပြီဗျ၊ မနောပေါက်က ရှေ့ရောက်နေတယ်....(မှန်ပါ့) ကိုယ်ပေါက်က လိုက်နိုင်သေးရဲ့လား.... (မလိုက်နိုင်ပါဘုရား)။

မလိုက်နိုင်တော့ အင်....ဟင်.... မတိုက်တန်ဘဲနဲ့ ခလုတ်တိုက်မလဲတန်ဘဲနဲ့....(လဲပါတယ်ဘုရား)။

ဘာဖြစ်တာလဲ.... ဟိုဘကောင်က အတင်း ဆွဲနေလို့ .... (မှန်ပါ့ဘုရား) ရိပ်မိပလား.... (ရိပ်မိပါပြီ)။

မျောက်က အတင်းဆွဲနေလို့.... (မှန်ပါ့ဘုရား) ခု နင်က ပြောတဲ့ ကိုယ်ပေါက်ကဆိုတဲ့ ခုနင်က တောခွေးက မလို့က်နိုင်ဘဲ ဖြစ်သွားတယ်.... (မှန်ပါ့ဘုရား)။

တကာ တကာမတွေ့ ခင်ဗျားတို့ ဖြစ်ထွေကဖြင့် မသေရုံ တမယ်ဘဲ.... (မှန်ပါ့ဘုရား)။

ဘာဖြစ်နေကြသလဲ.... (မသေရုံ တမယ်ပါဘဲဘုရား)မသေရုံ တမယ်သာ ခိုင်းတယ်၊ သေချင်ပလားလို့ မေးတော့လဲ.... (မသေချင်သေးပါဘုရား) မသေချင်သေးပါဘူးတဲ့၊ ခြောက်-ကောင် ကျွန်ခံပရစေဦးတဲ့.... (မှန်ပါ့ဘုရား) သေချင်ပလားလို့ မေးတော့လဲ.... (မသေချင်သေးပါဘုရား)။

ကျုပ်တော့ဗျာ နေတော့ နေချင်သေးတယ်၊ နေချင်သေး တယ်များ ပြောသေးတယ်.... (မှန်ပါ့) နေတော့ နေချင် သေး တယ်ဗျ၊ မနေချင်ယင်တော့ မတတ်နိုင်ဘူးပေါ့ဗျာ။

နေရလို့ရှိယင် ... (နေချင်ပါသေးတယ်ဘုရား) ဟ....ဘာဖြစ် လို့တုံးမေးတော့.... (ကျွန်ခံချင်သေးလို့ပါဘုရား) ကျွန်ခံချင် သေးလို့...၊ ပေါ်ပလား.... (ပေါ်ပါပြီ)။

နေတော့ နေချင်သေးတယ်ဗျာ၊ ဒါကလေးတွေ့ လူလား မြောက်အောင်၊ အင်....လူလားမြောက်အောင်ဆိုတော့ မျက်လုံး ပေါက်က မြွက မသေချင်သေးဘူး.... (မှန်ပါ့) မြွက အရှုပ် ကြိုက်တုံး ရှိသေးတယ်.... (မှန်ပါ့)။

မြေးကလေး မြစ်ကလေးတွေ ထွန်းကားလာတာ သူတို့နဲ့ သွားဖေါ်လာဘက် ဖြစ်ပြီး သကာလ သူတို့ လူလားမြောက်ပြီး ရှေ့ကခေါင်းဆောင်ပြီး ပြသပြီး- နေချင်သေးတယ်.... (မှန်ပါ့ ဘုရား) ရှင်းပလား.... (ရှင်းပါပြီ)။

အံမာလေး ဖြစ်မှဖြစ်ရပလေ၊ တခါတည်း ဘာလို့နေချင်တာ တုံးမေးတဲ့အခါကျတော့ ကျွန်ဆက်ခံချင်သေးတယ်.... (မှန်ပါ့)။

ဘယ်နှစ်ယောက်၏ကျွန်တုံး.... (ခြောက်ယောက်၏ ကျွန်ပါ ဘုရား) ရိပ်မိလာပြီ-ရိပ်မိလာပြီ၊ တော်တော်ရိပ်မိလာပြီ....(မှန်ပါ့ ဘုရား) တကာ- တကာမတို့ တော်တော်မရိပ်မိသေးဘူးလား.... (ရိပ်မိပါပြီဘုရား) အဲဒီ ကျွန်စိတ် အခုပျောက်ပလား-လို့ မေး လို့ရှိယင်လဲ ဘယ့်နှယ်ပြောကြမလဲ....(မပျောက်သေးပါဘုရား) မပျောက်သေးဘူး။

မီးဖိုချောင်သွားချင်တဲ့စိတ်လဲ မပျောက်သေးဘူး....(မှန်ပါ့) ဟေ့....ငါ့ဟာငါချက်ကျေးချင်တယ်ကွာ၊ အံမာ တချို့တကာ တကာမတွေက.... (မှန်ပါ့) သူများချက်တာများ ငါကကျေနပ်တယ်များ အောက်မေ့မနေနဲ့၊ အိမ်ခွေးစိတ် ပေါက်နေတယ်.... (မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီ)။

ဘာစိတ်ပေါက်နေသလဲ.... (အိမ်ခွေးစိတ် ပေါက်နေပါတယ် ဘုရား) ညည်းတို့ချက်တာ ကုန်တယ်ကျတယ်၊ ပြီးတော့ကောင်း တာလဲမဟုတ်ဘူး.... (မှန်ပါ့) ကိုယ့်ဟာကိုယ် ချက်လို့ရှိယင် စားဘို့ သောက်ဘို့ ဆား-ဆီ- ငပိအစရှိသည် အချိုးကျတယ်၊ ဒါကြောင့် ဘာဖြစ်ဖြစ် ငါလုပ်ရမှ ကျေနပ်တယ်၊ မီးဖိုချောင် ကိစ္စမှာ၊ အိမ်ခွေးစိတ်မပျောက်ဘူး.... (မှန်ပါ့)။

အိမ်ခွေးက၊ ဘယ်ပြေးလွှဲရှိသလဲ.... (မီးဖိုချောင်မပြေးလွှဲရှိပါတယ်) ရိပ်မိပလား....(ရိပ်မိပါပြီ) အခုပြေးပြီးခဲ့ကြပလား.... (ပြေးပြီးခဲ့ပါပြီ) ပြေးပြီးခဲ့ပြီ- အံမာလေး ကြောက်စရာကြီးပါကလား။

ဒါဖြင့် အိမ်ခွေးစိတ်ပျောက်ပြီးယင် တောခွေးစိတ် ကျန်တော့တယ်.... (မှန်ပါ့ဘုရား) တောခွေးစိတ်ကတော့ လူသားစားပြီး ခပ်အေးအေး နေရာမှာ တယောက်တည်း အိပ်ချင်တယ်.... (မှန်ပါ့)။

နောက် ဘာစိတ်ပေါက်မယ်ထင်ကြသလဲ.... (တောခွေးစိတ်ပေါက်ပါတယ်ဘုရား) အံမာလေး လူစိတ်ကိုမပါဘူး....(မှန်ပါ့) ပါကြသေးရဲ့လား.... (မပါ-ပါဘုရား)။

လူစိတ်ကို မပါဘူးဆိုတာ ခင်ဗျားတို့က ဒီဝတ္ထုတွေကို မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီး သဗ္ဗညုတ ဉာဏ်ကြီးနဲ့ ကြီးကြီးကျယ်ကျယ် ဟောတော်မူတာကို ဦးသံဒိုင်တို့ မောင်သစ်တို့က မရိပ်မိသေးဘူး.... (မှန်ပါ့ဘုရား)။

အခုတော့ရိပ်မိပါပြီ.... (ရိပ်မိပါပြီဘုရား) ဘယ့်နှယ်လုပ်ကြမယ်၊ ဒီလိုဘဲ သားကောင်ခြောက်ကောင် သဘောတူတဲ့ဆီလိုက်ပြီး တပည့်တော်တို့က ကျန်ခံနေရမှာဘဲ၊ သူတို့ဆဲရာကိုတော့ တပည့်တော်တို့ မနိုင်တော့ဘူး၊ ဒီလိုနဲ့သေလို့ရှိယင်လဲ အင်း.... အရှုပ်ထဲသေယင်လဲ မြေဖြစ်မှာဘဲ၊ မဟုတ်ဘူးလား.... (မှန်ပါ့) ရေထဲသေလဲ မိကျောင်းဖြစ်ရုံဘဲ....(မှန်ပါ့) မဖြစ်ပေဘူးလား.... (ဖြစ်ပါတယ်ဘုရား) ကောင်းကင်သေလဲ ငှက်ဖြစ်ရုံဘဲ....(မှန်ပါ့) သဘောကျပလား.... (မှန်ပါ့) မီးဖိုချောင်သေလဲ အိမ်ခွေးဖြစ်,

မှာဘဲ....(မှန်ပါ့) တောထဲဘာထဲ သွားသေလဲ တောခွေး ဖြစ် မှာဘဲ.... (မှန်ပါ့) အမြင့်ပေါ်မှာ သေလို့ရှိယင်လဲ မျောက် ဖြစ် မှာဘဲ.... (မှန်ပါ့) ဘယ်အသေကြိုက်ကြသလဲ.... (ဘယ်အသေမှ မကြိုက်ပါဘုရား)။

ဟာ....မကြိုက်ပေမဲ့ ခင်ဗျားတို့က ဒီအလုပ်- လုပ်နေတာ ကိုး၊ မရဘူး.... (မှန်ပါ့ဘုရား) ရိပ်မိပလား.... (ရိပ်မိပါပြီ ဘုရား) ခင်ဗျားတို့ကဘာအလုပ်- လုပ်နေသတုံး.... (ဒီအလုပ်-လုပ် နေပါတယ်ဘုရား)။

ဒီခြောက်ကောင်ဘဲ လှည့်ကျောင်းနေတယ်.... (မှန်ပါ့) ဒီခြောက်ကောင် လှည့်ကျောင်းတော့ကို ခင်ဗျားတို့ လူသေ— သေဘို့အတွက်မှ မပါဘူး....(မှန်ပါ့) ပေါ်ကြပလား.... (ပေါ် ပါပြီ)။

လူသေ-သေစရာ မြင်သေးရဲ့လား.... (မမြင်ပါဘုရား) မြွေ သေယင်လဲ သေရမယ်၊ သားတွေ သမီးတွေကြားထဲမှာ အရှုပ် ထဲမှာ.... (မှန်ပါ့) မဟုတ်ဘူးလား.... (မှန်ပါ့) မီကျောင်းသေ ယင်လဲ ချောင်ထိုးပြီးတော့.... (သေရပါမယ်)သေချင်သေရမယ်၊ ငှက်လိုဘဲ ကောင်းကင်တွင် လေယာဉ်ပျံပေါ်တွင် လေဖြတ် သေချင်သေရမယ်၊ ခင်ဗျားတို့....(မှန်ပါ့) မသေရပေဘူးလား.... (သေရပါမယ်)။

ဒါဖြင့် ခင်ဗျားတို့ မသာကိစ္စတောင်မှ နေရာမမှန်ပါဘူး.... (နေရာမမှန်ပါဘုရား) ဘယ်နှယ်ဆိုကြမယ်.... (မသာကိစ္စ နေရာ မမှန်ပါဘုရား)။

ဒါ့ကြောင့် အခုကြားရတာ တချို့မှာ ကောင်းကင်သေကြတယ်.... (မှန်ပါ့) တချို့လဲ ခြုံထဲထိုးသေဆိုဘဲ၊ တချို့လဲ မီးဖိုချောင်က မထွက်နိုင်ဘူးတဲ့....(မှန်ပါ့) နေရာမမှန်ဘူးဗျသေတာတောင်....(မှန်ပါ့)။

အံမာလေး ကြောက်စရာကြီးပါကလား၊ ဘာဖြစ်လို့တုံး.... သားကောင် ခြောက်ကောင်တို့ သန်ရာဆဲ့ပြီး သေလိုက်ရတယ်.... (မှန်ပါ့) ဘယ်လိုပါလိမ့်... (သားကောင် ခြောက်ကောင်တို့ သန်ရာဆဲ့ပြီး သေလိုက်ရပါတယ်ဘုရား) သန်တဲ့အကောင်ဆဲ့တဲ့ နေရာ သွားသေရတယ်....(မှန်ပါ့ဘုရား)။

ကဲ....အသေကော မြဲကြရဲ့လား.... (မမြဲပါဘုရား) အနေကကော.... (မမြဲပါ) အနေလဲ အမောဆိုက်နေတယ်.... (မှန်ပါ့) အသေလဲ နေရာမရှိဘူး.... (မှန်ပါ့)။

ခင်ဗျားတို့ ဖြစ်ထွေကဖြင့် မသက်သာလိုက်တဲ့ ဖြစ်ခြင်းမျှပြောစရာမရှိတော့ဘူး....(မှန်ပါ့)။

မောင်သစ်....ဒီတရားနာရမှ သာဆိုးပါကလား၊ကိုယ့်သဘောကို ပါသေးရဲ့လား.... (မပါ-ပါဘုရား) မပါတော့ဘူး-တဲ့၊ မပါတော့ဘူး၊ အတော်ခဲယဉ်းသွားပြီ....(မှန်ပါ့)။

ဒါဖြင့် ဒီတရားမျိုးလဲ မနာဘူးတော့ ဩဝ်....ကံမကောင်းလို့ မီးဖိုချောင်သေရတယ်လို့ ပြောချင်ပြောနေမှာ.... (မှန်ပါ့) ဘယ်ဟုတ်လိမ့်မတုံး၊ အိမ်ခွေးဆဲ့သွားတာ.... (မှန်ပါ့ဘုရား) ရှင်းပလား....(ရှင်းပါပြီ)။

တောထဲမှာ သူ့ခမျာ သေရရှာသတဲ့၊ အင်း.... တောခွေးဆွဲလို့ တောထဲမှာ သေရတာ.... (မှန်လှပါဘုရား) သဘောကျပလား....(ကျပါပြီ)။

သားတွေ သမီးတွေကြားထဲမှာ သူ ဘယ်ဂတိဖြောင့်နိုင်ပါ့မတုံး၊ သားတွေ သမီးတွေက ဆူဆူပူပူကြားထဲမှာ သေပဲ့ဝင်ရရှာတယ်၊ မြေဆွဲသွားဘာ.... (မှန်ပါဘုရား) အရှုပ်ထဲဆွဲသွားတယ်.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

ဒါဖြင့် ခင်ဗျားတို့ သေစရာနေရာကော မှတ်ပြီးကြပလား-(မမှတ်နိုင်ပါဘုရား) ဘယ်ရယ်လို့ကို မသိဘူး၊ ရိပ်မိပလား....(ရိပ်မိပါပြီ)။

သေစရာနေရာလို့ မမှတ်နိုင်ဘူး.... (မှန်ပါ့) သူများပို့ယင်တော့ မပြောတတ်ဘူး၊ ကိုယ်တော့ အမှတ်မရှိဘူး.... (မှန်ပါ့ဘုရား)။

သူများပို့တာက အမရပူရမြို့ပြင် လေးတင်ကုန်းပို့မှာဘဲ.... (မှန်ပါ့) သူများပို့တာတော့ ခင်ဗျားတို့စုံးရည်မှ မဟုတ်ဘဲကိုး.... (မှန်ပါ့) ကိုယ့်အတွက်ကဖြင့် သေတဲ့နေရာ မူမှန်ရှိကြပလား မေးယင် ဘယ်နယ်ပြောမလဲ.... (မရှိပါဘုရား) မရှိဘူး(မှန်ပါ့) နေတဲ့နေရာတော....(မရှိပါဘုရား)။

ခက်လိုက်တာ၊ အနေလဲမမှန်၊ အသေလဲမမှန်နဲ့ ခင်ဗျားတို့ဘဝ ဘာဘဝလို့ ဆိုကြမလဲမေးလို့ရှိယင် ခုနင်က တိရစ္ဆာန်ခြောက်ကောင် စီမံသလိုပေါ့ဘုရား.... (မှန်ပါဘုရား)။

ဘယ်နှယ်ဆိုကြမယ်....(တိရစ္ဆာန် ခြောက်ကောင် စီမံသလိုပါဘူးရား) ဖြစ်ပုံအတော်ဆိုးသွားပြီ.... (မှန်ပါဘုရား)။

ဘယ်နှယ်ကုံး နောက်က တကာ-တကာမတွေ ကိုယ့်အဖြစ်ကိုယ် သိကြပလား.... (သိကြပါပြီဘုရား) ဘယ်လိုမျှား သိကြသလဲ....(တိရစ္ဆာန်ခြောက်ကောင် စီမံရာနေရပါတယ်)။

နေရမှာကော....၊ နေလဲသူတို့ဆဲရာနေရတယ်.... (မှန်ပါ) နေ့တိုင်း ဟိုသွား ဒီသွားဆိုတာ သူတို့ခြောက်ကောင် ဆဲတဲ့ဆိုသွားနေတာ.... (မှန်ပါဘုရား)။

အဲဒီတော့ ဝိညာဏ်ချုပ်ခါနီး ကျလာလို့ရှိယင်လဲ ကိုယ့်အိမ် ကိုယ့်ရာ ကိုယ့်အခန်းကလေးဘဲ စိတ်ကူးကြသလား.... ဟုတ်လား....၊ တခြားနေရာမှာဘဲ လေညှင်းခံရင်းဘဲ ချုပ်ကြသလားဆိုတော့ ဘယ်သူမှ အသေမမှန်ဘူး-ဘဲ့၊ ခြောက်ကောင် ဆဲရာမယ် တကောင်ကောင်၏ အားသန်တဲ့အကောင် ဆဲရာမှာသေရမယ်.... (မှန်ပါဘုရား) ရှင်းပလား.... (ရှင်းပါပြီ)။

ဘယ်သူဆဲရာ သေရမလဲ....(အားသန်တဲ့အကောင် ဆဲရာ မှာသေရပါမယ်ဘုရား)။

အို.... ခင်ဗျားတို့- ကျုပ်တို့ ဖြစ်ထွေကဖြင့် အနေလဲမမှန် အသေလဲမမှန်နဲ့ ဒါလူ့ဘဝ အရတော်လေစ့ဆိုတာမျှား ခင်ဗျားတို့မို့ ကြံပြီးချီးမွမ်းတယ်.... (မှန်ပါဘုရား) အနေကကော.... (မမှန်ပါ) မမှန်ဘူး၊ အသေကော.... (မမှန်ပါ)။

အင်း....ခက်နေပြီကော၊ သေသေချာချာ စဉ်းစားပါ။မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး သဋ္ဌာယတန သံယုတ်မှာ သဗ္ဗညုတဉာဏ်ရမှ ဟောတာ(မှန်ပါ့ဘုရား)။

သတ္တဝါတို့ဖြစ်စဉ်.... (မှန်ပါ့) မင်းတို့ ဘာလုပ်နေကြသတုံး မေးတော့ ဘာမှပြောမနေနဲ့ ခင်ဗျားတို့ သားကောင် ခြောက်ကောင် ကျောင်းနေရပါတယ်.... (မှန်ပါ့ဘုရား)။

ကိုယ့်သဘောလား၊ သူတို့ဆဲရာလိုက်နေရတာလား.... (သူတို့ဆဲရာလိုက်နေရပါတယ်) ကိုယ့်သဘောဆိုယင်ဖြင့် တပဲသားမပါဘူးပေါ့.... (မှန်ပါ့ဘုရား) ပါကြသေးရဲ့လား.... (မပါ-ပါဘုရား)။

ကြောက်စရာကြီးပေါ့.... (မှန်ပါ့) ဒါ-လူ့ဘဝ အရတော်လေစဉ်လို မောင်သစ်တို့ ဦးသံဒိုင်တို့ကမျှား ကိုယ့်ကိုယ်-ကိုယ် ချီးမွမ်းလို့ ရှိယင်ဖြင့် တော်တော်ရှုးသေးလို့ ချီးမွမ်းတာ.... (မှန်ပါ့) ကိုယ့်သဘောကို မပါဘူး.... (မှန်ပါ့) ပါသေးရဲ့လား.... (မပါ-ပါဘုရား) ဘယ်သူ့သဘောတွေတုံး.... (သားကောင် ခြောက်ကောင် သဘောတွေပါဘုရား)။

သားကောင် ခြောက်ကောင်ဆိုတဲ့ ဒုါရခြောက်ပေါက်၏ အလိုလိုက်နေရတာ.... (မှန်ပါ့ဘုရား)။

အခွန်ဆက်လိုက်တာ၊ ဓါတ်ရှင်နဲ့ အခွန်ဆက်လိုက်ရ၊နော်.... (မှန်ပါ့) အိပ်ရာ-နေရာကလေးနဲ့ကော.... (အခွန်ဆက်ရပါတယ်ဘုရား) အခွန်ဆက်လိုက်ရတာ၊ အသက်မှန်မှန်ရှူတဲ့ ကွက်လပ်ကလေးပေါ်သွားပြီးတော့.... (အခွန်ဆက်ရပါတယ်ဘုရား)

အခွန်ဆက်ရတယ်၊ လေသန့်ကလေး ဘာကလေးရတဲ့နေရာ.... (မှန်ပါ့) မဆက်ရဘူးလား.... (ဆက်ရပါတယ်ဘုရား)။

အင်း....ဟင်း၊ မီးဖိုချောင်ကနေပြီးသကာလ မီးဖိုချောင်သွားပြီး အခွန်ဆက်ရတယ်.... (မှန်ပါ့ဘုရား) တောထဲတယောက်ထည်းနေပြီးသကာလ ခပ်အေးအေးကလေးနဲ့ အခွန်ဆက်ရတယ်၊ မဟုတ်ဘူးလား.... (မှန်ပါ့)။

တိုက်တွေ အိမ်တွေမှာ အမြင့်ကလေး ထွက်ရတဲ့နေရာမှာ တခါတည်း အကြံထုတ်ပြီးသကာလ မနောပေါက်က ဆဲတဲ့ဆဲ အခွန်ဆက်လိုက်ရတယ်.... (မှန်ပါ့)။

ဒီလိုမနေရဘူးလား.... (နေရပါတယ်ဘုရား)ဒါဖြင့် ခင်ဗျားတို့သဘော ပြောစမ်းပါဦး.... (မပါ-ပါဘုရား)။

အင်း....ခက်ကုန်ပြီပေါ့၊ ဒါဖြင့် တပဲလုံးကို ကိုယ့်သဘောဘာမှ မပါဘူးတဲ့....(မှန်ပါဘုရား)။

ဘယ်သူ့သဘောချည့် ဖြစ်နေသတုံး.... (သားကောင်ခြောက်ကောင်၏ သဘောပါဘုရား) မရိပ်မိဘူး ခင်ဗျားတို့က၊ ဘုရားဟောလို့ ဘုရားဟောတဲ့ နောက်ကိုလဲ ဆရာ ဘုန်းကြီးကလဲ ရှင်းအောင်ပြောလို့ ဦးသံဒိုင်ကြီးတို့ ရိပ်မိတာ.... (မှန်ပါဘုရား) နို့မဟုတ်လို့ရှိယင် ခင်ဗျားတို့ ဒါကျုပ်တို့အလုပ်ချည်းဘဲဗျ၊ ထမင်းဆိုတာလဲ မစားဘဲ မနေနိုင်ဘူးဗျ၊ မဟုတ်ဘူးလား.... (မှန်ပါ့)။

အသက်ကလေး မှန်မှန်ရှူတယ်ဆိုတာ မရှူ သေကုန်မှာ

ပေါ့ဗျ- ဆိုပြီးသကာလ သူ့-သူများခိုင်းလို့ လုပ်ရတယ်လို့ မသိဘူး၊ ဒါ ငါ့သဘောချည်းထင်နေတယ်.... (မှန်ပါ့)။

ငါ့သဘောလား၊ သူများသဘောလား.... (သူများသဘောပါဘုရား) သူများသဘော ခင်ဗျားတို့က ဘယ်လိုထင်သတုံး.... (ငါ့သဘောထင်ပါတယ်)။

အို.... ငါ့ထမင်းအိုးချောင် ငါစားချင် သွားစားမယ်.... (မှန်ပါ့) ဘယ်ဟုတ်လိမ့်မတုံး၊ အိမ်ခွေးဆွဲသွားတာ.... (မှန်ပါ့ဘုရား) ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒီတကာ-တကာမတွေမှာ မအားတဲ့ကိစ္စက ယနေ့ ပေါ်ပြီ.... (ပေါ်ပါပြီဘုရား) ဟိုအိမ်ကြည့်လိုက်ပြန်လဲ ဒီနေ့ ဘာဖြစ်နေတာလဲ.... (မအားလို့) ဟိုအိမ်ကြည့်လိုက်ပြန်တော့.... (မအားလို့ပါ) ဘယ်အိမ်များ အားကြသတုံး.... (ဘယ်အိမ်မှ မအားပါဘုရား)။

ဟ....ဘာဖြစ်နေကြသတုံး.... (သားကောင် ခြောက်ကောင် ကျောင်းနေရပါတယ်) အင်း.... သားကောင် ခြောက်ကောင် ထိန်းကျောင်းနေရတော့ အကြိုက်က မတူတော့ အားကိုမအားဘူး.... (မအားပါဘုရား) သဘောပါပလား.... (ပါ-ပါပြီ)။

ဒါ့ကြောင့် မနောပေါက်က သေမယ်လို့ ရည်ရွယ်ချက် ရှိတာတောင်မှ မျက်လုံးပေါက်က ဖွင့်ကြည့်တယ်.... (မှန်ပါ့) မျက်လုံးပေါက်က ဖွင့်ကြည့်တယ်၊သားကလေးတွေ သမီးကလေးတွေနဲ့ ခွဲရတော့မှာဘဲ၊ မနောပေါက်က သေတော့မယ်.... (မှန်ပါ့) ဘဝင်ကချုပ်တော့မယ်၊ မရဏာသန္နဇောပြီးယင် စုတိကျတော့မယ်....(မှန်ပါ့)။

အဲဒါတောင်မှ မျက်လုံးပေါက်က ကျုပ်အခွန်ဆက်ပါဦး ဆိုပြီး သကာလ အရှုပ်ကလေး ကြည့်ရှုပါဦးဆိုပြီး သားတွေ သမီးတွေဘက်များ လှည့်ကြည့်လိုက်သေးတယ်.... (မှန်ပါ့) သေခါနီးတောင်မှ.... (မှန်ပါ့) သေရမှာက မနောပေါက် စုံသေရမှာကိုး.... (မှန်ပါဘုရား)။

အဲ....မနောပေါက် စုံသေရမှာတောင်မှ နှင်တို့စိတ်မချဘူး ဆိုပြီးသကာလ မျက်လုံးပေါက်ကနေပြီး အခွန်ဆက်ပေးရသေးတယ်၊ အရှုပ်ထဲ ခင်လိုက်ရသေးတယ်.... (မှန်ပါ့)။

လူကတော့ ထနိုင်သေးရဲ့လား.... (မထနိုင်ပါဘုရား)လူကမထနိုင်တာတောင် မျက်လုံးပေါက်က မြေကြီးအရှုပ်ကလေးကြည့်သွားပါဦးဆိုတာ ပါသေးတယ်.... (မှန်ပါ့ဘုရား) မပါဘူးလား.... (ပါ-ပါတယ်ဘုရား)။

အဲဒီတော့ လားရာဂတိ မြဲကြပါ့မလားလို့ ဒီတကာ.... တကာမတွေကိုမေးတယ်.... (မမြဲပါဘုရား) မမြဲတော့ဘူး၊ လူဘယောက်တည်း ခြောက်မှုထမ်းမို့.... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ) လူတယောက်တည်းမှာ.... (ခြောက်မှု ထမ်းပါတယ်ဘုရား) ပေါ်ကြရဲ့လား.... (ပေါ်ပါတယ်ဘုရား)။

ဒါဖြင့် တပည့်တော်တို့ အသေကောင်းတော့ သေချင်တာဘဲဘုရား၊ အနေကောင်းလဲ နေချင်တယ်ဘုရား၊ ဒါ လူတိုင်းတော့ လျှောက်မှာဘဲ.... (လျှောက်ပါတယ်ဘုရား)။

ဒီခြောက်ပေါက်ကို မနိုင်လို့ရှိယင်တော့ မရဘူး၊ အသေကောင်းလဲ မဖြစ်နိုင်ဘူး၊ အနေကောင်းကော.... (မဖြစ်နိုင်ပါဘုရား)။

ဒါဖြင့် အနေမှာလဲ ဆင်းရဲဗလပွေ့နဲ့နေ.... (မှန်ပါ့)အသေမှာလဲ ဒုါရခြောက်ပေါက်ဆဲရာ ပါရဲ့အတွက်-တဲ့၊ အသေမှာလဲ အသေဆိုးဘဲ နေကြမယ်.... (မှန်ပါ့ဘုရား) အမောဆိုက်နေတယ်.... (မှန်ပါ့) မောချင်လို့မောတာလား၊ ဝဒနာကြောင့် မောတာလား၊ ကိုယ့်အလိုမကျလို့ မောတာလား.... (ကိုယ့်အလိုမကျလို့ မောတာပါ)။

ဒုါရခြောက်ပေါက် အမှုထမ်းတာကို အကုန်အမှုမထမ်းနိုင်တော့ဘူး၊ ငါတော့ သေရတော့မှာဘဲ၊ ဘာမှ သူတို့စိတ်ချလက်ချမရှိဘဲနဲ့ လူလားမမြောက်တာတွေနဲ့၊ မပြည့်စုံတာတွေနဲ့ ယုတ်စွအဆုံး မီးဖိုချောင်ကစပြီး အိမ်ကစပြီး မပြည့်စုံတာနဲ့ သေပဲ့ဝင်ရမယ်ဆိုပြီး ဒုါရခြောက်ပေါက်ကို အခွန်ဆက်ရတာ မကျေနပ်ဘဲနဲ့ သေပဲ့ဝင်ရတယ်.... (မှန်ပါ့ဘုရား)။

ဒါဖြင့် ဒေါမနဿနဲ့ သူသေတာ.... (မှန်ပါ့ဘုရား) သဘော ပါကြလား.... (ပါ-ပါပြီ) ဘာနဲ့သေတာတုံး.... (ဒေါမနဿနဲ့ သေပါတယ်ဘုရား) သွားသွား-သွားသွား၊ ငရဲချည့်သွား၊ ရွှေ့မနေနဲ့.... (မှန်ပါ့ဘုရား) ဒေါမနဿနဲ့သေယင် ဘယ်သွားရမလဲ.... (ငရဲသွားရပါမယ်)။

အဲဒီကျမှ မှားခဲ့တယ်.... (မှန်ပါ့) ဒုါရခြောက်ပေါက် မနိုင်ခဲ့လို့ သေခြင်းဆိုးက နေခြင်းဆိုး ငရဲရောက်ပေါ့.... (မှန်ပါ့ဘုရား)။

နဂိုရိုက်လဲ သေခြင်းဆိုး သေခဲ့ရတယ်.... (မှန်ပါ့)အမောဆိုက်ပြီး သေတော့ သေခြင်းဆိုး မကျဘူးလား.... (ကျပါတယ်ဘုရား)။

ဒုါရခြောက်ပေါက်မနိုင်တော့ သူတို့အလိုသာ လိုက်နေတော့ ကိုယ့်အလိုက တပဲသား မပါတော့ တခါတည်း ခုနင်က ဒေါမနဿနဲ့ သေလိုက်တဲ့အခါ ကျတော့ ငရဲရောက်တယ်.... (မှန်ပါဘုရား) ရှင်းကြပလား.... (ရှင်းပါပြီ) ငရဲရောက်သွားသည်ဆိုတာ သေချာကြပလား.... (သေချာပါတယ်ဘုရား)။

ဒါ ပဋိစ္စသမုပ္ပါဒ်ထက် ခက်တယ်လို့ အောက်မေ့စမ်းပါ.... (မှန်ပါဘုရား) ပဋိစ္စသမုပ္ပါဒ်တမျိုးတည်း ဟောနေတာ မဟုတ်ဘူး၊ ခြောက်မျိုးဟောနေတာ.... (မှန်ပါဘုရား)။

မျက်လုံးပေါက်က ပဋိစ္စသမုပ္ပါဒ်, နားပေါက်က ပဋိစ္စသမုပ္ပါဒ် မနောပေါက်က ပဋိစ္စသမုပ္ပါဒ်ဆိုပြီး ခြောက်မျိုးကို တပြိုင်နက် ဟောနေတာ.... (မှန်ပါ) ရှင်းကြပလား (ရှင်းပါပြီ)။

ကိုင်း ဘယ်လိုသေကြမယ် စိတ်ကူးကြသလဲ.... ဘယ့်နှယ် သေမလို့ စိတ်ကူးကြသလဲ၊ သူတို့ကျန်ခဲ့ပြီး သေမလား၊ ကိုယ့် သဘောနဲ့ကိုယ် သေမလား....(ကိုယ့်သဘောနဲ့ကို သေပါမယ်.... ဘုရား)။

ကိုယ့်သဘောနဲ့သေမယ်၊ အရှုပ်တော့ ခင်ဗျားတို့ ကောင်း ကောင်း တွေ့လိမ့်မယ်၊ သို့သော်လဲ....တဲ့ ခင်ဗျားတို့က ဘယ်-အလုပ် ပြီးပလဲလို့မေးတဲ့ အခါကျတော့ ဦးသံဒိုင် ဘယ့်နှယ် ဖြေကြမလဲ.... (မပြီးသေးပါဘုရား)ဘယ်အလုပ်မှ မပြီးသေးဘူး၊ (မှန်ပါ)။

မောင်သစ်ကော ဘယ်အလုပ်ပြီးပလဲ.... (ဘယ်အလုပ်မှမပြီး-သေးပါဘုရား) ဘယ်အလုပ်မှ မပြီးသေးဘူး၊ သေကောပြီးမှာ

လား၊ (မပြီးပါဘူး) အင်း တန်းလန်းတွေနဲ့ ဒီလိုဘဲနေမယ်.... (မှန်ပါ့)။

အဲဒီတော့ကို ခင်ဗျားတို့ ဒုါရခြောက်ပေါက် သန်ရာကဆွဲပြီး အပါယ်ပို့မှာဘဲ.... (မှန်ပါ့ဘုရား) ရှင်းပလား.... (ရှင်းပါပြီ) သန်ရာကဆွဲပြီး.... (အပါယ်ပို့မှာပါဘုရား)။

သူတို့ကတော့ သူတို့ပို့တဲ့ နေရာကတော့ မြေကလဲ အရုပ်ထဲပို့ပါတယ်လို့ ပြောပေါ့.... (မှန်ပါ့) မိကျောင်းကလဲ ရေထဲပို့ပါတယ်လို့ပြောထားပေါ့ဘဲ.... (မှန်ပါ့) ရိပ်မိကြ ပလား.... (ရိပ်မိပါပြီ)။

ဘယ်မှာ ခင်ဗျားတို့ ကိုးစားရာ အားထားရာ ကိုယ့်အကြိုက် ကိုယ့်အလိုက် ပါသေးရဲ့လား.... (မပါ-ပါဘုရား)။

ဒါ နားကြီးကြီးနဲ့ ထောင်မှနော်.... (မှန်ပါ့ဘုရား)ဦးသံဒိုင် နားသေးသေးနဲ့ ထောင်ယင် ဘာပြောနေမှန်း သိမှာမဟုတ်ဘူး၊ (မှန်ပါဘုရား) သူ နားကြီးကြီးနဲ့ထောင်တော့ သြော်....တဏှာ ကျွန်ပါဟော့-ခြောက်ယောက်ကခိုင်းတဲ့ ကျွန်ဟာ၊ တဏှာခြောက် မျိုးက လူတယောက်တည်း ခိုင်းတာကွ....(မှန်ပါ့ဘုရား)တဏှာ ခြောက်မျိုးက....(လူတယောက်စာည်း ခိုင်းတာပါဘုရား)။

အံမာခလေး.... တဏှာ ခြောက်မျိုးက မျက်လုံးပေါက်က တဏှာက တမျိုးကြိုက်တယ်.... (မှန်ပါ့) နားပေါက်က တဏှာက.... (တမျိုး ကြိုက်ပါတယ်ဘုရား) နှာခေါင်း ပေါက်က တဏှာက.... (တမျိုး ကြိုက်ပါတယ် ဘုရား)လျှာ-ပေါက်က တဏှာက.... (တမျိုး ကြိုက်ပါတယ် ဘုရား) သဘောကျပလား....(ကျပါပြီ) ကိုယ်ပေါက်ကတဏှာက(တမျိုး

ကြိုက်ပါတယ်ဘုရား) မနောပေါက်က တဏှာက.... (တမျိုး—ကြိုက်ပါတယ်ဘုရား)။

အဲဒီတော့ အရှင်သခင်က ခြောက်ယောက်၊ လိုက်နာရတဲ့ လူက တယောက်တည်း... (မှန်ပါ့)။

အင်း.... ဒါမှ မသေတာတော့ ခင်ဗျားတို့ တော်တော်ကျန်ပီလို့ ကျန်သက် ရှည်နိုင်တဲ့ ကံ ပါလာလို့သာ ဒီလောက် ရှည်နေကြတယ်ဆိုတာ.... (မှန်ပါ့) နို့ မဟုတ်ယင် ရှည်စရာကို မပါဘူး....(မပါ-ပါဘုရား) ခိုင်းတဲ့လူက ဘယ်နှစ်ယောက်တုံး၊ (ခြောက်ယောက်ပါ) (လုပ်ရတဲ့လူက.... တယောက်တည်းပါဘုရား) သွားပြီကော.... (မှန်ပါ့) သွားပြီကော....(မှန်ပါ့)။

ဒါ အဆစ်မထည့်သေးပါဘူး၊ ပင်ကိုယ်ရှိတုင် ဒုက္ခရတပေါက်တပေါက်က ပွားပြမယ်ဆိုလို့ရှိယင် အမျှားကြီးကျန်သေးတယ်၊ (ကျန်ပါတယ်ဘုရား)။

အဆစ်မထည့်သေးဘူး၊ ပင်ကိုယ်က ခင်ဗျားတို့ ဆုတောင်းပြည့်ထားတဲ့ ဒုက္ခရ ခြောက်ပေါက်ကို ဟောနေသေးတာ.... (မှန်ပါ့) ခင်ဗျားတို့ နောက်မှ အပိုလိုက်တာတွေ့ မထည့်သေး-ပါဘူး.... (မှန်ပါ့ဘုရား)။

ကဲ အနေခက် အသေခက်ဆိုတာ ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား) အနေခက်ဆိုတာက ဘယ်တော့မှ အလုပ်နဲ့ လက်နဲ့ကို မပြတ်ဘူး....(မပြတ်ပါဘုရား) ဒါဘာတုံး.... (အနေ ခက်ပါဘုရား) စားဘို့ သောက်ဘို့လေ၊ တဏှာက ဘာလုပ်လုပ် စားဘို့ သောက်ဘို့ချည်းဘဲ.... (မှန်ပါ့) အိပ်တယ်ဆိုတာလဲ ခန္ဓာကိုယ်

ကျန်းမာဘို့ဆိုတာ တဏှာက ခိုင်းတာဘဲ.... (မှန်ပါ့ဘုရား) ရှင်းပလား....(ရှင်းပါပြီ)။

ဒါဖြင့် ဘယ့်နှယ်လုပ်ကြမယ်၊ အတော်ခက်နေပြီ၊ အတော်ခက်နေပြီ ဦးသံဒိုင်ရ....(မှန်ပါ့)။

ကဲ ဒါဖြင့် တရားကလဲ ဆယ်မိနစ် ကျန်တော့တယ် တကာတကာမတို့၊ ခင်ဗျားတို့ တွေ့နေတဲ့ အပြစ်ကလဲ ခြောက်ပြစ်....(မှန်ပါ့) အခိုင်းခံရတဲ့လူက တယောက်တည်း.... (မှန်ပါ့)။

တဏှာအရှင်သခင်ကခြောက်ယောက်(မှန်ပါ့)ခြောက်ယောက်ကလဲ ငါခိုင်းတာမလုပ်ဘူး၊ သူများခိုင်းတာ လုပ်ရမလားဆိုမကျေနပ်ဘူးက ပါသေးတယ်.... (မှန်ပါ့ဘုရား)။

မျက်လုံးပေါက်က တဏှာက သူက အရှုပ်ကြိုက်ပါတယ်ဆို ငါတော့ အရှုပ်ထဲမပို့ ဘဲနဲ့ သူရေထဲဆင်းပြီးသကာလ မိကျောင်းကြိုက်တဲ့ဆီ သူလိုက်နေတယ်ဆိုပြီး သူကများ ဘွဲ့ဖေါက်တဲ့အခါပါသေးတယ်....(ပါ-ပါသေးတယ်ဘုရား) မပါဘူးလား....(ပါ-ပါတယ်ဘုရား)။

ကဲ ဘယ့်နှယ်လုပ်ကြမယ်၊ တည့်အောင်ကော လုပ်နိုင်ကြပါ့မလား.... မလုပ်နိုင်ပါဘုရား တည့်အောင်လဲ မကျောင်းနိုင်ဘူး၊ မကျောင်းလဲမဖြစ်ဘူး.... (မှန်ပါ့ဘုရား) ဘယ့်နှယ်လုပ်ကြမလဲ.... (မတတ်နိုင်ဘူးဘုရား) မတတ်နိုင်ဘူး၊ ဒါဘဲ ခင်ဗျားတို့ထိုင်မှာဘဲ....(မှန်ပါ့)။

ဒါဖြင့် တကာ တကာမတို့ တခု့ို့ အရှယ်မရောက်ဘဲနဲ့ အို၊ အရှယ် မရောက်ဘဲနဲ့ နာတာ ဒဏ်ချက်ပိတာ.... (မှန်လှပါဘုရား)ရှင်းပလား....(ရှင်းပါပြီ)။

အရှယ်မရောက်ဘဲနဲ့များ အိုတာတွေ နာတာတွေ ရောဂါများတာတွေ တကာသစ် ဘယ်လိုဆိုပါ့မယ်.... (ဒဏ်ချက်ပိတာပါဘုရား)။

ဟိုလိုက်ရလဲ မအားဒီဘက်လိုက်ရလဲ.... (မအား) မျောက်ဆွဲရာလိုက်ရလို့မအား၊ ငှက်ဆွဲရာ လိုက်ရလို့.... (မအားပါ) ဦးသံဒိုင် ဒါဘာဖြစ်တာလဲ.... (ဒဏ်ချက်သင့်တာပါ)။

ဒဏ်ချက်ပိတော့ အသက်တမ်းကလေးတောင် စေ့မှ စေ့ပါ့မလား.... (မစေ့ပါဘုရား) မစေ့နိုင်ဘူးတဲ့၊ အသက်တမ်းစေ့ဘို့ အတော်ခဲယဉ်းတယ်.... (မှန်ပါ့)။

အေး.... ရိပ်မိကြပလား၊ နောက်ကလူကွေ.... (ရိပ်မိပါပြီဘုရား) ကိုယ့်အဖြစ်ကဖြင့် ဘယ့်နှယ်နေကြသလဲ.... (ဆိုးပါတယ်ဘုရား)။

ဆိုးသာ ဆိုးတယ် ဆိုးပျော်ကြီး(မှန်ပါ့) ခင်ဗျားတို့အထင်ကလေ....ဆိုးတော့ ဆိုးတာဘဲ၊ ဘာတဲ့ ဘယ့်နှယ်တုံး.... (ဆိုးပျော်ကြီးပါဘုရား)။

ဆိုးပျော်ကြီး၊ တော်တော့လူတွေ မဟုတ်ဘူးနော်....၊ အင်မတန် အ,လို့ ဆိုးပျော်-ပျော်နိုင်တာ.... (မှန်ပါ့) အ,ထူးမှာတန်းကုန်နေလို့ ဆိုးပျော်-ပျော်နိုင်တာ....(မှန်ပါ့ဘုရား)။

ဥာဏ်ပါတဲ့လူဆိုယင် တော်ပြီကွာ....မင်းတို့ ခြောက်ယောက်နောက် ငါမလိုက်ဘူး၊ ကိုယ့်အကြိုက်၊ ကိုယ့်အလိုက်နဲ့ နေတော့မယ်.... (မှန်ပါ့) ဒီလိုများ ပြောဘူးကြရဲလား.... (မပြောဘူးပါဘုရား)။

ဘယ်ပြောဘူးလိမ့်မတုံး....တဲ့၊ ဒီလောက်ဆိုးမှန်းမှ မသိတဲ့ အဝိဇ္ဇာက အုပ်ချုပ်ထားတာ(မှန်ပါ့) ဆိုးမှန်းမသိတဲ့ အဝိဇ္ဇာက အုပ်ချုပ်ထားတော့ကို ဆိုးတာတွေ့ ဟူသ၍ဟာ ဆိုးနိုင်သလောက် ဆိုးပါစေ၊ ကျုပ်သေပြီးသကာလ တဏှာနဲ့ သည်းခံပါ့မယ်ဆိုပြီးတော့ ခင်ဗျားတို့ကလဲ ဒီနေရာမှ ခန္ဓိဝါဒီဇာတ်ကို တဏှာခိုင်းတာမှ ကျေနပ်တယ်.... (မှန်ပါ့ဘုရား) တကယ့် ပါရမီဖြစ်မှာကျတော့.... (မကျေနပ်ပါဘုရား) ခြင်ကိုက်တာတောင် မခံနိုင်ဘူး....(မှန်ပါ့)။

ဘယ့်နယ်တုံး သဘောပါကြရဲ့လား- (ပါ-ပါတယ် ဘုရား)၊ ဦးသံဒိုင် ဒီတရားဟာ အင်မတန် အရေးကြီးပါတယ် ဆိုတာကော ကဲ....ပေါ်ကြပလား.... (ပေါ်ပါပြီ)။

ဩော်.... ဒို့ ဘယ်လိုမျှား ရှေးက နေခဲ့ကြရပါလိမ့်မတုံး၊ ကုသိုလ်တွေ့ အမျှားကြီးမျှား ရခဲ့ကြသလား (မရခဲ့ပါဘုရား)။

မရပါဘူး၊ တဏှာခြောက်ယောက်၏ ကျွန်တယောက် ဖြစ်နေတော့ ကုသိုလ်လုပ်ချိန် မပါ-ပါဘူးဗျာ၊ ပါတဲ့ ကုသိုလ်ဟာလဲ သူခိုင်းတဲ့ ကုသိုလ်ပါ (မှန်ပါ့ဘုရား) ဘယ့်နယ် ဆိုကြမလဲ.... (သူခိုင်းတဲ့ ကုသိုလ်ပါဘုရား)။

ဒါဖြင့် ကုသိုလ်စစ် မဟုတ်ဘူး၊ အာသဝနယ်က မလွတ်ဘူး။ ကာမာသဝက အုပ်ချုပ်ထားတယ်.... (မှန်ပါ့)မဆိုထိုက်ဘူးလား (ဆိုထိုက်ပါတယ်ဘုရား)။

ဒါဖြင့် ကုသိုလ်ကလေး လုပ်တာတောင်မှ စင်စင်ကြယ်ကြယ် မလုပ်နိုင်ဘူး.... (မှန်ပါ့) လုပ်နိုင်သေးရဲ့လား.... (မလုပ်နိုင်ပါဘုရား)။

ဒါ ဘယ်လုပ်နိုင်လိမ့်မတုံးဗျ၊ ကုသိုလ်ကလေး လုပ်မယ်ကြံလို့ရှိယင်ဖြင့် မကျွပ်ကလေး ထိုးချင်တာက မျက်လုံးကြိုက်ကိုး.... (မှန်ပါ့) အတီးကလေး, အမှုတ်ကလေး ထည့်ချင်တာက နားးကြိုက်မဟုတ်ဘူးလား.... (မှန်ပါ့) သွားပြီကော.... (မှန်ပါ့) အခင်းကလေး အနှီးကလေး ကောင်းချင်တာက ကိုယ်ကြိုက်.... (မှန်ပါ့ကိုယ်ကြိုက်ပါ) မဟုတ်ဘူးလား.... (မှန်ပါ့) ဟင်းကျွေးကောင်းအောင် ချက်ပါဆိုတာက.... (လျှာကြိုက်ပါ) အိမ်ခန့်းကြိုက်ဖြစ်နေပြီ၊ မဟုတ်ဘူးလား.... (မှန်ပါ့)။

ဘယ်....အလှူတလှူလုပ်မှ ခင်ဗျားတို့ရဲ့အလှူကို မပါဘူး.... (မှန်ပါ့) ပါသေးရဲ့လား.... (မပါ-ပါဘုရား)။

ဘယ်သူ့အလှူတွေ ဖြစ်နေသတုံး.... (သားကောင် ခြောက်ကောင်အလှူပါ)သားကောင် ခြောက်ကောင်ဆိုတဲ့ တိရစ္ဆာန်တွေ၏ အလှူတွေ ဖြစ်နေတယ်.... (မှန်ပါ့)။

သေသေချာချာ မတွေးယင် ဒီဟာ ခင်ဗျားတို့ အလှူပေးတယ်လို့ ထင်မယ်.... (မှန်ပါ့ဘုရား) သေသေချာချာ တွေးတဲ့အခါကျတော့ သားကောင်ခြောက်ကောင် အလိုလိုက်ပြီးသကာလ လုပ်တဲ့ပဲတခု.... (မှန်ပါ့ဘုရား) မဆိုနိုင်ဘူးလား.... (ဆိုနိုင်ပါတယ်ဘုရား)။

ဒါက အင်မတန် သဘောပါတဲ့ ဆရာက ပြောလို့ ခင်ဗျားတို့ ရိပ်မိတာနော်.... (မှန်ပါ့) နို့မဟုတ်လို့ရှိယင် ခင်ဗျားတို့အလှူက လူသာဓုခေါ်.... နတ်သာဓုခေါ်ပေါ့ဗျာ.... (မှန်ပါ့) အံမာလေး- ကြွားမျဲးကြွားလိုက်သေးတယ် (မှန်ပါ့) ဘယ့်နှယ်များ ကြွားသလဲ.... (လူသာဓုခေါ်.... နတ်သာဓုခေါ်ပါဘုရား)

အံမာလေး.... ကြောက်စရာ့လူတွေ့၊ ကြောက်စရာ့လူတွေ့....တဲ့၊ သေသေချာချာ စဉ်းစားကြည့်တော့လဲ သားကောင် ခြောက်ကောင် အလိုကို အကုန် လိုက်လုပ်တဲ့ အခါကျတော့ ဒီအကျိုးဆက်ကြောင့် နောက် သားကောင် ခြောက်ကောင်ဘဲ ခိုင်းတာခံရပါလို့၏ (မှန်ပါ့) ဒီရောက်ပါတယ် (မှန်ပါ့) မရောက်ဘူးလား ရောက်သလား (ရောက်ပါတယ်ဘုရား) သေသေချာချာ တွေးမှနော်.... (မှန်ပါ့)။

ခင်ဗျားတို့ မလှုန့် မတန်းနဲ့ ပြောတာမဟုတ်ဘူး၊ ခင်ဗျားတို့ဥစ္စာ ဝင်္ဂပါနေတယ်ဆိုတာ သေချာနေလို့....(မှန်ပါ့) မပါဘူးလား-ပါသလား....(ပါ-ပါတယ်ဘုရား)။

ကြောက်စရာကြီးပါကလား....၊ ဦးသံဒိုင် လုပ်ဘူးပလား.... ခင်ဗျားတို့၊ လုပ်ဘူးတာပေါ့ဘုရား.... လူထဲနေတာ၊ သဘောကျပလား....(မှန်ပါ့)။

မတတ်သာလို့ ကျွေးရ မွေးရတာတွေကော ခင်ဗျားတို့ မရှိဘူးလား....(ရှိပါတယ်ဘုရား) ပေးရ ကမ်းရတာတွေကော-(ရှိပါတယ်ဘုရား)။

အဲဒါတွေ ဘယ်နှယ်လုပ်ခဲ့သတုံးလို့ မေးလို့ရှိယင် ဒုဂ္ဂရခြောက်ပေါက် စီမံရာဘဲဘုရား.... (မှန်ပါ့ဘုရား) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

အဲ....ဟင်းကလေးလဲကောင်းပါစေကွာ....၊ ထမင်းကလေးလဲကောင်းပါစေ၊ ဟင်း, ထမင်းကလေး ကောင်းပါစေဆိုလို့ရှိယင် တောခွေးအတွက်.... (မှန်ပါ့) ဟင်းကလေး ကောင်းပါစေဆိုယင်.... (အိမ်ခွေးပါ) အိမ်ခွေးအတွက်ဆိုတာ ရိပ်မိပလား.... (ရိပ်မိပါပြီ)။

ကဲ....သူက နေရာတိုင်းပါတာဘဲ.... (မှန်ပါ့) သူမပါတဲ့ နေရာ.... (မရှိပါဘူးရှား) မရှိတော့ဘူးဆိုတော့ အဲဒီ တကာတကာမတွေ့ အမောဆိုက်တာသည် အလှလုပ်လိုက်တာ မောလိုက်တာဗျာ၊ အလှကြီးတခု လုပ်လိုက်တာ တော်တော် မောသွားတယ်၊ ဘာဖြစ်လို့ မောသလဲ ဒီခြောက်ကောင် အလိုကို အကုန် လိုက်ဖြည့်နေရလို့.... (မှန်ပါ့)။

ခြောက်ကောင်အလိုကို .... (လိုက်ဖြည့်နေရလို့ပါဘူးရှား) အမောကတောင် နည်းသေးတယ်.... (မှန်ပါ့ဘူးရှား) လဲမသေတာ ကျေးဇူး.... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ) အမောက နည်းနေသေးတယ်၊ လဲမသေတာ ကျေးဇူးလို့ ပြောရသေးတယ်....(မှန်ပါ့)။

ကဲ ဘာဖြစ်လို့ ဒါလောက်တောင် မောင်သစ် အမောဆိုက်ပါလိမ့်.... (သားကောင် ခြောက်ကောင် အလို လိုက်နေရလို့ပါဘူးရှား)။

ကဲ ဦးသံဒိုင်သွားပြီ၊ မသွားသေးဘူးလား.... (သွားပါပြီဘုရား) အင်မတန် သဘောပါတယ် ဆိုတာကော ရိပ်မိပလား (ရိပ်မိပါပြီ)။

ခင်ဗျားတို့ တော်တော်ကြာလို့ရှိယင် ဆဲလိမ့်မယ် သားကောင်-တကောင်က.... (မှန်ပါ့) အခန်းထဲ ဆဲမယ်.... (မှန်ပါ့) မဆဲဘူးလား- ဆဲမလား....(ဆဲပါတယ်ဘုရား)။

အင်း....ဆဲမယ်သားကောင်- တကောင် ကောင်က တောခွေးက ဆဲမလား- ဆဲလိမ့်မယ်နော်.... (မှန်ပါ့)။

တော်တော်ကြာ ရေအိုးနား ရောက်ပြန်လို့ရှိယင်လဲ အင်း.... ဘယ်သူက ဆဲသတုံးဆိုတာ ခင်ဗျားတို့ဟာ ခင်ဗျားတို့ သိမယ် (မှန်ပါ့ဘုရား) မသိရပေဘူးလား.... (သိရပါတယ်ဘုရား)။

ဘော်တော်ကြာ မီးဖိုချောင်ထဲ ဆဲချင်ဆဲသွားမယ် (မှန်ပါ့) ရေနွေးကလေး မရှိဘူးလား၊ လဘက်ရည်ကြမ်းကလေး မရှိဘူးလား အစရှိသည်နဲ့ မဆဲပေဘူးလား.... (ဆဲပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ကိုယ့်အလို ကိုယ့်အကြိုက် ကိုယ့်အလိုက် ဟာဖြင့် မရှိပါဘူး.... (မရှိပါဘုရား) သားကောင် ခြောက် ကောင် အလိုဘဲ.... (မှန်ပါဘုရား) လှည့်လိုက်နေရတယ် (မှန်ပါ ဘုရား)။

လှည့်လိုက်တဲ့ အခါကျလို့ ရှိယင်ဖြင့် ခင်ဗျားတို့ ဘုန်းကြီး ကတောင် ချီးမွမ်းရသေးတယ်၊ ဒီခြောက်ကောင်စလုံး ဆဲယင် ဆိုးတယ်နော်.... (မှန်ပါ့) ပြိုင်များ ဆဲလိုက်ယင် ခင်ဗျားတို့ ခက်တယ်.... (မှန်ပါ့)လူပါမြုပ်တယ်....(မှန်ပါ့) မဟုတ်ဘူးလား တလှည့်စီ ဆဲနေပေလို့ တော်သေးရဲ့....(မှန်ပါ့)။

ဘယ်နယ် မှတ်ကြမယ် (တလှည့်စီဆဲလို့ တော်ပါသေးရဲ့ ဘုရား) တော်သေးရဲ့နော်၊ ခြောက်ကောင်များ စုံဆဲလို့ရှိယင် ဖြင့် ခင်ဗျားတို့ နိုင်စရာမြင်သေးလား.... (မမြင်ပါဘုရား) သေ ရာ ဌာနကော မြဲသေးရဲ့လား.... (မမြဲပါဘုရား)။

အင်း....အရှုပ်ထဲ သေရမလား၊ ရေထဲသေရမလား၊ကောင်း ကင် သေရမလား၊ အရိုးတခြား-အသားတခြားဖြစ်ပြီး ခင်ဗျား တို့ ဒုက္ခရောက်မယ်.... (မှန်ပါဘုရား) မရောက်ပေဘူးလား ....

(ရောက်ပါတယ်ဘုရား) ဘယ်သူ့ မနှိုင်တာတုံး....(သားကောင် ခြောက်ကောင် မနှိုင်တာပါ)။

အဲဒါ ဘုရားက နိဂုံးချုပ်လိုက်တယ်၊ သားကောင် ခြောက်ကောင်ကို မနှိုင်သ၍ ကာလပတ်လုံးဖြင့်ကွာတဲ့ ဘယ်အခါကာလမှ ကိုယ့်အကြိုက် ကိုယ့်အလိုက်ဆိုတဲ့ ဒုက္ခသစ္စာငြိမ်းတဲ့ နိဗ္ဗာန်မရောက်နိုင်ဘူးတဲ့.... (မှန်ပါဘုရား)။

ရောက်နိုင်ဘို့ကော.... (မမြင်ပါဘုရား) အကုန်ရှိသေးရဲ့လား.... (မရှိပါဘုရား) ဘယ်လောက်ဆိုးသလဲ.... (ဆိုးပါတယ်ဘုရား)။

ဩော်....ဒါဖြင့် ယနေ့တရားမှာ အဆုံးကော့ မသတ်နိုင်ပါဘူးတဲ့ နာမ်ကာ စေ့နေတဲ့အတွက်၊ ခင်ဗျားတို့ မအားတာဖြင့် ကောင်းကောင်း ပေါ်ပါပြီ....(ပေါ်ပါပြီဘုရား)။

ဩော်....တပည့်တော်တို့ နေစရာလဲ မြေမရှိဘူးဘုရား၊ ပေါ်ပြီ....(မှန်ပါ) သေစရာလဲ အမြဲမရှိဘူး....(မှန်ပါ) နေစရာကော (အမြဲမရှိပါဘုရား) သေစရာလဲ.... (အမြဲမရှိပါဘုရား)။

အဲ ဒီလိုချည့် ဘဝတိုင်းလာခဲ့တယ်.... (မှန်လှပါဘုရား) သဘောပါကြပလား....(ပါ-ပါပြီ) ဒီလိုချည့် ဘာတုံး.... (ဘဝတိုင်း လာခဲ့ပါတယ်ဘုရား) ဒါဖြင့် ကျွန်တော်ယောက် သခင်ခြောက်ယောက်.... (မှန်ပါ) ဘယ်လိုမှတ်ကြမယ်.... (ကျွန်တော်ယောက် သခင်ခြောက်ယောက်ပါဘုရား)။

ဒါဖြင့် သေခြင်းဆိုးနဲ့ နေခြင်းဆိုး ဘဝချည့် တွေ့ခဲ့ရတယ်ဆိုတဲ့ဥစ္စာ တပည့်တော်တို့ ဘာမျှားဖြစ်သတုံးလို့ နောက်က

ဘာဖြစ်တယ် မမေးနဲ့တော့....(မှန်လှုပါဘုရား) ဘယ်လိုဆုံးဖြတ်ချက်ချမလဲ.... (သေခြင်းဆိုးနဲ့ နေခြင်းဆိုးပါဘုရား) သေသေချာချာတွေးမှနော်....(မှန်ပါ့)။

ကပည့်တော်တို့ ဘာဖြစ်ခဲ့သတုံး မေးတော့ တခြားသော ပုဂ္ဂိုလ်တွေက ခင်ဗျားတို့ လူကြီးသူမတွေမို့ မင်းကွာ မဖြစ်ဘူးတဲ့ဟာ မရှိဘူး၊ စကြဝဠတေးမင်းလဲ ဖြစ်ခဲ့တာပေါ့ကွ၊ မာရ်နတ်မင်းလဲ ဖြစ်ခဲ့တာပေါ့ကွ၊ နတ်ပြည် ခြောက်ထပ်ဆိုတာ မင့်ခြေရာချည့်ပေါ့ကွ အစရှိသည်နဲ့ ဒါက သာယာတဲ့ သဘောကနေ ပြောတာ.... (မှန်ပါ့)။

အခု အပြစ်ပြတဲ့သဘောကနေ ပြောတော့ကွာ ဘာမျှားဖြစ်ခဲ့ပါသတုံး၊ အို....ကျွန်သပေါက်ချည်းဘဲ ဖြစ်ခဲ့တယ်.... (မှန်လှုပါဘုရား) ရိပ်မိပလား....(ရိပ်မိပါပြီ)။

ဘာဖြစ်ခဲ့ကြသတုံး.... (ကျွန်သပေါက်ချည့် ဖြစ်ခဲ့ပါတယ်) ဘယ်သူ့ကျွန်တုံးလို့ မေးလို့ရှိယင် ဒုဂ္ဂရခြောက်ပေါက်မှာရှိတဲ့ တဏှာခြောက်မျိုးရဲ့ကျွန်.... (မှန်ပါ့) ဘယ်သူ့ကျွန်တုံး.... (တဏှာခြောက်မျိုးရဲ့ ကျွန်ပါဘုရား)။

တဏှာခြောက်မျိုး၏ တယောက်တည်း ကျွန်....(မှန်ပါ့)၊ တဏှာက ခိုင်းတာကတော့ ခြောက်မျိုး၊ လုပ်တဲ့ကျွန်သပေါက်က.... (တယောက်ပါဘုရား)။

ကဲ ခင်ဗျားတို့ အင်း-ဟင်-ရှေးက အနေဆိုးဖြင့်, နေခဲ့ရပြီ၊ ဒီကနောက် ဒီခြောက်ကောင်ကိုနိုင်တဲ့နည်းကိုဘုရားကလဲမဟော၊ ဆရာကလဲ မပေးဘူးဆိုလို့ရှိယင် ခင်ဗျားတို့ ဒီသံသရာထဲမှာဘဲ၊

ပြန်လှည့်မယ်(မှန်ပါဘုရား) သားကောင် ခြောက်ကောင်၏ စီမံရာကိုသာ လိုက်နေရလျှင် ခင်ဗျားတို့ သေစရာလဲ မမြဲဘူး၊ နေစရာလဲ မမြဲဘူး.... (မှန်ပါ) ရှင်းပလား.... (ရှင်းပါပြီ)။

ဒါဖြင့် ဒီသားကောင် ခြောက်ကောင် နိုင်မှသာလျှင် ဘယ့်နှယ်တုံး မောင်သစ်၊ အနေကောင်း၊ အသေကောင်း ဖြစ်မယ် ဆိုတာ ရိပ်မိပလား.... (ရိပ်မိပါပြီ) ဦးသံဒိုင်ကော သဘော ပေါက်ပလား.... (ပေါက်ပါပြီဘုရား)။

ကဲ....ဒါဖြင့် ယနေ့နာရီစေ့ပြီ နက်ဖြန်မှဆက်ကြဦးစို့....။

သာဓု....သာဓု....သာဓု

အမရပူရမြို့ မဂ်လာတိုက်ဟောင်း

ကျေးဇူးတော်ရှင် — အဂ္ဂမဟာ ပဏ္ဍိတ

မိုးကုတ် ဆရာတော်ဘုရား

အမရပူရမြို့ မဂ်လာရိပ်သာကျောင်းပေါ်၌

ဟောကြားတော် မူသော

(ဝိဇဝက သုံးပါး ကျင့်ရမည်)

ည အလုပ်ပေး တရားတော်

(၂၇-၁၁-၆၁)

တကာ တကာမတို့.... လူတယောက်မှာ အနာတွေ ပြည့်နေတယ်တဲ့၊ တကိုယ်လုံး အနာတွေပြည့်နေတယ်၊ အနာတွေ ပြည့်နေတဲ့ ပုဂ္ဂိုလ်ဟာ ဆူးတောထဲ ဝင်သွားလို့ရှိယင်ဖြင့် ဘယ်နေရာမှာ မထိခိုက်ဘူးဆိုတာတော့ ပြောဘို့ရာ မလိုတော့ပါဘူး။

သူကလဲ အနာတွေ ပြည့်နေတယ်၊ ဆူးတွေရှိတဲ့ ခြုံတွေထဲလဲ ဝင်မယ်ဆိုလို့ရှိယင်ဖြင့် မောင်သစ်တို့ ဘယ်နေရာကမျှားလွတ်စရာရှိသေးလဲ.... (မရှိပါဘုရား) သူ့မှာ ထိခိုက်မှာချည့်ဘဲ.... (မှန်ပါ) သူ့မှာ ထိခိုက်မှာချည့်ဘဲတဲ့။

ထို့အတူဘဲတဲ့ ဒီတကာ-တကာမတွေမှာ ကိုယ်ကလဲ မျက်လုံးပေါက်ကလဲ ကိလေသာရှိ၊ နားပေါက်ကလဲ ကိလေသာရှိ၊ နှာခေါင်းပေါက်ကလဲ ကိလေသာရှိ၊ လျှာပေါက်ကလဲရှိ၊ကိုယ်

ပေါက်ကလဲရှိ၊ မနောပေါက်ကလဲရှိ၊ ကိုးလသာက ခြောက်မျိုးတောင် ရှိနေတယ်....(မှန်ပါ့)။

အဲဒီ ကိုလေသာ ခြောက်မျိုးတောင် ရှိနေတော့ မြို့ထဲ ခြံထဲသွားလဲ မျက်လုံးပေါက်က ကိုလေသာ လာမှာဘဲ၊ နားပေါက်ကကော.... (လာမှာပါဘုရား) နှာခေါင်းပေါက်၊ လျှာပေါက်တွေကကော....(လာမှာပါဘုရား) လာမှာချည့်ဘဲ၊ ကိုယ်ပေါက်၊ မနောပေါက်တွေကကော.... (လာမှာပါဘုရား)။

ကိုယ်ကလဲ ကိုလေသာ အနာတွေက ရှိနေတော့ ဆူးတာထဲ တိုးတာကလို ဘုရားကဟောတယ်.... (မှန်ပါဘုရား) ကြောက်စရာ မကောင်းဘူးလား.... (ကောင်းပါတယ်)။

ခင်ဗျားတို့ကလဲ ကိုယ့်အကြောင်း ကိုယ်သိတော့ ဟိုနေရာဖြင့်လဲ သွားဦးမှတော်မယ်၊ ဒီနေရာဖြင့်လဲ သွားဦးမှ တော်မယ်၊ သွားရမည့် တောကလဲ ဆူးတော.... (မှန်ပါ့) ဟိုက အာရုံဆူးတွေက စူးမှာ.... (မှန်ပါ့) ရူပါရုံကစူး၊ သဒ္ဒါရုံကစူး၊ဂန္ဓာရုံကစူး၊ ရသာရုံကစူး၊ ဖေါဋ္ဌဗ္ဗာရုံကစူး ဓမ္မာရုံကစူး၊ စူးတိုင်းလဲ ကိုလေသာ အနာတွေက နဂိုရိုက အနာတွေက ရှိနေတော့ ဟိုကစူးလိုက် ဒီကထကြလိုက်၊ လိုချင်လိုက်-ကြားချင်လိုက်- စားချင်လိုက်-အိပ်ချင်လိုက်-ပြန်ချင်လိုက်- စီစဉ်လိုက်၊ ဒါတွေက အကုန်ထကြလာတာဘဲ....(မှန်ပါဘုရား)။

ကိုယ်ကလဲ ကိုလေသာ အနာကလဲ မချုပ်သေး၊ ဆူးတာထဲလဲ တိုးပြန်တယ်ဆိုတော့ သက်သာခွင့် ရကြပါ့မလား.... (မရပါဘုရား) မရနိုင်ဘူးဆိုတဲ့ဥစ္စာ တကာ တကာမတို့ မှတ်ထားဘို့ သိပ်အရေးကြီးတယ်။

ဒါ့ကြောင့် ကာယဝိဝေက ဆိုတာ ဆိတ်ငြိမ်တဲ့ နေရာမှာ နေဘို့ရာ ဆူးမစူးအောင်လို့ ဘုရားက ဟောတော်မူရှာတာ.... (မှန်ပါ့ဘုရား)။

ခင်ဗျားတို့ကလဲ ဆူးမစူးရလို့ရှိယင် မနေနိုင်တဲ့ လူနာသည်တွေဖြစ်ပြီး သကာလ နေတော့တယ်ဆိုယင်လဲ မလဲဘူး.... (မလဲပါဘုရား)။

ကိုယ်သွားကြည့်ချင်တယ်၊ ကိုယ်သွား နားထောင်ချင်တယ်၊ ကိုယ်သွားပြီး ပြောလိုက်ချင်တယ်၊ ကိုယ်သွားပြီး သကာလ အကြံဉာဏ်ပေးချင်တယ်၊ ကိုယ်--ကိုယ်တိုင် သွားပြီး သကာလ မျက်နှာကလေးပြချင်တယ်၊ မောင်သစ်တို့ ဦးသံဒိုင်တို့ လူစုတွေကလဲ အရှုပ်သားဘဲ....(မှန်ပါ့ဘုရား)။

အနာကလဲ အပြည့်၊ ဆူးတောထဲကိုလဲတိုးချင် အန္တရာယ်မှကင်းပါ့မလား.... (မကင်းပါဘုရား) သေသေချာချာ စဉ်းစားကြဦးကွ.... (မှန်ပါ့) သေသေချာချာ စဉ်းစားကြဦး၊ ဘုရားသခင် ကိုယ်တော်မြတ်ကြီး ဟောတာ၊ အနာသမား ဆူးထဲတိုးတာလောက် ဆိုးတာတော့ မရှိဘူးဟေ့....(မှန်ပါ့) ရှင်းကြပလား.... (ရှင်းပါပြီ)။

ကိလေသာအနာက ကိုယ့်မှာ တကိုယ်လုံး ရှိနေတယ်.... (မှန်ပါ့)ရူပါရုံ၊ သဒ္ဒါရုံ၊ဂန္ဓာရုံ၊ ရသာရုံ၊ ဖေါဋ္ဌဗ္ဗာရုံ၊ဓမ္မာရုံဆိုတဲ့ ဆူးတွေကလဲ ဦးသံဒိုင် ဝိုင်းနေတယ်.... (ဝိုင်းနေပါတယ်ဘုရား) ခင်ဗျားတို့ကလဲ ဒီအထဲဘဲ ဟိုပြေးလိုက်-ဒီသွားလိုက်၊ ဘာလုပ်ကြတာတုံးလို့ မေးယင် ဘယ်နှယ်ဖြေကြမလဲ.... (ကိလေသာဆူးတောထဲ တိုးတာပါဘုရား)။

ကိလေသာ ဆူးတောထဲတိုးတော့ အနာမှ ကြွပါ့မလား.... (ကြွပါတယ်ဘုရား) အနာကြွလို့ ရှိယင်ဖြင့် အပါယ်ဒုက္ခ၊ ဒုဿံဒိုင် သက်သာပါ့မလား....(မသက်သာပါဘုရား)။

သူဘာဖြစ်လို့ အပါယ် ကျချင်လို့ ကျတာလား၊ လူနာသမား ဆူးတောထဲ တိုးချင်လို့ဖြစ်ရတာလား.... (ဆူးတောထဲတိုးချင်လို့ဖြစ်ရတာပါ) အနာသမား ဆူးတောထဲ တိုးချင်လို့ဖြစ်ရတာ....(မှန်ပါ့) မသိကြဘူး၊ ကိုယ်သွေးမှုပြီးတယ်၊ ကိုယ်ပြောမှ၊ ကိုယ်ကြည့်မှ ကြည့်ယင် လောဘနဲ့ဒေါသလာလိမ့်မယ် (မှန်ပါ့) မလာပေဘူးလား....(လာမှာပါဘုရား)။

နားထောင်ယင်လဲ လောဘ ဒေါသနဲ့ မောဟ၊ မောဟဆိုတာ သဟဇာတ အဖြစ်နဲ့ပါနေမှာဘဲ.... (မှန်ပါ့) နားထောင်ယင်လဲ ထို့အတူဘဲ လောဘနဲ့ဒေါသနဲ့ မောဟနဲ့ လာနေမှာဘဲ....(မှန်ပါ့)။

အဲဒီတော့ ဒီအနာသမား အငြိမ်မနေတာကလဲ အတော်ဆိုးတယ်....(မှန်ပါ့) အနာသမား အငြိမ်မနေတာက....(အတော်ဆိုးပါတယ်ဘုရား) ဘယ်ထဲတိုးလာသလဲ .... (ဆူးတောထဲပါဘုရား)။

ဆူးတောထဲတိုးလာတယ်၊ ဆူးဆိုတာ ခင်ဗျားတို့က သိပ်မယုံဘူး၊ ရူပါရုံက ဥပမာမယ်.... မကောင်းတဲ့ အနိဋ္ဌာရုံ မြင်လိုက်မယ်ဆိုယင် ထိတ်ကနဲ လန့်ကနဲ စူးသွားတယ်.... (မှန်ပါ့) ဆူးမဟုတ်ဘူးလား၊ ထိတ်ကနဲ လန့်လန့်သွားတယ် .... (မှန်ပါ့ဘုရား) ကောင်းတဲ့အာရုံ ဆိုလို့ရှိယင်လဲ ပြုံးကနဲ ရှင်ကနဲသွား

တယ်.... (မှန်ပါ့ဘုရား) ဆူးမစူးဘူးလား....စူးသလား.... (စူးပါတယ်ဘုရား)။

သဒ္ဒါရုံလဲ ခပ်ကြမ်းကြမ်းအသံကြီး အော်သံ အက်သံ ငိုသံတွေ့ ကြားလိုက်မယ် ဆိုလို့ရှိယင် ထိတ်ကနဲ ဖိုကနဲ.... (မှန်ပါ့) သဒ္ဒါရုံဆူးက မစူးဘူးလား (စူးပါတယ်ဘုရား)။

ဟာ....ဒီအသံကောင်းတွေနဲ့ သီချင်း ဘာညာ ဆိုနေလို့ရှိယင်လဲ တဏှာက ရပ်ပြီး နားထောင်ချင်တယ် ဆိုတော့လဲဆူးစူးလို့ရပ်တာဘဲ....(မှန်လှပါဘုရား)။

ဂန္ဓာရုံတွေကလဲ ကွဋ္ဌ အနိဋ္ဌ နှစ်မျိုးရှိတာဘဲ၊ အနိဋ္ဌအာရုံတွေ့ တွေ့ပြန်လို့ရှိယင် တံတွေးတွေ့ ဘာတွေ့ ဖြစ်လာတယ်.... (မှန်ပါ့) ဘာဖြစ်တာလဲ ဂန္ဓာရုံဆူးစူးတာ.... (မှန်ပါဘုရား) ဆူးစူးလို့ အနာကြွတာ.... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ) ဆူးစူးလို့.... (အနာကြွတာပါဘုရား)။

ဂန္ဓာရုံက မွေးတယ် ကြိုင်တယ် ဆိုလို့ရှိယင် ရှု။ ချင် ရှိက်ချင်တဲ့တဏှာအနာက ကြွလာတာဘဲ....(မှန်ပါ့) မကြွဘူးလား-(ကြွပါတယ်ဘုရား)။

ရသာရုံကလဲ ထို့အတူဘဲ ကောင်းတာ စားမိယင် တခါတည်း ပြုံးရွှင်လာတာဘဲ၊ မကောင်းတာ စားမိယင်ဖြင့်ဒေါသအမျိုးမျိုး ဒေါသအနာနုတွေ့ မလာဘူးလား.... (လာပါတယ်ဘုရား) ဒေါသကြီးတဲ့ ပုဂ္ဂိုလ်ဖြစ်ယင်လဲ ဒေါသကြမ်းတွေ့ မလာဘူးလား....(လာပါတယ်ဘုရား)။

အဲဒီတော့ ခင်ဗျားတို့မှာ အနာက ရှိနေတော့ဆူးထဲတိုးယင်တော့ ဒီအနာတွေ ခဏ--ခဏ ကြွလာတာ တွေ့ရမှာဘဲ... (မှန်ပါဘုရား)။

ဒါကြောင့်ကာယဝိဝေက စိတ္တဝိဝေကဆိုတာ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ကိုယ်ဆိတ်တဲ့နေရာ- စိတ်ဆိတ်တဲ့နေရာနေကြစမ်းပါကွာ၊ မင်းတို့ ဆူးစူးမှာ စိုးရိမ်လို့-လို့ ဟောတာမျှား ခင်ဗျားတို့က သေးသေးသိမ်သိမ် မှတ်နေလို့ရှိယင်ဖြင့်-တဲ့၊ ကိုယ်ကတော့ အနာမျိုးစုံ ပေါက်နေတဲ့ပုဂ္ဂိုလ်၊ ဆူးအမျိုးစုံနဲ့စူးမယ်ဆိုလို့ရှိယင် သက်သာခွင့်တော့ မမြင်ဘူး.... (မမြင်ပါဘုရား) မြင်ကြရဲလား.... (မမြင်ပါဘုရား) သိပ်ကြောက်စရာကောင်းပါကလား (မှန်ပါ)။

ကျုပ်တို့က မြို့ထဲမှ ပျော်တာ၊ တောဆိုယင်ကျုပ်တို့မပျော်ဘူး၊ ဘာဖြစ်လို့တုံး- ဆူးစူးခံရလို့၊ အနာ ဖျောက်နေရမှ ကုတ်ကင်းထိုးတဲ့လူလို့ စုပ်နေရမှ ဖျောက်နေရမှ ကောင်းတဲ့အဓိပ္ပါယ်ရောက်နေတယ်.... (မှန်ပါဘုရား)မဆိုးဝါးဘူးလား.... (ဆိုးဝါးပါတယ်ဘုရား)။

အံမာလေး.... တကာ--တကာမတွေ တောထဲမှာ ကျုပ်တို့မပျော်ဘူး၊ မြို့ထဲမှာဘဲကျုပ်တို့ နေတတ်-စားတတ်- သွားတတ်-လာတတ်တယ်၊ ဘာဖြစ်လို့တုံး၊ အနာပေါက်နေရမှ ကျေနပ်တယ်ပြောတာနဲ့ မောင်သစ် ထူးသေးသလား.... (မထူးပါဘုရား) ဦးဘအုန်း ထူးသေးရဲလား.... (မထူးပါဘုရား)။

ဒါလောက် ပုထုဇဉ် ရှုးနေတယ်ဆိုတာကော ပေါ်ကြရဲ

လား....(ပေါ်ပါပြီ) အရှုးမှာ တန်းကုန် နေတယ်လို့ ဆိုလို့ ရှိယင် ခင်ဗျားတို့ ငြင်းဘို့ မလိုပါဘူး....(မလိုပါဘူးရှင်း)။

အနာဖျောက်နေရယင် ကျေနပ်တယ်.... (မှန်ပါ့) အနာပေါက်လို့ အနာဖျောက်နေရယင် ကျေနပ်တယ်၊ အနာကင်းနေယင်.... (မကျေနပ်ပါဘုရား)။

မကျေနပ်ဘူး၊ ဒီနေရာ ဘာသံမှ မကြားရဘူး.... (မှန်ပါ့) သတင်းစာလဲမရောက်ဘူး၊ ရေဒီယိုသံလဲမကြားဘူး၊ ဒါ့ကြောင့် မို့ တောမျှား လူဖြစ်ရတာမျှားမကောင်းပါဘူး၊ အစရှိသည်နဲ့ ခင်ဗျားတို့က အနာမပေါက်ရယင် မကျေနပ်ဘူး၊ ညည်းလာတယ်....(မှန်ပါ့)။

ဘာဖြစ်လို့တုံး.... (အနာမပေါက် ရလို့ပါဘုရား) အနာမပေါက်ရလို့.... (မှန်ပါ့) ဖြစ်မှ-ဖြစ်ရလေ—ဟင်၊ ပုထုဇန်တွေ့ရဲ့ ရှုးပုံပြောပါတယ်.... (မှန်ပါ့) ဒါနဲ့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက အင်မတန် မြင်တော်မူသောကြောင့် သတ္တဝါတွေ့လဲ သနားသောကြောင့် အနာကင်းတဲ့ နိဗ္ဗာန်၊ အဗျာဓိဆိုတဲ့အနာကင်းတဲ့နိဗ္ဗာန်ကို သူက ပို့ချင်ရှာတယ်၊ ခင်ဗျားတို့ကလဲ အနာမရ-မနေတတ်နဲ့ သြော်....ဘုရားအဆူဆူတွေ့ ဒီကို ဘယ်လိုမျှားထားခဲ့ပါလိမ့်မတုံး ဆိုတော့ ဒီအကြိုက်နဲ့ ဘုရား အကြိုက်နဲ့ မကိုက်လို့ နေရစ်ရတာ ဟလို့သဒ္ဓ မှတ်ကြပေရော့.... (မှန်လှပါဘုရား) ရိပ်မိပလား....(ရိပ်မိပါပြီ)။

ဒီအကြိုက်နဲ့ ဘုရားအကြိုက်နဲ့ (မကိုက်လို့ နေရစ်ရတာပါဘုရား)။

ဒါကြောင့် ဘုရားက ကရဏာမရှိလို့လား....လို့ မေးလို့ ရှိယင် ကိုယ်ဘဲ့တိုက်လို့သာ အဲဒါသာ အဖြေထွက်ပါတော့.... (မှန်ပါ့) ဒါမှ ကိုယ်ဆိုးမှန်းသိတော့မယ်.... (မှန်ပါ့) ဘုရားက ဂဂ်ါဝါဋ္ဌရှိပေတယ် ဦးသံဒိုင်ရ.... (မှန်ပါ့) မောင်သစ်ဂဂ်ါထဲက သဲမှန်နဲ့အမျှ ဘုရားများ ပွင့်တော်မူတယ်.... (မှန်ပါ့ဘုရား)။

ဒီကိုယ်တော်မြတ်ကြီးတွေ့ တဆူမတွေ့- တဆူတွေ့ပြီးတော့ ကျွတ်တမ်းဝင်ကြဘို့ ဒုက္ခပင်လယ်ဝေနေတဲ့အထဲက ချမ်းသာတဲ့ ဆီရောက်ဘို့ ကိုယ်-ကိုယ်တိုင် စဉ်းစားကြည့်ကြ စမ်းပါ....တဲ့၊ ဘုရားနဲ့ ကျုပ်တို့နဲ့ မမျှပါဘူး၊ ပွင့်သွားတဲ့ဘုရားက များပါသေးတယ်.... (မှန်ပါ့ဘုရား)မဟာကရုဏာမရှိတဲ့ ဘုရားလဲတဆူမှ မပါဘူး.... (မှန်ပါ့)။

ဘယ့်နှယ်တုံး-၊ မဟာကရုဏာမရှိတဲ့ဘုရား.... (တဆူမှမပါပါ ဘုရား) မဟာကရုဏာနဲ့ချည်းလာတာဘဲ.... (မှန်ပါ့) ရင်ဝယ်သားကဲ့သို့ သနားသောသဘောနဲ့ချည်း လာတာဘဲ....(မှန်ပါ့)။

ကျုပ်တို့က မသနားပါနဲ့ ကိုယ်တော့်ကိစ္စ- ကိုယ်တော်လမ်း ကိုယ်တော်သွားပါ၊ ကျုပ်တို့လမ်း ကျုပ်တို့သွားပါမယ် ဆိုပြီး သကာလ ဘဲ့တိုက်တယ်.... (မှန်ပါ့ဘုရား) ရှင်းပလား.... ((ရှင်းပါပြီဘုရား) ဘာဖြစ်နေသတုံး.... (ဘဲ့တိုက်နေပါတယ်)။

ဘဲ့တိုက်နေလို့က်တာ ဘုရားက ဆူးတောထဲ မတိုးနဲ့ဆိုတဲ့ ဥစ္စာ ခင်ဗျားတို့က ဘယ့်နှယ်တုံး.... (တိုးပါတယ်ဘုရား)မတိုးရ မနေနိုင်ဘူး.... (မှန်ပါ့ဘုရား)။

ဘုရားကလဲ ဆူးတောထဲဆိုတာ သေသေချာချာ ပြောရှာ့တယ်၊ ခင်ဗျားတို့ကလဲ မတိုးရလို့ရှိယင် ပျင်းသလေး ချောက်သလေးနဲ့ တခါတည်း ဘဲ့ချည့်တိုက်တဲ့စကားတွေ ပြောနေတော့ ဘုရားသာ ပရိနိဗ္ဗာန်စံသွားတယ်၊ ခင်ဗျားတို့ကျုပ်တို့မှာဆူးတောထဲက မထွက်ရတော့ဘူး.... (မှန်ပါ့) ထွက်ရသေးသလား.... (မထွက်ရပါဘုရား) ဘာဖြစ်လို့လဲ.... ကိုယ်ပျော်ရာ ကိုယ်နေလို့၊ (မှန်ပါ့ဘုရား)။

အဲဒီတော့ ခင်ဗျားတို့က ပုံရိုင်းရိုင်းပြောတော့ ပြာပုံကြိုက်ဖြစ်နေတယ်.... (မှန်ပါ့) ကော်ဇောကြိုက် မဟုတ်ဘူး.... (မှန်ပါ့) ခေးဟာ ကော်ဇောပေါ်မှာ အိပ်ပါဆိုလို့မရဘူး၊ ပြာပုံမှ သူကြိုက်တယ်၊ (မှန်ပါ့) ဘာဖြစ်လို့တုံး သူ့ထုံးစံ၊ ရှင်းပလား..... (ရှင်းပါပြီ) ဒီအတိုင်း ဖြစ်နေတယ် ဆိုတာကော ရိပ်မိပလား..... (ရိပ်မိပါပြီ)။

ပုံက ရိုင်းသလား ဖြစ်ပုံကမှန်သလားလို့လဲ အကဲခတ်ပါဦး (ဖြစ်ပုံက မှန်ပါတယ်ဘုရား) ဖြစ်ပုံက မှန်ပါတယ်၊ ပုံကတော့ မရိုင်းပါဘူး.... (မှန်ပါ့) ပုံကမရိုင်းပါဘူး၊ ဖြစ်ပုံက ဒီ့ထက်ဆိုးတယ်လို့ အောက်မေ့ကြပါ.... (မှန်ပါဘုရား) ဖြစ်ပုံ ဒီ့ထက်ဆိုးတယ်ဆိုတာ သေသေချာချာမှတ်ပါ။

အဲဒါဒီတရားကို ဟောလိုက်သဖြင့် သြော်.... ဒို့ဘယ်လို့နေမှတော်မယ်ဆိုတာကိုလဲ ယနေ့ဆုံးဖြတ်ချက်ချဘို့ အချိန်ရောက်ပါပြီ.... (ရောက်ပါပြီဘုရား)။

ငါးပါးအာရုံ ကာမဂုဏ်ထဲမှာ နေလို့ရှိယင်ဖြင့် တစုံးထဲ စုံးနေမှာဘဲ၊ ထိတ်ခနဲ လန့်ကနဲ ပြုံးကနဲ မလာပေဘူးလား.....

(လာပါတယ်ဘုရား) အဲဒါကြောင့် ခင်ဗျားတို့မှာတဲ့ အသက်တိုခြင်း၏အကြောင်းတွေက ဒီဆူးစူးလို့ တိုကုန်တာ.... (မှန်ပါ့) ကံကပေးတဲ့ အသက်ကတော့ ရှည်ပါရဲ့၊ ဆူးစူးဒဏ်ကြောင့် အသက်ထွက်ရတာက ဝိညာဏ်ချုပ်ရတာက သိပ်များတယ်.... (မှန်ပါ့ဘုရား)။

သားကလေးဘာဖြစ်တယ်.... ထိတ်ခနဲ သမီးကလေး ဘာဖြစ်တယ်.... (ထိတ်ခနဲ) ဘာဖြစ်တာတုံး.... (ဆူးစူးတာပါဘုရား) အဲဒီ ဆူးစူးနာနဲ့ သေတဲ့လူတွေလဲ ဦးသံဒိုင် မနည်းဘူး.... (မှန်ပါ့) သက်တမ်းမစေ့ဘဲနဲ့ ဘာနဲ့ သေသလဲ.... (ဆူးနာနဲ့ သေပါတယ်)။

ဆူးစူးနာနဲ့ သေရတဲ့လူနဲ့ အသက်တမ်းစေ့ပြီး သေရတဲ့လူနဲ့ မောင်သစ် ဂဏန်းချတွက်စမ်းကွာ- ဘယ်သူက များမယ်ထင်သလဲ (ဆူးစူးနာနဲ့ သေတဲ့လူက များပါတယ်ဘုရား) ဒါဖြင့်လဲ ဆတ်ဆော့မှုပေါ့.... (မှန်ပါ့ဘုရား) ဦးသံဒိုင် ဘယ့်နှယ်ဆိုမလဲ.... (ဆတ်ဆော့မှုပါဘုရား)။

အဲဒီတော့ ခင်ဗျားတို့က သြော်....ဒီလူဟာ ကံမကောင်းရှာဘူး၊ အသက်တိုသွားတယ်၊ စဲချက်က သိပ်လဲသွားတယ်၊ ကံမကောင်းလို့ အသက်တိုတဲ့လူက အတော်နည်းပါတယ်၊ ဆူးဒဏ်ချက်ကြောင့် ဝိညာဏ်ချုပ်ရတဲ့လူက....(များပါတယ်ဘုရား) များတယ်ဆိုတာ သဘောကျပလား....(ကျပါပြီ)။

ကိုင်းဒါဖြင့် အဲဒီလိုချည့် ယူနေကြမယ်ဆိုလို့ရှိယင် ဘုန်းကြီးပြောတာကိုလဲ မှတ်ကြပါ၊ ကမ္မဝါဒီ ဒိဋ္ဌတဲ့....(မှန်ပါ့ဘုရား)။

ကံကြောင့်သေတာ မဟုတ်ဘဲနဲ့ ဦးသံဒိုင် ဆူးစူးလို့သေတာကို ကံက နည်းရှာလို့ သေသွားတယ်လို့ယူယင် မှန်ပါ့မလား.... (မမှန်ပါဘုရား) အဲဒါဘာဒီဋ္ဌဓေါ်မလဲ.... (ကမ္မဝါဒီ ဒိဋ္ဌပါဘုရား)။

ကမ္မဝါဒီ ဒိဋ္ဌီတဲ့၊ သူကံ တလုံးသာ နားလည်ပေတယ်လို့ သေတာက ကံကြောင့် မဟုတ်ဘူးတဲ့.... (မှန်ပါ့) ဥပဓိဋ္ဌက ဥပစ္ဆေဒက ဥပဃာတက ဒါတွေ့ ဘယ့်နှယ်ဆိုကြမတုံး....တဲ့၊ ခင်ဗျားတို့ ဆတ်ဆော့မှုတွေ့ မရှိဘူးလား.... (ရှိပါတယ်ဘုရား)။

မူးပြီးသေတဲ့ ပုဂ္ဂိုလ်ရှိတယ်၊ အမူးလွန်လို့ သေတဲ့ ပုဂ္ဂိုလ် ရှိတယ်၊ မောင်သစ် ကံမကောင်းလို့လား.... (မဟုတ်ပါဘုရား)။

လော်လည်မှုကြောင့် သေတဲ့ပုဂ္ဂိုလ်တွေကော မရှိဘူးလား.... (ရှိပါတယ်ဘုရား) ဒါတွေ့ဘယ်နှယ် ဆိုကြမလဲ.... (ဆူးစူးလို့ပါ) ဆူးစူးလို့ သေတာ ကံနဲ့မဆိုင်ဘူး.... (မှန်ပါ့)ဆိုင်ရဲ့လား.... (မဆိုင်ပါဘုရား)။

ဒါဖြင့် ကံနဲ့သေတဲ့ ပုဂ္ဂိုလ်နဲ့ ဆူးခြောက်ချက် တချက်ချက် မီပြီး သေတဲ့ပုဂ္ဂိုလ်နဲ့ ဘယ်ဟာကများပါလိမ့်.... (ဆူးနဲ့ သေတာကများပါတယ်ဘုရား)။

အဲဒါ....ဒီတရားမျိုးကို မနာဘူးလို့လား ဩော်....ဒါတွေ့ဆူးတွေ့ပါကလား၊ ဆူးနာနဲ့ ဝိညာဏ်ချုပ်ရတဲ့ ပုဂ္ဂိုလ်က များပါလိမ့်မယ်....(မှန်ပါ့)။

ဥပမာ ငွေလိုချင်လို့ ငှက်တော ခွေးတော သွားလိုက်ဘယ်၊ တော်တော်ကြာ ငှက်မီပြီး ရေတွေ့ မသန့်တာ သောက်ရလို့

အစားအသောက် တရပ် တဒေသပြောင်းလို့ သေတဲ့ပုဂ္ဂိုလ်ကျ တော့ဟာ ကံကုန်လို့ သေတယ်ဆိုကြမလား....တဲ့ သူဟာ မနောဒွါရမှာ ဆူးစူးလို့ သေတယ် ဆိုကြမလား .... (မနောဒွါရမှာ ဆူးစူးလို့သေတာပါဘုရား) ရှင်းပလား....(ရှင်းပါပြီ)။

အင်း-ဒါဖြင့်ခင်ဗျားတို့ မသာတထောင်မှာဆူးစူးတဲ့မသာက ဘယ်လောက်၊ ကံကုန်လို့သေတဲ့မသာက ဘယ်လောက်ဆိုတာ ဦးသံဒိုင် .... ရေတွက်လို့ရှိယင် ဘယ်သူက များမယ် ထင်သတုံး.... (ဆူးစူးသေတာက များပါမယ်ဘုရား)။

အဲဒါ ကံချည်း ချနေကြတယ်ဆိုတော့ မောင်သစ် သိပ်လွဲတယ်....(မှန်ပါ့) မလွဲဘူးလား....(လွဲပါတယ်ဘုရား)။

အဲဒါကြောင့် ဘုရားက ကမ္မဝါဒီဒိဋ္ဌိတွေလဲ မနည်းဘူးကွဲ့ (မှန်ပါ့ဘုရား) မဟောသင့် ဘူးလား.... (ဟောသင့်ပါတယ် ဘုရား)။

ခင်ဗျားတို့က တလုံးတည်း မှတ်ထားတာကိုး၊ ဘယ်သူသေတယ်.... သြော်.... ကံကုန်ရှာပြီ၊ ဘယ်သူသေ -- ကံကုန်ရှာပြီ၊ ဆတ်ဆော့မှကို မထည့်ဘူး.... (မှန်ပါ့ဘုရား)။

ဆတ်ဆော့ မှတော့ မထည့်ပါဘူး၊ ကံကုန်တယ်ချည်းဘဲ ဦးသံဒိုင်တို့က နှုတ်တက်နေတာဘဲ.... (မှန်ပါ့) လွဲ-မလွဲ အကဲခတ်စမ်း.... (လွဲပါတယ်ဘုရား)။

လွဲတယ်....တဲ့ ဘုရားက ဒီကံ တလုံးတည်းကို ဟောတာမှ မဟုတ်ဘဲတဲ့ အမျိုးမျိုးအဖုံဖုံ သေခြင်း တရားတွေ ဟောပြီး သကဲလ ထားတာတွေအများကြီး ရှိနေတာဘဲ။

အဲဒီတော့ ဥပမာမယ် တနေ့က တံတားကြီးပေါ်ကနေပြီး တကာမတယောက် ခုန်ချသေတယ်ဆိုတာ သတင်းစာထဲပါတယ် မဟုတ်လား.... (ပါ ပါတယ်ဘုရား) ကံကုန်လို့ သေတာလား သူ့ပယောဂနဲ့သူ သေတာလား.... (သူ့ပယောဂနဲ့သူ သေတာပါဘုရား)။

အင်း.... ဒါ.... ကံနဲ့ဘာဆိုင်သတုံး.... ဆိုင်သေး ရဲ့လား.... (မဆိုင်ပါဘုရား) မဆိုင်ဘူး....တဲ့ သူ့ပယောဂနဲ့သူ သေတဲ့ဥစ္စာ ဒါ.... မနောဒ္ဒါရမှာ ဆူးစူးပြီး သူ့ဟာသူ မကျေမနပ်ပဲနဲ့သေတာ.... (မှန်လှပါဘုရား)။

အဲဒါကို ဩော်....ကံက သူ့ဘဝက ဝိပါကဝဋ်ဋ မကင်းလို့ ထင်ပါရဲ့ ဟ-ဒါဖြင့် ဝိပါကဝဋ်ဋမကင်းလို့ ထင်ပါရဲ့ ဆိုလို့ရှိယင် ခက်ရချည်ရဲ့၊ အခုမှလုပ်တာတွေ့ အကုန်အဟောသိကံ ဖြစ်ကုန်မှာဘဲ.... (မှန်ပါဘုရား) အခုမှ လုပ်တာတွေ့ကောမများဘူးလား (များပါတယ်ဘုရား)။

အဲဒီတော့ကိုတဲ့.... အတိတ်ကံချည်း ချနေယင် ကမ္မဝါဒီဖြစ်တယ်.... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီ) အဲဒါ ဒိဋ္ဌိကျမ်းတွေမှာ ဦးသံဒိုင် အများကြီး ရှိသနော်.... (မှန်ပါ့) ကမ္မဝါဒီဒိဋ္ဌိဆိုတာ နည်းသလား....(မနည်းပါဘုရား)။

အဲဒီတော့ ကျုပ်တို့ ဗုဒ္ဓဘာသာထဲမှာလဲ....တဲ့ ကမ္မဝါဒီ ဒိဋ္ဌိတွေဟာ သိပ်များတယ်လို့ ဆိုလို့ရှိယင် မောင်သစ်.... မငြင်းနဲ့နော်.... (မှန်ပါဘုရား)။

ဘာဖြစ်ဖြစ် သူတို့က အကြောင်းမညီညွတ်ယင် ကံချည်းဘဲချတာ.... (မှန်ပါ့) မဟုတ်ဘူးလား....(ဟုတ်ပါတယ်) ဆူးပေါ်

၊ကိုယ့်ပယောဂနဲ့ကိုယ် တခါတည်းစိတ်ဆိုးလို့ နင်းလိုက်တယ်.... စိတ်ဆိုးလို့ မီးပုံထဲခုန်ချလိုက်တယ်၊ အင်း.... ဒါကံ ဆိုကြမလား (မဆိုရပါဘုရား) မနောဒုဋ္ဌရ ဆူးစူးလို့ဖြစ်ရတာ.... (မှန်ပါ့) ရှင်းကြပလား.... (ရှင်းပါပြီ)။

ဒါဖြင့် ခင်ဗျားတို့ ငြိမ်ငြိမ်နေမှဖြစ်မယ်.... (မှန်ပါ့)ခင်ဗျား တို့က အနာမျိုးစုံ ပေါက်နေတယ်၊ ဆူးထဲ တိုးလို့ ရှိယင်ဖြင့် ဆူးနာတိုးလာမယ် (မှန်ပါ့) သဘောကျပလား.... (ကျပါပြီ) ဘယ်လိုနေမှ တော်ကြမလဲ.... (ငြိမ်ငြိမ်နေမှ တော်မှာပါ ဘုရား)။

မငြိမ်ဘူး၊ခင်ဗျားတို့ကလဲမငြိမ်ကိုမငြိမ်ဘူး.... ဟင်-ငြိမ်ငြိမ်ကို နေလို့မရဘူး.... (မှန်ပါ့) ဟိုနေရာလဲ ငါပါမှ၊ ဒီနေရာကော (ငါပါမှပါ) ဘာဖြစ်တာတုံး ဒါ.... (ဆူးစူးတာပါ) ဆူးစူး ချင်လို့သူးတာ....(မှန်ပါ့)။

ဒီ ဆူးဒဏ်ချက်တွေကိုလဲသူတို့က မသိဟော့ကို-တဲ့ ခင်ဗျား တို့ စဉ်းစားကြည့်ပါတဲ့၊ အိုချိန် မရောက်ဘဲနဲ့ အိုရတယ်၊ ရုပ် ရုပ်ချင်း ထိခိုက်တာ နာလွန်းလို့.... (မှန်ပါ့ဘုရား) မျက်ရေ များထွက်လာတယ်- ရုပ်ရုပ်ချင်း ထိခိုက်လို့....(မှန်ပါ့)။

ဟိုက အသံရုပ်နဲ့ ဒီက ကမ္မဇရုပ်နဲ့ သွားပြီး ထိခိုက်ပြီး သကာလ တခါတည်း မျက်ရေတွေများ ဖြစ်တယ်.... (မှန်လှပါ ဘုရား)။

ဟိုက ငိုသံကြားနဲ့ ဒီကမျက်ရေ ထွက်တာတွေများ မရှိကြ ဘူးလား.... (ရှိပါတယ်) ဒါတွေ ရုပ်-ရုပ်ချင်း ထိခိုက်တာ.... ((မှန်ပါ့)။

အဲဒါတွေကျတော့ကို ပင်ကိုယ်ရုပ်လား.... ဆူးစူးတဲ့ရုပ်လား (ဆူးစူးတဲ့ရုပ်ပါဘုရား) အဲ.... ဆူးစူးတဲ့ ရုပ်ဆိုတာ သေချာတယ်.... (မှန်ပါ့)။

ဘုန်းကြီး ဟို....ငယ်ငယ်တုန်းက ညောင်လေးပင်ဘက် သွားတုန်းက ဒီတရားပဲထဲမှာဘဲ တရားနာနေတယ်တကာမတယောက်၊ ဒီဘက်ကလဲ လမ်းကလေးတလမ်း ရှိတယ်။ အုတ်လမ်းကလေး ဒီအုတ်လမ်းကလေးပေါ်က သူ့သားနဲ့ အဆင်တူ အဝတ်တူ၊ ဝတ်ပြီးသကာလ လာတာ၊ သူ့သားက သေပြီးတာ၊ မကြာသေးဘူး။

အဆင်တူ ဝတ်ပြီးသကာလ ပုံကလဲ သူ့သားနဲ့ ခပ်ဆင်ဆင်၊ အဝတ်တွေကလဲ သူ့သားဝတ်တဲ့ အဝတ်မျိုး ဆိုတော့၊ အဲဒါကြည့်ပြီး သေတဲ့တယောက် တွေ့ခဲ့သေးတယ်၊ ရူပါရုံလက်ချက်.... (မှန်ပါ့ဘုရား)ရူပါရုံသတ်တာဘဲ....(မှန်ပါ့)ရူပါရုံသတ်တာဘဲဆိုတာ ရိပ်မိကြပလား....(ရိပ်မိပါဖြီဘုရား)။

အဲဒါ မျက်လုံးပေါက်ကနေ သတ်လိုက်တာ၊ ဆူးစူးပြီးဒီနေရာတွင်ကို တခါတည်းတက်တာဘဲ၊ အိမ်ယူသွား သေတာဘဲ-(မှန်ပါ့ဘုရား)။

ကဲ.... ဘာဖြစ် တာတုံးလို့မေးယင် ဘယ့်နှယ် ပြောကြမယ်-(ရူပါရုံဆူးစူးတာပါဘုရား) ရူပါရုံဆူးစူးတာ။

ဥပမာမယ်.... မန်ကျည်းပင်ကြီး ရှိလျက်သားနဲ့ သူရဲရယ်လို့ စိတ်ကလုပ်ပြီး ထင်လိုက်လို့ရှိယင်ဖြင့် သေပြန်တာဘဲ.... (မှန်ပါ့ဘုရား) ရူပါရုံဆူးစူးချလိုက်တာ.... (မှန်ပါ့)။

သဒ္ဒါရုံဆိုးစုံးချလိုက်တာမျှား ဗုံးတွေကျတုန်းက တက်ပြီး သေတဲ့လူတွေ မနည်းဘူးဗျ....(မှန်ပါဘုရား) သဒ္ဒါရုံဆိုးကပေမဲ့ အသံ ပြင်းထန်လွန်းလို့ဆိုပြီး တွင်းထဲအောင်းရင်း သေနေတဲ့ လူတွေ ဗုံးမကျပါဘူး၊ အသံနဲ့ သေတာ....(မှန်ပါဘုရား) မရှိဘူးလား....(ရှိပါတယ်ဘုရား)။

အနံ့နဲ့ သေတာဆိုတာ ဩဇာ....အဆိပ်ဗုံးတွေ ဘာတွေကျတော့....(မှန်ပါ) မရှိဘူးလား....(ရှိပါတယ်ဘုရား)။

ဒါတွေက နို့....တကာ တကာမတွေက တွက်ပါလား.... ဩဇာ....ကိုယ်ကလဲ အနာက မကင်းသေးတဲ့ အထဲမှာ ဒီအနာတွေကလဲ သေအောင်သတ်မည့် အနာတွေ၊ ဒီအနာ တိုးပွားတဲ့ ဆီကို သွားပြီး ကျုပ်တို့ကလဲ တိုးမိနေတယ်.... (မှန်ပါဘုရား) ဒီတော့ ဦးသံဒိုင် အန္တရာယ် ကင်းနိုင်ပါ့မလား.... (မကင်းနိုင်ပါဘုရား)။

အဲဒါ ခင်ဗျားတို့ အန္တရာယ်မကင်းတာ ကျုပ်က စိတ်အေးလက်အေး နေချင်တာဗျ၊ ဘယ်သွားသွားဆိုတော့ ခက်တယ် ခင်ဗျားတို့၊ ခက်တယ်....(မှန်ပါ) သူက သွားလဲ သွားချင်သေးတယ်၊ စိတ်အေး လက်အေးလဲ နေချင်သေးတယ်.... (မှန်ပါဘုရား)။

ဖြစ်နိုင်ပါ့မလား....(မဖြစ်နိုင်ပါဘုရား) မဖြစ်နိုင်ဘူးတဲ့၊ သွားတယ်ဆိုကတည်းကဘဲ အာရုံအမျိုးမျိုးနဲ့တော့ တွေ့ရမှာဘဲ....(မှန်ပါဘုရား)။

ပြီးတော့ သူက စိတ်အေး လက်အေးလဲ နေချင်သေးသတဲ့-(မှန်ပါ့) သွားလဲ သွားချင်တယ်၊ ဆူးတောလဲ တိုးချင်တယ်၊ အနာလဲ မပေါက်ချင်ဘူး ဆိုလို့ရှိယင် ဘုန်းကြီးတို့ မတတ်နိုင်ဘူး....(မှန်လှပါဘုရား)ရှင်းပလား....(ရှင်းပါပြီ)။

ဆူးတောထဲလဲ သွားချင်သေးတယ်၊ အနာလဲ မပေါက်ချင်ဘူးဆိုတော့ ဘုရားလဲ ကု-မရဘူး၊ သိကြားလဲ ကု-မရဘူး၊ စိတ်သာချ....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီ)။

အဲဒါ ခင်ဗျားတို့ကလဲ ဆူးတော မသွားပါနဲ့ဆိုယင် အို-တပည့်တော်မပါယင် မပြီးဘူးတဲ့....(မှန်ပါ့) ခင်ဗျားတို့ ဆင်ခြေကလဲ ဘယ့်နှယ် ပြောလို့ရှိသတုံး.... (တပည့်တော်တို့မပါ မပြီးပါ)။

မပါယင် မပြီးဘူး၊ တပည့်တော် အနာမပေါက်ယင် သေခြင်းဆိုး မသေဘူး ပြောတာဘဲ.... (မှန်ပါ့ဘုရား) ပေါက်ချင်သေးတယ်၊ ဒီ အဓိပ္ပါယ် မပြောကြဘူးလား....(ပြောပါတယ် ဘုရား)။

အဲဒီတော့ အားလုံး တကာ တကာမတွေ့ ဒါဟာ မနေ့က သုတ်အစမှာ ဒီက စ-တယ်.... (မှန်ပါ့) မနေ့က ဆပ္ပါဏကော ပမသုတ်*လို့၊ ဆ-က ခြောက်ခု ပါဏကော ပမ-က သား ကောင် ခြောက်ကောင်၊ သားကောင် ခြောက်ကောင် ဟောတဲ့ သုတ်မှာ ဒီက စ,ဟောတာ.... (မှန်ပါ့ဘုရား) သဘောပါကြ လား....(ပါ-ပါပြီ)။

---

* သဋ္ဌာယတနဝဂ္ဂ သံယုတ်၊ အာသီဝိသဝဂ်၊ ဆပ္ပါဏကောပမသုတ်။

ဒါဖြင့် တကာ တကာမတို့ ဘယ်လိုနေမှ သင့်မလဲ....(ငြိမ် ငြိမ်နေမှ သင့်ပါမယ်ဘုရား) ရှင်းပလား....(ရှင်းပါပြီ) နေရဲ ကြပါ့မလား....(နေရဲပါတယ်) နေရဲပါတယ် အံမာလေး.... သိပ်မကြားနဲ့နော်....၊ သိပ်မကြားနဲ့၊ ဘာဖြစ်ပါလိမ့်မတုံး....၊ မျက်စိကွယ်ရာများနေရတာ ကျုပ်က မခအားဘူးတဲ့.... (မှန်ပါ့) မျက်စိကွယ်ရာမှာ နေရတာ မအေးဘူးတဲ့၊ မြင်လိုက်ရမှ အေး တယ်၊ မြင်လိုက်ရမှ သေသေချာချာ စူးတာကိုး....(မှန်ပါ့) ရိပ် မိပလား....(ရိပ်မိပါပြီ)။

မမြင်လိုက်ရလို့ရှိယင် ဟဒယဝတ္ထု စူးတယ်.... (မှန်ပါ့) မမြင်လိုက်ရတော့ ဓမ္မာရုံက=

စူးတယ်....(မှန်ပါ့) မြင်လိုက်ရတော့ ရူပါရုံကစူးတယ်.... (မှန်ပါ့)။

ကဲ.... ဘယ်အစူး ကြိုက်သတုံး.... (ဘယ်အစူးမှ မကောင်းပါ ဘုရား)။

စူးတော့ထားတာဖြင့်-ဒါဟာ ဝိပဿနာ အလုပ်ကင်းနေတဲ့ ပုဂ္ဂိုလ် သမာဓိပညာကင်းနေတဲ့ ပုဂ္ဂိုလ်ဟာ ဒီစူးနှစ်ချောင်း က မမြင်ယင် မနောဒ္ဒါရမှာ လာစူးတယ်၊ မြင်ယင် စက္ခုဒ္ဒါရ က ဝင်စူးတယ်....(မှန်ပါ့ဘုရား)။

ဘယ်စူးက အန္တရာယ် ကင်းလိမ့်မယ်လို့ ထင်ကြသလဲ.... (ဘယ်စူးမှ မကင်းပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ဟာက မနောဒ္ဒါရကလဲ ဟိုကိုဒါဝရုံမပြု ပါနဲ့.... (မှန်ပါ့) စက္ခုဒ္ဒါရကလဲ သားဆီ- သမီးဆီ- ပစ္စည်းဆီကို

အာရုံမပြုပါနဲ့၊ ပြုယင်စူးမှာဘဲ.... (မှန်ပါဘုရား) ရှင်းပလား.... (ရှင်းပါပြီ)။

ဒီလိုဆိုလို့ရှိယင်ဘုရား မခက်ဘူးလားဘုရား=၊ ခင်ဗျားတို့က ပြောချင်ပြောမယ်၊ မခက်ပါဘူးပြောဒတဉ့ ခင်ဗျားထို့က မခက်ဘူးလားနဲ့ ပြန်ကိုင်နေတယ်.... (မှန်ပါဘုရား) ရှင်းပလား....(ရှင်းပါပြီ)။

ဒီလိုဆိုယင် မခက်ဘူးလားဆိုတော့ သူတို့က ဆူးစူးနေကျလူက မစူးရယင် မခက်ဘူးလားလို့ ပြောမယ်.... (မှန်ပါဘုရား)။

မှန်ကြရဲ့လား....(မှန်ပါတယ်) ဆူးစူးနေကျလူက ဘာတဲ့.... (မခက်ဘူးလားလို့ ပြောမှာပါဘုရား) မစူးရယင် မခက်ဘူးလားလို့ပြောမယ်....(မှန်ပါ့)။

ဩော်....စူးလို့ခက်တာ သူမသိဘူး၊ မစူးလို့ခက်တာသာ သူသိတယ်....(မှန်ပါ့ဘုရား)။

ကဲ=ဒါဖြင့် ဒီတကာ= တကာမတော့ဟာ တကယ့်ကိုဘဲ အကျိုးအပြစ်ကိုဖြင့် အမှန်အကန်မသိသေးတဲ့ ပုဂ္ဂိုလ်တွေဘဲ ဆိုတာ အခုတရားပေါ်သွားပြီ.... (ပေါ်သွားပါပြီဘုရား) မပေါ်သေးဘူးလား....(ပေါ်ပါပြီ)။

ပေါ်ပြီ=တဲ့၊ ဘာမှ ပြန်မကြည့်ရဘူး ဆိုလို့ ရှိယင်ဖြင့် အကုန် ကစင့်ကရဲ ဖြစ်ကုန်မှာပေါ့- တဲ့၊ အင်း....ဒီကလာတာ.... (မှန်ပါ့) ပြန်ကြည့်ချင်တဲ့သဘောက သိပ်များတာ.... (မှန်ပါ့ဘုရား)။

ပြန်ကြည့်ရလို့ရှိယင်ဖြင့် အလိုကျမှုလဲ ပါမှာဘဲ၊ အလိုမကျမှုကော.... (ပါ-ပါတယ်ဘုရား) ပါယင် အလိုကျမှု ကလဲ စူးတချောင်းဘဲ.... (မှန်ပါ့)အလိုမကျမှုကလဲ....(စူးတချောင်းပါဘုရား)။

ကဲ....ပြန်ကြည့်ချင်တဲ့လူ စုံမ်းရည် သတ္တိ ကတော့ ဒါဘဲ ရှိတယ်.... (မှန်ပါ့ဘုရား) ကဲ....ကိုယ့်ဟာကိုယ် ဝိပဿနာအာရုံကလေးနဲ့ သမာဓိကလေး ကြိုးကြိုးနဲ့ ပညာကလေး ထက်ထက်နဲ့ ဝိပဿနာ ရှုနေမယ်ဆိုယင် ဘယ်ဆူးက လာစူးဦးမှာလဲ.... (မစူးပါဘုရား)။

ဒီလိုနေစမ်းပါဆိုတဲ့ အခါကျတော့ ခင်ဗျားတို့က တော် လောက်ပြီထင်ပါရဲ့၊ အနာမှ မပေါက်ရတာ တော်လောက်ပြီထင်ပါရဲ့တဲ့၊ ခက်တယ် ဒီဥစ္စာ....(မှန်ပါ့)။

ဘယ့်နှယ်တွေးရမှာတုံး၊ ဘယ်ဆေးနဲ့ ကုရမှာတုံး၊ ခင်ဗျားဘို့ဟာ အတော်ခက်နေပြီ.... (မှန်ပါ့) နားလည် ကြရဲ့လား.... (လည်ပါတယ်ဘုရား)။

ခင်ဗျားတို့ ရှဲ့အကြိုက် ရှဲ့စရိုက် ရှဲ့အလိုက်၊ မြို့အကြိုက် မြို့စရိုက် မြို့အလိုက်တွေကတော့ ဦးသံဒိုင် အလွဲမှုအချော်ချည့်ဘဲ (မှန်ပါ့ဘုရား) အကောင်းကို ပါရဲ့လား.... (မပါ-ပါဘုရား) ဆူးမစူးရယင် ခင်ဗျားတို့က ဘာတုံး.... (မနေနိုင်ပါဘုရား)။

မကျေနပ်ဘူးတဲ့၊ မမြင်ရ မတွေ့ရဘူး ဆိုလို့ရှိယင်ဖြင့် ဘယ့်နှယ်နေမှန်း မသိဘူးတဲ့ မြင်ရတွေ့ရတော့လဲ သာပြီးဆိုတာပေါ့ ဒါဘဲပြောစရာရှိတယ်....(မှန်ပါ့)။

မမြင်ရ မတွေ့ရတော့ အဲဒါကမှ အဝေးပူ ရှိသေးတယ်.... (မှန်ပါ့) မဟုတ်ဘူးလား....(မှန်ပါ့) မြင်ရတွေ့ရတော့ အနီးပူ ဖြစ်တယ်။

ဒါဖြင့် ဆူးအနီးစူးတာနဲ့ အဝေးကနေစူးတာနဲ့ ခင်ဗျား တို့အဝေးကနေ စူးတာကသက်သာသေးတယ်.... (မှန်ပါ့)အနီး စူးတာက.... (မသက်သာပါဘုရား) မသက်သာပေမဲ့ ခင်ဗျား တို့က မျက်စေ့အောက်မှ ကျေနပ်တယ်.... (မှန်ပါ့)ဘာပြောကြ သလဲ.... (မျက်စေ့အောက်မှကျေနပ်တယ်)။

တိုက်ရိုက်စူးမှ ကျုပ်ကျေနပ်တယ်၊ သွယ်ဝိုက်စူးယင် ကျုပ် မကြိုက်ဘူး....(မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီ) တိုက်ရိုက် စူးယင်တော့....(ကျေနပ်ပါတယ်ဘုရား)သွယ်ဝိုက်စူးယင်တော့— (မကျေနပ်ပါဘုရား)။

ဟာ....မောင်သစ် ဒီလောက်ရူးတာတော့ ငါရှာမတွေ့ဘူး ကွာ၊ ဒီလောက်ရူးတာတော့ ဦးသံဒိုင် ရှာစမ်းဗျာ-ခင်ဗျား.... (မတွေ့ပါဘုရား)မတွေ့တော့ ဒီလူဘဲတွေ့တယ်ဆိုကြပါတော့.... (မှန်ပါ့)ပေါ်ပလား....(ပေါ်ပါပြီ)။

အဲဒါ ခင်ဗျားတို့ ဘုရားသခင် ကိုယ် တော် မြတ်ကြီးက ဆပ္ပါဏ ကောပမသုတ်မှာ မင်းတို့ကလဲ အနာတွေနဲ့၊ ဆူးထဲလဲ တိုးဦးမယ်ဆိုတော့ သေခြင်းဆိုး ကဖြင့်ကွာ သေချာပါရဲ့.... (မှန်ပါ့) မဟောသင့်ဘူးလား.... (ဟောသင့်ပါတယ်ဘုရား)။

ဒါဖြင့် ခုနင်ကပြောတဲ့ စကားဘဲ နိဂုံးချုပ်လိုက်ပါတော့ တကဲ့--တကဲ့မတွေ့၊ သေခြင်းဆိုး မသေရလို့ရှိယင် မကျေနပ်

တဲ့သူ အတော်မျှားလိမ့်မယ် .... (မှန်ပါ့) သေခြင်းဆိုးသေရ
ယင်တော့.... (ကျေနပ်ပါတယ်)။

ကျေနပ်တယ်ဆိုတော့ ခက်လုံကတော ခင်ဗျားတို့ ညည်းလုံး တွေ့မျှား တွေးလိုက်လို့ရှိယင်ဖြင့် အတော်ဆိုးပါတယ်၊ တော်ရာမှာ တယောက်တည်း သေရမယ်ဆိုယင် တကောင်ကြွက် တမျက်နှာတဲ့.... (မှန်ပါ့) လာသေးတယ်၊ တကောင်ကြွက် တမျက်နှာတဲ့....(မှန်ပါ့)။

သားနှား—မယားနှား ခြေရင်းမှာသေရမယ်ဆိုယင် ပြုံးမျှား သေဦးမလား မပြောတတ်ဘူး၊ အဲဒီ့ဆူးက အတော်ကြီးတာ.... (မှန်ပါ့) ရိပ်မိပလား (ရိပ်မိပါပြီဘုရား) သဘော ပါကြရဲ့ လား....(ပါ-ပါတယ်ဘုရား)။

တကောင်ကြွက် တမျက်နှာ ဆိုတာက စိတ်ထားတတ်လို့ ရှိယင် သူ့မှာ သံယောဇဉ် အတော်ကင်းတယ်....(အတော်ကင်း ပါတယ်ဘုရား)။

သို့သော် အဲဒီနေရာ သေချင်ကြသလားလို့ မေးလို့ရှိယင် ဖြင့် မလဲသာလို့ သေရယင်— ဟာ အရှင်ဘုရား ဒီမသာတော့ မဖြစ်ချင်ဘူး၊ ဆွေကြား မျိုးကြားမှာသေချင်တယ်....(မှန်ပါ့)

ဘာဖြစ်လို့တုံး၊ သူတို့နဲ့ သံယောဇဉ်က မကင်းဘူး, ဒါမှ တပည့်တော် အပါယ်သွားရမှာ၊ အဓိပ္ပါယ်က ဒီရောက်ဘယ်.... (မှန်ပါဘုရား) ဒီ့ပြင် ဘယ်မှ ဘာသွားပြောစရာမှ မရှိဘူး၊ ဦးသံဒိုင်....(မှန်ပါ့)ရှိသေးရဲ့လား.... (မရှိပါဘုရား)။

တကောင်ကြွက် တမျက်နှာ သေရလို့ရှိယင် ဘယ်အာရုံဖြစ်ဖြစ် ကိုယ်နဲ့ မဆိုင်တာတွေချည့် မြင်တဲ့အတွက် မဆိုင်တာနဲ့ဆိုယင် လောဘ၊ ဒေါသ၊ မောဟ တော်တော်ငြိမ်းတယ်.... (ငြိမ်းပါတယ်ဘုရား) မငြိမ်းဘူးလား....(ငြိမ်းပါတယ်)။

ပြီး....ဝိုင်းပြီးသကာလ ဟိုခြေနှိပ်တဲ့ လူနဲ့ - လက်မှတ်တဲ့လူနဲ့ ဆိုလို့ ရှိယင်တော့ဖြင့် အင်း ဒီဟာတွေ ဟာဖြင့် မတတ်သာလို့ထွက်ရမယ်ဆိုတဲ့ အဓိပ္ပါယ် တော့ဖြင့် ရမှာဘဲ....(မှန်ပါ့) မရပေဘူးလား....(ရပါတယ်ဘုရား)။

ရတော့ကို ဥပါဒါန်ရှိပြီး သေသလား၊ ဥပါဒါန် မရှိဘဲနဲ့ သေသလား.... (ဥပါဒါန်ရှိပြီး သေတာပါဘုရား)။

ဒါဖြင့် 'ဥပါဒါနပစ္စယာ ကမ္မဘဝေါ' လုပ်ပေတော့ (မှန်ပါ့ဘုရား) ရိပ်မိပလား.... (ရိပ်မိပါပြီ) ဥပါဒါနပစ္စယာ.... (ကမ္မဘဝေါပါဘုရား)။

ကမ္မဘဝပစ္စယာ အပါယ်ဇာတိ.... (မှန်ပါ့အပါယ်ဇာတိပါဘုရား) သေချာပလား....(သေချာပါပြီ)။

အဲဒါ ခင်ဗျားတို့ အကြိုက်ပါဘဲ.... (မှန်ပါ့) ဆွေနား၊မျိုးနားမှာဘဲ....၊ အခုတကောင်ကြွက်တမျက်နှာတော့ တပည့်တော် ဆုတောင်းထားတယ်ဘုရား မသေပါရစေနဲ့.... (မှန်ပါ့)ဆုမျှားတောင်းထားလိုက်သေးသတဲ့.... (မှန်ပါ့) ဘာဖြစ်ကြတာတုံး၊ ဟိုသေယင် အပါယ်လွတ်သွားမှာ စိုးရတယ်၊ ရှင်းပလား.... (ရှင်းပါပြီ)။

အင်း....ဆွဲကြိုး မျိုးကြိုးမှာ တခါးတည်း ခေါင်းစိုက်သေရလို့ရှိယင်တော့ အပါယ် သွားရမှာကိုး....(မှန်ပါ့)။

အဲဒီ နေရာကျတော့ ဆုတောင်းထားတယ်တဲ့၊ သေခြင်းသေလဲ အဲဒီလို သေပရစေ၊ ဒီအသေမျိုးဖြင့် ကျုပ်ဖြင့် မျက်နှာငယ်လှန်းလို့....(မှန်ပါ့)သဘောပါကြရဲ့လား.... (ပါ-ပါတယ်)။

ကဲ-ဦးသံဒိုင် ပြောင်းပြန်မှ ဟုတ်ကဲ့လား....(မှန်ပါ့ပြောင်းပြန်ပါဘုရား) ခင်ဗျားတို့ကြိုက်နေတဲ့ဥစ္စာ....(မှန်ပါ့)။

အားလုံး တကာ တကာမတွေ ဘယ်လိုမျိုး ကြိုက်သတုံး၊ တကောင်ကြွက် သေချင်သလား....၊ ဆွေနဲ့ မျိုးနဲ့ မြိုင်မြိုင် ဆိုင်ဆိုင် မသာကြီးချကြိုက်သလား၊ ပြောကြစမ်းပါဦး၊ လှုပ်ကို မလှုပ်ဘူး၊ ဟင်....မသာကြီးချကြိုက်တာ သိသလား၊ ဟင်....ဘာကြိုက်သလဲ....(မသာကြီးချကြိုက်ပါတယ်)။

မသာကြီးချ ကြိုက်ယင် ဆွေကြိုး မျိုးကြိုးသေမှာဲ့ကိုက်မယ်....(မှန်ပါ့) မဟုတ်ဘူးလား....(မှန်ပါ့)။

ဆွေကြိုး မျိုးကြိုး သေရလို့ ရှိယင်ဖြင့် ဒီအာရုံတွေကလဲ ဝိုင်းလာမှာဲ့.... (မှန်ပါ့ ဝိုင်းလာမှာပါဲ့) ဆူးတွေကလဲ ဝိုင်းစူးမှာဲ့။

အဲ့ ဆူးစူးပြီး သကာလ အနာကြီးရပြီး သေရပါလို့၏၊ အဓိပ္ပါယ်က ဒါဲ့ရတယ်....(မှန်ပါ့ဘုရား) ရှင်းပလား....(ရှင်းပါပြီ)။

ကွယ်ရာမှာ ဥတလုံး တကောင်ကြွက် ဖြစ်ရလို့ရှိယင်ဖြင့် ခင်ဗျားတို့က အင်မတန် ကံနည်းတယ်လို့ ထင်ကြတယ်....

(မှန်ပါ့)ကံနည်းတာလား၊ သူကကံကောင်းတာလား(ကံကောင်းတာပါဘုရား)။

ဆွေကြား မျိုးကြားမှာ သေတဲ့ ပုဂ္ဂိုလ်ဘဲ ဒီအာရုံတွေကို နဂိုက ငြိတွယ်ထားတဲ့ အာရုံတွေကို ချက်ခြင်း သေခဏ်းပြတ်ခဲ့ရတော့မယ်ဆိုတော့ နောက်က တကာ တကာမတွေ လွယ်ပါ့မလား....(မလွယ်ပါဘုရား) ရှင်းပြီနော်....(ရှင်းပါပြီ)။

ဒါဖြင့် ဥပါဒါန်နဲ့ သေတယ်....(မှန်ပါ့) ပေါ်ကြပလား(ပေါ်ပါပြီ)ဘာနဲ့သေသလဲ .... (ဥပါဒါန်နဲ့ သေပါတယ်ဘုရား)။

ဩော်....ဒါဖြင့် ဘုရားက ဥပါဒါန်နဲ့သေစဲ့ ပုဂ္ဂိုလ်ဟူသမျှတော့ကွာ....တဲ့ ဇာတိသေချာတယ်တဲ့....(မှန်ပါ့) မသေချာဘူးလား....(သေချာပါတယ်ဘုရား)။

ဘာမှ ရှုတ်မနေနဲ့ ခင်ဗျားတို့ ရထားတဲ့ ပဋိစ္စသမုပ္ပါဒ်ဘဲ ရှုတ်လိုက် တည့်နေတာဘဲ....(မှန်ပါ့)။

ဥပါဒါန ပစ္စယာ....(ကမ္မဘဝပါ)။ ကမ္မဘဝ ပစ္စယာ.....(ဇာတိပါဘုရား) ဘယ်ဇာတိထင်ကြသလဲ.... (အပါယ်ဇာတိပါဘုရား) အပါယ်လေးပါး ဇာတိဘဲ အဲဒါခင်ဗျားတို့ ဆုတောင်းပြည့်တာဘဲသာမှတ်လိုက်ပါ....(မှန်ပါ့ဘုရား) ဘာဖြစ်ကြတာလဲ၊ (ဆုတောင်းပြည့်တာပါဘုရား)။

နဂိုက ဘယ်လိုတောင်းထားသတုံး၊ ဥတလုံး တကောင်ကြွက်တော့ မသေပရစေနဲ့၊ မဟုတ်ဘူးလား.... (မှန်ပါ့ဘုရား) ဆွေနဲ့ မျိုးနဲ့ သိုက်သိုက်ဝန်းဝန်း သေခြင်းသေလဲ ဒီကြားထဲ သေပရ

စေလို့ဆိုတော့ သူ ဥပါဒါန်ရှိတဲ့ နေရာ သေဘို့ရာ သူသဘော ကျတယ်.... (မှန်ပါ့)သဘောကျတော့ ဥပါဒါနပစ္စယာ ကမ္မဘဝေါ။ ကမ္မဘဝပစ္စယာ အပါယ်ဇာတိ'.... (မှန်ပါ့ဘုရား)။

ဒါက ငြင်းလို့လဲ မရဘူး....(မှန်ပါ့) ရပါ့မလား.... (မရပါဘုရား) မရဘူးတဲ့၊ အဲဒီတော့ ခင်ဗျားတို့ဟာ သျှိုးလမ်းချည့်-မြုပ်လမ်းချည့်ကြံတဲ့နည်း.... (မှန်ပါ့) ဘယ်လိုကြံစည်မိကြသလဲ (သျှိုးလမ်း မြုပ်လမ်းချည့် ကြံစည်ပါတယ်)။

မြုပ်လမ်းချည့်ကြံစည်တယ်၊ တကယ်လို့ ဥတလုံး-တကောင်ကြက် ဖြစ်နေယင် မြန်မြန်ကြေးနန်းရိုက်စမ်းပါဦး၊ခေါ်ကြစမ်းပါဦး၊ မတော်- ဒီလို 'ဥပါဒါနပစ္စယာ ကမ္မဘဝေါ' မဖြစ်မှာကျုပ်သိပ်စိုးရိမ်တယ်၊ 'ကမ္မဘဝပစ္စယာ အပါယ်ဇာတိ' လွှတ်သွားမှာ ကျုပ် သိပ်စိုးရိမ်တယ်၊ ကျုပ်မထင်လို့ရှိယင် ဘယ်သူ့ဘယ်သူကို ကြေးနန်းရိုက်ပါ။

ဘာဖြစ်တာတုံး ဦးသံဒိုင်၊ ဘယ့်နှယ်ကြောင့် ဒီလောက်တောင် ကြေးနန်းတွေ ကဲနေရတာတုံး၊ အပါယ်ဇာတိလို့ချင်လို့ (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

ဘာဇာတိတုံး.... (အပါယ်ဇာတိလို့ချင်လို့ပါ) ဟုတ်မှ ဟုတ်ကဲ့လား....(ဟုတ်ပါတယ်ဘုရား)။

ဒီလိုဖြင့် ကြေးနန်း ရိုက်ကတည်းက မခင်ဗဲ့လူ ရိုက်တာ-လား၊ ခင်ဗဲ့လူရိုက်တာလား....ပြောစမ်း.... (ခင်ဗဲ့လူကိုရိုက်တာပါဘုရား)။

ခင်တဲ့လူ အနားရှိပြီး သေရလို့ရှိယင် ဥပါဒါန်ဖြစ်မဖြစ်အကဲခတ်ကြစမ်း.... (ဖြစ်ပါတယ်ဘုရား) အရိယာ မဟုတ်သေးယင် ဖြစ်ရမယ်.... (မှန်ပါ့)မဖြစ်ပေဘူးလား....(ဖြစ်ပါတယ်ဘုရား) ဥပါဒါနပစ္စယာ.... (ကမ္မဘဝေါ ပါဘုရား)ကမ္မဘဝပစ္စယာ.... (ဇာတိပါဘုရား) ထည့်ပေးဦး.... (အပါယ်ဇာတိပါဘုရား)။

အပါယ်ဇာတိထည့်ပေး၊ (မှန်ပါ့)ဒီဟာမှသူက မူသေကိုး၊ နို့မဟုတ်ယင် ပဋိစ္စသမုပ္ပါဒ်လဲကုန်လိမ့်ဦးမယ်....(မှန်ပါ့ဘုရား)။

ကိုင်း ဒါဖြင့် တကာ တကာမတွေ့ ကိုယ့်အလဲတွေ့ကိုယနေ့ အမှန်အကန်ပြောတော့ ဩော်....ဒို့အကြိုက်နဲ့ ဘုရားအကြိုက်နဲ့ တော့ဖြင့် တော်တော့ကိုဘဲ ကျေချင်းကပ် ဖြစ်နေပြီ၊ ဆိုထိုက်မဆိုထိုက်.... (ဆိုထိုက်ပါတယ်ဘုရား)။

ဒို့အကြိုက်နဲ့ ဘုရားအကြိုက်ဟာ.... (ကျေချင်းကပ်ဖြစ်နေပါတယ်) ကျေချင်းကပ် ဖြစ်နေပြီဆိုတာ သေချာပလား.... (သေချာပါတယ်ဘုရား)။

အဲဒါကြောင့် ဘုရားတဆူပွင့်လဲ သူက မျက်နှာပြုသွားတာကနိဗ္ဗာန်၊ ခင်ဗျားတို့က အပါယ်လေးပါး.... (မှန်လှပါဘုရား) ဒါကျေချင်းကပ်ဖြစ်နေတာဘဲ.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

ဒါဖြင့် ခင်ဗျားတို့က ဘယ်ဘုရားပွင့်ပွင့် လက်ဦးစွာ ဒို့ဖူးချင်တယ်၊ ဖူးပြီးကျေချင်းကပ် နေချင်တယ်.... (မှန်ပါ့) ဖူးတော့ (ဖူးချင်ပါတယ်)သူမျှားပြောသံကြားဖူးချင်တာပါ.... (မှန်ပါ့)။

နေတော့ ဘယ်လိုနေချင်သတုံး.... (ကျောချင်းကပ်နေချင်-ပါတယ်ဘုရား)အင်း အတော်ကြာက်စရာကောင်းပါကလား၊ ပေါ်ပလား မောင်သစ်....(ပေါ်ပါပြီဘုရား) ဖူးတော့ကို.... (လက်ဦးဖူးချင်ပါတယ် ဘုရား) ပြီးတော့ဘယ်လိုနေချင်သတုံး၊ (ကျောချင်းကပ်နေချင်ပါတယ်)။

ကျောခြင်းကပ်ဆိုတော့ ဘုရားက သနားပင် သနားငြားသော်လဲ သူက ကျောချင်းကပ်နေတဲ့အတွက် ဘယ်နည်းနှင့်မှ သူဟောတဲ့ တရားတော် ကြားစရာကော ရှိရဲ့လား.... (မရှိပါ—ဘုရား)မရှိဘူး....တဲ့။

အဲဒီ ဝါသနာ အထုံကြီးဟာ ဘယ်သူ့ဝါသနာ အထုံကြီးတုံးလို့မေးစမ်းပါ၊ ခုနင်ကအနာပေါတဲ့ ပုဂ္ဂိုလ်၏ဝါသနာအထုံ.... (မှန်ပါ့ဘုရား) ဆူးထဲမှာတိုးလို့သေခြင်းဆိုးသေချင်တဲ့ ပုဂ္ဂိုလ်၏ ဝါသနာ အထုံတော့မို့ ဂင်္ဂါဝါဋ္ဌ ဘုရားတော့နဲ့အလဲကြီးလဲတာ၊ ဦးသံဒိုင် အဓိပ္ပါယ်ပေါ်သွားပြီ.... (မှန်ပါ့ဘုရား) မပေါ်သေးဘူးလား....(ပေါ်ပါပြီ)။

ဘုရားတိုင်းဘဲ လောကတ္ထ စရိယံက္ခ, လောကကြီးကို ငါ ကယ်တင်မလို့ ငါကျင့်တယ်က္ခ၊ ဥာတတ္ထစရိယံ- ငါ့ဆွေမျိုးတော့- ငါကယ်တင်မလို့ ငါကျင့်တယ်က္ခ၊ မပါဘူးလား.... (ပါ-ပါတယ်ဘုရား)။

ဗုတ္ထဒ္ဓစရိယံ= ငါဘုရားဖြစ်အောင်လို့ ငါ့ကိုယ် အတွက်လဲ ငါကျင့်တယ်က္ခ ဆိုတော့ စရိယသုံးပါးမှာ သွားကြည့်လိုက်လို့ ရှိယင်ဖြင့်....တဲ့ လောက လူသားတွေအတွက် နတ်တွေအတွက်

လောကထဲနေတဲ့ ပုဂ္ဂိုလ်တွေအတွက် ပါတာဝချည်းဘဲ....(မှန်ပါ့) မပါတဲ့ဘုရား တွေ့ဘူးကြရဲ့လား....(မတွေ့ဘူးပါဘုရား)။

ဒီစရိယသုံးပါး မကျင့်လို့ရှိယင်လဲ ခင်ဗျားတို့မှာဆေားပါဘုရားကိုမဖြစ်နိုင်ဘူး.... (မှန်ပါ့) ဖြစ်နိုင်ပါ့မလား.... (မဖြစ်နိုင်ပါဘုရား) စရိယသုံးပါးကင်းပြီးတော့လေ.... (မှန်ပါ့)။

ဒါဖြင့် ဘုရားတွေ့၏အပြစ်လား....ကျောချင်းကပ်နေချင်တဲ့ ပုဂ္ဂိုလ်၏ အပြစ်လားဆိုတာ အကဲခတ်ပါ....(ကျောချင်းကပ်နေချင်တဲ့ပုဂ္ဂိုလ်တွေ့၏ အပြစ်ပါဘုရား)။

ခင်ဗျားတို့က အရေးကြုံတော့ ဘုရား ဘုရားဆိုပြီး လက်အုပ်ကလေး ချီကာ ချီကာနဲ့ ကယ်တော်မူပါဘုရား ယူတော်မူပါဘုရားနဲ့၊ ဟင်.... (မှန်ပါ့) တော်တော် ကြာကျတော့ သူကဆူးတောထဲ မတိုးနဲ့ ဆိုတာ ခင်ဗျားတို့က ဘယ်နယ်ဘုံး.... (တိုးပါတယ်ဘုရား) ဟင်....ခင်ဗျားတို့ လက်အုပ်ချီတာနဲ့ ဆူးတောထဲ ကန့်လန့်လုပ်တာနဲ့ ဘယ်နယ်တုံး၊ အတော် ဆိုးဝါးနေတာ....(မှန်ပါဘုရား) တကာမကြီးကော ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား) ရိပ်မိပြီ....နော်။

တယ်ကောင်းတဲ့ ဥပမာဘဲ....(မှန်ပါ့) အနာရှိလျက်နဲ့ ဆူးတောထဲ တိုးကြတာကဲ့ မင်းတို့ အနာဆိုဘာက ကိလေသာနာတွေ.... (မှန်ပါ့) ဟိုက အာရုံက ခြောက်အာရုံက ဘယ်အာရုံကစုံးစုံး ခင်ဗျားတို့မှာ အနာကြွမှာဘဲ.... (မှန်ပါ့) မကြွစရာရှိရဲ့လား....(မရှိပါဘုရား)။

အဲဒီတော့ကို....တဲ့ ဓမ္မပဒမှာ လာပါတယ်၊ အနာမရှိတဲ့ ပုဂ္ဂိုလ်အဆိပ်ကို ကိုင်ငြားသော်လဲ အဆိပ်က မဝင်နိုင်ဘူးက္ခ.... တဲ့၊ (မှန်ပါ့) ဝင်နိုင်ကြရဲ့လား....(မဝင်နိုင်ပါဘုရား)။

အဆိပ်တွေမြားဆိပ်ရိုင်းတွေ ကိုင်ပါ....(မှန်ပါ့) အနာမရှိတဲ့ ပုဂ္ဂိုလ်က ကိုင်လို့ရှိယင်ဖြင့် ဘာမှ မဖြစ်ဘူး၊ အနာရှိတဲ့ ပုဂ္ဂိုလ် သွားမကိုင်နဲ့၊ ဒီအနာထဲဝင်သွားယင် သေတာဘဲ....(မှန်ပါ့)။

အဲဒီတော့ ခင်ဗျားတို့ကလဲ အနာရှိတဲ့ပုဂ္ဂိုလ်၊ ခုနင်ကအဆိပ်တွေမှလဲ ရူပသဒ္ဒ ဂန္ဓရသ ဖေါဋ္ဌဗ္ဗမမှဆိုတဲ့ အာရုံအဆိပ်တွေမှလဲ ကိုင်ချင်ပါတယ်ဆိုတော့ ဦးသံဒိုင် သေမှ သေပါ့မလား.... (သေပါတယ်ဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

သေသေချာချာစဉ်းစားကြည့်ပါတဲ့၊အနာမရှိတဲ့ ပုဂ္ဂိုလ်ဟာ က္ခာ....တဲ့ အဆိပ်က သတ်ဘို့ရာ ဝတ္တာရား မရှိဘူး.... (မှန်ပါ့) သဘောကျရဲ့လား....(ကျပါတယ်)။

အနာရှိတဲ့ပုဂ္ဂိုလ် သွားကိုင်လို့ရှိယင်တော့.... (သေမှာပါ) သေမှာဘဲ.... (မှန်ပါ့) ဒါ မုဆိုးကတော်လေး ဟောတာ* (မှန်ပါ့)။

မုဆိုးကတော်လေးက လင်မုဆိုးကြီး သွားတယ်ဆိုယင်လေး တွေ့ပြင်ပေးရ-သေနတ်တွေ့ပြင်ပေးရ၊ ပိုက်တွေ့ပြင်ပေးရ၊ သူက သောတာပန်ပြီးတော့....(မှန်ပါ့)။

သောတာပန်က ဒီလက်နက်တွေကိုင်တာ သူ့မှာ အပြစ်မရှိဘူးက္ခ....တဲ့၊ (မှန်ပါ့) သဘောပါပလား....(ပါ-ပါပြီ)။

---

* ကုက္ကုဋ္ဌ မိတ္တနေသာဒဝတ္ထု။

အဲဒီလို တည်ပြီးမှ ခင်ဗျားတို့ အာရုံတွေထဲ တိုးပြန်တော့လဲ အပါယ်လဲမကျပါဘူး.... (မှန်ပါဘုရား) ပေါက်တဲ့အနာကလဲ အပါယ်ကျနာမပေါက်ပါဘူး.... (မှန်ပါ) ခုတော့ ခင်ဗျားတို့ ဟာက အနာကလဲ မန်းမသိမ်းသေး.... (မှန်ပါ) အညှော်တွေ အမျိုးမျိုးကလဲတိုးချင်ပြန်.... (မှန်ပါ) သေခြင်းဆိုးမှ သေပါ့မလား.... (သေပါတယ်ဘုရား) ရိပ်မိပလား.... (ရိပ်မိပါပြီ)။

တယ်ကောင်းတဲ့ ဥပမာ- မောင်သစ်ရေ....(မှန်ပါ) ဘုရား သခင်ကိုယ်တော်မြတ်ကြီး ဆပ္ပါဏကောပမသုတ်- ဒီနေရာမှာ ဒါစ,ဟောတာဘဲ....(မှန်ပါ) ဒါဟောပြီးတော့မှ မနေ့ကတရား စ,တယ်....(မှန်ပါ)။

ကိုင်း....ဒါဖြင့် သို့သော်—ဒီအဓိပ္ပါယ်ကလေးကိုလဲ ခင်ဗျား တို့ ကာယဝိဝေကနဲ့ သိမ်းနှိုင်ယင်လဲ မောင်သစ် ကောင်းတာဘဲ၊ ကိုယ်ဆိတ်ဆိတ်နေနိုင်ယင်လဲ....(မှန်ပါဘုရား) စိတ္တဝိဝေကနဲ့ ဆိတ်ဆိတ်နေနိုင်ယင်လဲ.... (ကောင်းပါတယ်ဘုရား)။

ကောင်းတယ်....တဲ့၊ အနာတော့ မကြွနိုင်ဘူး၊ ဒီ ဝိဝေကနှစ်ခု ကင်းပြီးသကာလသာ နေကြမယ် ဆိုလို့ရှိယင်ဖြင့် အဝိဝေက ဆိုတဲ့အတိုင်း မဆိတ်တဲ့အထဲသာ- တိုးကြမယ် ဆိုယင်တော့ဖြင့် အင်း....အပါယ်နာပေါက်ပြီး သကာလ ကိလေသာတွေ ထ-ပြီး တက္ခာ ဥပါဒါန် ကံ ဇာတိ ဆိုတာ ကတော့ဖြင့် မောင်သစ်လွတ်စရာ မမြင်ဘူး (မမြင်ပါဘုရား) ပေါ်ကြပလား (ပေါ်ပါပြီ)။

ဒါဖြင့် ဘယ်လိုနေမှ တော်မလဲ၊ ကိုယ်ယင်လဲ ဆိတ်ဆိတ်နေမှ.... (မှန်ပါ) စိတ်ယင်လဲ....(ဆိတ်ဆိတ်နေမှပါဘုရား)။

ဒီနှစ်ခုမှတပါး ဦးသံဒိုင် ကယ်မည့် ယူမည့်သူ မရှိဘူး.... (မရှိပါဘုရား) ကာယဝိဝေကနဲ့ စိတ္တဝိဝေက....နော် .... (မှန်ပါ့)။

ဥပဓိဝိဝေက ဆိုတာကတော့ကိုတဲ့ ခင်ဗျားတို့ ဒုက္ခဆုံးတဲ့ နိဗ္ဗာန်မြင်မှ ဥပဓိဝိဝေကကိုး....(မှန်ပါ့)။

အခုအခါနိန်နေရမှာက ကာယဝိဝေက=အာရုံတွေ ဆိတ်တဲ့ နေရာ နေရမယ်....(မှန်ပါ့) စိတ္တဝိဝေက=စိတ်ကိုလဲ သမာဓိ တည်အောင် ဒီဖြစ်ပျက် အာရုံမှတပါး ဘယ်မှမသွားတဲ့ သမာဓိ မျိုးနဲ့ နေမှ....(မှန်ပါ့)။

ဒီလိုမှသာလျှင် ဆူးစူးသက်သာမယ်.... (မှန်ပါ့ဘုရား) နို့မဟုတ်လို့ရှိယင်ဖြင့် ခင်ဗျားတို့မှာ အနာရှိလျက်နဲ့ အဆိပ် ကိုင်လို့ရှိယင်ဖြင့် သေမှာပါဘဲ့....(မှန်ပါ့ဘုရား)။

အနာရှိလျက်နဲ့ အဆိပ်ကိုင်ယင်.... (သေမှာပါဘုရား) သဘောပါပလား.... (ပါ-ပါပြီ)။

ဒါဖြင့် ဘာအားကိုးရမှာတုံး....၊ ကာယဝိဝေကဖြစ်အောင် လုပ်....(မှန်ပါ့ဘုရား) ပြီးတော့မှ စိတ္တဝိဝေက ဖြစ်အောင်လုပ် ပါ၊ လုပ်ပြီးတော့မှ ကာယဝိဝေက စိတ္တဝိဝေက ဖြစ်တဲ့အခါ ကျတော့မှ ဝိပဿနာ ကြိုးစား....(မှန်လှပါဘုရား) ရှင်းပလား-(ရှင်းပါပြီ)။

ကာယဝိဝေက ဆိုတာက တခြားမဟုတ်ဘူး၊ အာရုံတွေထဲက ခန္ဓာကိုယ်ကို ဆွဲနှုတ်ထားရမယ်.... (မှန်ပါ့) ကိုယ့်ဟာကိုယ်

ဘယောက်တည်း နေတဲ့သဘောက အမျှားကြီး ရှိရမယ်.... (မှန်ပါ့ဘုရား)။

ဒီနား ဘယ်သူ ရှိနေနေ ငါတယောက်တည်းလို့သာ မှတ်ကြရမယ်၊ ဒါဘာခေါ်ကြမယ်.... (ကာယဝိဝေကပါ ဘုရား)။

စိတ္တဝိဝေကဆိုတာ အာရုံတွေ့ ဘယ်လိုပင် မျှားသော်လဲ ဟုတ်လား.... မရောက်စေရဘူးကွ.... (မှန်ပါ့) ဒါ ဘာခေါ်ကြမယ်....(စိတ္တဝိဝေကပါဘုရား)။

အဲ....ကာယဝိဝေကနဲ့ စိတ္တဝိဝေကကို မူတည်ပြီးတော့မှ ခင်ဗျားတို့ ဝိပဿနာလုပ်ပါ.... (မှန်ပါ့ဘုရား) ရှင်းပလား.... (ရှင်းပါပြီ) ဒါဟာ တော်တော် အရေးမကြီးဘူးလား.... (ကြီးပါတယ်ဘုရား) နို့မဟုတ်လို့ရှိယင် အနာရှိ အဆိပ်ကိုင် ဆိုလို့ ရှိယင်ဖြင့် မောင်သစ် သွားမှာဘဲ.... (မှန်ပါ့ဘုရား) အနာရှိ အဆိပ်ကိုင် ဆိုလို့ရှိယင်.... (သွားမှာပါဘုရား) သေပဲ့ဝင်မှာဘဲ-(မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

ဒါဖြင့် ခင်ဗျားတို့ကလဲ လက်မဆော့ပါနဲ့၊ ကိုယ့်မှာ အနာက ရှိနေတယ်....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီ) လက်မဆော့ပါနဲ့လို့ မှာရတယ်.... (မှန်ပါ့) ဘာဖြစ်လို့တုံး.... (အနာရှိနေလို့ပါဘုရား) အနာရှိတော့ လက်ဆော့တော့ အဆိပ် သွားကိုင်မှာကိုး.... (မှန်ပါ့) ရူပါရုံအဆိပ် သွားကိုင်လဲ စူးမှာဘဲ.... (မှန်ပါ့)သေမှာဘဲ၊ သဒ္ဒါရုံအဆိပ်တွေ့ သွားကိုင်လဲ (သေမှာပါဘဲ) ရှင်းပလား....(ရှင်းပါပြီ)။

ဒါဖြင့် ဘယ်လို ဆိတ်ငြိမ်အောင် နေမှတုံး ဆိုတာကော

ပေါ်ကြပလား....(ပေါ်ပါပြီဘုရား) ကာယဝိဝေက စိတ္တဝိဝေက ဒုစ်ခုနဲ့ ဝိပဿနာအလုပ်-လုပ်ပါ....(မှန်ပါ့)။

ကိုယ်ဆိတ်တဲ့ နေရာမှာ စိတ္တဝိဝေကဖြစ်ပြီး သမာဓိ တည်အောင် လုပ်ပြီးတော့မှ ဖြစ်ပျက် ရှုလို့ရှိယင်ဖြင့်....တဲ့၊ ဥပဓိဝိဝေကဆိုတဲ့၊ ဥပဓိဆိုတာ ခန္ဓာငါးပါး၊အဲဒီ ခန္ဓာငါးပါးဆိတ် သူဥးသွားပါလိမ့်မယ်.... (မှန်ပါ့)။

ဒါဖြင့် ဆူးတော မတိုးမှဘဲ့....(မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ) ဘယ်လိုလုပ်ရမှာပါလိမ့်....(ဆူးတော မတိုးမှပါဘုရား)။

နို့ ဒါဖြင့် ခရီးထွက်တော့မယ် စိတ်ကူးလို့ရှိသင် ခင်ဗျားတို့ ကိုယ်ကိုယ်-ကိုယ်ဆုံးမ၊ ငါတော့ ဆူးတောထဲ တိုးတော့မှာဘဲ့ (မှန်ပါ့)။

လူလိမ္မာတွေ သွားမေးကြည့် ဦးသံဒိုင် ဒါဘာလုပ်ဘာတုံး....(ဆူးတောတိုးတာပါဘုရား) ပြန်လာလို့ရှိယင် စိတ်မချ- လက်မချ၊ ပါ-မပါ.... (ပါ-ပါတယ်) ဆိုကဲ့သို့ သွားလို့ရှိယင်ဖြင့် ဖေါက်ပြန်တာ တွေ့နေယင် ထိတ်ကန့်-လန့်ကန့် လာ-မလာ.... (လာပါတယ်)။

ဘာဖြစ်တာတုံး ဒါ.... (ဆူးတောတိုးလို့ပါ) ဆူးစူးတာ.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

ကျုပ်တော့ဖြင့် အိမ်တွေ လှည့်မေးနေရတာဘဲ့၊ မအားဘူး၊ အင်း....ဆူးတွေလှည့်ပြီး အစူးခံနေရတာ....(မှန်ပါ့ဘုရား)မအားဘူး၊ ဘယ်အားနိုင်မတုံး၊ ကိုယ့်မှာ လူကြီးဆိုတော့ ဒီလိုသွားနေရတယ်.... (မှန်ပါ့)။

၄၆၁ မိုးကုတ်ဝိပဿနာလုပ်ငန်းစဉ်တရား (၈)

အံမာလေး၊ ရိပ်မိပလား.... (မှန်ပါ့) လူကြီးမို့လို ဟိုအိမ်လဲ မတ်တတ်၊ ဒီအိမ်လဲမတ်တတ် သွားလိုက်ရသေးတယ်၊ ဂုဏ်မျှား ယူလိုက်ကြသေးတယ်.... (မှန်ပါ့)။

ဘာဂုဏ်ယူတာတုံး၊ကျုပ်က ဆူးမျှားမျှား အစူးခံနိုင်တယ်၊ ဒါမှ ကျုပ်သေသွားလို့ရှိယင် အပါယ်ပဲ ခဲ့ရမှာ.... (မှန်ပါ့) အဓိပ္ပါယ်က ဒီရောက်နေတယ်.... (မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီ)။

ခင်ဗျားတို့ ဒီတရားမျိုး မနာဘူးလို့ရှိယင် ဆူးစူးမှန်းလဲ မသိပါဘူး.... (မှန်ပါ့ဘုရား) သိသေးရဲ့လား....(မသိပါဘုရား)။

ဟိုနေရာလဲ စပ်စပ်၊ ဒီနေရာလဲ စပ်စင်-စပ်စပ်နဲ့ ဦးသံဒိုင် မသွားချင်ဘူးလား.... (သွားချင်ပါတယ်ဘုရား)။

ဘာဖြစ်လို့ သွားချင်တာတုံး မေးတော့ ဘယ့်နှယ်ဖြကြမလဲ.... (ဆူးစူးခံချင်လို့ သွားချင်တာပါ) ဆူးမစူးရတာ ကြာလို့ အိမ်တွင်နေရလို့ရှိယင် ကာယဝိဝေက ဖြစ်နေတယ်၊ ကိုယ်ဆိတ်နေတယ်.... (မှန်ပါ့) စိတ်ငြိမ်နေတယ်.... (မှန်ပါ့) မဟုတ်ဘူး၊ တုန်တုန်လှုပ်လှုပ် ဖြစ်ချင်သေးတယ်.... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ)။

ဒါဖြင့် တကာ တကာမတို့၏ စရိုက်နဲ့ အကြိုက်ကဖြင့် ဘာမှမသိတော့၊ အတော်ဆိုးဝါးနေတယ်လို့ဘဲ အပြစ်တင်ရမှာဘဲ.... (မှန်ပါ့ဘုရား) မတင်ရပေဘူးလား.... (တင်ရပါတယ်) သာမညဆိုးတာလား-အလွန်အလွန် ဆိုးတာလား.... (အလွန်အလွန်ဆိုးတာပါဘုရား)။

ကျုပ်က မကင်းတရားများတယ်၊ ဒါကြောင့် ကျုပ်ကနေရာတိုင်းမှာ သွားရတယ်၊ မပြောကြဘူးလား.... (ပြောပါတယ်ဘုရား) ဘာဖြစ်လို့တုံး နေရာတိုင်း ဆူးကို ကျုပ်စူးရမှ ကျေနပ်တယ်ပြောတာနဲ့ အတူတူဘဲ မကျဘူးလား.... (မှန်ပါ့ဘုရား)။

သူက မကင်းတရား ရှိတယ်ဆိုတော့ မကင်းတာက သမုဒယသစ္စာဗျ.... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီ)။

အဲဒီ သမုဒယ နာတွေက ရှိနေလို့၊ ဆူးမစူးရလို့ရှိယင် ဒီအနာ ငန်းမန်းမထဘူး.... (မှန်ပါ့)ငန်းမန်းထရမှ အလို့လေး.... အမာလေး အောင်နေရမှ သူက ကျေနပ်တဲ့ သဘော.... (မှန်ပါ့ဘုရား) ရှင်းပလား.... (ရှင်းပါပြီ)။

အံမာလေး ကြောက်စရာကြီးပါကလား ခင်ဗျားတို့ ဒီတရားတွေ ဟောရတာ ဦးသံဒိုင် မလွယ်ဘူးနော်....(မလွယ်ပါဘုရား) ဘာဖြစ်လို့ မလွယ်သတုံးဆိုတော့ သတ္တဝါအကြိုက်နဲ့ တရား၏ သဘော အလိုက်နဲ့ဟာ အတော်ခြားနားနေတယ်.... (မှန်ပါ့) မခြားနားဘူးလား.... (ခြားနားပါတယ်ဘုရား)။

သတ္တဝါအကြိုက်က ဆူးစူးရမှ.... (မှန်ပါ့) တရားအလိုက်က အန္တရာယ်ကင်းရမှ.... (မှန်ပါ့) အန္တရာယ်ကင်းမှ နိဗ္ဗာန်ရောက်မှာကိုးဗျ.... (မှန်ပါ့)။

အဲဒီတော့ သတ္တဝါအကြိုက်နဲ့ တရားအလိုက်နဲ့ ဘယ်နှယ်နေကြသတုံး.... (ခြားနားပါတယ်ဘုရား) ကွာခြားတယ်ဆိုတာ မပေါ်လာသေးဘူးလား....(ပေါ်လာပါပြီ)။

ကဲ ဒီနေ့ညမှာ ခင်ဗျားတို့ ဟိုသွားချင်တဲ့စိတ်တွေကပေါ်လဲ အင်း....မင်းဟာငြိမ်ငြိမ်မနေဘူး၊ ဆူးစူးချင်လို့....(မှန်ပါ့)မင်းက နဂိုက အနာရှိရတဲ့အထဲမှာ ဆူးထဲတိုးမလို့လား.... (မှန်ပါ့) ကိုယ့်ဟာကိုယ်မေးပါ.... (မှန်ပါ့) မမေးရဲဘူးလား.... (မေးရဲပါတယ်ဘုရား)။

အခုလို မေးမေးပြီးတော့ မသွားဘဲနဲ့ဦးမှ.... (မှန်ပါ့) မေးပြီးသွားပြန်လဲ စူးမှာဘဲ(မှန်ပါ့စူးမှာပါဘဲ)ရိုပ်မိပလားကွ.... (မှန်ပါ့) မေးပြီးသွားပြန်လဲ.... (စူးမှာပါဘဲဘုရား) စူးမှာဘဲဆို တော့ တော်တော်ကြာကျတော့ ခင်ဗျားတို့တဏှာကတရားဟာ လိုက်ပြန်တော့ ဘုရားဟောတာလဲ ဟုတ်ပါတယ်၊ ဘုန်းကြီးဟော တာလဲ ဟုတ်ပါတယ်၊ မင်းက လူထဲနေတော့ လူလိုနဲ့ဦးမှတော် မယ်၊ အင်း....တဏှာကဝင်ဟောလိမ့်မယ် (ဟောပါတယ်ဘုရား) မဟောပေဘူးလား.... (ဟောပါတယ်ဘုရား)။

ဟောလို့ရှိယင် ဘုန်းကြီးက ကျောင်းကနေ ဟောနေတာ၊ တဏှာက ဝမ်းထဲကနေဟောနေတာ....(မှန်ပါ့ဘုရား)ဘယ်သူက လက်စွမ်းသာမယ်ဆိုတာတော့ ပြောဘို့မလိုဘူး....(မှန်ပါ့) မဆိုး ဝါးဘူးလား.... (ဆိုးဝါးပါတယ်)။

ကိုင်း-ဒါဖြင့် တကာ-တကာမတွေ့မှာ-တဲ့၊ဘုရားဟောတာကို ဘုန်းကြီးက တဆင့်ပြောသည် ဖြစ်လေသောကြောင့် ဒါကိုသာ အမှန်ယူ.... (မှန်ပါ့) ကိုယ့်အကြိုက်ဟာ အမှားချည်းဘဲလို့ ဆုံးဖြတ်ချက်ချပေး.... (မှန်လှပါဘုရား)။

ဘယ်လိုချကြမယ် (ကိုယ့်အကြိုက် အမှားချည်းပါဘုရား) ကိုယ့်အကြိုက်ကဖြင့် ဘယ်လိုဆိုဆို အမှားချည်းဘဲလို့ ဆုံးဖြတ်

ချက်ချ.... (မှန်ပါ့) ဘယ်သွားချင်ပြန်တယ်၊ ဘယ်သွားချင်ဘာရှိလို့တုံးလို့သာမေးလိုက်.... (မှန်ပါ့)။

ဟာ....ဘယ်သူရှိလို့၊ ဘယ်သူ့ဖြင့် စူးလိမ့်မယ် ဘယ်သူ့ဆူးစူးလိမ့်မယ်.... (မှန်ပါ့) ဘယ်ပြန်ချင်ပြန်ပြီတဲ့၊ ဘာလို့ပြန်ချင်တာတုံးလို့မေးယင်၊ ဟိုမှာ ဘယ်သူရှိလို့ပါဘုရား.... (မှန်ပါ့)။

ဘာဖြစ်လို့ပြန်တာတုံး ဟိုရောက်ယင်၊ အလိုလေး- အမာလေး အော်ချင်လို့.... (မှန်ပါ့ဘုရား) ဒီ့ပြင်ကိစ္စရှိသေးရဲ့လား.... (မရှိပါဘုရား) ပေါ်ကြပလား....(ပေါ်ပါပြီ)။

ဒါဖြင့် ခင်ဗျားတို့ မသွားကောင်းတဲ့ လမ်းတွေ သိပလား.... (သိပါပြီဘုရား)။

ဘုန်းကြီးက ခင်ဗျားတို့အရှင်နဲ့ သုသာန်သွားတာ ကြိုက်သေးတယ်၊ အိမ်ပြန်တာမကြိုက်ဘူး.... (မှန်လှပါဘုရား)။

သုသာန်သွားတော့ သံဝေဂပါလာတယ်.... (မှန်ပါ့) မပါဘူးလား.... (ပါ-ပါတယ်ဘုရား) အိမ်ပြန်တော့ သံဝေဂပါသေးရဲ့လား.... (မပါ-ပါဘုရား) မပါဘူး၊ သို့သော်လဲ ခင်ဗျားတို့က မသွားချင်ဘူး ဟိုမှာဆူးမစူးဘူး၊ သုသာန်သွားယင် ဆူးမစူးဘူး....(မှန်ပါ့) သဘောကျပလား.... (သဘောကျပါပြီ)ချစ်တဲ့ခင်တဲ့ ကြင်နာတဲ့ဆီသွားရမှ.... (သဘောကျပါတယ်) ဆူးစူးတာကိုး....(မှန်ပါ့)။

ဘယ့်နှယ် ကုတ်ကုင်းသမားဘဲ- ဟင်....(မှန်ပါ့) ကုတ်ကင်းအသားထဲထိုးပြီး သကာလ ငြိမ်ငြိမ်နေရသလား၊ အယား ဖျောက်နေရသလား.... (အယား ဖျောက်နေရပါတယ်ဘုရား) ဒီလိုနေရမှ....(မှန်ပါ့)။

အဲဒီတော့ ခင်ဗျားတို့ဟာ ခွေးဝဲစားသဘောတော့ ရောက်နေပြီ.... (ရောက်နေပါပြီ) ခွေးဝဲစားဟာ ထမင်းခေါ်ကျွေးတော့လဲ လမ်းမှာ အာယားဖျောက်ရသေးတယ်.... (မှန်ပါ) ဘာဖြစ်လို့တုံး.... (အနာပေါက်လို့) ရိပ်မိပလား.... (ရိပ်မိပါပြီ) ခွေးဝဲစားစိတ်က ပျောက်ကို့မပျောက်ဘူး.... (မပျောက်ပါဘုရား) သဘောပါပလား.... (ပါ-ပါပြီ)။

ကဲ-ဒါဖြင့် ဒါဘာနဲ့ နိဂုံးချုပ်ပြီး ခင်ဗျားတို့ ထွက်ရပ်လမ်းရှာမတုံးဆိုတော့ ကာယဝိဝေက, စိတ္တဝိဝေကနဲ့ ယူပါ.... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ) ဘာနဲ့ယူရမလဲ.... (ကာယဝိဝေက, စိတ္တဝိဝေကနဲ့ ယူရမှာပါဘုရား)။

ကာယဝိဝေက, စိတ္တဝိဝေက နှစ်ခုရပြီးတော့မှ ဝိပဿနာအလုပ်-လုပ်ပါ.... (မှန်ပါ့) ကိုယ်လဲဆိတ်ငြိမ်တဲ့နေရာမှာနေပါ.... (မှန်ပါ့) စိတ္တကလဲ.... (ဆိတ်ငြိမ်တဲ့နေရာနေပါ)။

အဲ....ကာယဝိဝေကဖြစ်တဲ့ ဆိတ်ငြိမ်တဲ့ နေရာဆိုတာက သမာဓိထူထောင်ပါပြောတာ.... (မှန်ပါ့ဘုရား) ရှင်းပလား.... (ရှင်းပါပြီ)။

အဲ....ဒီ ကာယဝိဝေက, စိတ္တဝိဝေက ဖြစ်ပြီးတော့ ဘုန်းကြီးပြောတဲ့ အန္တရာယ်ကင်းတဲ့ နေရာကို အနိစ္စရှိတဲ့နေရာ ဥာဏ် သာတည့်နေ.... (မှန်ပါ့ဘုရား) ရှင်းပလား.... (ရှင်းပါပြီ) ဘယ်ဥာဏ်တည့်ရမလဲ.... (အနိစ္စရှိတဲ့နေရာ ဥာဏ်တည့်ပေးရပါမယ်)။

သူကတည့်ဘို့ရာလဲ မလွယ်ဘူးနော်၊ ကာယဝိဝေကလဲ ရဦးမှ.... (မှန်ပါ့) စိတ္တဝိဝေကကော....(ရဦးမှပါဘုရား) ရဦးမှ၊

ဟိုမှာ ဥာဏ်တည့်လို့ရတယ်၊ နို့မဟုတ်လို့ရှိယင် (မရပါဘုရား) မရဘူးဆိုတာ သဘောကျပလား.... (ကျပါပြီ)။

ဩော်.... ဒါဖြင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီး အခုဥစ္စာ တွေဟောတာက ဆူးတောထဲတိုးမှာစိုးလို့ ဟောရှာတာကိုး ဆိုတာမှတ်ပါ.... (မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီ)။

အဲ....အင်္ဂုတ္တိုရ်နဲ့ သံယုတ်တွဲဟောတာလို့ မှတ်ရမယ် .... (မှန်ပါ့) အင်္ဂုတ္တိုရ်နဲ့....(သံယုတ်တွဲဟောတာပါဘုရား)။

သံယုတ်ကလာတာကတော့ဖြင့် ဆူးတွေ ဆူးတောထဲမတိုးဘို့.... (မှန်ပါ့) မတိုးလို့ရှိယင် ဘယ်လိုနေရမတုံး ဆိုတော့ အင်္ဂုတ္တိုရ်က ကာယဝိဝေက, စိတ္တဝိဝေက ဖြစ်အောင်နေကွာ၊ ဝိပဿနာရှုကွာ၊ နောက် ဥပဓိ ဝိဝေက ဖြစ်သွားလို့ရှိယင် အပါယ်ဆူး မတိုးချင်တော့ဘူး၊ ဥပဓိ ဝိဝေကဆိုတာ ခန္ဓာကြီး ပါ ပျောက်သွားတာ.... (မှန်ပါ့ဘုရား)။

ခင်ဗျားတို့ ကဲ ဒုက္ခချုပ်နေတဲ့ တကာ- တကာမတွေ ကျတော့ ဟိုအသံကော ကြားသေးရဲ့လား....(မကြားပါဘုရား) ဟိုအနံ့တွေကော.... (မနံပါဘုရား)။

ဘယ်ဆူးကလာလာ၊ ခင်ဗျားတို့မှာ အနာဂတ်မရှိလို့.... (မှန်ပါ့) အနာဂတ်မရှိလို့ 'တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါန ပစ္စယာ ကမ္မဘဝေါ'ဆိုတဲ့ ပဋိစ္စသမုပ္ပါဒ်ကြီးဟာ လာသေးရဲ့ လား.... (မလာပါဘုရား)။

ဒါဖြင့် ကာယဝိဝေက ဖြစ်ပြီးမှ စိတ္တဝိဝေက ဖြစ်မယ်.... (မှန်ပါ့) စိတ္တဝိဝေကဖြစ်ပြီးသကာလ ဝိပဿနာ အလုပ်-လုပ်မှ

ဥပဓိဝိဝေက ဖြစ်မယ်.... (မှန်ပါ့ဘုရား) ဥပဓိဆိုတာ ခန္ဓာငါးပါး၊ ဝိဝေက ဆိုတာ ဆိတ်သုဉ်းတာ၊ ခန္ဓာဆိတ်သုဉ်းမှ ခင်ဗျားတို့ သွားချင်တဲ့နေရာ သွားပါပြောတာ....(မှန်ပါ့)။

ဘာပြုလို့တုံး- ခန္ဓာမရှိတော့ အနာကြွစရာ အနာနေစရာ ရှိသေးရဲ့လား.... (မရှိပါဘုရား) သဘောပါပလား (ပါ-ပါပြီ) အဲဒီတော့ ခင်ဗျားတို့က အခုတော့ ဘယ်လိုဖြစ်နေသတုံးမေးတဲ့ အခါကျတော့ ခင်ဗျားတို့မှာ....တဲ့၊ ခန္ဓာကိုယ်က ဇရပ်ကြီးနဲ့ တူတယ်လို့ ဆရာဘုန်းကြီးဟောထားတယ်.... (မှန်ပါ့)။

ခန္ဓာကိုယ်က ဇရပ်ကြီးနဲ့တူတယ်၊ ဒီခန္ဓာကိုယ် ဇရပ်ကြီး ဆိုတော့ ရူပါရုံကြောင့်ဖြစ်တဲ့အနာလဲ ပေါက်လာတယ်၊ သဒ္ဒါရုံကြောင့် ဖြစ်တဲ့အနာလဲ.... (ပေါက်လာပါတယ်) ဂန္ဓာရုံ၊ ရသာရုံ၊ ဖေါဋ္ဌဗ္ဗာရုံ ဓမ္မာရုံကြောင့်ဖြစ်တဲ့ အနာကော (ပေါက်ပါတယ်)။

အဲဒါ ဥပဓိဝိဝေက မဖြစ်သေးလို့ ပေါက်တာ.... (မှန်ပါ့ဘုရား) သေသေချာချာမှတ်ပါ ဥပဓိဝိဝေကဆိုတဲ့ ခန္ဓာငါးပါးမချုပ်သေးလို့ပေါက်တာ.... (မှန်ပါ့)။

သူသာလျှင် ခင်ဗျားတို့က ကဲ....ဒုက္ခခန္ဓာကြီး ချုပ်အောင်တော့ ရူပါတော့မယ်၊ ကဲ....ဒုက္ခခန္ဓာကြီးချုပ်ယင် ငါးမိနစ် ချုပ်ယင် ငါးမိနစ် အနာမပေါက်ဘူး... (မှန်လှုပါ) သဘောကျပလား.... (ကျပါပြီ) ဆယ်မိနစ် ချုပ်ယင်.... (ဆယ်မိနစ် အနာမပေါက်ပါဘုရား)။

အဲ....နာရီဝက် ချုပ်တယ်ဆိုယင်....(နာရီဝက် အနာမပေါက်ပါဘုရား) ဘယ်ဆူးကမှ ခင်ဗျားတို့ကို စူးလို့မရဘူး (မှန်ပါ့)

ဘာဖြစ်လို့တုံးဆိုတော့ ဥပဓိဝေကဖြစ်နေလို့ (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ) ဥပဓိ-ဆိုတာက ခန္ဓာငါးပါး၊ ခန္ဓာငါးပါး ချုပ်နေတယ်.... (မှန်ပါ့)။

ခန္ဓာငါးပါး ချုပ်နေ**တဲ့** အခါကျတော့ကို....တဲ့ အင်း-ဟိုက ဆူးတွေက ဘယ်သွားစူးမတုံး မေးတဲ့အခါကျတော့ အထည် မရှိလို့ စူးစရာမရှိဘူး.... (မှန်ပါ့ဘုရား)။

အထည်မရှိလို့.... (စူးစရာမရှိပါဘုရား) အဲဒါတွေ သဘော ကျထားတော့မှ နိဗ္ဗာန်သဘောကျမှာ.... (မှန်လှပါ့) ဩော်.... နိဗ္ဗာန်ဆိုတာ အဗျာဓိ- အနာမရှိသော ဆိုတာ ဟုတ်သားဘဲ၊ အနာပေါက်စရာနေရာမှ မရှိတော့ဘဲ.... (မှန်ပါ့) သဘောပါပလား.... (ပါ-ပါပြီဘုရား)။

ဥပဓိမရှိတော့ဘူးဆိုယင် အနာပေါက်စရာ.... (မရှိတော့ပါဘုရား) မရှိတော့ဘူးဆိုတော့မှ ဩော်....ခင်ဗျားတို့ ခန္ဓာကိုယ်ကြီးဟာ ရောဂတော ဆိုတာ ဒီကျတော့မှ ပေါ်လာတယ်.... (မှန်ပါ့) ရောဂတော အနာမျိုးစုံနဲ့ နေသောအားဖြင့်လည်း ကောင်း....(မှန်ပါ့)။

တော်တော်ကြာ ရူပါရုံက ထိခိုက်တဲ့အနာ၊ သဒ္ဒါရုံက ထိခိုက်တဲ့အနာ.... (မှန်ပါ့) ဂန္ဓာရုံက ထိခိုက်တဲ့အနာ ဓမ္မာရုံက ထိခိုက်တဲ့အနာ အနာတွေကဖြင့် ပိုနေတာဘဲ.... (မှန်ပါ့ဘုရား)။

ဟို့....ဒီ.ပြင်ကြည့်ပါလား၊ ဥပမာမယ် ရုရှားဘက်က လက်နက်ကြီးတွေ အမျိုးမျိုးအဖုံဖုံနဲ့ အမေရိကန်တို့ကလဲ ကာကွယ်မယ်ဆိုယင် အို....ဒီစစ်ကြီးများ ဖြစ်လာယင် မခက်ဘူးလား....

(မှန်ပါ့) ဓမ္မာရုံကနေပြီးသကာလ မခက်ဘူးလားကနေစ-နေပြီ (မှန်ပါ့)။

ဘာဖြစ်နေတာတုံး ဆိုတော့ တကာ တကာမတို့ ဓမ္မာရုံကနေပြီး ဓမ္မာရုံဆူးစူးလိုက်တာ၊ ဒီမခက်ဘူးလားဆိုတဲ့ ဥစ္စာအဝေးကြီး....(မှန်ပါ့) ဟိုမှာ အဝေးကြီးကျန်သေးတယ်.... (မှန်ပါ့) ဒီမှာစူးနေပြီ၊ မစူးဘူးလား.... (စူးပါတယ်ဘုရား)။

အဲဒီတော့ ခင်ဗျားတို့ဟာ အတိတ်တွေက စူးတာကတမျိုး ပစ္စုပ္ပန်က ဝိုင်းစူးတာကကော.... (တမျိုးပါဘုရား) အနာဂတ် လှမ်းပြီးသကာလ ဒီလိုများလာခက်သေးဆိုပြီးသကာလ စူးနေတာတွေကော.... (တမျိုးပါဘုရား)။

အဲဒါကြောင့် ဒီခန္ဓာကြီးဟာ အနာတို့၏ တည်ရာဌာနသူနာတည်ရာ ဆေးရုံကြီးဆိုတဲ့ အဓိပ္ပါယ်ဖြင့် ရှင်းသွားပါပြီ.... (ရှင်းပါပြီ)။

ဒါဖြင့် ဒီဥပဓိခန္ဓာကြီး မရှိအောင် လုပ်နိုင်တဲ့ ပုဂ္ဂိုလ်ဖြင့် အနာမှကင်းပါ့မလား.... ရောဂါမှ ကင်းပါ့မလား.... ဆိုတဲ့ဥစ္စာ ပြောဘို့မလိုတော့ဘူး.... (မလိုပါဘုရား)။

ဒါဖြင့် နိဗ္ဗာန်ဆိုတာ ဒီခန္ဓာငြိမ်းတာ နိဗ္ဗာန်....(မှန်ပါ့)ခန္ဓာငြိမ်းတာ.... (နိဗ္ဗာန်ပါဘုရား) သဘောကျပလား.... (ကျပါပြီ) နိဗ္ဗာန်ကို နောက်ဆုံးပိတ်မှာ ဒါအခု အဘိဓမ္မာသတ်တာပါဘဲ (မှန်ပါ့) နိဗ္ဗာန်သဘောကျဘို့ ပြောနေတာ.... (မှန်ပါ့) အနာပေါက်မှန်းသိမှ အနာကင်းချင်တယ်.... (မှန်ပါ့) အနာပေါက်မှန်းမသိယင်.... (အနာမကင်းချင်ပါဘုရား) အနာ မကင်းချင်ဘူးဆိုတာ သေချာပလား.... (သေချာပါပြီ)။

ဒါဖြင့် ခင်ဗျားတို့ ခန္ဓာကိုယ်ကြီးကို အနာပေါက်တာလဲ သိပါပြီ၊ သိတဲ့အခါကျတော့ ဒီအနာကြီးနဲ့ မနေချင်ပါဘူး ဆိုတဲ့ မဂ်ဉာဏ် ပေါ်အောင်လုပ်ရမယ်.... (မှန်ပါ့)။

ဒီအနာကြီးနဲ့ မနေချင်ပါဘူးဆိုတဲ့ မဂ်ဉာဏ် ပေါ်မှသာလျှင် မောင်သစ် အနာခန္ဓာကြီး သြော်....ပြဋ္ဌန်တဆိုတဲ့အတိုင်း ပြဋ္ဌန်ထော- သတ္တဝါကို ညှာတာမဖက် အမြဲနှိပ်စက်တယ်.... (မှန်ပါ့)။

၉၆-ပါးအနာတွေ ခုနင်ကပြောတဲ့ အာရုံတွေက တိုက်ခိုက်တဲ့အနာတွေ ဒါတွေက မနှိပ်စက်ဘူးလား.... (နှိပ်စက်ပါတယ်ဘုရား)။

အဲဒါ ကံမကောင်းအကြောင်းမသင့်လို့ နှိပ်စက်တာလားတဲ့ ဥပဓိရှိလို့ နှိပ်စက်တာလား၊ (ဥပဓိရှိလို့ နှိပ်စက်ခံရတာပါဘုရား)။

အင်း....ခန္ဓာရှိလို့ အနှိပ်စက်ခံရတာ ကံတွေ ဘာတွေ မထည့်ပါနဲ့ (မှန်ပါ့) ကံတွေဘာတွေ မထည့်ပါနဲ့၊ ကံတွေက ဥပစ္ဆေဒက ဥပဃာတက ဥပပီဠကဆိုတာ ခင်ဗျားတို့မှာ အတော်နည်းပါတယ်၊ ခန္ဓာရှိလို့ ဘေးဆူးတွေက ဝိုင်းစူးလို့ အနာရုတာကသာ များပါတယ်၊ ဟိုကံတွေက တခါတလေမှ လာတာပါ- (မှန်ပါ့ဘုရား) သဘောပါပလား....(ပါ-ပါပြီ)။

ဒါမှ ဘုန်းကြီးတို့ တကာ တကာမတွေ ဘာမရှိမှသင့်မယ်ဆိုတာ ယနေ့ဆုံးဖြတ်ချက်ချစမ်း.... (ခန္ဓာမရှိမှ သင့်ပါမယ်ဘုရား) ခန္ဓာမရှိလို့ရှိယင်ဖြင့် ဘယ်က ဆူးစူးစရာကော (မရှိပါ

ဘုရား) ဆူးတော ဘယ်လိုဝိုင်းတဲ့အထဲမှာ နေကြားသော်လဲ ဖူးဖရား အထည်က (မရှိပါဘုရား) မရှိလို့ရှိယင် အဲဒါ ဥပမိ ဝိဝေက မရောက် ရောက်အောင်လုပ်ရမယ်.... (မှန်ပါဘုရား) ခန္ဓာမရှိတဲ့ နည်းကို မရောက်-ရောက်အောင် (လုပ်ရမှာပါ)။

ဒါမှ အန္ဓရာယ် ကင်းတော့မယ်.... (မှန်ပါ့) တခြားနည်း အန္ဓရာယ်ကင်းတဲ့နည်း ဦးသံဒိုင်—ရှိကိုမရှိဘူး....(မရှိပါဘုရား) သဘောပါပလား.... (ပါ-ပါပြီ)။

ဒါဖြင့် ခင်ဗျားတို့ ရှေးဦးစွာ စ,ကျင့်ရမှာက ဆူးထဲ မတိုး ဘို့ဘဲ စ,ကျင့်ရမယ်....(မှန်ပါ့) ဆူးထဲ မတိုးရဘူးဆိုတာ ကာယ ဝိဝေကဖြစ်အောင်နေပါ(မှန်ပါ့)သဘောကျပလား (ကျပါပြီ) ဆူးထဲမတိုးပါနဲ့ဆိုတာ ဘာပါလိမ့် (ကာယဝိဝေကဖြစ်အောင် နေပါ)။

အေး....ကာယဝိဝေက ဖြစ်အောင် ရှေးဦးစွာ နေလိုက်ပါ။ ဘရားအားထုတ်မည့် ပုဂ္ဂိုလ်မှာ.... (မှန်ပါ့) ပြီးတော့မှ သမာဓိ အလုပ်-လုပ်လိုက်ပါ.... (မှန်ပါ့) အာနာပါနသမာဓိ လုပ်လိုက် ပါ....(မှန်ပါ့)။

အဲဒါ ဘာလုပ်တာတုံးဆိုတော့၊ စိတ္တဝိဝေက လုပ်လိုက်တာ (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ) ပြီးတော့မှ ဝိပဿနာရှုတာက ဥပမိဝိဝေကကို ယူလိုက်တာ.... (မှန်ပါ့)ရှင်းပြီနော်....(ရှင်း ပါပြီ)။

ကဲ ဒါဖြင့် တယောက်တည်းနေ- တထပ်တည်း စားပြီး သကာလ တနေရာတည်း အိပ်တာဟာ ဘာပါလိမ့်....(ကာယ ဝိဝေကပါဘုရား) ကာယဝိဝေက.... (မှန်ပါ့)သဘောကျပလား (ကျပါပြီ)။

တထပ်တည်းစား၊ တယောက်တည်းနေ၊ တနေရာတည်း အိပ်တာ ဘာပါလိမ့်.... (ကာယဝိဝေကပါဘုရား)အဖော်မရှာဘူး၊ အဲဒါ ဘာပါလိမ့်.... (ကာယဝိဝေကပါဘုရား)။

အဲဒီ့ ကာယဝိဝေကကို ကျင့်သားရမှ၊ ပြီးတော့မှ စိတ္တဝိဝေကဆိုတဲ့ အာနာပါန သမာဓိကို တခုခုသော အာရုံကို တည်အောင်လုပ်ပါ.... (မှန်လှပါဘုရား)။

အဲဒီ့ တခုခုသောအာရုံ၌ တည်ပြီဆိုယင် ဒါဘာဖြစ်ပြီတုံး.... (စိတ္တဝိဝေက ဖြစ်တာပါဘုရား)။

ကဲ ဒါဖြင့် ကာယဝိဝေကနဲ့ စိတ္တဝိဝေက အောင်မြင်ပြီလို့ ရှိယင်ဖြင့် ဥပဓိဝိဝေက စ,ကြစို့ ဆိုလို့ရှိယင်ဖြင့် ခန္ဓာကိုယ်ခုနှင်က အနာတွေကို ရောဂတောဆိုတဲ့ အနာတွေကို၊ ဒုက္ခသစ္စာတွေကို ခင်ဗျားတို့က အနာဒုက္ခသစ္စာကြီးကို မမြင်-မြင်အောင် ကြည့်ရမယ်....(မှန်ပါဘုရား)။

ဖျတ်ဖျတ်-ဖျတ်ဖျတ်နဲ့ တခါတည်း အနာတွေ ပေါက်လိုက်တဲ့ဖြစ်ခြင်း၊ ဟင်.... (မှန်ပါ) ဒီအနာတွေပေါက်ပြီး သကာလ ခန္ဓာတွေ ခဏ-ခဏလဲနေတာတွေ ခင်ဗျားတို့ မြင်ရပါလိမ့်မယ် (မှန်ပါဘုရား)။

မြင်ရလို့ရှိယင်ဖြင့် ဒီခန္ဓဥပဓိရှိလို့ ဒီအနာရှိတာဘဲ (မှန်ပါ) ဒီ ခန္ဓာဒုက္ခသစ္စာကြီး သူတပါးနှိပ်စက်တိုင်း ခံနေရတယ် .... (မှန်ပါဘုရား)။

ရှုပါရုံဆူးကထိုးချလိုက်လဲသူကခံဘဲ (မှန်ပါ)၊ သဒ္ဒါရုံဆူးက စူးလိုက်လဲ.... (ခန္ဓာကခံရပါတယ်) ဂန္ဓာရုံဆူးက စူးလိုက်ယင်ကော.... (ခန္ဓာကခံရပါတယ်)။

ခန္ဓာကခံချည့်ဘဲ၊ ဥပဓိကခံချည့်ဘဲ....(မှန်ပါ့)ရိပ်မိကြပလား (ရိပ်မိပါပြီ) ဓမ္မာရုံက စူးပြန်ယင်ကော.... (ခန္ဓာကခံရပါတယ်) ဓမ္မာရုံကစူးတာလဲ ခန္ဓာကခံဘဲ(မှန်ပါ့) ဒါဖြင့် ဒီခန္ဓာကြီးသည် ခင်ဗျားတို့ ဥပဓိ ဝိဓဝကဖြစ်အောင် မလုပ်နိုင်လို့ ဒဏ်ချက် မိနေတာ (မှန်ပါ့ဘုရား)။

ဘယ်လိုဆိုကြမယ်.... (ဥပဓိဝိဓဝက ဖြစ်အောင်မလုပ်နိုင်လို့ ဒဏ်ချက်မိနေတာပါ) ဥပဓိဝိဓဝက မဖြစ်နိုင်လို့ တကာ တကာမ တို့တဲ့၊ ဒဏ်ချက်တွေအများကြီးခံနေရတာ(မှန်ပါ့)။

အဲဒါကြောင့် ဥပဓိဝိဓဝက ဖြစ်ချင်လို့ရှိရင်ဖြင့် ခန္ဓာဖြစ် ပျက်ကစပြီး ဖြစ်ပျက်မှုန်းအောင် လုပ်ရလိမ့်မယ်....(မှန်ပါ့) ဖြစ်ပျက်မြင်အောင် လုပ်ရလိမ့်မယ်....(မှန်ပါ့)

ရှေးဦးစွာ ယထာဘူတဉာဏ်နဲ့ ဖြစ် ပျက် မြင်ရမယ်.... (မှန်ပါ့)နောက်ကျ နိဗ္ဗိန္ဒဉာဏ်နဲ့ ဖြစ်ပျက်ကို မုန်းရမယ်.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

နောက်ကြတော့ ဒီဥပဓိကြီးရှိနေလို့ - ဒုက္ခ သစ္စာကြီးရှိနေ လို့- ဒီမှာဖြင့် နိဗ္ဗာန်ကွယ်နေတာဘဲ....(မှန်ပါ့) ဒါကြောင့် တနေ့ကဟောတယ်၊ ခန္ဓာက နိဗ္ဗာန်ကွယ်နေတယ်ကွ.... (မှန်ပါ့) တဏှာက ဉာဏ်ပေါ်မှာ ဖုံးနေတယ်.... (မှန်ပါ့) သဘောကျ ပလား.... (ကျပါပြီ)။

ဉာဏ်ကိုတခါ ခန္ဓာကကွယ်နေပြန်တော့ နိဗ္ဗာန်ကွယ်နေတယ် (မှန်ပါ့) ဒါဖြင့် ကိလေသာက ဉာဏ်ပေါ်မှာဖုံး.... (မှန်ပါ့) ကိလေသာ ဖယ်ထုတ်ပြန်တော့ ခန္ဓာကဖုံးသွားတယ်၊ ဒါကြောင့်

နိဗ္ဗာန်ကြီးနှစ်ထပ်ဖုံးခံနေရတယ်.... (မှန်ပါ့) သဘောကျပလား (ကျပါပြီ)။

နိဗ္ဗာန် ဘယ်နှယ်ထပ် အဖုံးခံနေရသလဲ....(နှစ်ထပ်အဖုံးခံရပါတယ်) ဥာဏ်ပေါ်မှာ ဘယ်သူက ဖုံးသလဲ (ကိလေသာကဖုံးပါတယ်)။

ကိလေသာတွေ တော်တော်ကလေးပါးအောင် လုပ်နိုင်ပြန်တော့ ခန္ဓာကြီး ဒုက္ခသစ္စာကြီးက ကွယ်နေတယ်....(မှန်ပါဘုရား) ဒုက္ခသစ္စာကြီးက မချုပ်တော့ နိဗ္ဗာန်သစ္စာက ပေါ်နိုင်ရဲလား (မပေါ်နိုင်ပါဘုရား)။

အဲဒါတွေကိုလဲ ဥာဏ်နဲ့ သေသေချာချာ စဉ်းစားတော့မှ သြော်....ဥပမိ ဝိဝေကဖြစ်ချင်လို့ရှိယင် ရှေးဦးစွာ အနာမပေါက် ဘို့အရေးကြီးတယ်.... (မှန်ပါဘုရား) သဘောကျပလား.... (ကျပါပြီ)။

ဥပမိ ဝိဝေကဖြစ်ချင်ယင်.... (အနာမပေါက်ဘို့ အရေးကြီးပါတယ်) ကိလေသာနာမပေါက်ဘို့ (မှန်ပါ့) ရှင်းပြီနော် (ရှင်းပါပြီ) ကိလေသာနာ မပေါက်မှသာလျှင် တကာ-တကာမတို့.... ဒီခန္ဓာကြီးဟာ ကိလေသာနာမပေါက်လို့ရှိယင်ဖြင့်....တဲ့၊ အနာတွေဟာ မရှိပါဘူး.... (မှန်ပါ့)။

အနာတွေ မရှိလို့ရှိယင်ဖြင့် သူသည်ကားလို့ဆိုယင် ဒုက္ခသစ္စာအဖြစ်မှ လွတ်မသွားဘူးလား.... (လွတ်သွားပါတယ်) ဒုက္ခသစ္စာမို့ မလိုချင်တော့ဘူး၊ ဒုက္ခသစ္စာ မဟုတ်တော့ဘူး ဆိုလို့ရှိယင် နိဗ္ဗာန်ပေါ်လာမယ်.... (မှန်ပါ့)။

ဒုက္ခသစ္စာ မဟုတ်မှန်းသိယင်တော့.... (နိဗ္ဗာန်ပေါ်လာမယ်) အင်း....ဒုက္ခသစ္စာမှန်း သေသေချာချာ ခင်ဗျားတို့သည် ကားလို့ ဆိုလို့ရှိယင်ဖြင့် ပိုင်ပိုင် နိုင်နိုင် အနာပေါက်ရှာဌာန သုဘဲလို့ သိလို့ရှိယင်ဖြင့် သူ့ကို မလိုချင်ပါဘူး (မှန်ပါဘုရား) လိုချင်သေးရဲ့လား.... (မလိုချင်ပါဘုရား)။

ထိုကဲ့သို့ မလိုချင်လို့ရှိယင်ဖြင့် မလိုချင်တဲ့ဥာဏ်လဲ လာပါရော့ဘဲ့ ဥာဏ်သည် ဒီခန္ဓာဘက်မလှည့်ဘဲနဲ့ ဥပဓိကင်းတဲ့ နိဗ္ဗာန်ဘက်လှည့်သွားတယ်.... (မှန်ပါ့)။

ပဌမ ဥပဓိဘက်လှည့်နေတာ- (မှန်ပါ့) နောက်ကျတော့ ဥပဓိက ဒုက္ခသစ္စာဘဲလို့ သိတဲ့အခါကျတော့ ဘယ်လှည့်သွားသလဲ.... (ဥပဓိချုပ်တဲ့ဘက် လှည့်ပါတယ်) ဥပဓိချုပ်တဲ့ဘက် (မှန်ပါ့)။

ခန္ဓာပဓိဆိုတဲ့ ဥပဓိချုပ်ဘဲ့ဘက် လှည့်သွားတယ်....(မှန်ပါ့) မလှည့်ဘူးလား.... (လှည့်ပါတယ်) အဲဒီတော့ကို ခန္ဓာကုယ်နေတာကြီး လွှင့်သွားတယ်၊ ခန္ဓာကုယ်နေတာကြီးလွှင့်သွားတော့ကို ခုနင်က ခန္ဓာကုယ်နေလို့ မမြင်တဲ့ ဒီဥပဓိ ဝဝေဝကဆိုတဲ့ နိဗ္ဗာန်ကြီးပေါ်လာတယ်.... (မှန်ပါ့) ဥပဓိ ဆိတ်သွားလို့ နိဗ္ဗာန်ပေါ်တာ....(မှန်ပါ့)။

ခန္ဓာပဓိဆိတ်သွားလို့ ဘာပေါ်တာတုံး.... (နိဗ္ဗာန်ပေါ်တာပါဘုရား) ရှင်းပလား.... (ရှင်းပါပြီ) ဒါဖြင့် တကာ-တကာမတို့ ဒီခန္ဓာကြီး ကုယ်နေတာကိုလဲဖယ်နိုင်မှရမှာ....(မှန်ပါ့)ခန္ဓာကြီးယ်နေတာ.... (ဖယ်နိုင်မှရမှာပါဘုရား) မဖယ်နိုင်လို့ရှိယင်

(မရပါဘူးရှား) မရဘူးဆိုတာ သေချာပလား....(သေချာပါပြီ) ဒါဖြင့် ဒီနေ့ည စ,ပါတဲ့၊ ရှေးဦးစွာ တယောက်တည်းနေကြည့် ကာယဝိဝေကနဲ့ (မှန်ပါ့) နောက်ကျတော့ သမာဓိကလေး ဖမ်းပြီး စိတ္တာဝိဝေကနဲ့လုပ်ပါ....(မှန်ပါ့)။

နောက် ဥပဓိဝိဝေက တက်ချင်တော့ ခယ-ဝယ မြင်အောင် လုပ်ပါ....(မှန်ပါ့) မြင်လို့ရှိယင် ခယ-ဝယ အဆုံးမှာ ဥပဓိ ပျောက်ထွက်သွားတယ်.... (မှန်ပါ့)။

ပျောက်ထွက်သွားလို့ရှိယင်ဖြင့် နိရုပဓိ ဆိုတဲ့ ဥပဓိမရှိရာ နိဗ္ဗာန် ပေါ်လာတယ်.... (မှန်ပါ့ဘုရား) သဘောကျပလား..... (ကျပါပြီ)။

ကဲ....ဒီကနေ့ တော်ကြဦးစို့။

သာဓု....သာဓု....သာဓု....။

အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း

ကျေးဇူးတော်ရှင် -- အဂ္ဂမဟာ ပဏ္ဍိတ

မိုးကုတ် ဆရာတော်ဘုရား

အမရပူရမြို့ မင်္ဂလာရိပ်သာကျောင်းပေါ်၌

ဟောကြားတော် မူသော

ကံနဲ့တဏ္ဍာတွင် တဏ္ဍာက အရေးကြီးပုံ

ည အလုပ်ပေး တရားတော်

(၂၈-၁၁-၆၁)

တကာ တကာမတို့ ပြန်ပြောကြဦးစို့တဲ့....၊ လူတယောက်ဟည်းက နေပြီးသကာလ သားကောင်ခြောက်ကောင် ကျောင်းရတယ်ဆိုတာက ဆပ္ပါဏကောပမသုတ်ပါဘဲ၊ ဆ-က ခြောက်၊ ပါဏကောပမက-သတ္တဝါနဲ့ တူတယ်၊ အဲဒီ ခြောက်ပါးသော ခြောက်ကောင်သော သတ္တဝါတွေ ထိန်းရ ကျောင်းရတာသည် ထိန်းတတ် ကျောင်းတတ်လို့ရှိယင်လဲ နိဗ္ဗာန်ပေါက်တယ်၊ မထိန်းတတ် မကျောင်းတတ်လို့ရှိယင်လဲ ဆွဲရာပါတယ်လို့ မှတ်ရမယ် (မှန်ပါ့)။

အဲဒီတော့ ကိုယ့်ဟာကိုယ် သိတယ်ဆိုတဲ့ အဓိပ္ပါယ်ကိုလဲ ရှင်းရမယ်၊ ဥပမာ—အခုလို ပွဲလမ်းသဘင်တွေ ရှိတယ်ဆိုလို့ရှိယင် အင်း....ဒီဥစ္စာ မြွေက ဆွဲသွားတာဘဲဆိုတာ လူတိုင်း သိကြပါတယ်....(မှန်ပါ့)။

မြေက ဆဲသွားတဲ့အခါကျလို့ရှိယင် မြေ့နောက်ကို ပုဂ္ဂိုလ်က လိုက်သွားတယ်၊ ပုဂ္ဂိုလ်က လိုက်သွားတော့ ဥပမာ-ရွှေပုံနေတဲ့အထဲ တိုးဝှေ့နေရတဲ့အထဲ ဗရုတ်သုက္ခတွေ အထဲမှာ ရောက်သွားတယ်၊ အဲဒါ မျက်လုံးပေါက်က အကောင်က သန်ရာဆဲလို့ ပါသွားတာ....(မှန်ပါ့ဘုရား)။

အဲ....ဒါ သန်ရာဆဲလို့ ပါသွားတော့ ကိုယ်က သွားမိတော့ ပဲ့လဲကြည့်ရင်း တော်တော်ကြာကျတော့ ပဲ့ကြည့်ရင်း မတ္တန့်ဆာလောင်မှတ်သိပ်လာတော့ အစာအဟာရကလေး စားကြပြန်တယ်၊ စားကြပြန်တော့ အိမ်ခွေးဆဲတဲ့ဘက် ပါသွားပြန်ရော (မှန်ပါ့) တော်တော်ကြာကျတော့ ငိုက်မျည်းလာပြီဆိုမှဖြင့် တောခွေးဆဲတဲ့ဘက် ပါသွားပြန်ရော.... (မှန်ပါ့ဘုရား)။

ကိုယ်က နှိုင်တာကို မပါဘူး.... (မပါ-ပါဘုရား) သူတို့ဆဲရာသာ ကိုယ်ပါနေတယ်ဆိုတာ မောင်သစ်တို့ ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ဒီသားကောင် ခြောက်ကောင်မှာ ကျောင်းရတဲ့လူက တယောက်တည်း၊ ဆဲတဲ့ပုဂ္ဂိုလ်က ခြောက်ကောင် ဆိုလို့ရှိယင် ဖြင့်တဲ့....ဒါကြောင့် ဒဋ္ဌိရခြောက်ပေါက်၊ သားကောင် ခြောက်ကောင်သည် တကာ တကာမတွေဟာ ဆဲရာပါပြီးသကာလ နေသောကြောင့် သေရာနေရာ မရွေးနိုင်ဘူး.... (မှန်ပါ့ဘုရား) နေတာလဲ နေရာမရွေးနိုင်ဘူးဆိုတာ မှတ်ရမယ်.... (မှန်ပါ့ဘုရား) သေတာ.... (နေရာမရွေးနိုင်ပါဘုရား) နေတာ.... (နေရာ မရွေးနိုင်ပါဘုရား)။

မျက်လုံးပေါက်က ဆဲသွားတယ်၊ မျက်လုံးပေါက်က မြေကိုး-

သူက အရှုပ်ကြိုက်တယ်.... (မှန်ပါ့) ပဲ့လမ်းသဘင် လူတွေထဲတိုးဝှေ့ပြီး နေရလို့ရှိယင် သူက မြေဆိုတာက ကွင်းပြင်လွှတ်လို့မှ မရဘဲ ဦးသံဒိုင်.... (မှန်လှုပါဘုရား) အရှုပ်ထဲဘဲ သွားလေ့ရှိတယ်။

အရှုပ်ထဲ သွားတဲ့အခါကျတော့ မြေဆွဲရာ၊ မျက်လုံးပေါက်ဆွဲရာကို မျက်လုံးပေါက်က, စိတ်တွေက ဆွဲရာကို ပါသွားတယ် (မှန်ပါ့) ပါသွားတဲ့အခါကျလို့ရှိယင်ဖြင့်....တဲ့၊ ဒီပုဂ္ဂိုလ်တွေသည် အဆင်းအာရုံ ကာမဂုဏ်ထဲမှာ မျောတော့တာဘဲ.... (မှန်ပါဘုရား)။

ဒီလို မျောနေကြမယ် ဆိုလို့ရှိယင်ဖြင့်....တဲ့၊ ဘယ်မှာသာလျှင် ခင်ဗျားတို့ လွတ်မလဲ မျက်လုံးပေါက်က ပဋိစ္စသမုပ္ပါဒ် လာပြီလို့ ယနေ့ ရှင်းလိုက်ပါ....(မှန်ပါ့ဘုရား)။

မျက်လုံးပေါက်က ပဋိစ္စသမုပ္ပါဒ်ဆိုတာ စက္ခုံစပဋိစ္စ-မျက်လုံး အကြည်ရုပ်၊ ရူပေစဆိုတာ ပဲ့လမ်းသဘင်၊ စက္ခုဝိညာဏံ ဥပဇ္ဇတိဆိုတာ ပေါ်လာပြီ၊ 'တိဏ္ဏံ သင်္ဂတိ ဖဿော ဖဿ-ပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာတဏှာ၊တဏှာပစ္စယာ ဥပါဒါနံ ဥပါဒါနပစ္စယာ၊ ကမ္မဘဝေါ၊ ကမ္မဘဝပစ္စယာ ဇာတိ၊ ဇာတိဆိုတော့ အပါယ်ဇာတိ လာပစ်လိုက်တာဘဲ (မှန်ပါ့ဘုရား)။

သေယင် အပါယ်ဇာတိလာတယ်....(မှန်ပါ့) ဇာတိ လာပြီးလို့ရှိယင် ဇရာမရဏ ဒုက္ခသစ္စာကြီးဟာ ဦးသံဒိုင်.... ပြေးလို့လွှတ်ပါ့မလား.... (မလွှတ်ပါဘုရား)။

မျက်လုံးပေါက်က ပဋိစ္စသမုပ္ပါဒ်တန်းသွားပြီ(မှန်ပါ့) မြေဆွဲရာ ပါသွားလို့ အရှုပ်ထဲ ရောက်သွားလို့ အပါယ်ပါ ရောက်သွားပြီဆိုတာ သဘောကျကြပလား.... (ကျပါပြီဘုရား)။

ဟိုက ဥပမာ- တကယ့်ဖြစ်စဉ်က အခုပြောတဲ့ ပါဠိတော်လို မှတ်လိုက်ပါ.... (မှန်ပါဘုရား) စက္ခုံစ ပဋ္ဌိစ္စမုပေစ(ပေယျာလ) ကမ္မဘဝေါ ကာယကံ ဝစီကံတွေလဲ လုပ်ကြမှာဘဲနော် .... (မှန်ပါ)။

ကမ္မဘဝပစ္စယာ ဇာတိ၊ ဇာတိဆိုတာ ဒီမျက်လုံးပေါက်က ဆဲလို့ သွားတဲ့ ဇာတိဟာ အပါယ်ဇာတိမှတပါး ဒီ့ပြင် ဇာတိကို မောင်သစ် ရွေးလို့ရပါ့မလား.... (မရပါဘုရား)မရဘူး။

အဲဒီတော့ ကျုပ်ဇာတိ ရှာချေဦးမယ်ဆိုပြီး သွားဘို့ကောင်းတယ်.... (မှန်ပါဘုရား) အပါယ်ဇာတိ ကျုပ် ရှာချေဦးမယ်၊ ကျုပ် အပါယ်ကျရတာ-ပြန်လာတာ မကြာသေးဘူး၊ ပြန်သွားရအောင်တော့ ကျုပ်လုပ်ဦးမှာဘဲဆိုတဲ့ အဓိပ္ပါယ်ဟာ ဒါဆရာက မပြောလဲ ဓမ္မက ဖြစ်နေတာဘဲ.... (မှန်ပါ့) ဆရာက ပြောတယ်ဆိုတာ ဖေါ်ပြောတယ်လို့ မှတ်လိုက်စမ်းပါ.... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ)။

ဒါဖြင့် မြေဆဲရာပါလဲ အပါယ်ရောက်မှာဘဲ.... (မှန်ပါ့) ဒီကနေပြီး နားကလဲ ကိုးသံ မှုတ်သံ သီးချင်းသံကြားပြန်တယ် ဆိုလို့ရှိယင် နားပေါက်က ပဋိစ္စသမုပ္ပါဒ်ကလဲ ဦးသံဒိုင် လာမလာ....(လာပါတယ်ဘုရား)။

လာရမှာဘဲ၊ 'သောတဉ္စ ပဋိစ္စ သဒ္ဒေစ ဥပ္ပဇ္ဇတိ သောတဝိညာဏံ' ဆိုတဲ့ ကြားစိတ်ကလေး ပေါ်မှာဘဲ၊ သုံးခုပေါင်း မိတော့ဖဿ၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာ ပစ္စယာ တဏှာ

တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ကမ္မဘဝေါ၊ ဇာတိ ဒါကမိကျောင်းဆဲရာပါတာ၊ သဘောကျပလား....(ကျပါပြီ)။

ဒါဖြင့် ဒုါရခြောက်ပေါက်မှာ ပဋိစ္စသမုပ္ပါဒ် ဘယ်နှစ်မျိုး လာနိုင်သတုံး.... (ခြောက်မျိုးလာနိုင်ပါတယ်)ခြောက်မျိုး လာနိုင်တယ်....တဲ့။

ဒါဖြင့် ဘုန်းကြီးတို့ တကာ တကာမတွေမှာ သူတို့ဆဲရာသာ ပါနေကြလို့ရှိယင်ဖြင့် အပါယ်ငရဲက တက်ဘို့ အကြောင်းမြင်ကြသေးရဲ့လား....(မမြင်ပါဘုရား)။

ဘာဖြစ်လို့တုံး- ဆဲရာပါလို့.... (မှန်ပါ့ ဆဲရာပါလို့ပါ) မြေဆဲရာပါလို့က်၊ မိကျောင်းဆဲရာ....(ပါ-ပါတယ်) ပါလို့က်တဲ့ ငှက်ဆဲရာကော.... (ပါ-ပါတယ်)။

ပါသွားတာဘဲတဲ့၊ ငှက်ကလဲ ကောင်းကင် ဆဲသွားတယ်ဆို တာဘဲ၊ သူကလဲ ဃာနဥ္စ ပဋိစ္စ ဂန္ဓေစ ဥပဇ္ဇာတိ ဃာနဝိညာဏံ တိဏ္ဏံ သင်္ဂတိ ဖဿော နဲ့ သွားလေ.... ကမ္မဘဝပစ္စယာ ဇာတိ.....(မှန်ပါ့)။

ဒါဖြင့် ခင်ဗျားတို့သန္တာန်မှာရှိတဲ့ ဒုါရခြောက်ပေါက်ဆိုတဲ့ သားကောင်ခြောက်ကောင်ဟာ တကာတကာမတွေက မနိုင်ဘဲနဲ့ သူတို့က နိုင်လို့ရှိယင်ဖြင့် အပါယ်မှာနေ အပါယ်မှာသေဆိုတဲ့ အဓိပ္ပါယ် ရှင်းသွားတယ်.... (မှန်ပါ့ဘုရား) ဘယ်မှ ရှေ့စရာ ပြောင်းစရာရှိသေးရဲ့လား.... (မရှိပါဘုရား)။

ဒီ....ပဋိစ္စသမုပ္ပါဒ်ဟာ ဘုရားသခင် ကိုယ်တော်မြတ်ကြီးလဲ ငါ-ပဋိစ္စသမုပ္ပါဒ်ဖြတ်လို့ ဘုရားလာဖြစ်တာ၊ တကာတကာမတွေ

ကလဲ ပဋိစ္စသမုပ္ပါဒ် ဆက်လို့ ဒုက္ခရောက်တယ်လို့ ပြောင်းပြန်မှတ်ရမယ်....(မှန်ပါ့ဘုရား)။

ပဋိစ္စသမုပ္ပါဒ်ဆက်ယင်.... (ဒုက္ခရောက်ပါတယ်ဘုရား) ဒုက္ခရောက်မှာဘဲ၊ ပဋိစ္စသမုပ္ပါဒ်ပြတ်ယင် နိဗ္ဗာန်ရောက်မှာဘဲ.... (မှန်ပါ့) ဒုက္ခပိတ်မှာဘဲ.... (မှန်ပါ့) ပေါ်ပြီနော်.... (ပေါ်ပါပြီ)။

ဒါဖြင့် ဒီတကာ-တကာမတွေသည် သုဂတိတောင်မှမြင်သေးရဲ့လားမေးယင် ဘယ်နှယ်ဖြေကြမလဲ.... (မမြင်ပါဘုရား)။ မမြင်ဘူး၊ သုဂတိတောင် မမြင်တော့ဘူး၊ ဒုဂ္ဂတိချည်းသွားတယ်....(မှန်ပါ့ဘုရား) ဒုဂ္ဂတိဆိုတာ အပါယ်လေးပါးချည်းမှတ်ပါ....(မှန်ပါ့)။

ဘာ့ကြောင့်တုံး ဆိုလို့ရှိယင်ဖြင့် ကိုယ်မှေးထားတဲ့ သားကောင်ခြောက်ကောင် ကိုယ်မနိုင်လို့ မှတ်ပါ.... (မှန်ပါ့) ကိုယ့်သန္ဓာန်ရှိတဲ့ သားကောင် ခြောက်ကောင်ကို....(ကိုယ်မနိုင်လို့ပါဘုရား)။

ကိုယ်မနိုင်တော့ အင်း....ဟင်၊ ကိုယ့်သန္ဓာန်မှာလဲ ပေါ်လာသေးတယ်၊ သူတို့ကလဲ အနိုင်ယူပြီးသကာလ ဒီတကာ-တကာမတွေကို ဆဲရေးပါရသေးတယ် ဆိုလို့ရှိယင်ဖြင့်- တဲ့၊ မြတ်စွာဘုရား သခင်ကိုယ်တော်မြတ်ကြီးက လူတသိန်းသေလို့ သုဂတိတယောက် မရောက်ဘူး—ကွ ဆိုတာ....ဦးသံဒိုင် စကားကြီးသလား၊ မှန်သလား....(မှန်ပါတယ်ဘုရား)။

စကားမကြီးပါဘူး.... (မကြီးပါဘုရား) စကားမကြီးပါဘူး—တဲ့၊ ဖြစ်စဉ်နဲ့ ကိုက်ကြည့်ပါ....(မှန်ပါ့ဘုရား)။

အဲဒီတော့ ဒီ ပဋိစ္စသမုပ္ပါဒ် မပြတ်တော့ဘူး၊ တပည့်တော်ဖြင့် မပြတ်တော့ဘူး ဆိုလို၌ယင်ဖြင့် အပါယ်သံသရာကြီးဟာ ကိုယ့်သံသရာမှတ်ပါ....(မှန်ပါ့ဘုရား)။

အပါယ်လေးပါးဟာ.... (ကိုယ့်သံသရာပါဘုရား) ကိုယ့်သံသရာ ကိုယ့်နေရာဌာန ဆိုပြီးသကာလ သေသေချာချာသာ မှတ်ပါတော့ ဆိုတဲ့ဥစ္စာ တဏှာ ဥပါဒါန် ကံ လာတယ်ဆိုကတည်းက မောင်သစ်တို့ ဦးသံဒိုင်တို့က အကျိုးမပေးပါနဲ့ ဆိုလို့မရပါဘူး.... (မရပါဘုရား) မရဘူးနော်၊ သဘောကျကြပလား....(ကျပါတယ်ဘုရား)။

အဲဒီတော့ ခဏတဖြုတ်သွားလိုက်ဦးမယ်၊ တကာ-တကာမတွေက စကားယဉ်တော့ သုံးနေတယ်....(မှန်ပါ့) ခဏတဖြုတ် လမ်းကလေး သွားလျှောက်လိုက်ဦးမယ်၊ ဘာကလေး ညာကလေး ကြွည့်ရ ကြည်ညိုရအောင်။

သူတို့ကြည်ညိုတာကလဲ ဒီဥစ္စာတဏှာဖြစ်လာတာ....(မှန်ပါ့) တဏှာဖြစ်လာတာတဲ့ ကြည်ညိုတာမဟုတ်ပါဘူး.... (မှန်ပါ့)။

ကြည်ညိုတာ မဟုတ်ပါဘူး-တဲ့၊ တဏှာက အရှုပ်ကြိုက်လို့ မျက်လုံးက အရှုပ်ကြိုက်လို့ အရှုပ်တွေ သွားကြည့်တာ.... (မှန်ပါ့ဘုရား) ရှင်းပလား....(ရှင်းပါပြီ)။

ဒါဖြင့် သားကောင်ခြောက်ကောင် ကျောင်းတဲ့လူက ဘယ်နှစ်ယောက်တုံး....(တယောက်တည်းပါဘုရား)။

တယောက်တည်းဆိုလို့ရှိယင် ခင်ဗျားတို့ သန်ရာဆဲသွားလိမ့်မယ်၊ သန်ရာဆဲဆိုတာ မြေကသန်ယင် မြေကဆဲမယ်.....

(မှန်ပါ့)မိကျောင်းကသန်ယင်.... (မိကျောင်းကဆဲ့ပါမယ်) ဌက် က သန်ယင်.... (ဌက်ကဆဲ့ပါမယ်) အိမ်ခွေးကသန်ယင်....(အိမ် ခွေး ကဆဲ့ပါမယ်) တောခွေးကသန်ယင်.... (တောခွေးကဆဲ့ပါ မယ်)မျောက်ကသန်ယင်....(မျောက်ကဆဲ့ပါမယ်) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

အဲဒီတော့ ခင်ဗျားတို့မှာ နေစရာမမြဲ၊ သေစရာမမြဲ ယခု ပစ္စုပ္ပန်မှာနေရတယ်....(မှန်ပါ့ဘုရား)။

နောက်ဘဝဆုံးသွားတဲ့အခါ ဒီဘဝမှ စုတိမနေ သေလွန်တဲ့ အခါကျတော့ကို အပါယ်လေးပါးမှာတော့ အမြဲနေရမယ် ဆိုတဲ့ဥစ္စာ ဘာဖြစ်လို့ နေရတာတုံးလို့ မေးလို့ ရှိယင်ဖြင့် သားကောင်ခြောက်ကောင် မထိန်းနိုင်လို့.... (မှန်ပါ့ဘုရား) ပေါ်ကြပလား.... (ပေါ်ပါပြီ) ဘာဖြစ်လို့ အပါယ်လေးပါး ရောက်ကြရသလဲ.... (သားကောင်ခြောက်ကောင် မထိန်းနိုင်လို့ ပါဘုရား)။

မထိန်းတတ်ဘူး—တဲ့၊ ထိန်းတတ်လို့ရှိယင်လဲ ဒီကောင်တွေ ဟာ ခင်ဗျားတို့၏.... ကျေးဇူးမျှားမှုကိုရွက်ဆောင်နိုင်ပါတယ်.... (မှန်ပါ့)။

အခုတော့ မထိန်းတတ်ဘူးဆိုကတည်းက သူတို့သန်ရာဆဲ့ သွားတော့ကို ခင်ဗျားထို့မှာဖြင့် မြေကဆဲ့ယင် ရှုပ်တဲ့အထဲမှာ သေရမယ်၊ မိကျောင်းကဆဲ့ယင် ရေထဲမှာသေရမယ်၊ ဌက်ကဆဲ့ ယင် ကောင်းကင်သေရမယ်၊ အိမ်ခွေးကဆဲ့ယင် မီးဖို့ချောင် သေရမယ်....၊တောခွေးကဆဲ့ယင်ဖြင့် သုသာန်မှာသေရမယ်၊တော

ထဲမှာသေရမယ်၊ မျောက်ကဆွဲယင် သစ်ပင်ခွကြားသေရမယ်၊ မနောဒွါရကမျောက်နဲ့ တူတယ်ဆိုတာကိုး ဘုရား၊က.... (မှန်ပါ့ဘုရား) ရှင်းပလား....(ရှင်းပါပြီ)။

အဲဒီတော့ ဒီလိုလုပ်ရမယ်-တဲ့၊ ခင်ဗျားတို့ ဒီဟာကို ချည်တိုင်မြဲမြဲစိုက်ရမယ်၊ ချည်တိုင်မြဲမြဲစိုက်နိုင်လို့ရှိယင် ခင်ဗျားတို့ ဘယ်လိုဘဲဆွဲဆွဲ ကြာတော့ တိုင်ခြေလာဝပ်ကြမှာဘဲ....(မှန်ပါ့) ချည်တိုင် မြဲမြဲစိုက်နိုင်လို့ရှိယင်.... (ချည်တိုင်လာဝပ်မှာပါဘဲဘုရား)။

ဒါဖြင့် သားကောင်ခြောက်ကောင် အကုန်ချည်၊ ချည်ပြီးအလည်က ထုံးပြီးသကာလ ငုတ်ကြီးကြီး စိုက်ပြီးသကာလ တကာတကာမတွေ့ ဖမ်းနိုင်ကြလို့ရှိယင် ဖြင့်....တဲ့ သားကောင်ဆွဲရာကို ခန္ဓာက မလိုက်တော့ဘူး....(မှန်ပါ့)ကျောင်းတဲ့ ပုဂ္ဂိုလ်၏ခြေရင်းမှာဘဲ မောတာနဲ့ လာဝပ်ကြရမယ်....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီ)။

ဒါဖြင့် ဘာလုပ်ရမတုံးလို့ မေးလို့ရှိယင်ဖြင့်-တဲ့၊ သမာဓိတည်းဟူသော တည်ကြည်မှုကိုလုပ်ပါ၊ဝိပဿနာလုပ်မယ်ကြံယင် သမာဓိ တည်ကြည်မှုကို တခါတည်း တည်တည်တံ့တံ့လုပ်ပါ.... (မှန်ပါ့) တည်တည်တန့်တန့်လုပ်ပါဆိုတော့ ဘာလုပ်ရမှာတုံး-မေးလို့ရှိယင် တခုသော အာရုံကို စူးစူးစိုက်စိုက် ကြည့်ယင် သမာဓိဖြစ်တယ်....(မှန်ပါ့) စျာန ပစ္စယောဆိုတာ သမာဓိကို ဟောတာ.... (မှန်ပါ့) စျာနပစ္စယောဆိုတာ....(သမာဓိကို ဟောတာပါ)။

သမာဓိကို ဟောတာတဲ့၊ တခုသော အာရုံကို စိုက်ထား၊ ဒီအာရုံမှ ဘယ်မှ မသွားတော့ဘူး၊စိတ်ကို ဒီနေရာမှာဘဲ ထားနိုင်တယ်ဆိုလို့ရှိယင်ဖြင့်....တဲ့ ဒါ စျာနပစ္စယော ဖြစ်ပါတယ်.... (မှန်ပါ့ဘုရား)။

စျာနပစ္စယော=အာရုံတခုကို စိုက်၍ ရှုတတ်သော သဘော သည်လည်းကောင်း၊ ဒါ-ဘာပစ္စည်းတဲ့တုံး....(စျာန ပစ္စည်းပါ-ဘုရား) စျာနပစ္စည်းလို့မှတ်ထားကြပါ....(မှန်ပါ့)။

အဲဒါကြောင့် စျာန်ဆိုတာသည် တကာတကာမတို့ မြဲမြဲစဲ့စဲ့ စိုက်ထူထားနိုင်တာ စျာန်လို့ခေါ်ပါတယ်.... (မှန်ပါ့ဘုရား)။

မြဲမြဲစဲ့စဲ့ တခုတည်းသော အာရုံကို ကိုယ့်စိတ်ကို မပြေးရအောင် ထားတာ ဘာခေါ်ကြမယ်....(စျာန်လို့ ခေါ်ပါတယ်-ဘုရား) စျာန်လို့ခေါ်တယ်တဲ့။

အဲဒီတော့အာနာပါနလုပ်တဲ့ပုဂ္ဂိုလ်ကလဲ ကဲကဲ့သ သတိတည်းဟူသော ကြိုးနဲ့ ရိုင်းစိုင်းတဲ့ သားကောင် ခြောက်ကောင် တည်းဟူသော စိတ်ကို ထုတ်သက်ဝင်သက် ချည်တိုင် ချည်ထားမယ် သတိ တည်းဟူသော ကြိုးနဲ့ ရိုင်းစိုင်းတဲ့ သားကောင်-ခြောက်ကောင်နဲ့ တူတဲ့စိတ်ကို ထုတ်သက် ဝင်သက် ချည်တိုင်ဥ် ချည်ထားမယ် ဆိုလို့ရှိယင် ဒီ သားကောင် ဒီ စိတ်ဟာ-ရိုင်းစိုင်းတဲ့ သားကောင် ခြောက်ကောင်ဟာ မပြေးပါဘူး.... (မပြေးပါဘုရား) သဘောကျပလား....(ကျပါပြီ)။

ဒါကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် အာနာ-ပါနကို ဟောတာ ဦးသံဒိုင်ရ၊ ဟောသင့်-မဟောသင့်....(ဟော-

သင့်ပါတယ်ဘုရား) ဟောသင့်တယ် ဆိုတာ သဘောပါကြ-
ပလား....(ပါ-ပါပြီဘုရား)။

ကောင်းပြီ ဒါဘာဖြစ်လို့တုံးဆိုတော့ ဆဲရာမပါအောင်လို့
ဟောရှာတာ....(မှန်ပါ့ဘုရား)။

ဆဲရာမပါအောင်လို့ ဟောတော့ တကာ တကာမတွေ ဆဲ
ရာပါယင် သေခြင်းဆိုးနဲ့ နေခြင်းဆိုးလို့ ဆရာဘုန်းကြီးတနေ့
ကဟောထားတယ်..(မှန်ပါ့ဘုရား) ဆဲရာပါယင်.... (သေခြင်း-
ဆိုးနဲ့ နေခြင်းဆိုးပါဘုရား) အနေမှာလဲ ခင်ဗျားတို့ ဟိုရောက်
ဒီရောက် ကြနဲ့၊ သဘောကျပလား....(ကျပါပြီ) အသေမှာလဲ
ကျုန်းသေရမလား- ရေသေရမလား- ကောင်းကင် သေရမလား
မသိဘူး....(မှန်ပါ့)။

သားကောင် ခြောက်ကောင် ဆဲရာကို သန်ရာက ဆဲပြီး
ခင်ဗျားတို့ အငြိမ်နေခွင့် မပေးတာလဲ သားကောင် ခြောက်—
ကောင်၏ စွမ်းရည်သတ္တိလို့ မှတ်လိုက်စမ်းပါ.... (မှန်ပါ့-
ဘုရား)။

အသေ နေရာမမြဲတာလဲ သားကောင် ခြောက်ကောင်တို့၏
ဆဲရာကို ပါနေလို့ ဆိုတဲ့ အဓိပ္ပါယ် မှတ်ပါ.... (မှန်ပါ့ဘုရား)
ရှင်းပြီနော်....(ရှင်းပါပြီ)။

အဲဒီတော့ ခင်ဗျားတို့ ခန္ဓာကိုယ်ကြီး ရထားတဲ့ ဥစ္စာ သား
ကောင် ခြောက်ကောင် ကျောင်းဘို့ရာဆိုတာ မကျောင်းတတ်လို့
ရှိယင်လဲ အနေဆိုး အသေဆိုးဘဲ.... (မှန်ပါ့ဘုရား)ကျောင်းတတ်

လို့ရှိယင်လဲ တိုင်ခြေ လာဝပ်မယ်....(မှန်ပါ့) ရှင်းပြီနော်.... (ရှင်းပါပြီ)။

မကျောင်းဘတ်လို့ရှိယင်၊ (အနေဆိုး အသေခံသိုးဖြစ်ပါမယ်) ကျောင်းတတ်လို့ရှိယင်.... (တိုင်ခြေလာဝပ်မယ်) ကျောင်းတတ်လို့ရှိယင် ဘာဖြစ်ကြမယ် ထင်ကြသလဲ.. (တိုင်ခြေလာဝပ်ပါမယ်)တိုင်ခြေလာဝပ်မယ်ဆိုတာသဘောပါပလား၊ (ပါပါပြီ)။

ကောင်းပြီ ဒါဖြင့် ဘုန်းကြီးတို့ တကာ တကာမတွေ့ တိုင်ခြေဝပ်တဲ့ နည်းကို ပြောမယ်....(မှန်ပါ့ဘုရား)။

တိုင်ခြေဝပ်တဲ့ နည်းဆိုတာက ဥပမာမယ် ဒီဟာကျတော့ ဦးသံဒိုင်က စိတ္တာနုပဿနာ အကောင်းဆုံးပြောမယ်... (မှန်ပါ့ဘုရား)။

စိတ္တာနုပဿနာဟာ ...(အကောင်းဆုံးပါ) အကောင်းဆုံးဘဲ ပဋိစ္စသမုပ္ပါဒ် စမည့် "စက္ခုံစ ပဋိစ္စ ရူပေစ ဥပဇ္ဇတိ စက္ခုဝိညာဏံ" ဆိုသဖြင့်မြင်စိတ်ကဆဲ့မှာဘဲ(မှန်ပါဘုရား)မြင်စိတ်က စလို့ရှိယင်ဖြင့် ပဋိစ္စသမုပ္ပါဒ်အလည်က စ မလို့၊ အလည်က ဖေါက်ပြီး စမလို့ ပဋိစ္စသမုပ္ပါဒ်ကို့....(မှန်ပါ့)။

အဲဒီ အစကို ကျုပ်တို့က ဝိပဿနာဉာဏ်နဲ့ ချခေပးရတယ်.... (မှန်ပါဘုရား) မြင်တဲ့စိတ်ကို ဘာဘဲ မြင်မြင်၊ မြင်တဲ့ စိတ်ကို ကျုပ်တို့က ဝိပဿနာ ရှုရှု ပေး....(မှန်ပါ့)။

ကျုပ်တို့က ရှုလိုက်တဲ့အခါကျတော့ မြင်စိတ်က ဖြစ်ပျက်၊ သူ့နောက်က မဂ်ဆိုသဖြင့်တဲ့ ဖဿပစ္စယာ ဝေဒနာ ထိအောင်တော့ လာပါသေးတယ်....(မှန်ပါ့)။

ဘာ့ကြောင့် ဝေဒနာထိအောင် လာသတုံးလို့ မေးလို့ရှိယင် ဖြင့် ဒါ သဘောကလေးလဲနည်းနည်း မှတ်လိုက် တာပေါ့.... (မှန်ပါ့) မြင်တယ်၊တွေ့ထိတယ်ဆိုတဲ့ ဖဿနဲ့ ခံစားတယ်ဆိုတဲ့— ဝေဒနာ ကတော့ မောင်သစ်တို့မှတ်၊ ဦးသံဒိုင်တို့မှတ် တပြိုင်နက် ပေါ်တယ်....(မှန်ပါ့ဘုရား) သဘောကျပလား.... (ကျပါပြီ)။

မြင်တဲ့စိတ်ရယ် တွေ့ထိတဲ့ ဖဿရယ်ခံစားတဲ့ ဝေဒနာရယ်က တော့....(တပြိုင်နက်ပေါ်ပါတယ်ဘုရား)။

တပြိုင်နက် ပေါ်တယ်၊ အဲဒီ ဝေဒနာ နောက်က နေပြီး သကာလ တဏှာ မလိုက်အောင် လုပ်နိုင်တဲ့ ပုဂ္ဂိုလ်ဟာ....တဲ့ တိုင်ခြေ-ကိုယ့်သန္တာန်မှာ မြင်စိတ်ကလေး မြေ့ကဆဲ့ပြီ၊ ဆဲ့ပင် ဆဲ့ငြားသော်လဲ သူ့ကိုဘဲကျုပ်တို့က မင်းအနိစ္စဘဲ၊ မင်းအနိစ္စဘဲ မြင်စိတ် အနိစ္စဘဲဆိုတော့ ဝေဒနာ့ နောက်က-မဂ္ဂက လိုက်ပြီး သကာလ နေတော့ မင်္ဂနဲ့-ဖြတ်လိုက်တဲ့အတွက် မြင်ကာမျှ မတ္တာ သဉ်းဖြစ်တယ်....(မှန်ပါ့ဘုရား) ရှင်းပြီနော်....(ရှင်းပါပြီ)။

ဘာဖြစ်သဉ်းသလဲ....(မြင်ကာမျှ မတ္တာဖြစ်သဉ်းပါတယ်) မြင်ကာမျှ မတ္တာဖြစ်သဉ်းတော့ကိုတဲ့ တကာ တကာမတွေက မှတ်ရာမှာက မြင်လို့စဲ့လမ်းတဲ့ တဏှာ မလာဘူး.... (မှန်ပါ့) မြင်လို့ ခင်တာမလာဘူး၊ မြင်လို့စဲ့လမ်းတာမလာဘူး.... (မှန်ပါ့) မြင်လို့ အားထုတ်မယ်ဆိုတဲ့ ကံကော....(မလာပါဘုရား)။

အဲဒါ ဘာဖြစ်လို့တုံးဆိုတော့ တိုင်ခြေအဝပ်ခိုင်းလို့ရတာ.... (မှန်ပါ့) ကဲ မင်းဆဲ့ရာ မလိုက်ဘူးဆိုပြီး သကာလ သူ့ကို မနောဒ္ဒါရ တည်းဟူသော တိုင်ခြေမှာ မင်းနေရမယ်....(မှန်ပါ့) ဝိပဿနာကို မနော ဒ္ဒါရနဲ့ ရှုရမှာကိုး....(မှန်ပါ့)။

ဝိပဿနာကို မနောဒွါရနဲ့ ရှုလိုက်တော့ မနောဒွါရ တိုင်ခြေမှာ သူလာပြီး ဝပ်တာဘဲ.... (မှန်ပါ့) သဘော ပါပလား.... (ပါ-ပါပြီ)။

ဒါဖြင့် မြင်စိတ် ဖြစ်ပျက်ရှုလို့ရှိယင်ဖြင့် တဏှာ လိုက် မလိုက် (မလိုက်ပါဘုရား) သဘောကျပလား.... (ကျပါပြီ)။

ဒါဖြင့် တဏှာချုပ်ဥပါဒါန်ချုပ်၊ကံချုပ်ဆိုလို့ရှိယင်ဖြင့်....တဲ့ခင်ဗျားတို့သားကောင်သည် ခင်ဗျားတို့က တိုင်ခြေမှာ အဝပ်ခိုင်းနိုင်တဲ့ သတ္တိကြောင့် ခင်ဗျားတို့ကို အနေဆိုးလဲ မပေးတော့ဘူး.... (မှန်ပါ့ဘုရား) အသေဆိုးလဲ....(မပေးပါဘုရား)။

ဘာဖြစ်လို့တုံး....တိုင်ခြေမှာ သူ့ဖမ်းတယ်....(မှန်ပါ့) မနောဒွါရ တိုင်ခြေလို့ မှတ်လိုက်စမ်းပါ.... (မှန်ပါ့ဘုရား)။

ဘယ်လိုမှတ်ကြမယ်.... (မနောဒွါရတိုင်ခြေမှာဖမ်းပါတယ်) မနောဒွါရ အောက်မှာ သူ့ကို ရောက်အောင် လုပ်ပေးရမယ်၊ (မှန်ပါ့)ရှင်းပလား(ရှင်းပါပြီ) ဘယ်ရောက်အောင်လုပ်ရမလဲ.... (မနောဒွါရအောက် ရောက်အောင်လုပ်ရပါမယ်)။

မနောဒွါရဆိုတာ ဝိပဿနာ ဉာဏ်က မနောဒွါရ မှာသာ ဖြစ်တာကိုး.... (မှန်ပါ့ဘုရား) ဒီ့ပြင် ဒွါရမှာ မဖြစ်ဘူး.... (မှန်ပါ့ဘုရား)။

အဲဒီ မနောနဲ့ တခါတည်း မြင်တယ်ဆိုသဖြင့် ဘာဘဲ မြင် မြင်၊ မြင်စိတ် ဖြစ်ပျက်ရှုပါ.... (မှန်ပါ့) မြင်စိတ် ဖြစ်ပျက်ရှုဆိုတော့ မနောဒွါရတည်းဟူသော တိုင်ခြေမှာ သူဟာ ဝပ်နေတဲ့အဓိပ္ပါယ်ရောက်တယ်.... (မှန်ပါ့ဘုရား) သူဆဲ့ရာ တကာ တကာ မတွေ့က ပါသေးရဲ့လား.... (မပါ-ပါဘုရား)။

ဒါဖြင့် မြေကိုနှိုင်ပြီ၊ မြေကိုနှိုင်ပြီ၊ တိုင်ခြေမှာ ကြိုးခြောက် ခချောင်းနဲ့ စုချည်ပြီး၊ စုထုံးပြီး ငုတ်စိုက်ပြီးသကာလ ထားတဲ့ အတွက် သားကောင် ခြောက်ကောင်နဲ့တူတဲ့ စက္ခု သောတ ဃာန၊ ဇိဝှာ ကာယ မန၊ ဒီမနတွေသည် တကာ တကာမတွေ၏ သန္တာန်၌ ဝိပဿနာအရှုခံ လာဖြစ်ရတယ်.... (မှန်ပါ့) ရှင်းပ လား.... (ရှင်းပါပြီ)။

ဘာလာဖြစ်ရသလဲ.... (ဝိပဿနာ အရှုခံလာဖြစ်ရပါတယ်) ဝိပဿနာအရှုခံ လာဖြစ်ရတဲ့အတွက်....တဲ့၊ သူတို့နဲ့ သူ့ရှစရာ မရှိယင်လဲ ပဋိစ္စသမုပ္ပါဒ်မပြတ်ဘူး....(မှန်ပါဘုရား) သူ့ရှစရာ ရှိမှလဲ ပဋိစ္စသမုပ္ပါဒ်ကလဲပြတ်တယ် (မှန်ပါဘုရား)ပဋိစ္စသမုပ္ပါဒ် ပြတ်ယင် နိဗ္ဗာန်ဘဲ....(မှန်ပါ့)။

ဒါကြောင့် နေ့လည်ကဟောတယ်၊ ရာဂကွယော ဖြစ်သွား တာဘဲ....း(မှန်ပါ့) ရာဂကွယော ဖြစ်သွားတယ် ဆိုယင်ဖြင့် ဒေါသကွယောလဲ ဖြစ်ပါတယ်.... (မှန်ပါ့) မောဟကွ ယောကော.... (ဖြစ်ပါတယ်ဘုရား) ရာဂလဲကုန် ဒေါသလဲ ကုန် မောဟလဲကုန်အဲဒါ ဘာခေါ်ကြမလဲ....(နိဗ္ဗာန်ပါဘုရား) နိဗ္ဗာန်လို့ နေ့လည်က ဟောခဲ့တယ်....(မှန်ပါဘုရား)။

ဩော်....ဒါဖြင့် ပဋိစ္စသမုပ္ပါဒ်ပြတ်တာကို နိဗ္ဗာန်လို့ ခေါ် တာကိုး.... (မှန်ပါ့) ပဋိစ္စသမုပ္ပါဒ်နဲ့ နိဗ္ဗာန်နဲ့ ဟပ်ကြည့်တော့ ဦးသံဒိုင် ပေါ်မလာဘူးလား....(ပေါ်လာပါတယ်ဘုရား)။

သူပြတ်တာ ဘာခေါ်မယ်.... (နိဗ္ဗာန်ခေါ်ပါတယ်ဘုရား) သူပြတ်တာ နိဗ္ဗာန်လို့ဆိုတော့ ဩော်....နိဗ္ဗာန်ဆိုတာ တခြား လားမှတ်နေတယ်၊ နေ့လည်ကပြောသလိုပေါ့လေ....အင်း.... ဟင်

၂-ကနေ ၃-မကူးတာဟာနိဗ္ဗာန်ဘဲ.... (မှန်ပါ့ဘုရား) {စက်ဝိုင်းကြည့်ပါ} ၂-ကနေ ၃-မကူးတာ.... (နိဗ္ဗာန်ပါဘုရား)ရှင်းပလား (ရှင်းပါပြီ)။

နိဗ္ဗာန်ဆိုတာဘာတုံး အောက်မေ့နေတယ်၊ ရာဂ ဒေါသ မောဟကုန်တာကို နိဗ္ဗာန်ခေါ်တယ်.... (မှန်ပါ့ဘုရား) ဘယ်နှယ်ကြောင့် နိဗ္ဗာန်မှာ ရာဂ ဒေါသ မောဟ ကုန်ပါလိမ့်မတုံးလို့ မေးတဲ့အခါကျတော့.... မြင်စိတ်ကဖြစ်ပျက်၊ မြင်စိတ် ဖဿ ဝေဒနာ တပြိုင်နက်ပေါ်တယ်၊ ဝေဒနာ့ နောက်ကရှုတာက မဂ်ဖြစ်ပြီးသကာလ မဂ်ကနေပြီး ရာဂဖြတ်ချလိုက်တယ်.... (မှန်ပါ့) ရာဂ ဖြတ်ချလိုက်တော့ သူနဲ့ သဟဇာတဖြစ်တဲ့ မောဟကလဲ ပြတ်တယ်.... (ပြတ်ပါတယ်)။

သူရှိမှ အခုကောင်းတာဟာ နောက်မကောင်းတဲ့ ဒေါသ ဖြစ်မည့်ဥစ္စာလဲပြတ်တယ်.... (မှန်ပါ့ဘုရား) မပြတ်ဘူးလား ... (ပြတ်ပါတယ်ဘုရား)။

ဒါဖြင့် ဒီ-တကာ တကာမတွေသည် မြင်စိတ်ဖြစ်ပျက်ရှုပါ စက္ခုဝိညာဏံ အနိစ္စံ–ဆိုတဲ့ ပါဋ္ဌိတော်ဟာ မြွေဆွဲရာ မပါ အောင်လို့ ဟောတဲ့အဓိပ္ပါယ်ဘဲဆိုတာ ယနေ့ညရှင်းသွားလိမ့်မယ်.... (မှန်ပါ့ဘုရား)။

ဒါဖြင့် မြင်တယ်ဆိုယင် မြင်စိတ်ဘာလုပ်ကြမယ်....(ဖြစ်ပျက်ရှုရပါမယ်) ဖြစ်ပျက် ရှုလိုက်တဲ့အတွက် စိတ်တွင် ဖြစ်ပျက်ဖြစ်သွားသလား ဆိုတော့ သူနဲ့ သဟဇာတဖြစ်တဲ့ နာမက္ခန္ဓာ လေးပါးလုံး ဝေဒနာရော၊ သညာရော၊ ဖဿရော၊ ဦးသံဒိုင်....

ဘာဖြစ်သွားသတုံး.... (ဖြစ်ပျက် ဖြစ်သွားပါတယ်) အကုန် ဖြစ်ပျက်ဖြစ်သွားတယ်.... (မှန်ပါ့) နဂိုရှိက တွဲဖြစ်တာကိုး.... (မှန်ပါ့)။

တွဲဖြစ်တော့ အားလုံးသည်ကားလို့ဆိုယင် အနိစ္စချည်းသွား ဖြစ်တယ်....(မှန်ပါ့) သဘောကျပလား (ကျပါပြီ) အဲဒီ့အနိစ္စ ချည်း သွားဖြစ်ပြီးသကာလ နေတော့ အနိစ္စနောက်က နေပြီး သကာလ ဖြစ်ပျက်ရှုတဲ့မင်္ဂက လိုက်ပြီးသကာလ လာပြန်တော့ ဒီမင်္ဂ ဘာဖြစ်သတုံးလို့မေးတဲ့အခါ ဒီမင်္ဂက နောက် တဏှာ ဝတ္ထုကိုမကြိုက်၊ ဥပါဒါန်ကိုမဖြစ်စေ၊ ကံကို မဖြစ်စေဆိုတော့ တဏှာရော ဥပါဒါန်ရော ကံရော ဖြတ်ပစ်လိုက်တယ်.... (မှန်ပါ့ ဘုရား) သဘောပါကြပလား (ပါ-ပါပြီ)ဘာဖြတ်လိုက်ပါလိမ့် (တဏှာရော၊ ဥပါဒါန်ရော၊ ကံရောဖြတ်ပါတယ်)။

ဒါဖြင့် ခင်ဗျားတို့ကို အပါယ်ပို့မည့် တဏှာ၊ အပါယ်ပို့ မည့် ဥပါဒါန်၊ အပါယ်ပို့မည့်ကံတွေကို ခင်ဗျားတို့ မြင်စိတ် ဖြစ်ပျက်ရှုတဲ့မင်္ဂသည် တဏှာလဲဖြတ်တယ်၊ ဥပါဒါန်လဲဖြတ်တယ်၊ ကံလဲဖြတ်တယ်ဆိုတဲ့ အဓိပ္ပါယ်ရတယ်.... (မှန်ပါ့) မရဘူးလား (ရပါတယ်ဘုရား)။

အဲဒီတော့ ဒါ....တိုင်ခြေမှာ ဝပ်အောင် လုပ်နိုင်လို့ဘဲ.... (မှန်ပါ့ဘုရား) ဒီသားကောင်တွေကို .... (တိုင်ခြေမှာဝပ်အောင် လုပ်နိုင်လို့ပါ)။

မနောအောက်ကို အရောက်သွင်းပေးတယ် (မှန်ပါ့ဘုရား) မနောဒွါရ ဝိပဿနာဉာဏ်အောက်ကို အရောက်သွင်းပစ်လိုက်

တဲ့အတွက် သူက ဆဲမလို့စ-တာဘဲ (မှန်ပါ့) ဆဲမလို့ စ- တာကို ကျုပ်တို့က မောင်သစ်တို့ ဦးသံဒိုင်တို့က အစ- ဖြတ်ချလိုက်တယ် (မှန်ပါ့ဘုရား)။

ဘာဖြတ်လိုက်သလဲ.... (အစ- ဖြတ်ချလိုက်ပါတယ်) အဲ.... ပဋိစ္စသမုပ္ပါဒ်အစက ဖြတ်ချလိုက်တယ် (မှန်ပါ့) စကွဲဝိညာဏ် ကမ္မစပြီး မြင်စိတ်ကမ္မ စပြီးသကာလ မြင်တယ်၊ ခံစားတယ်၊ လိုချင်တယ်၊ စဲလမ်းတယ်၊ အားထုတ်မယ်ဆိုတဲ့ပဋိစ္စ သမုပ္ပါဒ် ကို အစဖြတ်ပစ်လိုက်တယ်.... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီ)။

ဒါဖြင့်"ယတောပစ္စယာနံ ခယံ အဝေဒီ"ယတော=အကြင် အခါမှ၊ ပစ္စယာနံ=အဝိဇ္ဇာစသော အကြောင်းတို့၏၊ ခယံ= ကုန်ရာဖြစ်သော နိဗ္ဗာန်ကို၊ အဝေဒီ= ငါသိပြီကုန်၊ ဖြစ်ကြောင်း ကုန်တာကို ငါသိပြီ....(မှန်ပါ့)သဘောကျပလား....(ကျပါပြီ)။

ဖြစ်ကြောင်းကုန်တာကို ငါသိပြီဆိုတော့ တကာ တကာမ တွေက အနည်းငယ် ရှုပ်ချင်ရှုပ်နေဦးမယ်၊ ဒီပဋိစ္စသမုပ္ပါဒ်မှာ အဝိဇ္ဇာကကို မစ-ဘူး....(မှန်ပါ့) မြင်စိတ်က စ-တယ် (မှန်ပါ့) အဲဒီဖြစ်ကြောင်းကိုသူသိတဲ့အတွက်တဲ့ အင်း....မျက်လုံးစိတ်ဆိုတဲ့ မြေကတော့ဖြင့် ဆဲတော့မှာဘဲ.... (မှန်ပါ့)။

အဆဲမခံဘူးက....ဆိုပြီးသကာလ သူ့ကို မင်းလာလို့ရှိယင် ငါ....သံသရာထဲနစ်မှမ်းတော့မယ်၊အပါယ်လေးပါးထဲငါရောက် ရတော့မယ်၊ ရောက်ကြတော့မယ် ဆိုတာကို သိနေတဲ့ ပုဂ္ဂိုလ် ကတော့ ပေါ်လာလို့ရှိယင် သူ့ဘဲ ဖြစ်ပျက် ရှုချလိုက်တယ်....

(မှန်ပါ့) သူအနိစ္စဘဲ၊ သူအနိစ္စဘဲ ဆိုပြီးသကာလ ဦးသံဒိုင်.... ရှုလိုက်တဲ့အခါကျတော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် ယတော ပစ္စယာနံ ခယံ အဝေဒီ=အင်း....သူကုန်ယင် ဟိုဘက်က ဟာတွေ အကုန်- ကုန်မှာဘဲလို့ သူသိတယ်.... (မှန်ပါ့ဘုရား)။

မြင်စိတ်ကလေးကို ဒို့....ဖြစ်ပျက် ရှုနိုင်လို့ရှိယင် တဏှာ ဥပါဒါန် ကံ ကုန်တယ်ဆိုတာ ငါသိတယ်.... (မှန်ပါ့ဘုရား) ငါအဲဒီလို့သိတယ်၊ သိပြီးသကာလ သိတဲ့အတိုင်း ငါ....အလုပ်လုပ်လိုက်လို့ ငါ....ဘုရားဖြစ်လာတာ....(မှန်ပါ့ဘုရား)။

ဒီလိုဆိုတော့ ပဋိစ္စသမုပ္ပါဒ် စပြီးသကာလ ဖြစ်တဲ့တရား ချုပ်အောင်လုပ်နိုင်လို့ ဘုရားဖြစ်လာတာ.... (မှန်ပါ့ဘုရား) ရှင်းပလား.... (ရှင်းပါပြီ) ပဋိစ္စသမုပ္ပါဒ် စ-တဲ့တရားကို ချုပ်အောင်လုပ်နိုင်တဲ့အတွက် ဘာဖြစ်သလဲ.... (ဘုရားဖြစ်ပါတယ်) အဲဒီတော့ ဘုရားဖြစ်တာနဲ့ ခင်ဗျားတို့ သောတာပန် သကဒါဂါမ် အနာဂါမ် ရဟန္တာဖြစ်ချင်တာနဲ့ ဘာမှမထူးဘူး အောက်မေ့ (မှန်ပါ့ဘုရား) ထူးသေးရဲ့လား....(မထူးပါဘုရား)။

ဘုရားလဲ လောဘ ဒေါသမောဟ ချုပ်ငြိမ်းလို့ ဘုရားဖြစ်တာဘဲ.... (မှန်ပါ့) ခင်ဗျားတို့လဲ ဒီဟာ ချုပ်ငြိမ်းအောင် လုပ်လို့ရှိယင် ကိုယ့်အတန်းနဲ့ကိုယ် သောတာပန် သကဒါဂါမ် အနာဂါမ် ရဟန္တာဖြစ်ရမှာဘဲ....(မှန်ပါ့ဘုရား)။

ဘာမှခင်ဗျားတို့ ယုံမှားသံသယ ရှိမနေနဲ့၊ သြော်....ဘုရားဖြစ်စဉ်က ဘယ်လိုဆိုတော့ ဘုရားက အခုသေသေချာချာသူဖြင့် ပြောပြီကော။ ယဒါဟဝေပါတု ဘဝန္တိဓမ္မာ၊ ငါ့သန္တာန်ပေါ်

လာတယ်၊ ငါ့စိတ်ထဲမှာ ပေါ်လာတယ်တဲ့၊ အာတာပိနော စျာယတော ဗြဟ္မဏဿ— ဝိပဿနာရှုတဲ့ ငါဘုရားအား....တဲ့ အာတာပိနော စျာယတော ဗြဟ္မဏဿဆိုတာ စျာယတောက ရှုတာ၊ ဗြဟ္မဏဿက မကောင်းမှုမှ အပပြုတဲ့ ဘုရား။

ငါသည် ဝိပဿနာ ရှုတယ်၊ ရှုလိုက်တဲ့ အခါကျတော့ ယတော ပစ္စယာနံ ခယံ အဝေဒီ = ပစ္စယာနံ=အကြောင်းတို့၏၊ ခယံ=ကုန်ရာကို၊ အဝေဒီ=ငါသိတယ်....တဲ့။

တဏှာ- ဥပါဒါန်၊ ကံဆိုတဲ့ အကြောင်းကုန်ရာကို ငါသိတယ်တဲ့၊ ဘာသိသတုံးမေးတဲ့အခါ၊ ငါ....စက္ခုမျက်စိ ဖြစ်ပျက်ရှုလိုက်တယ်....(မှန်ပါ့)။

ဖြစ်ပျက်ရှုလိုက်တော့ တဏှာ၊ ဥပါဒါန်၊ ကံ အကြောင်းကုန်တာငါသိတယ်၊ ဒါ့ကြောင့် ငါဘုရားဖြစ်သွားတယ်(မှန်ပါ့ ဘုရား)။

ဒီအဓိပ္ပါယ်ကို ဒီလိုမယူကြလို့ ခက်နေတာ ဦးသံဒိုင်.... (မှန်ပါ့) ခင်ဗျားတို့ကတော့ ဘုရား အနေကဇာ တင်ဘယ်လို့ မှတ်နေတာဘဲ....(မှန်ပါ့)။

စင်စစ်မဟုတ်ဘူး၊ ဖြစ်စတရားကို ကုန်အောင်လုပ်ကွ....တဲ့ (မှန်ပါ့) ပေါ်ပလား.... (ပေါ်ပါပြီ) ဘာတဲ့တုံး.... (ဖြစ်စတရားကို ကုန်အောင်လုပ်ရပါမယ်)။

ဒီနေရာ မျက်လုံးပေါ်မှာဘာတုံး၊ မြင်စိတ်ကမှ မ,စယင် ဘယ်ကစ,မလဲ.... (မှန်ပါ့) ကြားစိတ်ကမှ မစ,ယင်.... (မစ,ပါ ဘုရား)။

ကြားစိတ်ကဘဲ စ,ရမယ်၊ နံစိတ်က စ,ရမယ်၊ နံစိတ်က စ,ရမယ်၊ စားစိတ်ကစရမယ်.... ဟုတ်လား....(မှန်ပါ့)ယားစိတ် ယံစိတ်၊ နာစိတ်၊ ကောင်းစိတ်က စ,ရမယ်၊ ကြံစိတ်၊စည်စိတ်က စ,ရမယ်.... (မှန်ပါ့ဘုရား) ဒါ....ပဋိစ္စ သမုပ္ပါဒ် အစဘဲ.... (မှန်ပါ့)။

အဲဒီ အစတွေကို ကုန်အောင် လုပ်နိုင်တဲ့အတွက် ငါသည် ဘုရားအဖြစ်သို့ ရောက်လာပါတယ်ကွာ....တဲ့ ဆိုတော့ သူတို့ခြေဝပ်အောင် လုပ်နိုင်လို့ မနောဒ္ဓါရဆိုတဲ့တိုင်ခြမှာ မြင်စိတ် ကြားစိတ် အစရှိတဲ့ ခြောက်စိတ်တွေ လာပြီးသကာလ မင်းတို့ ဆဲရာငါမပါဘူး၊ မင်းတို့ ဒီနေရာမှာ ဝပ်ပြီးသကာလ မင်းတို့ မောပြီ၊ မင်းတို့ဝပ်ပြီးသကာလ ဒီနေရာမှာ အရှုခံအဖြစ်နဲ့နေရ မယ်ဆိုတဲ့ သဘောမျိုးနဲ့ ဘုရားသခင် ကိုတော်မြတ်ကြီး သိလာလို့ ရှုပြီးသကာလ ပဋိစ္စသမုပ္ပါဒ် ကုန်ရာကို သိသွားတယ်.... (မှန်ပါဘုရား) ရှင်းပလား....(ရှင်းပါပြီ)။

ကုန်ရာသိတယ် ဆိုတဲ့ဥစ္စာက တခြားလို့ မှတ်မနေကြပါနဲ့တဲ့ အစ,ဖြုတ်လိုက်ယင် ဟိုဘက်က အကုန်—ကုန်တယ်.... (မှန်ပါ့ဘုရား) အစ ဖြစ်ပျက်ရှုလိုက်ယင် (ဟိုဘက်က အကုန်-ကုန်ပါတယ်ဘုရား) မြင်စိတ် ဖြစ်ပျက်ရှုလိုက်တော့ တဏှာဥပါဒါန် ကံ.... ကဲ....မောင်သစ်.... လာသေးသလား.... (မလာပါဘုရား) အဲ....အစ၏ကုန်ရာကိုသိတယ်.... (မှန်ပါ့) မကုန်ဘဲနဲ့ နေလို့ ဒီအစကို ထောင်လာမယ် ဆိုလို့ရှိယင်လဲ အပါယ်ဘဲသွားဘို့ ရှိတယ်.... (မှန်ပါ့ဘုရား)။

ဒါဖြင့် တဏှာ၊ ဥပါဒါန်၊ ကံ၊ ဖြစ်လာတော့ ဇာတိကျ

တော့ ဦးသံဒိုင်က ငြင်းလို့ရဦးမလား.... (မရပါဘူးရှာ) မရ ဘူးတဲ့၊ ကမ္မဘဝပစ္စယာ ဇာတိဘဲ.... (မှန်ပါ့) ကမ်္ဘာ သတ္တော ဝိဘင်္ဂတိ....ဘဲ(မှန်ပါ့) မလာသေးဘူးလား (လာပါတယ်ဘုရား) ဒါဖြင့် ဘာဖြတ်ရမတုံးတဲ့၊ ဒီပေါ်တာဖြတ်မလား....အစဖြတ်ကြ မလား.... (အစ ဖြတ်ရပါမယ်ဘုရား)။

အစဖြတ်လို့ရှိယင်ဖြင့် ခင်ဗျားတို့ မျက်လုံးမှာ ဘယ်ကစ, သတုံး၊ မြင်စိတ်ကစ,တယ်.... (မှန်ပါ့) နားမှာ ဘယ်ကစ,သတုံး (ကြားစိတ်က စ,ပါတယ်) အဲဒီအစ ဖြတ်ပစ်ရမယ်.... (မှန်ပါ့) သဘောပါလား.... (ပါ-ပါတယ်)။

ကြံစိတ်လာတယ်ဆိုယင် ကြံစိတ်က စ,ဖြတ်.... (မှန်ပါ့) ကြံပြီးသကာလ ခင်ဗျားတို့ ကိုယ့်အကြံကလေးကို သဘောကျ တာ ကိုယ့် အကြံကလေးကို မမေ့အောင် စဲလမ်းနေတာ.... ကိုယ့်အကြံကလေးအတိုင်း နောက်ထပ်အားထုတ်မယ်ဆိုတာတွေ့ ကလဲ့ မနောဒ္ဒါရကလဲ့ ပဋိစ္စသမုပ္ပါဒ် မလာပေဘူးလား....(လာ ပါတယ်ဘုရား)။

ထိုကဲ့သို့ လာခဲ့သည်ရှိသော် ခင်ဗျားတို့ကြံမှုသည် ကြံစ,စိတ် ကို ဖြစ်ပျက် မရှုတော့ပါဘူး ဆိုလို့ရှိယင်ဖြင့်....တဲ့ ကြံလေ လေ အပါယ်ရောက်လေဘဲ.... (မှန်ပါ့) ဆိုထိုက်-မဆိုထိုက်.... (ဆိုထိုက်ပါတယ် ဘုရား)။

ကြံတာက တခြား ကြံတာမှ မဟုတ်ဘဲကိုး၊ စီးပွားရေး၊ ကြီးပွားရေး ကြံတာကိုး.... (မှန်ပါ့) ကဲ....ဒါဖြင့် သဘောပါ ကြပလား....(ပါ-ပါပြီဘုရား)။

ဒါဖြင့် တကာ တကာမတို့ ဘယ်နှစ်စိတ်ကို ရှုရမှာတုံး..... (ခြောက်စိတ်ကို ရှုရမှာပါဘုရား) ခြောက်စိတ်ဆိုလို့ရှိယင်ဖြင့်တဲ့ တိုတိုပြောယင် ခြောက်စိတ်ဘဲ ရှိပါတယ်.... (မှန်ပါ့) မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ စားစိတ်၊ ဟုတ်လား.... (မှန်ပါ့) ယားစိတ်၊ ယံစိတ်၊ နာစိတ်၊ ကြံစိတ်၊ ဒီစိတ်တွေကို ခင်ဗျားတို့နိုင်ကြမယ် ဆိုလို့ရှိယင် ဖြစ်ပျက်လာတိုင်း ရှုနိုင်ကြမယ်ဆိုလို့ရှိယင် ပဋိစ္စသမုပ္ပါဒ် အစက ပြတ်ပါတယ်..... (မှန်ပါ့ဘုရား)။

ဘယ်ကပြတ်သလဲ.... (အစက ပြတ်ပါတယ်ဘုရား) အစက ပြတ်တယ် ဆိုကတည်းကိုက တကာ တကာမတို့ သိတဲ့အတိုင်းတဲ့ အစက ပြတ်သွားတယ် ဆိုလို့ရှိယင်ဖြင့် ခင်ဗျားတို့ ကျုပ်တို့၏ ပဋိစ္စသမုပ္ပါဒ် ကံတွေဟာ လာပါဆိုလို့လဲ မလာတော့ပါဘူး.... (မလာပါဘုရား) လာနိုင်သေးရဲ့လား.... (မလာနိုင်ပါဘုရား) မလာနိုင်ဘူးတဲ့၊ အကယ်၍ ခင်ဗျားတို့ အစက မပြတ်ဘူးဆိုလို့ ရှိယင်ဖြင့် ဖဿဝေဒနာ တဏှာ ဥပါဒါန် ကံဆိုတာ မလာပေဘူးလား.... (လာပါတယ်ဘုရား)။

အဲဒီတော့ကိုတဲ့ ယနေ့ည ပြောစရာက ခင်ဗျားတို့ မြဲမြံမှတ်ထားပါ၊ ဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် ကံနဲ့ တဏှာကို ထူးခြားတာ ပြောလိမ့်မယ်....(မှန်ပါ့)။

ကံနဲ့ တဏှာ ထူးခြားတာ ပြောလိမ့်မယ်.... (မှန်ပါ့) ကံဟာ နောက်က မဟုတ်လား....၊ တဏှာက ရှေ့က၊ တဏှာ ဥပါဒါန် ကံကိုး....(မှန်ပါ့) တဏှာက ဘာတုံး.... (ရှေ့ကပါ) ကံက..... (နောက်ကပါဘုရား)။

ကောင်းပြီ တဏှာမလာယင် ကံမလာပါဘူး....(မှန်ပါ့)လာနိုင်ပါ့မလား.... (မလာပါဘူးရှား) တဏှာမလာယင်....(ကံမလာပါဘူးရှား)။

ကောင်းပြီ တဏှာမလာယင် ကံမလာဘူး၊ တဏှာလာယင်....(ကံလာပါတယ်) ကံလာမယ်ဆိုတာကော သေချာကြပလား....(သေချာပါပြီ)။

အဲဒီတော့ ဒီလို မှတ်ထားကြပါတဲ့၊ ဒါ့ကြောင့် တဏှာကို သမုဒယသစ္စာဖွဲ့တာ.... (မှန်ပါ့)တဏှာကို ဘာသစ္စာဖွဲ့ပါလိမ့်....(တဏှာကို သမုဒယသစ္စာ ဖွဲ့ပါတယ်ဘုရား)။

သမုဒယသစ္စာဖွဲ့တယ်၊ ဖွဲ့မှာဘဲ၊ ဘယ့်နှယ်ကြောင့် ဖွဲ့ရသတုံးမေးတော့ တဏှာမရှိတဲ့ ပုဂ္ဂိုလ်မှာ ကြည့်-နေ့လည်ကရုတ်တဲ့ ပါဠိမှာ 'ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယော ဣဒံဝုစ္စတိ ဘိက္ခဝေ နိဗ္ဗာနံ' ရာဂ ဒေါသ မောဟ ကုန်ယင် နိဗ္ဗာန်ဘဲကွ.... (မှန်ပါ့) မဟောဘူးလား.... (ဟောပါတယ်ဘုရား)။

ဒါဖြင့် တဏှာချုပ်ယင် နိဗ္ဗာန်ခေါ်တာဘဲ.... (မှန်ပါ့) ကံချုပ်လို့ နိဗ္ဗာန်မခေါ်ဘူး.... (မခေါ်ပါဘုရား) သဘောကျပလား.... (ကျပါပြီ)။

ကိုင်း....ဒါဖြင့် ဒါကလေး ရှင်းပြပါ့မယ်....တဲ့၊ တကာတကာမတို့ တဏှာဟာ ဘာလုပ်တတ်သတုံး....၊ ဘုရားက အင်္ဂုတ္တိုရ် ပါဠိတော်ကျတော့ တဏှာဟာ အပ်ချုပ်သမားနဲ့တူတယ်လို့ဟောတယ်.... (မှန်ပါ)။

အပ်ချုပ်သမားဟာ ဘာလုပ်တတ်သတုံး....၊ အပ်ချုပ်သမားဟာ အဝတ်နှစ်ထည်ကွဲပြီး နေစေကာမူ စပ်တတ်တယ်- (မှန်ပါ့) အဝတ်နှစ်ထည်ပြတ်ပြီး နေစေကာမူ- (စပ်တတ်ပါတယ်ဘုရား)။

ထို့အတူဘဲတဲ့၊ တဏှာရှိမှ ဟိုဘဝ ဒီဘဝဆက်တာ .... (မှန်ပါ့) တဏှာမရှိလို့ရှိယင်.... (မဆက်ပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့က ဩော်....ကံက ဆက်ပေးတယ်လို့ ထင်ချင်ထင်နေတယ်.... (မှန်ပါ့ဘုရား) သဘောကျပလား....(ကျပါပြီ)။

ဒါဖြင့် တဏှာအပ်ချုပ်သမားနဲ့ တူတယ်လို့ အင်္ဂုတ္တိုရ်ပါဋ္ဌိတော်ကြီးမှာ ဟောထားတယ်.... (မှန်ပါ့) တဏှာသည် ဆက်တတ်တယ်.... (မှန်ပါ့) တဏှာသည် ဘာတုံး.... (ဆက်တတ်ပါတယ်ဘုရား)။

ဟိုဘဝ ဒီဘဝကိုလေ.... (ဆက်တတ်ပါတယ်ဘုရား) ဆက်တတ်တယ်....တဲ့၊ ဘယ်လောက် ဆက်တယ်ဆိုလို့ရှိယင် ခင်ဗျားတို့ စဉ်းစားကြည့်ပါတဲ့—တဏှာ ဆက်တယ်—မဆက်တယ်ကို၊ ကိုယ့်သမီးတယောက်နဲ့ တခြားသော သားနဲ့ အိမ်ထောင်ကျတယ်နော်.... (မှန်ပါ့)။

ဒီအမေ အဖေ ယောက္ခမ မိဘလုပ်တဲ့ ပုဂ္ဂိုလ်က တဏှာဘယ်လို ဆက်သတုံး ဆိုလို့ရှိယင် ပဋ္ဌမ သမီးနဲ့ သားမက်နဲ့ ဆက်လိုက်တာလဲ တဏှာဘဲ....(မှန်ပါ့ဘုရား) သားမက်နဲ့ ပတ်သက်ပြီး သားမက်၏ ညီတွေ အစ်ကိုတွေကိုလဲ ခင်ရ မင်ရတာဘဲ....(မှန်ပါ့ဘုရား) ဘယ်သူတုံး ဒါ....(တဏှာပါဘုရား)။

ဒါဖြင့် သူ အပ်ချုပ်သမားတွေလို ဆက်စပ်သွားမှာဘဲ.... (မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီ) ဘာလုပ်တတ်သတုံး.... (အပ်ချုပ်သမားတွေလို ဆက်စပ်သွားတတ်ပါတယ်)ရှင်းပလား- (ရှင်းပါပြီ) ဒါဖြင့် ဘုံဘဝတွေ ဆက်သွားတာလဲ ဘယ်သူလို ထင်သတုံး....(တဏှာပါဘုရား)။

ဩော်....တဏှာဘဲ ထင်တယ်....နော်....မှန်ပါတယ်တဲ့၊ တဏှာ သိဗ္ဗဝိနီလို ဟောတယ်၊ တဏှာ=တဏှာသည်၊ သိဗ္ဗဝိနီ=အပ်ချုပ်သမားနဲ့တူ၏(မှန်ပါ့)။

အပ်ချုပ်သမားသည် ဘာတုံး....အထည်တခုနဲ့ အထည်တခုကို ဆက်စပ်တတ်လို အပ်ချုပ်သမားလို ဆိုကြဘိသကဲ့သို၊ တဏှာသည် ရှေးဦးစွာ သမီးခင်တယ်၊ သမီးခင်လို ရှိယင်တော့ သားမက် ခင်ရတော့မှာဘဲ....(မှန်ပါ့)။

အင်း-ဟင်....သူက မွေးဖွားတဲ့ သားသမီး ကလေးတွေကော (ခင်ပါတယ်ဘုရား) သားမက်နဲ့ ပတ်သက်တဲ့ ညီအစ်ကို မောင်နှမတွေကော.... (ခင်ရပါတယ်ဘုရား) သားမက်နဲ့ခင်တဲ့ ပုဂ္ဂိုလ်တွေကော....(ခင်ရပါတယ်ဘုရား)။

ဘယ်သူက ဆက်စပ်သွားတာတုံး....(တဏှာကဆက်စပ်သွားတာပါဘုရား) ဒါဖြင့် အပ်ချုပ်သမားနဲ့ တူ-မတူ....(တူပါတယ်ဘုရား)။

ဒါဖြင့် မစ- လေနဲ့၊ စ-ယင် ခက်တယ်.... (မှန်ပါ့ဘုရား) ဆက်တော့မှာဘဲ၊ အကုန်ရှောက်ချုပ်မှာဘဲ.... (မှန်ပါ့)ဟိုဟာလဲ မကင်းဘူး၊ ဒီဟာလဲ မကောင်းဘူး၊ ဒီဟာလဲ ပစ်ထားလို မတော်ဘူး၊ ဒီဟာလဲ ဒီအတိုင်းနေလို မတော်ဘူး....(မှန်ပါ့)။

ဦးသံဒိုင် ဘယ်သူ့သတ္တိတွေ ထင်နေသတုံး....(တဏှာသတ္တိတွေပါဘုရား)။

ဒါဖြင့် အဲဒီ ပစ္စပ္ပန်မှာ ဆက်တာ မြင်သဖြင့် ဟိုဘဝ ဒီဘဝ ဆက်တာလဲ ဘယ်သူထင်ကြသလဲ....(တဏှာပါဘုရား) တဏှာဘဲ....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီ)။

အဲဒါ ခင်ဗျားတို့က ဖြုန်းကနဲ တွေ့လိုက်တဲ့အခါကျတော့ ကံက ဆက်ပေးတာလို့ ဒီလိုထင်ကြတယ်....(မှန်ပါ့) ကံနဲ့ပဋိသန္ဓေနဲ့နီးတယ်....(မှန်ပါ့)။

နီးတော့နီးတာ အမှန်ဘဲ၊ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက နီးတော့ နီးပါတယ်....တဲ့၊ နီးပင် နီးငြားသော်လဲ တဏှာချုပ်ငြိမ်းတဲ့ လူတော့ မဆက်ဘူးတဲ့....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ) တဏှာချုပ်ငြိမ်းတဲ့ လူကျတော့.... (မဆက်ပါဘုရား)။

တဏှာချုပ်ငြိမ်းတဲ့ လူကျတော့ ကံမှ မလာဘဲ....(မှန်ပါ့) လာနိုင်သေးရဲ့လား ....(မလာနိုင်ပါဘုရား) မလာနိုင်တော့ အဆက်သမားစင်စစ် အရင်းကျကျ ပင်ရင်းတွေးမယ် ဆိုလို့ရှိယင် ကံကိုမဆိုကြပါနဲ့....(မှန်ပါ့)ဘာကိုဆိုရမလဲ....(တဏှာသာဆိုရပါမယ်ဘုရား) ရှင်းပလား....(ရှင်းပါပြီ)။

သမက်နဲ့ စပ်တဲ့ ဥပမာလဲ ပြောခဲ့ပါပြီ၊ခင်ဗျားတို့ကို သမက်နဲ့ စပ်တာတွေဟူသမျှဟာ အကုန်ခင်ရမှာ၊ ကြင်ရမှာချည့်ဘဲ....(မှန်ပါ့) ဘယ်သူက ဆက်စပ်သွားတာတုံး.... (တဏှာက ဆက်

စပ်သွားတာပါ) တဏ္ဍာက ဆက်စပ်သွားတယ်ဆိုတဲ့ဥစ္စာ ရိပ်မိ ကြပလား....(ရိပ်မိပါပြီ)။

ဒါဖြင့် တဏ္ဍာဟာ အပ်ချုပ်သမားနဲ့ တူ- မတူ.... (တူပါ တယ်ဘုရား)ဒါဖြင့် သူမသေသ၍ ကာလပတ်လုံး တဆက်တည်း ဆက်ပေးနေမှာဘဲ....(မှန်ပါ့) လူ့စုတိနဲ့ ခွေးပဋိသန္ဓေနဲ့လဲ ဆက်မှာဘဲ.... (မှန်ပါ့) ခွေးစုတိနဲ့ အပါယ်ပဋိသန္ဓေနဲ့ကော.... (ဆက်မှာပါဘဲဘုရား) ဘယ်သူ့ သတ္တိထင်သတုံး .... (တဏ္ဍာ သတ္တိပါဘုရား)။

ဒါ့ကြောင့် တဏ္ဍာကို ဘုရားက သိဗ္ဗဝိနီ အပ်ချုပ်သမား နဲ့တူ၏လို့ ဟောလိုက်တာ....(မှန်ပါ့ဘုရား)။

ကံကတော့ကို အကျိုး ပေးနဲ့တော့ နီးပါတယ်၊ နီးပင် နီးငြားသော်လဲ တဏ္ဍာချုပ်ငြိမ်းတဲ့ ပုဂ္ဂိုလ်၊ ကံဘာမှ မတတ်နိုင် ဘူး....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

တဏ္ဍာချုပ်ငြိမ်းသွားတဲ့ ပုဂ္ဂိုလ် .... (ကံဘာမှမတတ်နိုင်ပါ ဘုရား) ဒါ့ကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက တဏ္ဍာ နိရောဓါ ဥပါဒါနနိရောဓေါ.... (မှန်ပါ့) ဥပါဒါနနိရောဓါ.... (ကမ္မဘဝနိရောဓေါ) ကမ္မဘဝနိရောဓေါ ဆိုတော့ ဩော်.... တဏ္ဍာသာချုပ်လို့ ရှိယင်ဖြင့် ဒီ့ပြင်ဟာတွေက သူ့အကူအညီ ရမှ ဆက်စပ်နိုင်တာ....(မှန်ပါ့) သူ့အကူအညီမရယင်....(မဆက် စပ်နိုင်ပါဘုရား) မဆက်စပ်နိုင်ဘူးဆိုတာ ရှင်းပလား....(ရှင်း ပါပြီ)။

ဒါဖြင့် ခင်ဗျားတို့ တဏှာနဲ့—ကံ ဘယ်ဟာ ကြောက်စရာ ကောင်းသတုံး....(တဏှာ ကြောက်စရာ ကောင်းပါတယ်ဘုရား) ပေါ်ပလား....(ပေါ်ပါပြီ)။

ဒါဖြင့် ခင်ဗျားတို့သည် တဏှာကြောက်စရာ၊ ကြောက်စရာ ကောင်းကြောင်းဖြင့် သေသေချာချာ ရှင်းပါပြီ .... (ရှင်းပါပြီ ဘုရား)။

ဘုံဘဝတွေ ကျုပ်တို့ တသံသရာလုံး စုတိဒုက္ခပြီး ပဋိသန္ဓေ ဒုက္ခပေးလေသမျှ ဘယ်သူတုံး.... (တဏှာပါဘုရား) စုတိက ဒုက္ခသာစွာ....(မှန်ပါ့) ပဋိသန္ဓေကကော....(ဒုက္ခသစ္စာပါ)။

အင်း....ဒါနဲ့ ဒါကို အာနန္ဒာရပစ္စယော အခြားမရှိအောင် ချုပ်စပ်ပေးတာ ဘယ်သူပါလိမ့်မတုံး.... (တဏှာပါဘုရား) သဘောပါပလား....(ပါ-ပါပြီ)။

ဒါဖြင့် ကျုပ်တို့မှာတဲ့ တခုဒုက္ခနဲ့ တခုဒုက္ခ ဆက်စပ်ပေး တာဟာ တဏှာစွမ်းရည်ဘဲ.... (မှန်ပါ့ဘုရား) ပေါ်ကြပလား (ပေါ်ပါပြီ)။

ကောင်းပြီ ဒါဖြင့် ကံတွေဟာ အလကားဖြစ်ရတော့မလား လို့ မေးတဲ့ အခါကျတော့၊ အို....တဏှာ မချုပ်ငြိမ်းသေးတဲ့ ပဋိဋ္ဌိလ်မှာ ကံဟာ အရေးကြီးတယ်.... (မှန်ပါ့ဘုရား)သေသေ ချာချာမှတ်ပါ....(မှန်ပါ့) တဏှာမချုပ်ငြိမ်းသေးတဲ့ ပဋိဋ္ဌိလ်မှာ (ကံဟာ အရေးကြီးပါတယ်ဘုရား)။

ကိုင်း-ဒါဖြင့် ခင်ဗျားတို့ တဏှာချုပ်ငြိမ်းယင် ကံပြုတ်တယ်၊ (မှန်ပါ့) တဏှာမချုပ်ငြိမ်းယင် ကံထောင်လာတယ် .... (မှန်

ပါ့) သဘောကျပလား.... (ကျပါပြီ) တဏှာချုပ်ငြိမ်းယင် ကံပြုတ်သွားတယ်၊ တဏှာ မချုပ်ငြိမ်းယင် ကံထောင်လာတယ်....(မှန်ပါ့)။

ကံထောင်လာတယ်ဆိုတာ သူ့ အလုပ်-လုပ်မယ်.... (မှန်ပါ့) မလုပ်ပေဘူးလား....(လုပ်ပါတယ်ဘုရား)။

ဒါဖြင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဟောလိုက်တယ်၊ တဏှာ ဟာကွာတဲ့၊ ဘာနဲ့ တူသတုံးဆိုလို့ရှိယင် ကံခတ္တကို စုတတ်တဲ့-စုပြီး သိမ်းဆည်းတတ်တဲ့ ပဋိသန္ဓေတည်တဲ့ ပဋိုလ်နဲ့တူတယ်.... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီ)။

တဏှာသည် ဘာနဲ့တူသတုံး.... (ကံတွေကိုစုပြီး သိမ်းဆည်းတတ်တဲ့ ပဋိုလ်နဲ့တူပါတယ်) ကံတွေကို-ကမ္မသမဒိ- ကံတွေကို စုပြီးသိမ်းဆည်းထားတယ်.... (မှန်ပါ့) သေသေချာချာမှတ်ပါ။။

တဏှာဟာ ဘာနဲ့ တူသလဲ....(ကံတွေကိုစုပြီး သိမ်းဆည်းတတ်တဲ့ ပဋိုလ်နဲ့တူပါတယ်) တဏှာက သိမ်းဆည်းထားတော့ကို၊ ကံတွေဟာက လေလိုလွင့်မသွားဘူး.... (မှန်ပါ့ဘုရား) သတ္တိတွေမလွင့်ဘူး....(မှန်ပါ့)။

တဏှာက ဆုပ်ထားတော့၊ ဟောဒါ အပါယ်ရောက်တဲ့ ကံကလေးကို လွှတ်လိုက်တယ်၊ လွှတ်လိုက်တဲ့အခါ၊ ဒီကံကလေးက အပါယ် အကျိုးပေးလိုက်တယ်.... (မှန်ပါ့ဘုရား)။

အဲဒီ့ကံ ကုန်သွားပြန်ပြီဆိုတော့၊ ဒီကနေလွှတ်ပြန်တယ်.... (မှန်ပါ့) သူက စုထားတာကိုး.... (မှန်ပါ့) တခုတခုလွှတ်ပေးနေတယ်....(မှန်ပါ့ဘုရား)။

တော်တော်ကြာ ကျတော့ တိရိစ္ဆာန်ဖြစ်ဘို့ ကံလွှတ်ပေးလိုက်တယ်....(မှန်ပါ့) လွှတ်ပေးလိုက်ပြန်တော့ တိရိစ္ဆာန်ဖြစ်ရပြန်တယ်....(မှန်ပါ့)။

အဲဒီ့ကံကလေး ကုန်ပြန်တော့လဲ သူ့စုထားတာတွေက အများကြီးကိုး.... (မှန်ပါ့) အင်း....တော်တော်ကြာ ကျလို့ရှိယင် နတ်ခန္ဓာဖြစ်ဘို့ကိုလဲ သူကစုထားတယ်.... (မှန်ပါ့) လွှတ်ပေးလိုက်ပြန်တယ် အဲဒီ ကံကလေးကျတော့ နတ်ခန္ဓာကနေပြီး ကမ္ဘာဝပစ္စယာ ဇာတိလုပ်ပြန်တယ်.... (မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီ)။

ဒါဖြင့် ခင်ဗျားတို့သည် ကံစွမ်းရည်ကို တဏှာက သိမ်းဆည်းမယူထားလို့ရှိယင် ဒီကံတွေဟာ အလကားဖြစ်တယ်.... (မှန်ပါ့ဘုရား) တဏှာက သိမ်းဆည်းထားလို့သာလျှင် ကံတွေသည် အမျိုးမျိုး မပျောက်မပျက်ဘဲနဲ့ အကျိုးမျိုးစုံပေးတယ်.... (မှန်ပါ့ဘုရား) ရှင်းပလား.... (ရှင်းပါပြီ)။

ဒါဖြင့် ကံနဲ့-တဏှာသည် ဘယ်သူက ထက်သတုံးလို့ မေးလို့ရှိယင် ဘယ်နယ်ဖြကြမလဲ.... (တဏှာက ထက်ပါတယ် ဘုရား)တဏှာကထက်တယ်၊ သဘောပါကြပလား....(ပါ-ပါပြီ) ကံနဲ့-တဏှာ ဘယ်သူထက်ပါလိမ့်.... (တဏှာထက်ပါတယ်) တဏှာကထက်တယ်၊ ကဲ ဦးသံဒိုင် နေရာကျပလား.... (ကျပါပြီ ဘုရား)။

ဒါဖြင့် ခင်ဗျားတို့မှာ တဏှာရှိနေတဲ့ ပုဂ္ဂိုလ်မှာ ငါမှာ ကံပေါင်း ဘယ်လောက်များ စုထားပါလိမ့်မတုံးလို့ ဆိုလို့ ရှိယင် ဘယ့်နှယ်ပြောကြမလဲ.... (မရေတွက်နိုင်ပါဘုရား)။

ဒါကြောင့် အခုရှင်ဘုရင်ဖြစ်တယ်၊ နက်ဖြန် ခွေးလောက်မှ မကောင်းတဲ့လူဖြစ်တယ်.... (မှန်ပါဘုရား) ဒါဘယ်သူ့သတ္တိ ထင်သတုံး.... (တဏှာသတ္တိပါဘုရား)။

အဲ....အခု ရှင်ဘုရင်ဖြစ်အောင် သူလုပ်လိုက်တယ်၊ နက်ဖြန် ခွေးလောက်မှ မကောင်းတဲ့ဥစ္စာကို သူလွှတ်ပေးလိုက်တယ်.... (မှန်ပါဘုရား)။

လွှတ်ပေးလိုက်တော့ ဒါကြောင့် ခင်ဗျားတို့သည်ကားလို့ ဆိုယင်ဖြင့် ကမ္မံသတ္တော ဝိဘင်္ဂတိ ဆိုတာက အဖျားကို ဆွတ်ဟောတဲ့ပါဦး.... (မှန်ပါ) စင်စစ်တော့ တဏှာကလွှတ်ပေးတာ.... (မှန်ပါဘုရား) ရှင်းပလား....(ရှင်းပါပြီ)။

ဒါဖြင့် ကံနဲ့တဏှာ ဘယ်ဟာ ကြောက်စရာကောင်းသလဲ... (တဏှာကြောက်စရာကောင်းပါတယ်)။

ဒါကြောင့် ရုဂက္ခယော ဒေါသက္ခယော မောဟက္ခယော နိဗ္ဗာန်လို့ပြောတာပေါ့.... (မှန်ပါ) ကမ္မက္ခယော နိဗ္ဗာန်လို့ မပြောဘူး.... (မပြောပါဘုရား) ရှင်းပလား....(ရှင်းပါပြီ)။

ကဲ....ဒါဖြင့် ခင်ဗျားတို့ ဘာကြောက်ရမလဲ.... (တဏှာကြောက်ရပါမယ်) ဘာဖြစ်လို့ ဒီလောက်ကြောက်ရတာတုံးမေးယင်.... (တဏှာက ဆက်စပ်လို့ပါဘုရား)။

အဲ....ဟိုဘဝ ဒီဘဝလဲ ဆက်စပ်တယ် (မှန်ပါ့)တနည်းအားဖြင့်လဲ ကံတွေ့ လေလိုလှဉ့်မသွားအောင် စုတတ်တယ်....(မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ) ကံတွေ့ကို.... (လေလိုမလှဉ့်အောင် စုတတ်ပါတယ်) ကံစေတနာတွေ့ကို သူက မပျောက်ရဘူး.... (မှန်ပါ့)။

မောင်သစ်က ကံတွေ့လုပ်ထားတယ်၊ ကံအမျိုးမျိုးလုပ်ထားတယ်.... (မှန်ပါ့) မင်း တဏှာချုပ်အောင် မလုပ်သ၍ ကာလပတ်လုံးတော့ ဒီကံတွေ့ အဟောသိကံ မဖြစ်ရဘူးဆိုတဲ့ဥစ္စာမှတ် ဦးသံဒိုင် ဘယ်သူကစုထားသလဲ.... (တဏှာက စုထားပါတယ်) ပေါ်ကြပလား.... (ပေါ်ပါပြီ)။

ဒါ့ကြောင့် သြော်....မနေ့က အကောင်းကြီးဟာ ကျုပ်ဖြင့် ဒီလိုဖြစ် လိမ့်မယ်မထင်ဘူး၊ ပြောကြတယ်.... (မှန်ပါ့) သူက လွှတ်ပေးလိုက်တာကိုး....(မှန်ပါ့) သေကံလွှတ်ပေးလိုက်တယ်.... (မှန်ပါ့) ရှင်ကံ....(လွှတ်ပေးလိုက်ပါတယ်)။

လွှတ်ပေးလိုက် ဆိုတော့ကို အင်မတန် သူသည်ကားလို့ဆိုလို့ ရှိယင်ဖြင့် ကျုပ်တို့ ခင်ဗျားတို့ကို အကျိုးမျိုးစုံ ပေးနိုင်အောင် သူက ခြယ်လှယ်နေတယ်ဆိုတာ ပေါ်သွားပြီ....(ပေါ်သွားပါပြီ ဘုရား)။

ဒါဖြင့် ကံပေါ်မှာ တဏှာခြယ်လှယ်တယ်.... (မှန်ပါ့ဘုရား) ရှင်းပလား.... (ရှင်းပါပြီ) ကံပေါ်မှာ.... (တဏှာခြယ်လှယ်ပါတယ်ဘုရား)။

ဒါကြောင့် ယနေ့ ကျန်းမာတယ်၊ နက်ဖြန်သေချင်သေတယ်၊ နက်ဖြန် ကျိုးချင်ကျိုးမယ်၊ သဘက်ခါ ကန်းချင်ကန်းမယ်၊ (မှန်ပါဘုရား)။

ဒါ ဘယ်သူ့သတ္တိထင်ကြသလဲ.... (တဏှာသတ္တိပါဘုရား) တဏှာက ကျိုးတဲ့ကံလုတ်လို့ရှိယင် ကျိုးရမယ်၊ မဟုတ်ဘူးလား.... (မှန်ပါ) ကန်းတဲ့ကံ လုတ်လိုက်လို့ရှိယင်.... (ကန်းရပါမယ်)။

ဘာဖြစ်လို့တုံးလို့ မေးတဲ့အခါ မနေ့ကအကောင်းကြီးဗျာ၊ ဒီနေ့မျက်လုံး ဘာဖြစ်သွားလို့ ကျုပ်ဖြင့် မမြင်ရတော့ဘူးအစရှိသည်နဲ့၊ ဒါကြောင့် ခင်ဗျားတို့သည် တဏှာရှိသ၍ ကာလပတ်လုံး ကံမကုန်.... (မှန်လှပါဘုရား) ရှင်းပလား.... (ရှင်းပါပြီ)။

တဏှာရှိသ၍ ကာလပတ်လုံး.... (ကံမကုန်သေးပါဘုရား) ကံ ဘယ်တော့မှ မကုန်ဘူး၊ ဘာဖြစ်လို့ မကုန်တာတုံး မောင်သစ်.... (တဏှာကလုတ်လိုက်လို့ပါဘုရား) အို....သူက စုစုထားတယ်....(မှန်ပါ) ဦးသံဒိုင် ဘာဖြစ်လို့မကုန်သလဲ.... (တဏှာက စုစုထားလို့ပါ)။

ကဲ....ခင်ဗျားတို့ တဏှာကုန်ယင် ကံအဟောသိကံဖြစ်ရမယ်.... (မှန်ပါ) တဏှာကုန်ယင်.... (ကံအဟောသိကံ ဖြစ်ရပါမယ်) ရှင်းပလား.... (ရှင်းပါပြီ)။

ကိုင်း-ဒါဖြင့် သက်သေသာဓက လုံလောက်အောင် ပြပါဦးမယ်နော်....(မှန်ပါ) ဝေဿန္တရာမင်းကြီးဟာ ဘုရားဖြစ်ကာနီး

မှာဖြင့် ဘဝထဲမှာ လူ့ပြည်မှာဖြင့် နောက်ဆုံးပိတ်ဘဝ ဆိုယင် မလဲပါဘူး၊ လဲပါမလား....(မလဲပါဘူးရှား) နောက် သိဒ္ဓတ္ထ မင်းသားဖြစ်ဘို့ ရှိတော့တာကိုး.... (မှန်ပါဘူးရှား)။

အဲဒီ ဝေဿန္တရာမင်း လှူတန်း ပေးကမ်းထားတဲ့ ကံတွေဟာ ဦးသံဒိုင် ဘယ်လောက်များသတုံး.... (အင်မတန်များပါ တယ်ဘုရား)။

ရေတွက်နိုင်ပါမလား.... (မရေတွက်နိုင်ပါဘူးရှား) လူ့ပြည် နတ်ပြည်ကို အကြိမ်ကြိမ်ခံစားလို့ ကုန်နိုင်ပါ့မလား.... (မကုန် နိုင်ပါဘူးရှား)။

အဲဒီ မကုန်နိုင်တာကို ဗောဓိပင်နဲ့ ရွှေပလွင်မှာ တဏှာ ဖြတ်ချလိုက်တယ်.... (မှန်ပါ့) တဏှာဖြတ်ချ လိုက်တော့.... ဝေဿန္တရာမင်း လှူထားတဲ့ ဘုံဘဝတွေ အမျိုးမျိုးအကျိုးပေး ပြီးသကာလ နေဘို့ရာ ကံတွေဟာတဲ့ ပေးနိုင်သေးရဲ့လား.... မပေးနိုင်တော့ဘူးလား....(မပေးနိုင်တော့ပါဘူးရှား) တခါတည်း လေလို့လွှင့်သွားတယ်.... (မှန်ပါ့)။

ဘာဖြစ်လို့တုံး- တဏှာချုပ်လို့.... (မှန်ပါ့) သိမ်းဆည်းတဲ့ လူ မရှိတော့ဘူး.... (မှန်ပါ့) သိမ်းဆည်းတဲ့လူမရှိတော့ လေလို့ လွှင့်ပြီး ပျောက်ပျက်သွားတယ်.... (မှန်ပါ့ ပျောက်ပျက်သွား ပါတယ်) ရှင်းပလား....(ရှင်းပါပြီ)။

ဒါဖြင့် ဘုရားကို သက်သေသာဓက ပြလိုက်သဖြင့် နောက် ဆုံးပိတ်ဘဝမှာ လှလိုက်၊တန်းလိုက်၊ ပေးလိုက်၊ ကမ်းလိုက်တာ တိုင်းပြည်နဲ့တကွ အလုံးစုံ အကုန် မလှူဘူးသည် မည်သည့် ဦးသံဒိုင် ရှိရဲ့လား....(မရှိပါဘူးရှား)။

အဲဒီ ကံတွေကသာ ခင်ဗျားတို့ အကျိုးပေးနေမယ်ဆိုယင် ဘုရားဖြစ်ပါ့မလားလို့ မေးလိမ့်မယ်....(မဖြစ်ပါဘုရား)။

ဒါဖြင့် ဘုရားဖြစ်တာ ဘယ့်နှယ်ကြောင့် ဘုရားဖြစ်သွားသလဲ....(တဏှာချုပ်လို့ပါ) ရာဂကွယောနော်....(မှန်ပါ့)။

ရာဂကွယော ပေါ်လာတယ်.... (မှန်ပါ့) သြော်....သူကုန်လို့ပါကလား.... (မှန်ပါ့ဘုရား) ကံကုန်လို့ မဟုတ်ပါလား.... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ)။

ဒါဖြင့် တဏှာကုန်မှ ကံကုန်တယ်.... (မှန်ပါ့ဘုရား) တဏှာမကုန်ယင်....(ကံမကုန်ပါဘုရား)။

ဒါဖြင့် တဏှာသည် ကံကိုသိမ်းဆည်းတယ်ဆိုတဲ့ အဓိပ္ပါယ် ရှင်းသွားပလား.... (ရှင်းသွားပါပြီ) တဏှာသည်....(ကံကိုသိမ်းဆည်းပါတယ်ဘုရား) ကံကို သိမ်းဆည်းထားတယ် ဆိုတာ ဦးသံဒိုင် ရိပ်မိပလား....(ရိပ်မိပါပြီ)။

ဒါဖြင့် ခင်ဗျားတို့ ရှင်းရှင်းပြောကြပါစို့ - ဘာကြောက်ရမှာတုံး.... (တဏှာ ကြောက်ရမှာပါဘုရား)။

ဒါ့ကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက အနေကဇာတိသံသာရုံ အစရှိသော ပါဠိတော်ကြီးမှာ ဘုရားဖြစ်လို့ ကိုယ့်ဟာကိုယ် ကြိမ်းဝါးတော်မူတဲ့ အချိန်မှာ.... တဏှာ ယောကျ်ားလက်သမားနောက် ခန္ဓာအိမ်ဆောက်ရလိမ့်မယ်လို့မင်းမအောက်မေ့နဲ့တော့၊ ဟုတ်လား.... (မှန်ပါ့) မင့် အကိုင်းအခက်နဲ့ တကွမင့် အမြစ်ကို တူးပြီးပြီဆိုတော့ ကံကိုကြိမ်းသလား....တဲ့၊ တဏှာကို ကြိမ်းသလား....(တဏှာကို ကြိမ်းပါတယ်ဘုရား)။

ကြည့်လေ- မင်းနောက်ကို ခန္ဓာအိမ် ဆောက်ရလိမ့်မယ်လို့ မမှတ်နဲ့တော့....တဲ့....(မှန်ပါ့) တဏှာယောကျ်ား လက်သမား ခန္ဓာအိမ်ကို မင်းဆောက်ရတော့မယ်လို့ မင်းမမှတ်နဲ့တော့....တဲ့ ဆိုတော့ ကံကိုမကြိမ်းဘူးဗျ.... (မှန်ပါ့ဘုရား) ရိပ်မိပလား.... (ရိပ်မိပါပြီ) ဘာကို ကြိမ်းပါလိမ့်.... (တဏှာကို ကြိမ်းပါတယ်ဘုရား) ခင်ဗျားတို့က အောက်မေ့နေတာက ကံက ကြောက်စရာကောင်းတယ်ဟေ့၊ ကံများ တယ်ကြောက်စရာကောင်းပါကလား....တဲ့၊ အင်း မရောင်ရာ ဆေးလိမ်းနေတယ်.... (မှန်ပါ့ဘုရား)။

မရောင်ရာကို.... (ဆေးလိမ်းပါတယ်ဘုရား) ဘာကြောက်နေကြသတုံး.... (ကံကြောက်နေကြပါတယ်)။

ကံကြောက်နေတယ်၊ ကံများ သိပ်ကြောက်စရာ ကောင်းတယ်ကွာ....မမြင်ဘူးလားကွ၊ မနေ့က အကောင်းကြီး၊ ယနေ့ သေပြီကွ....(မှန်ပါ့)။

ကံ သိပ်ကြောက်စရာကောင်းတယ်ကွ၊ အင်း....အကြောက်ကတော့ လဲနေပြီ....(မှန်ပါ့ဘုရား) မဟုတ်ဘူးလား.... (မှန်ပါ့)။

အဲဒါခင်ဗျားတို့ဟာလူကြောက်-မကြောက်ပါဘူး၊ တိရိစ္ဆာန်ကြောက် ကြောက်နေတာ မဆိုထိုက်ဘူးလား.... (ဆိုထိုက်ပါတယ်ဘုရား) ခဲနဲ့ပစ်လိုက်တော့ကို ခဲကိုခွေးက လိုက်ကိုက်တယ် ဆိုတော့ ဒီခွေးသည် ခဲသာ သူကြောက်တယ်၊ ပစ်တဲ့သူ သူမကြောက်တဲ့ အဓိပ္ပါယ်ရောက်တယ်....!(မှန်ပါ့ဘုရား) မဟုတ်ဘူးလား....(ဟုတ်ပါတယ်)။

အဲဒီတော့ စင်စစ် ပစ်တဲ့လူသာ လိုရင်းဘဲ၊ ခဲက လိုရင်းမှ မဟုတ်ဘဲ၊ မဟုတ်ဘူးလား....(မှန်ပါ့) ပစ်တဲ့လူ သေယင်ခဲမလာဘူး....(မှန်ပါ့)။

အဲဒီတော့ ပစ်တဲ့လူကိုလိုက်ကိုက်ရမယ်....(မှန်ပါ့)ခဲ လိုက်ပြီးကိုက်နေတယ်၊ ဒီခွေးဟာလေ....(မှန်ပါ့) ခင်ဗျားတို့ အခုပြောနေတာလဲ ခဲလိုက်ကိုက်နေတာ....(မှန်ပါ့ဘုရား) ကံ ကြောက်တယ်၊ ကျုပ်တော့ ကံတော့ သိပ်ကြောက်တယ်....(မှန်ပါ့) ဘာကြောက်ကြတာတုံး....(ကံကြောက်ကြတာပါ) ဟာ....သွားပြီပေါ့၊ ခင်ဗျားတို့ တိရိစ္ဆာန် ကြောက်—ကြောက်နေတာ....(မှန်ပါ့) ရှင်းပလား(ရှင်းပါပြီ)။

တိရိစ္ဆာန်ကြောက် ကြောက်နေတာဟာ အကျိုးကြောက်ကြောက်နေတာ....(မှန်ပါ့) အကျိုးကို ကြောက်နေတာ....(မှန်ပါ့ဘုရား)အကြောင်းကို(မကြောက်ပါဘုရား (အင်....ဟင် အကြောင်းက ဘယ်သူပါလိမ့်....(တဏှာပါဘုရား)။

အဲ....တဏှာက ပစ်တာ....(မှန်ပါ့ဘုရား)လူဖြစ်တဲ့ခဲ လူခဲ ပစ်တာလဲ တဏှာက ပစ်တာ....(မှန်ပါ့ဘုရား) နတ်ဖြစ်အောင်လဲ နတ်ခဲပစ်တာ....(တဏှာကပစ်တာပါ) တဏှာက ပစ်လိုက်တာ....(မှန်ပါ့)အဲဒါ ခင်ဗျားတို့က အင်း....ကံကြောင့်ကံကြောင့် ကံများတယ်ဆန်းကြယ်တယ်....(မှန်ပါ့)။

အံမာ ခင်ဗျားတို့က အတော်ဆိုးတဲ့ လူတွေ.... အကြောင်းအကျိုးမသိတော့ ပြောချင်တာ ပြောနေတာဘဲ....(မှန်ပါ့)ရိပ်မိပလား....(ရိပ်မိပါပြီ)။

ဒါဖြင့် ဘာကြောက်ရမလဲ....(တဏှာကြောက်ရပါမယ်) တဏှာကြောက်ရမည့် ဥစ္စာ....တဲ့ တဏှာက စုံထားပြီး တခုချင်း လှုတ်ပေးနေတာ....(ပန်ပါ့)ရှင်းပလား....(ရှင်းပါပြီ)။

ဒါဖြင့် ဘာကြောက်ကြမယ်.... (တဏှာ ကြောက်ရပါမယ် ဘုရား) တဏှာကြောက်ရမယ်ဆိုတာ သဘောကျပလား..... (ကျပါပြီ)။

ဒါဖြင့် တကာ တကာမတွေ့ ယနေ့က စပြီး သကာလ ပြင်ပါဦး....(မှန်ပါ့ဘုရား) ကျုပ်ဖြင့် ကံ အကြောက်ဆုံးဘဲ....ကို ကျုပ်ဖြင့် တဏှာ အကြောက်ဆုံးဘဲသာ ပြင်ကြပါ....(မှန်ပါ့-ဘုရား)။

ဘယ်နှယ် ပြင်ကြမယ်.... (တဏှာအကြောက်ဆုံးဘဲလို့ပြင်-ရမှာပါဘုရား) ပြင်ရပါ့မလား....ခင်ဗျားတို့.... (ပြင်ရပါတယ် ဘုရား) မိဘရိုးရာကြီး စွန့်မှစွန့်ရပါ့မလား.... (စွန့်ရပါတယ် ဘုရား)။

ဟင်....(စွန့်ရပါတယ်ဘုရား)အမှန် ပြောလာလို့ ရှိယင် တော့စွန့်ရမယ်....(မှန်ပါ့)။

ဩော်....သမုဒယ မသေတော့ ဒုက္ခဖြစ်တာဘဲ.... (မှန်ပါ့ ဘုရား)သူက တန်းနေတာဘဲ.... (မှန်ပါ့) မတန်းဘူးလား.... (တန်းပါတယ်)။

သမုဒယ မသေလို့ ဒုက္ခဖြစ်တာ၊ ကျုပ်တို့ အိုရ၊ နာရ၊ သေရ ရောဂါဝေဒနာတွေ့ ရ-ရ....(မှန်ပါ့) သမုဒယ မချုပ်လို့

ဒုက္ခဖြစ်ရတာ ... (မှန်ပါ့ဘုရား)ဒီလိုရေးယင် မှန်တာသူ့ဟာ.... (မှန်ပါ့ဘုရား)။

အခုတော့ ကံမကောင်း အကြောင်းမသင့်လို့ ဖြစ်ရတယ် ဆိုတော့ ဘယ်မှာ ဒီကံနဲ့ ဘာဆိုင်တာတုံး၊ ဘာမှမဆိုင်ဘူး.... (မှန်ပါ့ဘုရား)။

တဏှာက လွှတ်ပေးလို့ ကံက အကျိုးပေးရရှာတာ.... (မှန်ပါ့ဘုရား) ကံကအစေခံ မန်နေဂျာကတဏှာ (မှန်ပါ့ဘုရား) မဟုတ်ဘူးလား.... (ဟုတ်ပါတယ်ဘုရား)။

အဲဒီ မန်နေဂျာနဲ့ အစေခံနဲ့ကို ခင်ဗျားတို့က မကဲ့ဘူး.... (မှန်ပါ့) တခါတည်း အစေခံသာ ရိုက်ချင်တာဘဲ.... (မှန်ပါ့) ရိုက်ချင်ယင် မန်နေဂျာရိုက်မှ နေရာကျတော့မှာပေါ့ဗျ (မှန်ပါ့) သဘောပါပလား....(ပါ-ပါပြီဘုရား)။

ဒါဖြင့် ဘာကြောက်ရမလဲ.... (တဏှာကြောက်ရပါမယ်) တဏှာကြောက်ရမယ်နော်.... (မှန်ပါ့) ကဲ....ရေထဲမှာ ပုလဲငုတ်တယ်၊ ဦးခင်မောင် နာရီကလွန်သွားတယ်.... (မှန်ပါ့)နာရီဝက်ငုတ်ရမည့်ဥစ္စာ အချိန်ကလွန်သွားတယ်၊ နာရီ သုံးမတ်လောက်ကျသွားတယ်၊ သုံးမတ်ကြာယင် သေတာဘဲ ဒီလူ.... (မှန်ပါ့) နာရီဝက်ငုတ်တဲ့လူဟာ သုံးမတ်ကြာယင်သေတာဘဲ... (မှန်ပါ့) ဘာဖြစ်လို့တုံး.... ဟိုထဲမှာ ပုလဲရှာနေလို့၊ ပုလဲရှာတာ ကြာသွားလို့....(မှန်ပါ့) ရတာကလေးတွေက များနေတော့ ရသ၍ အိတ်ကြီးထဲ ထည့်နေလို့။

အင်း.... ကြုံတောင့်ကြုံခဲ ရခဲတာတွေမို့ အချိန်လွန်သွားတယ်ဆိုတော့ ကဲ....တကာ တကာမတွေဘဲ စဉ်းစာ ကြည့်ပါ

တော့တဲ့၊ ဒီပုလဲရှာတဲ့လူ အချိန်လွန်လို့ သေတာဟာ ကံမကောင်းလို့ သေတာလား၊ တဏှာကြောင့် သေတာလား... (တဏှာကြောင့် သေတာပါဘုရား) ဟုတ်ပါ့မလား.... (ဟုတ်ပါတယ်ဘုရား)။

ဘယ်သူ့ကြောင့် သေတာတုံး....(တဏှာကြောင့်သေတာပါဘုရား) ကဲ....ဒါဖြင့် သေမင်းဟာသူဘဲ.... (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီ)။

သေမင်းဟာ.... (သူပါဘဲဘုရား) သဘောပါပလား.... (ပါ-ပါပြီ) ခင်ဗျားတို့ကလဲ သေမင်း မိဘ်ဆော့လုပ်နေတဲ့လူစု (မှန်ပါ့ဘုရား) ဘယ်နှယ်ဆိုကြမယ်.... (သေမင်းမိတ်ဆွေလုပ်နေကြပါတယ်ဘုရား)ဦးသံဒိုင်တို့လူစု ဘာလုပ်နေကြသလဲ(သေမင်းမိတ်ဆွေ လုပ်နေပါတယ်ဘုရား)။

တော်တော်ထူသေးတာဘဲ.... (မှန်ပါ့ဘုရား) မဆိုထိုက်ဘူးလား.... (ဆိုထိုက်ပါတယ်ဘုရား) သေမင်းမိတ်ဆွေလုပ်ရအောင် လာတယ်ဆိုကတည်းက သတ်မည့်သူ မိတ်ဆွေလုပ်နေတာ ဒီ့ထက် အံ့တဲ့လူ ဘယ်မှာရှာတွေ့ပါ့မလဲ.... (မတွေ့ပါဘုရား) အဲဒါ ဉာဏ်ရောက်ရတယ်.... (မှန်ပါ့) ခင်ဗျားတို့က အောက်မေ့နေတာက ဩော်....ဒါကလေး တဏှာကလေးရှိလို့ လိုချင်တာ လိုချင်တဲ့စိတ်ကလေးရှိလို့ ယူ- ယူလိုက်ရတယ်၊ တော်-တော်သေးတယ်၊ ဒီလိုပြောချင်ပြောနေတာ.... (မှန်ပါ့) သေမင်းကို ကျေးဇူးတင်တယ်.... (မှန်ပါ့ဘုရား)။

စင်စစ်တော့ သေအောင် သတ်တာလဲ သူဘဲ၊ ဒုက္ခရောက်အောင်လုပ်တာလဲ.... (သူဘဲ) ရှင်းပလား.... (ရှင်းပါပြီ)

ဒါ့ကြောင့် သမ္မဒယသစ္စာလို့ သူ့ကိုခေါ်တာပေါ့.... (မှန်ပါ့) သူက ဒုက္ခမျိုးစုံ၏ ဖြစ်ကြောင်း.... (မှန်ပါ့) မဆိုနိုင်ဘူးလား.... (ဆိုနိုင်ပါတယ်)။

ဒုက္ခမျိုးစုံ၏.... (ဖြစ်ကြောင်းပါဘုရား) ဘယ်သူပါလိမ့်.... (တဏှာပါဘုရား) တဏှာသမုဒယ.... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ)။

ကောင်းပြီ- ဒါဖြင့် တဏှာနဲ့-ကံ ယနေ့ရှင်းပါပြီ....(မှန်ပါ့) ဘယ်ဟာ ကြောက်ကြရမှာလဲ (တဏှာကြောက်ရမှာပါဘုရား) ကံ - ကိုမကြောက်နဲ့.... (မှန်ပါ့) ကံ - ကိုမကြောက်နဲ့ ဘာမှ ကြောက်စရာမရှိဘူး၊ တဏှာချုပ်ယင် ကံ-အလိုလိုပျောက်တယ် (မှန်ပါ့ဘုရား)။

တဏှာချုပ်ယင် (ကံ-အလိုလိုပျောက်ပါတယ်ဘုရား) ဗောဓိပင်နဲ့ ရှေပလ္လင်မှာ တဏှာလဲချုပ်ကရော ဝေဿန္တရာလက်ထက်က ကံ-တွေအကုန်ပျောက်တယ်.... (မှန်ပါ့) အကျိုးပေးနိုင်သေးရဲ့လား.... (မပေးနိုင်ပါဘုရား) မပေးနိုင်ဘူး ဆိုလို့ရှိယင် ဖြင့် တဏှာချုပ်ယင် ကံပျောက်ပါတယ်.... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ)။

ဒါကြောင့် ဝိပဿနာရှုတာသည် တကာတကာမတို့ ကံချုပ်အောင်လို့ ရှုနေတာလား၊ တဏှာ ချုပ်အောင်လို့ ရှုနေတာလား.... (တဏှာချုပ်အောင်လို့ ရှုနေတာပါဘုရား) ဒါ့ကြောင့် မဂ်သည် ကံကိုဖြတ်သလား၊ တဏှာကို ဖြတ်သလား အကဲခတ်စမ်း....(တဏှာကိုဖြတ်ပါတယ်ဘုရား)။

"ကိလေသေ မာရေန္တော နိဗ္ဗာနံ ဂစ္ဆတိတိ မဂ္ဂေါ" လို့ဖွင့်တယ်.... (မှန်ပါ) မဟုတ်ဘူးလား.... (ဟုတ်ပါတယ် ဘုရား) ကိလေသေ=ကိလေသာတို့ကို၊ မာရေန္တော=သတ်လျက်၊ နိဗ္ဗာနံ ဂစ္ဆတိ- နိဗ္ဗာန်သို့ သွားတတ်၏။ ဣတိတသ္မာ= ထို့ကြောင့်၊ မဂ္ဂော=မဂ်ဥဏ်မည်၏။ အစရှိသည်နဲ့ ဟောထားတာကိုထောက်လိုက်တော့ ဩော်....ဒို့သည် အကြောက် လွဲနေပါသေးကလား ဆိုတာ ပေါ်လာတယ်....(မှန်ပါ့ဘုရား)။

ဘာလွဲနေသတုံး(အကြောက်လွဲနေပါတယ်ဘုရား) ဘယ်ဟာကြောက်ကြမလဲ.... (တဏှာ ကြောက်ရပါမယ်ဘုရား) နောက်ကျတော့ ညည်းချင်လို့ရှိယင် ခင်ဗျားတို့ပါးစပ်ထဲမှာ အမှန်ညည်းကြပါနော် .... (မှန်ပါ့) သမုဒယကြောင့် ဒုက္ခဖြစ်ရလေခြင်း....၊ ဒါကောင်းတယ်.... (မှန်ပါ့ဘုရား) ကံမကောင်းလို့ ဖြစ်ရလေခြင်း မလုပ်နဲ့... (မှန်ပါ့)။

သမုဒယကြောင့်....(ဒုက္ခဖြစ်ရလေခြင်း) အဲဒါအမှန်ဆုံးဘဲ (မှန်ပါ့ဘုရား) သမုဒယကြောင့်....(ဒုက္ခဖြစ်ရလေခြင်း) အဲဒုက္ခဖြစ်ရလေခြင်းဆိုယင်တည့်ပြီ.... (မှန်ပါ့) ကံမကောင်းလို့ ဖြစ်ရလေခြင်းဆိုယင်.... (မတည့်ပါဘုရား) တဏှာက ပြုံးနေမှာပေါ့၊ လုပ်တော့ ငါလုပ်တာကွာ ဟိုကောင်ပေါ်ကျနေတယ်၊ မပြုံးပေဘူးလား- ပြုံးမလား.... (ပြုံးစရာပါဘုရား)ရှင်းပလား (ရှင်းပါပြီ)။

အဲဒါ တဏှာက ပြုံးချင်လို့ ပြုံးရတာလား၊ ခင်ဗျားတို့ အ,လို့ ပြုံးရတာလား.... (တပည့်တော်တို့ အ,လို့ပြုံးတာပါ) ဆန်ခိုးမမိ-ဖွဲခိုးမိနေတာ....(မှန်ပါ့)ရိပ်မိပလား.... (ရိပ်မိပါပြီ)။

ဒါဖြင့် ဒီလိုလုပ်ပါ၊ ခင်ဗျားတို့ တိုင်ခြေမှာ ဝပ်တဲ့ သား ကောင်ခြောက်မျိုးရှိပါတယ်၊ အဲဒီ သားကောင်ခြောက်မျိုးကို တိုင်ခြေဝပ်အောင်လုပ်ပါ.... (မှန်ပါဘုရား) မနောဒ္ဒါရအောက် ကို ရောက်အောင် လုပ်ပါ....(မှန်ပါ)သဘောပါပလား.... (ပါ ပါပြီ)။

ဘယ်အောက် ရောက်အောင် လုပ်ရမယ် .... (မနောဒ္ဒါရ အောက် ရောက်အောင် လုပ်ရပါမယ်) လိုက်မသွားနဲ့နော် .... (မှန်ပါ) သူ့အောက်ကိုရောက်အောင် လုပ်ရမယ်.... (မှန်ပါ)။

ဒါဖြင့် မြင်စိတ်ကိုလဲ ဝိပဿနာဉာဏ်အောက် ရောက်အောင် လုပ်....(မှန်ပါဘုရား) ကြားစိတ်ကို.... (ဝိပဿနာဉာဏ်အောက် ရောက်အောင်လုပ်ရပါမယ်) နံစိတ်ကို....(ဝိပဿနာဉာဏ်အောက် ရောက်အောင်လုပ်ရပါမယ်) စားစိတ်ကို .... (ဝိပဿနာဉာဏ် အောက်ရောက်အောင် လုပ်ရပါမယ်) ယားစိတ်-ယံစိတ်-ကောင်း စိတ်ကို....(ဝိပဿနာဉာဏ်အောက် ရောက်အောင်လုပ်ရပါမယ်) ကြံစိတ်-စဉ်စိတ်တွေကို .... (ဝိပဿနာ ဉာဏ်အောက် ရောက် အောင်လုပ်ရပါမယ်)။

ဟာ- အဲဒါတိုင်ခြေဝပ်ပြီ....(မှန်ပါ) တိုင်ခြေဝပ်ပြီ၊ သား ကောင် ခြောက်ကောင် တိုင်ခြေဝပ်ပါပြီ၊ ခင်ဗျားတို့ ဒီနေရာက နေပြီး သကာလ သူတို့ကိုသာလျှင်....တဲ့၊မောတာနဲ့သူတို့ရပ်လို့ရှိ ယင်ဖြင့် သူတို့ကို ခင်ဗျားတို့က နှိုင်ပါပြီ.... (မှန်ပါဘုရား)။

အဲဒီကျတော့ 'ဖန္ဒနံ ဗပလံစိတ္တံ' ဆိုတဲ့အတိုင်း သူကတုန်တုန် လှုပ်လှုပ်နေရမှ ဒီစိတ်တွေဟာဖြစ်တယ်.... (မှန်ပါ) 'ယတ္ထကာမ နိပါတိနော' ဆိုတာ သူသွားချင်တဲ့ဆီ သွားတာဘဲ....(မှန်ပါ)။

အဲဒါ ခင်ဗျားတို့က သွားခွင့်မပေးဘဲနဲ့၊ စိတ်ဆိုတာသွား ချင်တဲ့ဆီ သွားတာဘဲ....(မှန်ပါ့) ကဲ....သွားချင်တဲ့ဆီ မသွားရ ဘူးကွ၊ တိုင်ခြေဝပ်ရမယ်ကွ၊ ရှင်းပလား ... (ရှင်းပါပြီ)။

ဘယ်ဝပ်ရမှာပါလိမ့်.... (တိုင်ခြေဝပ်ရမှာပါ) မနောဒွါရ တိုင်ခြေမှာ သူ့ကို ကြိုးခြောက်ချောင်းနဲ့ချည်ပြီး ထုံးပြီး၊မနော ဒွါရ ငုတ်တိုင်နဲ့ စိုက်ပြီး ဒီနေရာမှာ မောပြီး ရပ်ပါစေ.... (မှန်ပါ့)။

ဘုရားက ဒါဟောတယ်....(မှန်ပါ့)မောပြီး ရပ်တဲ့အခါကျ တော့ ဘယ်သားကောင်မှ နာလံထူနိုင်သေးရဲလား.... (မထူနိုင် ပါဘုရား) သူတို့ပြေးချင်တဲ့ဆီ ပြေးရသေးရဲလား.... (မပြေးရ ပါဘုရား)။

မပြေးရဘူး၊ အကုန်မောပြီး တိုင်ခြေမှာ လာဝပ်ရတယ်.... (မှန်ပါ့) အဲဒီလိုဝပ်လို့ ရှိယင်ဖြင့် ခင်ဗျားတို့အနေနဲ့လဲ မြဲပါ ပြီ....(မှန်ပါ့) အသေကော....(မြဲပါပြီဘုရား) အနေလဲမြဲပါပြီ ဆိုတာ သူတို့ဆဲရာ မပါတော့ဘူး(မပါတော့ပါဘုရား)။

အသေလဲ မြဲပါပြီဆိုတာက တခြား မဟုတ်ပါဘူး.... တဲ့၊ တကာ တကာမတို့ သူတို့ဆဲရာ ပါလို့ရှိယင်ဖြင့် သေခြင်းဆိုး ချည့်ဘဲ....(မှန်ပါ့)။

သူတို့ဆဲရာ မပါတော့ဘူး ဆိုလို့ရှိယင် သေခြင်းဆိုးအဖြစ် တော့ မရောက်တော့ပါဘူး.... (မှန်ပါ့ဘုရား) သဘောပါပလား (ပါ-ပါပြီ)။

ဒါဖြင့် ဘယ့်နှယ်လုပ်ကြမလဲ .... (တိုင်ခြေဝပ်အောင်လုပ်ရ ပါမယ်) တိုင်ခြေဝပ်အောင် လုပ်ရမယ်ဆိုတာ သဘောကျပ လား....(ကျပါပြီ)။

ဒါဖြင့် ဘယ်စိတ်လာလာ ဦးသံဒိုင် ဘယ့်နှယ်လုပ်ရမလဲ.... (ဖြစ်ပျက်ရှုရပါမယ်) ဖြစ်ပျက်ရှု.... (မှန်ပါ့) ပေါ်ချင်တဲ့စိတ် ပေါ်၊ ဘာလုပ်ကြမလဲ....(ဖြစ်ပျက်ရှုရပါမယ်)။

ဘာ့ကြောင့် ဖြစ်ပျက် ရှုရပါလိမ့်မတုံးလို့ မေးတဲ့ အခါ ကျတော့မှ ခင်ဗျားတို့ သန္ဓာန် ပုထုဇန်စိတ်ဘဲ ရှိတယ်....(မှန် ပါ့) ပုထုဇန်စိတ်ဟူသ၍လဲ မရှုကောင်းတဲ့ စိတ်ကယ်လို့ မရှိ ပါဘူး....(မှန်ပါ့ဘုရား) ပုထုဇန်စိတ်ဟူသ၍ဟာ....(မရှုကောင်း တဲ့စိတ် မရှိပါဘုရား)။

ဒါ့ကြောင့် အရှင်သာရိပုတ္တရာက ဟောပါတယ်၊ မင်းဟာ သူတပါးစိတ် အကဲခတ်ရတာ မှားတယ်-မှန်တယ် နှစ်မျိုးရှိတယ် ကွ၊ ကိုယ့်စိတ်ကို ကိုယ်အကဲခတ်နိုင်လို့ရှိယင် နိဗ္ဗာန် ရောက်ပါ တယ်တဲ့....(မှန်ပါ့ဘုရား) ဘာတဲ့တုံး.... (ကိုယ့်စိတ် ကိုယ်အကဲ ခတ်နိုင်ယင် နိဗ္ဗာန်ရောက်ပါတယ်....တဲ့)။

ဟော....ဘာစိတ်ဖြစ်တယ်ဆိုယင် ဖြစ်ဖြစ်ခြင်း သိအောင် ဖြစ်ပျက် ရှုပစ်ပါ....(မှန်ပါ့) ဟော....ဒုတိယစိတ် ဖြစ်လာတယ် ဆိုယင် ဖြစ်ဖြစ်ချင်း....(ဖြစ်ပျက် ရှုရပါမယ်) စိတ်ထဲ ရှုတော့ သူဟာ လောဘစိတ်ဘဲ၊ မင်းလဲ ဖြစ်ပျက် ရှုရမယ်၊ ဒေါသစိတ် လာယင်လဲ....(ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

အင်း....ဟင်....မင်းဟာ ပဋိစ္စသမုပ္ပါဒ် စ-တော့မလို့ - ဆို တော့ ကိုယ့်စိတ်ကိုတော့ သိတယ်....(မှန်ပါ့) သူတပါးစိတ်ကို

တော့....(မသိပါဘူးရှား) မသိဘူးတဲ့၊ မှားသည်ရှိ-မှန်သည်ရှိ-ရှိပါတယ်တဲ့....(မှန်ပါ့)။

ဒါဖြင့် ကိုယ့်စိတ်ကို ကိုယ်သိတဲ့ ပုဂ္ဂိုလ်သည် တကာတကာမတို့ဝိပဿနာဉာဏ်ရတဲ့ ပုဂ္ဂိုလ်လို့မှတ်လိုက်ပါ.... (မှန်ပါ့ဘုရား) ကိုယ့်စိတ်ကို ကိုယ်သိနိုင်တဲ့ ပုဂ္ဂိုလ်ဟာ.... (ဝိပဿနာဉာဏ် ရတဲ့ ပုဂ္ဂိုလ်ပါဘုရား) အိပ်တဲ့စိတ်မှ တပါး ကျန်တဲ့ စိတ်တွေကို အကုန်ရှုရမယ်....(မှန်ပါ့) အိပ်တဲ့စိတ်မှ တပါး....(ကျန်တဲ့ စိတ်တွေ အကုန်ရှုရပါမယ်ဘုရား)။

အိပ်ဘဲ့စိတ်ဆိုတာဘာက မပြောပါနဲ့တဲ့၊ ကိုယ်အိပ်တာ ကိုယ်မသိလို့ ရှုစရာ မလိုပါဘူး.... (မှန်ပါဘုရား) ကောင်းကျိုးလဲ မပေးဘူး၊ ဆိုးကျိုးလဲ မပေးဘူး၊ အဲဒီ အိပ်စိတ်-ဘဝင်စိတ်ဆိုတာဘာက.... (မှန်ပါ့ ဘုရား) သဘောပါရဲ့လား.... (ပါ-ပါတယ်ဘုရား)။

ကျန်တဲ့ ဇောစိတ်ဟူသ၍ကိုဖြင့် ဦးသံဒိုင်တို့ မောင်သစ်တို့က မမိ-မိအောင် ရှုရမယ်.... (မှန်ပါ့ဘုရား) ဇောကမှ အကျိုးပေးတာ၊ ဘဝင်က အကျိုးမပေးဘူး....(မှန်ပါ့)။

ဘဝင်က နောက်ဘဝ ထိုဘဝ ဘယ်တော့မှ အကျိုးပေးရိုးထုံးစံမရှိဘူး... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

ဒါဖြင့် ဘယ့်နှယ် လုပ်ကြမယ်.... (ပေါ်ချင်တဲ့စိတ်ပေါ်ပေါ်ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

အဲ....ကိုယ့်သန္တာန်မှာ ပုထုဇန်စိတ်မှ တပါး တခြားစိတ်မပေါ်ပါဘူး....(မပေါ်ပါဘုရား)။

အဲဒီတော့ ပုထုဇန်စိတ် ပေါ်သ၍ကို အရိယာစိတ် ပြောင်းလိုက်ပါ....(မှန်ပါဘုရား) ရှင်းပြီနော်.... (ရှင်းပါပြီ) ပုထုဇန်စိတ် ပေါ်သ၍ကို....(အရိယာစိတ် ပြောင်းရပါမယ်)။

အရိယာစိတ် ပြောင်းလိုက်ပါဆိုတာက ပုထုဇန်စိတ် ပေါ်လာလို့ရှိယင်ဖြင့်....တဲ့ ဒီက ဖြစ်ပျက်ကို ရှုနိုင်တဲ့ အရိယာစိတ် ပြောင်းလိုက်....(မှန်ပါဘုရား)။

ပြောင်းလိုက်လို့ရှိယင်ဖြင့်....တဲ့ အခုရှုနိုင်တဲ့ ဉာဏ်နဲ့ နေနိုင်တဲ့ ပဂ္ဂိုလ်ဟာ အရိယာ ဖြစ်ရမယ်.... (မှန်ပါ) ရှင်းပလား.... (ရှင်းပါပြီ) ရှုနိုင်တဲ့ဉာဏ်နဲ့ နေနိုင်တဲ့ ပဂ္ဂိုလ်ဟာ.... (အရိယာဖြစ်ရမယ်) ဘာပြောင်းယူတာတုံး-အို....ပုထုဇန်စိတ်ကို အရိယာစိတ်ပြောင်းယူတာ....(မှန်ပါဘုရား) ရှင်းပလား....(ရှင်းပါပြီ)။

ဘယ်လို မှတ်ကြမယ်....(ပုထုဇန်စိတ်ကို အရိယာစိတ်ဖြင့်ပြောင်းယူတာပါဘုရား)။

အဲ....ဝိပဿနာရှု ဝိပဿနာရှုဆိုတာ ကုသိုလ်ရအောင်ရှုတာလား-စိတ်ပြောင်းတာလား.... (စိတ်ဖြင့်ပြောင်းတာပါဘုရား)

ဦးသံဒိုင် ဒါသေသေချာချာ မှတ်ပါ.... (မှန်ပါ) ဘော်တော်အရေးကြီးတဲ့ စကားလို့မှတ်ပါ(မှန်ပါဘုရား)။

ပုထုဇန်စိတ်ဟူသ၍ကို အရိယာအဖြစ်ကို ပြောင်းတာပါ... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီ) ပုထုဇန်စိတ်ကို.... (အရိယာအဖြစ်သို့ ပြောင်းတာပါ) ဘယ်လို ပြောင်းရမှာပါလိမ့်....(ဖြစ်ပျက် ရှုရမှာပါ) ပဌမ ပုထုဇန်စိတ်တွေ လာလိမ့်မယ်....တဲ့ ဟုတ်လား....(မှန်ပါ့) ပုထုဇန် စိတ်တွေချည်း ပေါ်

မယ်....(မှန်ပါ့) ပုထုဇန်စိတ်တွေချည်း ပေါ်တာကို ခင်ဗျား တို့က မိအောင် ရှုနိုင်လို့ရှိယင်ဖြင့် ဒါ အရိယာဖြစ်တာဘဲ.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

ဒါဖြင့် အရိယာက မေ့းလို့ အရိယာဖြစ်သည် မဟုတ်ဘူး-(မှန်ပါ့) ပုထုဇန်စိတ်ကို ရှုနိုင်လို့ အရိယာဖြစ်တာ....(မှန်ပါ) ပုထုဇန်စိတ်ကို....(ရှုနိုင်လို့ အရိယာဖြစ်တာပါဘုရား) ပုထုဇန် စိတ်ကို ဖြစ်ပျက်မြင်အောင် ရှုနိုင်သောကြောင့် မဂ်စိတ် ပေါ် တယ်....(မှန်ပါ့)။

ဒါဖြင့် တကာ တကာမတို့ ယနေ့တရားမှာ တိုင်ခြေမှာ ဝပ်တဲ့ သားကောင် ခြောက်ကောင်ကို ဘုရားက ဥပမာ-ပြပါ တယ်၊ တိုင်ခြေမှာ ဒုဂါရခြောက်ပေါက်မှာ ဖြစ်တဲ့ စိတ်ဟာ ပုထုဇန်စိတ်တွေပါ.... (မှန်ပါ့ဘုရား) သဘောကျပလား.... (ကျပါပြီ)။

အဲဒီ ပုထုဇန်စိတ်ကို ခင်ဗျားတို့ ပြောင်းလိုက်လို့ ရှိယင်လဲ အရိယာဖြစ်နိုင်တယ်.... (မှန်ပါ့ဘုရား) မပြောင်းတတ်လို့ ရှိယင် ပုထုဇန်စိတ်ချည်း တန်းပေါ်တယ်....(မှန်ပါ့)။

မပြောင်းတတ်ယင်....(ပုထုဇန်စိတ်ချည်း တန်းပေါ်ပါတယ် ဘုရား) မြင်တယ်.... ဥပမာအားဖြင့် ခံစားမယ်ဆိုတော့ ပုထုဇန် စိတ် ပေါ်တာဘဲ လို့ချင်တယ်ဆိုတော့.... (ပုထုဇန်စိတ်ပါ) စဲ့လမ်းတယ်ဆိုတော့....(ပုထုဇန်စိတ်ပါ)အားထုတ်မယ်ဆိုတော့-(ပုထုဇန်စိတ်ပါဘုရား) ပုထုဇန်စိတ်တွေချည်း ပေါ်နေတယ်.... (မှန်ပါ့)။

အဲဒီစိတ်တွေကို ခင်ဗျားတို့ မပေါ်ရအောင် မြင်စိတ် ဖြစ်ပျက်ရှုလိုက်တော့ကို ပုထုဇန်စိတ်ပျောက်ပြီး အရိယာစိတ် ရောက်တယ်....(မှန်ပါ့)။

ကြားစိတ် ဖြစ်ပျက်ရှုလိုက်တော့.... (ပုထုဇန်စိတ်ပျောက်ပြီး အရိယာစိတ် ရောက်ပါတယ်ဘုရား)။

အဲ....ပုထုဇန်စိတ်က အပျောက်....(မှန်ပါ့) အရိယာစိတ်က.... (အရောက်ပါဘုရား) ဆိုတော့ သေချာပလား.... (သေချာ ပါပြီ)။

ဒါဖြင့် အရိယာဖြစ်ချင်လို့ ရှိယင်ဖြင့် ပုထုဇန်စိတ်ကို ဖြစ်ပျက်ရှုမှ အရိယာအဖြစ်သို့ရောက်မယ်.... (မှန်ပါ့)ပုတုဇန် အဖြစ်ကို- ပုထုဇန်စိတ်ကို မရှုနိုင်လို့ရှိယင် အရိယာအဖြစ်သို့ မရောက်ပါဘူး....(မရောက်ပါဘုရား)။

တခါသွားဦး၊ တောသာပန် သန္တာန်ဖြစ်တဲ့ စိတ်ကိုရှုပါမှ သကဒါဂါမ်ဖြစ်မယ်....(မှန်ပါ့) သဘောကျပလား.... (ကျပါ ပြီ)။

တောတာပန် သန္တာန်ဖြစ်တဲ့ စိတ်တွေဟူသရှ် ဖြစ်ပျက်ရှု နိုင်မှ....(သကဒါဂါမ်ဖြစ်ပါတယ်ဘုရား) သကဒါဂါမ်သန္တာန် ဖြစ်တဲ့စိတ်တွေရှုနိုင်မှ.... (အနာဂါမ်ဖြစ်ပါတယ်) အနာဂါမ် သန္တာန်ဖြစ်တဲ့စိတ်တွေရှုနိုင်မှ.... (ရဟန္တာဖြစ်ပါတယ်ဘုရား)။

ကဲ....ဒါဖြင့် တကာ-တကာမတို့ စိတ်ပြောင်းတာ အရေးကြီး လာပြီ....(မှန်ပါ့ဘုရား) သဘောပါလား....(ပါ-ပါပြီ)။

ဘာအရေးကြီးသလဲ....(စိတ်ပြောင်းတာ အရေးကြီးပါတယ် ဘုရား) ပြောင်းတတ်ပလား....(ပြောင်းတတ်ပါပြီဘုရား)။

ကဲ....ဒါဖြင့် ပြောင်းတတ်လို့ရှိယင်ဖြင့် ခင်ဗျားတို့ အရိယာ ဖြစ်ရပါလို့၏လို့ ဆုတောင်းရမှာလား — ရှူတဲ့ပုဂ္ဂိုလ်ဟာ ပြောင်းနေတာဘဲလားလို့ ဆိုတာ ဝေဘန်လိုက်ကြစမ်းပါ.... (ရှူတဲ့ပုဂ္ဂိုလ်ဟာ ပြောင်းနေတာပါဘုရား)။

ရှူတဲ့ပုဂ္ဂိုလ်ဟာပြောင်းနေတာ (မှန်ပါ့) မရှူတဲ့ပုဂ္ဂိုလ်ဟာ.... (မပြောင်းပါဘုရား)။

ဒါဖြင့် ဝိပဿနာမရှုဘဲနဲ့လဲ အရိယာ ဘယ်သူမှဖြစ်မှာ မဟုတ်ဘူး....(မဖြစ်ပါဘုရား)ဘာကြောင့်တုံး= မပြောင်းမိလို့.... (မှန်ပါ့ဘုရား) ရှင်းပလား.... (ရှင်းပါပြီ) ယနေ့တရားမှာ သဘောပါပလား(ပါ-ပါပြီဘုရား)။

ကဲ=နာရီစေ့ပြီ တော်ကြဦးစို့

သာဓု....သာဓု....သာဓု

အမှတ်စဉ် (၈) ပြီးဆုံးပါပြီ

(မှတ်ချက်)

ကျေးဇူးရှင်-အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရား၏

ဝိပဿနာတရားစဉ်နှင့်လုပ်ငန်းစဉ်

ပြန့်ပွားရေးအဖွဲ့မှ

ကမကသပြုရှိ ဤစာအုပ်ကို ရိုက်နှိပ်ထုတ်ဝေသည်။